www.burmeseclassic.com

# သောင်းဝေဦး

## ကြုံခဲ့ရဖူးသော မြစ်ကူးစစ်ဆင်ရေးများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

မြရတနာစာပေ
သိရိမြိုင်သာရေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့
ဖုန်း ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

www.burmeseclassic.com

www.burmeseclassic.com

သောင်းဝေဦး

# ကြုံခဲ့ဖူးသော
# မြစ်ကူးစစ်ဆင်ရေးများ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| တအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ (ခေါ်) ဒေါ်မြရတနာ (၀၄၂၀၀ မြဲ)
သီရိမြင်သာရေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**


ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၃၂၀

သောင်းဝေဦး

ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ / သောင်းဝေဦး။ - ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၃။
၃၄၂- စာ၊ ၁၄ x ၂၀ စင်တီ။
(၁) ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

သောင်းဝေဦး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| ၁။ | ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ နိဒါန်း | ၁၃ |
| ၂။ | ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ အပိုင်း (၁) | ၂၉ |
| | ခေတ်သစ်မြစ်ကူးစစ်ဆင်ရေးများ | |
| | (က) နမ့်ပလောက်တိုက်ပွဲ | ၂၉ |
| | (ခ) ပွန်ချောင်းကိုဖြတ်ကူးခဲ့စဉ်က | ၄၃ |
| | (ဂ) ခင်းရန်အောင် သို့မဟုတ် သံလွင်မြစ်ကူးစစ်ဆင်ရေးကြီး | ၈၀ |
| ၃။ | ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ အပိုင်း (၂) | ၁၂၁ |
| | ရှေးခေတ်မြစ်ကူးစစ်ဆင်ရေးများ | |
| | (က) ဘုရင့်နောင်၏ နောင်ချိုတိုက်ပွဲ | ၁၂၃ |
| | (ခ) အလောင်းမင်းတရားကြီး၏ ပြည်မြို့သိမ်းတိုက်ပွဲကြီး | ၁၃၇ |
| ၄။ | ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ အပိုင်း (၃) | ၁၆၀ |
| | ဒုတိယကမ္ဘာစစ်ကာလက မြန်မာနိုင်ငံအတွင်း | |
| | အင်္ဂလိပ်နှင့်ဂျပန်တို့၏ မြစ်ကူးစစ်ဆင်ရေးကြီးများ | |
| | (က) စစ်တောင်းတံတားတိုက်ပွဲ | ၁၆၇ |
| | (ခ) ခြင်္သေ့များ၏ ဝဲသမအကြိမ် ဆုံးရှုံးမှုကြီးအကြောင်း | ၂၀၉ |
| | (ဂ) မိတ္ထီလာတိုက်ပွဲ | ၂၆၀ |
| ၅။ | နောက်ဆက်တွဲဇော်ပြချက် | ၃၂၁ |


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

BURMESE CLASSIC .com

ကျွန်တော်တို့ မြန်မာနိုင်ငံကား မြစ်၊ ချောင်း၊ အင်း၊ အိုင် ပါများလှချေ၏။ အများအားဖြင့် မြောက်မှ တောင်သို့ စီးဆင်း နေကြသော မြစ်များကား အများဆုံးပင်။ အဓိကမြစ်ကြီးများမှာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်တို့ ဖြစ်ကြ၏။

ဤသို့သော ပြည်တွင်း၌ စီးဆင်းနေသော မြစ်ကြီးလေး သွယ်နှင့် မြစ်ငယ်အများအပြားသာမက မြန်မာနိုင်ငံတောင်ဖျား တနင်္သာရီတိုင်း ကော့သောင်းမှသည် ရခိုင်ပြည်နယ်မြောက်ဖျား မောင်တော၊ ဘူးသီးတောင်ဒေသအထိ ပင်လယ်ရေပြင်ကြီးနှင့် ဆက်စပ်နေ၏။ မိုင်ပေါင်း ၁၄၀၀/၁၅၀၀ ခန့် ရှိပေသည်။ ဘယ်ဒေသ ရောက်ရောက် ဘယ်ဒေသသွားသွား ရေနှင့်မကင်းနိုင်ပါပေ။

ထိုသို့သော အခြေအနေများကြောင့် ကျွန်တော်တို့ မြန်မာ့ တပ်မတော်စစ်ကျောင်းကြီးများတွင် အထူးစစ်နည်းဗျူဟာ ဘာသာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရပ်၌ မြစ်ကူးစစ်ဆင်ရေး **River Crossing Operation** ဘာသာရပ်ကို ထည့်သွင်းထားရှိ၏။ အထူးစစ်နည်းဗျူဟာဘာသာရပ်များတွင် တောင်ပေါ်စစ်ဆင်ရေး၊ တောတွင်းစစ်ဆင်ရေး၊ ပြောက်ကျားစစ်ဆင်ရေး၊ ကွန်မန်ဒိုစစ်ဆင်ရေးများသည် အရေးကြီးလှ၏။ မြစ်ချောင်းပေါများသော မြန်မာနိုင်ငံတွင် အထက်ပါ စစ်ဆင်ရေးများ အရေးကြီးသလို မြစ်ကူးစစ်ဆင်ရေးကလည်း အရေးကြီးပါပေသည်။

မြန်မာနိုင်ငံမှာ ဘယ်နေရာသွားသွား မြစ်တွေ၊ ချောင်းတွေက ရှောင်မလွတ်၊ ပြေးမလွတ်။ သူများ မကြည့်ပါနဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ နမူနာထားကာ ကျွန်တော့်အကြောင်း နည်းနည်းလောက် ပြောပါရစေ။

ကျွန်တော် စစ်တပ်ထဲစရောက်တော့ **First Posting** ကဖာပွန်။ တပ်က ယွန်းစလင်းမြစ်ဘေးမှာ ဖာပွန်က ကမမောင်းပြောင်းရတော့ သံလွင်မြစ်ဘေးမှာ။ ဖာပွန် ကမမောင်းမှာ ငါးနှစ်ခွဲခြောက်နှစ် နေခဲ့ရသည်။ အဲဒီကနေ မော်လမြိုင် ကျောက်တစ်လုံးပြောင်းရတော့ သံလွင်မြစ်ကြီးဘေးမှာပါပဲ။ ရှေ့တန်းက ရေး၊ ရေးကရေးချောင်းအရင်းမှာ၊ အနောက်ဘက် ထွက်သွားတော့ ကပ္ပလီပင်လယ် ရောက်သွားရော။ ရေးနှင့်ထားဝယ်ကြား တနသ်ာရီကမ်းရိုးတန်းမှာ စက်လှေစီး၍ ပင်လယ်ပြင်တွင် အချိန်အတော်ကြာ ကျက်စားခဲ့ရပါသည်။ ရေငန်သောက်၊ မြက်ခြောက်စားအညာသား ပင်လယ်ပြင်မှာ ပျော်ခဲ့သည်။

၁၉၇၆ ခုနှစ်ရောက်တော့ မွန်ပြည်နယ်မှ ရှမ်းပြည်နယ်ပြောင်းရသည်။ လားရှိုးအရှေ့ခြမ်း တန့်ယန်း မိုင်းရယ်ဒေသရောက်သွားသည်။ စစ်ဆင်ရေးက သံလွင်အနောက်ခြမ်းဒေသ။





သံလွင်မြစ်ကြီးဘေးမှာ အခေါက်ခေါက် အခါခါ နေခဲ့ရပြန်၏။ ၁၉၇၉ ခုနှစ်တွင်တော့ ရှမ်းပြည်နယ်တောင်ပိုင်းက ဗထူး ပြောင်းရသည်။ ဒီတစ်ခါတော့ မြစ်တွေ၊ ချောင်းတွေ မရှိတော့ဟု ထင်ထား၏။ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် တာဝန်ကျသည့် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းက ဇော်ဂျီမြစ်ဘေးမှာပါခင်ဗျာ။ ထူးအောင်စစ်ကြောင်းမှူး တာဝန်ယူရလို့ ခရီးသွားရတော့ ဇော်ဂျီမြစ်ကိုသာမက နမ့်မလန်တို့၊ နမ့်မအက်တို့နှင့် တိုးရပြန်၏။

၁၉၈၁ ခုနှစ်တွင် သနက(၁) မကွေးပြောင်းရသည်။ တပ်က ရောဝတီမြစ်ဘေးမှာ။ ရှေ့တန်းက ကျိုင်းတုံဒေသ။ ထိုအခါ ရှေ့တန်းတွင် သံလွင်၊ နမ့်ပန်၊ နမ့်မလွေ၊ နမ့်မယောင်း စသော မြစ်ချောင်းများနှင့် ကြုံရဆုံရပြန်သည်။ သံလွင်ကတော့ ဘယ်ရောက်ရောက် ပြေးမလွတ်ပါ။

၁၉၈၅ ခုနှစ်တွင် ဒုတပ်ရင်းမှူးဖြစ်တော့ အောင်လံပြောင်းရသည်။ တပ်က ရောဝတီမြစ်ဘေးမှာ ရှေ့တန်းက မိုးမိတ်၊ ဘိမ်းဒေသ။ ထိုအခါ နမ့်မိတ်ချောင်း၊ နမ့်မောင်းချောင်းနှင့် နာမည်ကျော် ရွှေလီမြစ်တို့နှင့် ကြုံရဆုံရပြန်ပါသည်။ ထိုဒေသမှာ သုံးနှစ်ကြာခဲ့၏။

၁၉၈၈ ခုနှစ်တွင် တပ်ရင်းမှူးဖြစ်လာသည်။ တပ်က ရန်ကုန်မြို့ပြည်သာ။ ထို့ကြောင့် လှိုင်မြစ်ဘေးဟုဆိုက ရပါ၏။ ရှေ့တန်းက ရှမ်းပြည်နယ်တောင်ပိုင်း။ ဒီတော့ မိတ်ဟောင်း၊ ဆွေဟောင်း သံလွင်မြစ်ကြီးနှင့် အခြားအခြားသော မြစ်ချောင်းများကို ပြန်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁ ခုနှစ်တွင် တောင်ငူပြောင်းရသည်။ တပ်က စစ်တောင်းမြစ်ဘေးမှာဆိုသော် ရ၏။ တာဝန်အရ စစ်တောင်းမြစ်ကို စက်လှေနှင့် စုန်ဆင်းခဲ့ဖူး၏။

၁၉၉၂ ခုနှစ်တွင် ဗျူဟာမှူးဖြစ်တော့ စစ်ကိုင်းပြောင်းရသည်။ တပ်က ရောဝတီမြစ်ဘေးမှာ။ ရှေ့တန်းက ကရင်ပြည်နယ်။ ဒီတော့ သံလွင်မြစ်ကြီးကို အမြဲပြုပြီး သွားရလာရသည်။ သံလွင်နှင့် သောင်ရင်းမြစ် ကြားတွင် လှုပ်ရှားခဲ့ရသည်။ လေးနှစ်ကြာခဲ့ပါသည်။

မြန်မာနိုင်ငံမှာ စစ်သားတွေအတွက် ရေဘေးက ပြေးမလွတ်ခဲ့ပါ။ ထို့ကြောင့် အခြေခံစစ်သင်တန်းမှာကတည်းက **Water Crossing** ရေပြင်ဖြတ်ကူးခြင်း ဘာသာရပ်ကို တာဝန်ရှိသူတွေက သင်ကြားပို့ချပေးခဲ့ပါသည်။ **Water Crossing** က မြစ်ကူးစစ်ဆင်ရေးရဲ့ ပဏာမနိဒါန်းပေါ့ ခင်ဗျာ။

ကျွန်တော်သည် မူးမြစ်ဘေးက ရွှေဦးသား ဖြစ်ပါသည်။ သို့ရာတွင် မြစ်နဲ့အလှမ်းဝေးသော ကုန်းပေါ်သားဖြစ်၍ ရေမကူးတတ်ပါ။ ရန်ကုန်တက္ကသိုလ်ရောက်မှ အင်းလျားကန်တွင် သူငယ်ချင်းအပေါင်းအသင်းများ၏ ဖေးမမှုကြောင့် အတန်အသင့် ရေကူးတတ်လာသည်။ ကျွမ်းကျွမ်းကျင်ကျင်တော့ မဟုတ်ပါ။ ထို့ကြောင့် တပ်ထဲရောက်တော့ အရာရှိငယ်ဘဝတွင် ရေအကြိမ်ကြိမ် နစ်ခဲ့ပါသည်။ သေနေ့မစေ့၍ မသေခဲ့ပါ။

ကိုယ် မသေသော်လည်း ကိုယ့်မျက်စိအောက်၌ ရေနစ်သေသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား အများအပြားနှင့် ကြုံခဲ့ဖူးပါသည်။ ထို့ကြောင့် စစ်သက်အတန်ငယ်ရ၍ တာဝန်တွေကြီးမြင့်လာသောအခါ မြစ်ကူးစစ်ဆင်ရေးကို အထူးဂရုပြုခဲ့သည်။





ရဲဘော်တွေ ရေနစ်မသေအောင် ကြိုတင်ပြင်ဆင်ကာကွယ်မှုတွေ လုပ်ခဲ့သည်။ စစ်ကျောင်းနည်းပြဖြစ်လာတော့ နိုင်ငံတွင်းက မြစ်ကူးစစ်ဆင်ရေးများသာမက ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်က မြစ်ကူးစစ်ဆင်ရေးများ၊ ကမ္ဘာ့သမိုင်းလာ၊ မြန်မာ့သမိုင်းလာ မြစ်ကူးစစ်ဆင်ရေးများကိုပါ လေ့လာခဲ့သည်။

ယခု ဤစာအုပ်ငယ်တွင် ကျွန်တော်ကိုယ်တိုင် ကြုံခဲ့သည့် မြစ်ကူးစစ်ဆင်ရေးများ၊ မြန်မာ့သမိုင်းလာ မြစ်ကူးစစ်ဆင်ရေးများ၊ ကမ္ဘာ့သမိုင်းလာ မြစ်ကူးစစ်ဆင်ရေးများကို အတတ်နိုင်ဆုံး ကြိုးစားကာ ပြည့်စုံအောင် ထည့်သွင်းဖော်ပြထားပါသည်။

သဘာဝဘေးဆိုးကြီးများတွင် ရေဘေးသည်ကား ကြောက်စရာအကောင်းဆုံး ဘေးဆိုးကြီးဖြစ်၏။ မကြာသေးမီက မြန်မာနိုင်ငံတွင် နာဂစ်၊ အာရှတွင် ဆူနာမီတို့ကား လူ့အသက်ပေါင်းများစွာကို ဇီဝိန်ခြွေခဲ့၏။ သို့ရာတွင် ကျွန်တော်တို့သည် ရေနှင့်လည်း ကင်း၍မရ။ စစ်သားတွေက အမြဲတမ်း သွားလာလှုပ်ရှားနေကြရ၍ ဤသို့သော ချောင်းတွေ၊ မြောင်းတွေ၊ အင်းတွေ၊ အိုင်တွေနှင့် ပင်လယ်သမုဒ္ဒရာများကိုပါ ဖြတ်သန်းနေကြပြန်ရာ မြစ်ကူးစစ်ဆင်ရေးကား စစ်သားတွေအတွက် နားလည်တတ်ကျွမ်းထားရန် အလွန်လိုအပ်သော အထူးစစ်နည်းဗျူဟာဖြစ်ပါသည်။

ဤစာအုပ်ကို မြစ်ကူးစစ်ဆင်ရေး လုပ်နေကြရသည့် စစ်သားများအတွက်သာမက စစ်စာပေ စိတ်ဝင်စားသော ကျွန်တော်၏ စာဖတ်ပရိသတ်အတွက်ပါ ရည်ရွယ်ပါသည်။

မြစ်ကူးစစ်ဆင်ရေး **River Crossing Operation** သည် သမားရိုးကျ နည်းဗျူဟာများနှင့်မတူသလို အခြားသော အထူးစစ်



www.burmeseclassic.com

www.burmeseclassic.com



နည်းဗျူဟာများနှင့်လည်း မတူကွဲပြားခြားနားသဖြင့် စာဖတ်သူများအတွက် ဤစာအုပ်ကလေးကလည်း အသစ်အဆန်းဖြစ်သော သုတရသများ ပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**
၃၀/၄/၂၀၁၂



## ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများနိဒါန်း

**မြစ်ကူးစစ်ဆင်ရေးဆိုသည်မှာ**

**မြစ်ကူးစစ်ဆင်ရေး River Crossing Operation ဆိုသည်မှာ ရည်မှန်းချက်သို့ ချီတက်နေစဉ် ဖြစ်စေ၊ တစ်နေရာမှ နှာစစ်ဆင်လာရစဉ်ဖြစ်စေ၊ လမ်းခရီးတွင် ကြုံတွေ့ရသည့် ရေပြင် သို့မဟုတ် မြစ်ချောင်းအင်းအိုင်များကို နည်းမျိုးစုံဖြင့် ဖြတ်ကျော်ပြီး စစ်ရေးတာဝန်ထမ်းဆောင်ခြင်းကို ယေဘုယျအားဖြင့် မြစ်ကူးစစ်ဆင်ရေးဟု ခေါ်သည်။**

အတိုဆုံး အရှင်းဆုံး ပြောရမည်ဆိုပါက မြစ်ကူးစစ်ဆင်ရေးသည် **Water Crossing** ရေပြင်ဖြတ်ကူးပြီး စစ်ဆင်ခြင်းဖြစ်၏။ ရေပြင်ဖြတ်ကူးရာတွင် အရေးပေါ် ဖြတ်ကူးခြင်းနှင့် ကြိုတင်စီစဉ်ဖြတ်ကူးခြင်း (၂)မျိုး ရှိသည်။ ဖြတ်ကူးကြသည့် တပ်အရွယ်အစားကိုလိုက်၍ ဖြတ်ကူးနည်းအမျိုးမျိုး ရှိသည်။ ရေပြင်အကျယ်အဝန်းကိုလိုက်၍ ရေစီးနှုန်းကိုလိုက်၍ သင့်လျော်သောနည်းများကိုသုံးကာ ဖြတ်ကူးကြရသည်။

တစ်ဦးချင်း ဖြတ်ကူးခြင်း၊ တပ်စိတ်အဆင့် ဖြတ်ကူးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



တပ်စုအဆင့် ဖြတ်ကူးခြင်း၊ တပ်ခွဲအဆင့် ဖြတ်ကူးခြင်း၊ တပ်ရင်းအဆင့် ဖြတ်ကူးခြင်း၊ တပ်မဟာ၊ တပ်မ၊ တပ်မကြီး၊ တပ်တော်၊ တပ်တော်စုအဆင့် တပ်အရွယ်အစားကြီးကြီးနှင့် ဖြတ်ကူးခြင်း စသည်အားဖြင့် အမျိုးမျိုးရှိသည်။

ရေပြင်သည် သဘာဝအတားအဆီးဖြစ်၏။ မိမိလုံခြုံရေးအတွက် ရေပြင်သဘာဝ အတားအဆီးကို လူလုပ် အတားအဆီးများနှင့် ပေါင်းစပ်ဆောင်ရွက်ထားကြသည်။ မြန်မာနိုင်ငံတွင် ရေးအထက်ကျော်ကာရီက ဘုရင့်နန်းတော်များနှင့် နေပြည်တော်များအား မြို့ရိုးများဖြင့် ကာရံထားသည်။ မြို့ရိုးအပြင်ဘက်တွင် ကျုံးများတူး၍ ရေအပြည့်ဖြည့်ထားသည်။ မန္တလေး၊ ရွှေဘို၊ တောင်ငူစသည့် မြို့ကြီးများတွင် ယနေ့အချိန်အထိ နန်းတော်မြို့ရိုးနှင့် ကျုံးပတ်လည်ဝန်းရံလျက် ရှိသည်ကို တွေ့နိုင်ပါသေးသည်။ မြန်မာဘုရင်များသာမက မြို့စား၊ နယ်စားများကလည်း သူတို့၏ မြို့ရွာများကို မြို့ရိုးများ ရေကျုံးများ ကာရံထားတတ်ကြသည်။ ၁၉၅၆ ခုနှစ်က စာရေးသူ မိုင်းရယ်တပ်သို့ ပြောင်းရသည့်အခါ မိုင်းရယ်မြို့ကလေးအား မြို့ရိုးများ ကာရံထားပြီး ရေကျုံးများ တူးထားသည်ကို အံ့သြဖွယ်ရာ တွေ့ရပါသည်။ ရှေးပဝေသဏီက ရှမ်းမြို့စားများက လုပ်ထားခဲ့သည်ဟု မေးမြန်း စုံစမ်းသိရပါသည်။ ဤသို့အားဖြင့် သဘာဝအတားအဆီးနှင့် လူလုပ်အတားအဆီးများ ပေါင်းစပ်ကာ လုံခြုံမှုကို ဆောင်ရွက်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်ကနှောင်းပိုင်း ဘုရင်များသည် နန်းတော်ကို ဧရာဝတီမြစ်ဘေး ထားရှိရာမှ တစ်ဖက်ရန်သူ၏ ရေကြောင်းမှ စစ်ဆင်လာမှုကို ကြောက်ရွံ့သဖြင့် နန်းတော်အား ဧရာဝတီမြစ်၏အရှေ့ခြမ်း မြစ်နှင့်





[illegible]လှမ်းဝေးရာသို့ ရွှေ့ပြောင်းခဲ့သည့်သာဓက ရှိဖူးပါသည်။

[illegible]ခံစစ်ဆင်သူက ရေပြင်ကို အတားအဆီးအဖြစ် အသုံးပြု[illegible]သည်။ တိုက်စစ်ဆင်သူက ရေပြင်ကို ဖြတ်ကျော်၍ ဝင်တိုက်သည်။ [illegible]ဤသာဓကများမှာ ရှေးကတည်းကရှိသည်။ ယခုလည်း ရှိသည်။ [illegible]နောက်လည်း ရှိနေပေလိမ့်ဦးမည်။ မြန်မာနိုင်ငံလို မြစ်ချောင်း[illegible]အင်းအိုင်ပေါများသော ဒေသကြီးအတွက်ကား မြစ်ကူးစစ်ဆင်ရေး[illegible]သည် ထာဝရရှိနေမည်သာတည်း။

**[illegible]မြစ်ကူးစစ်ဆင်မှုအမျိုးအစားများ**

**([illegible]) အမြန်ဖြတ်ကူးခြင်း (သို့) ရုတ်ခြည်းဖြတ်ကူးခြင်း**

အမြန်ဖြတ်ကူးခြင်း (သို့) ရုတ်ခြည်းဖြတ်ကူးခြင်းဆိုသည်မှာ [illegible]တက်သွားလာနေရာ (သို့) ခွာစစ်ဆင်နေစဉ် မမျှော်လင့်ဘဲ [illegible]တွေ့ရသည့် ရေပြင်အား ရနိုင်သောနည်းများဖြင့် ဖြတ်ကူးခြင်းကို [illegible]သည်။ စာရေးသူ တပ်ရင်းမှူးဘဝက တောင်ကြီးအရှေ့[illegible]ဒေသ၌ တာဝန်ကျနေစဉ် ပွန်ချောင်းခေါ် နမ့်ပွန်ချောင်းအား [illegible]ရေးပေါ် ဖြတ်ကူးခဲ့ရသည်။ ရုတ်တရက် တောင်ကျရေများနှင့် [illegible]ပြည့်နေသော ပွန်ချောင်းအား မမျှော်လင့်ဘဲ တွေ့ရသည့်အခါ [illegible]သစ်ဝါးများသုံး၍ လက်ရွေးစင်လူထုတ်ကာ ဖောင်ဖွဲ့ပြီး ကူးခဲ့[illegible]သည်။ တပ်ရင်းတစ်ရင်းလုံး အဖိတ်အစင်မရှိအောင် ဂရုတစိုက်[illegible]ကူးရာ နေ့တစ်ဝက်ခန့် ကြာသွား၏။ တောင်ကျရေများက တရှဲရှဲ[illegible]ဟဲမြည်ကာ ဒလဟောစီးနေသည်။ ပါလာသည့် ကြိုးခွေ[illegible]များ၊ မော်တော်ကားကျွတ်များကိုလည်း သုံးခဲ့ရသည်။ [illegible]ကြီးမျက်မည်းမို့ ဒေသခံများထံမှ ဘာအကူအညီမျှ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ ဖြတ်ကူးသည့်နေရာ တစ်ဝိုက်၌ မည်သည့်ရွာမှလည်း မတွေ့ သို့ရာတွင် တပ်မထွက်မီကတည်းက ဤလိုအခြေအနေမျိုးကို ကြုံတွေ့နိုင်သည်ဟု သုံးသပ်ပြီး လိုင်မြစ်ထဲ၌ တပ်ခွဲအလိုက် လေ့ကျင့်ခဲ့ပါသည်။ ထိုအကျိုးကျေးဇူးကြောင့် မိုးတွင်းကာလ၌ မွန်ချောင်းကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါသည်။

## (ခ) ကြိုတင်ပြင်ဆင်ဖြတ်ကူးခြင်း (သို့) စနစ်တကျဖြတ်ကူးခြင်း။

မိမိချီတက်ရာလမ်းကြောင်းတွင် မလွဲမသွေ တွေ့ရမည့် မြစ်ချောင်းများ ဖြတ်ကူးရန် စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့ပြီး ဖြတ်ကူးခြင်းကို ခေါ်သည်။

၁၉၇၉ ခုနှစ်က မင်းရန်အောင် စစ်ဆင်ရေးကြီးကို ဆင်နွှဲ၍ မော်ဖကို တိုက်ခဲ့စဉ်က ကျွန်တော်တို့တပ်များ တပ်မတစ်ခုစာ သံလွင်မြစ်ကို ဖြတ်ကူးခဲ့ကြသည်။ မိုင်းရှူးတွင် ရှေ့တန်း တပ်မဌာနချုပ်အခြေပြု၍ အင်ဂျင်နီယာတပ်မှ စက်တပ်လှေများဖြင့် သံလွင်မြစ်ကို အနောက်မှအရှေ့သို့ ဖြတ်ကူးခဲ့ကြသည်။ နိုဝင်ဘာဖြစ်၍ သံလွင်မြစ်ရေက ငြိမ်နေသည်။ ရေစီး သိပ်မသန်တော့ ရာသီဥတုအခြေအနေကို ကြည့်ပြီး စက်တပ်လှေများ အသုတ်လိုက် အသုတ်လိုက်သုံးကာ တိုက်ပွဲဝင်တပ်ရင်းများ သံလွင်ကို ဖြတ်ကူး၍ မော်ဖဒေသကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါသည်။ ဤသို့ ဖြတ်ကူးနိုင်ရေးအတွက် အထက်ဌာနများမှ စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့သည်။ ပြဿနာတစ်စုံတစ်ရာ မရှိဘဲ မော်ဖမြေကို ခြေချနိုင်ခဲ့သည်။ အငိုက် ရခဲ့သည်။ ထို့ကြောင့် မော်ဖကို အပြီးအပိုင် သိမ်းပိုက်ရရှိခဲ့သည်။





### အမြန်ဖြတ်ကူးခြင်း ပြုလုပ်ရသည့်အခြေအနေ

၁။ ရန်သူ ခုခံမှု လုံးဝမရှိသည့်အခါ။

၂။ အမြန်ဖြတ်ကူးရန် အခွင့်အရေးသာသည့်အခါ။

၃။ အချိန်မီကူးရန်လိုသည့်အခါ။

### ကြိုတင်ပြင်ဆင်ဖြတ်ကူးခြင်းပြုလုပ်ရသည့်အခြေအနေ

၁။ မိမိထိုးစစ်ပြန်လည်စတင်သည့်အခါ။

၂။ အမြန်ဖြတ်မကူးနိုင်သည့်အခါ။

၃။ အမြန်ဖြတ်ကူးမှု မအောင်မြင်သည့်အခါ။

### င်းစုဆောင်းခြင်း

မြစ်ကူးစစ်ဆင်ရေး ပြုလုပ်သည့်အခါ အခြားသော စစ် င်ရေးများကဲ့သို့ သတင်းရယူမှု အရေးကြီးပေသည်။ **No Information, No Operation** ဆိုသော စကားရှိသည်။ သတင်း လျှင် ဘာစစ်ဆင်ရေးမှ လုပ်၍မရပါ။ စတုတ္ထအကြိမ် အာရပ် ရေးလ် စစ်ပွဲကြီး၌ စူးအက်တူးမြောင်းကို ဖြတ်ကျော်ရန် ဂျစ်တို့က လိုအပ်သော သတင်းများကို လပေါင်းများစွာ ကြိုတင် ဆောင်းခဲ့သည်။ ထို့ကြောင့် စစ်ပွဲအစပိုင်းကာလ၌ အီဂျစ်တို့သည် ားသော အောင်မြင်မှုများကို ရရှိခဲ့သည်။ အစ္စရေးလ်တို့သည် တို့ကိုယ်မိမိတို့ ယုံကြည်မှု လွန်ကဲသဖြင့် စူးအက်တူးမြောင်း ကျော်သော စစ်ဆင်ရေးအစောပိုင်းကာလ၌ အစ္စရေးလ် သားအများအပြား အီဂျစ်တို့၏ အဖမ်းခံခဲ့ရသည်။ ထိုစစ်ပွဲကြီး သောအခါ တစ်ကိုယ်ရည်စွမ်းရည် ကွာခြားမှုကြောင့် အီဂျစ်တို့



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးအရ အရေးနိမ့်သွားသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံရေး အရ များစွာအမြတ်ထွက်ခဲ့၏။ ပထမ၊ ဒုတိယ၊ တတိယ အာရပ် အစ္စရေးလ်စစ်ပွဲများ၌ အရေးနိမ့်ခဲ့သော အီဂျစ်တို့သည် ယခုစတုတ္ထ အကြိမ် အာရပ်အစ္စရေးလ် စစ်ပွဲများ၌ နိုင်ငံရေး ဂုဏ်သိက္ခာပါမက စစ်ရေးဂုဏ်သိက္ခာမှာပါ များစွာတက်ခဲ့၏။ မြစ်ကူးစစ်ဆင်ရေး၌ အောက်ပါသတင်းများ ရရှိရန် လိုအပ်လေသည်။

(က) မြစ်ကူးမှုကို ဟန့်တားနိုင်သော ရန်သူ့လုပ်ဆောင်မှုများ။
(ခ) မြစ်ချောင်းများ၏ အချက်အလက်များ။
(ဂ) မြစ်တစ်ဖိုက်ရှိ မြေအနေအထား။
(ဃ) မိုးလေဝသနှင့် ရာသီဥတု။
(င) လမ်းကြောင်းများ။
(စ) မြစ်ကူးနေရာများ။
(ဆ) ဒေသန္တရပစ္စည်းရရှိနိုင်မှု။

**မြစ်ကူးစစ်ဆင်ရေးအဆင့်များ**

မြစ်ကူးစစ်ဆင်ရေး ဆောင်ရွက်ရာတွင် စစ်ဆင်ရေးအဆင့် များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အထက်ဌာန၏ အမိန့်ရယူခြင်း။
(ခ) သတင်းစုဆောင်းခြင်း။
(ဂ) အခြေအနေကြည့်၊ စစ်ရေးသုံးသပ်၊ စီမံချက်ပြုလုပ်၊ အမိန့် ထုတ်ပြန်ခြင်း။
(ဃ) တပ်များ၊ ပစ္စည်းများ စုရုံးဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း။
(င) မြစ်ကြောင်းသို့ ချီတက်ခြင်းနှင့် ဖြတ်ကူးရန် နောက်ဆုံး ပြင်ဆင်ခြင်း။
(စ) ချေမှုန်းတိုက်ခိုက် ဖြတ်ကူးခြင်းနှင့် အဝေးဘက်ကမ်းသို့ ချီတက်တိုက်ခိုက်ခြင်း။
(ဆ) ပေါင်းကူးခြေကုပ်တည်ဆောက်ခြင်း။
(ဇ) တံတား၊ ဖောင်များ တည်ဆောက်ပြီး တပ်များ ဆက်လက် ဖြတ်ကူးခြင်း။
(ဈ) ရည်မှန်းချက်သို့ ဆက်လက်ချီတက်ခြင်း။





အထက်ဌာနမှ ရယူသည့် အမိန့်တွင် ပါဝင်ရမည့်အချက် များမှာ –

(က) ရန်သူ့သတင်း။
(ခ) မြေအနေအထား။
(ဂ) ရည်မှန်းချက်၊ ဖြတ်ကူးရန်နယ်မြေ၊ ဖြတ်ကူးရန်အချိန်။
(ဃ) ပါဝင်သည့်တပ်များ။
(င) ပစ်ကူ။
(စ) အင်ဂျင်နီယာအကူများ။
(ဆ) သွားလာမှုကြီးကြပ်ရေးနေရာများ။
(ဇ) ထောက်ပံ့မှု ဆက်သွယ်ရေး ရိက္ခာနှင့်ခဲယမ်း ဖြည့်တင်းမှု။

**မြစ်ကူးနည်းများ**

မြစ်ကူးစစ်ဆင်ရေးတွင် ဖြတ်ကူးနည်းများ အခြေခံအားဖြင့် သ၍ ငါးမျိုးရှိသည်။ အလျင်အမြန် ဖြတ်ကူးရသည့်အခါတွင် ရှာပစ္စည်းများသုံး၍ နည်းအမျိုးစုံဖြင့် အဆင်ပြေသလို ကူးရမည်။



www.burmeseclassic.com

www.burmeseclassic.com



စီမံချက်ဖြင့် ဖြတ်ကူးသည့်အခါတွင် ယာဉ်များ၊ လှေဖောင်များ အသုံးပြု၍ ဖြတ်ကူးသည်။ လိုအပ်ပါက တံတားများထိုး၍ ဖြတ်ကူးသည်၊ စတုတ္ထအကြိမ် အာရပ်အစ္စရေးလ်စစ်ပွဲ၌ အီဂျစ်စစ်တပ်များသည် စူးအက်တူးမြောင်းကို Pontoon တံတားများထိုး၍ ဖြတ်ကူးသည်။ မဖြတ်ကူးမီ အကြိမ်ကြိမ်လေ့ကျင့်ထားခဲ့သည်။ ဤသို့ဖြင့် တိုက်ပွဲဝင်အီဂျစ် တပ်တော်ကြီးတစ်ခုလုံး စူးအက်တူးမြောင်းကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့သည်။ ဖြတ်ကူးနည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဒေသန္တရပစ္စည်းသုံး၍ ကူးနည်း။
(ခ) ကမ်းခြေတက်ယာဉ်များဖြင့် ကူးနည်း။
(ဂ) ချေမှုန်းရေးလှေများ အသုံးပြု၍ ကူးနည်း။
(ဃ) ဖောင်များအသုံးပြု၍ ကူးနည်း။
(င) တံတားများ ထိုး၍ ကူးနည်း။

**အခြေခံလိုအပ်ချက်များ**

မြစ်ကူးစစ်ဆင်ရေး၌ အခြေခံလိုအပ်ချက်များ ရှိပေသည်။ တိုက်စစ်ရော၊ ခံစစ်ပါ လိုအပ်ချက်များ ရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**တိုက်စစ်**

(က) တိုက်စစ်အတွက် လိုအပ်သော အခြေခံအချက်များ
(၁) ကောင်းမွန်သော ထောက်လှမ်းမှု၊ ကောင်းမွန်သော အစီအစဉ်တို့အပေါ် မူတည်၍





ပြတ်သားရှင်းလင်းသော အမိန့် ဖြစ်ရမည်။
(၂) ရှင်းလင်းလွယ်ကူသောစီမံချက် ဖြစ်ရမည်။
(၃) အငိုက်ရရှိမှု ရှိရမည်။
(၄) လျင်မြန်စွာလုပ်ကိုင်နိုင်မှုနှင့် စွဲမြဲခိုင်မာသော စိတ်ဆုံးဖြတ်ချက် ရှိရမည်။
(၅) အောင်မြင်မှုကို လျင်မြန်စွာ တိုးချဲ့ရေး ဆောင်ရွက်ရမည်။

(ခ) တိုက်စစ်အတွက် ရင်ဆိုင်ရမည့်ပြဿနာများ
(၁) အငိုက်ရရှိမှုအတွက် အရေးကြီးသည့် အချက်များ
(ကက) လုံခြုံမှု၊
(ခခ) လှည့်စားမှု
(၂) လျင်မြန်စွာ ပေါင်းကူးခြေကုပ်နေရာ တည်ဆောက်ရေးနှင့် ဖြည့်တင်းရေး။
(၃) ပေါင်းကူးခြေကုပ်ရရန် လွယ်ကူနိုင်သော်လည်း ရန်သူက တန်ပြန်တိုက်စစ်ဆင်ခြင်းဖြင့် သုတ်သင်ရှင်းလင်းခြင်းဘေးမှ ရှောင်ကွင်းရန် ခက်ခဲမှု။

**အခြေခံလေ့ကျင့်ရေး**

အောက်ပါလေ့ကျင့်မှု (၂) မျိုးကို ကျွမ်းကျင်အောင် လေ့ကျင့်ရန် လိုအပ်သည်။

(က) ပါဝင်တိုက်ခိုက်သည့် တပ်များသည် ရေကူး



www.burmeseclassic.com

www.burmeseclassic.com



လှေလှော်အတတ်များ လေ့ကျင့်ထားခြင်း။

(ခ) နေ့နှင့်ညအချိန်များတွင် ပြုလုပ်မည့် စစ်ဆင်မှု တစ်ရပ်လုံးအတိုင်း သရုပ်တူလေ့ကျင့်ခြင်း။

**ခံစစ်**

(က) ခံစစ်အတွက် အခြေခံလိုအပ်ချက်များ

(၁) ရန်သူကူးလာသည့်အခါ ကြိုတင်သိရှိနိုင်၍ ရန်နှင့် ချေမှုန်းသုတ်သင်နိုင်ရန် စီစဉ်ထားရမည်။

(၂) ကူးလာပြီး ခြေကုပ်ယူနေသော ရန်သူကို တန်ပြန်ထိုးစစ်ဖြင့် ချေမှုန်းနိုင်ရန် စီစဉ်ထားရမည်။

(၃) ရှေ့ခံစစ်စည်းကို ကမ်းပါးမှာသာ ထားရမည်။

(၄) တစ်ဖက်ကမ်းတွင်လည်း ရန်သူစုစည်း ပြင်ဆင်မှု မရအောင် စီမံထားရမည်။

(၅) ရန်သူဖြတ်ကူးရန် ပြုလုပ်နိုင်မည့် ပစ္စည်းများကို သိမ်းဆည်းထားရန် (သို့မဟုတ်) ဖျက်ဆီးထားနိုင်ရေး စနစ်တကျ စီမံထားရမည်။

(၆) တစ်ဖက်ကမ်းရှိ မိမိတပ်များ ဆုတ်ခွာမှုနှင့် တံတားများ ဖောက်ခွဲဖျက်ဆီးနိုင်ရေး စနစ်တကျ စီစဉ်ထားရမည်။





(ခ) ခံစစ်အတွက် ရင်ဆိုင်ရမည့်ပြဿနာများ

(၁) မြစ်ကြောင်းတစ်လျှောက် ခံစစ် အတားအဆီးများ ဖုံးကွယ်ရန် ခက်ခဲပြီး ရွံ့နွံများ ဖြစ်လျှင် အတားအဆီးများ ဆောက်လုပ်ရန် မသင့်ပေ။

(၂) မြစ်တစ်ခုကို မိမိအတွက် အကျိုးရှိစွာ အတားအဆီးအဖြစ် အသုံးပြုမည်ဆိုလျှင် ပစ်အားဖြင့် ကာကွယ်ထားရန် လိုသည်။ မြစ်ကြောင်းတစ်လျှောက် ကျယ်ပြန့်စွာ တပ်ဖြန့်ရမည် ဖြစ်သဖြင့် ခံစစ်ဆင်သူအတွက် အောက်ပါ (၂)ချက်ကို ချိန်ဆရန် ဖြစ်သည်။

(ကက) မြစ်ကြောင်းကို အင်အားကြီးမားစွာဖြင့် ထိန်းထားပြီး အရန်တပ်ဖွဲ့ကို အင်အား အနည်းငယ်ဖြင့် ထိန်းထားခြင်း။

(ခခ) မြစ်ကြောင်းကို အင်အားအနည်းငယ်ဖြင့် ထိန်းထားသော်လည်း လက်ဝယ်၌ လုံလောက်သော အရန်တပ်ဖွဲ့ထားရှိခြင်း။

**မြစ်ကူးစစ်ဆင်ရေးအောင်မြင်ရန် လိုက်နာရမည့်အချက်များ**

မြစ်ကူးစစ်ဆင်ရေး အောင်မြင်ရန် အခြားသော အထူးစစ်ဆင်ရေးများ၊ အထူးစစ်နည်းဗျူဟာများကဲ့သို့ လိုက်နာရမည့်



www.burmeseclassic.com

www.burmeseclassic.com



အချက်များရှိသည်။ ထိုသို့လိုက်နာမှသာ စစ်ဆင်ရေး အောင်မြင်ပေမည်။ ရံဖန်ရံခါ၌ စွန့်စားရသည်များလည်း ရှိသည်။ ကမ္ဘာ့သမိုင်း၌ ထင်ရှားသော မြစ်ကူးစစ်ဆင်ရေးများ၊ ပင်လယ်ပြင် ကျော်ဖြတ်ရသည့် စစ်ဆင်ရေးများ ရှိခဲ့ရာတွင် ဒုတိယကမ္ဘာစစ်က **Normandy Landing** နော်မန်ဒီကမ်းတက် စစ်ဆင်ရေးကြီးနှင့် ကိုရီးယားစစ်ပွဲက အင်ချုံကမ်းတက်စစ်ဆင်ရေးတို့သည် ကျော်ကြားသော မြစ်ကူးစစ်ဆင်ရေးကြီးများ ဖြစ်၏။ မြန်မာ့သမိုင်းတွင်လည်း ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ **နောင်ရိုးတိုက်ပွဲ**သည်လည်း သတ္တိနှင့် တိုက်ပွဲ အဆုံးအဖြတ်ကို ရယူခဲ့သည့် ကျော်ကြားသော မြစ်ကူးစစ်ဆင်ရေး ဖြစ်ပေသည်။ မြစ်ကူးစစ်ဆင်ရေး အောင်မြင်ရန် လိုက်**နာရမည့်အချက်များမှာ** –

(က) တန်ဖိုးရှိသော သတင်းများရယူခြင်း။

(ခ) အင်ဂျင်နီယာအကူရယူခြင်း။

(ဂ) အသေးစိတ်ပြင်ဆင်မှုရှိခြင်း။

(ဃ) ဆက်သွယ်ရေးကောင်းမွန်ခြင်း။

(င) လုံခြုံမှု၊ အငိုက်ဖမ်းမှုနှင့် လှည့်စားမှုရှိခြင်း။

(စ) ရေကူး၊ လှေလှော်အတတ်ကျွမ်းကျင်မှုရှိခြင်း။

(ဆ) စုဖွဲ့မှုကောင်းမွန်ခြင်း။

(ဇ) ဦးစီးခေါင်းဆောင်များ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် ခေါင်းဆောင်မှုကောင်းမွန်ခြင်း။

(ဈ) ခံစစ်၊ တိုက်စစ် အခြေခံအချက်များ နားလည်မှု ရှိခြင်း။

(ည) စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်မှုရှိခြင်း။





### နိဂုံးချုပ်ဖော်ပြချက်

ဤမျှ ဖော်ပြလိုက်သည်ဆိုပါက အထူးစစ်နည်းဗျူဟာ တစ်ရပ်ဖြစ်သော မြစ်ကူးစစ်ဆင်ရေး၏ သဘောသဘာဝကို စာရှုသူများ အတန်ငယ်ရိပ်စားမိပြီဟု ထင်ပါသည်။ မြစ်ကူးစစ်ဆင်ရေးသည် ရေနှင့်မကင်းနိုင်သဖြင့် စစ်ဆင်ရေးတွင် ပါဝင်သူအားလုံးရေနှင့် အကျွမ်းတဝင်ရှိရန်လိုပါသည်။ စာရေးသူ တပ်ရင်းမှူးဘဝက မြစ်ကူးစစ်ဆင်ရေးများ လုပ်နိုင်ရန် အထက်ဌာန၏ ခွင့်ပြုချက်ဖြင့် ချင်းမြစ်ထဲ၌ မြစ်ကူးစစ်ဆင်ရေးကို သွားရောက်လေ့ကျင့်ခဲ့သည်။ ထို့ကြောင့် တကယ်တမ်း အရေးဟယ် အကြောင်းဟယ် ကြုံလာသည့်အခါ တပ်ရင်း တစ်ရင်းလုံး ကြုံတွေ့ရသည့် မြစ်များ၊ ချောင်းများကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့ပါသည်။ သာမန်အားဖြင့် မြစ်ကူး စစ်ဆင်ရေး အောင်မြင်ရန်မှာ အဆင့်အတန်းမြင့်မားသည့် လေ့ကျင့်မှု၊ တိကျသော သတင်းထောက်လှမ်းမှု၊ တပ်များ စနစ်တကျပေါင်းစပ်ပါဝင်မှု၊ မြစ်ကူးရန်အတွက် အထောက်အကူပစ္စည်းများ ရရှိနိုင်မှု၊ ဥပမာ – လှေဖောင်များ၊ **Pontoon** တံတားများ၊ စက်ဘက်ဆိုင်ရာ အင်ဂျင်နီယာ ပညာသည်များ ပါဝင်မှုက အဓိကကျသည်ဟု ဆိုလိုက်ပါရစေခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁) အတွက် ပဏာမ တင်ပြခြင်း

ကျွန်တော်၏ ဤစာအုပ်ငယ်ကို အောက်ပါအတိုင်း အပိုင်း ပိုင်း ခွဲထားပါသည်။

* အပိုင်း (၁) ခေတ်သစ် မြစ်ကူးစစ်ဆင်ရေး တိုက်ပွဲများ။
* အပိုင်း (၂) ရှေးခေတ်မြစ်ကူးစစ်ဆင်ရေး တိုက်ပွဲများ။
* အပိုင်း (၃) ဒုတိယကမ္ဘာစစ်ကာလ မြန်မာနိုင်ငံအတွင်း အင်္ဂလိပ်နှင့် ဂျပန်တို့၏ မြစ်ကူး စစ်ဆင်ရေး တိုက်ပွဲကြီးများ။

အပိုင်း (၁) တွင် စာရေးသူ ကျွန်တော်ကိုယ်တိုင်ပါဝင်ခဲ့ ည့် မြစ်ကူးစစ်ဆင်ရေး ၂ ခုနှင့် တပ်အရွယ်အစားကြီးမားသော အဆင့် မြစ်ကူးစစ်ဆင်ရေးကြီးတစ်ခုကို ရွေးချယ်ဖော်ပြပါမည်။

ကျွန်တော်ကိုယ်တိုင် ပါဝင်သော မြစ်ကူးစစ်ဆင်ရေး ၂



www.burmeseclassic.com

www.burmeseclassic.com



ခုမှာ ပထမ ကျွန်တော်တပ်ခွဲမှူးဘဝ အရာရှိငယ်ဘဝကဖြစ်ပြီး ကျန်တစ်ခုမှာ တပ်ရင်းမှူးတာဝန်နှင့် တပ်ရင်းအဆင့် မြစ်ကူး စစ်ဆင်ရေး ဖြစ်ပါ၏။

တပ်အရွယ်အစား ကွာခြားသွားသဖြင့် ကြုံတွေ့ရသည့် အခက်အခဲများမှာလည်း ကွာခြားပါသည်။ တစ်ခုက ကြိုတင်စီစဉ်ပြီး ဖြတ်ကူးခြင်းဖြစ်၍ တစ်ခုက အရေးပေါ်အခွင့်ကြုံဖြတ်ကူးရခြင်း ဖြစ်ပါသည်။ ထိုအမျိုးအစား ကွာခြားမှုပေါ် မူတည်ပြီး လုပ်ဆောင်ချက်များလည်း ကွာခြားသွားပါ၏။

ကဲ …နိဒါန်းပျိုးနေတာနဲ့ပဲ လေက ရှည်သွားပါမည်။ အပိုင်း (၁) တွင် ထည့်သွင်းထားသည့် ကျွန်တော် ကိုယ်တိုင်ပါဝင်သော မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲကလေး လာပါပြီခင်ဗျာ။ မြည်းစမ်းဖတ်ရှုကြည့်ကြပါရန်။

❖ ❖ ❖



# ကြုံခဲ့ဖူးသောမြစ်ကူးစစ်ဆင်ရေးများ

## အပိုင်း (၁)

## ခေတ်သစ်မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲများ

## နမ့်ပလောက်တိုက်ပွဲ

**[illegible]န်တော်ပိတ်ဆို့ရေးတပ်ဖွဲ့မှူး**

၁၉၇၈ ခုနှစ် နှောင်းပိုင်းကာလများ။

အတိအကျဆိုရပါက ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ပထမပတ် ကျွန်တော်သည် စစ်ဆင်ရေးတာဝန်ဖြင့် မိုင်းကောင် [illegible]ရှေ့ခြမ်း လွယ်လန်းတောင်တန်းကြီး၏အခြေရှိ နားဟန်အမည်ရ [illegible]ကလေးတစ်ခုအနီး ရောက်နေပါသည်။ ကျွန်တော့်တာဝန်မှာ [illegible]ယန်း၊ မိုင်းကောင်၊ မိုင်းရှူးအရှေ့ခြမ်းသို့ သံလွင်မြစ်အား ဖြတ် [illegible]ပြီး အသူရာခေါ် ဗကပများ ဝင်ရောက်မလာရေးအတွက် ၁၅ [illegible] မိုင် ၂၀ ခန့်ရှိ သံလွင်ကမ်းခြေကို တပ်ခွဲတစ်ခွဲနှင့် ပိတ်ဆို့ [illegible]တာဝန် ထမ်းဆောင်နေရခြင်း ဖြစ်၏။

၁၅ မိုင်၊ မိုင် ၂၀ ခန့်အား တပ်ခွဲတစ်ခွဲနှင့် ပိတ်ဆို့ရသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထယ်ခဲလွယ်သော အလုပ်ဖြစ်၏။ ကျွန်တော့်လူ ၆ဝ၊ ရ
ခန့်နှင့် အေသခံ လားဟူသောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့၊ ဝ
သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့များကိုပါ ကျွန်တော်တို့နှင့်အတူ
အဆက်မှ တာဝန်ချထားပေးသည်။ သူတို့ကလည်း လူလေးငါးဆယ်
ဆိုတော့ အားလုံး လူ ၁၀၀ ကျော်လောက်တော့ ရှိပါ၏။

ကျွန်တော့်တပ်ခွဲနှင့် လားဟူ သကဆဖများသည် သံလွင်
ကမ်းခြေတွင် ကမ်းခြေစောင့်တဲကလေးများထိုးပြီး တဲတစ်တဲလျှင်
ရဲဘော် နှစ်ယောက်၊ သုံးယောက်၊ သကဆဖ နှစ်ယောက်
သုံးယောက် တွဲပြီး နေရာချထားရ၏။ မိုင် ၂၀ ခန့်အတွင်း နေရာ
ပေါင်း ၂၀ ခန့်တွင် ကမ်းခြေစောင့် တဲလေးများထိုးကာ သံလွင်
မြစ်ကြီးကို အနီးကပ် Under Watch လုပ်နေရ၏။ ကျွန်တော်
ကိုယ်တိုင်ပင်လျှင် သံလွင်မြစ်ကမ်းနဖူးရှိ တောအုပ်ကလေးထဲ
တဲထိုးကာ ခွဲရုံးအဖွဲ့နှင့် အတူနေသည်။ အားလုံး လေးငါး ဆယ်
ယောက်သာရှိသည့် သကဆဖခေါင်းဆောင် လောတတို့ ယော
တို့လည်း ကျွန်တော်နှင့်အတူနေသည်။ သူတို့နှင့်ပေါင်းသော် အားလုံး
လူ ၂၀၊ ၂၅ တော့ ရှိပါသည်။

ကျွန်တော့်တပ်ခွဲကို မိုင်းကောင်ရှိ ခလရ (၆၇) စစ်ကြောင်း
(၂) ဌာနချုပ်က ကွပ်ကဲသည်။ စစ်ကြောင်း ဌာနချုပ်နှင့် တပ်
တစ်ခွဲက မိုင်းကောင်လုံခြုံရေးအတွက် ဆောင်ရွက်ရသည်။ မိုင်း
ကောင်ကား စည်ကားသိုက်မြိုက်သော ရှမ်းမြို့ကလေး ဖြစ်
နေ့စဉ် ၃၆ ကောင်ဖွင့်သည်။ ငါးရက်တစ်ပတ် ဈေးနေ့ရှိသည်
ဈေးနေ့တွင် လောင်းကစားဝိုင်း အမျိုးစုံရှိသည်။ ရှမ်းအရက်မှို
လည်း ရောင်းသည်။ မိုင်းကောင်သူ ဖြူဖြူဖွေးဖွေး ရှမ်းတိုင်းရင်း





...များကလည်း မျက်စိပသာဒရှိသည်။ ကြည့်ကောင်းသည်။
...သည်တို့၏ အိမ်လွှမ်းနာကို ဖြေဖျောက်နိုင်စွမ်းရှိသည်။ နေလို့
...ပို့ အလွန်ကောင်းလှသည်။ မြို့စား စောဝ်ကျော်နှင့် ဇနီး
...တို့ကလည်း အလွန်သဘောကောင်းသည်။

ကျွန်တော် နေနေရသော သံလွင်ကမ်းခြေကား မိုင်းကောင်
မြို့ကလေးနှင့် ၁၀ မိုင်ကျော် ဝေး၏။ အသူရာခေါ် ဗကပများ၏
...ကြောင့် ကမ်းခြေရှိ ရွာအတော်များများကား ပျက်သွားကြပြီ။
...ကြောင့် ကျွန်တော့် နားဟန်စခန်းဘေးမှာ ရွာများများစားစားမရှိပါ။
...ဟန်ရှမ်းရွာလေးသာ ရှိပါသည်။ အိမ်ခြေက ဆယ့်လေးငါး
...သာ။ နားဟန်တောင်ဘက်ခြမ်း ကျွန်တော့်နယ်မြေအတွင်း၌
...ဟူရွာကလေး နှစ်ရွာ၊ သုံးရွာ ရှိပါသည်။ သူတို့အားလုံးလိုလို
...တဆဖ အဖွဲ့ဝင်များဖြစ်ကြ၏။ မိုင် ၂၀ အတွင်းမှာ ရွာ
...က်စကလေး လေးရွာသာရှိပြီး မိုင်းကောင်နှင့် ကျွန်တော်တို့
...ဆိုရေးတပ်ခွဲကြား၌ ပေ ၇၀၀၀၊ ၈၀၀၀ ခန့် မြင့်သော
...ယ်လန်းတောင်ကြီး ခြားနေသဖြင့် ကျွန်တော်တို့တပ်ခွဲသည်
...ပကမ္ဘာနှင့် လုံးဝအဆက်ပြတ်နေပါ၏။ အလွန်ပျင်းစရာ
...ကောင်းလှ၏။ ဤပျင်းစရာကောင်းလှသော နေရာသို့ ကျွန်တော်
...ရောက်ရှိ တာဝန်ထမ်းဆောင်နေသည်မှာ နှစ်လခန့်ရှိပြီ။ အောက်
...ဘာက ရောက်တာ အခုဆို နိုဝင်ဘာကုန်ပြီး ဒီဇင်ဘာထဲ
ရောက်နေပြီ။

နေ့တိုင်း စာဖတ်၊ ရေဒီယိုနားထောင်ဖြင့် အပျင်းဖြေရ၏။
...ခါတစ်ရံ ပိတ်ဆို့ရေးတပ်ဖွဲ့လေးများကို လိုက်စစ်ရ၏။ စားစရာ
...သည်း အလွန်ရှားသဖြင့် အစားအသောက်ကလည်း ရှာစား...၏။



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်အတွက် စားပင်၊ သီးပင်လေးများ စိုက်ရ၏။ သံလွင်မြစ်ထဲတွင် ငါးကိုင်းထောင်ရ၏။ ဝါးတောများထဲတွင် မျှစ်ရှာချိုးရ၏။ အောက်တိုဘာတုန်းက မျှစ်ရသေးသော်လည်း ယခု ဒီဇင်ဘာတွင်ကား မျှစ်တုံးနေပြီ။ တောကောင်းကောင်း ကမ်းခြေတွင်မရှိ၍ တောလည်းလည်၍ မရပါ။ လားဟူ သကဆဖများနှင့်ပေါင်းပြီး လွယ်လန်းတောင်ကြီး၏ မြောက်ဘက်ခြမ်းများရှိ ကျောက်ဆောင် ကျောက်ခက်များကြားတွင် တောင်ဆိတ်များ လိုက်ရှာကြသည်။ ကျွန်တော်နေခဲ့သည့် လေးလကျော်အတွင်း လွယ်လန်းမြောက်ခြမ်းက တောင်ဆိတ်ထီးကြီး ၂ ကောင် ပစ်ခတ်ရရှိခဲ့သဖြင့်များစွာအဆင်ပြေသွား၏။ တောင်ဆိတ်သားနှင့် အာမီရမ်မှာ အလွန်လိုက်ဖက်ပါသည် ခင်ဗျာ။ အာမီရမ်ကလေး တစိမ့်စိမ့် သောက်ကာ တောင်ဆိတ်သားလေး မြည်းပြီး ရေဒီယိုမှ ကိုယ်ကြိုက်တဲ့ သီချင်းလေး နားထောင်နေရတာ ရှေ့တန်းရောက် ကျွန်တော့်အတွက် ပျင်းစရာကောင်းသော တစ်နေ့တာအတွက် အပျင်းပြေစရာအဖြစ်သာမက နောင်အခါတွင် မမေ့စရာ လွမ်းစရာလေးများ ဖြစ်ခဲ့ပါသည်။ ဒါမျိုးလည်း နောက်ဘယ်တော့မှ ပြန်မကြုံတော့ဘူးလေ။

ဤသို့ဖြင့် ဘာတူးခြားဖြစ်စဉ်မှမရှိဘဲ လွယ်မော်ချေမှုန်းရေးတုန်းက မောခဲ့သမျှ အတိုးချနားပြီး နှစ်လအကြာတွင် ကျွန်တော်၏ ကမ်းခြေပိတ်ဆို့ရေး တပ်ခွဲရုံးသို့ မိုင်းကောင် စစ်ကြောင်းရုံးက ညွှန်ကြားချက်တစ်စောင် ရောက်လာ၏။ ညွှန်ကြားချက်နှင့်အတူ ၁၅၆ ဆက်သွယ်ရေးစက်ကလေးတစ်လုံး ပါလာ၏။ အထူးဆက်သားအဖွဲ့ဖြင့် မိုင်းကောင်မှ လာပို့ခြင်းဖြစ်၏။ ညွှန်ကြားချက်မှာ





...ောက်ပါအတိုင်း ဖြစ်လေသည်။

"အထက်ဌာနများ၏ ညွှန်ကြားချက်အရ သံလွင်မြစ်...ို ဖြတ်ကူးပြီး အရှေ့ဘက်ကမ်းသို့ ထိုးဖောက်တိုက်ခိုက်ရန်ရှိ...ိတ်ဆို့ရေးတပ်ခွဲမှ လားဟူသကဆဖများနှင့် ပူးပေါင်းပြီး ...တ်ရွေးစင် လူ ၅၀ ထက်မနည်း စုဖွဲ့ထားရန်နှင့် ရေပြင်...တ်ကူးခြင်းများ ကြိုတင်လေ့ကျင့်ထားရန် အစီအမံများကို ...ပ်ခွဲမှူးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သွားပါရန်"

အလို ... သံလွင်မြစ်ကြီးကို ဖြတ်ကူးရမယ်ဆိုပါကလား။ ...ယ်တော့များမှာပါလိမ့်။

မိုင်းကောင်စစ်ကြောင်းရုံးမှ ညွှန်ကြားချက်နှင့်အတူ ...စ်ကြောင်းမှူး၏ ပေးစာတစ်စောင်ပါလာ၏။ စစ်ကြောင်းမှူးမှာ OTS 29 မှ ဗိုလ်မှူးသာဝင်းဖြစ်၏။ သူသည် အပြောအဆို ညက်...ညာညင်သာပြီး အပေါင်းအသင်းဝင်ဆံ့သူဖြစ်၏။ ယခုအခါ Major ဖြစ်နေပါပြီ။ မိုင်းကောင်တွင် သူ အဆင်ပြေပါသည်။ အဆင်ပြေလွန်း...အားကြီး၍ မိုင်းကောင်မှလွဲပြီး သူ ဘယ်မှမသွားရပါ။ ကျွန်တော့်...ကမ်းခြေပိတ်ဆို့ရေးအဖွဲ့များဆီသို့လည်း သူ တစ်ခါမှ ရောက်မလာခဲ့ပါ။ အခု သူက စာရေးလိုက်တယ်ဆိုပဲ။ ဘာပါလိမ့်။

ကိုသက်ဦး

ကိုယ် စာရေးလိုက်တယ်။

ကိုယ့်ညီတပ်ခွဲက ကိုယ့်ညီနဲ့ တပ်စုနှစ်စုလောက် သံလွင်မြစ်ကို ဖြတ်ကူးပြီး သံလွင် အရှေ့ဘက်ကမ်းကို ထိုးဖောက်လုပ်ရမယ်။ လုပ်ဖို့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီဆရာကြီး ဗိုလ်မှူးကြီးမြင့်အောင် ကိုယ်တိုင် နိုင်းတာပါ။ ကိုယ့်ညီကို တာဝန်ပေးပါလို့ ပြောပါတယ်။ လွန်ခဲ့တဲ့ လေးငါးရက် မိုင်းကောင်ကို လာသွားတယ်။ အချိန်တော့ နှစ်ပတ်ပဲ ရမယ်။ ရန်သူ နေရာ Pin Point ရွေးပေးပါ။ စီမံချက်လည်း ရေးတင် ပေးပါ။

ဒီဖင်ဘာနောက်ဆုံးပတ်ထဲ ဒီစစ်ဆင်ရေး လုပ် ရမယ်။ လက်နက်ကြီး ပစ်ကူပေးဖို့ ကိုယ်လည်း လာခဲ့မှာပါ။ အခအနတွေ ပုံမှန်သတင်းပို့နိုင်ဖို့ ၁၅ဖ စက်တစ်လုံး ထည့်ပေးလိုက်ပါတယ်။

လိုတာမှာပါ

သင့်ရဲဘော်

သာဝင်း

စစ်ကြောင်းမှူး

ရတခလရ(၆၇) စက ၂၊ မိုင်းကောင်

အင်း ... သံလွင်မြစ်ကြီးကူးပြီး ထိုးဖောက်လုပ်ရမတဲ့။ ကဲ ... လုပ်လိုက်စမ်း။

ထိုးဖောက်စီမံချက်အတွက်ပြင်ဆင်ရပြီ

မိုင်းကောင်မှ ညွှန်ကြားချက်ရပြီးသည်နှင့် တပ်ခွဲမှ ထိပ်ပိုင်း ခေါင်းဆောင်များကို နားဟန်စခန်း လှမ်းခေါ်ရသည်။ သကဆဖ ခေါင်းဆောင် ၂ ဦး ဖြစ်သော ယောသနှင့် လောတတို့ကိုလည်း





ခေါ်ရမည်။

"ကဲ ... ကိုယ့်လူတို့ သံလွင်အရှေ့ဘက်ကမ်းကို ထိုးဖောက်လုပ်ရမယ်တဲ့။ နှစ်ပတ်အတွင်း စီမံချက် အပြီးတင်ရမယ်။ ခွဲရုံး ၂ စုနဲ့ လက်ရွေးစင် သကဆဖ တပ်ဖွဲ့ပါ ခေါ်သွားမယ်"

"အဲဒီတော့ ခွဲရုံး ၂ စုဆိုတော့ တပ်ခွဲမှူးဖြစ်တဲ့ ကိုယ် ကိုယ်တိုင်ပါမယ်။ ဗိုလ်ရဲမြင့်က တပ်စုတစ်စုနဲ့ လိုက်ခဲ့။ တပ်ကြပ်ကြီး စံရှင်းကလည်း တပ်စုတစ်စုနဲ့ လိုက်ခဲ့။ ခွဲရုံးကို ဆရာကြီးမောင် ကြည်က ကွပ်ကဲပေးပါ"

ကျွန်တော့်တပ်ခွဲတွင် အရာခံဗိုလ်မရှိပါ။ တပ်ခွဲတပ်ကြပ် ကြီး မောင်ကြည်အား ခွဲရုံးတွင် အရာခံဗိုလ်တာဝန် ပေးထားရ ပါသည်။ မောင်ကြည်သည် စစ်မြေပြင်တွင် လုပ်ရဲကိုင်ရဲရှိပြီး မိုင်း ဘာသာရပ်တွင် အထူးကျွမ်းကျင်၏။ တောလည်လည်း ဝါသနာ ပါ၏။ ငါးမိုင်းလည်း ကောင်းကောင်းခွဲတတ်၏။ အစားအစာရှားပါး သော သံလွင်ကမ်းခြေတွင် ကျွန်တော့်ကို သားငါးမပြတ်အောင် ရှာကျွေးနေသူဖြစ်၏။

ဗိုလ်ရဲမြင့်မှာ မနေ့တစ်နေ့ကမှ ကျောင်းဆင်းလာသည့် ဒုဗိုလ်ကလေးဖြစ်၏။ ကျွန်တော့်တပ်ခွဲတွင် အရာရှိဗိုလ်ကျော်ဌေး သင်တန်းသွားတက်၍ သူ့အစား တပ်ရင်းက လစာပေးအဖွဲ့အကြို ဖြင့် လွှတ်ပေးထားသည့် လူသစ်ကလေး ဖြစ်သည်။ ဘာအတွေ့ အကြုံမှ မရှိသေးပါ။ သို့ဖြစ်၍ ခွဲရုံးနှင့် မနီးမဝေး စခန်းတစ်ခုတွင် တာဝန်ပေးထားရပါသည်။

တပ်ကြပ်ကြီးစံရှင်းက လွယ်မော်ချေမှုန်းရေးတုန်းက ကျွန်တော်နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သူဖြစ်ရာ စစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ခွမ်းရည်ရှိသည့် လူဟောင်းဖြစ်၏။ ထို့ကြောင့် သူ့အား အဝေးဆုံး မိုင်းကောင် မိုင်းရှူးနယ်စပ်ရှိ စခန်းများကို တာဝန်ပေးထားပါသည်။

လားဟူ သကဆဖခေါင်းဆောင် ၂ ဦးအနက် ယောသမှာ ခရစ်ယာန်တရားဟောဆရာဘဝမှ ဗကပရန်ကြောက်၍ သေနတ်ကိုင်လာသူ ဖြစ်သည်။ စကားပြောလည်ဝယ်၍ ပေါင်းတတ်သင်းတတ်သည်။ အဆင်ပြေသလို နေတတ် ထိုင်တတ်သည်။ အသက်က ၃၅ နှစ်ခန့်။

လောတမှာမူ ကျွန်တော်နှင့် သက်တူရွယ်တူ အသက် ၃၀ သာသာ။ သူက စကားသိပ်မပြော။ မှုန်တေတေနှင့် မပွင့်တပွင့်ရုပ်။ သို့ရာတွင် သူသည် လုပ်ရဲကိုင်ရဲ တိုက်ရဲခိုက်ရဲသည်။ နားဟာန် ရှမ်းရွာကလေးတွင် မိန်းမငယ်တစ်ယောက် ယူထားသည်။ သူ့တွင် လားဟူအမျိုးသမီးတစ်ဦး အရင်က ရှိနှင့်ပြီးသား။

“သတင်းရအောင် ရှမ်းမ ယူလိုက်တာပါ”

ဟု ကျွန်တော့်ကို သူ ပြောဖူးသည်။ ကျွန်တော် သံလွင်ကမ်းခြေရောက်တော့ သူ နောက်မိန်းမ ယူပြီးခါစ။ ညည စခန်းမှာ မနေဘဲ နားဟာန်က မယားငယ်အိမ်ကို သွားသွားအိပ်တတ်သည်။

အရက်ကတော့ သကဆဖခေါင်းဆောင် ၂ ဦးလုံး သောက်သည်။ တရားဟောဆရာဟောင်း ယောသကလည်း သောက်သည်။ လောတကမူ ပိုသောက်သည်။ လစာပေးအဖွဲ့ ရှေ့တန်းတက်လာပြီး တပ်ရင်းက **Army Rum** ပုလင်းများပါလာရင် ကျွန်တော်က သူတို့နှစ်ယောက်ကို ရမ်တိုက်ပြီး ညစာကျွေးလေ့ရှိသည်။ စားရင်း သောက်ရင်း နယ်မြေအခြေအနေ ရန်သူ့သတင်း စသည်တို့ကို ပြောရဆိုရ၏။ သူတို့ သကဆဖ ၂ ဖွဲ့ပေါင်းတွင် လူ ၅၀ ကျော်တော့





ပါ၏။ တောင်ခြမ်းက ယောသ။ မြောက်ခြမ်းက လောတ။

ထိုနေ့က အစည်းအဝေးတွင် ကျွန်တော်က ယောသနှင့် လောတတို့အား တိုက်ရမည့် **Pin Point** ရွေးပေးရန် **Target** ရွေးပေးရန် ပြောရသည်။ ကျွန်တော်က ရမခတွင် သံလွင် အရှေ့ခြမ်း ရောက်ဖူးသေးတာ မဟုတ်ပါ။

“အရှေ့ဘက်ကမ်း သတင်းကိုတော့ လောတက ပိုသိပါတယ်။ သူက အရှေ့ဘက်ကမ်းမှာ အမျိုးရှိတယ်”

ယောသက ဆိုသည်။ နောက်သလိုလို ပြောင်သလိုလိုနှင့် တည်ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ မှုန်တေတေလောတက အောက်ပါအတိုင်း ပြောသည်။

“နားဟာန်နဲ့ တစ်ဖက်ကမ်းမှာ နမ့်ပလောက်ရွာရှိတယ်။ အိမ်သုံးဆယ်လောက်ရှိတယ်။ ဗကပဌာနေ ပြည်သူ့စစ် ဆယ့်လေးငါးယောက် အမြဲရှိတယ်။ သိပ်ပြီး ခက်ခက်ခဲခဲ ဝေးဝေးလံလံ လိုက်စရာ သွားမရှာပါနဲ့။ အဲဒီရွာသွားရှင်းရင် ရပါတယ်”

“ခင်ဗျားလိုက်မလား”

“လိုက်ခဲ့မယ်လေ။ ကျွန်တော့်လူ လက်ရွေးစင် ၁၀ ယောက် ခေါ်ခဲ့မယ်”

“ကဲ ... အဲဒါဆို နမ့်ပလောက်တိုက်ဖို့ စီမံချက်တင်မယ်”

“ရေပြင်ဖြတ်ကူးခြင်းအတွက် ဆရာကြီး မောင်ကြည်နဲ့ ဆရာစောရွှေမောင်တို့က လူ ၁၅ ယောက် ၂၀ တင်နိုင်မယ့် လှေ...ောင်သုံးခုလုပ်မယ်။ ဝါးဖောင်က နှစ်ထပ် ဝါးဘိုးနဲ့လုပ်ပါ။ ...ျား ၁၅ ပေ၊ အနံ ပေ ၂၀ လောက်ဆို ရပြီ။ ပြီးရင် ...ောင်တွေကို နားဟာန်ယောင်ပြ စခန်းကြီးနားက အင်းကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားပို့ထား။ အစမ်းလေ့ကျင့်ကြမယ်''

''ဆရာကြီးစံရှင်းက အရှေ့ဘက်ကမ်းကို အထောက်တော် လွှတ်ပြီး သတင်းစုံစမ်းခိုင်းကွာ။ ရတဲ့သတင်းကို တစ်ပတ်အတွင်း ကိုယ့်ဆီပို့ပေး။ အထောက်တော်အတွက် ဆန်တစ်အိတ်နဲ့ ငွေ တစ်ထောင် တစ်ခါတည်း ထုတ်သွား။ မလွှတ်ခင်က ကြိုပေးလိုက်။ ပြီးတော့ မြန်မြန်လွှတ်။ ရတဲ့သတင်းလည်း မြန်မြန်ပြန်ပေး''

''ထိုးဖောက်မလုပ်မီ တစ်ရက်ကြိုပြီး ဒီမှာ လာစုကြ။ မီးပျောက်ရိုက္ခာ ခွဲရုံးက လုပ်ပေးထားမယ်''

''ခရီးမထွက်မီ ကြိုပြီး **Bricfing** လုပ်မယ်''

''ဘာမေးစရာရှိကြသေးလဲ''

''မရှိတော့ပါဘူး''

''မရှိရင် ဒါလောက်ပါပဲ။ တန်းဖြုတ်ကြတာပေါ့''

ကျွန်တော်သည် မှာသင့်မှာထိုက်သည်များကိုမှာပြီး အားလုံး ကို တန်းဖြုတ်ပေးလိုက်၏။

**ထိုစဉ်က အရှေ့မြောက်ဒေသအခြေအနေ**

ထိုစဉ်က အရှေ့မြောက်ဒေသ အခြေအနေမှာ ဗကပတို့ စစ်ရှိန်တက်နေသည့်ကာလပင် ဖြစ်ပါ၏။

၁၉၇၅ ခုနှစ်တွင် ဇင်ချစ် ကျဆုံးပြီးနောက် ဘသိန်းတင် ဗကပဥက္ကဋ္ဌဖြစ်လာသည်။ ဘသိန်းတင်အား တရုတ်ကွန်မြူနစ် ပါတီကြီးက လိုအပ်တာတွေ ပံ့ပိုးပေး၏။ လူ၊ လက်နက်၊ ခဲယမ်း ဆေးဝါး၊ ငွေ။ လိုတာအစုံပါပေ။ ဘသိန်းတင်က နောင်တော် ပေါက်ဖော်ကြီးများအလိုကျ အရှေ့မြောက်တွင် တိုက်ကွက်များ





တစ်ခုပြီးတစ်ခုဖော်သည်။

ဗဟိုကော်မတီအသစ် ဖွဲ့စည်းပြီးနောက် ၁၉၇၅ ခုနှစ် နှင်လတွင် တပ်မဟာ (၁၂) သည် သံလွင် အနောက်ဘက်ကမ်း ခန်ကျောင်းနားခါနယ်မြေသို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။

နိုဝင်ဘာလဆန်းပိုင်းတွင် ၄၀၄၅ တပ်ရင်းသည် **S.S.A** တပ်များနှင့် ပူးပေါင်းလှုပ်ရှားရန် သံလွင် အနောက်ဘက်သို့ ဖြတ် ကူး၍ မိုင်းခေး၊ မိုင်းတုံ၊ မိုင်းလားနှင့် မိုင်းရှူး၊ ကျေးသီး၊ မန်စန် တစ်ဝိုက် လှည့်လည်ခြေကုပ်ယူခဲ့သည်။

တစ်ပြိုင်နက်မှာပင် တပ်မဟာ (ဂ) လက်အောက်ခံ ၅၀၃၊ ၃၀၃၅၊ ၄၀၄၈ တပ်ရင်းများသည် ကော် ၈၁၅ စစ်ဒေသမှ ရင်း ၁၂၊ ၁၄၊ ၁၈ တို့နှင့် ပူးပေါင်းကာ အင်အား ၁၂၀၀ ခန့်ဖြင့် ကျိုင်းတုံနယ်မြေသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၂၅ ရက်တွင် မိမိ ကချင် (၅) မှ တပ်စိတ် ၅ စိတ် အခြေပြုထားသော မိုင်းပါလျှိုးစခန်းကို လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျိုင်းလတ်စခန်းကိုလည်းကောင်း သိမ်း ပိုက်ခဲ့ကြ၏။ ၎င်းစခန်းများကို မိမိ ခမရ (၁၀၈) စစ်ကြောင်းများမှ ပြန်လည်တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် စခန်းများ ပြန်သိမ်းမိပြီး ဗကပများအား နမ့်မလွှေချောင်းမြောက်ဘက်သို့ မောင်းထုတ်နိုင်ခဲ့လေသည်။

၁၉၇၇ ခုနှစ် မေလတွင် ဗကပတပ်မဟာ (၁၂) သည် အင်အား ၈၀၀ ခန့်ဖြင့် တန့်ယန်းမြို့နယ် မြောက်ခြမ်းရှိ နောင်လိုင်ပါဖန်စခန်းများကို ဝင်ရောက်တိုက်ခိုက်ရာ တပ်မတော်က ဒေသခံတပ်များကို ကူညီရန် တပ်မ (၇၇) မှ ခမရ (၁၀၉) ကို



www.burmeseclassic.com

www.burmeseclassic.com



ဝေလွှတ်ကာ တိုက်ထုတ်ခဲ့ရသည်။

၁၉၇၇ ခုနှစ်တွင် ရဲဘော်ထွန်းလွင်နှင့် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ဦးစီးအင်အား ၄၀၀၀ ခန့်သည် မိမိ ခြူးရွှေပန်ကောက် စခန်းများအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တပ်မ ၂ ခုဖြင့် ၎င်း စခန်းများကို ပြန်တိုက်ယူခဲ့ရ၏။ တစ်လကျော်ကြာသွားသည်။

၁၉၇၈ ခုနှစ် မတ်လတွင် နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တို့အား ဗကပတပ်မဟာ (၈) နှင့် (၁၂) ပူးပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် ဝင်တိုက်ပြန်သည်။ ထိုတိုက်ပွဲကြီး၌ မိမိတို့တပ်စခန်း သုံးခု ကျဆုံးခဲ့ရာ ရမခ တပ်များသာမက တပ်မ (၆၆) နှင့် (၇၇) မှ နည်းဗျူဟာ ၂ ခု လာရောက်ပိုင်းတိုက်ပေးမှ တိုက်ပွဲများ ပြီးဆုံးတော့၏။ တစ်လနီးပါးကြာသွား၏။

ဤသို့ဖြင့် ဗကပများသည် စစ်ရှိန်အလွန်တက်နေရာ ကျွန်တော်တို့ ဒေသခံ ရမခတပ်များမှာ ထိပ်ပြခေါင်းကွဲနှင့် မကြာ ခဏ စစ်ကူတောင်းနေရသည့်ကာလ ဖြစ်၏။ ဗကပများကိုလည်း သံလွင်အရှေ့ခြမ်းသို့ မောင်းထုတ်ပြီး သံလွင်မြစ်ကြီးကို သဘာဝ အတားအဆီးသဖွယ်ထား၍ တပ်တွေ တန်းစီပိတ်ထားရ၏။ ဒေသ ခံတပ်များနှင့် မလုံလောက်သဖြင့် တပ်မတပ်များကိုပါ တာဝန် ပေးရပါသည်။

တပ်မ (၉၉) ကို ကွမ်လုံမြောက်ဘက်ခြမ်းမှ မုန်းယော် မုန်းကျက် ဒေသအထိ၊

တပ်မ (၇၇) ကို မုန်းယော်မုန်းကျက်မှ မိုင်းရျူးဒေသအထိ

တပ်မ (၆၆) ကို တာကော်ကွန်ဟိန်းမှ တောင်ဘက် တာ ဆန်းအထိ






၁၉၇၈ - ခုနှစ် နမ့်ပလောက်တိုက်ပွဲကာလက စာရေးသူ၏ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်အောင် (ယခုဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင် - ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ် မင်းရန်အောင် စစ်ဆင်ရေးကာလက တပ်မ (၇၇) တပ်မမှူး
ဗိုလ်မှူးကြီးချစ်ဆွေ (ယခု ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ အငြိမ်းစား)




၁၉၇၀ - ခုနှစ် နမ့်ပလောက်တိုက်ပွဲ ကာလက စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သည့်
တန့်ယန်း - မိုင်းရယ် - မိုင်းကောင် ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




မိတ္ထီလာနှင့်မန္တလေးတိုက်ပွဲများတွင် ဖြတ်ချတပ်များပုံပါအတိုင်း ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ကြသည်



ထိုစဉ်က မင်းရန်အောင်စစ်ဆင်ရေးကြီး မစရသေးပါ။ ရန်အောင် စစ်ဆင်ရေးကြီးကို ၁၉၇၉ ခုနှစ် နှစ်ကုန်ပိုင်းမှ ပ်မ သုံးခုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ခြင်း ပါသည်။

အထက်ဌာနများက သံလွင်မြစ်ကြီးကို အနောက်ဘက် မ်းမှ တန်းစီပိတ်ဆို့ထားသော်လည်း လုပ်ရဲကိုင်ရဲရှိအောင် င်စစ်ဆင်ရေးကြီးများ ဆောင်ရွက်လာပါက လုပ်တတ်ကိုင် တ်ရှိအောင် ဒေသခံတပ်ရင်း တပ်ဖွဲ့များကို သံလွင်မြစ်ကူး အောက်များ မကြာခဏ လုပ်စေ၏။ မရွံ့မရဲထိုးဖောက်များမှာ ပိုင်းက သိပ်မအောင်မြင်ပါ။ သေသူ သေ၊ အဖမ်းခံရသူ အဖမ်း နှင့် ထိပ်ပြခါင်းကွဲ ဖြစ်နေ၏။ ဗိုလ်ချုပ်အေးစံ တိုင်းမှူးဘဝ၌ ဖောက်များ အောင်မြင်အောင် ဆောင်ရွက်သူများကို **Promo-** ပေးခိုင်းသည်။ ထိုအခါမှ ထိုးဖောက်များ တစ်စတစ်စ အောင် လာသည်။

"ထိုးဖောက်လို့ ဟိုဘက်ကမ်းက ဘာမှရလာတာ မလို ။ သံလွင်ကို ကူးရဲတယ်ဆိုတာပဲ လိုချင်တယ်"

တိုင်းမှူးက လေးလပတ်အစည်းအဝေးတွင် အထက်ပါ တိုင်း မှတ်ချက်ပြုသည်။ **Promotion** ကြောင့် **Morale Sup-** ဖြစ်ပြီး အခြားတပ်များ၏ ထိုးဖောက်များ အောင်မြင်လာသည်။ ယ်တပ် မပါသေးပါ။ မထိုးဖောက်ရသေးပါ။ ဒီတစ်ခါ မိုင်းရယ် ပ် အလှည့်တဲ့။

"ကဲ ... လုပ်လိုက်စမ်းဟ ဗိုလ်သက်ဦးရေ မင်းတပ်ခွဲနဲ့"

"လွယ်မော်ချေမှုန်းရေးမှာ ပထမရလာတာ မဟုတ်လား"

မြဝတီနာဂစာပေ
www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ရပါသည် ခင်ဗျား။

သံလွင်မြစ်ကြီးကို ဖြတ်ကူးပြီ

ကျွန်တော်သည် ရက်သတ္တ တစ်ပတ်အတွင်း သံလွင် အရှေ့ဘက်ကမ်း ထိုးဖောက် မြစ်ကူးစစ်ဆင်ရေး စီမံချက်ကို စစ်ကြောင်းရုံးသို့ အထူးဆက်သားဖြင့် **By hand** လွှတ်ကာ တင် လိုက်သည်။ စက်ဖြင့်တင်က သတင်းပေါက်ကြားသွားနိုင်၏၊ ရည်မှန်း ချက် **Pin Point** မှာ အရှေ့ဘက်ကမ်းမှ နမ့်ပလောက်ရွာရှိ ဗကပ ဌာနေပြည်သူ့စစ်စခန်းကို ချေမှုန်းရန် ဖြစ်လေသည်။

တန့်ယန်းဗျူဟာက စီမံချက်ကို သဘောတူကြောင်း သုံးရက်အကြာ၌ ပြန်ကြားလာ၏။ ထို့ကြောင့် လိုအပ်သည်များ အဆောတလျင် ပြင်ဆင်ရပါတော့သည်။

စစ်ဆင်ရေးမစမီတစ်ရက်အလို၌ မိုင်းကောင်မှ စစ်ကြောင်း မှူး ဗိုလ်မှူးသာဝင်းသည် ၇၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ် တစ်လက်၊ ၈၁ မီလီမီတာ စိန်ပြောင်းတစ်လက်ဖြင့် နားဟန်သို့ ရောက်လာ၏။

"ဘယ်လိုလဲ ကိုသက်ဦးကလေး"

"အားလုံးအဆင်သင့်ပါ စစ်ကြောင်းမှူး။ နက်ဖြန် အလုပ် စလို့ရပါတယ်။ ရေပြင်ဖြတ်ကူးတာလည်း အကြိမ်ကြိမ် ကျင့်ထား ပြီးပါပြီ။ အားလုံး ဘာပြဿနာမှ မရှိပါဘူး"

"ရိက္ခာတစ်ရက်စာက ကောက်ညှင်းထုပ်နဲ့ ဝက်သား ကြော် လုပ်ထားပါတယ်။ တပ်ခွဲတစ်ခွဲစာပါ။ သတင်းကလည်း





ကောင်းပါတယ်။ ဟိုဘက်ကမ်းမှာ မန်မန်ဆိုင် ခရိုင်တပ်က အမာခံ ထိုက်ခိုက်ရေးတပ်ဖွဲ့မရှိပါဘူး။ ဗဟိုကခေါ်လို့ ပန်ယန်းပန်ဆန်း ဆက်သွားကြတယ်ပြောပါတယ်။ ဗဟိုမှာ ဥက္ကဋ္ဌအသစ် ဘသိန်း တင်က ဗဟိုကော်မတီအသစ် အစည်းအဝေးကျင်းပဖို့ ပြင်ဆင်နေ ကြောင်းလည်း သတင်းရထားပါတယ်"

"တယ်ဟုတ်ပါလား ကိုယ့်ညီရာ။ အဲဒီသတင်း ကိုယ် ဆောင် မရသေးဘူး။ ဒီကပြန်ရင် တန့်ယန်းဗျူဟာ တင်လိုက်မယ်"

ထိုနေ့ညက စစ်ကြောင်းမှူးနှင့် ကျွန်တော်သည် နားဟန် ချောင် အတူ ညအိပ်အခြေပြုခဲ့ကြ၏။

ထိုနေ့ကား ဒီဇင်ဘာ ၂၄ ရက်နေ့ပင်တည်း။ နက်ဖြန် ဒီဇင်ဘာ ၂၅ ရက်ကား စစ်ဆင်ရေးဆောင်ရွက်မည့်နေ့ ဖြစ်၏။

၂၅ ရက်နေ့ မနက် ၅ နာရီ၌ ကျွန်တော်တို့၏ လူလေးဆယ့် ငါးဦးပါဝင်သည့် လက်ရွေးစင် တပ်ဖွဲ့သည် လူဆယ့်ငါးဦးခန့် တင်နိုင်သည့် ဝါးဖောင်ကြီး ၃ ခု၊ ပေါ့ပေါ့ပါးပါး စစ်ဝတ်စုံများ၊ ပျောက်ရိက္ခာများ၊ မောင်းပြန် သေနတ်များ၊ နင်းမိုင်းများ၊ လက်ပစ်ဗုံးများ၊ ၆၀ မီလီမီတာစိန်ပြောင်း ၁ လက်တို့ဖြင့် သံလွင်အရှေ့ခြမ်းကို ကူးပါသည်။ မနက် ၀၄း၀၀ နာရီမှ စကူးရာ နောက် ၇ နာရီတွင် အားလုံးကူးပြီးသည်။

မြစ်ကူးကြပုံလေးကို ပြောပါဦးမည်။

ပထမဆုံးဖောင်တွင် တပ်ကြပ်ကြီးစံရှင်း၊ တပ်ကြပ် စောရွှေမောင်တို့ ခေါင်းဆောင်ပြီး လူ ၁၅ ဦး လိုက်ပါကာ ကူးသွားကြသည်။ တပ်ကြပ်စောရွှေမောင်က မြစ်ဝကျွန်းပေါ်သား ချောင်ကလေး အလွန်သတ္တိရှိသည်။ ရေလည်း အထူးကျွမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖောင်၌ ထိုးဝါးကြီး ၂ ချောင်းနှင့် လှော်တက် ၄ ချောင်း ပါသွားသည်။ အားလုံးကလည်း ရေကူးတတ်သူတွေ။

နတ်တော် လပြည့်ကျော် ၁၀ ရက် နံနက်ခင်း လတစ်စ ကျေးလေးက ကောင်းကင်မှာ ကျန်နေသေးသည်။ သံလွင်မြစ်ရေက ခပ်ဖြည်းဖြည်း သာသာစီးနေ၏။ မြစ်ရေစီးကို စောစောကတည်းက တိုင်းထားပြီးပြီ။ ၁ နာရီမှာ လေးငါးဆယ်မိုင်ထက် မပိုပါ။ ထို့ကြောင့် ဖောင်ကို သက်သာလွယ်ကူစွာ လှော်ခတ်သွားနိုင်ကြ၏။ ဟိုဘက်ကမ်း ဒီဘက်ကမ်းက ကိုက် ၅၀၀ ကျော်ကျော် ဝေးသည်။ တစ်ထောင်နီးပါးရှိမည်လား မပြောတတ်။ မိနစ် ၂၀ ခန့်နှင့်ပင် ပထမဖောင် အရှေ့ဘက်ကမ်း ရောက်သွား၏။ စောရွှေမောင်က ကမ်းပေါ်ပြေးတက်သွားသည်။ သူ့တပ်စိပ်က တက်လိုက်သွား၏။ သူတို့ Bridge head ပေါင်းကူးခြေကုပ် တည်ဆောက်ပြီးသောအခါ ဆရာကြီးစံရှင်က အလံဖြူ ယမ်းပြသည်။ မီးတစ်ချက်ထိုးလိုက်၏။ ရပြီး All Clear.

ဒုတိယဖောင်တွင် ကျွန်တော့်ခွဲရုံးနှင့် BE, Signal, ဆေးအဖွဲ့တို့ လိုက်ပါကြသည်။ သကဆဖ လောတနှင့် သူ့လူ ၁၀ ယောက်လည်း ပါလာသည်။ နည်းနည်းလေး၍ ဖောင်က မြန်ချင်ချင်ဖြစ်၏။

''ဆရာကြီး မောင်ကြည်ရေ အရေးကြီးတာတွေ ရေစိုမယ် ဂရုစိုက်''

ဟိုဘက်ကမ်းကို ချောချောမောမော ရောက်ပါသည်။ ရေစိုပါမယ်ဆိုမှ Signal စက် ရေစိုသွားသည်။ စစ်ကြောင်း လှမ်းသတင်းပို့တော့ စက်က ဆက်သွယ်၍ မရတော့။





''တောက် ... အရေးထဲကွာ။ စက်မကောင်းရင် ဆက်သွယ်ရေးအဖွဲ့ မလိုက်နဲ့တော့။ ဆရာကြီးမောင်ကြည်နဲ့ ဒီမှာ နောက်ချန်နေခဲ့။ နေပူလှမ်းပြီး စက်ပြန်ကောင်းအောင်လုပ်'' ဟု မှာခဲ့ရသည်။

၁၅၆ စက်တွေက ရေစိုရင် ဆက်သွယ်မရတော့။ နေနည်းနည်းပြလိုက်ရင် ပြန်ကောင်းသွားသည်။ ဗိုလ်ရဲမြင့်နှင့် နောက်ဖောင်တစ်စီးလည်း ရောက်လာ၏။ တစ်ဖွဲ့လုံး လူစုံသည့်အခါ အလံယမ်းအချက်ပြ၍ နမ့်ပလောက်သို့ ဆက်ထွက်ခဲ့၏။ အားလုံးတောင်အတက် တောလမ်းဖြစ်သည်။ ဂရုတစိုက် ထွက်ခဲ့သည်။ လမ်းတွင် ဘာမှ အခုအခံမတွေ့ရပါ။ ကံကောင်းထောက်မသည်ပဲ၊ အားလုံးက ပေါ့ပေါ့ပါးပါးနှင့် ပထမတန်းကျည်များသာ ပါလာ၏။

သုံးမိုင်သာသာကို တဖြည်းဖြည်း ရှင်းချီတက်ခဲ့ရာ သုံးနာရီခန့် သွားလိုက်ရသည်။

ရှေ့တွင် ဘွားခနဲ သက်ကယ်တဲကြီးတစ်လုံး တွေ့ရ၏။ တဲက ခြေတံရှည်အမြင့်။

''တပ်ခွဲမှူး အဲဒါ ဗကပ ပြည်သူ့စစ်တဲပဲ''

''ဟ ... ဘာမှမတွေ့ရပါလား''

ရှေ့ဆက်တိုးရာ ပွိုင့်က စပစ်တော့၏။

''ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း'' ရန်သူ့ကင်းနှင့် တွေ့၍ဖြစ်၏။

''ရန်သူ ပြည်သူ့စစ်တွေ ပြေးကုန်ကြပြီ။ ပစ် ပစ် ပစ်''

''ဝုန်း ... ဝုန်း ... ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



၂ လက်မစိန်ပြောင်း ဗုံးသီးသံများဖြစ်၏။ ရှမ်းရွာလေးမှာ လူမရှိပါ။ တောင်ယာသွားနေကြသည် ထင်ပါ၏။ ဗကပပြည်သူ့စစ်ကင်းတဲကို အလွယ်တကူ သိမ်းနိုင်ခဲ့ပါသည်။ ၁၄ ငါးယောက်သော ဗကပများက ကင်းသမားမှလွဲ၍ ခံမပစ်ကြပါ။ အားလုံးထွက်ပြေးသွားကြ၏။

"ကဲ ... ရွာရှင်းပြီး ပြန်ကြစို့။ သိပ်စိမ်နေလို့မဖြစ်ဘူး"

စခန်းသိမ်းမိသောအခါ ရန်သူ ၁ လောင်း၊ အမ် ၂၁ တစ်လက်နှင့် ဗကပအဝတ်အစားများ၊ သုံးမျိုးသုံးကျည် ၅၀၀ ခန့်၊ ဗကပ လက်ပစ်ဗုံး ၅ လုံး၊ အစိတ် ၆၀ မိုင်း ၃ လုံးနှင့် ကျောပိုးအိတ်များ သိမ်းဆည်းရမိပါသည်။

ကျွန်တော်တို့ ထိုးဖောက်အဖွဲ့မှာ ရန်သူ၏ ပြင်းထန်စွာခုခံမှုကို မတွေ့ရသဖြင့် ဝမ်းသာကြသည်။ အမြန်ပြန်လာကြရာ ကမ်းခြေပြန်ရောက်တော့ အနောက်ဘက်ကမ်းမှ စစ်ကြောင်းမှူးအဖွဲ့ကလည်း "လက်နက်ကြီးပစ်ကူ ပေးရမလား" ဟု မေး၏။ ဆက်သွယ်ရေးစက်က ရေခြောက်သွား၍ ဆက်သွယ်၍ ရသွားပါပြီ။

"ပစ်ကူတော့ ပေးစရာမလိုပါ။ သို့ရာတွင် ရန်သူတွေချောက်ချားသွားအောင် ၈၁ မမ သုံးလေးလုံးလောက်တော့ ပစ်ပေးပါ" ဟု ပြန်လည်တင်ပြလိုက်ရာ စစ်ကြောင်းမှူးမှ ပစ်ပေးပါသည်။ ၈၁ မီလီမီတာ ကျည်များ "ဂျိမ်းခနဲ၊ ဂျိမ်းခနဲ" ကျရောက်ပေါက်ကွဲတိုင်း ကျွန်တော်တို့ ထိုးဖောက်အဖွဲ့က ဝမ်းသာအားရဖြင့် "ဝေး ဟေး ဟေး၊ ဝေး ဟေး ဟေး" ဟု အော်ကြ၏။

ဤသည်မှာ ကျွန်တော်တို့အမှားပင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ ယခု ထိုးဖောက်မှုသည် မြစ်ကူးစစ်ဆင်ရေးသာမက တောင်





ပေါ်နှင့် တောတွင်းစစ်ဆင်ရေးလည်း ဖြစ်၏။ တောတွင်းစစ်ဆင်ရေးတွင် တော၊ ဆိတ်၊ ဖုံး၊ လှည့်၊ မျက်၊ လက်၊ ကိုယ် ဟူ၍ စာဆိုရှိသည်။

တော - တောကျွမ်းကျင်မှု

ဆိတ် - ဆိတ်ငြိမ်မှု

ဖုံး - ဖုံးကွယ်မှု

လှည့် - လှည့်စားမှု

မျက် - မျက်စိရှင်မှု

လက် - လက်ဖြောင့်မှု

ကိုယ် - ကိုယ်ခန္ဓာကြံ့ခိုင်မှု ဟူ၍ ဖြစ်ပါသည်။

ဤသည်ကို ကောင်းစွာ မလိုက်နာဘဲ အော်ဟစ်ဆူညံနေကြရာ ကျွန်တော်တို့၏ တပ်တည်အား ရန်သူ မှ သိသွားပါတော့သည်။ ညနေ ၃ နာရီတွင် ကျွန်တော်တို့ သံလွင်မြစ်အား ပြန်လည်ဖြတ်ကူးကြ၏။ ကင်းချနေရာယူပြီး ဖြတ်ကူးကြခြင်းဖြစ်သည်။ ပထမဖောင် သံလွင်မြစ်ကိုဖြတ်နေစဉ် 'ဖောင်း–ဖောင်း၊ ဖရော–ဖရော' ဟု M-22 သေနတ်သံများ ကြားရပါသည်။

"ဟ ... ဆရာကြီးစံရှင်း၊ ဆရာကြီးမောင်ကြည်နဲ့ ဆရာစောရွှေမောင်တို့ ဘာဖြစ်တာလဲ"

ကျွန်တော်မှ တပ်ခွဲက ဆရာများကို မေးမိ၏။

"ဟော့ ... သိန်းဟန်။ ဘယ်နားက အသံထွက်လာတာလဲ"

အတူပါလာသည့် ကျွန်တော်၏ အကူရဲဘော်သိန်းဟန်ကိုလည်း မေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ ... ဗိုလ်ရဲမြင့် မင်းရော ဘယ်ဘက်က အသံကြားလဲ''

ကျွန်တော်၏ တပ်ခွဲရှိ ကျောင်းဆင်းခါစ တပ်စုမှူး ဒုဗိုလ်ရဲမြင့်ကိုလည်း ယခုထိုးဖောက်စစ်ဆင်ရေးတွင် အတွေ့အကြုံရအောင် ကျွန်တော် ခေါ်လာခြင်းဖြစ်သည်။ သူ့ကိုလည်း မေးမိပြန်သည်။

''တပ်ခွဲမှူးရဲ့နောက်ကျောဘက်ကပဲ''

''မင်းအဘ ဘယ်က နောက်ကျောရမှာလဲ။ မင်းတပ်စု ကင်းချထားတဲ့ဘက်က အသံမဟုတ်လား။ ကြားတဲ့နေရာ မင်းကိုယ်တိုင်လိုက်သွားကြည့်ချေ''

တပ်သားသိန်းဟန်နှင့် ဒုဗိုလ်ရဲမြင့်တို့ အသံကြားရာသို့ သွားကြည့်ကြသည်။ အသံကြားသည့်နေရာမှာ သိပ်မဝေးပါ။ ကိုက် ၂၀၀၊ ၃၀၀ သာ ရှိပါလိမ့်မည်။

''တပ်ခွဲမှူး တပ်စု (၂) က ငွေပေါ်တော့ ကျသွားပြီ''

သိန်းဟန်က ကျွန်တော့်ကို အပြေးအလွှား လာရောက်သတင်းပို့၏။ ကျွန်တော် တောက်တစ်ချက် ပြင်းစွာခေါက်လိုက်၏။ လောတနဲ့အတူ အသံကြားရာသို့ လိုက်ကြည့်ရာ တပ်သား ငွေပေါ်သည် G-4 အားပိုက်၍ ကျောက်ဆောင်ကိုမှီပြီး ရင်ဘတ်မှ ကျည်ဆန်ရာ ဗရပွနှင့် သွေးများထွက်၍ အသက်ပျောက်နေ၏။ ရန်သူက ၎င်းအား M-22 ကျည်ကတ်တစ်ခုစာ တွေ့၍ ဖြုတ်သွားခြင်းဖြစ်သည်။ ငွေပေါ်မှာ ကင်းသမားဖြစ်ပြီး ပင်ပန်း၍ ကင်းမစောင့်နိုင်တော့ဘဲ အိပ်ပျော်နေခြင်းဖြစ်မည်။

ကျွန်တော်တို့အသံကြား၍ လိုက်လာသောရန်သူ ဗကပက





ကျွန်တော်တို့ကို ပစ်ရန်အလာ ဘွားခနဲ ကင်းသမားကို တွေ့၍ သူ့ကို ရုတ်ခြည်းတော့ဖြုတ်သွားခြင်းဖြစ်၏။ ဤသည်မှာ အသက်၊ သွေး ချွေး တို့ဖြင့် လဲလိုက်ရသော သင်ခန်းစာပင်ဖြစ်ပါ၏။ တောထဲတောင်ထဲတွင် ခြေလုံ၊ လက်လုံမနေဘဲ ဆူညံစွာ အော်ဟစ်နေခြင်း၏။ ရလဒ်ပါပေ။ ကျွန်တော်တို့သည် စိတ်မကောင်းစွာဖြင့် ငွေပေါ်၏အလောင်းကို အနောက်ဘက်ကမ်းသို့ ပြန်လည်သယ်ယူပြီး တပ်ထုံးစံအတိုင်း ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုက်ပါတော့သည်။

အပြန်၌ မကျေနပ်နိုင်သော ကျွန်တော်က –

''ခွေးမသား ဗကပတွေ ဒို့အကြောင်း သိအောင်တော့ ပြန်ပြီးပညာပေးမယ်။ ဆရာကြီးမောင်ကြည် ခင်ဗျား ဘီအီး ၂ လောက်ခေါ်ဗျာ။ LTM နင်းမိုင်း တစ်သေတ္တာကို ပြန်မသယ်နဲ့တော့။ ကျုပ်တို့ ဒီနားတစ်ဝိုက် ဒီမိုင်းတွေ အကုန်လုံးထောင်ခဲ့မယ်''

ဟုပြောဆိုကာ မိုင်းထောင်ရန် စီမံလိုက်ပါတော့သည်။

ကျွန်တော်တို့သည် ဗကပများ၏ ခြေရာခြေကြောင်းကို ကြည့်ပြီး နင်းနိုင်သည့်နေရာများတွင် မိုင်းထောင်၏။ ထိုသို့ တောထဲမိုင်းထောင်ရင်း ဗကပတို့၏ ကင်းတဲငယ်တစ်လုံးတွေ့ရာ အိပ်စင်အောက်တွင် လည်းကောင်း၊ တဲအဝတွင်လည်းကောင်း၊ မီးဖိုဘေးတွင်လည်းကောင်း နင်းမိုင်းများ မလွတ်အောင် ထောင်ထားခဲ့သည်။ မိုင်းထောင်ထားမှန်း မသိအောင်လည်း ပုံဖျက်ဖုံးကွယ်ထားခဲ့၏။ အားလုံးပြီးသည့်အခါ အနောက်ဘက်ကမ်းသို့ ပြန်ကူးခဲ့ပါသည်။ စစ်ကြောင်းမှူးနှင့် တွေ့၏။ စစ်ကြောင်းမှူးမှ ကျွန်တော်တို့၏ ထိုးဖောက်မှု အထိုက်အလျောက် အောင်မြင်မှုရ၍



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် ကျေနပ်ကြောင်း ပြောပြီး ထိုနေ့ ညနေတွင်ပင် မိုင်းကောင်သို့ ပြန်လည်ထွက်ခွာသွားပါတော့သည်။

ထိုစဉ်က သံလွင်အရှေ့ဘက်ကမ်းကူးရဲသည့် တပ်များမှာ လူကြီးများ၏ အားပေးမှုကို ခံရသဖြင့် ကျွန်တော်တို့ ခလရ (၆၉) မှ မကြာခဏ သံလွင်အရှေ့ဘက်ကမ်းကို ထိုးဖောက်ကြပါသည်။ တပ်ခွဲတစ်ခွဲလျှင် အနည်းဆုံး တစ်ကြိမ်တော့ ထိုးဖောက်ကြ၏။ ကျွန်တော်လည်း ကိုယ့်အလှည့်တော့ မနွဲ့စတမ်း ထိုးဖောက်လိုက်ပါသည်။ သို့ရာတွင် အတွေ့အကြုံ နုနယ်သဖြင့် အမှားတစ်ချက် ကျူးလွန်လိုက်ရာ မိမိဘက်မှ အသက်တစ်ချောင်း ပါသွားခဲ့သည်ကို လက်တွေ့သင်ခန်းစာ ရခဲ့ပါသည်။

ထိုညက ကျဆုံးသွားသော ရဲဘော်ငွေပေါ်၏ ရိုးသားသည့် ရုပ်သွင်လက္ခဏာကို ပြန်လည်မြင်ယောင်ရင်း တော်တော်နှင့် အိပ်မပျော်ပါ။ ည ၈ နာရီထိုးတွင်တော့ ''အုံး ဝုန်း ဝုန်း'' ဟူသော အရှေ့ဘက်ကမ်းက မိုင်းသံ ကြားရပါသည်။

''သွားပြီဟေ့ ... ခွေးမသားတစ်ကောင်''

ကျွန်တော်က ငွေပေါ်အတွက် အလွန်ကျေနပ်စွာ ရေရွတ်လိုက်ပါသည်။ နောက်ထပ် ကြားလိုကြားငြား နားထောင်နေရာ ည ၁၁ နာရီထိုးတွင် အလွန်ခရီးပန်းသဖြင့် မျက်လုံးများ မှေးစင်း အိပ်ပျော်စပြုခိုက် နောက်ထပ် ''အုံး ဝုန်း ဝုန်း'' ဟူသော အသံ ကြားရပြန်သည်။

''သွားပြန်ပြီတစ်ယောက်''

နောက်တစ်နေ့ မိုးလင်းချိန်တွင်တော့ နောက်တစ်လုံး ထပ်ကြားရပြန်၏။ မိုင်းသံများ နေ့စဉ်လိုလို ကြားနေရ၏။ သိပ်ပြတ်





...သည်ဟူ၍ မရှိပါ။

ဤသို့ဖြင့် တစ်ပတ်ခန့် မိုင်းများ ဆက်တိုက်ပေါက်ကွဲ...ရာ ဗကပများမှာ အတော်ပင် ချောက်ချားကာ ဒုက္ခရောက်...သည်ဟု နောက်အခါ သူတို့ထံမှ အလင်းဝင်များ၏ ထွက်ဆို...ကြားချက်များအရ သိရပါတော့သည်။

ဤသည်ကား သံလွင် အနောက်ဘက်ခြမ်းနှင့် လွယ်လန်း...တောင်တန်းကြီးအကြား မိုင်းကောင်အရှေ့ခြမ်းဒေသတွင် ကျွန်တော် ...ဆောင်သက်ဦး တာဝန်ထမ်းဆောင်ခဲ့စဉ်က သံလွင် အရှေ့ဘက် ကမ်းသို့ ထိုးဖောက်ခဲ့သည့် တပ်ခွဲအဆင့် မြစ်ကူးစစ်ဆင်ရေး ဇာတ်လမ်းပင်ဖြစ်ပါတော့သည် ခင်ဗျား။

**...ချုပ်ဖော်ပြချက်**

ဤသည်မှာ မြစ်ကူးစစ်ဆင်ရေး တပ်ဖွဲ့ငယ်တစ်ဖွဲ့ကို ကိုယ်တိုင် ဦးဆောင်ကာ ရန်သူ့နယ်မြေထဲ ကွန်မန်ဒိုဆန်ဆန် ထိုးဖောက်တိုက်ခိုက်ခဲ့သော ကျွန်တော်၏ ပထမဆုံးသော မြစ်ကူးစစ်ဆင်ရေးဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းတွင် ခြေလျင်တပ်ခွဲမှူးသင်တန်း တက်ခဲ့ပြီးဖြစ်၍ အထူးစစ်နည်းဗျူဟာ ဥပဒေသများကို လိုက်နာနိုင်သမျှ လိုက်နာလုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် ခြေလုံလက်လုံ အသံလုံစနစ် မကျင့်သုံးမိ၍ တပ်သားတစ်ဦး ကျဆုံးခဲ့ရပါသည်။

သင်ခန်းစာကို သွေးချွေးများနှင့် လဲခဲ့ရပါသည်။

မည်သို့ဆိုစေ ရန်သူ့ထံမှ တစ်လောင်း တစ်လက် သိမ်းဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ရရှိ၍ သံလွင်မြစ်ကြီးကို အောင်မြင်စွာ ဖြတ်ကူးထိုးဖောက်နိုင်ခဲ့မှုကြောင့် ကျွန်တော်တို့ မိုင်းရယ်တပ်ရင်းအတွက် တာဝန်ကျေသွားပြီဟုကား ဆိုနိုင်ပါသည်ခင်ဗျား။

(၁၉၇၈ ခုနှစ်က စာရေးသူကိုယ်တိုင် ပါဝင်ခဲ့သော တကယ့်အဖြစ်အပျက်ကို ပြန်လည်ရေးဖွဲ့ပါသည်)

❖ ❖ ❖



## ပွန်ချောင်းကို ဖြတ်ကူးခဲ့စဉ်က

**[illegible]ချောင်းဆိုတာ ဘယ်မှာလဲ**

၁၉၈၈ ခုနှစ် ဇူလိုင်လတွင် ကျွန်တော် တပ်ရင်းမှူး [illegible]သည်။

ခလရ (၆) မှာပါ။

တပ်ရင်းမှူးတာဝန် လက်ခံပြီး ရှေ့တန်းအမြန်လိုက်သွား[illegible]ည်။

ပထမအကြိမ် တပ်ရင်းမှူးတာဝန် လက်ခံပြီးတော့ မိုင်းရှူး[illegible]သကို တာဝန်ယူရသည်။ ဒုတိယအကြိမ်က မော်ဖတောင်ခြမ်း၊ [illegible]ယအကြိမ်က တောင်ကြီးမြို့ လုံခြုံရေးနှင့် ရပခတိုင်းအရန်၊ [illegible]အကြိမ်က မော်ဖမြောက်ခြမ်း၊ ပဉ္စမအကြိမ်က တိုင်းအရန်၊ [illegible]င်းလုံး လှုပ်ရှား၊ ဟိုပြေးလိုက်ရ ဒီပြေးလိုက်ရနှင့် ဆဋ္ဌမ[illegible]ကြိမ်ကတော့ ကျွန်တော့်နေရာဟောင်း ကျိုင်းတုံ၊ ကျိုင်းတုံ[illegible]သမှာ တာဝန်ကျနေစဉ် တောင်ပိုင်းတိုင်းသို့ စစ်ဦးစီးမှူး[illegible]တန်း (ဂျီဝမ်း) ရာထူးနှင့် ပြောင်းခဲ့ရသည်။

တပ်ရင်းမှူးလုပ်သက် သုံးနှစ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ် ဇူလိုင်မှ ၁၉၉၁ ခုနှစ် ဇူလိုင်အထိဟု ဆိုရပါမည်။

တပ်ရင်းမှူးတာဝန်ကို ဗိုလ်မှူးစိန်တင်ဝင်း (ယခု ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ)ကို လွှဲခဲ့ရသည်။

စစ်ဆင်ရေးတာဝန် ၆ ကြိမ်ထွက်ခဲ့ရရာ တစ်ကြိမ်လျှင် ၆ လ၊ ၇ လခန့်ကြာသည်။ အမြန်ဆုံးက ငါးလ။ ရပခတောင်ကြီး တွင် နေခဲ့ရစဉ်ကတော့ လေးလသာသာ နေခဲ့ရ၏။ မြို့ပေါ်မှာ လေးလ။ တောထဲ တောင်ထဲတော့ ၆ လ၊ ၇ လ။ ဒါတွေက မကြာခဏ ဖြစ်တတ်ပါသည်။ စစ်ရေးစစ်ရာကိစ္စများတွင် မမျှော် လင့်တာတွေက ဖြစ်ဖြစ်လာတတ်သည်။ ထို့ကြောင့် နှောင့်နှေး ကြန့်ကြာမှုများ ဖြစ်တတ်ပါသည်။ ထားပါတော့ခင်ဗျာ။ ပြောချင် တာက ဒါမဟုတ်ပါ။

ပြောချင်တာက မြစ်ကူးစစ်ဆင်ရေးအကြောင်းပါ။

ပြောပါမည်။ တပ်ရင်းမှူးတာဝန်နှင့် စစ်ဆင်ရေး ၆ ကြိမ် ထွက်ခဲ့ရရာ ပဉ္စမအကြိမ် တိုင်းအရန် လုပ်ရှားကား အပင်ပန်းဆုံး ဖြစ်၏။ သာမန်ပင်ပန်းရုံသာမကပါ အထူးစစ်နည်းဗျူဟာဖြစ်သော မြစ်ကူးစစ်ဆင်ရေးကိုပါ ကြုံရဆုံရခဲ့ပါသည်။ စစ်ဆင်ရေး စဝင်ကတည်းက ပြန်ထွက်သည့်အချိန်ထိလည်း ခြေတိုအောင် လမ်းလျှောက်ခဲ့ရပါသည်။ အရှေ့ဘက် ယိုးဒယား မြန်မာနယ်စပ် မှသည် အနောက်ဘက် ပျဉ်းမနားအရှေ့ခြမ်း ကင်းလိုက်တောင် တန်းအထိ။ ထိုသို့သွားရင်းလာရင်း ရှမ်းပြည်နယ်နှင့် ကယား ပြည်နယ်တို့တွင် မြောက်မှတောင်သို့ စီးဆင်းနေသည့် မြစ်ချောင်း အသီးသီးကို ဖြတ်ကျော်ခဲ့သည်။ အများဆုံး ဖြတ်ခဲ့ရသည်မှာ





...ချောင်း ခေါ် နမ့်ပွန်ချောင်းဖြစ်၏။

နမ့်ပွန်ချောင်းကား လဲချားမိုင်းကိုင်ဒေသမှ မြစ်ဖျားခံ၍ ...ယ်တောင်ကြီးဘေး ဖြတ်စီးပြီး လွိုင်ကော်နှင့် ရှားတောကြား ... တစ်ဆင့် ဖားဆောင်းမြို့အနီးတွင် သံလွင်မြစ်ကြီးထဲ စီးဝင် ...သည်။

နမ့်ပွန်ချောင်းက ကျွန်တော် တာဝန်ကျသည့် လွိုင်ကော် ...တောင်ကြီးဒေသတွင် ပြေးမလွတ် ရှောင်မရသည့် အဓိက ချောင်း ...၏။ ထို့ကြောင့် သူ့ကို စစ်ဆင်ရေးကာလအတွင်း အကြိမ်ကြိမ် ...တ်ခဲ့ရသည်။ ယခု ဖော်ပြလတ့်သော ဝတ္ထုလေးမှာ နမ့်ပွန်ချောင်း ...ား ပထမဆုံးအကြိမ် ဖြတ်ကူးပြီး စစ်ဆင်ရေးလုပ်ခဲ့ရသည့် ...စ်ကူးစစ်ဆင်ရေးအကြောင်းပါခင်ဗျား။

**...နှ်တော်နှင့် တပ်မမှူးအသစ်**

၁၉၉၀ ခုနှစ် ဇူလိုင်လကုန်တွင် တပ်မ (၇၇) တပ်မမှူး ...ဟောင်း ဗိုလ်မှူးချုပ်စိုးမြင့် တပ်မမှူးမှ တိုင်းမှူး **promotion** ...ဖြင့် ထွက်ခွာပြောင်းရွှေ့သွားသည်။

တပ်မမှူးအသစ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ...ဗိုလ်မှူးကြီး ကက်စိန်ရောက်လာသည်။

တပ်မမှူးအသစ်နှင့် ကျွန်တော်သည် သိဟောင်း ကျွမ်း ...ဟောင်းများ ဖြစ်၏။ တပ်ထဲတွင် သုံးလေးခါ ဆုံဖြစ်၏။ ပထမဆုံး ...ကြိမ်က ၁၉၇၉ ခုနှစ် ကျွန်တော် ဗထူးတိုက်ခိုက်ရေးကျောင်း ...ပြောင်းရတော့ သူက တပ်ကြပ်သင်ကျောင်းက နည်းပြအရာရှိချုပ် ...ဖြစ်၏။ သင်တန်းကိစ္စများနှင့် ဘုရင့်နောင် ခဏ ခဏ လာတတ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုစဉ်က နည်းပြပေါက်စလေး ကျွန်တော်နှင့် မျက်မှန်းတန်း ခဲ့ကြသည်။ ၁၉၈၄ ခုနှစ်တွင်တော့ တပ်မ (၈၈) တွင် ကျွန်တော် ဂျီတူးတာဝန်ထမ်းဆောင်နေစဉ် ဗိုလ်မှူးကြီးကက်စိန်က သနက (၆) တပ်ရင်းမှူးနှင့် ကျိုင်းတုံရောက်ချလာ၏။

"ကိုသက်ဦးလေး ပြန်တွေ့ကြပြန်ပြီပေါ့"

ဗိုလ်မှူးကြီးကက်စိန်က ပြုံးပြုံးရွှင်ရွှင်နှင့် ကျွန်တော့်ကို ပင့်သန္တာရပြု၏။ သူသည် စကားပြောလျှင် ပြုံး၍ ပြောတတ်ပြီး သူ့မှာ စိတ်ဆိုးသည့်အမူအရာ မတွေ့ခဲ့ဘူးပါ။ ပြုံးရွှင်ဖော်ရွေပြီး ခင်မင်နှစ်လိုဖွယ် ကောင်းပါသည်။

၁၉၈၈ ခုနှစ် ကျွန်တော် ရန်ကုန်မှာ တပ်ရင်းမှူး ဖြစ်လာတော့ သူက ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိုင်းမှူး ဖြစ်နေပါပြီ။

ခလရ (၆) ၏ အုပ်ချုပ်မှုကိစ္စများကို ရန်ကုန်တိုင်းက တာဝန်ယူနေသဖြင့် ဒုတိုင်းမှူး ဗိုလ်မှူးကြီး ကက်စိန်ကို ရောက် ရောက်ချင်း သွားပြီး ဂါရဝပြုလိုက်သည်။

"ခလရ (၆) မှာ ကိုယ်နေခဲ့ဖူးတယ်။ တပ်က တပ် ကောင်းပါ။ ကိုသက်ဦးလေး ကံကောင်းပါတယ်။ ဘာလိုလဲ ... တာပြော"

"ဟုတ်ကဲ့ပါခင်ဗျ"

ဗိုလ်မှူးကြီး ကက်စိန်က မုဒိတာစကား ဆီးပြောသည် ကျေနပ်ရပါ၏။

ဟော ... သိပ်မကြာပါခင်ဗျာ။

ကျွန်တော် ဒုဗိုလ်မှူးကြီး Lt. Colonel အဆင့်ရပြီး တစ်နှစ်





အကြာတွင် ဗိုလ်မှူးကြီးကက်စိန် တပ်မ (၇၇) တပ်မမှူး ဖြစ်လာသည်။ ကျွန်တော့်တပ်ကို ချက်ချင်း ရောက်လာ၏။ တပ် ခွဲနားနေချိန်မို့ ကျွန်တော်နှင့် တွေ့ကြသည်။ တပ်မှာ တစ်ညအိပ် သွားသည်။ စစ်ဆင်ရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စများကို ဖိဖိစီးစီး ကြားသွားသည်။ တပ်ကို စစ်ပေးသွားသည်။

"တပ်ကောင်းဖို့ကတော့ စာရင်းအင်း ကောင်းရမယ်။ အင်းအကျင်း ကောင်းရမယ် တပ်ရင်းမှူး"

"ဟုတ်ကဲ့ပါခင်ဗျ"

"ခလရ (၆) က စွမ်းရည်ရှိပါတယ်။ အစဉ်အလာရှိတဲ့ တပ်ကောင်းပဲ။ ဒါပေမဲ့ ရေး ၃ များတယ်။ သတိထားကိုင်။ ကိုယ့် သူငယ်ချင်းကိုသိန်းမောင်က ရေး ၃ တွေ သိပ်ပြီး ဖိဖိစီးစီးမကိုင် ခဲ့ဘူး"

"ဟုတ်ကဲ့ပါခင်ဗျ"

"ဩော် ... တပ်ရင်းမှူးရေ ဒီတစ်ခေါက် ခလရ (၆)က တိုင်းအရန် လှုပ်ရှားတာဝန်ယူရမယ်။ မြစ်ကူးချောင်းခြားတွေ များမယ်။ Water Crossing တော့ အသေအချာလုပ်ခဲ့။ နည်းနည်းလည်း လေ့ကျင့်လာခဲ့လေ"

"ဟုတ်ကဲ့ပါခင်ဗျာ။ လိုင်မြစ်သွားပြီး လေ့ကျင့်ခဲ့ပါ့မယ် ခင်ဗျ"

"နည်းနည်းတော့ အန္တရာယ်ရှိတယ်။ မြောက်ဘက်တက်ပြီး ပါးတစ်ရာလောက်မှာ သွားလေ့ကျင့်ခဲ့ပေါ့။ ကိုယ်လည်း တိုင်း ပြောထားပါ့မယ်"

"ဟုတ်ကဲ့ပါခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တပ်မမှူးအသစ် ခလရ (၆) လာစစ်ပြီးသည့်နောက် တပ်မမှူး၏ မှာကြားချက်အရ မြစ်ကူးစစ်ဆင်ရေး ဆောင်ရွက်နိုင်ရန်အတွက် **Water Crossing** ရေပြင် ဖြတ်ကူးခြင်းအား လှိုင်မြစ်ကို သွားပြီး လေ့ကျင့်ရပါတော့သည် ခင်ဗျား။

**မြစ်ကူးစစ်ဆင်ရေးအတွက် လေ့ကျင့်ရာဝယ်**

လှိုင်မြစ်သည် သဲကုန်း ပုတီးကုန်း ပေါင်းတည့်ဒေသမှ မြစ်ဖျားခံ၏။ မြစ်ဖျားပိုင်းကို မြစ်မခဟု ခေါ်ကြသည်။

ဒီရေများက မှော်ဘီအလွန် တိုက်ကြီးထိ ရောက်သည်။ ရန်ကုန်အနီးတွင် ကားကမ်းနှစ်ဖက်လုံး၌ ရွှံ့နွံများရှိသည်။ ကျွန်တော်တို့ကြုံရမည့် မြစ်ချောင်းများက သဲနှင့်ကျောက်ဆောင်များသာ ပေါသည့် ချောင်းများဖြစ်၏။

ထို့ကြောင့် လှိုင်မြစ်ကို ဖြတ်ကူးရာ၌ ဒီရေ သိပ်မရောက်သည့် ဝါးတစ်ရာအလွန် မြောင်းတကာတစ်ဝိုက်ကို ရွေးလိုက်သည်။ တပ်က ကားသုံးလေးစီးဖြင့် လှိုင်မြစ်သွားပြီး တစ်ရက်လျှင် တပ်ခွဲတစ်ခွဲ ကူးခိုင်းကြည့်သည်။

ပထမ ဖြတ်ကူးမည့်နေရာ ရွေးရသည်။

ဒုတိယ စနစ်တကျဖြတ်ကူးခြင်းကို လက်တွေ့လုပ်ခိုင်းကြည့်သည်။

ဦးစွာ ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့သည်။

ဖြတ်မည့်အဖွဲ့များ ခွဲသည်။

မြစ်ကူးမည့် လှေဖောင်များ အရန်သင့်လုပ်ခိုင်းထားသည်။

ဖြတ်ကူးမည့်သူများ အဖွဲ့လိုက် ဖြတ်ကူးခိုင်းသည်။





တပ်စိတ်လိုက် ဖြတ်ကူးခိုင်းခြင်း ဖြစ်ပါ၏။

ရေပြင်ဖြတ်ကူးရာတွင် အောက်ပါများ လိုက်နာရပါသည်။

- တောစီးဖိနပ်ချွတ်ရမည်။ (ဒါမှ ရေထဲလိမ့်ကျလျှင် ရေကူး၍ရမည်)
- အိတ်ကွတ်မင့် ချွတ်ရမည်။ (ပတ်ထားလျှင် လိမ့်ကျသွားက ပြန်မပေါ်တော့)
- သေနတ်ကို လှေဖောင်တွင် ချည်နှောင်ထားရမည်။ (ဒါမှ မပျောက်မှာ)
- လှေဖောင်ပေါ်တွင် အသက်ကယ်ဘောများ ပါရမည်။
- လှေဖောင်စီးနေစဉ် လှုပ်ခြင်း၊ လှုပ်ခြင်း မလုပ်ရပါ။ (မှောက်တတ် မြုပ်တတ်သည်)
- ထိုးဝါး၊ လှော်တက်၊ ချိတ်၊ ကြိုးများ သုံးရမည်။
- အချက်ပြစနစ်များ သုံးရမည်။

တပ်ခွဲတစ်ခွဲစီ စနစ်တကျ ဖြတ်ကူးခြင်း၊ ပြီးတော့ အရေးပေါ် ဖြတ်ကူးခြင်း လက်တွေ့လုပ်စေသည်။ အရေးပေါ် ဖြတ်ကူးခြင်း၌ -

လက်ပစ်ကူးနိုင်သူတွေ ကူးစေသည်။

ကြိုးတန်းကူး၍ ရက ကူးစေသည်။

လုံးဝ ရေမကူးတတ်သူတွေကို ဖောင်လေးများဖြင့် တင်၍ ကူးခိုင်းရသည်။

အသက်ကယ်ဘောများ၊ မော်တော်ကားကျွတ်များအစား ဆီပုံးကြီးများကို အသုံးပြုစေသည်။ ဝါးတစ်လုံးက အရှည် ပေ ၂၀ ဆို လူတစ်ယောက်ကို ကောင်းကောင်းထိန်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရေးကို တစ်ပတ်ခန့် လုပ်လိုက်ရာ တပ်ရင်း တစ်ရင်းလုံး ပြီးသွားပါသည်။ အချိန်က ၁၉၉၀ ခုနှစ် မိုးတွင်း ဩဂုတ်လကုန်ဖြစ်၏။

စက်တင်ဘာ ပထမပတ်တွင် ရှေ့တန်းသို့ ပြန်တက်ရမည်။

ခရီးမထွက်မီ လိုတာတွေ ပြင်ရပါမည်။ မြစ်ကူးစစ်ဆင် ရေးအတွက်ကား **Water Crossing** ကို လေ့ကျင့်ခဲ့ပြီးပါပြီ။

မိုးတွင်းစစ်ဆင်ရေးအတွက် လိုအပ်သည့် ပစ္စည်းများ စုဆောင်းခဲ့၏။ တပ်ခွဲလိုက် ပလပ်စတစ်စများ၊ နိုင်လွန်မိုးကာများ နိုင်လွန်ကြိုးခွေများ၊ ရေပြင်ဖြတ်ကူးခြင်းအတွက် ကားဘီးကျွတ်များ သစ်ခုတ်ဝါးခုတ်ဓားများ၊ ပေါက်ဆိန်အငယ်စားများ၊ ငါးမန်းလှံများ ဖောင်ဖွဲ့ရာတွင် အသုံးပြုရန် တူ၊ လွှအသေးစား၊ ဆောက် စသည့် လက်သမား ကိရိယာတန်ဆာပလာများ၊ နိုင်လွန်ကြိုး အသေး ကလေးများ အစုံအလင်ပါပေသည်။

ကျွန်တော့်စစ်ကြောင်း (၁) ၌ ဒါသာမကပါ ချက်ပြုတ်စား သောက်ဖို့ အိုးခွက်ပန်းကန်များ၊ အသားဘူး ငါးဘူးများ၊ ခေါက် ဆွဲခြောက်ထုပ်များ၊ ရမ်နှင့် ဝီစကီပုလင်းများ အစုံအစေ့ သေတ္တာ ကြီးငယ်နှင့် သယ်လာခဲ့ပါသည်။ ဂီတာသုံးလေးလက် ပါပါသေး၏ ဦး ၅ လုပ်ဖို့။

ဒါကို တွေ့သွားသည့် အိမ်ထောင်သည်လိုင်းက ရဲမေ များက ...

“ဟောတော် ... တပ်ရင်းမှူးကြီး ရှေ့တန်းထွက်တာ ကလည်း အရာခံဗိုလ်ကြီးတစ်ယောက် အိမ်ထောင်ပြောင်းတာ ကျနေတာပဲ”





ဟု ကျွန်တော့်ဇနီး မေအား ပြောကြသည်ဆို၏။

သူတို့စကားကြောင့် ပြုံးရပါသည်။ **Logistics** အုပ်ချုပ် ထောက်ပံ့မှုကောင်းမှ စစ်နိုင်သည်လေ။ မသိဘူးလား။ စစ်တိုက် တာ သတ္တိတစ်ခုတည်းနဲ့ မရဘူး။

သတ္တိတစ်ခုတည်းနဲ့ စစ်နိုင်ရင် ဂျပန်နဲ့ ဂျာမန်တွေ စစ် နိုင်မှာပေါ့။

အမေရိကန်နဲ့ အင်္ဂလိပ်ရဲ့ **Logistics** အုပ်ချုပ်ထောက်ပံ့မှု ကို မယှဉ်နိုင်လို့ သူတို့ စစ်ရှုံးသွားတာ။

ထားပါတော့ခင်ဗျာ။

အားလုံးစုံပါပြီ။ သတ်မှတ်ရက်မှာ ခရီးထွက်နိုင်ဖို့ပါပဲ။

**ရှေ့တန်းသို့ချီတက်ပြီ**

စက်တင်ဘာ ၅ ရက်နေ့တွင် ကားအစီး ၂၀ ကျော်ဖြင့် တပ်ရင်းတစ်ရင်းလုံး ရွှေပြည်သာမှ ကားတွေထွက်ခဲ့သည်။ အားလုံး ကားစီး ၂၀ ကျော်။ အတိအကျဆိုက **Brake down** အပါအဝင် ၂၄ စီး။ ပဲခူးဘူတာမှာ စစ်ရထား ပြောင်းစီးရသည်။

နောက်တစ်နေ့ သာစည်ဘူတာရောက်သည်။ မိတ္ထီလာ ထောက်ပို့က စစ်ကားတွေ လာစောင့်နေ၏။ ရပခကို ဆက်တက် ကြသည်။ ရွှေညောင်ရောက်တော့ ရောက်ရှိပြီဖြစ်ကြောင်း စက် ဖြင့် လှမ်းသတင်းပို့ရသည်။

“နက်ဖြန် စက်တင်ဘာ ၇ ရက်နေ့ မနက် တပ်ရင်းမှူးနဲ့ အရာရှိတွေ မနက် ၀၇:၀၀ အချိန်အရောက် ရပခကို တက်ခဲ့ပါ။ တပ်ကို ရွှေညောင်မှာပဲ ထားခဲ့ပါ။ ဒီရောက်မှ ဘာလုပ်ရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်''

ရပခဂျိဝမ်း ဗိုလ်မှူးကြီးစိန်ဝင်းအောင် (ယခု ရွှေတိဂုံဘုရားလူကြီး ဦးစိန်ဝင်းအောင်) က လှမ်းပြောသည်။

တပ်ကို အဲဒီမှာ ထားခဲ့ပါတဲ့။ ဘာလုပ်ရမှာပါလိမ့်။

နောက်တစ်နေ့ ရပခကို မနက်အစောကြီး ကားတစ်စီးဖြင့် တက်သွားသည်။ ကျွန်တော်တို့ ရပခ ရောက်သွားတော့ စစ်ဆင်ရေးဌာနၑ္ဍ ဦးစီးအရာရှိများ အလုပ်များနေ၏။

''ခလရ (၆) အရာရှိ ၂၁ ယောက်၊ အခြားအဆင့် ၅၂၀ ပေါင်း ၅၄၁ ယောက် ရောက်ရှိသတင်းပို့ပါတယ်ခင်ဗျာ''

ဂျိဝမ်းနှင့် ဂျိတူး အလုပ်များနေ၍ ဂျိသရီး ဗိုလ်ကြီးမြင့်စိုးနှင့် ဗိုလ်ကြီးမျိုးမြင့်တို့အား သတင်းပို့လိုက်သည်။ ယခုအခေါက်၌ တပ်မှအထွက်တွင် ဒု-တပ်ရင်းမှူး ဗိုလ်မှူးမောင်ဦးမှာ ကောက်ကာငင်ကာ နေမကောင်းဖြစ်သဖြင့် ထားခဲ့ရ၏။ စစ်ကြောင်း (၂) စစ်ကြောင်းမှူးတာဝန်ကို ဗိုလ်ကြီးလှရွှေ (ယခု ဗိုလ်ချုပ် လှရွှေ ကကရေး) ကို တာဝန်ပေးလိုက်ရသည်။ နောက်တန်းဌာနချုပ်၌ ဌာနချုပ်တပ်ခွဲမှူးအဖြစ် ဗိုလ်မှူးခင်မောင်မြင့်ကို တာဝန်ပေးခဲ့၏။ တပ်ရေးဗိုလ်ကြီးကား ပြီးခဲ့သည့် စစ်ဆင်ရေးအပတ်က ပြောင်းရွှေ့ရောက်လာသည့် ဗိုလ်ကြီးစောထွန်းကို တာဝန်ပေးလိုက်၏။ သူ့အရင် တာဝန်ပေးထားသော ဗိုလ်ကြီးခင်မောင်ဌေးက တပ်မ (၇၇) သို့ ဂျိသရီးနှင့် ပြောင်းသွားရသည်။ စစ်မြေပြင်အတွက် အားကိုးရမည့်သူများကို ယခုအခေါက်၌ ရှေ့တန်းသို့ ခေါ်ခဲ့ရ၏။

''အတော်ပါပဲ တပ်ရင်းမှူးကြီး။ တပ်ရင်းမှူး စစ်ကြောင်းမှူးနဲ့ တပ်ခွဲမှူးတွေ နမ့်ဆန်ဗျူဟာမှူးနဲ့ တွေ့ပေးဖို့ ဂျိဝမ်းကြီးက





သူ့အခန်းကို လွှတ်ပေးလိုက်ပါတဲ့ခင်ဗျာ''

အလွန်သွက်သည့် ဂျိသရီး ဗိုလ်ကြီးမျိုးမြင့်က ပြောသည်။ သူသည် ကျွန်တော်နှင့် တစ်မြို့တည်း ရေဦးသားဖြစ်ပြီး ငယ်ရွယ်စဉ်က နှစ်ပေါင်းအတော်ကြာအောင် အတူနေခဲ့ဖူး၏။ အိမ်နီးချင်း နှစ်အိမ်တစ်အိမ်ဖြစ်၍ ညီရင်းအစ်ကိုလို ချစ်ခင်နေ၏။ ကျွန်တော်တို့ရ၍ တပ်မတော်အရာရှိဖြစ်စတွင် သူက ရဲဘော်ဖြင့် တပ်ထဲဝင်လိုက်သည်။ စစ်သက်လေးငါးနှစ်တွင် အကြပ်ရာထူး ရရှိခဲ့ပြီး ဆယ်တန်းလည်းအောင်သဖြင့် ဗိုလ်သင်တန်းဖြေရာ အောင်မြင်သွား၏။ သူ စစ်ထဲဝင်သွားသည်ကို ကျွန်တော် မသိလိုက်။ ကျွန်တော် စစ်ထဲဝင်သည်ကိုတော့ သူက သိသည်။ ကျွန်တော်က သူ့ထက် အသက်ခြောက်နှစ် ခုနစ်နှစ်ခန့် ကြီး၏။ မနှစ်က သူ့ကို ရပခ ဂျိသရီးနှင့် ပြန်တွေ့မှ သူနှင့် ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြပါတော့သည်။ ယခုလည်း သူကပင် ကျွန်တော့်အား လိုအပ်သည့် မှာကြားချက်များကို ရှင်းလင်းပြကာ ဂျိဝမ်းကြီးအခန်းသို့ လိုက်လံပို့ဆောင်ပေးပါတော့သည်။

''ကဲ ... တပ်ရင်းမှူး ဒီတစ်ခေါက်ကတော့ ခင်ဗျားတပ်ရင်းက ရပခတိုင်းအရန်မို့ တစ်ရင်းလုံး လှုပ်ရှားပဲ။ လောလောဆယ် စစ်ဆင်ရေးအစီအမံကို နမ့်ဆန်ဗျူဟာမှူးကြီးက ရှင်းပြပါလိမ့်မယ်''

ဂျိဝမ်း ဒုဗိုလ်မှူးကြီး စိန်ဝင်းအောင်က ကျွန်တော့်အား ပြောပြ၏။ အတူရှိနေသည့် နမ့်ဆန်ဗျူဟာမှူး ဗိုလ်မှူးကြီး လှိုင်ထွန်းက ...

''ဒီလိုဗျာ ... ကျွန်တော့်နယ်မြေ ရှမ်း-ကယားနယ်စပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အခုတလော ရန်သူအဖွဲ့ပေါင်းစုံ လှုပ်ရှားမှု အတော်များတယ် တစ်ဖက်နိုင်ငံကို မှောင်ခိုကူးသွား ပို့တာတွေလည်း နေ့စဉ် ရက်ဆက်ပဲ။ ကျွန်တော့်မှာက အဲဒီဘက်ကို နှစ်ခွဲတစ်ကြောင်းတောင် အနိုင်နိုင် လွှတ်နေရတာ။ အခု တပ်ရင်းမှူးတို့ တစ်ရင်းလုံးရရင် အဲဒီခွင်ကို L.R.P နဲ့ ထိုးဖောက်ချင်တယ်။ ကဒူးကြီး၊ ကဒူးလေး ဟိုနမ့်ဂွင်ပေါ့။ အရေးကြီးတာက အငိုက်ရဖို့ပဲ''

''အငိုက်ရအောင် တပ်ရင်းမှူးတို့ ဒီကနေပြီး လွိုင်ကော်ကို သွား။ ဟိုမှာ သုံးရက်နား။ လိုတာပြင်ပြီး ကျွန်တော်ပြောတဲ့ ဂွင်ကို L.R.P နဲ့ ဝင်ရှင်းပေးဖို့ပဲ။ အငိုက်ရရင် ထိတွေ့မှုဖြစ်မယ်။ **Re-sult** ရမယ်ဗျာ။ ကျွန်တော့် နမ့်ဆန်ဘက်က ထိုးလို့ကတော့ အငိုက်မရနိုင်ဘူး။ ချက်ချင်း သတင်းပေါက်မယ်။ လွိုင်ကော်ဘက်က ထိုးမှ **Surprise** ရမှာ။ စီမံချက်ကို တိုင်းမှူး တင်ပြပြီးပါပြီ တိုင်းမှူးကြီးကလည်း သဘောတူပါတယ်''


ဗိုလ်မှူးကြီး လှိုင်ထွန်းက စကားကို အဆုံးသတ်လိုက် ကျွန်တော်လည်း ...

''ဖြစ်ပါတယ် ဗျူဟာမှူးကြီး။ အောင်မြင်အောင် ကျွန်တော် အစွမ်းကုန်ဆောင်ရွက်ပါ့မယ်''

''ကဲ ... ဟော့ဒီမှာ စစ်ဆင်ရေးစီမံချက် ဖတ်ကြည့်ဗျာ ခင်ဗျား မရှင်းတာရှိရင် ပြော။ ရှင်းရင်တော့ နက်ဖြန်ခါ ဒီက ထွက်ပေတော့။ လွိုင်ကော်မှာ သုံးရက်နားပြီးရင် ရည်မှန်းချက်ကို ချီတက်ပေတော့။ အခုတော့ **L.R.P** မဟုတ်ပါဘူး။ **S.R.P (Shor Range Penetration)** လောက်ပဲ ဖြစ်မှာပါ။ ခရီးတို့ ထိုးဖောက်မှ

ကျွန်တော်က ဗျူဟာမှူး ပေးလိုက်သည့် စီမံချက်အား





တပ်ရင်းမှူးတာဝန်ဖြင့် မဲနယ်တောင်တန်းတွင် လှုပ်ရှားနေစဉ်
မဲနယ်တောင်တန်းအနောက်ခြမ်းတစ်နေရာမှ စာရေးသူ (၁၉၉၀-ခုနှစ်)

www.burmeseclassic.com


www.burmeseclassic.com



စာရေးသူ ပြည်သို့ရောက်ရှိစဉ်က ဧရာဝတီမြစ်ဆိပ် တစ်နေရာတွင် တွေ့ရစဉ်
(၃.၅.၂၀၀၂)




နယခ တိုင်းအရှေ့ စစ်ဆင်ရေးကာလက စာရေးသူနှင့် ရတ ခလရ(၆) စစ်ကြောင်း (၁)မှ အ
(၁၉၉၀-ခု)



စာရေးသူ ခလရ (၆) တပ်ရင်းမှူး တာဝန်ထမ်းဆောင်စဉ်က
တိုင်းအရှေ့လှုပ်ရှားတာဝန်ထမ်းဆောင်ခဲ့ရသည့်
နယ်မြေပြမြေပုံ (၁၉၉၀-ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com





…ကြည့်ပြီး အထူးတလည် မေးမြန်းရန် မရှိကြောင်း တင်ပြ…ကြ ကျွန်တော်တို့လူကြီးသုံးယောက်၏ စစ်ဆင်ရေး အစည်း…ကို ဤမျှနှင့်ပင် အဆုံးသတ်လိုက်ပါ၏။ တပ်က ရွှေညောင်…နေသည်မို့ လိုအပ်သည်များ စီစဉ်နိုင်ရန် ရွှေညောင်သို့ ပြန်…ခဲ့ရပါသည်။

**ရွှေညောင်မှသည် လွိုင်ကော်သို့**

နောက်တစ်နေ့ မနက် စောစောတွင် အခြေပြု ရွှေညောင်မှ …ခဲ့၏။ ယာဉ်အစီးပေါင်း ၂၀ ကျော် ပါဝင်၏။ နေ့လယ်တွင် …ပင်လောင်းသို့ရောက်သည်။ နေ့လယ်စာကို ပင်လောင်းတွင် စား…ခဲ့၏။ လမ်းတစ်လျှောက်လုံး ပေ ၃၀၀၀၊ ၄၀၀၀ မြင့်သည့် …တောင်များ မြေနီတောင်များကို မကြာခဏ တွေ့ရသည်။ …နေသည့် တောင်ယာစပါးများကိုလည်း မြင်ရသည်။ ပင်လောင်း…သော် ကယားအစပ်ကို ရောက်ပေပြီ။

''မနောကြည်မျှစရာ xxx လောပီတအမည်တွင်ကာ
ရေတံခွန်အဆင့်ဆင့် xxx ထူးတင့်ကျက်သရေဖြာ
သာယာတင့်ဆန်း xxx ရေမျှင်တန်းများ
စီးကျသွယ်သွယ်ဖြာ xxx ရှုမငြီးနိုင်စရာ
ကယား x ကယားတို့ xx ပြည်နယ်ပါ''

ကျွန်တော်တို့ ငယ်စဉ်က နားထဲစွဲအောင် နားထောင်ခဲ့ရ…သည့် ကိုမင်းသူ၏ မောင်းသံတလွင်လွင်ဖြင့် သီဆိုခဲ့သော …ရဝတီသီချင်းသံကို ကြားယောင်လာ၏။ ညနေပိုင်းတွင် ဖယ်ခုံ…နောက် မိုးဗြဲသို့ ရောက်ပါသည်။ နေဝင်ချိန်တွင် လွိုင်ကော်သို့

မြရည်ဘာနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိပြီး လှိုင်ကော်ဗျူဟာမှူးရုံးသို့ သတင်းပို့သည်။ ဗျူဟာမှူးက ...

"နယ်မြေအခြေအနေကို မနက်မှ ရှင်းပြမယ်။ လောလောဆယ် တပ်ရင်းတစ်ရင်းလုံး မြို့မြောက်ဘက် ဂေါက်ကွင်းနားမှာ အခြေပြုလိုက်ပါ။ ဒေသခံပြည်သူလူထုနဲ့ ပြဿနာမပေါ်ပါစေနဲ့။ လိုတာရှိရင် ပြောပါ။ ဒီနေ့တော့ နားကြဦးပေါ့"

ဗျူဟာမှူး ညွှန်ကြားချက်အတိုင်း လှိုင်ကော်ဂေါက်ကွင်းအနီးတွင် တပ်ခွဲအလိုက် နေရာချကာ ၃ ရက် နားခဲ့ရပါသည်။ မိုးတစိမ့်စိမ့်နှင့် ကယားတို့ဌာနီ ကန္တာရဝတီက ကျောက်တောင်ကျောက်ခက် ကျောက်လက်များ၊ ရှုခင်းတောများနှင့် ကျွန်တော်တို့အား စောင့်ကြိုနေပါသည်။

တစ်ပွဲတစ်လမ်းတော့ အကဲစမ်းရပေဦးတော့မည်။

နောက်တစ်နေ့ လှိုင်ကော်ဗျူဟာမှ **briefing** တွင် ...

"ခင်ဗျားတို့အတွက် လမ်းကြောင်းကတော့ လှိုင်ကော်ကနေ မိုင်ငုတ် ၃၆၂၃ လှိုင်ပန်ယမ်း၊ အဲဒီကနေ ဒေါ်ခူးလီ၊ ပြီးတော့ တက်ဝ၊ တက်ဝကနေပြီး ပွန်ချောင်းကို ဖြတ်၊ မိုင်ငုတ် ၅၁၄၃ တောင်ခြမ်းကတစ်ဆင့် အရှေ့ဘက်နားအွမ်ဆိုရင် လမ်းကြောင်းပိုကောင်းပါတယ်။ တစ်ရင်းလုံး တစ်ကြောင်းထိုးမသွားဘဲ စစ်ကြောင်း (၁) နဲ့ (၂) ခွဲပြီးသွားတာ ပိုကောင်းတယ်။ လှုပ်ရှားမှုပိုသွက်တာပေါ့"

"နယ်မြေကတော့ ပေသုံးလေးထောင်မြင့်တဲ့ ကျောက်တောင်တွေ ပေါတယ်။ အင်တော၊ ကျွန်းတော များတယ်။ လူထုက လှိုင်ကော်နားတစ်ဝိုက်ကတော့ ကယားတိုင်းရင်းသားရွာတွေ ...တယ်။ မြောက်ဘက် ရောက်သွားရင်တော့ ရှမ်းနဲ့ ပအိုဝ်းပဲ။ ...ကတော့ အဖွဲ့ပေါင်းစုံကျက်စားနေကြတယ်။ ကဒူးကြီး ကဒူး... ဟိုနမ့်ခွင်ကတော့ စပ်ကြားနယ်မြေပဲ။ မှောင်ခိုကျွဲ နွား ...် အရောင်းအဝယ် မပြတ်ဘူး။ သုံးသပ်ပြီး ရည်မှန်းချက် အောင်...်အောင် ဆောင်ရွက်ပါဗျာ"

ဗျူဟာမှူး ဗိုလ်မှူးကြီး မောင်ကြည်က မြေပုံထောက်ပြီး ...ည်လျားစွာ ရှင်းပြ၏။ ကျွန်တော်တို့ရည်မှန်းချက်တာဝန်မှာ လှိုင်...ကော်မှ အရှေ့မြောက်ဘက် မိုင် ၃၀ ကျော်အကွာ ကဒူးကြီးခွင်...တောင်ဘက်မှ နားအွမ်တစ်ဝိုက်ကို ရှင်းလင်းရန်ဖြစ်၏။ နားအွမ်တွင် ...်သူအဖွဲ့ပေါင်းစုံ အစည်းအဝေးကြီးတစ်ရပ်ကျင်းပရန် ရှိကြောင်း ...ည်း သတင်းရ၏။ ဒါကို ဖြိုခွဲ ရှင်းလင်းရမည်။ ထို့နောက် ...းအွမ်နှင့် နမ့်မတိန်းချောင်းကြား ရှင်းလင်းရန် ဖြစ်၏။

"ကဲ ... ဘာမေးစရာရှိသေးလဲ"

"ရပါပြီခင်ဗျာ။ ဗျူဟာမှူးကြီး"

"အေးဗျာ ... ရပြီဆိုလည်း လိုတာတွေပြင်ပြီး အေး...အေးဆေးဆေး နားနားနေနေ နေကြပါ။ သတင်းတော့ လုံးဝ ...ပေါက်ကြားစေနဲ့နော်။ လှိုင်ကော်က လူစုံတယ်။ ရဲဘော်တွေ ...ည်း Out-pass မပေးနဲ့နော်။ လူငယ်တွေက အတွေ့အကြုံနည်း...သေးတယ်။ ထိန်းထားမှ"

"စိတ်ချပါ ဗျူဟာမှူးကြီးခင်ဗျာ"

ကျွန်တော်သည် ဗျူဟာရုံးမှ ပြန်ရောက်ပြီးနောက် တစ်ရင်း...တစ်ရင်းလုံး အရာရှိများကို စုစည်းပြီး ချီတက်မှုအစီအစဉ် လုပ်...ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စစ်ကြောင်း (၁) တွင် ဗိုလ်လွင်ဦးနှင့် ခွဲ (၁)၊ ဗိုလ်သန်းနိုင်နှင့် ခွဲ (၃)၊ ဗိုလ်ကြီးမင်းသွင် နှင့် ခွဲ (၄)၊ စစ်ကြောင်း (၂) တွင် ဗိုလ်ကြီးလှရွှေနှင့် ခွဲ (၅)၊ ဗိုလ်ကြီးသိန်းထွန်းနှင့် ခွဲ (၂) တို့ ပါဝင်၏။ ဗိုလ်ကြီးလှရွှေက စစ်ကြောင်းမှူးရော (၅) မှူးပါ လုပ်ရ၏။ သူ့အောက်က စီနီယာတပ်စုမှူး ဗိုလ်သန်းလှိုင်ကို ခေတ္တတပ်ခွဲမှူးတာဝန် ပေးထား၏။ အားလုံးလိုလို လူငယ်များချည်းသာ ဖြစ်ပါ၏။

"ကဲ ... အရာရှိတွေ သေသေချာချာ နားထောင် အခု သွားရမယ့်နေရာတွေက တစ်ခါမှလည်း မရောက်ဖူးသေးဘူး နယ်မြေသစ်။ ရန်သူတွေကလည်း ရန်သူအသစ်။ အရောင်အသွေး စုံ၊ အဖြူရော၊ အနီရော၊ ဘိန်းလုပ်တဲ့လူရော၊ နွားမှောင်ခိုရော အစုံပဲ။ အဲဒီတော့ First impression မှာတော့ Result ကောင်းကောင်း လိုတယ်။ ဦးကျိုးသွားလို့ မရဘူး။ ဒါကြောင့် အစစအရာရာ သတိကြီးစွာထား လှုပ်ရှားရမယ်။ စစ်ကဗျာကြီး လေးရပ်ရဲ့ ဥပဒေတွေ အားလုံး Apply လုပ်နိုင်သမျှတို့ လုပ်သွားရမယ်"

"အခု ချီတက်ရမှာဆိုတော့ မင်းတို့ ချီစစ်ဥပဒေသတွေ ရသေးသလား။ ရရင် ပြောကြစမ်းပါဦး။ ကဲ ဗိုလ်လွင်ဦးနဲ့ ဗိုလ်တင်ကိုကိုတို့ ပြောစမ်း"

ကျွန်တော်က မကြာသေးမီက တပ်စုမှူးသင်တန်း ဆင်းလာသည့် ဗိုလ်လွင်ဦးနှင့် ဗိုလ်တင်ကိုကိုတို့အား ကြည့်ပြီး မေးလိုက်၏။ နှစ်ဦးစလုံးက သွက်သွက်လက်လက် မဖြေနိုင်ကြ။

"မင်းတို့ မပြောရင် ငါပဲပြောမယ်ကွာ။ ကျယ်ချီလေ လက် မှန်ချီ၊ စိတ်အုပ်လေကွာ။ ကျယ် - ကျယ်ပြန့်စွာ ကင်းထောက်





ခြင်း၊ ချီ - ချီတက်ရာ လမ်းကြောင်းမှန်ကန်ခြင်း၊ လေ - လေကြောင်းအကူ အသုံးပြုခြင်း၊ လက် - လက်အောက်သို့ အာဏာခွင့်ပေးခြင်း၊ မှန် - မှန်ကန်စွာ စုဖွဲ့ခြင်း၊ ချီ - ချီစစ်အဟုန်ထိန်းသိမ်းခြင်း၊ စိတ် - စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အုပ် - အုပ်ချုပ်မှု ကောင်းမွန်ခြင်းတို့ မဟုတ်ဘူးလား။ အဲဒါတွေထဲက ရနိုင်သလောက် Apply လုပ်ရမယ်"

"နောက်ပြီးတော့ တောင်ပေါ်နဲ့ တောတွင်း စစ်ဆင်ရေးလည်း ဖြစ်တယ်။ ဒါကြောင့် တောဆိတ်ဖုံး လက်မျက်လက်ကိုယ်တို့ ဆက်ရာရောချိန်မြင်တို့ဆိုတာတွေလည်း မင်းတို့ မမေ့နဲ့ကွာ။ စစ်သားချင်းတူရင် Principle မ Out တဲ့လူ နိုင်မှာပဲကွ။ အသေအချာ ပြင်ကြဆင်ကြ မပေါ့မဆကြနဲ့။ မင်းတို့လိုတာတွေလည်း ပြော"

မှာသင့်တာ မှာရပါသည်။

ကျွန်တော်သည် ပထမဆုံးအကြိမ် ကယားပြည်နယ်သို့ ဝင်လာခြင်းဖြစ်၍ Result ကောင်းကောင်းဖြင့် Frist-impression ကို ရယူလို၏။ ထို့ကြောင့် အစွမ်းကုန်ကြိုးစား၏။ သိထားသည့် တတ်သမျှ မှတ်သမျှကိုလည်း သင်ပေး၏။ တိုက်ခိုက်ရေးကျောင်းက နှစ်ခါပြန် ကျောင်းဆရာဖြစ်၍ ဆရာ့ဇာတိကို သိပ်မစွန့်နိုင်ပါချေ။

"ကဲ ... ဘာမှမရှိရင်တော့ ခရီးက နှစ်ရက်ခရီး။ စစ်ကြောင်း (၂) ဗိုလ်ကြီးလှရွှေနဲ့ နှစ်ခွဲက ပထမနေ့ လွိုင်ကော်က သွယ်လင်လေး၊ အဲဒီကမှ တက်ဝ အပေါ် ကူးတို့ဆိပ်ကနေ နမ့်ချောင်းကူးပြီး ပွိုင့် ၅၁၄၃ မြောက်က တစ်ဆင့် ကဒူးကြီးကို ဒုတိယနေ့မှာ ဝင်ရှင်းပါ။ တို့စစ်ကြောင်း (၁) ကတော့ အရှင်



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ချက်အတိုင်း လှိုင်ကော်၊ လွယ်ပန်ယမ်း၊ တက်ဝ၊ နားအွမ်၊ နောက်ဆုံးရည်မှန်းချက်ကတော့ အခြေအနေပေးရင် ဟွေလိုင်း ကူတို့ဆိပ်ကို ရှင်းမယ်။ ဒါလောက်ပဲ။ စစ်ကြောင်းနှစ်ခု ပေါင်းမယ် မပေါင်းဘူးဆိုတာတော့ ဗျူဟာ အစီအမံပဲ။ စစ်ဆင်ရေး ညွှန်ကြားချက်မှာတော့ တစ်ကြောင်းစီ ရှင်းခိုင်းထားတယ်''

''မသွားခင်နှစ်ရက်တော့ ကောင်းကောင်းနားပါ။ ဘာ ပြဿနာမှ မပေါ်စေနဲ့။ ရဲဘော်တွေ ရေး ၃ မစပ်စေနဲ့နော်။ ဒါလောက်ပဲ မှာမယ်။ မေးစရာမရှိရင် တန်းဖြုတ်''

ကျွန်တော်သည် လိုအပ်သည်များ မှာကြားပြီး ကျန်နှစ်ရက်အား ချီစစ်အတွက် ပြင်ဆင်ခြင်းဖြင့် အချိန်ကုန်လွန်စေပါ၏။ အရာရှိများနှင့် ညစာစုပေါင်းစား၏။ လှိုင်ကော်၏ နာမည်ကျော် တောင်ကွဲစေတီအား သွားရောက်ဖူးမြော်၏။ တောင်ကွဲစေတီကို နောက်ခံထားကာ စုပေါင်းဓာတ်ပုံ ရိုက်ကြ၏။ အမှတ်တရပေါ့။ (နောင်တွင် ထိုဓာတ်ပုံလေးမှာ တကယ်ပင် အမှတ်တရဖြစ်နေပါသည်။)

တောင်ကွဲစေတီတွင် ကိုမင်းသူ၏ ''ကန္တာရဝတီ'' သီချင်းမှ . . .

''**တောင်ကွဲစေတီမှာ xxx နောင်အမြဲစဉ်မကွာ**<br>**ရွှင်ရွှင်လန်းလန်း xxx ပန်းရေချမ်းနဲ့**<br>**ကြည်ကြည်နူးနူး xxx ပူဇော်မှာ**''

ဆိုသည့်အပိုဒ်ကို ရေရွတ်ကြည့်မိ၏။ မှန်, မမှန်တော့ မသိတော့ပါ။ ကြာပါပြီ။ ကျွန်တော်သာ ကြားဖူးနားဝရှိ၏။ အငယ်များကတော့ ကြားတောင် သိပ်ကြားဖူးမည် မထင်ပါ။ ၁၉၆၀ ခုနှစ်





ထိုင်မိလောက်က သီချင်းများဖြစ်၏။

မည်သို့ဖြစ်စေ ကယားပြည်နယ်၏ သဘာဝအလှများ ကြောင့် နှစ်ရက်တာကတော့ စိတ်ချမ်းသာစွာ အနားယူနိုင်ခဲ့ ပါသည်။

### နွံ့ချောင်းကို ဖြတ်ကူးရာဝယ်

ယရက် ပေးထားသဖြင့် ယရက်တွင် ရည်မှန်းချက် ဝင် ရှင်းနိုင်ရန် ခရီးစဉ်ကို တစ်ရက်စော စရ၏။

ယအနုတ် ၁ ရက် မနက် ဝ၄း၀၀ နာရီတွင် အိပ်ရာမှထပြီး အားလုံးပြင်ဆင်ကြရ၏။ ဝ၅း၀၀ နာရီတွင် ဗျူဟာမှူးကြီးနှင့် ဗျူဟာရုံးသို့ သတင်းပို့၍ ဝ၆း၀၀ နာရီတွင် ခရီးစတင်ခဲ့၏။

ဗိုလ်ကြီး လှရွှေနှင့် စစ်ကြောင်း (၂) က လှိုင်ကော်၏ မြောက်စူးစူးသို့ ချီတက်သွား၏။ ကျွန်တော်နှင့် စစ်ကြောင်း (၁) က အရှေ့စူးစူးသို့ ချီတက်ခဲ့၏။ ပွိုင့်အတွက် ပထမတွင် ဗိုလ် သွင်ဦးအား တာဝန်ပေးလိုက်၏။ လှိုင်ကော်ကအထွက်ဆိုတော့ မြင်ကွင်းကောင်း၍ သိပ်အခက်အခဲမရှိနိုင်သဖြင့် **Junior** များအား တာဝန်ပေးခြင်း ဖြစ်ပါသည်။ နောက်နေ့ ရည်မှန်းချက် ဝင်ရှင်းပါက ဗိုလ်ကြီးမင်းသွင်ကို တာဝန်ပေးရန် ရည်ရွယ်ထား၏။

လှိုင်ကော်မှ ထွက်ကတည်းက မိုးတဖွဲဖွဲ၊ ရိက္ခာငါးရက်စာဖြင့် စစ်ကြောင်းမှာ ခရီးမတွင်လှပါ။ စစ်သုံးမြေပုံ သုံးပြီး **Compass March** လုပ်ရာ အလွဲလွဲအချော်ချော်ဖြစ်နေ၏။ နယ်မြေမှာ အပေါ်က ကျောက်တောင်များဖြစ်သော်လည်း တောင်ကြားတွင် ဗွက်တော၊ နွံတောများက အတော်ထူပြော၏။ ...ပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ဆင် တောင်ကုန်းကလေးများကလည်း ပေါလှသဖြင့် ပွိုင့်က ဗိုလ်လွင်ဦးမှာ မျက်စိလည်နေသည်။ ထို့ကြောင့် ခရီးကမတွင်။

''ကဲ ... လွင်ဦး။ မင်း နေကွာ။ ငါပဲ ရှေ့ကသွားတော့မယ်''

ပွိုင့် ၃၂၆၃ လွယ်ပန်ယမ်းမှာပင် လမ်းမှားနေ၏။ ကျွန်တော်လည်း **Compass March** သာမက ဒေသခံ လမ်းပြကို သုံး၍ ချီတက်ခဲ့၏။ လမ်းပြကလည်း လှိုင်ကော်မြို့သားဖြစ်၍ တောမကျွမ်း။ နောက်ဆုံး ဖြစ်လိုရာဖြစ်တော့ဟု ဆုံးဖြတ်ကာ မြောက်စူးစူးသို့ ဦးတည်ချီတက်ရာ ပွိုင့် ၃၆၈၂ အနီးရောက်မှ မှီရာနေသည့် ကယားအဘိုးကြီးတစ်ဦးအား သွားတွေ့၏။ ကျွန်တော်က ပါလာသည့် အင်းစိန်ဘဏ်မှ လဲယူလာသော တစ်ကျပ်တန်ထုပ်အသစ်စက်စက်ထုတ်ပေး၍ ...

''အဘ ဒေါ်ခူးလီရွာပြပါ'' ဆိုရာ

အဘိုးအိုက ...

''ဟ ... ငါက အဲဒီရွာသားကွ'' ဟုဆိုကာ ရှော့ရှော့ရှ[...] ခေါ်သွားပါသည်။

တစ်နာရီသာသာနှင့် ရွာရောက်သွား၏။ ညနေစောင်းစပြီ[...] ထိုရွာမှာ ခဏနား၍ လမ်းပြထပ်ခေါ်ကာ တက်ဝသို့ အပြင်း[...] တက်ခဲ့၏။ မချီတက်၍လည်း မရ။ အလင်းရောင် မပျောက်[...] ပွန်ချောင်းကို ဖြတ်နိုင်မှ ဖြစ်မည်။ ညနေ ၁၆း၀၀နာရီခန့်တွင် အခက်အခဲမရှိဘဲ တက်ဝသို့ ရောက်သွား၏။ တက်ဝကား ပအို့[...] ရွာဖြစ်၏။ အိမ်ခြေသုံးလေးဆယ်ရှိပါသည်။ တက်ဝမှ နာရီဝက်ခန့် သွားပြီးသော် ပွန်ချောင်းသို့ ရောက်ပါသည်။ ပွန်ချောင်း အကျယ်





[...] ငမိုးရိပ်ချောင်းဖျားအနေအထားခန့် ရှိမည်ထင်၏။

ကျွန်တော်တို့ရောက်သွားသည့် ကူးတို့ဆိပ်တွင် လှေလုံးဝ [...] လူလည်း မရှိ။ သို့ဖြစ်၍ တပ်ခွဲမှူးများကိုခေါ်ကာ ...

''ကဲ ... ချောင်းကူးစရာ လှေမရှိဘူး။ **Improvide [...]ethod** နဲ့ **Water Crossing** ပဲ။ တပ်ခွဲလိုက် ဝါးခုတ်၊ မြေခင်း **[...]und Sheet** ပလပ်စတစ်စနဲ့ နိုင်လွန်ကြိုးတွေသုံးပြီး လှေလုပ်၊ [...]ခင်းမပါရင် ဝါးဖောင်လုပ်။ ရေကူးတတ်တဲ့သူတွေက ဦးဆောင်၊ [...]ကူးတတ်တဲ့ လူတွေက လှေစီး၊ တပ်ခွဲသုံးခွဲလုံး ကင်း အသေ[...]ချပြီး တစ်ပြိုင်နက် ကူးကြ။ ဗိုလ်ကြီး မင်းသွင်က ဟိုဘက် [...]အတွက် လုံးဝ တာဝန်ယူပါ။ အချိန် သိပ်မပေးနိုင်ဘူး''

ဟု ပြောရ၏။

ပွန်ချောင်းကား ကိုက် ၂၀၀၊ ၃၀၀ ခန့်တော့ ကျယ်မည် [...]င်ပါသည်။ ရည်မှန်းချက်အား နောက်တစ်နေ့မနက်တွင် **Dawn [...]ck** ဖြင့် ဝင်ရှင်းရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က လော[...]ော်လိုက်ပါသည်။

ကျွန်တော်တို့တပ်ရင်း ပွန်ချောင်းကူးမယ်လုပ်မှ မိုးက [...]ည်း သည်းကြီးမဲကြီး ရွာလာသည်။

ကျွန်တော်သည် ဦးစွာပထမ ကင်းချရေးကို အရင် [...]ုပ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကျော် ၁၉၇၈ ခုနှစ် က တပ်ခွဲမှူး [...]ဝနှင့် သံလွင်ကို ဖြတ်ကူးပြီးအပြန် ကင်းကောင်းစွာ မချမိ၍ [...]င်းသမားတစ်ယောက်တည်း ထားခဲ့မိ၍ ထိုကင်းသမားကို ရန်သူ [...]ာသစ်သွားရာ ကင်းသမား ကျဆုံးခဲ့ရသည့် ခါးသီးသော အတွေ့ [...]ကြုံ ကျွန်တော့်မှာ ရှိသည်။ ထို့ကြောင့် ယခု ပွန်ချောင်းဖြတ်[...]တော့



www.burmeseclassic.com

www.burmeseclassic.com



ကင်းချတာကို အရင်လုပ်နိုင်းရသည်။ ကင်းသမားကို တစ်ယော…
တည်း မထား၊ နှစ်ယောက်တွဲ ချနိုင်းလိုက်သည်။

ပွန်ချောင်းကား တဟဲဟဲ တရှဲရှဲ မြည်ကာ ရေနီနီမျာ…
ဒလဟော စီးဆင်းနေသည်။ တစ်နာရီ မိုင် ၂၀၊ ၃၀ တော့ ရှိမည်…
ထင်၏။

''ကဲ ... တပ်ခွဲမှူးတွေ လှိုင်မြစ်မှာ လေ့ကျင့်လာ…
တဲ့အတိုင်း လုပ်ကြ။ ဗိုလ်ကြီးမင်းသွင်နဲ့ ခွဲ (၄) က အလေးအ…
တွေ ထားခဲ့၊ အရန်ရိက္ခာနဲ့ ခဲယမ်းတွေ ထားခဲ့။ ဒို့ သယ်ခဲ့မယ်…
ပေါ့ပေါ့ပါးပါးနဲ့ အမြန်ကူးပြီး အမြန်ဆက်ထွက်''

ဗိုလ်ကြီးမင်းသွင်က အလွန်လျင်သည်။ သူ့တပ်ခွဲက လက်…
ရွေးစင် တပ်စိတ်က အကျီချွတ်ပြီး ပွန်ချောင်းကို လက်ပစ်ကူ…
သွားကြသည်။ ကင်းချပြီးသည့်နောက် ကမ်းနှစ်ဖက်လုံးမှာ …
ခုတ်ကာ ဖောင်တွေ လုပ်သည်။ ထို့နောက် ဟိုဘက်ဒီဘက် ကြိုး…
တန်းလိုက်ကြ၏။ ကြိုးသုံးချောင်းလောက် တန်းပြီးသောအခါ…
အသင့်အတင့် ရေကူးတတ်သူများက ရေစီးထဲ မျောပါမသွားအောင်…
ကြိုးကို ကိုင်ထိန်းပြီး ကူးသွားကြ၏။ ဖောင် နှစ်ခု၊ သုံးခုကို နာ…
ဝက် တစ်နာရီခန့် လုပ်လိုက်ရပါသည်။

ဗိုလ်ကြီးမင်းသွင်တပ်ခွဲက ဟိုဘက်ကမ်းမှာ လူစုံသည့်အခါ…
ချက်ချင်းဆက်ထွက်သွားကြသည်။

ကျွန်တော်က အချိန်ယူပြီး လက်နက်ကြီးများ၊ အရန်…
ကျည်များ၊ အပိုဆောင်းရိက္ခာများကို ဖောင်ပေါ်တင်ကာ စနစ်တကျ…
ဖြတ်ကူးစေသည်။ ဖောင်တွေကို ကြိုးနဲ့တုတ်ပြီး ဆွဲရသည်…
ထိုးဝါးတွေ၊ လှော်တက်တွေ သိပ်မနိုင်ပါ။ ထို့ကြောင့် တန်းထား…





…ာ ကြိုးများအတိုင်း ကပ်ပြီး ကြိုးနဲ့ဆွဲနိုင်းရသည်။ ဒါမှ ရေစီးမှာ
…ပါမသွားမှာ။ ကူးရင်း ကူးရင်း မိုးမှောင်က ကျလာ၏။
…မမှောင်ခင် ကူးပြီးအောင် တွန်းအားပေးရ၏။

အရင် ဟိုတုန်းက မြစ်ကူးစစ်ဆင်ရေးများမှာ အသံမလုံ၍
…ရောက်ခဲ့ဖူး၏။ ယခုတော့ မလိုလားအပ်ဘဲ စကားတောင်
…မပြောနိုင်းပါ။ သတင်းမပေါက်ကြားအောင် ဂရုစိုက်ခဲ့ပါသည်။

အကျိုးပေးပါသည်။

မှောင်စပြုံးချိန်၌ ခွဲ (၄) ထွက်သွားရာ သိပ်မကြာပါခင်မှာ၊
သေနတ်သံများ ကြားရ၏။

''ပတောက် ... ပတောက် ... ဖောင်း ... ဖောင်း
… ... ဂျိမ်း ... ဂျိမ်း''

စက်ဖွင့်၍ ''ဘာလဲ'' ဟု လှမ်းမေးရာ ရန်သူအဖွဲ့ငယ်
…နှင့် တွေ့ဆုံပစ်ခတ်မှုဖြစ်ကြောင်း၊ တစ်လောင်းနှင့် ၂ လက်မ
…ပြောင်းတစ်လက်၊ ဗုံးသီး ၅ လုံး ရလိုက်ကြောင်းဖြစ်၏။

ပွဲဦးထွက် လာဘ်ကောင်းသွားပေပြီ။

ရည်မှန်းချက် ပျောက်သွားမည်စိုး၍ ရန်သူကို ဆက်မလိုက်
… ဆက်ထွက်ရန်မှာရ၏။ ခွဲ (၄) တိုက်ပွဲဖြစ်သည့် ပွိုင့် ၃၉၇၅
… တစ်ရင်းလုံး ရောက်သော် လုံးဝမှောင်နေပေပြီ။ ရန်သူမှာ ရလ
… အနီဖြစ်၏။ အလောင်းကို ပစ်မထားခဲ့ဘဲ ကောင်းစွာ ကျင်းတူး
…ပေးခဲ့ပါသည်။ ပွိုင့် ၃၉၇၅ မှ ဒေါတနော ပွိုင့် ၃၆၈၄ တို့အား
…ပတ်တက်ရ၏။ ညမှာ မိုးမှောင်ကျနေ၍ ဘာမှမမြင်ရသဖြင့်
…လုံးကို မီးထိုးခွင့်၊ မီးတုတ်သုံးခွင့် ပေးလိုက်ရ၏။ လျင်မြန်မှု
… လုံခြုံမှုကိုတော့ လျှော့ရပေမည်။ လမ်းကလည်း ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုကျောက်ကြား ခပ်ဆိုးဆိုး။ လဲလိုက် ကွဲလိုက်ဖြင့် တစ်ညလုံး တစ်ရေးမှ မပေးလိုက်ရဘဲ ''သွားဟ၊ သွားဟ'' ဆိုပြီး အတင်းမောင်းတင် ချီတက်ခဲ့ရသည်။

မနက် ၇း၀၀ နာရီအချိန်တွင် စက်ခေါ်ရာ ခွဲ (၄) က နားအွမ်ရွာရောက်သွားပြီး ဘာမှမထူးသေးကြောင်း သတင်းပို့… မိမိတို့မှာက အလေးအပင်များနှင့် ဖြစ်နေ၏။ ခွဲ(၄)လောက် ခရီးမတွင်ပါ။ သို့ရာတွင် ၀၈း၀၀ နာရီတွင်တော့ ရည်မှန်းချက် နားအွမ်ရွာသို့ ရောက်ပါပြီ။

''ဟူး ... ခုမှပဲ သက်ပြင်းချနိုင်တော့တယ် ကိုမင်းသွင်ရေ''

ကျွန်တော်က ရွာထိပ်မှ လာစောင့်နေသည့် ဗိုလ်ကြီးမင်းသွင်အား ပြောလိုက်ရာ သူက ...

''တပ်ရင်းမှူးကြီး လောလောဆယ် ဘာမှ မထူးခြားပါဘူးခင်ဗျ။ ရွာက ရှမ်းရွာလေးပါ။ အိမ်အလုံး ၂၀ ကျော်နဲ့ တောင်ဘက်မှာ ဘုန်းကြီးကျောင်းရှိပါတယ်။ ကျောင်းဘက်မှာ ကျွန်တော့်တပ်ခွဲယူထားပါတယ်။ တပ်ရင်းမှူးကြီးနဲ့ နှစ်ခွဲတော့ ရွာထဲမှာနေဖို့ လုပ်ထားပါတယ်ခင်ဗျ''

''ကောင်းပြီလေ။ ကိုမင်းသွင်ပဲ ကျန်တဲ့တပ်ခွဲမှူးတွေနဲ့ ည…ပြီး နေရာချလိုက်ပါ။ မဆူညံစေနဲ့။ ဗိုလ်ကြီး တင်သိန်းနဲ့ ဗိုလ်တင်ကိုကိုတို့က လက်နက်ကြီးတွေ တစ်ခါတည်း ဆင်ထားကွာ။ တို့လည်း ရောက်ဖူးသေးတာ မဟုတ်ဘူး။ အရေးတ… အကြောင်းဟဲ့ဆို ပစ်နိုင်အောင် လုပ်ထား''

ဟု မှာရ၏။ သူတို့အားလုံးက ...





''တပ်ရင်းမှူးကြီး နားပါဦးခင်ဗျ။ တစ်ကိုယ်လုံး ရွှံ့ဗွက်…ချည်းပဲ''

အားလုံးက ဝိုင်းနားခိုင်းသဖြင့် ကျွန်တော်သည် စစ်ကြောင်း…ချပြုသည့် အိမ်ကလေးပေါ်သို့ တက်လိုက်၏။ ရှမ်းအဘိုးကြီး…ကြီး ဖနီးမောင်နံ့နှင့် ကလေးနှစ်ဦး၊ ၎င်းတို့အမေ အသက် … ခန့် အမျိုးသမီးတစ်ဦးကို အိမ်မှာတွေ့၏။ အိမ်အားလုံးမှာ…ခင်း ထရံကာ၊ သက်ကယ်မိုးအိမ်ကလေးများ ဖြစ်ကြသည်။ …ရွာများက သက်ကယ်မိုး၍ ကယားရွာများက အင်ဖက်မိုး…သည်။ ကျွန်တော်သည် အဝတ်အစားလဲကာ မောမောနှင့် …ဖက်ရည်တစ်ခွက်သောက်နေ၏။ အချိန်ကား မနက် ၀၈း၃၀ …ခန့် အချိန်ခန့်ဖြစ်သည်။ ရွာတွင်း တပ်ခွဲသုံးခွဲ ရောက်ရှိ…ချပြီးချိန်လည်း ဖြစ်၏။

ကျွန်တော်သည် အိမ်ရှင် အဘိုးကြီးအဘွားကြီး ဖနီး…င်နံ့အား လက်ဖက်ရည် တစ်ခွက်စီတိုက်ပြီး တတ်သလောက် …သလောက် ရှမ်းစကားဖြင့် ပြောနေ၏။ အိမ်ရှင်ဖနီးမောင်နံ့ …လည်း ကျွန်တော့်အား...

''ဩ ... ကွန်းလုံ၊ ကွန်းလုံ''

ဟု ပြန်ပြောရင်း စကားကောင်းနေ၏။ ထိုစဉ် ရွာ…ာင်ဘက်ထိပ်မှ ...

''ဖောင်း ... ဖောင်း ... ဖောင်း ... ဝေါ ... ဝေါ…ါ''

ရုတ်တရက် ကျီသရီးသံများ ထွက်လာ၏။ ထို့နောက် ...

''ဒက် ... ဒက် ... ဒက် ... ဒက် ... ဒက်...



www.burmeseclassic.com

www.burmeseclassic.com



ဒက်''

ဆိုသည့် ဂိုဖိုးအတွဲလိုက် ဆွဲသံများကြားရ၏။

''ဟေ့''

''တင်ကိုကိုနဲ့ ဗိုလ်ကြီးတင်သိန်း မေးစမ်းပါဦးကွ။ အ... တွေဖြစ်နေတာလဲလို့''

ကျွန်တော်၏ စကားသံ မဆုံးလိုက်ပါ။

''အုံးခနဲ ... အုံးခနဲ'' ၈၁ မီလီမီတာ စိန်ပြောင်း... ယူဆရသည့် လက်နက်ကြီးကျည်များ ရုတ်တရက် ကျရော... ပေါက်ကွဲလာသည်။ ကျွန်တော်လည်း အိမ်ပေါ်မှ လွှား... အောက်ခုန်ဆင်းလိုက်၏။ ကျွန်တော် ဆင်းအလိုက်တွင် နောက်... ''အုံးခနဲ'' ကျလာသည့် တစ်လုံးက လှေကားခြေရင်း၌ ကျကွဲသွ... ၏။ ဖွားခနဲ Splinter စများ။ မြေမှုန့်များ လွင့်ပျံသွား၏။ ကျွန်တေ... က မြေပေါ်ဝပ်လိုက်မိ၍ ခေါင်းပေါ်ကျော်သွားပြီး အိမ်တိုင်မှ... မှန်သွား၏။ အိမ်အောက်ရှိ ကျွဲနှစ်ကောင်ကိုလည်း သွားထိ၏။

''ဟေ့ ... ဗိုလ်ကြီးတင်သိန်း ရန်သူကျည်လာတဲ့ဘက်... ၆၀–ရော၊ ၈၁–ရော အမြန်ပြန်ပစ်။ အမြန်ပြန်ပစ်''

ကျွန်တော်လည်း ဝပ်နေရာမှ လှမ်းအော်ရာ ဗိုလ်... တင်သိန်းက အပြေးအလွှားဖြင့် လက်နက်ကြီးများ ပြန်ပ... တော့သည်။ အုံးခနဲ၊ ဂျိမ်းခနဲ သူပစ် ကိုယ်ပစ် ပစ်နေကြ... ကျွန်တော်တို့က စိတ်ပေါက်ပေါက်ဖြင့် အလုံးနှစ်ဆယ်၊ အစိတ်... ဆက်တိုက် ပစ်လွှတ်လိုက်မှ ရန်သူ့ဘက်က အပစ်ရပ်သွား... တော့သည်။ ပစ်ခတ်ချိန်မှာ ၁၅ မိနစ်ခန့်သာ ကြာပါ၏။

ဗိုလ်ကြီးမင်းသွင် အပြေးရောက်လာသည်။



''တပ်ရင်းမှူးကြီး ရွာတောင်ထိပ်ကို ရန်သူတွေ ဝင်လာ... ကင်းရှည်အဖွဲ့က ပစ်လိုက်လို့ တိုက်ပွဲ ဖြစ်တာပါ ခင်ဗျာ။ ...ကောင်းတယ် တပ်ရင်းမှူးကြီး။ ရန်သူနှစ်လောင်း၊ နှစ်လက် ...ခဲ့တယ်ခင်ဗျ''

''ဟေ့ ... ဟုတ်လား။ ကောင်းတာပေါ့ ကိုမင်းသွင်ရာ။ ... လာ သွားကြည့်ကြမယ်။ ဗိုလ်ကြီးတင်သိန်းက ကျန်တဲ့ ...ခွဲမှူးနှစ်ယောက်နဲ့ ရွာပတ်စစ်ပြီး ဘာဖြစ်သေးလဲ ကြည့်ပါ။ ...တင်ကိုကိုက ငါနဲ့လိုက်ခဲ့ကွာ။ ကိုးနာရီ **Call** မှာတော့ ဗျူဟာ ...ထူးခြားဖြစ်စဉ်ရှိကြောင်း တင်ပြလိုက်ပါ''

ကျွန်တော်တို့သည် ရွာတောင်ဘက်အထွက် ကိုက် ၅၀၀ ...ကွာ ရေချောင်းငယ်လေးအစပ်တွင် ရန်သူနှစ်ဦး မှောက်ခုံ ...သေဆုံးနေသည်ကို တွေ့ရပါ၏။ အမ် ၁၆ သေနတ်နှစ်လက် ...တော့ ခွဲ (၄) က ယူထားပြီးပါပြီ။

''ကင်းရှည်ချတော့ ဒီအဝင်လမ်းကိုထိန်းပြီး နှစ်ယောက်ကို ...စ်ယောက် လမ်းတစ်ဖက်တစ်ချက်စီမှာ ချထားတယ်ခင်ဗျ။ ...ယောက်တွဲထားရင် စကားပြောနေပြီး ရန်သူလွတ်မှာစိုးလို့ ...တာ။ အခု ဒီကောင်တွေ ပို့င်က ၆ ယောက်တက်လာပြီး ...ချောင်းမှာ သေတဲ့နှစ်ယောက်က ချောင်းစပ်မှာ ရေခပ်တယ်။ ...တော့်ဆီက ကင်းသမားလူသစ်က ဟေ့ ဘယ်အဖွဲ့ကလဲလို့ ...တာနဲ့ ပြန်လှည့်ပြေးတော့တာပဲ''

''အဲဒါ ကျန်တဲ့ ကင်းသမားလူဟောင်းက ကပ်ပြီး ဂိုဖိုးနဲ့ ...တ်လိုက်တာ နှစ်ယောက်လုံး ကျသွားတယ်။ သူ့ပစ်မှ လူသစ် ...ကလည်း လိုက်ပစ်တာ။ နောက်က **Main Body** ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးကြီး **Main Body** က အကြီးနဲ့ ထောက်ထားတာ ဒီကောင်တွေ အသံကြားလို့ နောက်လည်း ပြန်ပြေးရော နောက် အကြီးနဲ့ ကျွန်တော်တို့ရွာထဲ လှမ်းပစ်တော့တာပါပဲခင်ဗျ''

''သူတို့နေရာယူထားတဲ့ ခြေရာလက်ရာတွေ ကျွန်တော် ကြည့်ပြီးပြီ။ အားလုံး လူတစ်ရာတော့ကျော်မယ် တပ်ရင်းမှူးကြီး

ဗိုလ်ကြီးမင်းသွင်က ဒီခွင်က ရန်သူ့အထာပေါက်သူဖြစ် ထို့ကြောင့် ကျွန်တော်လည်း ခေါင်းညိတ်ပြီး . . .

''ကိုမင်းသွင်နဲ့ ခွဲ (၄) နှစ်စု၊ ခွဲ (၁) နှစ်စု ရန်သူ့နော လိုက်ရှင်းပါ။ ဒီနေ့တော့ ဒီမှာပဲ ပတ်လည်လုံခြုံမှုယူပြီး နေ တာပေါ့။ နားမှရမယ်။ ဘယ်သူမှ မအိပ်ရသေးဘူး။ သုံးလေး သုံးလက်အတွက်တော့ ဆုငွေ သုံးထောင်ပေါ့။ ရန်သူနှစ်ယော ရအောင် ပစ်လိုက်တဲ့ ကင်းသမားရဲဘော်ကို **Field Promoti** အနေနဲ့ ဒုတပ်ကြပ် အခုတပ်ပေးလိုက်ပါ''

ကျွန်တော်သည် ကျဆုံးသွားသော ရန်သူနှစ်ဦးကိုကြည့် ခပ်ငယ်ငယ်ချောချောလေးများ ဖြစ်သည်ကို စိတ်မကောင်းစ တွေ့ရ၏။ ၎င်းတို့စစ်အင်္ကျီ ပခုံးတံဆိပ်ကိုကြည့်ရာ မနေ့က အ နှင့်မတူပါ။ သူတို့က တစ်မျိုးဖြစ်၏။ ဘိန်းလုပ်နေသည့် အဖွဲ့တွေ

မည်သို့ဆိုစေ ကောင်းစွာ မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်ပါ ရန်သူဝင်လာရာ လမ်းကြောင်းများကိုလည်း အသေအချာ လိုက် ကြည့်လိုက်ပါ၏။ အမှန်ပင် လူတစ်ရာကျော်ခန့် ခေတ္တနားထာ သည့်နေရာများကို တွေ့ရ၏။

ရွာထဲပြန်ရောက်သော ကျွန်တော်နေသည့်အိမ်မှ နှစ်ကောင် ပြင်းထန်စွာ ဒဏ်ရာရပြီး သေဆုံးသွားသည်မှ လွ





ည်သူမျှ အထိအခိုက်မရှိပါ။ ထိချင်းထိရင် အိမ်အောက်ခုန်ဆင်း ိုက်သည့် ကျွန်တော်သာ ထိနိုင်၏။ အဘယ်ကြောင့်ဆိုသော် ာက်နက်ကြီးကျည်ကျသည့်နေရာနှင့် ကျွန်တော် ဝပ်သည့်နေရာမှ ာစ်လံသာသာသာ ဝေးသောကြောင့်ပါတည်း။

ထောက်လှမ်းရေးအရာရှိ ဗိုလ်တင်ကိုကိုက . . .

''တပ်ရင်းမှူး . . . အတော်ကံကောင်းတယ်။ တပ်ရင်းမှူး ခုန်ဆင်းပြီး ဝပ်တဲ့နေရာနဲ့ အလုံးကြီးကျတဲ့နေရာ ကပ်နေတယ်''

''သေနေ့စေ့မှ သေတာပါကွာ။ သေမယ်ဆိုရင် သေတာ ကြာပြီ ဟော့ကောင်ရေ၊ ထားလိုက်ပါကွာ''

ကျွန်တော်မှာ တပ်ရင်းတွင် ရာထူးအကြီးဆုံးမို့ ဟိတ်နှင့် ာန်နှင့် ပြောသာပြောရသည်။ လက်နက်ကြီး ကျသည့်နေရာနှင့် ကျွန်တော့်ခေါင်းမှာ မဝေးလှသဖြင့် အတော်တော့ဖျားသွားပါ၏။

''ကဲ . . . တင်ကိုကို တို့နေတဲ့အိမ်က မဲထောက်ပေါ့ ထောက်ရဲ့ ကျွဲအသေနှစ်ကောင် ဝယ်လိုက်ကွာ။ စစ်ကြောင်းကို အသားပေါ်ပေးလိုက်။ ဒီညတော့ ကင်းရှည်ရှည်ထုတ်ပြီး နားကြ တာပေါ့''

သူတို့ကျွဲကြီးနှစ်ကောင်သေ၍ အိမ်ရှင်များမှာ မျက် ည်လည်ရွဲနှင့် ဖြစ်နေကြ၏။ မတတ်နိုင်ပါ။ ဖြစ်တတ်သည့်အရာ များသာ ဖြစ်ကြပါ၏။ သနား၍ ကျွဲနှစ်ကောင်ဖိုးကို သူတို့ကျေနပ် အောင် ပိုက်ဆံပေးခိုင်းလိုက်ပါသည်။

နေ့လယ်တွင် ဗိုလ်ကြီးမင်းသွင် ပြန်ရောက်လာ၏။

''ရန်သူတွေ အရှေ့တောင်ဘက် ဆုတ်သွားတယ် တပ် ရင်းမှူးကြီး။ ဒီကောင်တွေ သံလွင်မြစ်ဘက် ပြန်မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေါတဖွီးလောက်ထိ ရောက်ပါတယ်''

''ကောင်းပြီလေ။ ကိုမင်းသွင်နဲ့ ခွဲ (၄) နားပါ။ ဒီနေ့တော့ အားလုံးနားမှ ရမယ်''

ပွဲဦးထွက်အောင်ပွဲကြောင့် ထိုညက ကောင်းကောင်း အိပ်ပျော်သွားပါ၏။ အိပ်ရေးပျက်ပြီး ပင်ပန်းနေတာလည်း ပါမည် ထင်ပါသည်။ ဗျူဟာကလည်း ကျေနပ်ကြောင်း ကြေးနန်း ဝင်လာပါသည်။

အထက်ဌာနက ကျေနပ်သည်ဆိုလျှင် လုပ်ရကျိုးနပ်ပါပြီ။

❖ ❖ ❖

နားအွမ်တွင် နှစ်ရက်ခန့် ပတ်ဝန်းကျင်ရှင်းရင်း နားလိုက် ရ၏။

မြောက်ဘက် ကဒူးကြီး ဝင်ရှင်းသည့် ဗိုလ်ကြီးလှရွှေ စစ်ကြောင်းက ပွိုင့် ၄၉၄၅ အနီးတွင် ရန်သူအဖွဲ့ငယ်တစ်ဖွဲ့နှင့် ထိတွေ့မှုတစ်ခုဖြစ်၍ တစ်လောင်းနှင့် အမ်-၂၁ တစ်လက် ရ လိုက်၏။ မိမိဘက်မှ တစ်ယောက်ကျသွား၏။ စစ်တိုက်တာမဲ့ ပန်းနဲ့ပေါက်တာမှ မဟုတ်ဘဲ။ ဟိုဘက် ဒီဘက် အကျအဆုံးတော့ ရှိတတ်ပါ၏။

နောက်ရက်များတွင် ဗျူဟာမှ ဟွေလိုင်းကို ရှင်းနိုင်ရင် ရှင်းပါဟုဆို၏။ ရိက္ခာကလည်း ကုန်လုပြီ။ မြန်မြန် မရှင်းက ထမင်းငတ်တော့မည်။ ထို့ကြောင့် တပ်ခွဲမှူးများနှင့် ဆွေးနွေးပြီး ဟွေလိုင်းရှင်းရန် ပြင်ဆင်ရ၏။ ထိုနေ့က ဆွေးနွေးပွဲ၌ ပြီးခဲ့သည့် ဖြစ်စဉ်များတွင် ကင်းသမား ကောင်းသောကြောင့် နှစ်လောက်





နှစ်လက် ရခဲ့သည်ကို ဆွေးနွေးဖြစ်ကြ၏။

''စစ်မြေပြင် ကင်းစောင့်တစ်ယောက်ရဲ့ သိထားရမယ့် အချက်တွေနဲ့ ပစ်ခတ်မှုနေရာကောင်းတစ်ခုရဲ့ ပြည့်စုံရမယ့်အချက် တွေ သိတဲ့သူပြောကွာ''

ကျွန်တော်က ဆိုလိုက်ရာ အားလုံးက အလိုက်သိစွာဖြင့် ''တပ်ရင်းမှူးကြီးပဲ ရှင်းပြပါခင်ဗျာ'' ဟု ဆိုကြ၏။

''နေတင်းနယ်တပ် ထင်ရှားမှတ် ချဉ်းကပ်လုပ်ဆောင်ဖွယ်။ လှည့်ကင်းဝင်ထွက် စကားဝှက် ပေးချက် လုပ်ဆောင်ဖွယ်ဆိုတာ စစ်မြေပြင် ကင်းစောင့်သိထားရမယ့်ဟာတွေလေကွာ။ နေ - မိမိ တည်နေရာ၊ တင်း - ရန်သူ့သတင်း၊ နယ် - နယ်မြေအခြေအနေ၊ တပ် - တပ်ချထားမှု၊ ထင်ရှားမှတ် - ထင်ရှားတဲ့ အမှတ်အသား၊ ချဉ်းကပ်လုပ်ဆောင်ဖွယ် - ရန်သူချဉ်းကပ်လာရင် လုပ်ဆောင် ရမယ့်အချက်တွေ၊ လှည့်ကင်းဝင်ထွက် - မိမိလှည့်ကင်း ဝင်ထွက် ချိန်တွေ၊ စကားဝှက် - မိမိတို့ သတ်မှတ်ထားတဲ့ စကားဝှက်၊ ပေးချက် - အချက်ပေးရင် လုပ်ရမယ့်ဟာတွေပေါ့၊ ဒါတွေ သိထား ရင်ပြီ။ အဲဒါတွေသိအောင် ရဲဘော်တွေကို သင်ပေးကြပါ''

''ပစ်ခတ်မှုနေရာကောင်းကတော့ကွာ ကျည်ကွယ် မျက် ကွယ်ရှိရမယ်။ တက်လမ်းဆုတ်လမ်း ကောင်းရမယ်။ မီးရောင်နဲ့ မီးခိုးကို အကာအကွယ်ပေးနိုင်တဲ့နေရာဖြစ်ရမယ်။ မိမိက ရန်သူကို ကောင်းစွာမြင်နိုင်ပြီး ရန်သူက မိမိကို မမြင်နိုင်တဲ့နေရာဖြစ်ရမယ်။ မိမိလက်နက်ကို အစွမ်းကုန် အသုံးချနိုင်တဲ့နေရာ ဖြစ်ရမယ်။ အဲဒါတွေပါပဲ''

ကျွန်တော် စကားဆုံးသည်နှင့် ဗိုလ်တင်ကိုကိုက ...



www.burmeseclassic.com

www.burmeseclassic.com



"တပ်ရင်းမှူးကြီး ... ဒီကပြန်ရင် ဗိုလ်လောင်းကျူရှင်ဖွင့်စားလို့ရပြီခင်ဗျာ" ဟု ဝင်နောက်လိုက်၏။

"အောင်မယ် ... ခွေးမသား။ မင်းကလား ငါ့ကို"

ကျွန်တော်က ရယ်ကျဲကျဲနှင့်ဆိုလိုက်သောအခါ အားလုံးက ပြုံးကြပါ၏။ မိမိစစ်သည်များ၏ ချစ်ကြောက်ရိုသေမှုကိုရမှ ခေါင်းဆောင်ကောင်းဖြစ်မည်။ အောင်ပွဲရမည်ကို ကျွန်တော် ယုံကြည်ထားပါသည်။ ထို့ကြောင့် တပည့်များနှင့် ရင်းရင်းနှီးနှီး နေဖြစ်ခဲ့ပါသည်။

"ကဲ ... နက်ဖြန် ဟွေလိုင်း ရှင်းမယ်။ အားလုံး အသင့်ပြင်ထား။ ဒီတစ်ခါတော့ ရှမ်းကြီးသန်းနိုင် အလှည့်ပဲ"

❖ ❖ ❖

နောက်တစ်နေ့တွင် ဟွေလိုင်းသို့ ထွက်ခဲ့၏။

ဟွေလိုင်းမှာ သောင်းကျန်းသူတို့၏ သံလွင်မြစ်ကူးစခန်းကြီးဟု ဆို၏။ ထုံးစံအတိုင်း လမ်းပြမရှိ။ **Compass March** ပင် ဖြစ်၏။ လမ်းမှာတွေ့သည့် ရွာသား တစ်ဦးစ နှစ်ဦးစကလည်း ထွက်ပြေးကြ၏။ မည်သူကမျှ အတွေ့မခံပါ။ ကျွန်တော်တို့မှာ လမ်းပြမပါ၍ အင်တောများ၊ ကျောက်တောင်များကြားတွင် ဟိုတက်ဒီတက်ဖြင့် လမ်းပျောက်သွား၏။ ပွိုင့် ၃၂၂၇ အနီးရောက်ချိန်တွင် နေ့လယ် ၁၂း၀၀ နာရီထိုးပြီ။

"ဘယ်လိုလဲ ရှမ်းကြီး မင်း လမ်းရှာမတွေ့ဘူးလား"

ကျွန်တော့်တပ်တွင် သန်းနိုင် နှစ်ယောက်ရှိရာ တစ်ယောက်က ရှမ်း၊ တစ်ယောက်က ထားဝယ်။ ထို့ကြောင့် ရှမ်း





...သန်းနိုင်၊ ထားဝယ်သန်းနိုင်ဟု ခွဲခြားထားရ၏။

"ဟုတ်တယ် တပ်ရင်းမှူး။ လမ်းပျောက်နေပြန်ပြီ"

ကျွန်တော်တို့သည် ပွိုင့် ၃၂၂၇ အနီးရှိ ကျောက်တောင်တစ်ခု၏ လူသွားလမ်းယောင်ယောင် လမ်းဘေးတွင် ထိုင်နေရာ ...းမဝေး၍ စက္ကူစလေးများ ဆုတ်ဖြဲထားသည်ကို တွေ့ရ၍ ကျွန်တော်က ကောက်ခိုင်း ၏။

"ကဲ ... တင်ကိုကို ကော်ကပ်ပြီး ဆက်ကြည့်စမ်းကွာ"

ဗိုလ်တင်ကိုကိုက ဆက်ကြည့်၏။

"ဟာ ... တပ်ရင်းမှူး ဟွေလိုင်း ကွဲ၊ နွား အကောက် ...တ် လက်မှတ်ပဲ"

"နေ့စွဲပါလား"

"ပါပါတယ်ခင်ဗျ။ မနေ့ကနေ့စွဲပါ"

"အဲဒါဆိုရင် ဒီနားမှာ ဂိတ်ရှိမယ်ကွ။ တပ်ဖြန့်ရှာဖို့ တပ်ခွဲ...တွေကို ပြောကွာ"

ချက်ချင်းပင် တပ်ခွဲသုံးခွဲဖြင့် တပ်ဖြန့်ရှာကြ၏။ သိပ်...ရှာရပါ။ မိနစ်နှစ်ဆယ်ခန့်သာကြာ၏။ ရှမ်းကြီး ပြေးလာသည်။

"တွေ့ပြီ ... တွေ့ပြီ" ဟု ဝမ်းသာအားရပြော၏။

ကျွန်တော်တို့ စစ်ကြောင်းနားနေသည့်နေရာနှင့် ကိုက်တစ်ထောင်ခန့် မရှိတရှိတွင် အင်ဖက်တဲတန်းလျား ဆယ်ခုနှင့် ...မှောင်ခိုစခန်းကြီးအား တွေ့ရပါသည်။ စခန်းတွင် လူတစ်ဦးတစ်ယောက်မျှ မတွေ့ပါ။ လူနေသည့် လက်ရာ ခြေရာများကိုကား ...ထင်အရှား တွေ့ရပါသည်။ ဘေးနားတွင် ရေချောင်းကလေးရှိနေ၍ ...မင်းမစားရသေးသဖြင့် ခေတ္တအခြေပြုကာ မနက်စာစားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေစဉ် တောင်ဘက်တွင် နေရာယူထားသည့် ခွဲ (၄) မှ ပစ်ခတ်မှုဖြစ်၏။ သိပ်မပစ်လိုက်ရပါ။ ''ဒိုင်း ... ဒိုင်း ဒိုင်း ... ဒိုင်း'' ဖြင့် လေးငါးဆယ်ချက်သာ ပစ်ရ၏။ ရန်သူတစ်လောင်းနှင့် ဘေးလွယ်အိတ်တစ်လုံး သိမ်းဆည်းရမိရာ ကံကောင်းစွာပင် လမ်းဘမ်းပစ္စတိုခေါ် ၉ မမ ကျည်နှင့် ပစ်ရသည့် တစ်ချက်ပစ်ခြောက်လုံးပြူးတစ်လက်နှင့် ငွေတစ်သိန်းခုနစ်သောင်း ရလိုက်၏။ ၎င်း၏ ကိုယ်ပေါ်မှ ရရှိသည့် စာရွက်စာတမ်းများအရ ရန်သူ့အကောက်အဖွဲ့မှ ဖြစ်သည်ကို သိရပါသည်။

''အင်း ... ဒီစစ်ဆင်ရေးကတော့ ခွဲ (၄) အောင်ပွဲပဲ''

ချီးကျူးစကားဆိုမိ၏။

ခွဲ (၄) မှူး ဗိုလ်ကြီးမင်းသွင်အား ဟော့လိုင်းကူးတို့ထိ လေးစုဖြင့် ရှင်းခိုင်းလိုက်၏။ ကူးတို့တွင် ရန်သူအနည်းငယ်နှင့် ပစ်ခတ်မှု ခဏဖြစ်၍ စီးမြင်းတစ်ကောင် ရလိုက်ပြန်၏။ ရန်သူသုံး စက်လှေများကမူ သံလွင်အရှေ့ဘက်ကမ်း မောင်းပြေးကြ၏။

ထိုနေ့ညမှောင်မှ ဗိုလ်ကြီးမင်းသွင်နှင့် လေးစုပြန်ရောက်လာသည်။ ဟော့လိုင်း နွားမှောင်ခိုစခန်းမှာပင် ထိုတစ်ညအား အခြေပြုလိုက်ရ၏။

ငါးရက်စာ ရိက္ခာလည်း ကုန်သွားပါပြီ။

❖ ❖ ❖

ရိက္ခာများ ကုန်သွား၍ အခြေအနေကို ဗျူဟာသို့ တင်ပြရ၏။ ဗျူဟာက ရိက္ခာဆန့်စားရန် ညွှန်ကြား၏။ သံလွင်နှင့်နမ့်မတိန်း၊ ချောင်းဆုံရှိတာဆွတ်တိန်ကူးတို့ကိုလည်း ရှင်းခဲ့ပါဦး





ဟု ညွှန်ကြားပြန်၏။ တာဆွတ်တိန်ကို နှစ်ရက် ရှင်းလိုက်ရပါသည်။ ကျွန်တော်ကတော့ ဆန်လက်ကျန်လေးနှင့် ထမင်းစား၍ ရနေသေး၏။ ရဲဘော်များကတော့ ကျွဲသားနှင့် ဆန်ပြုတ် ပြုတ်သောက်နေရသည်။ ကြာသော် အားလုံး ကျွဲညှီနံ့ ပေါက်လာ၏။ တာဆွတ်တိန်တစ်ဝိုက်တွင် ရန်သူ့စခန်းဟောင်းများ၊ ခိုးထုတ်ရန် ပြင်ဆင်ထားသည့် သစ်လုံးများသာ တွေ့ခဲ့ရ၏။

ဘာထူးခြားမှုမှ မဖြစ်တော့ပါ။ ထိုအခါကျမှ ဗျူဟာ က ...

''လုပ်ဆောင်မှုအားလုံး ကျေနပ်ပါသည်။ ကန ရလျှင် ခြင်း ဆီဆိုင်သို့ တစ်ရင်းလုံး ဝင်ရောက်ပါ''

ဆိုသည့် ကြေးနန်းပို့လာပါ၏။

ကျေနပ်ရမှာပေါ့ခင်ဗျာ။

စစ်ဆင်ရေးကာလ ရက်သတ္တနှစ်ပတ်လောက်အတွင်းမှာ တိုက်ပွဲငါးပွဲလောက်ဖြစ်ပြီး လူအသေ ၅ ယောက်၊ လက်နက်ငယ် ၅ လက်။ စီးမြင်းတစ်ကောင်၊ ငွေက ၁ သိန်း ၇ သောင်းကြီးများတောင် ရလိုက်ပြီးပြီ။ ထိုစဉ်က ထိုငွေမှာ လူစီးမော်တော်ကားတစ်စီး ကောင်းကောင်းဝယ်နိုင်ပါသည်ခင်ဗျား။

''ကဲ ... ဗိုလ်တင်ကိုကိုရေ ဒို့ကို ဘာခိုင်းဦးမှာလဲလို့ ဗျူဟာက ဗိုလ်ကြီးမျိုးချစ်ကို မေးစမ်းပါဦးကွာ''

''စောစောကတည်းက မေးပြီးပါပြီခင်ဗျ။ ကျွန်တော်တို့ တပ်ရင်း တော်တော်ပင်ပန်းသွားလို့ ဗျူဟာက မဲနယ်တောင်တန်း ပေါ်တက်ပြီး တစ်ရင်းလုံး အနားပေးဖို့ပါတဲ့ခင်ဗျ''

''အင်း ... တော်သေးတာပေါ့ကွာ။ ဒီတစ်ခါတော့ ဒို့



www.burmeseclassic.com

www.burmeseclassic.com



...ကြွဖြစ်တော့မယ်ဟေ့။ ကဲ . . . အဲဒါဆိုရင် ဆီဆိုင်သ... အချောက်ချီတက်ကြပေတော့''

ထိုစဉ်တွင် အသင့်ဖွင့်ထားသော ရေဒီယိုမှ အဆိုတော်ကြီး ဒေါ်တင်တင်မြ၏ တောင်တန်းပြာနှင့် ကျောပိုးအိတ်သီချင်း... လာနေသည်။

**''မြင်စေချင်စမ်းလှသည် xxx တောင်တန်းပြာစ... စခန်းမှာ xxx ကျောပိုးအိတ်ကိုလွယ်ချီ xxx စစ်သည် များ... xxx အားမန်တက်အသက်ပေးကာရည် xxx မျိုးသာကို xxx ဇာနည်ဖွားတွေ xxx စွန့်စားဝံ့ကြွား xxx စွမ်းပကားပြကြသည် xxx ''**

ထိုအခါ ကျွန်တော်က သီချင်းကို နားထောင်ပြီး အောက်ပါအတိုင်း ရေရွတ်လိုက်၏။

''အစ်မကြီးဒေါ်တင်တင်မြရေ စွမ်းပကားကတော့ ဒါအစ... ရှိသေးတယ်ဗျို့''

အင်း . . . ဒီတစ်ခေါက် မြစ်ကူးစစ်ဆင်ရေးကတော့ တယ်မချောင်ပါလားဗျာ။

နိဂုံးချုပ်ဖော်ပြချက်

အထက်ဖော်ပြပါဖြစ်စဉ်ကား ကျွန်တော်တပ်ရင်းမှူးဘဝနှင့် ပထမဆုံးအကြိမ် ပွန်ချောင်းကို ဖြတ်ကူး၍ စစ်ဆင်ရေးလုပ်ခဲ့ရသည့် ဖြစ်ရပ်မှန်ပင် ဖြစ်ပါ၏။ တပ်ခွဲမှူးဘဝက မြစ်ကူးစစ်ဆင်ရေးနှင့် စာသော် အထူးတလည် လေ့ကျင့်ရေးကြောင့် အောင်မြင်မှုများ ရခဲ့ပါသည်။ မဲနယ်တောင်တန်းကြီးပေါ် ရောက်ပြီးနောက်တော့ ...း တောင်ခြေရင်းက ပွန်ချောင်းကို နောက်ထပ်အကြိမ်ကြိမ် ...ခါ ဖြတ်ကူးရပါသည်။ ပထမအခေါက် ဖြတ်ကူးမှု အောင်မြင်ခဲ့ ...မြစ်ကူးစစ်ဆင်ရေး၌ ယုံကြည်မှုရှိသွားပြီး ပွန်ချောင်းကို အောင် ...မှာ အကြိမ်ကြိမ် အခါခါ ဖြတ်ကူးနိုင်ခဲ့ပါ၏။

နောက်တော့ ချောင်းရိုးတစ်လျှောက် အထက်အောက် ...န့်လှေ့လာပြီး လူကူးတံတားကလေးများ ရှိသည့်နေရာက ကူး ...သည်။ ပထမအခေါက်တုန်းကတော့ မသိလိုက်လို့ပေါ့ခင်ဗျာ။ ...ခံများက ပွန်ချောင်းပေါ်၌ လူကူးကြိုးတံတားကလေးများ ...လေးငါးခုလုပ်ထားပါသည်။ ဒါကလည်း အနေကြာမှ သိလာ ...ည်။ သိတော့လည်း တံတားက ကူးခဲ့ကြသည်။ တံတားက ကူး ...ာ့ သိပ်မစွန့်စားရဘူးပေါ့။ အဆင်ပြေပါသည်။ မည်သို့ပင်ဖြစ်စေ ...စစ်ဆင်ရေးကာလက ရန်သူ့ထံမှ အလောင်းလက်နက် အတော် ...များရလိုက်သဖြင့် ထိုစစ်ဆင်ရေးအပြီးတွင် ကျွန်တော်၏ ခလရ (၆) သည် တပ်မ (၇၇) တွင် စစ်ရေးစွမ်းရည် ပထမ ရ၍ ဦးရေး ...ာက် အောင်တံခွန်ဗိုင်းနှင့် တပ်မမှူး၏ အလံနီဒိုင်းဆုကြီးကို ...မြင့်ခြင်းခံရပါသည်။

ဤသည်မှာ ပွန်ချောင်းခေါ် နန့်ပွန်ချောင်းအား ဖြတ်ကူးခဲ့ ...ည့် ခလရ (၆) ၏ မြစ်ကူးစစ်ဆင်ရေး အကြောင်းပါခင်ဗျား။

(၁၉၉၀ ခုနှစ်က စာရေးသူကိုယ်တိုင် ပါဝင်ခဲ့သော တကယ့် ...ဖြစ်အပျက်အား ပြန်လည်ရေးဖွဲ့ပါသည်)

■



မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မင်းရန်အောင် သို့မဟုတ် သံလွင်မြစ်ကူးစစ်ဆင်ရေးကြီး

[illegible]း

မင်းရန်အောင် သို့မဟုတ် သံလွင်မြစ်ကူးစစ်ဆင်ရေးကြီး။

မင်းရန်အောင်စစ်ဆင်ရေးကြီးကို တပ်မတော်မှ ၁၉၇၉ [illegible]တွင် ဆင်နွှဲခဲ့၏။

တကယ့် **Major Operation** ကြီး ဖြစ်၏။ ကကြည်းမှ [illegible]ရိုက်တာဝန်ယူပြီး ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ဗကပတို့ စိုးမိုးထား[illegible] သံလွင်အရှေ့ခြမ်းဒေသကို တပ်မကြီးလေးခုဖြင့် တိုက်သိမ်း[illegible]သည်။ အဓိကမှာ မော်ဖဒေသကိုတိုက်ပြီး ဗကပ ဗဟိုကို ထိန်း[illegible]ရန်ဖြစ်၏။

ဗကပတို့ကို မထိန်းလို့လည်း မရတော့။ ၁၉၆၈ မှစခဲ့သော [illegible] အရှေ့မြောက်စစ်ဒေသသည် ပထမ မုံးကိုးဖောင်းဆိုင်ကို [illegible]ခဲ့သည်။ ထို့နောက် တစ်စတစ်စ ဝနယ်မြောက်ပိုင်း ကိုးကန့် [illegible]သနှင့် နောက်တော့ ဝနယ်တောင်ပိုင်းကိုပါ တိုက်သိမ်းသွားသည်။ [illegible]ဖြည်း တောင်ဘက်ဆင်းချလာရာ ကျိုင်းတုံဒေသအထိ ထိုး[illegible]က်လာ၏။ ကျိုင်းတုံအရှေ့ခြမ်း ဝမ်မိုင်၊ ကျိုင်းကုန်း၊ ပါလျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းလယ်အထိ ဗကပတို့ နယ်ချဲ့လာသည်။ တာချီလိတ်မြော
ခြမ်း အတော်များများ၌ ဗကပတွေ လှုပ်ရှားလာကြသည်။

တိုက်ပွဲကြီးတွေလည်း ဖော်ထုတ်လာကြသည်။

၁၉၇၇ ခုနှစ် မေတွင် ပထမ နောင်လိုင်ပါဖန်တိုက်ပွဲ

၁၉၇၇ ခုနှစ် စက်တင်ဘာတွင် ချေးရွှေပန်ကောက် တို
ပွဲကြီး

၁၉၇၈ ခုနှစ် မတ်လတွင် ဒုတိယနောင်လိုင်ပါဖန်နှင့် ပွိုင့်
၆၀၄၁ တိုက်ပွဲကြီး

တိုက်ပွဲကြီးများ ဖော်ထုတ်ပြီး ဗကပ ဗဟိုသည် ၁၉
ခုနှစ်၌ မုံးကိုးဒေသမှ တရုတ်ပြည်ကြီးနှင့် ချောင်းလေးသာ
သည့် ပန်ဆန်းကို ရွှေ့လာသည်။ ပန်ဆန်းပြီးတော့ ပန်ယ
သိမ်းသည်။ ဒါသာမက ဗကပ ဗဟိုအသစ်က ဗဟိုကော်မ
အသစ်၏ ပထမအကြိမ် အစည်းအဝေးကျင်းပဖို့ စိုင်းပြင်းလ
ရှိ၏။ ဗကပတပ်မဟာများကို ဖျက်သိမ်းပြီး တပ်မကြီး ၂ ခုဖွဲ့
ကိုပါ စီမံဆောင်ရွက်လေတော့သည်။ တပ်မကြီးတွေ ဖွဲ့
လိုသည့်နေရာများ၌ လွန်းထိုးရွှေ့လျားကာ လှုပ်ရှားတိုက်ကွက်
ဖော်ရန် ကြံရွယ်လျက် ရှိကြ၏။

ဒါကို မြန်မာ့တပ်မတော်ကလည်း သိပါသည်။

ဗကပ နဂါးက ခေါင်းကို အရှေ့ဘက် တရုတ်နယ်စပ်
ထားပြီး အမြီးနှင့် မြန်မာနိုင်ငံအတွင်း ပတ်ရမ်းရန် အရိုန်ယူနေသ
ထိုသို့ ရမ်း၍မရအောင် ဗကပ နဂါးခေါင်းကို ဖိပြီး နှိမ်ထားမှရမ
ထိုသို့နှိမ်ထားရန်အတွက် မော်ဖကို တိုက်မှ ရမည်
အဓိကမှာ မော်ဖမြောက်ခြမ်းမှ ပွိုင့် ၆၀၂၈ စခန်းကြီးကို အမိအ





...မှရမည်။ ပွိုင့် ၆၀၂၈ မှ ပန်ဆန်းဆိုက တစ်ရက်ခရီးသာ
...သည်။ သိပ်မသွားရတော့။ ပွိုင့် ၆၀၂၈ ရဖို့ဆိုပါက မော်ဖဒေသ
...စ်ခုလုံးကို တိုက်မှရပေမည်။

ဤတွင် မော်ဖဒေသဆိုတာ ဘယ်မှာလဲ မေးစရာရှိလာ
...ါ။

မော်ဖဆိုတာ ဘယ်မှာလဲ။

## ...ော်ဖဆိုတာ ဘယ်မှာလဲ

မော်ဖသည် မြောက်ဘက်တွင် ပန်ယန်းပန်ဆန်း အရှေ့
...ဘက်တွင် နမ့်မခမြစ်၊ တောင်ဘက်တွင် နမ့်မခမြစ်နှင့် တောင်ကြီး
...ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီး၊ အနောက်ဘက်တွင် သံလွင်
မြစ်ကြီးကြားတွင် ရှိပေသည်။

ပထဝီသဘောအရ ပြောရမည်ဆိုက မြောက်လတ္တီတွဒ် ၂၁
ဒီဂရီနှင့် ၂၂ ဒီဂရီကြား အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီနှင့် ၉၉
ဒီဂရီကြားဖြစ်ပေသည်။

ဆက်စပ်မြို့နယ်များကို ဖော်ပြရလျှင် မြောက်ဘက်တွင်
...န်ယန်း၊ ပန်ဆန်းမြို့နယ်များ၊ အရှေ့ဘက်တွင် မိုင်းခတ်၊ မိုင်းယန်း
မြို့နယ်များ တောင်ဘက်တွင် တာကော်၊ မိုင်းပျဉ်းမြို့နယ်များ၊
အနောက်ဘက်တွင် မိုင်းရှူးမြို့နယ်တို့ ရှိပေသည်။

မော်ဖနှင့်ပတ်သက်၍ မင်းရန်အောင် စစ်ဆင်ရေးကာလက
...စထမှူး တာဝန်ယူခဲ့သည့် ဗိုလ်ချုပ်ကြီး သူရထွန်းရီက အောက်
...ါအတိုင်း ပြောခဲ့သည်။ ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ပန်ဆန်းနှင့် မော်ဖဒေသ**

ပန်ဆန်းမြို့သည် ဝဒေသတောင်ပိုင်း တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် နမ့်မခချောင်းဘေးတွင် တည်ရှိနေပြီး နမ့်မခချောင်းသည် ပန်ဆန်းကို 'ဂ'ငယ်ပုံ ပိုင်းပတ်စီးဆင်းနေပါသည်။ ထို့ကြောင့် ပန်ဆန်းတွင် ဌာနချုပ်ဖွင့်လှစ်ထားသည့် ဗကပဗဟိုအတွက် သဘာဝနယ်နိမိတ်သဖွယ် ဖြစ်နေပါသည်။

မော်ဖဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး ကျိုင်းတုံ မဟာဗျူဟာလမ်းမကြီး၏ သံလွင်မြစ်ဖြတ်ကူးသည့် တာကော်ကွန်ဟိန်းတံတားမှ မြောက်ဘက် သံလွင်မြစ်အရှေ့ခြမ်း တစ်လျှောက်လုံး မိုင်းရှူးမြို့ တစ်ဖက်ကမ်းအထိ ရှည်လျားကျယ်ပြန့်သော နယ်မြေဖြစ်သည့်အပြင် ပန်ဆန်းနှင့်လည်း နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါသည်။

မိုင်းရှူးမြို့သည် သံလွင်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ယခင်က မိုင်းရှူးစော်ဘွား အုပ်ချုပ်သော မြို့ဖြစ်၍ ထင်ရှားပါသည်။ ယခုအခါ ကျွန်တော်တို့၏ ရှေ့တန်းတပ်မ (၇၇) ကွပ်ကဲမှုဌာနချုပ် ဖွင့်လှစ်ထားပါသည်။

မော်ဖဒေသသည် ဗကပ ဗဟိုရှိရာ ပန်ဆန်းလုံခြုံရေး အတွက် အချက်အချာဒေသ ဖြစ်လာပါသည်။ ပန်ဆန်းကို စိုးမိုးထားသော အမြင့်ပေ ၆၀၂၈၊ ၆၀၀၀ စသော တောင်ထွတ်များသည် ပန်ဆန်းမှ တစ်ရက်ခရီးသာရှိပြီး ပန်ဆန်းကို စိုးမိုးထားသည်။ ထို့ကြောင့်ပင် ဗကပတပ်များသည် မော်ဖဒေသအတွင်းရှိ အရေးကြီး တောင်ကုန်းတောင်ထွတ်များကို ရှေ့ကာတပ်၊ ကာကင်း





တိုက်ကင်းတို့နှင့် အခိုင်အမာ စီမံထားခြင်း ဖြစ်ပါသည်။

ပန်ဆန်းမှ တောင်ဘက်ရှိ တောင်တန်းဒေသကြီးကို မျှော်ကြည့်လိုက်လျှင် ပေ ၆၀၀၀ ကျော် မြင့်မားသည့် တောင်စဉ်အထပ်ထပ်နှင့် ပြာလဲ့လဲ့ တောင်တန်းကြီးကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုတောင်တန်းဒေသကြီးကား တစ်ချိန်တွင် သမိုင်းတင်ကျန်ရစ်မည့် မော်ဖဒေသကြီးပင် ဖြစ်ပါတော့သည်။

**မင်းရန်အောင်စစ်ဆင်ရေး၏ အဓိကရည်ရွယ်ချက်**

မင်းရန်အောင်စစ်ဆင်ရေး၏ အဓိကရည်ရွယ်ချက်မှာ ဗကပတပ်များသည် မော်ဖဒေသတွင် အခြေပြုစိုးမိုး၍ ဗကပဗဟိုအား ထိန်းချုပ်ထားပြီး ပန်ဆန်းကို ခြိမ်းခြောက်ရန် ဖြစ်ပါသည်။

မင်းရန်အောင်စစ်ဆင်ရေး တပ်များသည် အလွန် ရေစီးသန်သော သံလွင်မြစ်ကို ၃ နေရာမှ တစ်ပြိုင်တည်း ဖြတ်ကျော်ကာ ရန်သူဗကပတို့၏ ရှေ့ကာတပ်များနှင့် တိုက်ကင်းများ စိုးမိုးထားရာ မော်ဖဒေသသို့ ယ ရက်ဖြစ်သော ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့တွင် ဖြတ်ကူးခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်မှစ၍ အဟုန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်ခိုက်ကြပါသည်။

ရာပေါင်းများစွာသော တပ်မ (၇၇) ၏ တိုက်ခိုက်ရေး တပ်ဖွဲ့များသည် ကြီးမားသော အတားအဆီးဖြစ်သည့် သံလွင်မြစ်ကို ရန်သူအားမသိရန်မခ ဖြတ်ကူးနိုင်ခြင်းသည်ပင် အလွန်ကြီးမားသော အောင်မြင်မှု ဖြစ်ပါသည်။ ပေ ၆၀၀၀ မြင့်သော တောင်ထွတ်နှင့် ၆၀၂၈ တောင်ကုန်းကြီးတို့ကို သိမ်းပိုက်နိုင်သော ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့သည် မင်းရန်အောင် စစ်ဆင်ရေး ပြီးဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



နေရာ သတ်မှတ်လျှင် မှားမည်မထင်ပေ။ ရန်သူတွေ မော်ဖဒေသ ကို ရှုံ့သွားကာ ယင်းတို့၏ဗဟိုကို ကာကွယ်ရန် ပန်ဆန်းဒေသ သို့ ဆုတ်ခွာသွားပြီး ခံစစ်ပြင်ကြတော့သည်။

ဤသည်ပင်လျှင် မင်းရန်အောင် စစ်ဆင်ရေးကြီး၏ ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

(သောင်းဝေဦး၏ မော်ဖဒေသ တိုက်ပွဲများ စာမျက်နှာ ၂၃၇ မှ)

**မော်ဖကို တိုက်ခိုက်မည့်စီမံချက်**

ဗကပဗဟိုသည် အရှေ့မြောက်ဒေသမှ ပန်ဆန်းသို့ ၁၉၇၈ ခုနှစ် အောက်တိုဘာတွင် စတင်ရောက်ရှိ လာသည်။ ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ၏ အကူအညီဖြင့် ဗဟိုကော်မတီ အစည်းအဝေးကြီး ကျင်းပရန် စိုင်းပြင်းတော့သည်။ ဤအစည်းအဝေးသည် ဥက္ကဋ္ဌအသစ် ဘသိန်းတင်လက်ထက်တွင် ပထမဆုံးသော အစည်းအဝေးကြီး ဖြစ်ပေသည်။ ဗဟိုကို ထိန်းချုပ်ရန်အတွက် မိမိတို့တပ်မတော်မှ မော်ဖဒေသကို ထိုးဖောက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

ဤအစီအမံမှာ ကကကြည်း၏ စီမံချက်ပင် ဖြစ်၏။

ထို့ကြောင့် စစ်ဆင်ရေးကို ကစထမှူးကိုယ်တိုင် ကွပ်ကဲမည်ဖြစ်သည်။

တိုက်ပွဲဝင်တပ်များမှာ -

**Main Thrust** အဓိကထိုးစစ် မော်ဖကိုတိုက်ရန်အတွက် တပ်မ (၇၇) တစ်ခုလုံး။

မြရတနာစာပေ



ယောင်ပြအဖြစ် ကျိုင်းတုံရှိ တပ်မ (၈၈) မှ နမ့်မ်ခချောင်းကြမ်းရှိ ဗကပတို့၏ ရှောင်ခေါက်၊ ပန်မကောက် အခိုင်အမာစခန်းကြီးများကို ထိန်းချုပ်တိုက်ခိုက်ရန်။

တပ်မ (၉၉) နှင့် တပ်မ (၆၆) တို့က ရမခ နယ်မြေရှိ ဝကန့်ဒေသနှင့် သံလွင်အား ဖြတ်ကျော်ပြီး တန့်ယန်းအရှေ့ခြမ်း ပန်ဆိုင်ဒေသကို ဝင်ရောက်ထိုးဖောက်တိုက်ခိုက်ရန်။

ဤစီမံချက်အတိုင်း ပြင်ဆင်မှုများ စတင်ပြုလုပ်ရတော့၏။

ကြိုတင်အမိန့်ကို ၁၉၇၉ ခုနှစ် အောက်တိုဘာမှာပင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဓိက အခက်အခဲကြီးမှာ သံလွင်မြစ်ကူးရေး ဖြစ်၏။ သံလွင်မြစ် ဖြတ်ကူးနိုင်ရန် ကြိုတင်လေ့လာမှုများကို မြေပြင်တပ်မှူးကြီးများက အမိန့်ရသည်နှင့် စတင်ပြုလုပ်ခဲ့ကြရ၏။ တပ်အရွယ်အစားပမာဏ ကြီးမားသောကြောင့် မိမိတို့ ခြေလျင်တစ်ချည်းသက်သက်ဖြင့် မဖြတ်ကူးနိုင်ပါ။ အင်ဂျင်နီယာတပ်၏ အကူအညီလိုလေသည်။ အင်ဂျင်နီယာတပ်မှူးများပါ မြေပြင်ဆင်း လေ့လာကြရ၏။ မော်ဖ အဓိကတိုက်မည့် တပ်မ (၇၇) မှ ဒုတပ်မမှူးကိုယ်တိုင် မိုင်းရှူးမှ သံလွင်ကမ်းခြေကို လှို့ဝှက်ချီတက်ပြီး သံလွင်မြစ်ကူး၍ ရမည့်နေရာများကို ရွေးခဲ့သည်။ အဓိကမှာ စက်တပ်လှေများ အလွယ်တကူ အသုံးချရရေးဖြစ်သည်။

ဤတွင် သံလွင်မြစ်ကြီးအကြောင်း တစေ့တစောင်း ဖော်ပြရန် လိုမည်ထင်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



### ...မြစ်ကြီးအကြောင်း တစေ့စောင်း

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အရှေ့မှအနောက်သို့ ... တွက်လိုက်မည်ဆိုပါက မြစ်ကြီးငါးသွယ်ရှိသည်ဟု ဆိုနိုင်ပါသည်

မဲခေါင်

သံလွင်

စစ်တောင်း

ဧရာဝတီ

ချင်းတွင်း

ထိုမြစ်ကြီးငါးသွယ်တွင် စစ်သားတွေကို ဒုက္ခအပေးဆုံး မြစ်ကြီးကား သံလွင်မြစ်ကြီးဖြစ်၏။ သံလွင်က တရုတ်နယ်စပ် ထိုင်းနယ်စပ်နှင့် ဆက်စပ်နေ၏။ ကွန်မြူနစ်သူပုန်များက တရုတ် နယ်စပ်မှာ နေကြသည်။ လူမျိုးစုသူပုန်များက ယိုးဒယားနယ်စပ်မှာ နေသည်။ သူတို့ကိုတိုက်ဖို့ သံလွင်ကို အခေါက်ခေါက်အခါခါ ဖြတ်ရသည်။ ကျွန်တော်ဆိုလျှင် စစ်တပ်ထဲ ဝင်ကတည်းက သံလွင် မြစ်ဘေးရောက်သွားသည်။ နောက်ဆုံး ဗျူဟာမှူးဘဝနှင့် တပ်မှ ထွက်ရခါနီး ရှေ့တန်းက ပြန်လာတော့ သံလွင်ကို ဖြတ်ပြန်ခဲ့ရ သည်။ နေခဲ့ရသမျှ တပ်အားလုံးတို့လိုလို သံလွင်ကို ဖြတ်ခဲ့ရသည် သာ ဖြစ်၏။ အခြားအခြားသော မြန်မာ့တပ်မတော်သားများသည် လည်း ကျွန်တော့်လိုပင် ဖြစ်ပါလိမ့်မည်။

သံလွင်မြစ်ကြီးသည် တရုတ်နိုင်ငံအနောက်ပိုင်း ဇီချန် **(Xizang)** ပြည်နယ်နှင့် တိဘက်မှ စတင်မြစ်ဖျားခံ၍ ဟိမဝန္တာနှင့် တိဘက်မြောက်ဖျားမှ တောင်သို့ စီးဆင်းလာသည်။ ယူနန်ပြည် နယ်ကိုဖြတ်၍ ကုန်းကျန်းမြို့နယ်မြောက်ခြမ်းမှ မြန်မာနိုင်ငံအတွင်း





...တောင်ဝင်ရောက်လာသည်။ ရှမ်းကုန်းပြင်မြင့်ဒေသကို အရှိန် ...ဖြင့် ဖြတ်စီးပြီး ရှားတောအနီးတွင် ကယားပြည်နယ်တွင်းသို့ ...ရောက်သွား၏။ ဖားဆောင်းတောင်ခြမ်းတွင် ယိုးဒယား မြန်မာ ...နယ်အတိုင်း တောင်ဘက်သို့ စီးဆင်းသွားသည်။ ကရင်ပြည်နယ် ...အရှေ့ခြမ်းမှ ဒေါနတောင်တန်းကိုဖြတ်၍ ဘားအံနှင့် မွန် ...နယ် မော်လမြိုင်သို့ ဆက်လက်စီးဆင်းသွားသည်။ မော်လမြိုင် ...က်သောအခါ မုတ္တမကွေ့ထဲသို့ စီးဝင်သွားတော့၏။ သံလွင်မြစ် ...ည် စတင်စီးဆင်းလာစဉ်မှ ဒေါနတောင်တန်း ရောက်သည်အထိ ...င်စဉ်တောင်တန်းများကို ဖြတ်သန်းလာရ၍ ရေစီးသန်လှ၏။ ...ကွေ့အကောက်လည်း များပေသည်။ ထို့ကြောင့် လက်တွေ့စိုက်ပျိုး ...ုပ်ငန်းများ၌ ကောင်းစွာအသုံးချ၍ မရခဲ့။ တကယ် ကြမ်းတမ်း ...ာ မြင်းရိုင်းတစ်ကောင်နှယ် ဖြစ်၏။ ဝန်တင်မရ စီးမရနှင့်။

ထိုသံလွင်မြစ်ကြီးကို ကျွန်တော်တို့တပ်များ ဖြတ်ကူးရမည် ...ပေသည်။ ဤမြစ်ရပ်မှန် စစ်မှတ်တမ်းမှာ မင်းရန်အောင် စစ်ဆင် ...ကြီးအကြောင်း အပြည့်အစုံ ဖော်ပြရန် မဟုတ်ပါ။ ဤစစ်ဆင်ရေး ...တွင် ကျွန်တော်တို့တပ်များ သံလွင်မြစ်ကြီးကို မည်သို့မည်ပုံ ...ကူးခဲ့ခြင်းအား အဓိက ဖော်ပြလိုခြင်းသာ ဖြစ်ပါသည်။ မြစ်ကူး ...ည့်အပိုင်းကိုသာ ဦးစားပေး ဖော်ပြသွားပါမည်။

### ...ဆင်ရေးနိဒါန်း

မင်းရန်အောင် စစ်ဆင်ရေးအား စစ်ရုံးမှ တာဝန်ယူ ဆောင် ...ွက်ခဲ့သည်။ ကစထမှူး ဗိုလ်ချုပ်သူရထွန်းရီကိုယ်တိုင် နမ့်စမ်တွင် ...ခြေပြုကွပ်ကဲပြီး ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေး၏ အဓိက ရည်ရွယ်ချက်မှာ မော်ဖဒေသ
သိမ်းပိုက်၍ မဲကော်ပဖေါ်ပို ပန်ဆန်းကို ခြိမ်းခြောက်ထားရန်ဖြစ်သည်

**ပါဝင်သောတပ်များ**

မော်ဖဒေသကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် ဗိုလ်မှူးကြီး
ချစ်ဆွေ ဦးစီးကွပ်ကဲသော အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်
နှင့် ကွပ်ကဲမှုအောက် တပ်ရင်းများ ပါဝင်ပါသည်။

ထိုးစစ်ပထမအဆင့်တွင် ဒုတပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေ
နှင့်အတူ တပ်ရင်း ငါးရင်းနှင့် တပ်မ ကွန်မန်ဒိုစစ်ကြောင်းသာ
မော်ဖသို့ ကူးဝင်ခဲ့ပါသည်။ ကျန်တပ်ရင်းများကို အရန်အဖြစ်
ရှိခဲ့ပါသည်။

**ခေါင်းဆောင်များ**

နည်းဗျူဟာမှူးများမှာ –

* ဗိုလ်မှူးကြီးအောင်မြင့်
* ဗိုလ်မှူးကြီးမြင့်စိုး
* ဗိုလ်မှူးကြီးစံလွင် (မြန်မာစာ)တို့ ဖြစ်ကြပြီး မော်

ဒေသအား တိုက်ခိုက်မည့် တပ်များကို ရှေ့တန်းတွင် အနီးကပ်
ကွပ်ကဲရန်အတွက် ဒု-တပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေ (စာရေးဆရာ
မောင်ဆွေသက်) တို့ ဖြစ်ကြပါသည်။ ပထမအဆင့် ထိုးစစ်တွင်
အရှေ့ဘက်ကမ်းသို့ ဗိုလ်မှူးကြီးစံလွင် စတင်လိုက်ပါခဲ့ပါသည်။


**ကွပ်ကဲမှုဌာနချုပ်များ**

(က) ဗိုလ်ချုပ်ထွန်းရီ ဦးစီးသော ကကကြည်းမှ စစ်ဆင်ရေး





www.burmeseclassic.com



ဒေါက်တာ သန်းထွန်း မှန်းဆထားသော
နောင်ရိုးတိုက်ပွဲ ဖြစ်နေရာပြမြေပုံ



အထူးအဖွဲ့အား နမ့်စမ်တွင် အခြေပြုထားရှိပါသည်။ ထိုစဉ်က အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဦးလည်း နမ့်စမ်တွင် လာရောက်ပြီး အခြေပြုခဲ့ပါသည်။ တပ်မမှူး ဗိုလ်မှူးကြီးချစ်ဆွေ ဦးစီးသော ရှေ့တန်းအမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်အား မိုင်းရှူးတွင် ဖွင့်လှစ်ထားရှိပါသည်။ တပ်မမှူးနှင့်အတူ တိုက်ပွဲဝင်မည့်တပ်များကို အနီးကပ် ကွပ်ကဲရန်အတွက် ဒု-တပ်မမှူး ဗိုလ်မှူးကြီး ညွှန့်ဆွေနှင့် တိုက်ပွဲဝင်တပ်များလည်း မိုင်းရှူးတွင် စုဖွဲ့ခဲ့ပါသည်။

## သတ်မှတ်ခြင်း

တိုက်ပွဲဝင်တပ်များကို နိုဝင်ဘာ ဒုတိယပတ်မှာပင် စုဖွဲ့ပြီး တိုက်ပွဲစတင်မည့်နေ့အား ၁၉၇၉ ခုနှစ် နိုဝင်ဘာ စတုတ္ထပတ် သတ်မှတ်ခဲ့သည်။ သံလွင်မြစ်ကူးခြင်းမှာ အရေးအကြီးဆုံးဖြစ်သဖြင့် သံလွင်မြစ်ကို မိမိတပ်များ ဖြတ်ကူးသည့်နေ့အား ယရက်ဟု သတ်မှတ်အတည်ပြုခဲ့ပါသည်။

## ခွဲမြစ်မိ ယေဘုယျအခြေအနေများ

ဗကပဗဟိုသည် ပန်ဆန်းသို့ ရွှေ့ပြောင်းအခြေပြုပြီးနောက် ဒေသတွင် တပ်မဟာ (၆၈၃) မှ စုဆောင်းပေးပို့ခဲ့သော လူသစ်ကို စစ်ရေး၊ နိုင်ငံရေးသင်တန်းများ ပေးခြင်း၊ နောင်လုံ နောင်ဝိုးနှင့် လဲချားမိုင်းကိုင်ဒေသတွင် (၁၀၈) စစ်ဒေသကို အခြေခံခဲ့သော အဆိုပါ တပ်မဟာ (၆၈၃) သည် တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဟိန်းကားလမ်း တောင်ခြမ်း၊ ဆီဆိုင် ဘန်းယဉ်ဒေသ... ကျိုင်းခမ်းဒေသများအထိ တိုး၍ ပဒိုနီများနှင့် ပူးပေါင်းလှုပ်... လျက် ရှိသည်။ SSA များနှင့်လည်း နားလည်မှုယူကာ သင်တ... များပေးခြင်း၊ လက်နက်များ ထောက်ပံ့ကာ တပ်ပေါင်းစုအနေ... တိုက်ကွက်များဖော်ခြင်းတို့ကို မဟာဗျူဟာ ကားလမ်းတစ်လျှော... ဆောင်ရွက်လျက် ရှိပါသည်။ ဤလှုပ်ရှားမှုအားလုံးကို မော်... ဒေသအား အခြေခံကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

မော်ဖဒေသတွင် ဗကပ တပ်မဟာ (၁၂) မှ စခန်းထိ... တာဝန် ယူထားကြလေသည်။ ရုံဖန်ရုံခါတွင် တပ်မဟာ (၆... ကွပ်ကဲမှုအောက်မှ ရင်း (၅၀၂)၊ (၄၀၄၅)၊ (၄၀၄၆)၊ (၄၀၄၇) ... လည်း ဝင်ရောက်လာလေ့ ရှိသည်။

ရန်သူ၏တပ်စခန်းများမှာ ယေဘုယျအားဖြင့် အောက်... အတိုင်း ဖြစ်ပါသည်။

* ပွိုင့် ၆၀၈၂ လွယ်ဆိုက်ခေါင်ကျောတွင် စခန်းကြီးတစ်...
* ပွိုင့် ၆၀၀၀ နှင့် ပန်ခါးစခန်းများ

(ဂ) အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် အောက်ပါနေရာများတွင် စခန်းများ ထားရှိသည်။

* မွတ်နိုး

အဓိကထောက်ပံ့ရေးစခန်းကြီးဖြစ်သည်။

* နမ့်ဟန်နူ အရန်ထောက်ပံ့ရေးစခန်းဖြစ်သည်။

**ဖြတ်ကူးရေးအတွက် ပြင်ဆင်ခြင်း**

ကစထမှုးကိုယ်တိုင် ကြီးကြပ်သော စစ်ဆင်ရေးဖြစ်သည်...



...က် ကကြေည်းမှ ပံ့ပိုးမှု အပြည့်အဝပေးသည်။ သံလွင်မြစ် ...ရေးအတွက် စက်တပ်ဖိုက်ဘာလှေများ အင်ဂျင်နီယာတပ်မှ ...သို့ ပို့ပေးသည်။ လောလောဆယ် ၁၀ စီးဖြစ်၏။ အမြောက် ...ပြောင်းများကိုလည်း နိုဝင်ဘာလဆန်းတွင် မိတ္ထီလာမှ စမ်းသပ် ...တန်းတပ်မရှိရာ မိုင်းရှူးသို့ ပို့ပေးသည်။ ရိက္ခာနှင့် စက်သုံး ...များကိုလည်း မိုင်းရှူးတွင် စုပုံထားရှိသည်။ ယရက် နီးလာ ...အခါ ကစထမှုးက မြေပြင်တပ်မှုးဖြစ်သော ဒု-တပ်မမှုး ...မှုးကြီးညွန့်ဆွေအား သူ၏ရုံးခန်းတွင် ခေါ်တွေ့သည်။ အောက် ...တိုင်း မှာကြားသည်။

"ခင်ဗျား သံလွင်ကူးပြီးရင် တွေ့တဲ့ရန်သူကို တိုက်ဖို့က ...နာမဟုတ်ဘူး။ တပ်တွေကလည်း အတွေ့အကြုံရှိတယ်။ ...များကလည်း အတွေ့အကြုံရှိတယ်။ ပူစရာမလိုဘူး။ သံလွင် ...ကြီးက အဓိကပဲ။ ဒီကိစ္စကို နော်မန်ဒီကမ်းတက် **Normandy Landing** လို သဘောထား"

"သံလွင်ကမ်းပါးက မတ်စောက်တယ်။ ရေစီးသန်တယ်။ ...မှာ စောင့်တိုက်တာခံရရင် ခင်ဗျား စစ်ဆင်ရေး ပျက်မယ်။ ...စ်နေရာကတက်မရရင် အခြားနေရာက ရအောင်တက်ဖို့ သေသေ ...ချာ ထောက်လှမ်းထား၊ လုပ်ထား၊ ဇာတ်တိုက်ထား၊ အခု ...သံလွင်ကူးဖို့က **Normandy Landing** ထက်တောင် ပိုအရေး ကြီးတယ်"

"ဟုတ်ကဲ့ပါခင်ဗျ"

သံလွင်မြစ်အား ဖြတ်ကူးရန်အတွက် အဓိကသုံးနေရာ ရွေး ...ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



* ပန်လုံကူးတို့၊ အဓိကစစ်ကြောင်းများ ကူးရန်။
* ဝိန်းနောင်ကူးတို့၊ အဓိကမဟုတ်သော စစ်ကြောင်း ကူးရန်။
* တာကောင်းမှုကူးတို့၊ အရန်စစ်ကြောင်းများ ကူးရန်။

ပန်လုံကူးတို့နှင့် ဝိန်းနောင်ကူးတို့သည် သံလွင်မြစ် ကူးတို့များ ဖြစ်ကြ၏။ တာကောင်းမှ ကူးတို့ကား သံလွင် နမ့်မခမြစ်ဆုံအနီးရှိ နမ့်မခမြစ်ကူး ကူးတို့ဖြစ်သည်။

တိုက်ပွဲဝင်တပ်ဖွဲ့အားလုံး ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ရက်နေ့မှာ မိုင်းရှူးတွင် အသင့်ဖြစ်ပြီး တပ်ရင်းအလိုက် ဆောင်ရမည့် တာဝန်များကို ကြေညက်စွာ သိစေရသည်။ တ လိုက်၊ တပ်စုလိုက် သံလွင်မြစ်ကူးမည့်အဖွဲ့၊ လုံခြုံရေးယူမည့်အ ကမ်းတက်ပြီး ကူးတို့လုံခြုံရေးအတွက် ခြေကုပ်ယူမည့်အဖွဲ့ တိ ကျကျ သတ်မှတ်ရသည်။

သံလွင်မြစ်ကို ဖြတ်ကူးသည်နှင့် တိုက်ပွဲဖြစ်လိမ့်မည် ကြိုတင်မျှော်မှန်းထားရသည်။

ထို့ကြောင့် မင်းရန်အောင် စစ်ဆင်ရေးကြီး၏ ယ ရက်အ သံလွင်မြစ်ကူးသည့်နေ့ကို သတ်မှတ်ခဲ့သည်။

၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် ကစထမှူးနှင့် တိုင် မှူးကြီးတို့သည် နမ့်စန်တွင် အခြေပြုနေသည်။

ရှေ့တန်းတပ်မဌာနချုပ်ကို မိုင်းရှူးတွင် ဖွင့်လှစ်ထားသည် တပ်မမှူးနှင့် ဦးစီးအဖွဲ့ဝင်များ ရှိနေသည်။ တပ်မဦးစီးအဖွဲ့တွင် စစ်ဦးစီးမှူး ဒုတိယတန်း ဗိုလ်မှူးအံ့ကျော်(ယခု ဒု-ဗိုလ်မှူးကြီး အံ့ကျော်-အငြိမ်းစား)၊ စစ်ဦးစီးမှူး တတိယတန်း ဗိုလ်ကြီးသိန်း





နိုင်ငံတော်သမ္မတကြီး)၊ ဗိုလ်ကြီးခင်မောင်ရင်၊ ဆက်သွယ် တပ်ခွဲမှူး ဗိုလ်မှူးလှမိုး၊ အင်ဂျင်နီယာ တပ်ခွဲမှူး ဗိုလ်မှူး အောင်၊ တပ်မဆေးမှူး ဗိုလ်မှူးအောင်ကြည်တို့ ပါဝင်သည်။

တပ်မမှူး ဗိုလ်မှူးကြီးညွန့်ဆွေမှာ တိုက်ပွဲဝင်တပ်များနှင့် အတူ သည်။

## စစ်ဆင်ရေးကြီး စတင်ပြီ

နိုဝင်ဘာ ၁၆ ရက်နေ့တွင် မိုင်းရှူး၌ တိုက်ပွဲဝင်တပ်များ င့်ဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်နေ့ညတွင် တပ်အသီးသီးသည် မြစ်အနောက်ဘက်ကမ်းရှိ ဖြတ်ကူးမည့်နေရာများ၌ အသင့် ကြ၏။ တိုက်ပွဲဝင် တပ်များနှင့်အတူ ဒုတပ်မမှူး ဗိုလ်မှူးကြီး ဆွေသည် ၎င်း၏စစ်ဆင်ရေး အနီးကပ်ကွပ်ကဲမှုအဖွဲ့နှင့် အတူ သွားသည်။ သံလွင်ကို အဓိကကူးမည့်နေရာမှာ ဝမ်ပုံရွာ၏ မြောက်ရှိ ပန်လုံကူးတို့ဖြစ်သည်။ ကူးတို့ဆိပ်အနောက်ဘက်ရှိ ကြမ်းရွာကလေးတွင် ဒု-တပ်မမှူးနှင့် အနီးကပ်ကွပ်ကဲရေးအဖွဲ့ ၁၂၀ မီလီမီတာ စိန်ပြောင်းနှစ်လက်နှင့် အသင့်ရှိနေသည်။ ကူးတပ်ဖွဲ့များအတွက် လိုအပ်သလို ပစ်ကူပေးရန်ဖြစ်၏။ ကူးတို့ လုံခြုံရေးအတွက် ကွန်မန်ဒိုစစ်ကြောင်းက တာဝန်ယူသည်။ နောက်ဘက်ကမ်းတွင် တပ်ခွဲတစ်ခွဲ နေရာယူပြီး ကျန်ကွန်မန်ဒို တပ်ခွဲကို သံလွင်အရှေ့ဘက်ကမ်းသို့ ကူးခိုင်းရသည်။ သံလွင်မြစ် ကမ်းပါးသည် မတ်စောက်၍ ဒီဂရီ ၆၀ ဆင်ခြေလျှောဖြစ်သည်။ နောက်ဘက်ကမ်းပါးထိပ်မှ ၇၅ မီလီမီတာနောက်ပွင့် ရိုင် ယ်ကြီးများ ပြောင်းထိုးချိန်ထားရသည်။ ကမ်းပါးယံအလ မှာ



www.burmeseclassic.com

www.burmeseclassic.com



MG 42 စက်လတ်လေးလက် အသင့်ချိန်ထားသည်။ ၂ လက် စိန်ပြောင်းလေးလက် နေရာယူထားသည်။ ကူးတို့နေရာတွင် G စက်ကလေး ၈ လက် ချထားရသည်။ လက်နက်များနေရာယူပြီး နောက် ၂၃ ရက်နေ့ မနက်တွင် အရန်သင့်ထားရှိသော ကွန်မန်ဒို တပ်ခွဲက သံလွင်မြစ်ကို စတင်ကူးသည်။ မနက် ၆ နာရီအချိန်ဖြစ်သော နိုဝင်ဘာမို့ သံလွင်ရေက တညီမ့်ညီမ့်သာ စီးနေသည်။ ပန်လုံ ကူးတို့တွင် အသင့်ရှိနေသော စက်တပ်လှေ ၁၀ စီးမှ ပထမ ၃ စီး ကူးသည်။ ပထမဆုံးအဖွဲ့ ဖြတ်အကူးမှာ မြစ်တစ်ဖက်ကမ်းမှ ပစ်ခတ်လာပါက မိမိဘက်ကမ်းရှိ နေရာယူထားသော လက်နက် များက အရှေ့ဘက်ကမ်း ကမ်းပါးယံသို့ တရစပ်ပစ်ရန် စီမံထား သည်။ ပထမ ၃ စီး ကူးနေစဉ် တိုက်ပွဲဖြစ်ပွားပါက အောက်ဘက် ကိုက် ၈၀၀ အကွာတွင် အရေးပေါ် ဖြတ်ကူးရန် တစ်နေရာ ရွေးထားပြီး စက်လှေသုံးစီး အရန်သင့်လုပ်ထားသည်။

သို့ရာတွင် မြစ်ကူးအဖွဲ့များ ကံကောင်းပါသည်။ ရန်သူ ပစ်ခတ်တိုက်ခိုက်မှု လုံးဝမရှိပါ။ အငိုက်ရသွားသည်။ ကူးတို့ဆိပ် အရှေ့ဘက်ကမ်း လုံခြုံရေးအတွက် ကွန်မန်ဒိုတပ်ခွဲ တစ်ခွဲသည် တစ်နာရီအတွင်းမှာပင် စက်တပ်လှေများဖြင့် သံလွင်မြစ်ကို ကူးပြီး ဖြစ်သည်။

ကူးတို့ဆိပ် လုံခြုံရေးယူပြီးသည်နှင့် နောက်တစ်နာရီအကြာ တွင် ဒု-ဗိုလ်မှူးကြီးသာစိန် ဦးစီးသည့် ရှမ်း (၁) တပ်ရင်းသည် ပန်လုံကူးတို့မှ သံလွင်မြစ်ကို ဖြတ်ကူးတော့သည်။ စက်တပ်လှေ များမှာ တစ်ကြိမ်လျှင် တပ်စိတ်တစ်စိတ်သာ တင်နိုင်သည်။ စက် တပ်လှေများ မကြာခဏပျက်၍ ဖြတ်ကူးမှုနှောင့်နှေး ကြန့်ကြာ





သည်။ ထို့ကြောင့် တပ်ရင်းတစ်ရင်းလုံး ၂၃ ရက်နေ့ ညသန်း ခေါင်ကျော်မှ အရှေ့ဘက်ကမ်းသို့ လုံးဝ ရောက်သွားကြသည်။ အရှေ့ဘက်ကမ်းသို့ ရောက်သွားနှင့်သည့် ရှမ်း (၁) တပ်ရင်းသည် ဖစ်ဒေသ လက်ဝဲ လုံခြုံရေးအတွက် မြောက်ဘက်သို့ အပြင်း ချီတက်ပြီး သတ်မှတ်နေရာမှာ နေရာယူခဲ့သည်။

မွတ်နိုးရှိ ရန်သူ Admin Box တိုက်ခိုက်သိမ်းပိုက်ရမည့် ခမရ (၁၀၇) သည် ၂၄ ရက်နေ့ မနက်သုံးနာရီတွင် စတင်ဖြတ် ကူးသည်၊ တစ်နေကုန်ကူးရ၏။ စက်တပ်လှေများက ဖွတ်ချက် ချက်ဖြင့် ခဏခဏ ပျက်ကြသည်။ ထိုနေ့ညနေတွင် ဒုတပ်မှူး ဗိုလ်မှူးကြီး ညွန့်ဆွေနှင့် အနီးကပ်ကွပ်ကဲမှုအဖွဲ့သည် နောက်ချန် တပ်ခွဲနှင့်အတူ သံလွင်မြစ်အား ဖြတ်ကူးပြီး ည ခုနစ်နာရီခွဲတွင် မှထွက်ခွာသွားသော ခမရ (၁၀၇) တပ်ရင်းမှူးနှင့် တပ်ခွဲ ၄ ခွဲ နောက်သို့ လိုက်ပါသွားခဲ့သည်။ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ထွင်နှင့် ဗျူဟာကွပ်ကဲမှုအဖွဲ့များလည်း ဆက်တိုက်လိုက်လာကြ သည်။ ခမရ (၁၀၇) တပ်ရင်းမှူးနှင့် တပ်ခွဲ ၄ ခွဲ သည် နိုဝင်ဘာလ ၂၅ ရက် မနက်တစ်နာရီတွင် မွတ်နိုးနှင့် သိပ်မဝေးလှသော ဝမ်ဟွေရွာသို့ ရောက်သွားသည်။ ဝမ်ဟွေရွာတွင် ဗကပသုံးဦးအား ချင်ဖမ်းဆီးရာ အောက်ပါသတင်းများ ရရှိသည်။

- မွတ်နိုးတွင် ဗကပ ၁၀၀ ခန့်ရှိသည်။ ၎င်းတို့သည် ရွာ ဘေး ကိုက် ၂၀၀ အကွာခန့်ရှိ တောင်ကုန်းတွင် စခန်းချ အခြေပြုထားသည်။ သတင်းပေါက်ကြားသွားပြီဖြစ်၍ ၂၄ ရက်နေ့ညက မွတ်နိုးရှိ ခဲယမ်းမီးကျောက်များအား လား မြင်းအကောင် ၄၀ ခန့်နှင့် ရောင်အော်သို့ ရွှေ့သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်အောက်မှာ ပွိုင့် ၆၀၂၈ နှင့် ပန်ယန်း၊ ပန်ဆန်းကြား[illegible] ရှိနေသည်။

* ပန်ခါး၊ လွိုင်ဆိုက်ခေါင် (ပွိုင့် ၆၀၂၈) နှင့် ပွိုင့် ၆၀[illegible] ကုန်းများတွင် ဗကပများ ရာနှင့်ချီ၍ အခိုင်အမာ အခြေ[illegible] ထားကြသည်။

အထက်ပါ သတင်းများ ရရှိပြီးနောက် ဒု-တပ်မမှူး[illegible] ပထမဆုံးအကြိမ် စက်ဖွင့်ကာ အထက်ဌာနများသို့ ဆက်သွယ်[illegible] သည်။ စက်ဖွင့်သည်နှင့် တစ်ပြိုင်နက် ကစထကျီဝမ်း ဒု-ဗိုလ်မှူးကြီး[illegible] ကျော်ဘ (ယခု အငြိမ်းစား ဒုဗိုလ်ချုပ်ကြီး) စက်ပေါ်တက်လာသည်။

''ဒု-တပ်မမှူး အခု ဘယ်ရောက်နေလဲ။ အခြေအနေ[illegible] ဘယ်လိုလဲ''

''ဝမ်ဟွေရောက်နေတယ်။ ကျွန်တော်နဲ့ တပ်ရင်းနှစ်ရင်း[illegible] အဆင့်ဖြစ်နေပြီ။ ဆက်ထွက်မယ်။ စီမံချက်အတိုင်း ဆက်လုပ်မယ်''

''ခဏစောင့်ပါ။ စက်မပိတ်ပါနဲ့ဦး''

ဒု-တပ်မမှူးက ခဏစောင့်သည်။ ချက်ချင်းလိုပင် ဗိုလ်မှူး[illegible] ကြီးကျော်ဘ၏အသံ စက်ပေါ်မှာ ပေါ်လာသည်။

''ဒု-တပ်မမှူးကြီးတို့ သံလွင်ကူးတာ စိတ်ပူလို့ လူကြီး[illegible] နှစ်ယောက်လုံး မအိပ်ဘဲ စောင့်နေကြတယ်။ အခု ပထမအဆင့်[illegible] စိတ်အေးရပြီ။ ဆက်လုပ်ပါလို့ ပြောပါတယ်။ ဒါပေမဲ့ ဒု-တပ်မမှူး[illegible] တစ်နာရီတစ်ခါတော့ ဆက်သွယ်မှုယူပါ။ လူကြီးတွေ သိပ်စိတ်[illegible] နေကြတယ်''

''ကောင်းပါပြီ ကိုကျော်ဘရေ။ ကိုဖေအောင်နဲ့ သူ့တပ်[illegible] တော့ ထွက်သွားပြီ။ ကျွန်တော်လည်း လိုက်သွားတော့မယ်။ ခင်ဗျား[illegible] ပွင့်ပြီး စောင့်သာနေပါ။ ထုံးစံအတိုင်း ဆက်လုပ်မယ်။ လူကြီး[illegible]ကို သတင်းပို့ပေးပါ။ ဒါပဲ''

ဒု-တပ်မမှူးက အထက်ပါအတိုင်း သတင်းပို့ပြီး ဆက်[illegible]ထွက်ခွာသွားတော့သည်။

ဤတွင် တပ်မ (၇၇) ၏ သံလွင်မြစ်ဖြတ်ကူးသည့် ပထမ[illegible]ဆင့် တပ်ရင်းနှစ်ရင်းနှင့် ဒု-တပ်မမှူး ပါဝင်သော အနီးကပ်[illegible]ကွပ်ကဲမှုအဖွဲ့တို့သည် မော်ဖနယ်မြေသို့ ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ [illegible] ရက်နေ့ မနက်တွင် ချောမောစွာ ရောက်ရှိသွားခဲ့ပါပြီခင်ဗျား။

**[illegible]ပွဲများဖြစ်ပွားခြင်း**

သံလွင်မြစ်အရှေ့ဘက်ကမ်းမှ လက်ဝဲစစ်နံသို့ တက်သွား[illegible]သည့် ရှမ်း (၁) သည် တောင်ကြောများပေါ် တက်ကတည်းက [illegible] ကာကင်းများနှင့် တိုက်ပွဲကလေးများ စတင်ဖြစ်ပွားတော့၏။ [illegible] အဓိကတာဝန်မှာ မြောက်ဘက်မှ ရန်သူအား ဖြတ်တောက်[illegible]ဆို့ထားရန်နှင့် အဓိကရည်မှန်းချက်ကို တိုက်ရမည့် ခမရ (၁၀၇)[illegible] လိုအပ်သည့် ပစ်ကူ စစ်ကူများပေးရန် ရန်သူကို ဖိအားပေး[illegible] ဖြစ်သည်။

ခမရ (၁၀၇) က **Admin Box** မှတ်နိုးကို သိမ်းရမည်။ [illegible]မှတ်နိုးအနောက်ဘက် ပွိုင့် ၃၆၆၀ တွင် စစ်ကြောင်း တစ်ကြောင်း [illegible]ထားခဲ့ကာ ကျန်စစ်ကြောင်းတစ်ကြောင်းက မှတ်နိုးကို ဝင်တိုက်[illegible]သည်။ မနီးမဝေးတွင် ဒု-တပ်မမှူးနှင့် အဖွဲ့က လိုက်ပါလာ၏။

မှတ်နိုးအား နိုဝင်ဘာ ၂၅ ရက် ၂၀း၁၅ အချိန်တွင် ခမရ (၁၀၇) စစ်ကြောင်း (၁) က ဝင်တိုက်ရာ ဗကပတို့က [illegible]လုံး



www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ဖြင့် ပြန်တိုက်ကြသေး၏။ သို့ရာတွင် အငိုက်ရလိုက်သဖြင့် ဗကပတို့ ကြာကြာ ခံမတိုက်နိုင်ပါ။ အင်အားမှာ ၇၀ ခန့်သာ ဖြစ်ပါသည်။ နာရီဝက်ခန့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ဗကပများ စခန်းကို စွန့်ခွာ၍ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြ ပါသည်။

ရန်သူက မိုင်းထောင်သွားသဖြင့် သိမ်းဆည်းရမိ စခန်း အား ချက်ချင်း မရှင်းနိုင်ခဲ့ပါ။

ရှမ်း (၁) နှင့် ခမရ (၁၀၇) တို့ မော်ဖအတွင်း ရောက်ရှိ သွားပြီဖြစ်၍ တောင်ဘက် မတ်လုံကူးတို့မှ ခမရ (၁၀၅) နှင့် တပ်ခွဲ ၂ ခွဲသည် နိုဝင်ဘာ ၂၃ ရက်နေ့တွင် စက်တပ်လှေများဖြင့်ပင် ဖြတ်ကူးခဲ့ကြသည်။ ခမရ (၁၀၆) တပ်ရင်းတစ်ရင်းလုံးက နမ့်ခ ချောင်းအား တာကောင်းမူ ကူးတို့မှ ဖြတ်ကူးခဲ့ကြသည်။ တာ ကောင်းမူမှာ နမ့်မခချောင်းတွင်ရှိ၍ သံလွင်မြစ်ကူးမှုလောက် အခက်အခဲ မရှိပါ။ ရေပြင်မှာ ကိုက် ၃၀၀ ခန့်သာ ရှိပါတယ်။ ခမရ (၁၀၅) နှင့် ခမရ (၁၀၆) တို့အား ဗကပတပ်ရင်း (၄၀၄၆) မှ ဆီးကြိုခုခံပါသည်။ မိမိတပ်များက အင်ကြီးအားကြီးနှင့် ဝင်လာခြင်း ဖြစ်၍ ရန်သူမှာ ကြာရှည်မခုခံနိုင်ပါ။ မိမိတို့တိုက်စစ်မှာ ကြိုတင် စီစဉ်ထားသော တိုက်စစ်ဖြစ်ပါသည်။

မော်ဖအတွင်းသို့ မိမိတပ်မ (၇၇) မှ တပ်ရင်း ၄ ရင်း ရောက်နေပါပြီ။

ရှမ်း (၁)

ခမရ (၁၀၇)

ခမရ (၁၀၆)





ခမရ (၁၀၅)

စုစုပေါင်း လူအင်အား ၂၀၀၀ ကျော် ၃၀၀၀ ခန့်။

ဗကပတို့၏ အရန်ထောက်ပံ့ရေးစခန်း နမ့်ဟန်နူအား နိုဝင်ဘာ ၂၆ ရက်နေ့တွင် ခမရ (၁၀၅) မှ ရန်သူနှင့် အနည်းငယ် တိုက်ပွဲဖြစ်ပွားပြီး သိမ်းဆည်းနိုင်ခဲ့ပါသည်။

နမ့်ဟန်နူရော မွတ်နိုးစခန်းများပါ အနိမ့်ပိုင်းမှာရှိပြီး သံလွင်အနောက်ခြမ်းရှိ ဗကပတပ်များအား အုပ်ချုပ်ထောက်ပံ့မှု Logistics လုပ်ပေးရန် စခန်းများသာ ဖြစ်ကြပါသည်။ အဓိက စခန်းများ မဟုတ်ကြပါ။ အဓိကစခန်းများကား လွယ်ဆိုက်ခေါင် ပွိုင့် ၆၀၂၈၊ ပန်ခါး ပွိုင့် ၆၀၀၀၊ ပွိုင့် ၅၇၁၀ နှင့် ပွိုင့် ၇၁၂၃ ကွယ်ဟိုလာ တို့ဖြစ်ကြပါသည်။ ထိုအဓိကစခန်းကြီးများ သိမ်းပိုက် ရပြီးမှ မော်ဖဒေသတစ်ခုလုံး ရရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

### အဓိကစခန်းကြီးများကို တိုက်ခိုက်ခြင်း

အဓိကစခန်းကြီးများ တိုက်ခြင်းအား စစ်ဆင်ရေးအဆင့် ၂ ဟု သတ်မှတ်ပါသည်။

စစ်ဆင်ရေးအဆင့် ၂ ကို နိုဝင်ဘာ ၂၆ တွင် စတင်သည်။

ပွိုင့် ၃၆၆၀ နှင့် မွတ်နိုးရှိ ခမရ (၁၀၇) စစ်ကြောင်း ၂ အား ပွိုင့် ၅၇၁၀ သို့ အမြန်ချီတက်ပြီး သိမ်းယူစေသည်။ ထိုနေ့ ၉ နာရီခွဲတွင် မိမိတပ် ပွိုင့် ၅၇၁၀ သို့ ရောက်သွားသည်။ ရန်သူမရှိပါ။ အလွယ်တကူ သိမ်းရလိုက်သည်။ နောက်တစ်နေ့မှ ရန်သူ ဗကပ ၃၀ ခန့် တက်လာကြသည်။ မိမိမှ ဆီးကြိုတိုက် ခိုက်ရာ တစ်ဦးကျကျန်ခဲ့ပြီး မြောက်ဘက်ဆုတ်ပြေးသည်။ မိမိတပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပွိုင့် ၅၈၆၀ ထိ တိုးချဲ့ ခြေကုပ်ယူစေခဲ့သည်။

မိမိတပ်များမှ ပွိုင့် ၅၇၁၀ နှင့် ပွိုင့် ၅၈၆၀ ကို ရထားပြီး

နိုဝင်ဘာ ၂၉ ရက်တွင် တပ်ရင်းသုံးရင်းဖြင့် ကျနှစ်ခန်း

နှစ်ခုအား ဆက်တိုက်သည်။ ပန်ခါးတောင်ကုန်းနှင့် သံခမောက်

တောင်ကုန်း။ တပ်များမှာ –

ရှမ်း (၁)

ခမရ (၁၀၇)

ခမရ (၁၀၁)

ပွိုင့် ၆၀၀၀ ကုန်း၏ ရှေ့ကာသံခမောက်ကုန်းကို ခမရ

(၁၀၁) မှ ဗိုလ်မှူးမောင်ရီနှင့် လက်ရွေးစင်အဖွဲ့က တက်တိုက်သည်။

စခန်းရခါနီးမှ ဗိုလ်မှူးမောင်ရီ ခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရ၍

ခွာစစ်ဆင်ခဲ့ရသည်။ ဗိုလ်မှူးမောင်ရီကို ရှေ့တန်းတပ်မသို့ ပြန်သယ်

ယူခဲ့ရာ မကြာမီ ကျဆုံးသွားခဲ့သည်။

ပွိုင့် ၆၀၂၈ နှင့် ပန်ခါးကို ဝိုင်းထားကြသည်။ အမြောက်

ပစ်ကူများ၊ လေယာဉ်ပစ်ကူများနှင့် ဦးနှိမ်ထားခဲ့သည်။ နေ့စဉ်

ရက်ဆက် ဖိပစ်ပေးနေသည်။

စစ်ဆင်ရေးစတင်သည့် နိုဝင်ဘာ ၂၃ ရက် မတိုင်မီ

စစ်ဆင်ရေး အစီအမံကြီးအရ ရမခဘက်မှ သံလွင်အရှေ့ခြမ်း

ကူး၍လည်းကောင်း၊ တပ်မ (၈၈) ကျိုင်းတုံဘက်မှ ရောင်ခေါ်

ပန်မကောက်စခန်းကြီး များကိုလည်းကောင်း၊ တပ်မ (၇၇)

တပ်များနှင့် ဟန်ချက်ညီ တိုက်ခိုက်ခဲ့ကြသည်။ သူတို့ဘက်မှလည်း

တိုက်ပွဲတွေ ပြင်းထန်နေသည်။

ထို့ကြောင့် အဓိကတိုက်စစ်မှာ ဘယ်ဟာဆိုသည်ကို ဗဟ

မြရတနာစာပေ



မင်းရန်အောင် စစ်ဆင်ရေးတာဝန်ခံ တစ်ခုတပ်မှူး ဗိုလ်ချုပ်ထွန်းရီ
ယခု ဒုတိယဗိုလ်ချုပ်ကြီး သူရထွန်းရီ၏အငြိမ်းစား

www.burmeseclassic.com

www.burmeseclassic.com



နမ့်ပလောက်တိုက်ပွဲကာလက ရှမ်းတိုင်းမှူး ဗိုလ်ချုပ် အေးစံ
(၁၉၇၈-ခုနှစ်)



မရိပ်မိခဲ့ကြ။ သို့ရာတွင် သံလွင်ကမ်းခြေမှ ရိက္ခာထောက် ...်များ ကျဆုံးသွားပြီး မိမိတပ်မ (၇၇) တပ်များ ပွိုင့် ၅၇၁၀ ... ၃၈၆၀ တို့အား ဆက်တိုက်ဝင်တိုက်သောအခါ ဗကပတို့ မိမိ ... အဓိကထိုးစစ်ကို ရိပ်မိသွားပုံရ၏။

ပန်ခါး ပွိုင့် ၆၀၂၈ နှင့် ပွိုင့် ၆၀၀၀ တို့တွင် အင်အားများ ...ဖြည့်ကာ ခုခံကြတော့၏။ မိမိမှ ပန်ခါးကို နောက်ထပ်စစ် ...ကြောင်းတစ်ကြောင်း ဖြည့်ကာ သုံးဖက်သုံးတန်မှ ဝိုင်းတိုက်သည်။ ... ၆၀၀၀ ကုန်းနှင့် သံခမောက်ကုန်းကို စစ်ကြောင်း ၂ ကြောင်း ... တိုက်နေသည်။ တိုက်လိုက် ပြန်လန်ကျလာလိုက် ဆိုင်ထား ...က်နှင့် ဖြစ်နေသည်။ လေယာဉ်ပစ်သူလည်း ရွှေ့ဆိုင်းပေးနေ ...ည်။ ဤသို့ဖြင့် ရက်သတ္တပတ်ကျော် ၂ ပတ် ကြာသွားခဲ့ပြီ။

နောက်ဆုံးတော့ ရန်သူကိုလှည့်စားပြီး အဓိက ပွိုင့် ၆၀၂၈ ...ာင်ကုန်း လှိုင်ဆိုက်ခေါင်ကို တိုက်ရန် အောက်ပါအတိုင်း ...သည်။

...) လေကြောင်းပစ်ကူများ လုံးဝရပ်ဆိုင်းထားရန်၊
...) ပန်ခါးနှင့် ပွိုင့် ၆၀၀၀ အား ထိန်းထားရန်
...) ပွိုင့် ၆၀၂၈ လှိုင်ဆိုက်ခေါင်ကို အောက်ပါအတိုင်း တိုက်ရန်

* ဒုမှူးကြီးသန်းညွန့် ဦးစီး ခလရ (၆) တစ်ရင်းလုံးက အနောက်ဘက်မှ ပွိုင့် ၆၀၂၈ ကို ချဉ်းကပ်ရန်၊
* ရှမ်း (၁) စစ်ကြောင်းက ပန်ခါးနှင့် ပွိုင့် ၆၀၀၀ ကြားမှ ပွိုင့် ၆၀၂၈ ကို တောင်ဘက်မှ ချဉ်းကပ်ရန်၊
* တပ်မကွန်မန်ဒိုနှင့် ခမရ (၁၀၇) စစ်ကြောင်း (၁) က ပွိုင့် ၆၀၂၈ ကို မြောက်ဘက်မှတိုက်ရန်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



* ခမရ (၁၀၇) စစ်ကြောင်း (၂) ဝမ်ပန်မှနေပြီး ပွိုင့် ဇ၀၂၈ ကို ထိုးရန်
* အနောက်ဘက်နှင့် တောင်ဘက် စစ်ကြောင်းမျာ သည် ယောင်ပြဖြစ်သည်။
* မြောက်ဘက်မှ ဝင်ရောက်သော စစ်ကြောင်းသည် အဓိက စစ်ကြောင်းဖြစ်သည်။

အားလုံးဝိုင်း၍ တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ကြ သည်။

အဓိကကျသော ခမရ (၁၀၇) ဗိုလ်မှူးဖေအောင် ဦး စစ်ကြောင်း (၁) နှင့် စစ်ကြောင်း (၂) တို့ကို ပန်ဆန်းမှလာသ ရန်သူ့ဆက်သွယ်ရေး လမ်းကြောင်းကိုဖြတ်ပြီး မြောက်ဘက်မှ ရန်သ အသုံးပြုသည့် လမ်းကြောင်းကိုသုံးကာ ပွိုင့် ဇ၀၂၈ ကို နောက် ဝင်တိုက်စေသည်။

လေယာဉ်တွေ သုံးရက် နားထားသည်။ ဒီ ၁၆၊ ၁၇၊ ၁

ဒီဇင်ဘာ ၁၈ ရက်နေ့ တကယ်တိုက်တော့ ရန်သူက မှ (၁)၊ ခလရ (၆) နှင့် ခမရ (၁၀၁) တို့ကို မဲနေသည်။ နောက် ခမရ (၁၀၇) က ဝင်တိုက်တော့မှ အငိုက်မိပြီး ထွေးလုံးရစ်ပ ဖြစ်ကုန်သည်။ လေယာဉ်နှင့် အမြောက်တွေ အပစ်မခံရ၍ မိမိ မလာသေးဘူးဟု ထင်ထားသော ရန်သူတွေ အေးအေးဆေး အနားယူနေချိန်မှာ မိမိ ခမရ (၁၀၇) က မြောက်ဘက်မှ အငို ဝင်ကာ အတင်းဝင်တိုက်ခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်မနက်တွင် တိုက်ပွဲစသည်။ မနက်လုံး အသည်းအသန်ထွေးလုံးရစ်ပတ် တိုက်ကြ၏။ နေ့လ





ဝနာရီတွင် တောင်ခါးလယ်ကို စီးမိသည်။

ညနေ ၁၆း၀၀နာရီတွင် တောင်ထိပ်ရှိ ရန်သူကို ထွေး စ်ပတ် အတင်းတက်တိုက်ပြီး မိမိ ခမရ(၁၀၇) မှ ပွိုင့် ဇ၀၂၈ သိမ်းပိုက်ရရှိလေတော့သည်။

ပွိုင့် ဇ၀၂၈ လှိုင်ဆိုက်ခေါင်ကို ရရှိပြီးသော်လည်း ပွိုင့် ၀ နှင့် ပန်ခါးကျောကို ဒီဇင်ဘာ ၁၉ ရက်နေ့ ဆက်တိုက် သည်။ အဓိကခံစစ်ကြီးဖြစ်သော ပွိုင့် ဇ၀၂၈ ကျ၍ ပန်ခါးနှင့် ၆၀၀၀ မှ ရှိသည့်ရန်သူတို့ ကောင်းစွာ မခုခံတော့ပါ။ နမ့် တ်ချောင်းအတိုင်း မြောက်ဘက်သို့ ဆုတ်ခွာကြပါတော့သည်။ ဉ်က ထိုနေရာများကို ဗကပ တပ်မဟာ (၁၂) တစ်ခုလုံးက ခ်ယူထားခဲ့ခြင်း ဖြစ်ပါသည်။ အင်အား ၁၀၀၀ ခန့် ရှိပါသည်။ က်ထပ် ရင်း ၄၀၄၈ အား အင်အားဖြည့်ရန် စီစဉ်နေဆဲမှာပင် ဇ၀၂၈ ကျဆုံးသွားခဲ့ခြင်း ဖြစ်ပါ၏။

ဤသို့ဖြင့် မော်ဖဒေသကြီးတစ်ခုလုံးအား တပ်မ (၇၇) မှ ၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် လုံးဝအပြီးအပိုင် သိမ်း ရရှိပါတော့သည်ခင်ဗျား။

**နံ့အောင် သံလွင်မြစ်ကူးစစ်ဆင်ရေးကြီးနှင့် စာရေးသူ၏ ရှုမြင် ပ်ချက်များ**

ကျွန်တော်သည် ဤတိုက်ပွဲစဉ်များနှင့် ပတ်သက်၍ ော်ဖဒေသတိုက်ပွဲများ'' အမည်ရစာအုပ်ကို ရေးခဲ့ပြီးပါပြီ။

ယခု ဤဝတ္ထုကလေးမှာ မော်ဖဒေသ တိုက်ပွဲများကို အသုံး ပြန်ရေးခြင်း မဟုတ်ပါ။ မော်ဖကိုတိုက်တော့ အဓိက



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ အတားအဆီးကြီးဖြစ်သော သံလွင်မြစ်ကြီးကို ကျွန်ေ
တို့တပ်တွေ မည်သို့မည်ပုံ ဖြတ်ကူးခဲ့သည်ဆိုသော မြစ်ကူ
ဆင်ရေး၏ သဘောသဘာဝကိုသာ ဖော်ပြလိုခြင်း ဖြစ်ပါသည်

တပ်မ (၇၇) က မော်ဖကို တိုက်မယ်လုပ်တော့ ကစထ
က မြေပြင်တပ်မှူး ဗိုလ်မှူးကြီးညွန့်ဆွေကို ခေါ်တွေ့သည်။

''သံလွင်ကူးပြီးရင် တွေ့တဲ့ ရန်သူကို တိုက်ဖို့က ပြဿ
မဟုတ်ဘူး။ တပ်တွေက အတွေ့အကြုံရှိတယ်။ ခင်ဗျားလည်
အတွေ့အကြုံရှိတယ်။ အရေးကြီးတာက သံလွင်ကူးပြီးဖို့ပဲ။ သံလ
ကမ်းပါးက မတ်တယ်၊ ရေစီးလည်း သန်တယ်။ သံလွင်ကူးနေတု
အတိုက်ခံရရင် ခင်ဗျား စစ်ဆင်ရေးပျက်မယ်။ ဒါကြောင့် သံလ
ကူးပြီးဖို့က အရေးအကြီးဆုံး။ တပ်တွေ ဟိုဘက်ရောက်သွာ
ကျန်တာ သိပ်စိုးရိမ်စရာမရှိတော့ဘူး''

အထက်ပါအတိုင်း ဗိုလ်ချုပ်ကြီးသူရထွန်းရီက အသေ
အနက် မှာကြားခဲ့သည်။ ကစထမှူးပြောတာ ဟုတ်ပါသည်။ ယ
နိုဝင်ဘာ ၂၃ ရက်နေ့ မိမိတပ်တွေ သံလွင်ကူးပြီး မော်
ဝင်သွားတာ ဗကပ ဗဟိုက မသိလိုက်ပါ။ နိုဝင်ဘာ ၂၄
နေ့ရောက်တော့ သံလွင်ကို သုံးနေရာက ဖြတ်ကူးပြီး တပ်
သုံးလေးရင်း မော်ဖနယ်မြေထဲ လုံးဝခြေချလိုက်နိုင်သည်။

ထိုအခါ ဗကပ ဒေသခံများက မိမိတပ်များဝင်လာကြော
ဗဟိုကို သတင်းပို့တော့သည်။ ဗဟိုက သိပ်စိတ်မဝင်စားသေ
နိုဝင်ဘာ ၂၅ ရက် မွတ်နိုးစခန်းကျသွားပြီး အားလုံးပြေးကြရတော
ဗကပဗဟိုလည်း ပြူးတူးပြဲတဲဖြင့် ''ဟ လုပ်ကြပါဦး''
ဖြစ်ကုန်သည်။ **Admin Box** တွေကျပြီး အခိုင်အမာစခန်းကြီး

မြရတနာစာပေ



တိုက်ခံရမှ ''ဗဟိုကို ကာကွယ်ကြ'' ဟု ဥက္ကဋ္ဌကြီးဘသိန်းတင်
က ကုန်းအော်သည်။

ဤစစ်ဆင်ရေးကြီးတွင် မိမိတပ်များက သံလွင်ကူးပြီး
သည်အထိ **Signal Silent** လုပ်ထားသည်။ စက်ပိတ်ထားခဲ့သည်။
အားလုံးကူးပြီးမှ စက်ဖွင့်ဆက်သွယ်သည်။ ဗကပတို့က **Inter-**
**cept** ကြား ဖြတ်ဖမ်းတာ အလွန်အားသန်သည်။ ကြားဖြတ်အား
နှင့် အလုပ်လုပ်ခဲ့ကြသည်။ သို့သော် မင်းရန်အောင် စစ်ဆင်ရေး
ကာလက တရုတ်ပြည်မှ လေ့ကျင့်ပေးထားသော **Intercept** ပညာ
ရှင်များနှင့် ဗကပဗဟို အဆင်မပြေဖြစ်၍ စန်းတိုင်ကြားဖြတ်အဖွဲ့က
အလုပ်မလုပ်တော့ဘဲ အသာထိုင်နေခဲ့သည်။ ဤတွင် ဘာသတင်းမှ
ရတော့ဘဲ အငိုက်မိသွားတော့သည်။ မိမိတို့၏ မြစ်ကူးစစ်ဆင်
ရေးကြီး အောင်မြင်ခဲ့ရသည်။ မည်သည့်အခုအခံ အတားအဆီးမှ
မရှိခဲ့ပါ။

မြစ်ကူးပြီး မော်ဖနယ်မြေထဲ ရောက်တော့ ရည်မှန်းချက်
များကို ရက်သတ္တ ၄ ပတ်အတွင်း အပြီးသိမ်းနိုင်ခဲ့ပါသည်။
မိမိတပ်များသည် ရန်သူကို ဘယ်လိုအနေအထားဖြစ်ဖြစ် ရအောင်
တိုက်နိုင်ကြောင်း ပေါ်လွင်ပါသည်။ မိမိတပ်များ နောက်ဆုံးအမိက
တိုက်သိမ်းခဲ့သည့် ပွိုင့် ၆၀၂၈ တောင်ကုန်းကြီးတွင် ကျွန်တော်
၆ လခန့် **Outpost** ထိုင်ခဲ့ဖူးပါသည်။ မော်ဖမြောက်ခြမ်းတွင် ၆
လ မော်ဖတောင်ခြမ်းတွင် ၆ လ ပေါင်း တစ်နှစ်ခန့် မော်ဖတွင်
ကျွန်တော်နေခဲ့ဖူးရာ ယခု မှတ်တမ်းတွင် ပါဝင်သည့်နေရာအားလုံး
ကျွန်တော် ရောက်ဖူးခဲ့ပါသည်။ မြေအခြေအနေ အကုန်လုံး
ကျွန်တော် သိပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်စစ်ဆင်ရေးတွင် Admin အားသာသည့်ဘက်က စစ်နိုင်ပါသည်။ ကျွန်တော်တို့က ဗကပတွေထက် Logistics အုပ်ချုပ်ထောက်ပံ့မှု များစွာအားသာပါသည်။ ကျွန်တော်တို့ဆီမှာ ခြေမြောက်ယာ ဆက်သံ ထောက် ဆေး နက် လျှပ် ထိန်း တပ် အားလုံးရှိသည်။ ဗကပတွေမှာ မရှိပါ။ ကျွန်တော်တို့က လေယာဉ်တွေ ရဟတ်ယာဉ်တွေ ရှိသည်။ Airlift လုပ်နိုင်သည်။ Air Strike လုပ်နိုင်သည်။ ဗကပတွေ မလုပ်နိုင်ပါ။ Transportation အတွက် Vehicles တွေ သုံးနိုင်သည်။ Water Crossing အတွက် စက်တပ်လှေတွေ သုံးနိုင်သည်။ ဗကပတွေမှာ မရှိပါ။ ၁၀၅ မီလီမီတာ အမြောက်ကြီးတွေ သုံးနိုင်သည်။ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးတွေ ဖောဖောသီသီ ပစ်နိုင်သည်။ ဗကပတွေ မပစ်နိုင်ပါ။ နောက်ဆုံးကျတော့ ဗကပတွေ ဘယ်လောက်ပဲ ကျင်းတူးကောင်းကောင်း ကျဆုံးသွားကြရပါသည်။ သူတို့ကျင်းတွေထဲ သူတို့ ပြန်မြှုပ်လိုက်ရသည်။

မည်သို့ဆိုစေ –

ဤစစ်ဆင်ရေးကြီး အောင်မြင်ရသည်မှာ သံလွင်မြစ်ကူးခြင်း ပထမအဆင့် လုပ်ငန်းကြီး လုံးဝ အနှောင့်အယှက်မရှိဘဲ အောင်မြင်ခဲ့ခြင်းက အစပြုပါသည်။ အစကောင်းသောကြောင့်သာ အနှောင်းသေချာသည်ဟု ပြောပါရစေခင်ဗျား။





...ကိုးကားသောစာအုပ်များ

ထို့ကြောင့် ဤသို့၊ တောခိုကျောင်းသားဟောင်းများ
သေတစ်နေ့ မွေးတစ်နေ့ အတွဲ (၂)၊ နောင်စစ်သည်
ကဒူးမမှုသည် မော်ဖသို့၊ မောင်ဆွေသက်
မော်ဖဒေသတိုက်ပွဲများ၊ သောင်းဝေဦး

■



www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

## အပိုင်း ( ၂ )

## ရှေးခေတ်မြစ်ကူးစစ်ဆင်ရေးများ

ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ အပိုင်း (၁)တွင် ကျွန်တော်ကိုယ်တိုင် စစ်သားဘဝ၌ တိုက်ခဲ့သော တိုက်ပွဲနှစ်ခုနှင့် ကျွန်တော့်အထက်အရာရှိကြီးများ တိုက်ခဲ့ကြသော တပ်မအဆင့် မြစ်ကူးစစ်ဆင်ရေးကြီးတစ်ခုအကြောင်းကို ရေးသားတင်ပြခဲ့ပါသည်။

ယခုခေတ်၏ မြစ်ကူးစစ်ဆင်ရေး သဘောသဘာဝကို စာရှုသူများ သိသွားလောက်ပါပြီ။

ယခု တစ်ဖန် ရှေးမြန်မာမင်းများလက်ထက်က မြစ်ကူးစစ်ဆင်ရေး တစ်ခုနှစ်ခုကို အပိုင်း (၂) အနေဖြင့် တင်ပြပါမည်။

ရှေးမြန်မာမင်းများလက်ထက်က မြန်မာ့ရေတပ်မှာ လှေလှော်တောင်များသာ ဖြစ်ပါသည်။ သင်္ဘောများ မဟုတ်ကြပါ။ ရေကြောင်းကို လှေလောင်းနှင့်သာ သွားခဲ့ကြ၏။ ကုန်းဘောင်ခေတ်ရောက်မှ ဗြိတိန်ဥရောပ...

ပြင်ပကမ္ဘာနှင့် အဆက်အဆံရှိလာသဖြင့် မီးသင်္ဘောများ စတင်သုံးစွဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြခြင်း ဖြစ်ပါ၏။

သို့ဖြစ်၍ ရှေးခေတ်က မြန်မာမင်းများ၏ မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲ နှစ်ခုအား ကျွန်တော် လေ့လာ မှတ်သားထားသည်များထဲမှ ထုတ်နုတ်၍ သင့်လျော်သလို ရေးသားတင်ဆက်လိုက်ပါသည် ခင်ဗျား။

ဖတ်ရှုအကဲဖြတ်နိုင်ကြပါရန်။

■



## ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲ

"စစ်တို့၏သဘောသည် အင်အားနည်းသည် များသည် ဟူ၍မဆိုသာ လုပ်ရည် ကြံရည် ရဲစွမ်းသတ္တိသာ အရင်းခံဖြစ်သည်"

ဘုရင့်နောင်ကျော်ထင်နော်ရထာ
နောင်ရိုးတိုက်ပွဲ
မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်၊
ခရစ်နှစ် ၁၅၃၇ ခုနှစ်။

နောင်ရိုးနိဒါန်း

အထက်ဖော်ပြပါအဆိုအမိန့်မှာ ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ လွန်ခဲ့သည့် အနှစ်ငါးရာခန့်က နောင်ရိုးတိုက်ပွဲတွင် ပြောကြားခဲ့သည့် ယနေ့တိုင် ကျော်ကြားနေသော အဆိုအမိန့်ဖြစ်သည်။

ဤအဆိုအမိန့်ကို ကျွန်တော်တို့ စစ်သားများ ယခုအချိန်အထိ ကိုးကားအလေးထားနေကြရဆဲ ဖြစ်သည်။ နောင်တွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငဲ့ရှိခင်လိုသလို ကိုးကားနေကြရပါဦးမည်။

ဤတွင် မေးစရာရှိလာသည်။

နောင်ရိုးတိုက်ပွဲ။ လွန်ခဲ့သည့် အနှစ် ၅၀၀ ခန့်က နောင်

တိုက်ပွဲ။

ဒါဆို နောင်ရိုးက ဘယ်မှာလဲ။ သိသူ နည်းလှပါသည် နောင်ရိုးတိုက်ပွဲအကြောင်းပြောပြီး နောင်ရိုးတိုက်ပွဲက ဘုရင့်နောင် အဆိုအမိန့်ကိုသာ ကိုးကားနေကြသည်။ နောင်ရိုး ဘယ်နေရာမှ မသိကြပါ။

ဟုတ်ကဲ့။ ကျွန်တော်လည်း နောင်ရိုး ဘယ်နားမှန်း မ ပါခင်ဗျာ။

(ယခု စာရေးပြီးချိန်တွင် နောင်ရိုးကို ကိုယ်တိုင်ကိုယ် သွားကြည့်လေ့လာပြီး သိတာ၊ မြင်တာတွေကို စာရှုသူများသို့ သ သပ် တင်ပြသွားပါမည်။ စာရေးသူ)

**နောင်ရိုးဆိုတာ ဘယ်မှာလဲ**

နောင်ရိုးတိုက်ပွဲသည် ဘုရင့်နောင်၏ ပြတ်သားသောစိတ် စွန့်စားသောစိတ်၊ ရဲမက်စစ်သည်များ၏ သဘောသဘာဝကို န နားလည်ပြီး စည်းရုံးသိမ်းသွင်းနိုင်သည့် အစွမ်းအစတို့ကို သ သေပြသော တိုက်ပွဲ ဖြစ်သည်။

နောင်ရိုးဟူသော အမည်သည် မြန်မာတို့၏ စိတ်ဝ အောင်စိတ်ကို ဖော်ကျူးသော ဝေါဟာရဖြစ်လာခဲ့သည်။ ပြ ပြတ်သားသား စွန့်စားခြင်းကို ဘုရင့်နောင် နောင်ရိုးမှာ ဖောင်ဖျ သလိုပဲဟု ဆိုကြသည်။ သို့သော် ဤကျော်ကြားသော နောင်ရိုးသည်






တချန်းပေါ်ဟိုတယ်ရှေ့တွင် စာရေးသူ နှင့် ပုသိမ်မှ စာပေမိတ်ဆွေ ကိုစိုးအောင် (၃.၅.၂၀၁၂)



အိမ်မဲသမိုင်းပြုစုရေး ကော်မတီ ဥက္ကဋ္ဌ ဆရာကြီးဦးစိုးတင့်မှ စာရေးသူအား နောင်ရိုးချောင်း တည်နေရာကို မြေပုံဖြင့်ရှင်းပြနေစဉ် (၁.၅.၂၀၁၂)

www.burmeseclassic.com


www.burmeseclassic.com



မြောင်းမြမြို့နောင်ရိုးခန်းမ ရှေ့တွင်တွေ့ရသည့် စာရေးသူနှင့် သားကိုကျော်သော
(၂.၅.၂၀၁၂)



အိမ်မဲမြို့အဝင်တွင်တွေ့ရသည့် စာရေးသူနှင့် သားကိုကျော်သောင်းဝေ
(၁.၅.၂၀၁၂)




အိမ်မဲမြို့သို့အသွား မင်းမနိုင်ရွာကြီးတွင် တွေ့ရသည့် စာရေးသူ
(၁.၅.၂၀၁၂)





ောင်းမြမြို့ နောင်ရိုးကဖီးရှေ့ရောက်၊ စာရေးသူနှင့် မိတ်ဆွေ ဦးသန်းနိုင်မိသားစု
(၂.၅.၂၀၁၂)

www.burmeseclassic.com


www.burmeseclassic.com



စာရေးသူတို့တွေ့ခဲ့သည့် အိမ်မဲချောင်း (၁၅.၂၀၁၂)




အိမ်မဲချောင်းသို့ စီးဝင်သည့် ချောင်းလက်တက်တစ်ခုနှင့် ဝါးဖောင်များ
(၁၅.၂၀၁၂)



www.burmeseclassic.com

www.burmeseclassic.com





...သည့်အရပ်တွင်ရှိလေသနည်း။ တိတိကျကျဖြေနိုင်သူ ရှားသည်။ ...ိုင်းသုတေသီတို့၏ ကြိုးပမ်းမှုန်းဆထားသောအဖြေမှာ အောက် ...တိုင်းဖြစ်သည်။

ရောဝတီမြစ်ဝကျွန်းပေါ်၏ အနောက်ဘက်ခြမ်း ပုသိမ်နှင့် ...ြောင်းမြကြားတွင် ပမ္မဝတီမြစ်ရှိသည်။ ပမ္မဝတီနှင့် အိမ်မဲ ချောင်းတို့ ...မှ မြောက်ဘက်မှစီးလာသော ချောင်းအား မင်းမနိုင်ချောင်းဟု ...သည်။ ဘုရင့်နောင်တို့ ဖောင်ဖျက်သည့်နေရာသည် အိမ်မဲ ...ဝန်းကျင်တွင် ဖြစ်နိုင်သည်။ ထို့ကြောင့် နောင်ရိုးသည် ဓားက ...နှင့် မင်းမနိုင်ချောင်းအကြား နယ်မြေဖြစ်သည်ဟု အချို့ သမိုင်း ...တေသီများက ဆိုကြပါသည်။

အချို့ကလည်း နောင်ရိုးချောင်းအား အိမ်မဲနှင့် မြောင်းမြ ...ကြားရှိ အိမ်မဲချောင်းအတွင်းသို့ စီးဝင်သော ချောင်းတစ်ချောင်း ...သည်။ လူခေါင်းကျွန်း ရွာအနီးတွင် ရှိခဲ့ဖူးသည်။ ယခုအခါ ...ျောင်းကောသွားခဲ့ပြီဟု ဆို ကြသည်။

မည်သို့ပင်ဖြစ်စေ နောင်ရိုးဒေသနှင့် နောင်ရိုးချောင်းကား ...မ်မဲနှင့် မြောင်းမြကြားတွင် ရှိသည်မှာ သေချာလှပါသည်ခင်များ။

...ပင်ရွှေထီးနှင့်ဘုရင့်နောင်

နောင်ရိုးတိုက်ပွဲအကြောင်း ရေးမည်ဆိုက တပင်ရွှေထီးနှင့် ...ုရင့်နောင်တို့၏ ငယ်ဘဝကို ပဏာမ ဖော်ပြရပါမည်။

ခရစ်နှစ် ၁၄၈၅ ခုနှစ် အင်းဝပျက်သောအခါ တောင်ငူ ...ပေါ်လာသည်။ တောင်ငူကို မြန်မာသက္ကရာဇ် ၆၄၁ ခုနှစ်က ...သဝန်ကြီး၊ သဝန်ငယ်တို့က တည်ထောင်ခဲ့၏။ အထက်မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



အင်းဝကို ရန်သူတွေ ဝိုင်းလာသည့်အခါ မြန်မာများ တောင်ငူ ခိုဝင်ခဲ့ကြ၏။ တောင်ငူ တဖြည်းဖြည်း စည်ကားလာသော အဦးဆုံး တောင်ငူဘုရင်အဖြစ် မင်းကြီးညို ပေါ်လာသည်။

မင်းကြီးညိုသည် ခရစ်နှစ် ၁၄၈၅ တွင် တောင်ငူ မင်းပြုသည်။ အမည်မှာ မဟာသီရိဇေယျသူရ ဖြစ်သည်။ မင်း ညိုသည် သက်တော် ၅၂ နှစ် ၁၅၃၀ ခုနှစ်တွင် နတ်ရွာစံသ နတ်ရွာစံချိန်၌ လယ်ဝေးစား၏သမီးနှင့် သင့်မြတ်ရာက သား တပင်ရွှေထီးကို မွေးဖွားခဲ့၏။ မင်းကြီးညို နတ်ရွာစံသော် တ ရွှေထီးနန်းတက်ခဲ့၏။ အသက် ၁၄ နှစ်သာသာသာ ရှိသေးသ သို့ရာတွင် ထိုစဉ်က တောင်ငူ၌ တပင်ရွှေထီး အားကိုးရမည့် မတ်များသာမက နို့စို့ဖက် ငယ်မည် ရှင်ရဲထွတ်၊ နောင် ဘုရင့်နောင်ဟု ကျော်ကြားလာမည့် သူရဲကောင်းလည်း ရှိခဲ့ ဘုရင့်နောင်သည် တပင်ရွှေထီးထက် အသက် ၁ နှစ်သာကြီးသ ဆို၏။ ဘုရင့်နောင်သည် တပင်ရွှေထီးအစ်မနှင့် မေတ္တာမျှ ကြသဖြင့် တပင်ရွှေထီးက စုံဖက်ပေးခဲ့လေသည်။

နန်းတက်စတွင် အသက် ၁၄ နှစ် ရှိသေးသည့် တ ရွှေထီးသည် နန်းတက်ပြီး နှစ်နှစ်အကြာတွင် မွန်တို့၏ နေပြ တော် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်သို့ သွားရောက် နားထွင်းခဲ့၏။ အသွားအပြန် မြင်းစီး၍ သွားခဲ့သည်။ မွန်တို့ မသင့်မတင့်ဖြစ်နေသည့်ကြားမှ ရန်သူ့နယ်မြေကို ထိုးဖောက်သွ ရောက်ခဲ့ခြင်းပင်။ မသင့်မတင့်ဖြစ်နေသော ပဲခူးမြို့တွင် ဝင်ရော ကာ နားထွင်းဝံ့သော သတ္တိထူးရှိသည့် မင်းပျို မင်းလွင်တစ် ဖြစ်ပေသည်။ ထိုနားထွင်းပွဲသို့ ရှင်ရဲထွတ်လည်း လိုက်ပါခဲ့သည်





တပင်ရွှေထီးသည် မင်းအဖြစ်ကိုရရှိပြီးနောက် တောင်ငူကို ကာ ဝါးအစည်းပြေသကဲ့သို့ တကွဲတပြား ဖြစ်နေသော နိုင်ငံကို စုစည်းရန် ကြိုးစားလေတော့သည်။ တပင်ရွှေထီး၏ ထက်နက် စုဆောင်းပြီး တိုက်ပွဲများ ဆင်နွှဲရာ၌ ယောက်ဖ ဘုရင့်နောင်က စွမ်းစွမ်းတမံ ကူညီခဲ့လေသည်။

တပင်ရွှေထီးသည် တကွဲတပြားစီ ဖြစ်နေသော မြန်မာ ၏ အောက်ဖော်ပြပါ ဒေသများကို တစ်ခုပြီးတစ်ခု တိုက်ခိုက် သွင်းခဲ့သည်။

အထက်မြန်မာနိုင်ငံနှင့် အင်းဝ
ထိုစဉ်က ရှမ်းတို့ အုပ်ချုပ်နေသည်၊
အောက်မြန်မာနိုင်ငံနှင့် ပဲခူး၊ ပြည်
ထိုစဉ်က မွန်တို့အုပ်ချုပ်နေသည်၊
အနောက်ဘက် ရခိုင်ဒေသ
ရခိုင်မင်းများအုပ်ချုပ်နေသည်၊

အထက်ပါဒေသများကို တိုက်ခိုက်သိမ်းသွင်းရင်း နောင်ရိုး တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နောင်ရိုးတိုက်ပွဲကို ဦးဆောင်ခဲ့သော ဘုရင့်နောင်၏ နောက်ကြောင်း ရာဇဝင်ကို အနည်းငယ် ဖော်ပြ သည်။

ဘုရင့်နောင်၏ ငယ်နာမည်မှာ ရှင်ရဲထွတ် ဖြစ်သည်။ ရဲသိခ်သူဘွဲ့ခံ မင်းကြီးဆွေ၏သားဖြစ်ပြီး တပင်ရွှေထီးနှင့်အတူ ကြီးပြင်းခဲ့သည်။ မြန်မာသက္ကရာဇ် ၈၇၇ ခုနှစ်တွင် မွေးဖွားသည်။ တပင်ရွှေထီးက ၈၇၈ ခုနှစ်တွင် မွေးဖွားရာ တပင်ရွှေထီးထက် အသက် တစ်နှစ်ကြီးပေသည်။ ဘုရင့်နောင်၏ဖခင် မင်းကြီးဆွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ရွှေထီး၏ အထိန်းတော်ကြီးဖြစ်၍ တပင်ရွှေထီးက မင်း
ဆွေကို ချစ်ခင်ခဲ့ရာမှ မင်းကြီးဆွေ၏သား ရှင်ရဲထွတ်နှင့် ကစား
ကစားဖက် ဖြစ်ခဲ့ရသည်။ တပင်ရွှေထီးအစ်မတော် ခင်ခင်ကြီး
ငယ်စဉ်ကပင် ရည်ငံ့ခဲ့ပြီး အရွယ်ရောက်သည့်အခါ တပင်ရွှေထီး
ခွင့်ပြုချက်နှင့် လက်ဆက်ခဲ့သည်။ ငယ်စဉ်က နို့စို့ဖက် ရောင်း
များဖြစ်ရုံမက သမီးယောက်ဖလည်း ဖြစ်လာသောအခါ ရှင်ရဲထွ
သည် တပင်ရွှေထီး၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွ
လေသည်။

နောင်ရိုးတိုက်ပွဲ

တပင်ရွှေထီးသည် မင်းအဖြစ်ကို ရရှိပြီး မကြာမီမှာ
အောက်မြန်မာနိုင်ငံကို စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းသည်
မင်းဖြစ်ပြီး ၅ နှစ်အကြာ၌မူ တောင်ငူနှင့်အနီးဆုံး စားရေရိက္ခ
အများဆုံးထွက်သော ပဲခူးကို တိုက်တော့သည်။ မွန်တို့ အပြ
အထန် ခုခံမှုကြောင့် ၃ နှစ်တိုင် တိုက်ယူရသည်။ ထိုစဉ်က ပဲခူး
အုပ်စိုးနေသူမှာ ရာဇဓိရာဇ်၏ အဆက်အနွယ် သုရှင်တကာရွတ်
ဖြစ်သည်။ ပဲခူးကျသော် သုရှင်တကာရွတ်ပိလည်း ရနိုင်သ
စစ်သည်များနှင့် ပြည်သို့ ဆုတ်ခွာလေသည်။

ဆုတ်ခွာသွားသော သုရှင်တကာရွတ်ပိ၏ တပ်များ
တောင်ငူတပ်များက လိုက်လံချေမှုန်းလေသည်။ ပဲခူးတွင် မွန်တို့
သုံးနှစ်သုံးမိုး ကြံ့ကြံ့ခံနိုင်သည်မှာ သုရှင်တကာရွတ်ပိ၏ အမ
ကြီးနှစ်ဦးဖြစ်သော ဗညားလောနှင့် ဗညားကျန်းတို့က အစီအ
အခန့်အခွဲ အလွန်ကောင်းသောကြောင့် ဖြစ်ပေသည်။ မွန်တို့





…ခွာခံနေသူများသည် ပဲခူးတွင်သာမက မြစ်ဝကျွန်းပေါ် ပုသိမ်
…သ၌လည်းရှိနေရာ တောင်ငူတပ်များ၏ ရှေ့ဖျားချီတပ်ကို ဦးစီး
…သော ဘုရင့်နောင်သည် ပုသိမ် ၃၂ မြို့အား ဝင်ရောက်စည်းရုံးပြီးမှ
ပြည်ကိုချီတက်ရန် ဆောင်ရွက်ခဲ့လေသည်။

ဘုရင့်နောင်၏ ရှေ့ဖျားချီတပ်များက ကြည်းကြောင်းချီလာ
…ပြီး တပင်ရွှေထီးဦးစီးသည့် ပင်မတပ်ကြီးက နောက်မှ တဖြည်း
…ဖြည်း ရေကြောင်းမှ ချီလာလေသည်။ ထို့ကြောင့် ဘုရင့်နောင်၏
…ရှေ့ဖျားချီတပ်များက ချီတက်မှု မြန်ဆန်လေသည်။

ထိုသို့ ချီတက်လာရာတွင် ဘုရင့်နောင်၏ တပ်များက
…နောင်ရိုးဒေသ ရောက်သောအခါ ဟံသာဝတီဘုရင်၏ သူရဲကောင်း
…နှစ်ဦးဖြစ်သော ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့သည် နောင်ရိုး
…တစ်ဖက်ကမ်းအရပ်၌ စခန်းချ စစ်စည်းရုံးနေသည်ဟု သတင်းရရှိ
…လေတော့သည်။

ဘုရင့်နောင်၏ ရှေ့ဖျားတပ်တွင် တိုက်ဆင်အစီး ၅၀၊
…စစ်မြင်း ၅၀၀ နှင့် စစ်သည် ၁၀၀၀၀ တစ်သောင်းသာ ပါလေ
…သည်။ လျင်မြန်မှုကိုလို၍ ပေါ့ပေါ့ပါးပါး စုဖွဲ့ကာ ချီတက်လာ
…ခြင်းဖြစ်၏။

နောင်ရိုးချောင်းအတိုင်း လိုက်၍ ချီတက်ခဲ့သော ဘုရင့်
…နောင်၏ ရှေ့ဖျားချီတပ်သည် ဗညားဒလတို့ တပ်ချထားသည့်
…တစ်ဖက်ကမ်းနှင့် မဝေးလှသော နေရာအရောက်တွင် တပ်ကို
…ခေတ္တရပ်နားပြီး ဘုရင့်နောင်က သတင်းထောက်၏။ ပတ်ဝန်း
ကျင်တွင် သတင်းထောက်လှမ်းပြီး ပိုမိုသေချာစေရန် သစ်ပင်တက်
ကျွမ်းကျင်ပြီး မျက်စိအမြင် စူးရှသည့် စစ်သည်တစ်ဦးအား နောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကမ်းရှိ သစ်ပင်မြင့်ကြီးတစ်ပင်ကို တက်စေသည်။ ရန်သူတပ်ကို စူးစမ်းကြည့်ရှုလေ့လာစေသည်။

"ရန်သူတပ်ကို တွေ့ပါရဲ့လား မောင်မင်း"

"တွေ့ပါသည် အရှင်"

"အင်အား အဘယ်မျှရှိသနည်း"

"ဆင် ၂၀၀၊ မြင်း ၈၀၀ လောက်နဲ့ စစ်သည် လေးငါး ရှစ်သောင်းခန့် ရှိမည်ထင်ပါသည် အရှင်"

"များလှချည်လား မောင်မင်း၊ အမြင်များမှားလို့လား"

"မမှားနိုင်ပါ အရှင်။ အသေအချာ ကြည့်ရှုမှတ်သားခဲ့ခြင်းပါ"

"ကောင်းပြီလေ။ နည်းနည်းများများ ငါတို့က တိုက်ဖို့လာတာ။ တိုက်ရမှာပဲ"

"ကဲ ... ရဲမက်ဗိုလ်ပါတို့ မြစ်ကူးဖို့သာပြင်ကြတော့။ သစ်တွေ၊ ဝါးတွေ ခုတ်ပြီး ဖောင်တွေ လုပ်ကြတော့"

ဘုရင့်နောင်က ဘယ်လောက်များများ ရှုံး၍ပြေးရသော ရန်သူသည် စိတ်ဓာတ် မကောင်းနိုင်တော့။ ထို့ကြောင့် ဆောလျင်စွာတိုက်သင့်သည်ဟု ဆုံးဖြတ်ပြီး မြစ်ကူးစစ်ဆင်ရေးလုပ်ရန် ဆုံးဖြတ်တော့သည်။

စစ်သည်ဗိုလ်ပါများကလည်း ရရာ သစ်ဝါးများနှင့် ဖောင်များဖွဲ့ကြ၏။ ထိုစဉ်က မြစ်ဝကျွန်းပေါ်တွင် သစ်ဝါးများ ပေါများသေးသည့် အခြေအနေဖြစ်ပေသည်။ သစ်ဝါးများဖြင့် ဖောင်ဖွဲ့ပြီး နောင်ရိုးချောင်းအား အမြန်ဖြတ်ကူးကြသည်။ တစ်ဖက်ကမ်းသို့ တပ်အားလုံး ရောက်ချိန်တွင် ဘုရင့်နောင်က ဖောင်များအားလုံးကို





ဖျက်ရန် အမိန့်ထုတ်တော့၏။

ထိုအခါ တပ်ဗိုလ်တပ်မှူးများက –

"အားမတန်၍ ဆုတ်ခွာရလျှင် ဖောင်မရှိပါက မခက်ပါလော။ ဖောင်ရှိမှ သင့်လျော်ပါမည်"

ဟု လျှောက်တင်ကြ၏။

"သိပ်စိတ်မပူကြလင့်။ မင်းတရားရွှေထီး ဘုန်းကံကြောင့် ဒီတိုက်ပွဲကို ငါတို့နိုင်မည်။ ဖောင်များကို ဖျက်မှာသာ ဖျက်ကြ"

ဟု မိန့်တော်မူ၏။

တပ်များ မြစ်ကူးပြီးချိန်တွင် တပင်ရွှေထီး၏ ပင်မတပ်ကြီးမှ စေလွှတ်လိုက်သော တုရင်ရာဇာနှင့် မြင်း ၁၀ စီး ရောက်လာ၍ တပင်ရွှေထီး၏အမှာအား ပေးအပ်လေသည်။ အမှာမှာ –

"ရန်သူကို ယခုမတိုက်နဲ့ဦး။ ငါ့ကို စောင့်ပါ။ ငါ ရောက်မှ တိုက်မည်" ဟု ပါရှိ၏။

ဘုရင့်နောင်က အောက်ပါအတိုင်း ပြန်ကြားလိုက်သည်။

"အရှင့်ဘုန်းတော်ကြောင့် ရန်သူအား လုံးဝဥဿုံ အောင်နိုင်ပြီဖြစ်ကြောင်း လျှောက်တင်အပ်ပါသည်"

ဟူ၏။ ထို့နောက် တုရင်ရာဇာကို ပြန်လည်စေလွှတ်လိုက်လေသည်။

တပ်ဗိုလ်၊ တပ်မှူးများက –

"မည်သို့ပြန်ကြားလိုက်ပါသလဲ အရှင်။ မတိုက်ရသေးပါပဲလျက် အောင်နိုင်ပြီးဟု လျှောက်တင်လိုက်ရာ မအောင်မြင်ပါက အပြစ်ပေး အရေးယူခံရဖွယ် မဖြစ်ပါသလော" ဟု ဝိုင်းလျှောက်တင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရင့်နောင်က –

"ငါတို့ အခုဖောင်ဖျက်ပြီးပြီ။ ဤတိုက်ပွဲကို အသက်စွန့်ကာ အနိုင်တိုက်မည်။ အသက်စွန့်ပြီးပြီ ဖြစ်သဖြင့် ငါတို့အား မည်သူက အရေးယူ၍ ရအံ့နည်း။ အပြစ်ပေး၍ ရအံ့နည်း"

"စစ်တို့မည်သည်မှာ အင်အား နည်းသည်၊ များသည်မှာ ပမာနမဟုတ်။ လုပ်ရည်ကိုင်ရည် အရဲအစွမ်းသာ အရင်းအမြစ် ဖြစ်ပါပေသည်။ သွေးသောက်ဖက်ရဲဘော်တို့ မပူကြကုန်လင့်။ ဤ တိုက်ပွဲအောင်မြင်အောင် ငါကိုယ်တိုင် ရှေ့ကနေဦးဆောင်တိုက်မည်"

ဖောင်များ ဖျက်ပြီးနောက် ဘုရင့်နောင်က စစ်သုံးကြောင်း ခွဲလိုက်၏။ ထော်မှိုင်းရဲအား ဆင် တစ်ဆယ့်ငါးစီး၊ မြင်းနှစ်ရာ၊ စစ်သည် ၃၀၀၀ ကို အုပ်စီးစေ၍ လက်ျာကြောင်း ချီစေ၏။ ဘယသကြန်အား ဆင်ဆယ့်ငါးစီး၊ မြင်းနှစ်ရာ၊ စစ်သည် ၃၀၀၀ ကို အုပ်စီးစေလျက် လက်ဝဲကြောင်း ချီစေ၏။ ကိုယ်တိုင်မှာမူ ဆင် နှစ်ရာ၊ မြင်းနှစ်ရာ သူရဲ ၄၀၀၀ နှင့် အလယ်ကြောင်း ချီ၏။

သုရှင်တကာရွှတ်ပိ၏ စစ်သူကြီး ဗညားဒလနှင့် မင်းရဲ အောင်နိုင်တို့သည် မြန်မာတို့ဘက်မှ စစ်သည် အင်အားနည်းပါး သည်ကို သိသဖြင့် မကြောက်မရွံ့ ဝံ့ဝံ့စားစား တိုက်ခိုက်တော့မည် ဟု ဆီးကြိုခုခံလေရာ စွယ်လမန်း မည်သောဆင်ကို စီးလျက် ဘုရင့်နောင်သည် ချွန်းဖွင့်၍ ရန်သူ့တပ်တွင်း အတင်းဝင်လေသည်။ တပ်မှူးစစ်ကဲတို့လည်း ကျော်ထင်နော်ရထာ၏ ရဲရင့်ပုံကို မြင်ကြ ရလေလျှင် တကယ့်ရဲစိတ်ရဲမာန် ဝင်လာကာ မိမိတို့ တပ်မှူးကြီး နည်းတူ ရန်သူ့တပ်တွင်းသို့ ရှပ်ရှပ်ချွံချွံ စွန့်စားဝင်ရောက်ထိုးခုတ် တိုက်ခိုက်ကြလေ၏။





မွန်တပ်ကြီးမှာ မြန်မာတို့၏ ရဲရဲရင့်ရင့် တိုက်သည့်အရှိန် ကို မခံနိုင်၍ ရုတ်ရုတ်ရက်ရက် အလဲလဲ အကွဲကွဲ ဖြစ်နေစဉ် ကျော်ထင်နော်ရထာက ဗိုလ်မှူးကြီး ဗညားဒလ၏ ဆင်ကို မဲပြီး တိုက်တော့၏။ ဗညားဒလ၏ဆင်သည် ခုခံတွန်းလှန်ခြင်းမပြုဝံ့ဘဲ နောက်သို့ ဆုတ်ပြေးလေရာ ကျော်ထင်နော်ရထာလည်း လိုက်လေ သဖြင့် ဗညားဒလမှာ ဆင်မှ မြင်းသို့ ကူး၍ ပြေးရပြန်၏။ ဗညားဒလ ဆုတ်ပြေးသော်လည်း လက်ျာကြောင်းချီ ထော်မှိုင်းရဲ့ လုံချက်က မွန်တပ်မှူးကြီး မင်းရဲအောင်နိုင်ကို ထိကာ မင်းရဲအောင်နိုင် ဆင်ပေါ် မှာပင် ကျဆုံးသွား၍ မွန်တပ်သားများ ခြေဦးတည့်ရာ ထွက်ပြေးကြ ရလေသည်။ မွန်တို့ တပ်ပျက်လေ၏။ ပရမ်းပတာ ဆုတ်ခွာသွား ကြ၏။

ပင်မတပ်ကြီးနှင့် နောင်ရိုးသို့ရောက်လာသော တပင်ရွှေထီး သည် တိုက်ပွဲပြီးဆုံးနေသည်ကို တွေ့သောအခါ ပြင်းစွာအမျက် ထွက်၍ –

"ငါရောက်မှ တိုက်ပါ။ ငါ့ကို စောင့်ပါဦးဟု မှာကြားထား ပါလျက် အဘယ်ကြောင့် ဒီတိုက်ပွဲကို တိုက်လိုက်ပါသလဲ ငါ့ရှင်"

ဟု မေးလေတော့သည်။

တပင်ရွှေထီး အမျက်ထွက်နေသည်ကိုသိသော ဘုရင့်နောင် က လိမ္မာပါးနပ်စွာဖြင့် …

"မှန်လှပါ။ ဤတိုက်ပွဲမှာ ရန်သူ့ဘက်မှ ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့သာဖြစ်၍ အရှင်နှင့် မထိုက်တန်သည့် ခေါင်း ဆောင်ငယ်များ၏ တိုက်ပွဲငယ်မျှသာဖြစ်၍ ကျွန်တော်မျိုးလောက် မျှနှင့် ပြီးစေလိုက်ပါသည်။ အရှင်နှင့် ထိုက်တန်သော တိုက်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com



များရေ့တွင် ကြုံပါဦးမည်။ ခွင့်လွှတ်ပါရန် လျှောက်တင်ပါသည်

ဟု တပင်ရွှေထီးအား လျှောက်ထားသည်။ ထို့နော အောင်ပွဲရထားသော ဆင်၊ မြင်း၊ လူသူ၊ လက်နက်များကို ဆက် လေသည်။

တပင်ရွှေထီးသည် တိုက်ပွဲအတော်များများ တိုက်ခဲ့ပြီးဖြစ် ဤတိုက်ပွဲကား သာမန်တိုက်ပွဲငယ်မဟုတ်၊ တိုက်ပွဲကြီးဖြစ်ကြောင်း အခင်းအကျင်းကို ကြည့်၍ သဘောပေါက်ပြီးဖြစ်၏။ သို့ရာတွင် ဘုရင့်နောင်က ဗိုလ်ပုံအလယ်တွင် အောက်ကျနောက်ကျခံ၍ လိမ္မာ ပါးနပ်စွာ လျှောက်တင်သည်ကို အထူးကျေနပ်အားရလှသဖြင့် —

''ကောင်းလှပေပြီ။ နောင်တော်၏ အောင်ပွဲကို ကျွန် လက်ခံသည်။ ဤတိုက်ပွဲအောင်မြင်မှုအတွက် နောင်တော်အား ယခုအချိန်မှစ၍ ဘုရင့်နောင်ဟု ခေါ်တွင်စေရမည်''

ဟု အမိန့်ချမှတ်လိုက်ပြီး ဝတ်ဆင်ထားသော ပတ္တမြား လက်စွပ်ကို လက်မှချွတ်ပြီး ပေးသနားသည်။ ထို့ပြင် လှိုင်မြို့ကို အပိုင်စားချီးမြှင့်လိုက်လေသည်။

ဤတိုက်ပွဲ၌ သုရင်တကာရွတ်ပိက ရှေ့မှ ပြည်သို့ ခွာစ ဆင်သွားခဲ့ပြီး တိုက်ပွဲခွင်မှ ထွက်ခွာသွားခဲ့သည်။ ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့ နှစ်ဦးအနက် မင်းရဲအောင်နိုင်က ဆင်ထက်မှာပင် ဘုရင့်နောင် လက်ချက်ဖြင့် ကျဆုံးသွားခဲ့လေသည်။ ဗညားဒလကား ဆင်ထက်မှဆင်းကာ မြင်းစီး၍ စစ်မြေပြင်မှ အပြင်းဆုတ်ခွာသွားခဲ့ လေသည်။ ခေါင်းဆောင် ၂ ဦး မရှိတော့၍ နောင်ရိုးတစ်ဖက်ကမ်းရှိ မွန်တပ်ကြီး ပျက်ခဲ့ရလေသည်။

ဤသည်မှာ နာမည်ကျော် နောင်ရိုးတိုက်ပွဲကြီးပါခင်ဗျား။





ချုပ်ဖော်ပြချက်

နောင်ရိုးတိုက်ပွဲကား ရှေးမြန်မာမင်းများ၏ မြစ်ကူး ဆင်ရေးတိုက်ပွဲဖြစ်ပါသည်။ နှစ်ဖက်လုံး လူသောင်းချီသုံးသဖြင့် တော် တပ်မကြီးတစ်ခုစာ၊ တပ်တော်တစ်ခုစာ ရှိပါသည်။ ဤတိုက်ပွဲကြီး၌ မြန်မာတပ်က မိမိထက် အင်အားလေးငါးဆရှိသော တပ်ကို အောင်နိုင်ခဲ့သည်။

စစ်အောင်ရသော အကြောင်းမှာ ဘုရင့်နောင်၏ အောင်ရ ဟုသော ဖောင်ဖျက်လိုက်သည့် စိတ်ဓာတ်က အဓိကကျသည်။ မြကြီး ရှင်ရွှေထီး သဘောထားကာ ဘုရင့်နောင်ကိုယ်တိုင် စီး၍ ဆင်ကိုချွန်းဖွင့်လွှတ်ကာ မွန်ခေါင်းဆောင် ဗညားဒလနှင့် ရဲအောင်နိုင်ကို အတင်းဝင်ထိုးပြီး တိုက်သည်။ မင်းရဲအောင်နိုင် ဆင်ပေါ်မှာ ကျဆုံး၍ ဗညားဒလ ဆင်ထက်က ဆင်းပြေးရသည်။ တွင် အနီးကပ်ခေါင်းဆောင်များ မရှိတော့သည့်အခါ မွန်တပ်ကြီး ပျက်လေသည်။

မွန်တပ်မှာ ပဲခူးက တပ်ပျက်၍ ဆုတ်ခွာလာရသဖြင့် စိတ် ဓာတ်ရေးရာအရ အားပျော့နေချိန်တွင် ထပ်အတိုက်ခံရသည်။ ဘုရင် သုရင်တကာရွတ်ပိကလည်း ခံမတိုက်ဘဲ ရှေ့မှပင် အင်ပူဘက်သို့ ခွာစစ်ဆင်သွားခဲ့သည်။ ရန်သူခေါင်းဆောင်က ခွာစစ်ဆင်သွား ချိန်တွင် မိမိတို့ ခေါင်းဆောင်က **Commander Wellforward** ဆိုသည့်စကားအတိုင်း ရှေ့မှ ဦးဆောင်တိုက်ခဲ့၍ မြန်မာတို့ စစ်နိုင် ခဲ့သည်ဟု ဆိုချင်ပါသည်။

မွန်တို့သည် မြန်မာများ နောင်ရိုးချောင်းအကူးတွင် စောင့် တိုက်ရမည်ဖြစ်သော်လည်း အင်အားနည်းသည်ကို အထင်သေး၍



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကူးလာသည်ကို စောင့်ကြည့်ပြီးမှ တိုက်လေသည်။ မြန်မာတို့ ဖောင်ဖျက်ပြီး သူရဲစီးသလို တိုက်တော့မည်ကို မရိပ်စားမိသဖြင့် အေးအေးဆေးဆေးနေခဲ့သည်။ ခေါင်းဆောင်ချင်း စီးချင်းထိုး၍ မိမိတို့ခေါင်းဆောင် ကျဆုံးပြီး မြန်မာစစ်သည်များ၏ သန္နိဋ္ဌာန်စိတ်ဖြင့် တိုက်ပွဲဝင်လာသည်ကို မခံနိုင်တော့ဘဲ တိုက်ပွဲခွင်မှ လုံးဝစွန့်ခွာ ထွက်ပြေးကြရတော့၏။

တကယ်တော့ နောင်ရိုးတိုက်ပွဲမှာ မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲဆိုသော်လည်း စနစ်တကျ ပြင်ဆင်တိုက်ရသော တိုက်ပွဲမဟုတ်ဘဲ မြန်မာတို့က ချောင်းရေပြင်ကို အရေးပေါ် ဖြတ်ကူးကာ အရေးပေါ်ဆုံးဖြတ်ပြီး လျှပ်တစ်ပြက် တိုက်ရသော တိုက်ပွဲဖြစ်ပါသည်။

အောင်မြင်မှုသည်လည်း ဒုတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်မည့် ဘုရင့်နောင်၏ ဘုန်းကံနှင့် အစွမ်းအစကို ပထမဆုံးအကြိမ် ထင်ရှားပြသလိုက်သည့် တိုက်ပွဲကြီး ဖြစ်ပါကြောင်း သုံးသပ်ဖော်ပြအပ်ပါသည် ခင်ဗျား။

**မှီငြမ်းကိုးကားသောစာအုပ်များ**


၁။ မြန်မာသူရဲကောင်းများ၊ သတင်းစာဆရာကြီး ဦးသိန်းမောင်


၂။ မင်း ၁၀ ပါး ရာဇဝင်၊ ဒေါက်တာမတင်ဝင်း


၃။ ဘုရင့်နောင်၊ အောင်ခင်စိုး

၄။ မှန်နန်းရာဇဝင်တော်ကြီး၊ ဦးကုလား


■


မြရတနာစာပေ





www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ သန်းထွန်း မှန်းဆထားသော
နောင်ရိုးတိုက်ပွဲ တည်နေရာပြမြေပုံ



…ကြားသော နောင်ရိုးတိုက်ပွဲကို ဖောင်ဖျက်ပြီး အောင်မြင်အောင်တိုက်ခဲ့သည့်
ဒုတိယမြန်မာနိုင်ငံတော်အားတည်ထောင်ခဲ့သော ဘုရင့်နောင်

www.burmeseclassic.com

www.burmeseclassic.com



မွန်တို့လက်ထဲမှ ပြည်မြို့သိမ်းတိုက်ပွဲ ကို အောင်မြင်စွာဆင်နွှဲခဲ့သည့်
တတိယမြန်မာနိုင်ငံတော် အားတည်ထောင်ခဲ့သော
အလောင်းမင်းတရားကြီး

## အလောင်းမင်းတရားကြီး၏ ပြည်မြို့သိမ်းတိုက်ပွဲကြီး

ါန်း

အလောင်းမင်းတရားကြီး၏ ပြည်မြို့သိမ်း တိုက်ပွဲမှာ ာမန့်မြစ်ကူးစစ်ဆင်ရေး မဟုတ်မှုဘဲ ရေကြောင်း၊ ကြည်းကြောင်း ိုက်ပွဲကြီးတစ်ခုလည်း ဖြစ်လေသည်။ ကုန်းဘောင်ခေတ် မြန်မာ့ ိုင်းတွင် သံလျှင်တိုက်ပွဲကဲ့သို့ ကြီးကျယ်သော တိုက်ပွဲကြီးတစ်ပွဲ ်သဖြင့် ရှေးခေတ် မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲများတွင် ထည့်သွင်း ာ်ပြလိုက်ရပါကြောင်း။

### ည်ကို တိုက်ရခြင်းအကြောင်း

ခရစ်နှစ် ၁၇၅၃ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် င်းဝကို အောင်နိုင်လိုက်၏။ အင်းဝကို အောင်နိုင်ပြီး မွန်တို့ကို င်းလင်းပြီးသောအခါ ရွှေဘိုခေါ် ရတနာသိခ်သို့ ပြန်ခဲ့လေသည်။

ထိုအချိန်တွင် စိတ်မချမ်းသာစရာ သတင်းတစ်ခုကို ကြားရ၏။

အင်းဝကို မွန်တို့ သိမ်းစဉ်က ဟံသာဝတီသို့ ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းခံရသော အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိနှင့် မင်း
မင်းသား လူသူအများအပြားကို မွန်ဘုရင် ဗြမိုင်တိရာဇာ၏ အ
အရ ရေချကွပ်မျက်လိုက်ခြင်းပင် ဖြစ်၏။ အကြောင်းပြချက်
ပုန်ကန်ရန် ကြံစားသောကြောင့် ဆို၏။ သတ်ဖြတ်ခံရသူ အင်း
သား အရေအတွက် များပြားလာရာ အင်းဝသားတို့ ပဲခူး၊ ဟံ
ဝတီမှ ထွက်ပြေးကြ၍ ရွှေတောင်၊ မြန်အောင်၊ ကြံခင်းဒေသ
သို့ ရောက်သွားကြသည်။ အင်းဝမြို့သား ကျော်ထင်သက်
ရှည်က စလေမြို့ဝန်နှင့် ပခန်းငယ်မြို့ဝန်တို့ကို စည်းရုံးကာ ပြည်
ကို ရုတ်ခြည်းတိုက်ခိုက် ဝင်ရောက်သိမ်းပိုက်ပြီး အနိုင်အလုံ
လေတော့သည်။

ထို့နောက် အလောင်းမင်းတရားကြီးထံ လူလွှတ်
သွယ်ကာ ပြည်ကို လာရောက်သိမ်းပိုက်ပါမည့်အကြောင်း အ
ဘုရင် ဟံသာဝတီပါမင်းနှင့် ဆွေတော် မျိုးတော်တို့မှာ မွန်တို့
ရေချ ကွပ်မျက်လိုက်၍ အင်းဝမင်းဆက် ပြတ်ပြီဖြစ်ကြော
အလောင်းမင်းတရားကြီးသာ နိုင်ငံကို ကယ်တင်နိုင်မည့်သူ
ကြောင်း မွန်တွေ၏ လက်ထဲမှ ပြည်ကိုလည်း အမြန်လာရော
ကယ်တင်သိမ်းယူပါရန် အကြောင်းတို့ ပါရှိလေသည်။

ထိုအခါ အလောင်းမင်းတရားက ညီလာခံဗိုလ်ပုံအလ
တွင် –

"ငါသည် ဟံသာဝတီကို လုပ်ကြံ၍ အင်းဝရွှေနန်းရှင်
ပြန်ရလျှင် ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်မည်ဟု အကြံတော်ရှိသည်
ယခု မွန်တို့က ကွပ်မျက်လိုက်၍ ရွှေနန်းရှင် မရှိတော့ဟု ကြားတော်
ရသည်မှာ နှမြောစွတကား စိတ်နလုံး မသာမယာရှိစွတကား"





ဟု မိန့်ကြားလေတော့သည်။ ဆက်လက်ပြီး မိန့်ကြား
မှာ –

"မကြာမီ ပြည်ကို ချီတက်လာခဲ့မည်၊ စောင့်မျှော်နေကြ

ဟူ၍ ဖြစ်၏။ အကြောင်းပြန်စာထည့်ပေးလိုက်၏။

ထိုအချိန်၌ ပြည်မြို့ကို မွန်တို့က ကြည်းတပ်၊ ရေတပ်များ
ထပ်မံဝန်းရံရန် စီစဉ်နေကြ၏။

ပြည်မြို့ရှိ မြန်မာခေါင်းဆောင်များသည် အလောင်းမင်း
၏ ပြန်စာကို ရရှိသောအခါ အလွန်အားတက်သွားပြီး မွန်တို့
ကို ခုခံကာကွယ်နိုင်ရန် မြို့ကို အသေအချာစီမံ စိုင်းပြင်းကြ
ထိုစဉ်က မြန်မာခေါင်းဆောင်များတွင် အာကာရွှေတောင်သည်
များကျော်ကြားလှပြီး ပြည်မြို့ ခုခံရေးတိုက်ပွဲ၌ အလွန်
သားရ၏။ နောင်တွင် အမြောက်ကျည်သင့်၍ ကျဆုံးခဲ့ရ၏။

### ဝတီတပ်များ ပြည်သို့ ချီတက်လာကြခြင်း

ဟံသာဝတီမင်းသည် ပြည်တွင် တာဝန်ပေးထားသော သူ၏
တပ်များကို မြန်မာတို့က တိုက်ထုတ်ပြီး ပြည်မြို့ကို အနိုင်
နေကြောင်း သတင်းရသည့်အခါ အောက်ပါအတိုင်း ပြောဆို
၏။

"ငါ၏တပ်မှူးများဖြစ်သည့် သမိန်သံလိုက်နှင့် ဒေါဖွယ်
တို့ တပ်ပေါင်း ၂၇ တပ် ပြည်တွင် ပျက်သွားခဲ့ပြီ၊ မြန်မာတို့က
ရမိသူများကိုလည်း သုတ်သင်ကွပ်မျက်ပစ်သည်ဟု ဆို
၏ ယခုအတိုင်းဆိုက ပြည်သားတို့ မုဆိုးဘိုမင်းကို ချီးပင့်ချီးမြှောက်



www.burmeseclassic.com

www.burmeseclassic.com



ချော်တင့်ခင်မှာ ပြည်မြို့ကို ရအောင်ယူ၍ ပြည်အထက်အော... ယုံကြည်ရေးအစီအမံများ ချထားမှုရမည်။ သို့မဟုတ်ပါက မုဆိုးဘို... ဟံသာဝတီအရောက် ချီလာလိမ့်မည်''

''ပြည်ကို တိုက်ရန် အောက်ပါအတိုင်းစုဖွဲ့လေ''

မွန်ဘုရင် ဗြမိုင် တိရာဇာသည် ပြည်ကို တိုက်ရန်အတွ... အောက်ပါအတိုင်း တပ်များကို စုဖွဲ့လေသည်။

တပ်မှူး သမိန်သံလိုက် ဦးစီး တစ်တပ်

တပ်မှူး လဂွန်းအိမ် ဦးစီး တစ်တပ်

တပ်မှူး ဗညားကျေည် ဦးစီး တစ်တပ်

တပ်မှူး ဒေါ်ရွှယ်ယစက် ဦးစီး တစ်တပ်

တပ်မှူး တလပန်း ဦးစီး တစ်တပ်

တပ်မှူး စောဖြ ဦးစီး တစ်တပ်

စုစုပေါင်း တပ်ပေါင်း ၆ တပ်ဖြစ်၏။

၎င်း ၆ တပ်တွင်

တိုက်လှေ ကိုးရာ

ရိက္ခာလှေ တစ်ထောင်

အမြောက် အလက် ခုနစ်ရာ

သေနတ် အလက် ငါးထောင်

စစ်သည် ငါးသောင်းကျော် ပါဝင်လေသည်။

၎င်းတပ် ၆ တပ်ကို ရေကြောင်းမှ ချီတက်စေပြီး သမ... တော် စောဖြအား ရေကြောင်းချီ တပ်မှူးချုပ် ခန့်အပ်လိုက်သည်...

တစ်ဖန် ညီတော် ဗညားဒလကို တပ်မှူးချုပ်ခန့်၍ ကြည်... ကြောင်းမှလည်း စစ်တစ်ကြောင်း ချီတက်စေ၏။ ကြည်းကြောင်...





...ချီတပ်၌

မြင်း တစ်ထောင်

အမြောက် အလက် ငါးရာ

သေနတ် အလက် တစ်သောင်း

စစ်သည် ခုနစ်သောင်း ပါဝင်လေသည်။

ဖော်ပြပါအတိုင်း စုဖွဲ့ပြီးသော် ဟံသာဝတီ မွန်တပ်ကြီး သည် လူတစ်သိန်းကျော်ဖြင့် ကြည်းကြောင်း၊ ရေကြောင်း ချီလာ၍ ပြည်မြို့ကို ရောက်ရှိလာကာ အောက်ပါအတိုင်း ဝိုင်းပတ် ပိတ် ဆို့လိုက်ကြ၏။

စောဖြနှင့် တိုက်လှေတစ်ရာကျော် လူတစ်သောင်းကျော်က အနောက်ဘက် ရောဝတီမြစ်ဘက်မှ၊ သမိန်သံလိုက်နှင့် တိုက် လှေတစ်ရာကျော် လူငါးထောင်ကျော်က ပြည်မြို့အောက် ဆင်တဲ ဒေသ၊ လဂွန်းအိမ်နှင့် လှေတစ်ရာကျော် လူငါးထောင်ကျော်က ဘောင်ရှည်အရပ်၊ ဒေါ်ရွှယ်ယစက်က လှေတစ်ရာ လူငါးထောင် ကျော်နှင့် ပြည်နဝင်းချောင်းအတွင်း၊ တလပန်းက လှေနှစ်ရာ လူတစ်သောင်းကျော်နှင့် ပြည်အထက်စကြံကျွန်း၊ ဗညားကျေည်က လှေတစ်ရာ လူငါးထောင်ကျော်နှင့် ပြည်နှင့် မကွေးကြား လှုပ်ရှား လျက်ရှိ၏။

ရေတပ်များနှင့် အထက်ပါအတိုင်း ပိတ်ဆို့ထားပြီး ကြည်း တပ်များကို ဗညားဒလ၊ ဗညားရက္ခိုက်၊ ဗညားတာနော၊ သမိန်လွတ် စသည့် တပ်မှူးကြီးလေးဦးက တပ်ပေါင်း လေးတပ် မြင်းခုနစ်ရာ ကျော် စစ်သည်ငါးသောင်းနှင့် ဆံတော်ရှင်ဘုရားတောင်တွင် အခြေပြု၍ ပြည်ကို ဝန်းရံထား၏။



www.burmeseclassic.com

www.burmeseclassic.com



အရန်ကြည်းတပ်အနေဖြင့် ဗညားကျော်က မြင်းတစ်ထောင်၊ ကျော် စစ်သည်တစ်သောင်းနှင့် ပြည်အရှေ့ မရမ်းပင်အရပ်၌ တပ်ချထားလေသည်။

**ဟံသာဝတီသားတို့ ပြည်မြို့ကို ဝန်းရံတိုက်ခိုက်ခြင်း**

ပြည်မြို့ကို အထပ်ထပ်ဝန်းရံပြီးနောက် ဟံသာဝတီ သားတို့သည် ပြည်မြို့ကို စတင်တိုက်ခိုက်တော့၏။

ပြည်မြို့တွင်းမှ စစ်သူကြီးအာကာရွှေတောင်မှ ကွပ်ကဲမှုယူပြီး ခုခံလေသည်။ ပြည်မြို့ကား သရေခေတ္တရာခေတ်ကပင် မြို့နံ ပတ်လည်ရှိပြီး ဖြစ်၏။

ပြည်မြို့သားတို့က မြို့ကို အခိုင်အလုံနေပြီး ရရာလက် နက်စွဲကိုင်၍ ကလေး၊ လူကြီးမှမကျန် ခုခံကြ၏။ ထို့ကြောင့် ဟံသာဝတီသားတို့ မြို့ရိုးနားကို ကောင်းစွာမကပ်နိုင်ကြ။ ထို့ကြောင့် ဟံသာဝတီ ပဲခူးသားတို့က အမြောက်ကြီးများကို ဆံတော်ရှင်ဘုရား တောင်သို့ သယ်ယူသွားပြီး တောင်ထိပ်မှ ပြည်မြို့တွင်းသို့ ပစ်သွင်းကြရာ မြို့သူမြို့သားတို့ ထောင်းလမောင်းကျအောင် အမြောက်ဒဏ်ခံကြရ၏။ သို့ရာတွင် တစ်မြို့လုံး အမြောက်ဒဏ် ကို ကျင်းများတူး၍ ခံကြ၏။ မြို့ပြင်သို့ ထွက်ပြေးခြင်း မပြုကြချေ၊ ကြံ့ကြံ့ခံနေကြ၏။

ပြည်မြို့သားတို့သည် မြစ်အတွင်းမှ ဆယ်ယူရရှိထားသော ရန်ပုံခွင်းအမြောက်ကြီးတစ်လက်ရှိခဲ့ရာ ရန်သူအမြောက်ဒဏ် ခံရသည့်အခါ ရန်ပုံခွင်းအမြောက်ကို ထုတ်၍ ပြန်လည်ပစ်ခတ် တိုက်ခိုက်တော့၏။ ရန်ပုံခွင်းအမြောက်မှာ ထိရောက်မှုကောင်း





သဖြင့် ဟံသာဝတီပဲခူးသားတို့၏ လက်နက်ကြီး တိုက်စစ်ကို ဆန့်ကျင်ထားလိုက်နိုင်၏။ သို့ရာတွင် ရန်ပုံခွင်းအမြောက်၌ ကျည်ဆန် ယမ်းမလောက်ဖြစ်နေသဖြင့် အလိုရှိတိုင်း အသုံးချနိုင်ခြင်း မရှိခဲ့ချေ။ ဆန့်စစ်ဆင်ရုံမျှသာ သုံးနိုင်ခဲ့၏။

**အာကာရွှေတောင်ကျဆုံးခြင်း**

မြန်မာတို့၏ ပြည်မြို့ခံစစ်ကို အနီးကပ်ကြီးကြပ်နေသူမှာ အာကာရွှေတောင်ဖြစ်၏။ သူသည် လူရွယ်လူလတ်ဖြစ်၍ သူ့ကျွန် မခံလိုသောစိတ်ဓာတ်နှင့် လှုပ်ရှားနေသူဖြစ်၏။ ဓားပြီး လှံပြီး သည်ဟုလည်း နာမည်ကြီး၏။ နောက်လိုက်နောက်ပါများနှင့် မြို့ပြင်ထွက်၍ ဟံသာဝတီတပ်ကို မကြာခဏ ထွက်တိုက်တတ်၏။ ခြေနင်းရံခါ တစ်ကိုယ်တည်း မြင်းတစ်စီးနှင့် ထွက်တတ်၏။ ရန်သူကို ကောင်းစွာ ကိုယ်ထင်ပြတတ်၏။ ရန်သူတို့က ၎င်း၏ကျော်ကြားသော အာယသိဒ္ဓိနှင့် ဓားရေး၊ လှံရေး၊ မြင်းရေး ကျွမ်းကျင်မှုကြောင့် အနီးသို့ မချဉ်းကပ်ဝံ့ကြချေ။

တစ်ကြိမ်တွင် အတင့်ရဲလှသော အာကာရွှေတောင်သည် တစ်ဦးတည်း မြင်းတစ်စီးနှင့် ပြည်မြို့တောင် ဘက်မှထွက်ပြီး မြစ်ဆိပ်ဘက်သို့အရောက်၌ အနောက်ဘက်မှ ဝိုင်းပတ်ထားသည့် ဟံသာဝတီတပ်က အမြောက်ကြီးများနှင့် ဝိုင်းဝန်းပစ်ခတ်ကြ တော့၏။ အမြောက်အလက်ပေါင်းများစွာ ဆိုင်ပစ်ခြင်းကို ခံရသဖြင့် အမြောက်ထိမှန်ကာ အာကာရွှေတောင် မြင်းပေါ်မှ လွင့်စင်ကျသွား သည်နှင့် ဟံသာဝတီသားတို့က ဝိုင်းဝန်းဖမ်းဆီးကာ နေရာမှာပင် သုတ်သင်ရှင်းလင်းလိုက်ကြ၏။ အာကာရွှေတောင်ကြောင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မြို့နားမကပ်နိုင်ဖြစ်နေရာ ယခုအခါ အာကာရွှေတောင် ကျဆုံးသွားသောကြောင့် ဟံသာဝတီသားတို့ အလွန်အားတက်သွား၏။ မြို့နှင့်အနီး ချဉ်းကပ်ပြီး –

"အာကာရွှေတောင် ကျပြီ။ တက်ကြ ... တိုက်ကြ"

ဟု အော်ဟစ်ခါ မြို့ရိုးကို တွယ်တက်၍ တိုက်ကြတော့၏။

အာကာရွှေတောင်၏ တိုက်ပွဲကို စောင့်ကြည့်နေသည့် မြန်မာတို့ကလည်း "အာကာရွှေတောင် မရှိပေမယ့် ငါတို့ ခေါင်းဆောင် ကျော်ထင်သက်တော်ရှည်ရှိသေးတယ်ဟေ့" ဟု ကြွေးကြော်ကာ အစွမ်းကုန် ခုခံတိုက်ခိုက်ကြသည်။ တက်လာသမျှ ရန်သူကို ထိုးခုတ်သတ်ဖြတ် ကန်ချ၊ တွန်းချကြသည်။ ပွဲလျက်ရည်အပူများ လောင်းချကြသည်။ ဆီပူများ လောင်းချကြသည်။ ယောက်ျားများသာမက မိန်းမများ၊ ကလေးများပါ ပါဝင်သဖြင့် ပြည်သူ့စစ်အသွင်ဆောင်ခဲ့ရာ ဟံသာဝတီသားတို့ တပ်လန်သွားရလေတော့သည်။

**အလောင်းမင်းတရားကြီးနှင့် ရွှေဘိုသားတို့ စစ်ကူချီတက်ကြခြင်း**

အာကာရွှေတောင် ကျဆုံးသွားသောအခါ ပြည်မြို့ကို ဦးစီးကွပ်ကဲပြီး ခုခံနေသည့် ကျော်ထင်သက်တော်ရှည်၊ သတိုးကျော်သူရ၊ ပုခန်းမြို့သူကြီးတို့သည် ပြည်သားတို့ စိတ်ပျက်အားလျော့စပြုလာပြီကို မြင်သဖြင့် အလောင်းမင်းတရားကြီးထံ လူလွှတ်၍ စာရေးပြီး စစ်ကူအမြန်ချီတက်လာပါမည့်အကြောင်း လျှောက်ထားကြပြန်၏။

စာ၌ ဟံသာဝတီပဲခူးသားတို့ ကြည်းတပ်၊ ရေတပ် အထပ်ထပ်ဖြင့် ပြည်မြို့ကို ဝန်းရံထားကြောင်း၊ ပြည်မှ မကွေးထိ





...သာဝတီ ရေတပ်ကြီး ရှိနေကြောင်း၊ ကြည်းတပ်ကလည်း ...တော်ရှင် တောင်ထိပ်တွင် တက်၍ နေရာယူထားကြောင်း၊ ...မြောက်လက်နက်များ မြို့တွင်းသို့ တရစပ် ပစ်သွင်းနေ၍ မြို့မှာ ...နှံ့စွာ ပျက်စီးနေပြီဖြစ်ကြောင်း၊ ပြည်မြို့ကျသွားပါက ရက်ရှည်ခုခံတိုက်နေသူအားလုံး အသတ်ခံရဖွယ်ရှိကြောင်း စာမှာ ပါရှိလေသည်။

အကြောင်းစုံကို ကြားသိပြီးသောအခါ အလောင်းမင်းတရားကြီးက ...

"ပြည်မြို့ကို အပေါ့အလျော့ချီ၍ မဖြစ်။ ငါကိုယ်တော်တိုင် လိုက်ပါချီတက်မည်"

ဟု အမိန့်တော်ရှိ၏။

ထိုအခါ အနီးရှိ စစ်ကဲကြီး မင်းလှစည်သူက ...

"ယခုအခါ မွန်တစ်ရာ မြန်မာတစ်ယောက်နှင့် မလောက်ဖြစ်နေပါသည်။ သို့ရာတွင် သူတို့ ဗိုလ်ခြေအလုံးအရင်းကို ကျွန်တော်မျိုးရှေ့က ချီ၍ စစ်သည်ရဲမက်အသင့်အတင့်နှင့် မကွေးအထိ ...လာသော ရန်သူကို စစ်ဦးဘီလူး ချိုးဖျက်တိုက်ခိုက်ပါမည်" ဟု အားကြိုးမာန်တက် လျှောက်တင်လေ၏။

ထိုအခါ အလောင်းမင်းတရားက အားရကျေနပ်တော်မူပြီး မင်းလှစည်သူ၏ လျှောက်တင်ချက်ကို ခွင့်ပြုတော်မူ၏။

မင်းလှစည်သူသည် အလျား အတောင် ၇၀၊ အနံ ၁၁ တောင်၊ အနက် ၆ တောင်ရှိသော မှိုင်းသဲသဲ လှေတော်ကြီးနှင့် ခတ်တက်စွဲ လှေသား ၁၅၀၊ လက်နက်ကိုင် ၁၅၀၊ အမြောက်ဝိန်ပြောင်း အပြည့်အစုံ၊ အရန် လှေ ၃၆ စီးစီနှင့် ပြောင်းအလ...



www.burmeseclassic.com

www.burmeseclassic.com



၁၆၀ ကျော်၊ သေနတ် ငါးရာ၊ လက်နက်ကိုင် ၁၇၀၀ ပါဝင်သော ရှေ့ဖျားချီ ရေတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။

ရဲစက်ကျော်ခေါင်နှင့် ရာဇကုမ္မာန်တို့က တိုက်ခိုက်ရေး ရေတပ်ကို ကွပ်ကဲပြီး ထိုနှစ် နတ်တော်လ၌ ကျောက်မြောင်း ပြည်သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလေတော့သည်။

မင်းလုစည်သူ၏ ရှေ့ဖျားတပ် ထွက်သွားသည်နှင့် အလောင်းမင်းတရားသည်လည်း သူ၏ ပင်မတပ်ကြီးကို အောက် အတိုင်း စုဖွဲ့လေတော့သည်။

ကျောက်မြောင်းတွင် အနယ်နယ်အရပ်ရပ်မှ ကြည်းတပ် သား၊ ရေတပ်သားများကို စုဖွဲ့ရာ ထီးလင်း၊ ကလေး၊ သောင်ဒွတ် မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမိတ် ဒေသများမှ ရှမ်းစော်ဘွား တပ်များနှင့် ချင်းတွင်းမြစ်ရိုး၊ ဧရာဝတီမြစ်ရိုးမှ ဒေသခံများ ရရှိခဲ့လေသည်။

ကြည်းတပ်တွင် မြင်း ၂၀၀၀၊ စစ်သည် ၂၀၀၀၀ ပါဝင် ရေတပ်တွင် တပ်ပေါင်း ၁၃ တပ်၊ စစ်သည် ၃၅၀၀ နှင့် တိုက်လှေ ဝန်လှေများပါဝင်ပြီး အမြောက် လက်နက်များ ခဲယမ်းများ၊ သေနတ်စိန်ပြောင်းများ အများအပြား တင်ဆောင်၍ ရေတပ်ကို သားတော်၊ ညီတော်၊ ယောက်ဖတော်နှင့် အားကိုး သော တပ်မှူးစစ်ကဲကြီးများက အုပ်ချုပ်၍လိုက်ပါကြ၏။ အလားတူ ကြည်းတပ်တွင်လည်း အားကိုးရသော စစ်ကဲကြီးများ ပါရှိလာ မြန်မာတို့၏ ရွှေဘိုတပ်ကြီးမှာ လူအင်အား ၆ သောင်းကျော် ၇ သောင်းမျှ ပါဝင်လေသည်။





ဧော်မြစ်တွင်းမှ ရေကြောင်းတိုက်ပွဲများ

ရှေ့ဖျားချီ မင်းလုစည်သူ၏ ရေတပ်သည် ရေနံချောင်း ောက်တွင် ပဲခူးသားတို့၏ ရေတပ်တပ်ဦးနှင့် တွေ့ဆုံ၍ ပထမ ရေကြောင်းတိုက်ပွဲ ဆင်နွှဲရာ စစ်ဦးဘီလူးဆိုသည့်အတိုင်း မြန်မာ ာ သူရဲစီးသလို ပစ်ခတ်တိုက်ခိုက်သဖြင့် ဟံသာဝတီရေတပ် လေ၏။

ဟံသာဝတီသားတို့ တောင်ဘက်သို့ ဆုတ်ခွာသွားသည် နောက်မှ လိုက်တိုက်ရာ မလွန်တွင် ဗညားကျည်းမှ တိုက် ကြီး ငါးရာကျော်နှင့် ဆီး၍ခံပြန်၏။ အကြောက်အရွံ့မရှိသော ာသူရဲကောင်းတို့ အပြင်းဝင်တိုက်ကြရာ ထိုလှေငါးရာကျော် င်ဘဲ ဆုတ်ပြန်လေ၏။ မြန်မာတို့ စိတ်အားတက်ကြွလာကြပြီး ာင်ပင်ဆိပ် ကံမဘက်တွင် မြစ်အရှေ့ဘက်၊ အနောက်ဘက် ကြောင်းအပြည့် အမြောက်စိန်ပြောင်း အထပ်ထပ်နှင့် ခံသည် င် မြန်မာသူရဲကောင်းတို့က အသက်ကို ပမာနမထားဘဲ သူ့လှေများပေါ် ခုန်တက်ကာ ရှပ်ရှပ်ခွျံခွျံ ထိုးခုတ်ကြလေလျှင် သာဝတီပဲခူးသားတို့ လှေတပ်အားလုံး အဆီးအတားမရှိ ဆုတ် ွာက်ပြေးကြရလေ၏။

ရဲစိတ်ရဲမာန် ပြင်းထန်သော မြန်မာလှေတပ်သားတို့လည်း မြောက်စိန်ပြောင်း မြစ်လုံးဆုညံအောင် ပစ်ခတ်၍ စစ်ဦးဘီလူး သား နောက်ကလိုက်လျက် ရန်သူ့လှေများကလည်း ရှေ့ကပြေး က်ရှိကြသည်။ ဤသည်ကို တလပန်းမြင်လျှင် မြန်မာလှေ ပ်ကြီး ချီတက်လာပြီထင်၍ သူ၏ လှေ ၂၀၀၊ ၃၀၀ ကို စကြံန် န်းက ခွာလေ၏။ တလပန်းဆုတ်သော် ဒေါဖွယ်ယစက်လည်း



www.burmeseclassic.com

www.burmeseclassic.com




ရင်း၏ လှေ ၂၀၀၊ ၃၀၀ ကို ဆုတ်ပြန်လေ၏။

မွန်တို့ ဆုတ်ခွာသည်ကို ပြည်မြို့သားတို့ မြင်သော်လည် ရွှေဘိုက စစ်ကူရောက်လာသည်ကို မသိကြသေးချေ။ မွန် ဥပါယ်တံမျဉ်ဖြင့် ဆုတ်ဟန်ပြသည်ထင်ကြ၏။ ထို့ကြောင့် မြို့တွင် အသာကြည့်နေကြ၏။ ထိုအချိန်တွင် နောက်မှ အပြင်းလို စစ်ဆင်လာသော မင်းလှစည်သူ၏ ‘မှိုင်းသဲသဲ’ လှေတော်ကြီးသ တစ်စီးတည်း တပ်ဦးကွဲ၍ ရန်သူ့လှေအုပ်စုကြီးထဲ ရောက်သွ တော့၏။ ရန်သူလှေ လေးငါးရာနှင့် မှိုင်းသဲသဲမှ မြန်မာစစ်သည်မျ ရှုပ်ရှုပ်ထွေးထွေး သဲသဲမဲမဲ တိုက်ခိုက်ကြရာ လှေကြီးတစ် တည်းအား လှေငယ်အများက ဝိုင်းတိုက်ခြင်း ခံရသဖြင့် မှိုင်းသဲ လှေတော်ကြီးမှ မြန်မာစစ်သည် သုံးရာခန့် ကျဆုံးလေတော့သည်

အသည်းအသန်တိုက်ခိုက်နေကြစဉ် နောက်မှ လိုက် သည့် ရဲစက်ကျော်ခေါင်နှင့် ရာဇကူမ္မာန်တို့ မီလာ၏။ ထိုအချိ မှိုင်းသဲသဲတွင် မင်းလှစည်သူနှင့် လူ ၂၀၊ ၃၀ ခန့်သာ ကျန်တော့ ၏။ လက်မတင်လေး မီရုံသာရှိပြီး မှိုင်းသဲသဲလည်း စစ်ကူမျ ရောက်လာသဖြင့် ရန်သူ့လှေများကြားမှ ထွက်လာနိုင်တော့ မြန်မာတပ်မှူးကြီးသုံးဦး၏ လှေတပ်များသည် ကျောင်းကြီးဆိပ် ဆိုက်ကပ်ပြီး ထွက်ကြည့်နေကြသော ပြည်မြို့သားများအား ဆံ များ ဖြေပြ၍ “ရွှေဘိုသားဟေ့ ရွှေဘိုသား” “မြန်မာကွ” အော်ဟစ်ကြမှ စစ်ကူလာသော ရွှေဘိုမှ မြန်မာတပ်ကြီးမှန်း သိ တော့၏။

ဝမ်းသာအားရရှိကြ၏။ စစ်ကူရောက်ကြောင်းသတင်း ထ ခဏချင်းနှင့် မြို့လုံးနှံ့တော့၏။





သူ ပြည်သို့ရောက်ရှိစဉ်က ဧရာဝတီမြစ်ဆိပ် တစ်နေရာတွင် တွေ့ရစဉ် (၃.၅.၂၀၀၂)



သူတို့ မှတ်တမ်းတင်ရိုက်ကူးခဲ့သည့် ပြည်မြို့အနီး ဧရာဝတီမြစ် (၃.၅.၂၀၀၂)

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ်က အလောင်းမင်းတရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည့် ပြည်မြို့ရွှေဆံတော်ဘုရား



…တိုက်ပွဲတွင် ကျော်ကြားခဲ့သည့် ရန်ပုံခွင်းအမြောက်ကြီးနှင့် အမြောက်စစ်သည်များ




…င်ကြီးကြပ်ကွပ်ကဲသူသာ စီးနင်းရသည့် အလံတင်ဖောင်တော် (Flag Ship)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရေတပ်မတော်မှ မှန်ပြောင်းဖြင့် ရန်သူကို လှမ်းမျှော်ကြည့်နေသည့် ရေတပ်



အလောင်းမင်းတရား၏ မြန်မာ့ရေတပ်မတော်မှ လှေတော်စု



စုန်ပြေးကြသော ဟံသာဝတီလှေတပ်အားလုံး တရုတ်မော် ...စာဖြလှေတပ်နှင့် ပေါင်းကြသောအခါမှ ပြည်မြို့တွင်းသားတို့ ...ပေါက်မှ မြို့ပြင်ထွက်ပြီး အစာရေစာ ရှာစားနိုင်ကြတော့ ... မြို့တွင်း၌ အလွန်ပင် ငတ်မွတ်ခေါင်းပါးလျက် ရှိကြ ...ပြီ။

အလောင်းမင်းတရားကြီးသည် ကျောက်မြောင်းမှ ပြည် ...င်းချောင်းအရောက် အပြင်းချီတက်လာခဲ့၏။ လမ်းတွင် ...ကျော်သူနှင့် ရမ္မသီရိတို့ တပ်များ ပူးပေါင်းလိုက်ပါခဲ့၏။ ကျောက် ...င်းမှ ပြည်သို့ ၁၀ ရက်နှင့်အရောက် ချီတက်လာခဲ့ခြင်းဖြစ် ... နဝင်းချောင်း ဖောင်ဆိုက်ရာတွင် ဖော်တော်ဦးအမည်ရ စေတီ ... တည်ထားခဲ့၏။

အလောင်းမင်းတရားကြီး၏ လူတစ်သိန်းခန့်ပါသော ...ာစစ်ကူတပ်များ ပြည်သို့ရောက်ရှိလာကြောင်း ဟံသာဝတီ ...ားတို့ ကြားလျှင် အောက်ပါအတိုင်း အစီအမံလုပ်ကာ စစ်ပြင် ...တော့၏။

အထက်အညာမှ မြန်မာတို့ ရိက္ခာပို့သည်ကို ဖြတ်တောက် ...ခိုက်ရန်၊ လက္ခဏ်းအိမ်က တာဝန်ယူရန်၊ ရွှေဘုံသာ တစ်ဝိုက် ... စောင့်ကြိုနေရန်၊

လက္ခဏ်းအိမ်၏တပ်ကို ဗညားအဂ္ဂ၏တပ်က အရန်ရှိပေးရန်၊

ကျန်တပ်များ ပြည်မြို့ကို ခပ်လှမ်းလှမ်းမှ ဝိုင်းရံမြဝိုင်းရံ ...ရန်၊

ထိုအခါ အလောင်းမင်းတရားကြီးကလည်း စစ်ရေးအစီ ...ကို အောက်ပါအတိုင်း ဆောင်ရွက်လေ၏။

**မြရတနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မင်းလှစည်သူက တိုက်လှေ ၅၀ နှင့် လဂွန်းအိမ်အ[...] ဝင်တိုက်ရန်၊

သတိုးကျော်သူနှင့် ရမ္မသီရိတို့က ဗညားအဂ္ဂ၏ ရေတပ်[...] တိုက်ရန်၊

နန္ဒကျော်ထင်၏ ကြည်းတပ်များက မြစ်အနောက်ဘက်[...] နေ၍ မိမိရေတပ်များကို စစ်ကူပေးရန်၊

အထက်ပါအစီအမံအတိုင်း မင်းလှစည်သူ ရေတပ်[...] လဂွန်းအိမ်၏ရေတပ်ကို တိုက်လေရာ လဂွန်းအိမ် မခံနိုင်ဘဲ တော[...] ဘက်သို့ ဆုတ်ရလေ၏။

အလားတူပင် သတိုးကျော်သူနှင့် ရမ္မသီရိတို့လည်း ဗညား[...] အဂ္ဂ၏ လူ ၅၀၀၀ ပါသော ရေတပ်ကို တိုက်ရာ ကုန်းပေါ်မှ [...] ကျော်ထင်က ဝိုင်းကူ၏။ ကြည်းရေနှစ်ဖက်ညှပ်ပြီး တိုက်ခြင်း[...] မခံနိုင်သဖြင့် ဟံသာဝတီပဲခူးသားတို့ အရေးနိမ့်ကာ လက်လွှ[...] ထွက်ပြေးကြရလေတော့သည်။ ဗညားအဂ္ဂ၏တပ် ပျက်လေ၏[...]

လဂွန်းအိမ်က ခွာရပြီး ဗညားအဂ္ဂတပ် ပျက်သွားသည်[...] သိသွားသောအခါ ဟံသာဝတီပဲခူးသားတို့က ပြည်မြို့တောင်ဘ[...] ဆံတော်ရှင်ကုန်း၌ ခံစစ်ကို အခိုင်အမာတည်ဆောက်ကာ နေ[...] လေသည်။ အမြောက် စိန်ပြောင်းများကိုလည်း ထူထပ်စွာ ချ[...] ကြလေသည်။

**ဆံတော်ရှင်ခံတပ်ကို အပြီးသတ်တိုက်ပွဲဆင်နွှဲခြင်း**

ဟံသာဝတီပဲခူးသားတို့ ဆံတော်ရှင်တောင်တွင် ကြည်[...] ခံနေသည်ကို မြန်မာတပ်များ တက်တိုက်ရာ အမြောက်စိန်ပြော[...]



[...]ပ်သောကြောင့် အနားသို့ မကပ်နိုင်ရှိချေ၏။ ခံစစ်မှ ထွက်[...]ရန် စစ်မြှူသော်လည်း ဟံသာဝတီသားတို့က ထွက်မလာ[...]ချေ။ အတွင်းမှသာ ခံနေ၏။ အတင်းတက်တိုက်သော်လည်း [...]၍ လန်၍သာ ကျလာ၏။ အချို့က သက်စွန့်ကြိုးပမ်း ဆောင်[...]သော်လည်း တက်ညီလက်ညီကားမရှိ ဖြစ်နေ၏။ ဟန်ချက်[...] ဖြစ်နေ၏။

ထိုအခါ အလောင်းမင်းတရားကြီးက တပ်မှူး စစ်ကဲ[...]လုံးကို ညီလာခံခေါ်ပြီး အောက်ပါအတိုင်း အမိန့်ရှိတော့သည်။

"နင်တို့သည် အမှုတော်ကို နင်တို့အရေးကိစ္စ မဟုတ်သလို [...]ကြိုးစားစား မထမ်းရွက်ကြ။ ထို့ကြောင့် အမှုမပြီး ရှိချေ၏။ [...]အကြိမ်တွင် ငါကိုယ်တိုင် ရှေ့ဖျားတပ်နှင့် လိုက်ပါမည်။ [...]ကနေကြည့်မည်။ ဆင်က ဆင်၊ မြင်းက မြင်း၊ လူက လူ [...]တာဝန် ကိုယ်ကျေစေ။ စစ်သည်ရဲမက်များက လှေကား၊ [...]၊ ရဲတင်း၊ ပေါက်ဆိန်တို့ဖြင့် ရန်သူ့ခြေရင်းအထိ အရောက် [...]ပြီး တက်တိုက်ကြစေ။ နောက်မှနေပြီး အချောင်ခို လျှိုနေခြင်း [...]ရေ။ ရေသာခိုနေသူများတွေ့က ငါကိုယ်တိုင် ဓားဖြင့် ကွပ်မျက် [...]"

အထက်ပါအတိုင်း အမိန့်ရှိကာ ဓားပြတော်မူ၏။

တပ်မှူးစစ်ကဲအပေါင်းတို့သည် အလောင်းမင်းတရားကြီး၏ "နင်တို့အရေးကိစ္စ မဟုတ်၍လော" ဟူသော စကားကို နားလည်[...]သောပေါက်သဖြင့် ဗညားဒလ၏ ဆံတော်ရှင်ခံတပ်ကို သူ့ထက် [...] အတင်းချီတက်ကာ တက်တိုက်ကြ၏။ ရန်သူက တပ်ထိပ်မှ [...]ရှည်များ၊ ပွဲညက်ရှည်များ လောင်းသွန်၏။ လှေကားများကို



www.burmeseclassic.com

www.burmeseclassic.com



တွန်းချ၏။ အုတ်ခဲ၊ ကျောက်ခဲများနှင့် ပစ်ပေါက်၏။ အမြော... စိန်ပြောင်းများကို မြန်မာတပ်တွင်းသို့ မြိုင်မြိုင်ကြီး ပစ်သွင်း... အမြောက်စိန်ပြောင်းများထဲတွင် မျက်နှာဖြူတို့သုံးသော အမြော... ကြီးများ ပါရှိလာရာ ထိုအမြောက်ကြီးများ လက်ချက်ဖြင့် မြ... တို့ အထွေးလိုက်ကျဆုံးကြရ၏။ စွန့်စားသလောက် အရာ... ဖြစ်ရ၏။

ကျဆုံးသွားသူများတွင် မိဖုရားခေါင်ကြီး၏ မောင်အ... မင်းရဲကျော်စွာ၊ ဘထွေးတော်သား မင်းရဲကျော်သူတို့အပြင် အ... တပ်မှူးငယ် ငါးဦးလည်း ပါဝင်လေသည်။

အလောင်းမင်းတရားကြီးသည် ပြည်မြို့တောင်မျက်နှာ... တပ်ထိပ်မှနေ၍ ကြည့်တော်မူရာ မြန်မာတို့အသက်ကို ပဓာနမ... ဝံ့ဝံ့စားစား အသေခံတိုက်သည်ကို တွေ့မြင်ရပြီး အထွေးလို... အထွေးလိုက် ကျဆုံးသည်ကို မျက်ဝါးထင်ထင်မြင်နေရ၏။ ဤ... ဆိုက အကျအဆုံးသာ ဆက်များမည်။ အောင်ပွဲရရန် လမ်း... ဟု သုံးသပ်ပြီး တိုက်စစ်ကို ရပ်နားနေစေသည်။ ရန်သူ့ခံတပ်... ဗညားဒလက ကွပ်ကဲလျက်ရှိပြီး အကွပ်အညှပ်လည်း နာလှ...

ဆံတော်ရှင်ခံတပ် ခြေရင်းမကပ်နိုင်ရသည့် အကြောင်း... ပြောင်းသေနတ်နှင့် အမြောက်စိန်ပြောင်းများ ထူထပ်လှသော... ကြောင့်ဖြစ်ရာ ထိုဒဏ်ကို ခုခံကာကွယ်ရန် စဉ်းစားစိတ်ကူး စီ... ရတော့၏။ လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်စကားအတိုင်း စ... စားသုံးသပ်ပြီး အောက်ပါအတိုင်း တိုက်စစ်အမိန့်ကို ထုတ်... လိုက်၏။



...စစ်အမိန့်

ဆံတော်ရှင်ခံတပ်အား အောက်ပါအတိုင်း တိုက်ရန်။

(က) အချင်း ၄ တောင်၊ အလျား အတောင် ၂၀ ရှိ ခြင်းကြားကြီးများ ရက်၍ ကောက်ရိုးအပြည့်အသိပ် ထည့်ရမည်။ ၎င်းခြင်းကြားကြီးများကို အကာအကွယ်ယူပြီး ရဲမက်စစ်သည်များ လိုက်ပါရမည်။

(ခ) ရန်သူ့အနီးရောက်သော် အလျားဆယ်တောင်ရှိ ဝါးလုံးရှည်များနှင့် ယမ်း ငရုတ်ရောကာ မီးရှို့ပြီး ရန်သူကို ညှော်တိုက်ရမည်။ ရနိုင်သမျှ ထိုးထုတ်တိုက်ခိုက်ရမည်။

(ဂ) ပြည်မြို့တော် မျက်နှာစာ ကြည်းတပ်များက ရန်သူ ကြောက်အောင် အင်အားပြနေရမည်။

(ဃ) မြစ်တွင်းရှိ ရေတပ်မှ လှေအားလုံး ထွက်ပြီး တွေ့သမျှ ရန်သူ့လှေအားလုံးကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း တိုက်ရမည်။ မီးရှို့ဖျက်ဆီး၍ရက မီးရှို့ဖျက်ဆီးပစ်ရမည်။

(င) ရန်သူအသုံးပြုနေသော အမြောက်ကြီးများကို လက်ရွေးစင် သွေးသောက်တပ်ဖွဲ့နှင့် ရအောင်တက်ပြီး လုယူကြရမည်။

(စ) ဤတိုက်ပွဲကြီးကို ငါကိုယ်တိုင် လိုက်ပါကြီးကြပ်မည်။

အားလုံးသက်စွန့်ဆံဖျား အမှုတော် ထမ်းရွက်ကြစေ။

တိုက်စစ်အမိန့်ကို ထုတ်ပြန်ပြီးသော် နောက်ဆုံးတိုက်စစ်ကို ဆောင်ရွက်တော့၏။ ထိုနေ့ကား မြန်မာ သက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့တည်း။

အလောင်းမင်းတရားကြီးသည် အတူလိုက်ပါလာသော သက်ဝဲသုန္ဒရအမတ်ကြီးအား အတိတ်ကောင်း နိမိတ်ကောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဝနည်းနာစေပြီး ထိုနေ့ည နှစ်ချက်တီးကျော်၌ ကြည်းတပ်များ မြည်မြို့အရှေ့ဘက် ခြောက်မိုင်ခန့်အကွာမှ နဂါးပတ်ချီတက်၍ တောင်ဘက်ရှိ ဆံတော်ရှင်ခံတပ်ကို ဝိုင်းစေသည်။ ချီစစ်တွင် ရှေ့မှ အတွေ့အကြုံနည်းသော တပ်များကိုထားပြီး နောက်တွင် အတွေ့အကြုံရင့်ကျက်သော ယောနှင့် ထီးလင်းသား စစ်သည် များပါသည့် တပ်ကို တာဝန်ပေးထား၏။

ဆံတော်ရှင်ခံတပ် အနီးသို့ရောက်သော် ဟံသာဝတီ သားတို့က ထွက်တိုက်ကြ၏။ မိမိရှေ့ဖျားတပ်ကို ကျော်သော်လည်း နောက်ရံတပ်က အပြင်းအထန် သဲသဲမဲမဲ ဖိ၍ တိုက်လေရာ ထွက်တိုက်သည့် ဟံသာဝတီသားတို့ အကျအဆုံးများပြီး ကျန်လူများ ခံတပ်တွင်းသို့ ပြေးဝင်ကြ၏။

ဧရာဝတီမြစ်အတွင်းရှိ ရေတပ်ကလည်း လှေများကို စုန်ဆန်လှော်ခတ်ကာ စစ်ရေးပြလျက်ရှိကြ၏။ ရန်သူ့ရေတပ်ကို ချေမှုန်းနိုင်သမျှ ချေမှုန်းကြ၏။ ပြည်မြို့ထိပ်ရှိ ရန်ပုံခွင်းအမြောက် ကလည်း ဆံတော်ရှင်ခံတပ်နှင့် ရန်သူ့ရေတပ်များကို အလှည့်ကျ ပစ်ခွင်းပေးလျက်ရှိ၏။

အလောင်းမင်းတရားကြီးကိုယ်တော်တိုင် တပ်နှင့်အတူ လိုက်ပါကွပ်ကဲသောကြောင့် မည်သူမှ မနေဝံ့ဘဲ တိုက်ပွဲကြီး၌ ပါဝင်ကြ၏။

သေနတ် အမြောက်ပစ်ဖောက်သူတွေက ပစ်ဖောက်ပေး ကြ၏။

ခြင်းကြားကြီးများကို လှိမ့်ယူလာသူများက လှိမ့်ယူလာကြ ၏။





လမ်းတွင်တွေ့သည့် ဆူးခြောင့်ခလုတ် ရင်တားများကို ...များရှင်းလင်းသူက ရှင်းလင်းကြ၏။

ရန်သူ့အနားရောက်သော် လှေကားထောင်သူက ထောင်၊ ...တပ်ကို ဖြိုသူကဖြို၊ တက်သူက တက်နှင့် အကြောက်အရွံ့မရှိ ...ရဲစီးသလို တက်ကြ တိုက်ကြတော့၏။ စီးဆင် စီးမြင်းများကို ...ပြင်းလွှတ်ကာ ရန်သူ့ခံတပ်ကြီးကို အတင်းဒလကြမ်း ဝင်တိုးကြ ... အလောင်းမင်းတရား၏ သားတော်နှစ်ပါးကိုယ်တိုင် တပ်ဦးမှ ...ိုက်ပါကြ၏။

မွန်စစ်သူကြီး ဗညားဒလမှ ခံတပ်ကို အတင်းအကြပ် ...စီးစီး ကွပ်ကဲနေသော်လည်း မြန်မာတို့၏ ခြင်းကြားကြီးများအား ...မြောက်စိန်ပြောင်းကျည်များ မတိုးဘဲ ခံတပ်အနီးသို့သာ ရောက် ...ကြ၏။ တပ်ထိပ်မှနေပြီး ရောက်လာသူများကို ဆီးကြိုခုခံ ...ပြန်၏။ သို့ရာတွင် မြန်မာတို့က ဂရုတ်ညှော်များတိုက်၍ မီးရှူး ...န်းများနှင့် ပြန်လည်တိုက်ခိုက်ရာ ဂရုတ်ညှော်နံ့သဖြင့် ခုခံသူများ ...တပ်ထိပ်မှ ဆင်းပြေးကြရ၏။ မြန်မာစစ်သည်တို့ ခံတပ်ခြေရင်းကို ...ည်းကပ်မိကြ၏။

ထိုအခါ မြန်မာဆင်တပ်မှ ရန်စဖြုတ် ဆင်တော်ကြီးအား ...န်းဖွင့်ကာ လွှတ်ပေးလိုက်ရာ ရန်သူ့ခံတပ်ကို အတင်းတိုးကာ ဝင်တိုက်သဖြင့် ခံတပ်မြို့ရိုး ကျိုးပေါက်သွားတော့၏။

ခံတပ်ရိုး ကျိုးပေါက်သွားသည်နှင့် ဆင်ဦးစီး ဂဇရဲတိုင် ...င့်တကွ ဆင်က ရန်သူ့ခံတပ်တွင်း ဝင်ရောက်နိုင်လေသည်။ ရန်စဖြုတ် ဆင်ကြီးဝင်ပြီးသည်နှင့် ကျန်ဆင်များ တစ်စီးပြီးတစ်စီး ဝင်နိုင်ကြတော့၏။ ထို့နောက် ရန်သူ့ခံတပ်အတွင်း မည်းမည်းမြင်ရာ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝှေ့တိုက်ခိုက်တော့ရာ ရန်သူတစ်တပ်လုံး သိမ့်သိမ့်လှုပ်လေသည်။

ထိုအချိန်၌ မြင်းတပ်မှ မြန်မာသူရဲကောင်း မင်းရဲကျော်ထင်တစ်ဦးတည်း မြင်းတစ်စီးတည်းနှင့် တပ်တွင်းသို့ ဝင်လာ၍ ခုခံနေသူများကို ချားရဟတ်ကဲ့သို့ ပတ်ချာလည်ပြီး ထိုးခုတ်တိုက်ခိုက်တော့ရာ ရန်သူများ ရုတ်ရုတ်ရက်ရက် အုတ်အော်သောင်းနင်းနှင့် တပ်ခံစစ် လုံးဝပေါက်သွားတော့၏။ တပ်ပေါက်ရာက မြန်မာစစ်သည်များ ဒလဟောဝင်လာပြီး ဆင်လုံး၊ မြင်လုံးနှင့် မည်းမည်းမြင်ရာ လူများကို တရကြမ်းတိုက်တော့ရာ တပ်မှူးကြီး ဗညားဒလလည်း မကွပ်ကဲနိုင်တော့ဘဲ အသက်လု၍ လက်လွတ်ထွက်ပြေးရာတွင် ဆံတော်ရှင် ခံတပ်ကြီး မြန်မာတို့လက်တွင်း သက်ဆင်းသွားလေတော့သည်။

မွန်တပ်မှူးများဖြစ်သည့် ဗညားရက္ခိုက်၊ ဗညားတာနော်တို့လည်း မြင်းကိုယ်စီနှင့် လက်လွတ်ထွက်ပြေးရာ ကျန်ငယ်သားများက အရှေ့တောင်ထောင့်ခံတပ်ကို ဖောက်ထွက်ကြတော့၏။ ဝိုင်းထားသော မြန်မာတပ်က စောင့်ကြိုတိုက်ရာ မြေပြင်အပြည့်မှ အလောင်းချင်းထပ်ကာ သေကြလေ၏။ မြန်မာဘက်မှ ဆင်စီးသူရဲကောင်း ဂဇရဲတိုင်နှင့် မင်းရဲကျော်ထင်တို့ နှစ်ဦးလုံး ဆင်ဦး မြင်းဦးတွင် ကျဆုံးခဲ့ရလေသည်။ အလားတူပင် သတ္တိချင်းပြိုင်ခဲ့ကြသော မြန်မာအများအပြားလည်း ကျဆုံးကြရ၏။ ဆံတော်ရှင်တပ်ကြီး ပျက်လေလျှင် ရန်သူကြည်းတပ်၊ ရေတပ်အားလုံး ပျက်၍ နောက်ဆက်တွဲတိုက်ပွဲများ ကောင်းစွာမတိုက်နိုင်တော့ဘဲ တိုက်ပွဲနေရာကို စွန့်လွှတ်ပြီး ရရာလူအစုအဝေးနှင့် အချို့က ကုန်းကြောင်း





အချို့က ရေကြောင်းဖြင့် တောင်ဘက်သို့ ဆုတ်ကုန်၏။

ထိုတိုက်ပွဲကြီး၌ တိုက်လှေငါးရာကျော် အမြောက်အလက် ငါးရာခန့်၊ စိန်ပြောင်းအလက် ငါးရာခန့်၊ သေနတ်အလက် ငါးထောင်ကျော်၊ လူအရှင် သုံ့ပန်း ၆၀၀၀ ကျော်၊ အမြောက်တပ်သားနှင့်ဆောင်းကုလား မျက်နှာဖြူ ၆၀၀ ခန့်၊ မြင်းအကောင် ၃၀၀ ကျော် စပါးတင်း ငါးထောင်ကျော်၊ ဆန်တင်း တစ်သောင်းနှင့် ပစ္စည်းဆားပြားများ တင်ဆောင်ထားသည့် လှေအစီးပေါင်း ငါးရာကျော်ကိုပါ သိမ်းဆည်းရမိခဲ့လေသည်။

ရွှေတောင်မှ နွားမယံသို့ လှေချင်းဆက်ရှိနေခဲ့သော ဟံသာဝတီရေတပ်သည် ဆံတော်ရှင်ခံတပ်ကြီး ကျဆုံးကြောင်း ကြားသိသည့်အခါ အလျှင်အမြန် တောင်ဘက်သို့ ဆုတ်ခွာသွားကြ၏။ ပြည်မြို့ကို အလောင်းမင်းတရားကြီး ရရှိသည်မှာ ခရစ်နှစ် ၁၇၅၅ ခု ဖေဖော်ဝါရီလတွင် ဖြစ်ပေသည်။

**နောက်ဆက်တွဲဖြစ်ရပ်များ**

အလောင်းမင်းတရားကြီးသည် ပြည်မြို့ကို ရရှိပြီးနောက် လွတ်ခေါ် လွန်ဆေးကို မြန်အောင်ဟု သမုတ်ကာ မိုလ်ဝင်ခံတော်မူသည်။ မြန်အောင်တွင် ရပ်နားစဉ်အတွင်း ဧရာဝတီအရှေ့ဟိုင်းကြီးကျွန်းမှ မြို့ရွာများ သစ္စာခံရန် လာရောက်ကြသည်။ ဟိုင်းကြီးကျွန်းကုန်တိုက်မှ အင်္ဂလိပ်များလည်း လာရောက်ကြသည်၊ တောင်ငူနှင့်သံတွဲတို့မှလည်း လာရောက်ကြသည်၊ မြန်အောင်တွင် တစ်လခန့်ကြာသွား၏။

ထို့နောက် မြန်အောင်မှ ဒဂုံသို့ ဦးတည်စုန်ဆင်းခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ငါးခန်းမြောက်ဖြစ်သော ဆားမလောက်ကျွန်းတွင် မင်းတရားကြီး၏ မုဆိုးဘိုတပ်များနှင့် ဟံသာဝတီရေတပ်မကြီးတို့ ရင်ဆိုင်မိကြသဖြင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ပွားတော့၏။ မုဆိုးဘိုသားတို့ မနိုင်ဘဲဖြစ်နေစဉ် အလောင်းမင်းတရားကြီး၏ သားတော်နှစ်ပါး ဦးစီးသော တပ်ကူများ ရောက်လာသဖြင့် ရန်သူကို ထိန်းချုပ်ဟန့်တားနိုင်တော့၏။ တိုက်ပွဲသံအမြောက် စိန်ပြောင်းသံများကြား၍ မင်းတရားကြီး၏ နောက်မှ အပြင်းချီတက်သွားပြီး ပါဝင်တိုက်ခိုက်တော့ရာ ဟံသာဝတီ ရေတပ်ကြီး ဆုတ်ခွာလေတော့သည်။ ထိုသို့ အောက်မြစ်ရိုး တစ်လျှောက်ကို အောင်မြင်သည့်အခါ ဒဂုံသို့ အရောက်ချီတော့၏။ ပန်းလှိုင်မြစ်ဝမှ စောင့်နေသော ဟံသာဝတီ ရေတပ်သည် အလောင်းမင်းတရားကြီး၏ တပ်ကြီးကို မြင်တွေ့သောအခါ အရှေ့ဘက်သို့ ဆုတ်ခွာသွားတော့၏။

ဤနည်းဖြင့် မြန်အောင်မှ ၁၇၅၅ ဧပြီလတွင် စုန်ဆင်းခဲ့ရာ မေလတွင် ဒဂုံကို သိမ်းမိ၏။ ဒဂုံကို အလောင်းမင်းတရားကြီး ရန်အားလုံးကုန်ရာ အရပ်ဖြစ်၍ ရန်ကုန်ဟု အမည်ပြောင်းလိုက်သည်။ ရန်ကုန်ကို သိမ်းပိုက်ပြီးသည့်နောက်တွင်ကား ရွှေဘိုသို့ ပြန်တော်မူလေသည်။

**စာရေးသူ၏ရှုမြင်သုံးသပ်ချက်များ**

ပြည်မြို့သိမ်းတိုက်ပွဲကြီးအား စာရေးသူ ကျွန်တော့်အနေဖြင့် သာမန်မြစ်ကူးစစ်ဆင်ရေးအဖြစ်သာမက ခံခွာတိုက်ချီစစ် ကဏ္ဍကြီးလေးရပ်လုံး ပါဝင်သည်ဟု ရှုမြင်ပါသည်။





**ပထမချီစစ်**

အလောင်းမင်းတရားကြီးက လူတစ်သိန်းခန့်ပါသော ကြည်းတပ်၊ ရေတပ်များသည် ရွှေဘို ကျောက်မြောင်းမှ ပြည်အထိ ချီတက်လာခြင်း။

**ဒုတိယတိုက်စစ်**

ရေဝတီမြစ်အတွင်းရှိ ဟံသာဝတီတပ်များအား ရေတပ်က ရေနံချောင်းတွင် စတင်တိုက်ခိုက်ပြီး ပြည်သို့ ရောက်သောအခါ ကြည်းရေ ပူးပေါင်းစစ်ဆင်ရေးဖြင့် ပြည်ကို ဝန်းရံထားသော ရန်သူများကို ရှင်းလင်း တိုက်ခိုက်ခြင်း။

**တတိယခံစစ်**

ပြည်သားတို့ ပြည်မြို့တွင်းမှ ရက်ပေါင်းများစွာကြာအောင် ဟံသာဝတီသားတို့အား ခုခံတိုက်ခိုက်ခြင်း၊ ဟံသာဝတီသားတို့ကလည်း ဆံတော်ရှင်ဘုရားတောင်၌ ရွှေဘိုသားတို့၏ တိုက်စစ်ကို ရက်အတန်ကြာအောင် ခံတိုက်သွားခြင်း။

**စတုတ္ထခွာစစ်**

ခွာစစ်မှာ ရွှေဘိုတပ်များက မဆောင်ရွက်ခဲ့ပါ။ ဟံသာဝတီတပ်များသာ ဆုတ်ခွာရသည်ကို တွေ့ရပါသည်။ ဟံသာဝတီတပ်များသည် ရေနံချောင်းမှ စတင်ဆုတ်ခွာပြီး ပြည်ဆံတော်ရှင်တွင် ရက်ပေါင်းများစွာ ခံစစ်ယူပြီး ခံစစ်ကျိုးပေါက်သည့်အခါ တောင်ဘက်သို့ ကြည်းကြောင်း၊ ရေကြောင်း ပြန်လည်ဆုတ်ခွာသွားကြခြင်း။

စသည့် ခံခွာတိုက်ချီ သို့မဟုတ် ချီတိုက်ခံခွာဟူသော စစ်ကဏ္ဍကြီးလေးရပ်လုံး ပါဝင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကူးစစ်ဆင်ရေးကဏ္ဍမှာ ဧရာဝတီမြစ်ကြီးအ
အနောက်ဘက်မှ အရှေ့ဘက်သို့လည်းကောင်း၊ အရှေ့ဘ
အနောက်ဘက်သို့လည်းကောင်း ခေါက်တုံ့လူးလာ လှေဖော
ဖြင့် သွားလာကူးလူးပြီး ရေတပ်တိုက်ပွဲ ဆင်နွှဲကြရာတွင် တွေ့
ပါသည်။

နိဂုံးချုပ်ဖော်ပြရပါက ပြည်မြို့သိမ်းတိုက်ပွဲကြီးကား ကျ
ဘောင်ခေတ် မြန်မာ့တပ်မတော်ကြီး၏ စစ်ကဏ္ဍလေးရပ်လုံး ထ
စွာတွေ့ရသည့် တိုက်ပွဲကြီးဟုသာ ဆိုပါရစေခင်ဗျား။

**မှီငြမ်းကိုးကားသောစာအုပ်များ**

၁။ မြန်မာသူရဲကောင်းများ၊ သတင်းစာဆရာကြီးဦးသိန်းမော
၂။ မင်းဆယ်ပါးရာဇဝင်၊ ဒေါက်တာမတင်ဝင်း
၃။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဦးမောင်မော
တင်



# ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

## အပိုင်း ( ၃ )

## ဒုတိယကမ္ဘာစစ်ကာလက မြန်မာနိုင်ငံအတွင်း အင်္ဂလိပ်နှင့် ဂျပန်တို့၏ မြစ်ကူးစစ်ဆင်ရေးကြီးများ

ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ အပိုင်း ၁၊ ၂ ပြီးပါ
ပြီ။ ယခု အပိုင်း ၃ တွင် ဒုတိယကမ္ဘာစစ်က မြန်မာပြည်တွင်း၌
တွေ့ဆုံတိုက်ခိုက်သွားကြသည့် အင်္ဂလိပ်နှင့် ဂျပန်တို့၏ မြန်မာ
ပြည်တွင်း မြစ်ကူးစစ်ဆင်ရေးများကို ဖော်ပြပါဦးမည်။

**အောာမဖော်ပြချက်**

ဂျပန်တို့သည် ၁၉၄၂ ခုနှစ် နှစ်ဦးတွင် ယိုးဒယားမှတစ်
ဆင့် မြန်မာနိုင်ငံတွင်းသို့ ဒေါနတောင်တန်းကို ဖြတ်၍ဝင်လာကြ၏။
ကော့ကရိတ်ရှိ အင်္ဂလိပ်တို့၏ တပ်မဟာ ၁၆ ကို တိုက်သည်။
အင်္ဂလိပ်တို့ တပ်ပျက်ပြီး ဂျိုင်းမြစ်ကို ဖြတ်ကာ မော်လမြိုင်သို့
အရောသောပါးဆုတ်ပြေးကြရသည်။ ဂျပန်တို့က တပ်မနှစ်ခုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအတွင်း ဝင်လာခြင်းဖြစ်၏။ အမှတ် (၃၃) တပ်မနှင့် အမှတ် (၅၅) တပ်မတို့ ဖြစ်သည်။ ဂျိုင်းမြစ်ကို စဖြတ်သည်နှင့် မြစ်ကူးစစ်ဆင်ရေးကတော့ စပါပြီခင်ဗျာ။

အင်္ဂလိပ်တို့ ဒရောသောပါး အိုးနင်းခွက်နင်းနှင့် မော်လမြိုင် ဆုတ်သည်။ မော်လမြိုင်မှ တပ်မဟာ နှစ်ခုနှင့် ခံစစ်ဆင်သည်။ ဂျပန် အမှတ် (၅၅) တပ်မက ဝင်တိုက်ရာ ၂ ရက်လားခံ၍ သံလွင်ကိုဖြတ်ပြီး မုတ္တမ ဆုတ်သွားတော့၏။ ဤတွင်လည်း သံလွင် မြစ်ကူး စစ်ဆင်ရေးကြီး ၂ ဖက်လုံးက ဆောင်ရွက်ကြသည်။ မော်လမြိုင်တိုက်ပွဲအထိ အင်္ဂလိပ်တို့ ခွာစစ်သာ ဆင်သွားကြတာ သိပ်ပြီးအထိမနာသေး။ သို့ရာတွင် အနောက်ဘက် စစ်တောင်း တံတားကြီးအရောက်တွင်ကား ဂျပန်က စစ်တောင်းတံတားကို တပ်မနှစ်ခုဖြင့် တိုက်သည်။ အင်္ဂလိပ်တို့က တပ်မဟာ လေးခုဖြင့် ခုခံသည်။ ဆန္ဒစောပြီး စစ်တောင်းတံတားကြီးကို အင်္ဂလိပ်တို့က ချိုးလိုက်ရာ အနောက်ဘက်ကမ်း၌ တပ်မဟာ နှစ်ခု ကျန်ခဲ့၏။ ထိုတပ်မဟာနှစ်ခုက စစ်တောင်းမြစ်ကြီးကို ရရာနည်းများဖြင့် ဖြတ်ကူးကြရာ လူ ၇၀၀၀ ခန့် ထိုစစ်တောင်းမြစ်ကူးရာ၌ အချေမှုန်း ခံလိုက်ကြရ၏။ အင်္ဂလိပ်တို့ လုံးဝ သွေးပျက်သွားတော့သည်။ ဂျပန်တို့၏ စစ်ဦးဘီလူးကို လုံးဝဖျားသွားကြတော့၏။ စစ်တောင်း မြစ်ကူး စစ်ဆင်ရေးကြီးတွင် အောင်ပွဲရခဲ့သော ဂျပန်တို့သည် တောင်ဘက်သို့ တရကြမ်းချီတက်ခဲ့ကြရာ မတ်လဆန်းတွင် ရန်ကုန် ကို သိမ်းနိုင်ကြတော့၏။ အင်္ဂလိပ်တို့က မြောက်ဘက် ဆုတ် သည်။ ဂျပန်တပ်မ နှစ်ခုက လိုက်စစ်ဆင်သည်။ ဤသို့ဖြင့် လိုက် တဲ့သူက လိုက်၊ ခွာတဲ့လူက ခွာနှင့် ၁၉၄၂ ခုနှစ် မေလတွင်





မြန်မာတစ်နိုင်ငံလုံး ဂျပန်လက်အောက် ကျရောက်သွားတော့၏။ လိုက်သူရော ခွာသူပါ လမ်းတွင်တွေ့သည့် မြစ်ချောင်းများကို ဖြတ်ကူးသွားကြ၏။ အဓိကမှာ ဧရာဝတီနှင့် ချင်းတွင်းမြစ်များ ဖြစ်၏။

နှစ်နှစ်ခန့်အကြာ ၁၉၄၄ ခုနှစ်၌ အင်္ဂလိပ်မှ ဝင်းဂိတ်၏ ချင်းဒစ်ခေါ် ခြသေ့်တပ်ဖွဲ့များ တပ်မဟာ တစ်ခုစာ လူ ၃၀၀၀ ခန့် မြန်မာနိုင်ငံတွင်း ပြန်ဝင်လာ၏။ သူတို့သည် ဂျပန်၏ စစ် နောက်ပိုင်းသို့ ဝင်ရောက်ပြီး အနှောင့်အယှက်ပေးရန် တောတွင်း စစ်ဆင်ရေးဆောင်ရွက်ရန် ဝင်လာကြခြင်း ဖြစ်၏။ သူတို့သည် မြန်မာနိုင်ငံ မြောက်ဖျားမှ ချင်းတွင်းနှင့် ဧရာဝတီ အပါအဝင် မြစ်ချောင်းများစွာအား အကြိမ်ကြိမ်ဖြတ်ကူးခဲ့ကြ၏။ သူတို့၏ ခြသေ့်စစ်ဆင်ရေးခေါ် **Wingate ၏ Chindit Expedition** တွင် မြစ်ကူးစစ်ဆင်ရေးများ မကြာခဏ တွေ့ရ၏။ ထို့ကြောင့် ယခု ဤအပိုင်း (၃) တွင် ပထမအကြိမ် ခရီးရှည်ထိုးဖောက်ခြင်း **First Expedition** အား ထည့်သွင်းဖော်ပြအပ်ပါသည်။

တတိယနှင့် နောက်ဆုံး မြစ်ကူးစစ်ဆင်ရေးကြီးမှာ မြန်မာ နိုင်ငံအား ပြန်သိမ်းခဲ့သည့် ဗိုလ်ချုပ်ကြီးဝီလီယံစလင်း၏ မြန်မာ ပြည်သိမ်း စစ်ဆင်ရေး၌ အချက်အချာကျသော မိတ္ထီလာမြို့သိမ်း တိုက်ပွဲကြီးအား ဧရာဝတီမြစ်ကြီးကို ကူးပြီး ဆောင်ရွက်ခဲ့သည့် မြစ်ကူးစစ်ဆင်ရေးကြီးဖြစ်၏။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်ကြီးစလင်း၏ အမှတ် (၁၄) တပ်တော်မှ အမှတ် (၄) တပ်မကြီးသည် ပခုက္ကူအနီးမှ ဧရာဝတီမြစ်ကို ရုတ်တရက်ဖြတ်ကူးပြီး မိတ္ထီလာအား ဝင်တိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ အမှတ် (၃၃) တပ်မကြီးက မြင်းမူနှင့် ဇွန် တစ်ဝိုက် ဧရာဝတီမြစ်ကြီးကို ဖြောင်ဖြတ်ကူးကာ မန္တလေးကို ဝင်တိုက်ခဲ့ မိတ္ထီလာတွင် ဂျပန်တို့ အပြင်းအထန်ခုခံသော်လည်း လေကြော အင်အားတွင် အင်္ဂလိပ်တို့အား လုံးဝ မယှဉ်နိုင်ဘဲ အင်္ဂလိပ်တို့ ခြေလျင်တင့်ပူးပေါင်းစစ်ဆင်ရေးဒဏ်ကြောင့် မိတ္ထီလာ၏ တော ဘက်သို့ ဆုတ်ခွာရတော့၏။ မိတ္ထီလာနှင့် မန္တလေးကျသည် ဂျပန်တို့ လုံးဝနလံမထူတော့။ ပဲခူးရိုးမကို ဖောက်ထွက်ကြသည် ရခိုင်မှ ဆုတ်လာသော ဂျပန်တပ်များလည်း လုံးဝအချေမှုန်း သွားရတော့၏။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး ဝီလီယံစလင်း၏ အမှတ် (၁၄) တပ်တော်နှင့် မြန်မာပြည်သိမ်း စစ်ဆင်ရေးကြီး အောင်မြင်စွာ နိဂုံးချုပ်ခဲ့၏။ ဤမြန်မာပြည်သိမ်း စစ်ဆင်ရေးကြီး၌ မိတ္ထီလာ တိုက်ပွဲကား အဓိကအကျဆုံးတိုက်ပွဲဖြစ်ပြီး ဤတိုက်ပွဲကြီး မစတင် အင်္ဂလိပ်တပ်များ ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးခဲ့ရ၏။ တကယ့် တပ်မကြီးအဆင့် မြစ်ကူးစစ်ဆင်ရေးကြီးဖြစ်၏။ ဤမြစ်ကူးစစ်ဆင် ရေးကြီးကို ယခု ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ၏ အပိုင်း (၃) ၌ နိဂုံးအဖြစ် ဖော်ပြပေးလိုက်ပါသည်ခင်ဗျား။

ဤနေရာတွင် စာရှုသူများ ဗဟုသုတအလို့ငှာ မြစ်ကူး စစ်ဆင်ရေး၌ တကယ့်တပ်မကြီးများ တပ်တော်များ ရေပြင်ဖြတ် ကူးရာတွင် အသုံးပြုသည့် စစ်သုံးဝေါဟာရများကို ဖော်ပြပေးလိုက် ပါသေးသည်။ ဤအဆင့်ကို ဒုတိယကမ္ဘာစစ်က **Normandy Landing** နော်မန်ဒီ ကမ်းတက်စစ်ဆင်ရေးကြီး၌ အသုံးပြုခဲ့သည် ဟု သိရပါသည်။ နော်မန်ဒီ ကမ်းတက်စစ်ဆင်ရေးကြီး၌ မဟာမိတ် ...တ်က တပ်တော်ကြီး သုံးခုနှင့် ရေယာဉ်ပေါင်း ၅၀၀၀ ကျော်၊ ...ယာဉ်ပေါင်း ၁၅၀၀၀ ကျော် ပါဝင်၏။ ထို့ကြောင့် ဗြိတိသျှ ...ကြားကို ဖြတ်ကူးသည့် မြစ်ကူးစစ်ဆင်ရေး (ဝါ) ပင်လယ် ...တ်ကူးသည့် စစ်ဆင်ရေးကြီးကို **procedure** အတိုင်း ဥပဒေသ ...င်း မဟာမိတ်တို့က ဆောင်ရွက်ခဲ့ကြ၏။ ထို့ကြောင့် ကမ်း ...စစ်ဆင်ရေးကြီး အောင်မြင်ခဲ့သည်ဟု ပြောဆိုကြ၏။

ထိုဝေါဟာရများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (က) ပေါင်းရပ် | **Gathering Area** |
| (ခ) စုရပ် | **Assembly Area** |
| * တပ်မဟာစုရပ် | **Brigade Assembly Area** |
| * တပ်ရင်းစုရပ် | **Battalion Assembly Area** |
| (ဂ) လှေချရပ် | **Landing Point of Boats** |
| (ဃ) လှေဖွင့်ရပ် | **Opening Point of Boats** |
| (င) သွားလာမှုကြီးကြပ်ရေးနေရာ | **Traffic Control Area** |
| (စ) စီရပ် | **Attack Position** |
| (ဆ) ဖြတ်ကူးနေရာ | **Crossing Point** |
| (ဇ) စမျဉ်း | **Starting Line** |
| (ဈ) ဖြတ်ကူးမှုမျက်နှာစာ | **Crossing Sector** |
| (ည) န နာရီ | **H.Hour** |
| (ဋ) ဖြတ်ကူးနယ်မြေ | **Crossing Area** |
| (ဌ) ပေါင်းကူးခြေကုပ် | **Bridge Head** |
| (ဍ) ယာဉ်စောင့်ရပ် | **Vehicle Waiting Point** |



www.burmeseclassic.com

www.burmeseclassic.com



(ပ) တပ်ရင်းစုခွဲနေရာ — Battalion Despersal Po

(ဖ) တပ်မဟာစုခွဲရေးဧရိယာ — Brigade Dispersal Area

ဆက်လက်၍ အပိုင်း (၃) မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲ များကို ဖော်ပြပါမည်။

■



## စစ်တောင်းတံတားတိုက်ပွဲ

ဒါန်း

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့ ၌ ဖြစ်ပွားခဲ့သည့် စစ်တောင်းတံတား တိုက်ပွဲကြီးသည်ကား န်မာ့မြေပေါ်မှ အင်္ဂလိပ်ဂျပန်တိုက်ပွဲအစပိုင်း၌ အင်္ဂလိပ်တို့ ထူးအထိနာ၍ အရှုံးကြီး ရှုံးသွားရသည့် တိုက်ပွဲကြီးပင်ဖြစ်၏။

ဤတိုက်ပွဲ၌ အမှတ် (၁၇) အိန္ဒိယတပ်မသည် တပ်မဟာ း ခု။ နှစ်ခုမှာ ကော့ကရိတ်တိုက်ပွဲနှင့် မော်လမြိုင်တိုက်ပွဲတွင် ည်းပုံ များစွာလျော့နည်းခဲ့သည်။ လူအင်အားတစ်သောင်း ျော်ဖြင့် ဂျပန်၏ တပ်မ (၃၃) နှင့် (၅၅) တို့အား ခုခံတိုက်ခိုက် ရာ အရေးနိမ့်ပြီး တိုက်ပွဲပြီးဆုံးချိန်၌ စစ်သည် ၃၃၅၀ နှင့် အရာရှိ ၃၉ ယောက်သာ ကျန်တော့၏။ လက်နက်ငယ် ၁၄၂၀ လက်သာ န်ခဲ့ပြီး ယာဉ်ယန္တရားအားလုံးနီးပါးနှင့် အမြောက်လက်နက်ကြီးများ းလုံးနီးပါး ဆုံးရှုံးခဲ့၏။ တပ်၏အင်အား သုံးပုံနှစ်ပုံခန့် လုံး၀ ကျပြုန်းခဲ့ရလေတော့သည်။

အထက်ပါ စစ်တောင်းတံတားတိုက်ပွဲကြီး၌ အင်္ဂလိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အရှုံးကြီးရှုံးရသည့်ကိစ္စနှင့်ပတ်သက်ပြီး ABDA တပ်ပေါင်းစု စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဝေဗယ်လ်က လုံးဝမကျေနပ် မော်လမြိုင်ကျပြီးနောက် ရန်ကုန် မကျရှုံးရေးအတွက် အမှတ် (၁ အိန္ဒိယတပ်မအား စစ်တောင်းတံတားနှင့် စစ်တောင်းမြစ်ရိုးတ လျှောက်မှ အကြီးအကျယ် ခံစစ်ဆင်နိုင်းထားခဲ့သည်။ တပ်ကူမျ ထပ်လွှတ်ပေးခဲ့သည်။ သို့ရာတွင် ရန်ကုန်၏ နောက်ဆုံးခံစစ် စ တောင်းမှာ မော်လမြိုင်ကျဆုံးပြီး သုံးပတ်သာခံ၍ ကျသွားတေ သည်။ ခံစစ်ကျဆုံးသွားရုံမက အဆုံးအရှုံးကလည်း အထက်ဖော် ပါအတိုင်း ကြောက်ခမန်းလိလိပင်။

ထိုကိစ္စနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၇ ရက်နေ့တွ ဝေဗယ်လ် ရန်ကုန် ရောက်လာသည်။ မကွေးတွင် မြန်မာနိုင်င တာဝန်ရှိသူ အရာရှိများနှင့် စစ်ဆင်ရေးအစည်းအဝေး လုပ်သည ထိုအစည်းအဝေးတွင် ဒေါသမထိန်းနိုင်ဘဲ ...

"မင်းတို့အားလုံး အသုံးမကျတဲ့လူညံ့တွေ။ စစ်မရော ခင်က မြားကုန်နေတဲ့သူတွေ" ဟု အစည်းအဝေး တက်လာ အရာရှိကြီးများအား ကြိမ်းမောင်းတော့သည်။

ထိုစဉ်က မြန်မာပြည်စစ်မြေပြင်တွင် ကွပ်ကဲမှု၌ တာဝ အရှိဆုံးသူကား ဒုဗိုလ်ချုပ်ကြီးဟတ်တွန် ဖြစ်သည်။ အရေးနိ နေ၍ ဟတ်တွန်က တစ်လုံးတလေမှ ပြန်လည်မတင်ပြခဲ့။ ဘုရင် ဒေါ်မန်စမစ်နှင့် လေတပ် ဒုဦးစီးချုပ် ဗိုလ်ချုပ်ကြီး စတီဗင်ဆ တို့လည်း ပါ၏။ ဒေါ်မန်စမစ်ကလည်း စစ်သားလူထွက်သာဖြ သော်လည်း ပြေးဖို့ အထုပ်အပိုးပြင်ထားသူသာ ဖြစ်သည်။

ဖေဖော်ဝါရီ ၂၉ တွင် ဝေဗယ်လ် ရန်ကုန်ပြန်ရောက်သည်

BURMESE CLASSIC .com





ါ လှည်းကူးသို့ ကားဖြင့်သွားပြီး လှည်းကူး ရောက်နေသည့် တ် (၁၇) အိန္ဒိယတပ်မ တပ်မမှူး စမိုက်အား တွေ့ဆုံသည်။ က်မှာ တစ်ကိုယ်လုံး အနာများပေါက်၍ ကျန်းမာရေး မကောင်း၊ ထောင်းကိုယ်ကျေလည်း ဖြစ်နေ၏။ ထို့ကြောင့် ဝေဗယ်လ်က က်အား ၎င်း၏လက်အောက်မှ ဒုတပ်မမှူးကိုဝင်နှင့် တပ်မမှူး ာဝန် ချက်ချင်းလွှဲစေပြီး အိန္ဒိယသို့ ချက်ချင်းပြန်ပို့၏။ အိန္ဒိယတွင် က်အား စစ်ခုံရုံးဖြင့် စွဲချက်တင်ကာ ရာထူးနုတ်သိမ်းပြီး ဗြိတိသျှ ပ်မတော်တွင် စစ်မှုထမ်းခြင်းမှ လုံးဝအနားပေးလိုက်၏။ အမှန် "စစ်မှုထမ်းဆောင်ရာတွင် လုံးဝကျေနပ်ဖွယ်မရှိ" ဟူသော ံဖြတ်ချက်နှင့် တပ်မှ ထုတ်ပယ်လိုက်ခြင်းသာ ဖြစ်၏။ ကံဆိုးသူ က်ခမျာ ရာထူးအဆင့်အတန်းသာမက အငြိမ်းစားလစာနှင့် ားခွင့်များကိုပါ ဆုံးရှုံးရလေတော့သည်။ တကယ်တော့ စမိုက် ည် ပထမကမ္ဘာစစ်ကြီးက ဗြိတိသျှတပ်မတော်၏ အမြင့်ဆုံး ရဲကောင်းစွမ်းရည်ဘွဲ့ဖြစ်သည့် ဝိတိုရိယဘုရင်မတံဆိပ် Victoria Cross ရရှိခဲ့သူဖြစ်၏။ ထို့နောက် အိန္ဒိယအရှေ့ဒေသ စစ်ဆင်ရေး ်လည်း နောက်ထပ်စွမ်းရည်ဘွဲ့ ထပ်မံရခဲ့သေး၏။

သို့ရာတွင် မြန်မာပြည်စစ်မျက်နှာ၏ အင်္ဂလိပ်တို့ ကနဦး ုံးရှုံးမှုများအတွက် ကံဆိုးသူ မောင်ရှင်ကား ထိုဗိုလ်မှူးချုပ် ျော်ဂျီစမိုက် J.G Smyth ပင်ဖြစ်တော့၏။ အားလုံးက သူ့အပေါ် ချကာ တရားခံ ရှာလိုက်ကြတော့သည်။ ဤသို့ဖြင့် ကနဦး နိမ့်မှုကြောင့် V.C စွမ်းရည်ဘွဲ့ရ ဗိုလ်မှူးချုပ်တစ်ဦးကိုပင် ဖယ် ှားလိုက်ရသည့် စစ်တောင်းတံတားတိုက်ပွဲကြီး၏ ဖြစ်စဉ်များကို လေ့လာကြည့်ကြပါစို့ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



**ဒိုက်ပွဲမစမီ အခြေအနေများ**

မော်လမြိုင်မြို့ ဂျပန်တို့လက်တွင်းသို့ ဇန်နဝါရီ ၃၁ ရက် ကျသွားသည်။ မော်လမြိုင်ကို သိမ်းသည့် အမှတ် (၅၅) တပ်မက သူ၏တပ်များအား မော်လမြိုင်မြို့တွင် ပြန်လည်စု သံလွင်မြစ်ကူးရန် ပြင်ဆင်သည်။ မော်လမြိုင် ပတ်ဝန်းကျ ရရာလှေသမ္ဗန်၊ မော်တော်၊ သဘော် စသည်များကို စုသ ထို့နောက် ဖေဖော်ဝါရီ ပထမအပတ်အတွင်းမှာပင် သံလွင်မြစ် စစ်ဆင်ရေးကို စတော့၏။ သမုဒ္ဒရာတွင် ကျက်စားနေသ ဂျပန်များက ရေကြောက်သူများမဟုတ်။ ဂျပန်ပင်လယ်နှင့်နိုင်း မဖြစ်စလောက်သာရှိသည့် သံလွင် ရေပြင်ဖြတ်ကူးခြင်းအတွက် ရေယာဉ်အားလုံးကို အသုံးပြုခဲ့ကြ၏။ ဤနည်းဖြင့် မော်လမြိုင် အနောက်ဘက်ကမ်းသို့ ကူးကြတော့သည်။

တပ်မ (၅၅) နောက်မှပါလာခဲ့သည့် တပ်မ (၃၃) မဲဆောက်အထက်တက်၍ ဒါဆောင်ယမ်တစ်ဝိုက်မှ သောင်ရင်း ကို ဖြတ်ကူးကြသည်။ ထို့နောက် ဒေါနတောင်မြောက်ဖျား ဖြတ်ကျော်ပြီး လှိုင်းဘွဲ့နှင့် သံလွင်မြစ်ကမ်းမှ ရွှေဂွန်း၊ ကမမော စသည့် မြို့လေးများကို ရောက်လာသည်။ အချို့က မြောက်ဘ ယွန်းစလင်းမြစ်ဘေးရှိ ကူးဆိပ်နှင့် ဖာပွန်အထိ တက်သွားကြသည် ပင်မစစ်ကြောင်းကြီးကမူ တောင်ဘက်ကို ဆင်းသွားပြီး ဖေဖော်ဝ ဒုတိယအပတ်၌ ဘားအံကို ဝင်တိုက်တော့၏။ ဂျပန်တို့ လေကြောင်းပစ်ကူများပါ အသုံးပြုကြလေသည်။ ဘားအံရှိ အင်္ဂလိ တို့၏ ဘလူးချီစတန်တပ်ရင်းက ရဲဝံ့စွာခုခံသော်လည်း ဂျပန်တို့ ဘက်မှ လေကြောင်းပစ်ကူ အပါအဝင် လူ၊ လက်နက် အဆမတန် ... ဘွန်အင်အားဖြင့် အတင်း ဝင်ဆောင့်တော့ရာ အင်္ဂလိပ်တို့ ... ပြုတ်ချေ၏။ တပ်မ (၃၃) သည် ဘားအံကို သိမ်းပြီးသည့် ... အနောက်ဘက် ဘီးလင်းနှင့် စစ်တောင်းသို့ အဆောတလျင် ... တ်သွားလေတော့သည်။

**... ိပ်တို့၏ခံစစ်အစီအမံ**

''မော်လမြိုင် ကျသွားသော်လည်း ရန်ကုန် မကျသွားစေရန် ... လိုအပ်၊ ရန်သူအား ဟန့်စစ်ဆင်၍ ထိန်းထားရန်၊ အထူး ... ဖြင့် ဘီလင်းမြစ်နှင့် စစ်တောင်းမြစ်မှ အခိုင်အမာခံစစ်ယူ၍ ... ကုန် ကြိုးစားထိန်းချုပ်ထားရန်''

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျိုက်ထိုရှိ စမိုက်၏ တပ်မ ... ချုပ်သို့ ရန်ကုန်မှ ဒုဗိုလ်ချုပ်ကြီး ဟတ်တွန်က အထက်ပါ ... တိုင်း ကြေးနန်းပို့လိုက်သည်။ စမိုက်အနေဖြင့် ခံစစ်ဆင်ရပေ ... တော့မည်။ ခံပြီးရင်း ခံ ဖြစ်နေ၏။ မော်လမြိုင်က ဆုတ်လာသူ ... ကလည်း လူစုကွဲပြီး လာနေကြရာ ယခုအထိ လူမစုံသေး။ ... ရာတွင် မတတ်နိုင်။ ရှိသည့်တပ်များနှင့် ခံစစ်ကို ပြင်ရမည်သာ ... ၏။ ထို့ကြောင့် သူ့ကွပ်ကဲမှုအောက်မှ တပ်မဟာမှူးများနှင့် ညှိ ... အောက်ပါအတိုင်း နေရာချထားလိုက်သည်။

အမှတ် (၁၆) တပ်မဟာသည် မုတ္တမကို တာဝန်ယူရမည်။

... ္တမတွင် – အမှတ် ၁/၉ ဂျတ်တပ်ရင်းနှင့် အမှတ် ၇/၇ ဂေါ်ရခါးတပ်ရင်း တပ်ရင်း နှစ်ရင်းဖြင့် ထိန်းထားသည်။ ၎င်းတို့မှာ နောက်ရောက်လာသည့် တပ်မဟာ (၄၆) မှ ဖြစ်သည်။

မြရတနာစာပေ
မြရတနာစာပေ
www.burmeseclassic.com

www.burmeseclassic.com



**ဒူးရင်းဆိပ်တွင်** – အမှတ် (၅) ဒိဂရာတပ်ရင်းအား ချထားသည် ဒုံသမိမြစ်ကူးခြင်းအား ဟန့်တားရန် ဖြစ် ထိုနေရာတွင် အရေးကြီးသော ဘားအံ ကူးနိုင်သည့် ကူးတို့ဆိပ်ရှိသည်။ ဘားအံ သွားသောအခါ ဒူးရင်းဆိပ်၌ နောက် တပ်ရင်းတစ်ရင်း ထပ်ဖြည့်သည်။

**ဘားအံတွင်** – အမှတ် (၇) ဘလူချီစတန် တပ်ရင်း အဆောတလျင်ပို့၍ မြို့စောင့်တပ်နှင့် ပေါင်းနိုင်းလိုက်သည်။


**ကျိုက်ထိုတွင်** – တပ်မဌာနချုပ်နှင့် စုပေါင်းစပ်ပေါင်း အချို ထားရှိသည်။ ကျန်တပ်များကိုမူ ဘီးလ မြစ်ရိုး ခံစစ်ဆင်ရန်နှင့် စစ်တောင်းတံ နှင့် စစ်တောင်းမြစ်သို့ ချီတက်သွားစေသ

အထက်ဌာနများကလည်း တပ်မဌာနချုပ်သို့ ဖေဖော် ပထမပတ်တွင် နောက်ထပ်ကြေးနန်းများ ပို့လာပြန်၏။

**''မုတ္တမ၊ သထုံနှင့် ဘားအံမြို့များမှာ သော့ချက်နေ များ ဖြစ်၍ မည်သည့်နည်းနှင့်မှ ရန်သူ့လက်သို့ အကျခံနိုင် မရှိ။ မကျဆုံးရေး အစွမ်းကုန်ထိန်းသိမ်းထားရန် ညွှန်ကြ သည်''** ဟူ၍ ဖြစ်၏။

စမိုက်နှင့် တပ်မဟာမှူးများ ခေါင်းကိုက်ရပြန်ပါပြီ။ **စမိ** က မုတ္တမကမ်းခြေ ထိန်းသိမ်းရေးအတွက် ကော့ကရိတ်မှ ဆု လာသည့် တပ်မဟာ (၄၆) ကို တာဝန်ပေးထားရသည်။ တပ်မ (၁၆) ကလည်း တပ်ပျက်လာသည်မို့ ဘာတစ်ခုမှ ကောင်းကော


မြရတနာစာပေ



ဒုတိယကမ္ဘာစစ်က ပျက်စီးသွားသည့် စစ်တောင်းမြစ်ကူးတံတားအစား
၁၉၆၂-ခုနှစ်က ပြန်လည်တည်ဆောက်ထားသည့် စစ်တောင်းတံတား

www.burmeseclassic.com

www.burmeseclassic.com





နီးကန်း ရှိသည့်မဟုတ်။ ထို့ကြောင့် နောက်ရောက်လာသည့် တပ်မဟာ (၄၆) မှ တပ်ရင်းနှစ်ရင်း ဖြည့်ပေးထားရ၏။

တပ်မဟာ (၄၆) ကိုမူ ဘားအံ၊ ဒူးရင်းဆိပ်၊ သထုံမြို့များ သိမ်းသိမ်းရေးနှင့် ဘီးလင်းမြစ်ရိုးတစ်လျှောက် ခံစစ်ဆင်ရေးအား တာဝန်ပေးထားသည်။ မော်လမြိုင်မှ ဆုတ်လာသည့် တပ်မဟာ (၂) မှ စပေါင်းစပ်ပေါင်း အဖွဲ့များကိုမူ သူနှင့်အတူ ကျိုက်ထိုတွင် ထားလိုက်၏။ တပ်အသီးသီး သူနေရာနှင့်သူ ခံစစ်ပြင်နေစဉ်မှာ ပင် ဖေဖော်ဝါရီ ၁၀ ရက်နေ့၌ ဘားအံရှိ အမှတ် (၇) ဘလူချီစတန် တပ်ရင်းအား ဂျပန် အမှတ် (၃၃) တပ်မမှ အလွန်အင်အားကြီး လှသည့် တပ်ကြီးတစ်တပ်က အရုဏ်ဦးတွင် ဝင်၍တိုက်တော့ သည်။ ဘားအံတစ်ဝိုက်ကလည်း တောထူ၍ ရန်သူချီတက်လာ သည်ကို မသိလိုက်ကြ။ ရန်သူ၏အငိုက်ဖမ်းခြင်းခံလိုက်ရ၏။ ဂျပန်တို့ က လေတပ်အကူအညီဖြင့် မြို့ကို ဖုံးပါကြ၍တိုက်ရာ ဘလူချီစတန် တပ်ရင်းမှာ တပ်လုံးပြုတ်နီးပါး ကျဆုံးဒဏ်ရာရကြပြီး ကျဆုံးသူ များထဲတွင် တပ်ရင်းမှူးကိုယ်တိုင် ပါသွားလေတော့သည်။ အနည်း ငယ်သာ လွတ်မြောက်၍ အနောက်ဘက် ဒူးရင်းဆိပ်သို့ ဆုတ်လာ နိုင်ခဲ့၏။ ဘားအံ ကျသွားပြန်ပြီ။

ဘီးလင်းတွင် ဟန့်စစ်ဆင်ခြင်း

ဂျပန်တို့၏ အမှတ် (၃၃) တပ်မသည် ဘားအံကို သိမ်း ပြီးသည်နှင့် သံလွင်မြစ်ကို ဖြတ်ကူးကြ၏။ ထို့နောက် ဒုံသမိ ချောင်းကိုပါ ဒူးရင်းဆိပ်မြောက်ဘက်မှ အလွယ်တကူ ကူးသွားနိုင် ကြပြီး တောနှင့်တောင်များကို အကာအကွယ်ယူ၍ ဘီးလင်းမြစ်ကို

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချီတက်သွားကြ၏။ ဂျပန်တို့၏အကြံအစည်ကား စစ်တောင်းမြစ်ရေ တံတားကြီးအား အကောင်းပကတိအတိုင်း သိမ်းရန်တည်း။

မော်လမြိုင်ရှိ ဂျပန်တပ်မ (၅၅) မှလည်း သူ၏ တပ်မှူး မုတ္တမသို့ တည့်တည့်ကြီး မကူးစေဘဲ ရွာ လှေသမ္ဗန်များ စစ်နံ့တောင်ပံများမှသာ တဖြည်းဖြည်း ဖြတ်ကူးကြ၏။ ထို့နောက် မုတ္တမခံစစ်ရှိ တပ်ရင်း နှစ်ရင်းအား သွေးတိုးစမ်းတိုက်ပွဲများ ဆင်နွှဲလေတော့သည်။ ဘားအံကျသွားသည်နှင့် စမိုက်က မုတ္တမ တပ်ရင်း နှစ်ရင်းအား သထုံထိ ဆုတ်ခွာခွင့် ပြုလိုက်လေသည်။ ထိုတပ်များ ဖေဖော်ဝါရီ ၁၂ ရက်နေ့၌ သထုံသို့ ရောက်လာ ၁၃ ရက်နေ့တွင် အင်အားကြီးမားသော ဂျပန်တပ်ဖွဲ့များ သထုံ ဝင်တိုက်တော့၏။ ထိုမျှသာမက သထုံ၏မြောက်ဘက် တော တန်းများပေါ်တွင်လည်း ဂျပန်တပ်များ ရောက်ရှိနေကြောင်း သတင်းရကြ၏။ ဂျပန်တို့သည် တောင်ပေါ်မှ အမြောက်များ မြို့တွင်းသို့ လှမ်းပစ်ကြ၏။ အင်္ဂလိပ်တို့ သထုံတွင် ကြာကြာ ခံ ဖွယ်ရာ မရှိတော့ပါ။ ထို့ကြောင့် တပ်မမှူး စမိုက်က သထုံတစ်ဝိုက် တပ်များအားလုံး နောက်ဆုတ်၍ ဘီးလင်းမြစ်ကြောင်းတစ် လျှောက်တွင် အခိုင်အမာ ခံစစ်ပြုပြီး ဂျပန်တို့အား ဟန့်တားရန် စီမံလေတော့သည်။

ဖေဖော်ဝါရီ ၁၄ ရက်နေ့၌ ဗိုလ်မှူးချုပ် ဟယူဂျုံး ဦးစီးသော သေနတ်ကိုင်တပ်ရင်း သုံးရင်းနှင့် အမြောက်ကြီးများ ပါဝင်သည့် တပ်မဟာ (၄၈) သည် ရန်ကုန်မှ ကျိုက်ထိုသို့ ရောက်လာ ထို့ကြောင့် စမိုက်က ဘီးလင်း၊ ကျိုက်ထိုဒေသ ခံစစ်အတွက် အောက်ပါအတိုင်း တပ်ဖြန့်ကာ တာဝန်ပေးသည်။





"ကဲ ... ဘီးလင်းနဲ့ စစ်တောင်းကတော့ နောက်ဆုံး ခံစစ်တွေပဲ။ ဘီးလင်းမြစ်ကို သဘာဝအတား အဆီးလုပ်ပြီး တပ်မဟာ (၄၆) က တပ်ရင်း ၄ ရင်းနဲ့ ခံစစ်ယူထားပေးပါ။ ကျဲတဲ့တပ်တွေကို တပ်မဟာ (၄၆) နဲ့ တပ်မဟာ (၄၈) က နှစ်ရင်းဆီ ဖြည့်ပေးပါ။ တပ်မဟာ (၁၆) ကတော့ တပ်မဌာနချုပ်နဲ့အတူ ကျိုက်ထိုမှာရှိမယ်။ ကျန်တဲ့တပ်တွေကတော့ စစ်တောင်းတံတားကို ဖြတ်သွားပြီး ဟိုမှာ ခံစစ်ယူဖို့ ပြင်ပါ။ အဲဒါကို တပ်မဟာ (၄၈) က တာဝန်ယူပါ"

အမိန့်ပေးသည်မှာ အလွန်လွယ်လှပါသည်။ တကယ့် လက်တွေ့ တပ်ဖြန့်ရသည်ကတော့ ထင်သလို မလွယ်ပါ။ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှ စသည် ခံစစ်စီမံချက်ပါအတိုင်း ဘီးလင်းမြစ်ရိုးတွင် တပ်ဖြန့်ရာ မြောက်ဘက်ရင်းအုံနတ်ကြီးအနီးတစ်လျှောက်ထိ တပ် ဖြန့်နေရာယူခြင်းကို လေးငါးရက်ကြာမှ ဆောင်ရွက်ပြီးစီးတော့သည်။

ဂျပန်တို့ကလည်း အလွန်လျင်ပါ၏။ မြောက်ဘက်က တောတွေတောင်တွေကို ကျော်ပြီး တပ်မ (၃၃) က ရှေ့ကိုချီသည်။ တောင်ဘက်က တပ်မ (၅၅) ကလည်း ရေကြောင်းမှ မော်တော်ငယ်၊ သင်္ဘောငယ်များဖြင့် စစ်တောင်းမြစ်သို့ ချီတက်ကြသည်။ မုတ္တမ စစ်တောင်း မီးရထားလမ်းနှင့် မော်တော်ကားလမ်းအတိုင်း တည့် တည့်ကြီး လိုက်စစ်ဆင်ပြီး တိုက်သည့်တပ်က လိုက်တိုက်နေကြ သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ ၁၈ ရက်နေ့အထိ ဘီးလင်း မြစ်ရိုးတစ်လျှောက် နေရာယူထားသည့် အမှတ် (၄၆) တပ်မဟာနှင့် (၄၈) တပ်မဟာမှ တပ်များအား ဂျပန်တို့က အမြောက်ပစ်ကူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြင်းပြင်းထန်ထန် ထိုးနှက်တိုက်ခိုက်လေတော့သည်။ ဘီး မြောက်ဘက် သုံးမိုင်အကွာရှိ ညောင်းကုန်းရွာတစ်ဝိုက်၌ တို များ အလွန်ပြင်းထန်ပြီး နှစ်ဖက်လုံး လေကြောင်းပစ်ကူမျာ ပေးယူကြရ၏။ ဂျပန်များက အရှေ့မြောက်နှင့် တောင်တို့မှ ဖက်သုံးတန် ဝိုင်းတိုက်ရာ ဘီးလင်းခံစစ်ကြောင်းတွင် အထိအနာ အကျအဆုံး အထူးများပြားလာ၏။ ခံစစ်ကြောင်းပေါက်သည့်နေ ပေါက်ကုန်၏။

ဖေဖော်ဝါရီ ၁၉ ရက်တွင်မူ

''အမှတ် (၃၃) တပ်မမှ ရန်သူ့တပ်ဖွဲ့ကြီးတစ်ဖွဲ့ တောင်းမြစ်ကို ဖြတ်ကူး၍ မြစ်အနောက်ဘက်ကမ်းကို ရောက် စစ်တောင်းတံတားအား ဝိုင်းပတ်တိုက်ခိုက်ရန် စီစဉ်နေကြော သတင်းရ'' ဟု စစ်တောင်းတံတားတစ်ဝိုက်ရှိ မြေပြင်တပ်များ ကျိုက်ထိုရှိ တပ်မဌာနချုပ်သို့ သတင်းပို့လေတော့သည်။

ဤသို့ဆိုပါက စစ်တောင်းတံတား ကျသွားနိုင်၏ စစ်တောင်းတံတားကျသွားလျှင် ရန်သူက ရန်ကုန်ကို အမြန် ပေါက်သွားတော့မည်။ တပ်မမှူး စမိုက်အဖို့ ဘီးလင်းမှာလည်း ပြင်းပြင်းထန်ထန် အတိုက်ခံနေရသည်။ စစ်တောင်းတံတား တစ် ဝိုက်မှာလည်း ရန်သူရောက်နေပြီ။ ဘာလုပ်မည်လဲ။ ဘီးလင်းမှ တပ်များ ခွာစစ်ဆင်ပြီး စစ်တောင်းတွင် နောက်ဆုံးခုခံရန်မှ လွဲ၍ အခြားနည်းမရှိတော့ပါ။ ထို့ကြောင့် တပ်မမှူးစမိုက်သည် ဖေဖော် ဝါရီ ၂၀ ရက်နေ့တွင် ဘီးလင်းမှ စစ်တောင်းသို့ တပ်များအားလုံး ဆုတ်ခွာခွင့်ပြုလိုက်ရလေတော့သည်။ ထိုအချိန်တွင် သူ၏တပ်မ ဌာနချုပ်က ကျိုက်ထိုတွင်ပင် ရှိနေသေး၏။





င်းမှ မုပ္ပလင်သို့

ခွာစစ်အမိန့်ရသည်နှင့် ဘီးလင်းမြစ်ကြောင်းမှ တပ်များ တပ်ပြီးတစ်တပ် ခွာကြတော့၏။ အားလုံးလိုလိုကတော့ မုတ္တမ တောင်း မော်တော်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်သာ လာကြ၏။ ထိုဒေသများကလည်း တောတောင်ထူထပ်သဖြင့် ဘားဝဲယာအား မည်သူမျှ ဆင်းပြီး ကင်းထောက်ခြင်းလည်း ပ်နိုင်ကြ။ အားလုံး ခြေကုန်လက်ပန်းကျနေကြ၏။ အင်္ဂလိပ် များမှာ ယာဉ်တင်တပ်များသာဖြစ်၍ အခြေအနေပေးက ကားစီး သူများသာဖြစ်၏။ တောတိုးလေ့ တိုးထမရှိ။ ဤသို့ဖြင့် ဖြင့်တစ်မျိုး ခြေလျင်တစ်ဖုံ လာကြရာ တပ်အတော်များများ ဖော်ဝါရီ ၂၁ ရက်နေ့တွင် စစ်တောင်းတံတားအရှေ့ဘက်ကမ်းမှ ပ္ပလင်၌ စုရုံးမိကြလေသည်။

ခွာပြီဆိုသည်နှင့် ကျိုက်ထိုရှိ တပ်မဌာနချုပ်အား ဂျပန်က င်တိုက်တော့သည်။ ထို့ကြောင့် တပ်မဌာနချုပ်လည်း ကျိုက်ထိုမှ ပ္ပလင်သို့ ရွှေ့ရတော့၏။ ထိုအခါ နောက်ရံတပ်မှအပ ကျန် တပ်များအားလုံးလိုလို ဆုတ်ခွာကြတော့သည်။ အမှတ် (၄၆) တပ်မဟာမှ နောက်ရံတပ်ရင်းတစ်ရင်းအား ကျိုက်ထိုတွင် ထားခဲ့ ၏။ ထိုတပ်မှလွဲ၍ ကျန်တပ်များအားလုံး မုပ္ပလင်သို့ ဆုတ်ခွာ နေကြ၏။ မဆုတ်ကြ၍လည်း မဖြစ်။ ဂျပန်တို့က လေးဖက်လေး တန်မှ တံတားကြီးဆီသို့ အတင်းချဉ်းကပ်နေပြီဖြစ်လေသည်။ မကြာ မီ နာမည်ကျော် စစ်တောင်းတံတားတိုက်ပွဲကြီး စပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



**စစ်တောင်းတံတားဟူသည့်ကား**

စစ်တောင်းတံတား (သို့မဟုတ်) စစ်တောင်းမြစ်ပေါ် ရှိသည့် မုပ္ပလင်တံတားမှာ အရှည်ပေ ၂၄၀၀ ရှိသည့် မီးရ တံတားဖြစ်၏။ ၁၉၀၇ ခုနှစ်က အင်္ဂလိပ်တို့ ပဲခူး–မော်လ ရထားလမ်း ဖောက်လုပ်စဉ်က ဤတံတားကြီးကို ဆောက် ခဲ့ခြင်းပင်။ မီးရထားတံတားဖြစ်နေ၍ မီးရထားလမ်းပေါ်မှ တော်ယာဉ်များ သွားနိုင်အောင် ဆောင်ရွက်၍ ဖြစ်မဖြစ် အ ကြီးလှ၏။ ယခင်က ဤတံတားပေါ်တွင် မီးရထားသာ သွ သည်။ ကားသွား၍ မရပါ။

ထို့ကြောင့် ခွာစစ်အမိန့်ပေးသည့်နေ့ကပင် စမိုက် စစ်တောင်းတံတားကြီးအား မော်တော်ယာဉ်များ ဖြတ်၍ရအော ဆောင်ရွက်ရန် တပ်မအင်ဂျင်နီယာတပ်သို့ ညွှန်ကြားတာဝန် ခဲ့ပြီဖြစ်၏။ ဖေဖော်ဝါရီ ၂၁ ရက်နေ့နံနက်တွင် တံတား သူကိုယ်တိုင်ရောက်သွားသည်။ ဆောက်လုပ်ရေးတပ်သားမျ ကားများသွားနိုင်ရန် အပူတပြင်း ပြင်ဆင်နေကြ၏။ သံလမ် ယှဉ်၍ ပျဉ်များခင်းနေကြ၏။ မြှောင့်သံများ ရိုက်၍ ပျဉ်မျာ နေကြ၏။ ထိုနေ့ည မိုးစုံးစုံးချုပ်မှ တံတားပျဉ်ခင်းခြင်းလုပ် ပြီးစီးသွားတော့သည်။ မပြီးလို့လည်း မဖြစ်။ တံတားပတ်ဝန်းက တွင် ရန်သူကိုရှေ့ဂျပန်တို့က ရောက်နေပြီး တဒိုင်းဒိုင်း တဒိန်းဒိ နှင့် လှမ်းပစ်နေကြပါပြီ။

"ကဲ ... တံတားပျဉ်ခင်းလို့တော့ပြီးပြီ။ ကား သွား မ၊ စမ်းကြည့်ကြပါဦး။ ပြီးရင်တော့ ဒီအတိုင်း ထားလို့မရဘူ တပ်မဟာ (၄၈, က အမှတ် (၄) ဂေါ်ရခါးတပ်ရင်းကို တံတား





င့်တာဝန်ပေးဗျာ။ ဟိုဘက်ထိပ် ဒီဘက်ထိပ် နေရာယူခိုင်း မြောက်နဲ့ စက်သေနတ်ကြီးတွေပါ ဆင်ပါ။ အားလုံးပြီးတာနဲ့ က်နှင့်တဲ့ ကားတွေ ဖြတ်ကြတာပေါ့"

တပ်မမှူးစမိုက်က အနီးရှိ တပ်မဟာ (၄၈) တပ်မဟာမှူး ယူးဂျုံးအား မှာလိုက်၏။ စမိုက်က တံတားကွပ်ကဲမှုကို ဂျုံးအား ထားသည်။

ဂျပန်များကလည်း တံတားကြီးကို လေကြောင်းမှ ဗုံးကြဲ ဖျက်ဆီးနိုင်ပါ၏။ သို့ရာတွင် သူတို့ မလုပ်ပါ။ တံတားကို ကောင်းအတိုင်း လိုချင်ကြပါသည်။ မုတ္တမဘက်ကမ်း၌ အင်္ဂလိပ် တို့ ဖြတ်တောက်ခဲ့သည့် မီးရထား လမ်းနှင့် တံတားငယ်များကိုပင် ပန်အင်ဂျင်နီယာများက အပူတပြင်း ပြင်ဆင်နေကြပါပြီ။ ဖေဖော် ရီ ၂၁ ရက်နေ့ညတွင် စစ်တောင်းတံတားအား ယာဉ်များ တင်ဖြတ်စမ်းကြည့်ကြသည်။ ဖြည်းဖြည်းဖြတ်ရမည်ဆိုပါက ရပါပြီ။ ကဲ ... ဖြတ်ကြတော့မည်။

**စစ်တောင်းတံတားတိုက်ပွဲကြီး**

ဖေဖော်ဝါရီ ၂၁ ရက်နေ့ ညသန်းခေါင်ချိန်တွင် တံတား ကြီးပေါ်သို့ ကားများ စဖြတ်၏။ ယာဉ်တန်းကြီးများမှာ ရှည်လျား လှ၏။ ရှေ့ဆုံးမှ လူနာယာဉ်များ၊ ခဲယမ်းနှင့်ရိက္ခာတင်ယာဉ်များ အမျိုးမျိုးပါသည်။ တံတားကြီးပေါ်တွင် ယာဉ်များသာ မဟုတ်။ စစ်သည်များလည်း ခြေလျင်ဆုတ်၍ ဖြတ်သန်းနေကြ၏။ ကားတန်း လူတန်းကြီးကား တရွေ့ရွေ့သွားနေသည်။ အားလုံးက နွမ်းလျနေပြီ။ အအိပ်ပျက် အစားပျက်ခဲ့ကြရပေါင်းလည်း များပြီ။ ဒီကြားထဲ ကို



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျပန်တို့၏ သေနတ်သံများက ဟိုမှ ဒီမှ ကြိုကြား ကြို
ကြားနေရ၏။

နံနက် သုံးနာရီခန့်တွင် တံတားကြီးပေါ် ဖြတ်သန်းနေသော
လူများ၊ ယာဉ်များ အားလုံး ရုတ်တရက် ရပ်တန့်သွား၏။

''ဟ ... ဘာဖြစ်တာလဲ မြေကြစမ်းပါဦး''

တစ်ဦးနှင့်တစ်ဦး မေးကြ၏။

ဖြစ်ပုံမှာ တံတားကြီး၏အလယ်အကူး၌ စစ်လော်ရီကြီး
တစ်စင်းသည် ဘေးသို့ ထိုးကာ မှောက်သွား၏။ အောက်
မသွားဘဲ လမ်းပေါ်တွင် ကန့်လန့်ခံနေခြင်းဖြစ်သည်။ လမ်း လုံး
ပိတ်သွား၏။ ဝဲယာနှစ်ဖက်စလုံး သွားမရအောင် ပိတ်သွားခြင်းဖြ
ထိုလော်ရီကားအား ဆောက်လုပ်ရေးတပ်သားများက ကား
အလင်းရောင်ဖြင့် ဝိုင်းဖယ်ရှားကြရာ သုံးနာရီကျော်မျှ ကြာသွား
လေသည်။ မိုးစင်စင်လင်းမှပင် ထိုကားပိတ်နေသည်အား ဖယ်ရှား
နိုင်တော့၏။ အလွန်အဖိုးတန်သည့် အချိန်များ ကုန်သွားခဲ့၏။

မိုးစင်စင်လင်း၍ ကားပြန်ပြီး စကူးသည်နှင့် တံတားထိပ်
အနောက်ဘက်ခြမ်း တောအုပ်မှ ရန်သူ၏ ပြင်းထန်သော
ပစ်ခတ်မှုနှင့် ရင်ဆိုင်ရတော့၏။ ပစ်ခတ်မှုမှာ အလွန်ပြင်းထန်သဖြင့်
အပစ်ခံရသူများ အလွန် အံ့သြသွား၏။ ဂျပန်များ တံတားအနောက်
ဘက်ထိပ်ရောက်နေပေပြီ။ အပစ်ခံရသူများဘက်မှ ဘာအကာ
အကွယ်မှ မရှိ။ ပစ်သူများက တောအုပ်အတွင်းရှိ အကာအကွယ်
ကောင်းကောင်းမှ ပစ်နေကြခြင်းပင် ဖြစ်သည်။

အမှန်လည်း ထိုနေရာသို့ ဂျပန်အမှတ် (၃၃) တပ်မ
အမှတ် (၂၁၅) တပ်ရင်းကြီးတစ်ရင်းလုံး ရောက်ရှိနေပြီး ထို





ရင်းကြီးက တံတားအနောက်ဘက်ထိပ်အား စောင့်ပိတ်၍
ခြင်းပင်တည်း။

တိုက်ပွဲမှာ တပ်မှူးကြီးများမှလွဲ၍ မည်သူမျှ ထိန်းမရ
နေ၏။ တံတားထိပ်နှင့် တောစပ်ကြားမြေကို သူ့ဘက်ကိုယ့်ဘက်
နေကြ၏။ ဂျပန်တို့က စနစ်ကျ၍ အားသာနေ၏။ အင်္ဂလိပ်တို့
မှာ လူရောကားပါ ရှုပ်ယှက်ခတ်ပြီး ပရမ်းပတာဖြစ်နေသည်။

အနောက်ဘက်ကမ်းတွင်သာမကပါ အရှေ့ဘက်ကမ်း
ည်း နောက်မှ လိုက်ပါလာသည့် ဂျပန်တပ်များက အင်္ဂလိပ်တို့၏
အရှေ့ဘက်ကမ်းကျန်သည့်တပ်များနှင့် ယာဉ်များအား ဘက်ပေါင်းစုံ
ဝိုင်းဝန်းပစ်ကြတော့သည်။ အသံဗလံမျိုးစုံအောင် ညံနေ၏။
ဖြစ်၍ ဘာဖြစ်နေမှန်း မသိတော့။ တိုက်ပွဲကြီးမှာ မီးနိုးမဆုံး
ဆုံး ဖြစ်နေချေပြီ။ နှစ်ဖက်ပစ်ခတ်နေသည့် အမြောက်ဆံ၊
ဆံတွေလည်း တအုံးအုံး တဖြုံးဖြုံး ဖြစ်နေ၏။ တံတားကြီး
အရှေ့ဘက်ရှိ ဘုရားကုန်းအား ဂျပန်တို့က သိမ်းမိပြီး အမြောက်
တင်၍ တံတားကြီးနှင့် အနောက်ဘက်ကမ်းကို ပစ်ကြ၏။
အနောက်ဘက်ကမ်းရောက်သူများလည်း အနောက်ဘက်ကမ်းရှိ
ဂျပန်တပ်ကို အတင်းဖောက်၍ စစ်တောင်းမှ ဘုရားကြီးဘက်သို့
ကြ၏။

အရှေ့ဘက်တွင် ကျန်ခဲ့သည့်တပ်များက ကိုယ့်လူကိုယ်စု၍
လင်တစ်ဝိုက်မှာ နောက်မှလိုက်လာသည့် ဂျပန်များကို ပြန်စုပြီး
ခံ၏။ တိုက်ပွဲမှာ ၂၂ ရက် တစ်နေ့လုံး ဘတစ်ပြန် ကျား
တစ်ပြန်ဖြစ်နေ၏။ အလွန်လည်း ပြင်းထန်လှ၏။ သို့ရာတွင်
ဂျပန်တို့မှာ တပ်မနှစ်ခုစာမျှဖြစ်နေ၍ အချိန်ကြာသည်နှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com



အင်အားကလည်း တဖြည်းဖြည်း တိုးလာနေသည်။ ဒီလို... ကြာရင် ခံနိုင်မည်မဟုတ်တော့။

သို့ရာတွင် ၂၂ ရက်နေ့ညဦးပိုင်းအထိ ကားတံတား... ထိန်းထားနိုင်သေးသည်။ ယာဉ်အနည်းအကျဉ်းလည်း ဖြတ်... ပါသေးသည်။ ပင်မယာဉ်တန်းကြီးကတော့ ဖြတ်၍မဖြစ်နိုင်တော့... ယာဉ်မောင်း အားလုံးလည်း ကျည်လွတ်ရာ ရှောင်နေကြ... ဂျပန်တို့ကလည်း တံတားကို အကောင်းပကတိအတိုင်း လို... စီးနင်းနိုင်ရန်သာ ကြိုးစားကြ၏။ ဖျက်ဆီးရန်ကား မလုပ်ကြ...

**တံတားကြီးဖောက်ခွဲခြင်း**

ဖေဖော်ဝါရီ ၂၂ ရက်နေ့ညတွင် ''ဂျပန်တပ်များ... တံတားပေါ်သို့ပင် ရောက်လုမတတ်ရှိနေပြီ ဖြစ်ကြောင်း... ကြောင့် တံတားကို ဆက်လက်ထိန်းသိမ်းထားခြင်းမှာ မတတ်... တော့ကြောင်း'' ကို တံတားစောင့်တပ်က သတင်းပို့၏။

တံတားကြီးကို တာဝန်ယူသူမှာ ဗိုလ်မှူးချုပ် ဟယ်... ဖြစ်၏။ တံတားကွပ်ကဲမှုအား စမိုက်ဂျူးကို တာဝန်ပေးထား... ဘယ်လိုမှ မတတ်နိုင်က တံတားကြီးကို ဖောက်ခွဲပစ်ရမည်။ တံ... ကြီးကို ဂျပန်တို့ အကောင်းပကတိအတိုင်း ရသွားပါက ရန်... အမြန်ကျပေတော့မည်။ ထို့ကြောင့် တံတားကြီးကိုတော့ အကော... ပကတိအတိုင်း ရန်သူ့လက် အကျမခံနိုင်ပါ။ တပ်မဟာနှစ်ခု... ရှိနေသည်။ တပ်မမှူးစမိုက်အဖို့ တံတားကို အမြန်ဖောက်ခွဲ... လား။ မိမိတပ်မက လူနှင့်ယာဉ်တွေ ကူးပြီးသည်အထိ စောင့်မည်... ဆုံးဖြတ်ရတော့မည်။ သို့ရာတွင် စမိုက်က တံတားနှင့် အ...





...နေ၏။ အနောက်ဘက်ကမ်းမှာ မနေ့ကပင် သူ ရောက်နေပြီ။ ...အခြေအနေ အသေးစိတ်ကို သူ မမြင်နိုင်တော့။ မည်သို့ ...စေ ''လိုအပ်ပါက တံတားကို ဖောက်ခွဲပါ။ မိမိတာဝန် ...ည်'' ဟု စမိုက်က ဂျူးကို ကြိုတင်အမိန့်ပေးထားသည်။ ...အားတွင် ဂျူးသာ ရှိနေ၏။ ဖေဖော်ဝါရီ ၂၃ ရက်နေ့ မနက် ၄ ...ခွဲတွင် ဂျူးက စမိုက်ကို စစ်မြေပြင်သုံးတယ်လီဖုန်းဖြင့် တံတား ...ပြီး လှမ်းသတင်းပို့၏။

''တပ်မမှူးခင်ဗျား တံတားကို ကျွန်တော်တို့ နောက်ထပ် ...နာရီ နှစ်နာရီထက်ပိုပြီး ထိန်းထားလို့ မရနိုင်တော့ဘူး။ ...ောင်တွေ တံတားနှစ်ဖက်လုံးမှာ ဝိုင်းအုံနေပြီ။ အင်အား ...များတယ်''

''ဒါဆိုရင် ခင်ဗျားပဲ နောက်ဆုံးအချိန် သတ်မှတ်ပြီး ဖောက် ...စ်လိုက်တော့''

စမိုက်ကလည်း အပြတ်အမိန့်ပေးလိုက်၏။ နောက်နှစ်နာရီ ...ကြာတွင် မိုးခြိမ်းသံထက်ပင် ပိုမိုကြီးကျယ်လှသော ကြောက် ...ဖွယ် ''အုန်း ဝုန်း ဝုန်း ဝုန်း'' ဆိုသည့် ဖောက်ခွဲသံကြီးအား ...ကြရလေတော့သည်။

စစ်တောင်းတံတားကြီးကို ဖောက်ခွဲပစ်လိုက်ပေပြီ။

ထိုနေ့ နံနက်ခင်း၌ တံတားဖောက်ခွဲလိုက်သည့်အတွက် ...ထွက်လာသည့် ပေါက်ကွဲသံကြီးသည် တိုက်ပွဲကို ရုတ်တရက် ...ချင်း ခဏမျှ ငြိမ်သက်သွားစေရန်အတွက် အချက်ပေး ...က်သကဲ့သို့ ဖြစ်သွားရလေသည်။ ဤပေါက်ကွဲသံကြီးသည် ဘာ ...ကြောင့် ထွက်ပေါ်လာသည်ကို နှစ်ဖက်စလုံးမှ သိရှိနားလည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြ ပေသည်။ ဂျပန်တပ်ဘက်က ၎င်းတို့မည်မျှပင် ရက်ရက်စက်
သဲသဲမဲမဲ တိုက်သော်လည်း တံတားကို အကောင်းပကတိအ
လက်ဝယ်ရရှိအောင် မတိုက်နိုင်တော့ကြောင်း နားလည်ကြသ
အင်္ဂလိပ်တပ်များ ကမူ ၎င်းတို့သည် အရိုးကြေကြေ အရေခန်း
သက်စွန့်ကြိုးပမ်း ခက်ခက်ခဲခဲ တိုက်ရမည့် အခြေအနေ ရော
ဖြစ်ကြောင်း သဘောပေါက်ကြသည်။

ထို့ကြောင့် အမှတ် (၁၇) အိန္ဒိယတပ်မမှ ရဲဘော်တို့သ
နောက်ဆုံးအကြိမ် ကြိုးပမ်းခြင်းဖြင့် စစ်တောင်း မြစ်ကမ်း
အရောက် ဖောက်ထွက်လာခဲ့နိုင်ကြသည်။ သို့ရာတွင် စစ်တော
မြစ်ကမ်းသို့ ရောက်ကြသောအခါ ကျိုးကျပျက်စီးနေသော
တောင်းတံတားကြီးကို ဝမ်းနည်းချောက်ချားဖွယ်ရာ တွေ့မြင်
ရလေသည်။ ၎င်းတို့၏ ချိန်းယာဉ်ဘီးယာဉ်ကြီးများနှင့် အမြော
ကြီးများကို စစ်တောင်းမြစ် အနောက်ကမ်းသို့ ဖြတ်ကျော်၍ သ
ဆောင်သွားရန် မဖြစ်နိုင်တော့ကြောင်း သိကြသည်။ ထို့ကြေ
ယာဉ်မျိုးစုံနှင့် အမြောက်ကြီးများကို အတတ်နိုင်ဆုံး ဖျက်ဆီး
ကြပြီးလျှင် စစ်သည်များနှင့် အရာရှိများသည် တစ်ဦးချင်း သို့မဟု
အဖွဲ့ငယ်များဖြင့် အဝတ်အစား၊ လက်နက် အသုံးအဆောင်တို့
စွန့်ပစ်၍ စစ်တောင်းမြစ်ထဲ ဆင်းပြီး တစ်ဖက်ကမ်းသို့ ကူး
လေသည်။ စစ်သည်အချို့သာလျှင် အရေးပေါ် ဖောင်များ
လည်းကောင်း၊ ဓာတ်ဆီထည့်သည့်ပုံးကြီးများကို ဖောင်လုပ်
လည်းကောင်း တစ်ဖက်ကမ်းသို့ မိမိတို့လက်နက်နှင့်အတူ
သွားနိုင်ကြသည်။ အများစုမှာ ဝါးလုံးကို ဖက်၍ တစ်ဖက်က
ကူးခတ်သွားကြသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် မိမိ



ဒီယကမ္ဘာစစ်ဖြစ်ခဲ့စဉ်က မြန်မာပြည်တာဝန်ခံ ဒုတိယ ဗိုလ်ချုပ်ကြီး ဟတ်တန်



www.burmeseclassic.com

www.burmeseclassic.com





မြန်မာပြည်မှာစစ်ကို ဝီလီယံစလင်းနှင့်အတူ တာဝန်ယူခဲ့သည့်
ဗိုလ်ချုပ်ကြီးအလက်ဇန်းဒါး

...နက်များကို မိမိတို့နှင့် တစ်ပါတည်းပါအောင် တစ်ဖက်ကမ်း ... အရောက်ကူးရန်မှာ မဖြစ်နိုင်သည့် အခြေအနေဖြစ်ပေသည်။ ...စ်သေဆုံးကြသော စစ်သည်များမှာလည်း မရေမတွက်နိုင် ...ောင်ပင် ဖြစ်သည်။ အချို့ရဲဘော်များမှာ တစ်ဖက်ကမ်းသို့ ...နစဉ် ရန်သူအပစ်ခံရ၍ ရေထဲတွင် သေဆုံးကြရသည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နေ့လယ်အချိန်တွင် တပ် ...လိုက် လူပြန်စစ်ရာ ရန်သူက ဖြတ်တောက် ပိတ်ဆို့တိုက် ...ခြင်းခံရသည့် တပ်ရင်း ရှစ်ရင်းအနက် အရှေ့ဘက်ကမ်းမှ ...နောက်ဘက်ကမ်းသို့ အသက်မသေဘဲ ရောက်ရှိလာသူဦးရေ ...ရာရှိစစ်သည်ပေါင်းမှာ နှစ်ထောင်ပင် မပြည့်တော့ပေ။ ၎င်းတို့ ...အတူ ရိုင်ဖယ်သေနတ် ၅၅၀၊ ဘရင်းစက်ကလေး ၁၀ လက်၊ ...ော်မီစက်သေနတ် ၁၂ လက်သာ ပါလာတော့သည်။ စစ်သည် ...အားလုံးနီးပါးမှာ ဖိနပ်မပါကြတော့ပေ။ စစ်သည်အများစုမှာလည်း ...ောင်းဘီအကျီမျှပင် ပါမလာတော့ဘဲ အတွင်းခံဘောင်းဘီဖြင့်သာ ...နောက်ဘက်ကမ်းသို့ ရောက်လာကြတော့လေသည်။ အချို့စစ်သည်များကား စစ်တောင်းမြစ်ဖျားထိ တက်ရင်း တောင်ငူ ...ထိပင် ရောက်သွားသည်ဟု ဆို၏။ (၁၉၉၁ ခုနှစ်၊ တောင်ငူ ...တွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က ထိုကိစ္စကို သိမှိသူ အချို့ထံမှ မေးမြန်းသိရှိခဲ့ရဖူးပါသည်။)

အနောက်ဘက်ကမ်းသို့ ရောက်လာသူအားလုံးမှာလည်း အမောဆို့သွားကြသည်သာ ဖြစ်၏။ ရောက်လာသူများကို ပို့ ဆောင်ပေးရန် အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ မီးရထားနှင့် ယာဉ်များစီစဉ်ပေးရ၏။ ဖိနပ်ချွတ် သွားလေ့သွားထ မရှိသော



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်များအဖို့ ခြေဖဝါးများ၊ မီးရထားလမ်း ကျောက်ခဲများကြား သွေးချင်းချင်း နီအောင် ကွဲရှကုန်သည်။ အဝတ်ချွတ်၍ ရှော ခဲ့ရသူများမှာ ဗလာကိုယ်လုံးတီးဖြစ်နေ၏။ စစ်စောင်ပတ်၍ ရ၏။ လူနာများနှင့် လမ်းမလျှောက်နိုင်သူများကို ရထား ရန်ကုန်ဘက်သို့ အမြန်ပို့ရသည်။ အစာတော် ရေငတ်ဖြစ်လာသူများ အမြန်ချက်ပြုတ်ကျွေးမွေးရသည်။ ဒဏ်ရာရလာသူများကို အ ပေါ် ကုသပေးရသည်။ အားလုံးကတော့ ဘက်ပေါင်းစုံမှ ချွတ်ခြုံ နေပါပြီ။

ဤသို့ဖြင့် အမှတ် (၁၇) အိန္ဒိယတပ်မသည် စစ်တောင်း တံတားကြီးတိုက်ပွဲ၌ ရန်သူထက် နှစ်ဆမက ကျဆုံးပြီး တပ် အဆုတ်တွင် တစ်ပါတည်းပါသွားသည့် ယာဉ်အနည်းငယ်မှအ အားလုံး ပြုတ်ပြုတ်ပြုန်း၍ ကျန်ရစ်ခဲ့၏။ စိတ်ဓာတ်မှာလည်း သုညအောက်သို့ပင် ကျဆင်းသွားကြပြီး အရှုံးကြီးရှုံးကာ စစ်တောင်း တံတားမှ ဆုတ်ခွာခဲ့ရပေတော့သည်။

**တိုက်ပွဲသုံးသပ်ချက်များ**

ဤစစ်တောင်းတံတားတိုက်ပွဲနှင့် ပတ်သက်ပြီး စစ်သမိုင်း ဆရာတို့က အမျိုးမျိုးရေးသားကြ၏။ တိုက်ပွဲပြီးမှ ရေးကြသည်ဖြစ်၍ အမျိုးမျိုး ပြောကြသည်များရှိ၏။ နိုင်သွားသည့် ဂျပန်တို့ဘက်က သာမန်မျှသာ ဖော်ပြခဲ့ကြသော်လည်း အင်္ဂလိပ်တို့ဘက်ကမူ တတ် နိုင်သမျှ အသေးစိတ်ရေးသားကြ၏။

အင်္ဂလိပ်တို့ဘက်က ဤဖြစ်စဉ်သည် ကြီးမားသော ဆုံးရှုံး တစ်ရပ်ဖြစ်၍ အမှတ် (၁၇) အိန္ဒိယတပ်မသည်လည်း မဟာနိုင်





အောင် တိုက်စွမ်းအား ချိုးဖဲ့ခြင်းခံရပြီး၊ ဂျပန်တပ်များအတွက် ကုန်မြို့တော်သို့ အလွယ်တကူ သွားနိုင်မည့်လမ်း ပွင့်သွားခဲ့ခြင်း သည်။ အင်္ဂလိပ်တို့အတွက်မူကား ကြောက်မက်ဖွယ်ရာ ခြိမ်း ခြောက်ခံရမှုကြီး ဖြစ်ကြောင်း၊ ရက်အနည်းငယ်အတွင်းမှာပင် ကုန်သည် ကျဆုံးသွားနိုင်ကြောင်း ရေးသားဖော်ပြကြ၏။ တပ်မ မှူး စမိုက်ကိုလည်း အပြစ်တင်ကြသည်။ အဘယ်ကြောင့်ဟူမူ တံတားမဖောက်ခွဲ မီ ၄ ရက်အလို ဖေဖော်ဝါရီ ၁၉ ရက်နေ့ ကတည်းက အထက်ဌာနချုပ်က လိုအပ်ပါက တပ်များနောက်သို့ ဆုတ်ခွာနိုင်ကြောင်း ခွင့်ပြုခဲ့ပြီးဖြစ်သည်။ တပ်မမှူး စမိုက်သည် စစ်စီမံချက်ကို အသေအချာ စီမံထားမှုမရှိ။ ယခုထက် ကောင်း အောင် ဆောင်ရွက်ထားသင့်ကြောင်း အင်္ဂလိပ်စစ်သမိုင်းဆရာ အချို့က ဆို၏။

ဒုဗိုလ်ချုပ်ကြီး ဟတ်တွန်ကလည်း တပ်မမှူး စမိုက်အား နောက်ဆုံး ခံစစ်ဖြစ်သည့် စစ်တောင်းတံတားထိပ်၌ ခြေကုပ်အား သေချာစွာယူထားရန် လိုအပ်ပါက တပ်များဆွဲချပြီး တံတား၌ တပ်မဟာမှူးတစ်ဦးအား **ByName** ဖြင့် တာဝန်ပေးရန် ကြေးနန်း ပို့ကြောင်း အချို့စာအုပ်များက ဖော်ပြသည်။ တပ်မဟာ (၄၆) တပ်မမှူး အက်ကင်အား တပ်မ၏ နောက်ရံတပ်အဖြစ် တာဝန် ပေးရာတွင်လည်း တပ်မဟာမှူးအက်ကင်က ...

"ကျိုက်ထိုကို ကွင်းပြီး ဂျပန်တွေ စစ်တောင်းတံတားကို ဦးတည်နေပါတယ်။ ဒါကြောင့် တိုက်ခိုက်ရေးယာဉ်တွေက လွဲပြီး ကျွန်တော့်တပ်မဟာက ယာဉ်အပါအဝင် တပ်မယာဉ်တွေ အားလုံးနဲ့ ကျန်တဲ့ယာဉ်တွေ အနောက်ဘက်ကမ်းကို ကြိုကူးထားတာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်ပါတယ်'' ဟု စမိုက်အား တင်ပြခဲ့သည်ဆို၏။

စမိုက်က ထိုသတင်းမှာ မသေချာ၊ ခွာစစ်တွင် စစ်သည်များ ခြေလျင်ခွာနေက အချိန်ကြန့်ကြာနေမည်။ ယာဉ်တင်ထား များဖြစ်၍ ယာဉ်များနှင့်သာခွာဖို့ဆိုပြီး လူစီးထရပ်ကားများအား ကျိုက်ထိုမှ မုပ္ပင်သို့ စေလွှတ်ခွင့်မပြုခဲ့ပေ။ နောင်တွင် ထိုယာဉ်များ အားလုံး တံတားဖြတ်မရ၍ စစ်တောင်းမြစ်အရှေ့ဘက်၌ ဆုံးရှုံးခဲ့ ရ၏။ ဤသည်ကို အချို့က နားမလည်နိုင်ဟု ပြောကြ၏။

ဤကိစ္စနှင့်ပတ်သက်၍ ထိုစဉ်က တာဝန်ရှိသူ တပ်မှူး စမိုက်အပေါ် မျှမျှတတ သုံးသပ်သွားသူမှာ ဗိုလ်ချုပ်ကြီး ဆာ ဝီလီယံစလင်းဖြစ်၏။

## ဗိုလ်ချုပ်ကြီးစလင်း၏သုံးသပ်ချက်

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဂျပန်တပ်များသည် စစ်တောင်းတံတားကြီးသို့ အားလုံး ဝိုင်းအုံလာကြ၏။ ၎င်းတို့တွင် ဗုံးကြဲလေယာဉ်များရှိသော်လည်း တံတားကြီးအား ဗုံးကြဲချခြင်းမပြုဘဲ တံတား၏ အရှေ့ထိပ်နှင့် အနောက်ဘက်ထိပ်များကိုသာ ဗုံးများ ကြဲချခဲ့၏။

တပ်မှူးစမိုက် တာဝန်မှာ စစ်တောင်းတွင် ဟန့်စစ်ဆင် ရင်း မြို့တော် ရန်ကုန်အား ဂျပန်လက်တွင်းသို့ ဆောလျင်စွာ ကျမသွားအောင် ကာကွယ်ရန်ဖြစ်၏။ ဖေဖော်ဝါရီ ၂၃ ရက် နေ့အကူးတွင် တံတားစောင့်တပ်မှူးကပဲ ဂျပန်များ တံတားအနီး သို့ အလွန်နီးကပ်ခွာရောက်နေပြီဖြစ်ကြောင်း ထိန်းထားရန် မဖြစ် နိုင်တော့ကြောင်း အိပ်ပျော်နေသည့် တပ်မှူးအား သတင်းပို့၏





ဤသည်တွင် တပ်မှူးသည် အချက်နှစ်ချက်ကို စဉ်းစား ဆင်ခြင်၍ အဆုံးအဖြတ်ချမှတ်ရန် အရေးကြီးလာသည်။

(က) ပထမအချက်မှာ တံတားကို ရန်သူ့လက်အတွင်း အကောင်း ပကတိ အကျခံပြီး ရန်သူသည် မြို့တော်ရန်ကုန်သို့ တောက်လျှောက်ချီတက်၍ သိမ်းပိုက်ခြင်းကို ခံမည်လား။

(ခ) နောက်တစ်ချက်မှာ ထိုသို့မဟုတ်လျှင် တံတားကို ဖောက် ခွဲဖျက်ဆီးပစ်လိုက်ပြီး မိမိတပ်မ၏ သုံးပုံ နှစ်ပုံခန့်မျှသော စစ်သည်ရဲဘော်များအား စစ်တောင်းမြစ်၏အရှေ့ဘက်တွင် မြစ်ခြားလျက် ကျန်ရစ်စေပြီး ရန်သူ ဂျပန်တပ်များနှင့် မြို့တော်ရန်ကုန်ကြားထဲတွင် စစ်တောင်းမြစ်ကို အတား အဆီးအဖြစ် ထားရှိစေမည်လားဟု ဖြစ်သည်။

ထိုအချက်နှစ်ချက်ကို ချင့်ချိန်စဉ်းစားပြီး တပ်မှူးသည် ဒုတိယအချက်ဖြစ်သည့် တံတားကို ဖောက်ခွဲဖျက်ဆီးပစ်ရန် အမိန့် ပေးလိုက်လေတော့သည်။

ထိုအမိန့်အတိုင်းပင် တံတားစောင့်တပ်ဖွဲ့သည် အရှေ့ဘက် ကမ်းမှ အနောက်ဘက်ကမ်းသို့ ဆုတ်ခွာပြီး တံတားကို ဖောက်ခွဲ ဖျက်ဆီးပစ်လိုက်ကြ၏။ ဤနေရာတွင် အလျဉ်းသင့်၍ ဆွေးနွေး ရမည်ဆိုလျှင် တပ်မှူး၏ ဆုံးဖြတ်ချက်ကို ဝေဖန်ရန်ကား အလွန် လွယ်လှပေသည်။ သို့ရာတွင် ဤကဲ့သို့ အကျဉ်းအကြပ်အခြေ အနေမျိုး၌ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်မျိုး ချမှတ်ပေးရခြင်းမှာ အလွန်မလွယ်ကူလှပေ။ ထိုအခြေအနေမျိုးကို ရင်ဆိုင်နေရစဉ် ဖြစ်နိုင်ချေနည်းလမ်းအမျိုးမျိုးကို စဉ်းစားပြီး အချိန်မဆိုင်းဘဲ ရုတ်တရက် ချက်ချင်း အဆုံးအဖြတ်ပေးရန်မှာ တိုက်ပွဲဝင်တပ်မှူးသည်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်သာ ဖြစ်ချေသည်။ အမြန်ဆုံး စဉ်းစားသုံးသပ်ပြီး လို ချက်အရ ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်သော အဆုံးအဖြတ် ရွေးချယ်ပေးရတတ်၏။ ဤကဲ့သို့ အဆုံးအဖြတ်ပေးလိုက်ရခြ မှာ စစ်မြေပြင်တွင် တပ်မှူးတစ်ဦးအတွက် အလွန်ကြီးမားခက် ပေသည်။ ဤသည်ကို ကြုံဖူးသူများမှသာ သိနားလည်ပြီး ချင်းစာနိုင်ကြမည် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဆာဝီလီယံစလင်းက အသက်ပါအတ ဗိုလ်ချုပ်စမိုက်ဘက်မှနေပြီး ဖေးဖေးမမ စဉ်းစားသုံးသပ်ပေး ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးဝေဗယ်လ်ကတော့ ထိုသို့မဟ ပါချေ။ စမိုက်ကို တာဝန်ထမ်းဆောင်မှု ကျေနပ်ဖွယ်ရာမရှိဟု ကာ တာဝန်မှ အမြန်ဆုံးရပ်စဲခဲ့လေသည်။

ဗိုလ်ချုပ်ကြီးနှစ်ဦး စဉ်းစားသုံးသပ်ပုံချင်း မတူသည် တင်ပြခြင်းပါခင်ဗျာ။

**အင်္ဂလိပ်စစ်သမိုင်းဆရာတစ်ဦး၏ဖော်ပြချက်**

**The Longest War in Burma** စစ်သမိုင်းရေးခဲ့သူ ဒုတိယကမ္ဘာစစ်က စစ်သားဖြစ်ခဲ့သော စစ်သားစာရေးဆရာ Lo Allen လူးဝစ်အယ်လင်ကမူ စစ်တောင်းတံတားကြီးအား ဖော ခွဲခဲ့ခြင်းနှင့် ပတ်သက်၍ သူ လေ့လာစုံစမ်းသိရှိသမျှကို အောက် အတိုင်း ရေးသားဖော်ပြခဲ့သည်။

ဤတံတားကြီးကား ဆပ်ပါးမိုင်းနားခေါ် စစ်မြေပြင်အင်ဂျ နီယာတပ်မှ ဗိုလ်မှူးအော်ကီးဖ် ကွပ်ကဲသော စစ်မြေပြင်အင်ဂျ နီယာတပ်ခွဲမှ ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။ တံတားအား ယမ်းမျာ





သည် ဟာဒ်ဆန်နှင့် ကိုယ်တိုင်ဖောက်ခွဲခဲ့သူ ဘာရီးအာမက် နှစ်ဦးလုံးမှာ ဆပ်ပါမိုင်းနား အင်ဂျင်နီယာတပ်မှ အရာရှိ များ ဖြစ်ကြသည်။ တောင်ကြီးရှိ အမှတ်(၁) ဗမာ့တပ်မ ဂျင်နီယာတပ်ခွဲမှ အရေးပေါ် အိန္ဒိယတပ်မသို့ ၁၉၄၂ ခုနှစ် မှ တွဲဖက်စေလွှတ်ခြင်းခံရသူများ ဖြစ်သည်။

ယမ်းကပ်ခဲ့သူ ဗိုလ်ဟာ့ဒ်ဆန်သည် နောက်ချန်တပ် နှင့်အတူ ဖေဖော်ဝါရီ၏ ၂၀ နှင့် ၂၁ ရက်နေ့များ၌ ဘီးလင်း ရိုးတစ်လျှောက်နှင့် ကျိုက်ထိုတစ်ဝိုက်တွင် ဖောက်ခွဲရေး ငန်းများကို ဆောင်ရွက်ခဲ့ရသည်။ ကျိုက်ထိုမှ မုပ္ပလင်ရောက် နောက်တစ်နေ့နံနက်၌ ဂျပန်များ တံတားကြီးအနီး ဝိုင်းအုံ ပြီ။ ထို့ကြောင့် တံတားကြီးကို ဖောက်ခွဲရန်လိုသည်။ ဖောက်ခွဲ သာယူဟု တံတားစောင့်တပ်ဖွဲ့က လှမ်းအကြောင်းကြားသဖြင့် တားကြီးဆီသို့ ၁၅ တန် ကားငယ်တစ်စီးဖြင့် သွားခဲ့၏။ တောင်းတံတား၏အရှေ့ဘက်ထိပ်တွင် ကားတန်းကြီးမှာ အရှည် ဖြစ်သည်။ တံတားအရှေ့မှ အနောက်သို့ ဖြတ်ရန် တန်းစီ င့်နေကြသည်။ တိုက်ပွဲကြားမှ ကားများဖြတ်နေကြသည်။ ရောက်ပြီး အတော်ကြာအောင် စောင့်ရသေးသည်။ ရှေ့မှ ားငယ်တစ်စီး လမ်းချော်ကျ၍ တံတားပေါ်တွင် လမ်းပိတ် ခြင်းကြောင့် ဖြစ်သည်။ တံတားမှ ရထားတံတားသာဖြစ်၍ ကား ရအောင် အရေးပေါ် ပျဉ်ခင်းဆောင်ရွက်ထားရာ လမ်းကလည်း မကောင်းသဖြင့် မကြာခဏ ကားဘီးများ လမ်းမှ ဘေးသို့ ကျသည်ဆို၏။ နှစ်နာရီခန့်စောင့်ပြီးမှ လမ်းပွင့်သွားသည်။ သူက တားကို အရှေ့ထိပ်မှ အနောက်ထိပ်သို့ မောင်းပြီး ဖြတ်က



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တံတားအခြေအနေကြည့်ရန် ကားပေါ်မှ တော်မီကန်ကိုကိုင်၍ ဆင်းပြီး တံတားကို လေ့လာသည်။ ထိုစဉ် တံတားအနောက်ဘက်ရှိ တောအုပ်မှ ဂျပန်များ၏ ရုတ်တရက်ပစ်ခတ်သံများ ကြားရ၍ တံတားအရှေ့ထိပ်ရှိ တောင်ကုန်းငယ်တစ်ခုသို့ အပြေးအလွှားနေရာယူလိုက်၏။ အနောက်ဘက်ထိပ်ကမ်းထိပ်တွင် တံတားပေါ်မှ အလုပ်သမား ရွာသားအချို့ ဂျပန်၏လက်နက်ငယ်ထိမှန်ပြီး ရေထဲသို့ ကျသွားသည်ကို လှမ်းမြင်နေရသည်။ ဂျပန်တို့ တံတားအနောက်ဘက်နားမှာ ဘယ်လောက်များရောက်နေပြီဟု မဆိုနိုင်။ ပစ်သံခတ်သံများအရ အနီးအနားမှာပင် ဂျပန်များ ရှိနေကြပြီ။

တံတားအရှေ့ထိပ်တွင် သူ့တပ်ခွဲမှူး ဗိုလ်မှူးအော်ဂျီလ်ကို လှမ်းမြင်ရသည်။ သွားတွေ့၍ တံတားဖောက်ခွဲရေး ယမ်းကပ်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။ ထိုအချိန်တွင် တံတားအရှေ့ထိပ်သို့ တပ်အသီးသီးမှ တကွဲတပြားဆုတ်လာသူများ စုပြုံတိုးနေသည်။ အနောက်ဘက်ကမ်းသို့ ကူးရန်ဖြစ်၏။ တံတားထိန်းတပ်ဖွဲ့မှ အရာရှိများက အတင်းတားပြီး ကြပ်မတ်ပေးနေရ၏။

အော်ဂျီလ်နှင့် ဟာဒ်ဆန်တို့ တံတားဖောက်ခွဲရေးအတွက် ယမ်းကပ်မည့်အဖွဲ့များ ဖွဲ့စည်းသည်။ ယမ်းကပ်မည့်နေရာများကို ရွေးချယ်ကြသည်။ မကြာမီမှပင် အော်ဂျီလ်၏အမိန့်အရ သူတို့၏ ယမ်းကပ်ခြင်းလုပ်ငန်း စသည်။ တံတား၏ အနောက်ဘက်ထိပ်သို့ တပ်မ စစ်အင်ဂျင်နီယာတပ်မှ သစ်သားပုံးများဖြင့် ယမ်းများ ပို့ပေးထားသည်။ ယမ်းကပ်သည့်အဖွဲ့၌ ဟာဒ်ဆန်နှင့်အတူ ဗိုလ်မက္ကလင်နှင့် ဗိုလ်မီးလ်စ်တို့ ပါဝင်ကြ၏။ တံတား၏အရှေ့ဘက်ဆုံး





ကုန်းသုံးခုကို ချိုးရန်ဖြစ်သည်။ အမြန်ဖောက်ခွဲ၍ရသော လျှပ်စစ်ခက်တံမလုံလောက်၍ ချိုးမည့် ကုန်းကြီးသုံးခုအနက် အလယ်ကုန်းဖြစ်သော ပဌမမြောက်ကုန်းကိုသာ ယမ်းအပြည့်ကပ်နိုင်ပြီး ကျန်ကုန်းများကိုမူ ယက်မကြိုးများ၌သာ ယမ်းကပ်လိုက်နိုင်၏။

တံတားဖောက်ခွဲရေးအတွက် ဗိုလ်ဟာဒ်ဆန်တို့အဖွဲ့ ယမ်းကပ်ပြင်ဆင်နေချိန်တွင် ဂျပန်တပ်များက တံတားအရှေ့ဘက်ထိပ်စခန်းကို လာတိုက်ကြသေးသည်။ သို့ရာတွင် စခန်းကျအောင် မတိုက်နိုင်။ သို့ဖြစ်၍ ယမ်းကပ်နေသူများကို အဝေးမှ ချိန်းပြီး ပစ်ကြပြန်၏။ သို့သော် ထိခိုက်မှုမရှိပါ။ ယမ်းကပ်သူများမှာ သေနတ် သံပုံးသံများကြားမှ တံတားသံဘောင်များ ကုန်းကြီးများပေါ်သို့ မျောက်လွှဲကျော်များပမာ ကုတ်ကပ်တွယ်တက်ရင်း အောက်သို့ သေနတ်မှန်ပြီး လိမ့်ကျမသွားအောင် ဂရုစိုက်နေရ၏။ ကျသွားက မာလကာ ရှာနက်ကြွသွားမည်သာ ဖြစ်၏။ အချို့ကျည်ဆန်များက ရွှီခနဲ ဒေါင်ခနဲဖြင့် သံဘောင်များ လာမှန်သည်။ ငုံ၍ကြည့်မိလျှင်ပင် မူးမိုက်သွားနိုင်၏။ ထိုအတောအတွင်း ဂျပန်တပ်များက တံတားအရှေ့ဘက်ထိပ်အား အမြောက်များ၊ မော်တာပြောင်းများ အတင်းပစ်ခတ်၍ သိမ်းနိုင်ရန် လတ်တလော ကြိုးစားလာပြန်၏။ ခန့်မှန်းချေအင်အား ငါးရာခန့်ရှိမည် ထင်ရသည်။ တံတားထိပ်နှင့် ပတ်ဝန်းကျင်ရှိ အစောင့်တပ်ဖွဲ့က ခပ်ပြင်းအထန် တွန်းလှန်တိုက်၍ ဂျပန်တို့ နောက်ဆုတ်သွား၏။ ဟာဒ်ဆန်က သေနတ်သံများကြားမှာပင် ယမ်းကပ်ခြင်းကို စွန့်စွန့်စားစား လုပ်သည်။ ညနေစောင်းသော် လုပ်ငန်းအတော်ပြီးနေပြီ။ ဟာဒ်ဆန်မှာလည်း စိတ်မောလူမောနှင့် နုံးချည့်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်း သိပ်ပင်ပန်းနေပြီ။ မီးလိမ်ကို ခဏ... သွားနား။ စားစရာရှိတာ စားပြီးမှသာ ပြန်ခဲ့တော့။ ငါ ... ကျန်ခဲ့မယ်" တပ်ခွဲမှူးအော်ကီးလ်က သူ့ကို တံတားမှပြန်လွှတ်...

ညစာစားပြီး အနောက်ကမ်းရှိ တပ်ခွဲရုံးမှ တံတား... ဟာ့ဒ်ဆန် ပြန်ရောက်သည်။ တပ်ခွဲမှူးအော်ကီးလ်က "ယမ်း... တာတွေ အကုန်ပြီးသွားပြီကွ။ ဖောက်ခွဲဖို့တော့ ဘာရှ်းကို တာဝန်ပေးထားတယ်။ မင်းတာဝန် ပြီးပါပြီကွာ။ ပြန်သာအိပ်... တော့" ဟု ဆီးပြောတော့သည်။

ဟာ့ဒ်ဆန် အနောက်ဘက်ကမ်းတပ်ခွဲရုံးသို့ ပြန်လာ... သည်။ ပင်ပန်းလွန်းလှသဖြင့် ချက်ချင်း အိပ်ပျော်သွား၏။ မနက်... လင်းအားကြီး "အုမ်း ဂျိမ်း ဂျိမ်း ဒိန်း ဒိန်း" ဟူသည့်... ကမ္ဘာပျက်သည့်ပမာ ပေါက်ကွဲသံကြီး သိမ့်သိမ့်တုန်အောင် ပေါ်လာ... ဟာ့ဒ်ဆန်အိပ်ရာမှ ဖြုန်းခနဲ လန့်နိုးလာတော့၏။ တံတားကြီး... ချိုးလိုက်ပါပြီ။

"တပ်မမှာ တပ်မ အင်ဂျင်နီယာ တပ်ရင်းရှိတယ်ဗျာ။ အဲ... လူတွေကို တံတားဖောက်ခွဲဖို့ တာဝန်မပေးဘဲ ဘာမဆိုင် ညာမဆိုင်... ကျွန်တော်တို့ တွဲဖက်အဖွဲ့ကို တံတားဖောက်ခွဲဖို့ တာဝန်ပေး... ကိုတော့ စဉ်းစားလို့မရဘူး" ဟု ဟာ့ဒ်ဆန်က သမိုင်းဆ... လူးဝစ်စ်အယ်လင်းအား ပြောခဲ့ဖူးသည်ဆို၏။ စစ်ကြီးပြီးသောအ... ဟာ့ဒ်ဆန်က တပ်မှထွက်ပြီး စီးပွားရေးလုပ်သည်။ ယိုးဒယားနိုင်... ဖင်းမယ်မြို့တွင် အတော်ပင် ကြီးပွားနေသည်ဟု ဆိုလေသည်။

အယ်လင်သည် ထိုစဉ်က အင်ဂျင်နီယာတပ်ခွဲမှူးဖြစ်ခဲ့သူ ဗိုလ်မှူးအော်ကီးလ်နှင့် တွေ့ဆုံမေးမြန်းပြန် သည်။





"ဒီတံတားကြီးကို ဖောက်ခွဲပစ်ဖို့ တပ်မမှူး ဗိုလ်ချုပ် ...က အမှတ် (၄၈) တပ်မဟာမှူး ဗိုလ်မှူးချုပ် ဟယူးဂျုံးစ်ကို ...ခန်းပေးတာပါ။ ဂျုံးစ်က ၂၂ ရက်နေ့ မနက်ကတည်းက ...တော့်ကိုခေါ်ပြီး အခြေအနေ မကောင်းဘူး။ တံတားကြီးကို ...ဖို့နေပြီ။ ဒီနေ့အပြီး ယမ်းကပ်ပေးပါလို့ ပြောတယ်ဗျာ"

"နောက်ပြီးတော့ တံတားကို နေ့ခင်းမှာ ဖောက်ခွဲရင် ...ောင်းမလား။ ဒါမှမဟုတ် မနက်နဲ့ ညမှာ ဖောက်ခွဲရင် ကောင်း ...လား ဘယ်အချိန် ဖောက်ခွဲရင် ကောင်းမလဲ။ ဂျပန်တွေ ပစ်ခတ် ...တုန်းဆိုရင်ရော ဖြစ်ပါ့မလား။ ဖောက်ခွဲမှု အောင်မြင်ပါ့မလားလို့ ...တယ်"

"ကျွန်တော်တို့က ကုန်းအမှတ် (၅) ကိုသာ လျှပ်စစ်စနစ်နဲ့ ...မြန်ဖောက်ခွဲနိုင်ပြီး ကျန်ကုန်းနှစ်ကုန်းကတော့ လူကိုယ်တိုင် ...ကြိုးကို မီးရှို့ပြီးမှ ဖောက်ခွဲရမှာ။ စနက်တန်မီးရှို့တဲ့လူ ဂျပန်က ...မ်းပစ်တာ မှန်သွားရင် ဒီဖောက်ခွဲမှု မအောင်မြင်နိုင်ဘူး။ ဒါ ...ကြောင့် ဂျပန်ပစ်ခတ်မှုအောက်မှာ ဖောက်ခွဲရရင်တော့ အောင်မြင်မှု ကို အာမ မခံနိုင်ဘူးလို့ ဖြေလိုက်တယ်"

"တကယ်တော့ အရှေ့ဘက်ကမ်းမှာ တပ်မဟာတွေက တပ်ရင်းရှစ်ရင်းလား ကျန်နေသေးတယ်။ တပ်မဟာ နှစ်ခုစာပေါ့။ သူတို့တပ်တွေ ဝင်မလာသေးဘဲနဲ့ တံတားကို မဖောက်ခွဲသင့်ဘူး။ ကျွန်တော့်တပ်ဖွဲ့ တချို့တောင် ကျန်နေကြသေးတယ်။ အဲဒါတွေကို မစောင့်တော့ဘဲ ၂၃ ရက်နေ့မနက်မှာ ခွဲလိုက်တာပါပဲ"

"အင်း ... တပ်မမှူးကလည်း သူ့တာဝန် မကျေမှာ စိုးတယ်နဲ့ တူပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် စာရေးသူက တံတားအား ကိုယ်တိုင်ဖောက် ခဲ့သော ဗိုလ်ဘာရီးအာမက်ခန်နှင့် တွေ့ဆုံရာတွင် ...

“တံတားကိုခွဲဖို့ ကျွန်တော့်ကို တပ်မဟာမှူး ညကတည် က **Stand by** လုပ်ပြီး စောင့်ခိုင်းထားတာ။ မနက် လေးနာရီသ သာရောက်တော့ သူကိုယ်တိုင် အနောက်ဘက်ထိပ်ကနေ လှမ်း ဖုန်းနဲ့ တပ်မမှူးကို ဖောက်ခွဲခွင့်အမိန့်ပေးဖို့ အမိန့်တောင်းတယ် ဟိုက ခွင့်ပြုတယ်။ အဲဒီအချိန်မှာ ဂျပန်တွေကလည်း အနော ဘက်ကမ်းကို အတော်များများ ရောက်လာကြပြီး တံတားဘေး ဝိုင်းနေကြပြီ။ အဲဒါနဲ့ ကျွန်တော်လည်း မနက်ငါးနာရီမှ အမိန့် ခြောက်နာရီလောက်မှာ ဖောက်ခွဲပစ်လိုက်တာပါပဲ။ တံတား ဖောက်ခွဲပစ်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန် ခတာတော့ အားလုံးငြိမ်ကျသွားတာပါပဲဗျာ” ဟု ဘာရီးအာမ ခန်က စိတ်မကောင်းစွာဖြင့် ပြော၏။

“မဖောက်ခွဲခင်မှာတော့ တံတားစောင့်အဖွဲ့အားလုံး အနောက်ဘက်ကမ်း ကူးခိုင်းလိုက်ရတယ်။ နောက်ဆုံးအဖွဲ့ကတော့ ဂေါ်ရခါးတပ်က စက်လတ်တပ်ဖွဲ့ပါပဲ”

“နေပါဦးဗျာ။ တပ်မမှူးက သူ့တပ်မက အင်ဂျင်နီယာ တွေကို မခိုင်းဘဲ ဘာဖြစ်လို့ ခင်ဗျားတို့ကို တံတားဖောက်ခွဲ နေတာလဲ”


“ဒါကတော့ တပ်မအင်ဂျင်နီယာတပ်က မော်လမြိုင် ဖောက်ခွဲခဲ့ရတာတွေရော၊ ကူးတို့မှာ စက်လှေတွေ မောင်းကြရ ရော၊ မုတ္တမစစ်တောင်းကြားက ရထားလမ်းတွေ၊ တံတားတွေ ဖျက်လာရတာရောဆိုတော့ သိပ်ပင်ပန်းနေလို့ ထင်ပါတယ်။ သူ






www.burmeseclassic.com

www.burmeseclassic.com




စစ်တောင်းတံတားကို ဖောက်ခွဲခဲ့သူ
ဗြိတိသျှအင်ဂျင်နီယာတပ်မှ ဗိုလ်ဘာရိုးအာမက်ခန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းဂိတ်အား အာဖရိကမှ အိန္ဒိယစစ်မျက်နှာသို့ ခေါ်ယူခဲ့သည့်
ဗိုလ်ချုပ်ကြီးဝေဘယ်လ်



တွေလည်း သေတာပျောက်တာ မနည်းပါဘူး။ တပ်မှူးအာမခံတော့ကို လည်း နေမကောင်းဘူး။ စိတ်ထောင်းကိုယ်ကျေဖြစ်နေတော့ တပ်မှူးက မခိုင်းရက်တော့ဘူး ထင်ပါတယ်ဗျာ''

နိဂုံးချုပ်၌ စာရေးဆရာ လူးဝစ်အယ်လင်က ''တပ်မဟာ နှစ်ခု အနောက်ဘက်ကမ်း ကျန်နေဆဲ စစ်တောင်းတံတားကြီးကို ချိုးဖျက်သည့်ဖြစ်စဉ်ကား မြန်မာပြည်တိုက်ပွဲစဉ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေသော အလှည့်အပြောင်းကြီးပင်တည်း'' ဟုသာ ဆိုပါတော့သည်။

## စာရေးသူ၏သီးခြားတင်ပြချက်

ဤစစ်တောင်းတံတားတိုက်ပွဲကြီးကား ဒုတိယကမ္ဘာစစ် အစကနဦးပိုင်းရှိ အင်္ဂလိပ်တပ်တွေ အမဲဖျက်သလို အဖျက်ခံရ၍ ခံစစ်ဆင်သည့် လူတစ်သောင်းကျော်အနက် သုံးထောင်ကျော်သာ လွတ်မြောက်လာပြီး ဂျပန်တို့ အကြီးအကျယ် အောင်ပွဲခံသွားကြ သည့် တိုက်ပွဲကြီးလည်း ဖြစ်ပါ၏။ မော်လမြိုင်တိုက်ပွဲထက် ပို၍ ကြီးကျယ်ပါပေသည်။

ဤတိုက်ပွဲကြီးနှင့်ပတ်သက်ပြီး ကျွန်တော့်အမြင်အား နိဂုံးချုပ် တင်ပြလိုပါသည်။ ကျွန်တော့်အမြင်ဆိုပါက ဗိုလ်ချုပ်ကြီး စလင်း၏ အယူအဆအတိုင်း စစ်မြေပြင်ကို ကိုယ်တိုင် ကွပ်ကဲ နေသည့် စမိုက်၏ တံတားဖောက်ခွဲဖျက်ဆီးရန် အမိန့်ပေးသည်အား မကန့်ကွက်ပါ။ သို့ရာတွင် ထိုစဉ်က အင်္ဂလိပ်တပ်များ အထူး သဖြင့် စစ်ခေါင်းဆောင်များတွင် အောက်ပါအားနည်းချက်များ ရှိသည်ဟု ထင်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချင်းရှင်းလင်းတင်ပြလိုပါသည်။

၁။ **မြေအခြေအနေကို ကောင်းစွာမသိခြင်း။** ။ တိုက်ပွဲဝင် အင်္ဂလိပ်များမှာ ယာဉ်ဖြင့်သာ ချီတက်သွားလာနေသည့် ယာဉ်တင်တပ်များသာဖြစ်၏။ မည်သည့်နေရာမှ မြေပြင် အခြေအနေကို ကောင်းစွာ မသိကြ။ မုတ္တမနှင့် စစ်တောင်း ကြားတွင် မုတ်သုန်သစ်တောများက ထူထပ်စွာ ပေါက် ရောက်နေသည်။ ထိုတောများအကြောင်းကို သူတို့ မသိ ကြ။ စစ်သုံးမြေပုံကြည့်ရုံမျှနှင့် တကယ့်မြေပြင်ကို မသိ နိုင်ပါ။ မြေပုံ မြေပြင်အများကြီး ကွဲလွဲမှုရှိပါသည်။ ခေါင်း ဆောင်များ အခြေအနေမသိ၍ မော်လမြိုင်ကို လက်လွှတ် ခဲ့ရသည်။ ယခုလည်း ဂျပန်က ဘားအံမှ တောတိုးပြီး လိုက်လာသည်။ သူတို့က တောတွင်းလေ့ကျင့်ခန်းများ အပြင်းအထန်လေ့ကျင့်လာကြသည်။ အင်္ဂလိပ်က တော မြင်ရင် လန့်နေသည်။ ဂျပန်က မော်လမြိုင်မှ ရေကူးပြီး လိုက်လာသည်။ အင်္ဂလိပ်က မော်လမြိုင်မှ မုတ္တမကို ကူးရန်ပင် ဘာမှ ပြင်ဆင်မထား။ ဂျပန်တို့ကမူ ရွာ လှေသဘောငယ်များဖြင့် မုတ္တမမှ စစ်တောင်းအရောက် သွားကြသည်။ အင်္ဂလိပ်စစ်ခေါင်းဆောင်များက မြေပြင် အခြေအနေ ကောင်းစွာမသိ၍ ဒုတိယခံစစ်နေရာအား မြေပုံကြည့်ရွေးသည်။ ဘီးလင်းမြစ်မှာ ခုခံကြသည်။ ဂျပန် က ဘီးလင်းမြောက်ဘက်ကပ်ပြီး မြစ်ကို ဖြတ်ကူးသွား ကြသည်။ စစ်တောင်းမြစ်ကမ်းခြေကို အင်္ဂလိပ်တွေ ထင်





ထားတာထက် စောရောက်သွားကြသည်။ မြေအခြေအနေ မသိ၍ အမှန်မသုံးသပ်နိုင်ဘဲ နေရာရွေးမှားသည် ထင်ပါ သည်။

၂။ **ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်း။** ။ တိုက်ပွဲကာလ၌ ကြည်းတပ်နှင့် လေတပ်ပေါင်းစပ်ညှိနှိုင်းမှု အားနည်း သည်ကို တွေ့ရပါသည်။ ဖေဖော်ဝါရီ ၂၀ ရက်နေ့က ကျိုက် ထို ပတ်ဝန်းကျင်တွင် နောက်ရုံထားသော အင်္ဂလိပ်တပ် အား အင်္ဂလိပ်လေယာဉ်ပျံများက နာရီပေါင်းများစွာ အဆက်မပြတ် ဗုံးကြဲ၍ စက်သေနတ်ဖြင့် ပစ်သည်။ မိမိ အချင်းချင်း မှားယွင်းပစ်ခတ်မှုကြောင့် အတော်လေး သေကြေကြရသည်။ ထိုအထဲတွင် စစ်မြေပြင်အင်ဂျင်နီယာ တပ်သားအချို့ ကျဆုံးသွား၍ တံတားကြီးအား ယမ်းများ ကပ်ရာတွင် လူအင်အားနည်းပြီး အချိန်ကြန့်ကြာခဲ့ရသည်။ တကယ့်ကြက်ရေးငှက်ရေးမှ ကိုယ့်လူချင်း မှားပစ်ရ သေးသည်။ ဒါသာမက တပ်မ (၁၇) ကွပ်ကဲမှုအောက်၌ တပ်မဟာ (၂)၊ တပ်မဟာ (၁၆)၊ တပ်မဟာ (၄၆)၊ တပ်မဟာ (၄၈) စသည့် တပ်မဟာလေးခုရှိသည်။ သို့ရာ တွင် တပ်မဟာ (၂) နှင့် (၁၆) မှာ ကော့ကရိတ်တိုက်ပွဲနှင့် မော်လမြိုင်တိုက်ပွဲတွင် တပ်ပျက်ခဲ့ပြီးဖြစ်၍ စိတ်ဓာတ် ကျနေကြသည်။ မြေပြင်တပ်ချင်း ပေါင်းစပ်ညှိနှိုင်းမှုအား လည်း နည်းသည်။ တပ်မမှူးစမိုက်ကိုယ်တိုင် ကောင်းစွာ နေမကောင်း၍ ပေါင်းစပ်ညှိနှိုင်းသော စစ်ဆင်ရေးအစည်း အဝေးနှင့် **Briefing** စနစ်အား မှန်မှန် မလုပ်နိုင်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ သူတစ်မျိုး ငါတစ်ဖုံ အမျိုးမျိုးလုပ်နေကြသ Bricfing မှန်မှန်မလုပ်ပါက ညှိနှိုင်း၍ ရစရာအကြော မရှိပါ။ တိုက်ပွဲအရေးနိမ့်မည်သာ ဖြစ်ပါသည်။

၃။ **ရန်သူကို အထင်သေးခြင်း။** ။ အင်္ဂလိပ် ခေါင်းဆောင်များသည် မီဂျီခေတ်က သူတို့တပည့်ဖြ ဖူးသည့် ရန်သူဂျပန်တို့အား အတော်အထင်သေးကြ အထူးသဖြင့် ခေါင်းဆောင်ပိုင်းက ဖြစ်သည်။

''ဒီကောင်တွေ ခပ်ညံ့ညံ့ အာရှတိုက်သားတွေပါ။ တစ်သ လုံး တို့အောက်က ကောင်တွေပါ။ ဘာမှ အထင်ကြီးစ မရှိပါဘူး'' ဟုလည်းကောင်း၊ ''ဂျပန်စစ်အင်အား အထင်ကြီးစရာမရှိဘူး။ လူရော လက်နက်ပါ ခပ်ညံ့ည တွေပဲ'' ဟု ဗိုလ်ချုပ်ကြီးဝေဗလ်လ်က စစ်ပွဲအစပိုင်း ပြောဖူး၏။ ဝေဗယ်လ်၏ လေကိုလိုက်ပြီး အားလုံး ဂျပန်ကို အထင်သေး၏။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ စင်္ကာပူကျသွားမှ အင်္ဂလိပ်တို့ အလန့်တကြား ဖြစ်တော့ သည်။ စင်္ကာပူတွင် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ပါစီဗယ်က စစ်သား ၁၃၀၀၀၀ တစ်သိန်းသုံးသောင်းခန့် ဂျပန် ဗိုလ်ချုပ်ကြီး ယာမာရှိတာထံ လက်နက်ချလိုက်ရသည်။ စင်္ကာပူကျပြီး ဘာမှမကြာပါ။ စစ်တောင်းတံတားကလည်း ဂျပန်၏လက်တွင်း သက်ဆင်းရ၏။ ဂျပန်စစ်သားတို့၏ အားထုတ်မှု၊ တိုက်ပွဲတွင် အမိန့်နာခံမှု၊ အပင်ပန်းခံနိုင်မှု တောကျွမ်းမှု၊ ခေတ်မီယန္တရားများ သုံးစွဲတတ်မှုကို အထင်သေးကြ၏။ တကယ်တော့ စစ်မြေပြင်မှာ ''လု





တစ်ယောက် ကျည်တစ်တောင့် ကျန်တဲ့အထိ တိုက်သွားတာ ဂျပန်စစ်သားပဲ'' ဟု ဗီလီယံစလင်းတစ်ဦးကသာ ရှားရှားပါးပါး ဂျပန်တို့၏ အားသာမှုကို အမှန်အတိုင်း အသိအမှတ်ပြုခဲ့၏။ ကျန်တပ်မှူးကြီးများက ဂျပန်ကို အထင်သေး လျှော့တွက်၍ ဘာမှကြိုတင်ပြင်တင်မထားသဖြင့် ပွဲဦးထွက် တိုက်ပွဲတိုင်းလိုလို အင်္ဂလိပ်တို့ အရေးနိမ့်ရလေတော့သည်။

**စီမံချက်များကောင်းစွာ မရှိခြင်း။** ။ ဤအချက်မှာ ယခုစစ်တောင်းတံတားတိုက်ပွဲတွင် အရေးအကြီးဆုံးဟု ကျွန်တော် တင်ပြချင်ပါသည်။ အင်္ဂလိပ်တပ်မှူးများ ဤတိုက်ပွဲကြီး၌ လုပ်ငန်းအားလုံးကို လက်တန်းဆုံးဖြတ်၍ လုပ်သွားကြသည် ထင်ပါသည်။ ဘာစီမံချက်မှ ကောင်းစွာလုပ်ထားပုံ မရပါ။

အောက်ပါစီမံချက်များ လုပ်ထားရန် လိုမည်ထင်ပါ၏။

(က) **စစ်တောင်းတံတားလုံခြုံရေးစီမံချက်။** ။ တံတားကြီးအား ရှေးဦးစွာကပင် တပ်လုံလုံလောက်လောက် ချထား၍ တပ်မှူးကြီးတစ်ဦးအား တာဝန်ပေးထားရပါမည်။ တံတားနား ရန်သူ မကပ်နိုင်အောင် မိုင်းအတားအဆီးများ၊ ကာကင်းမျှော်စင်များ၊ တိုက်ကင်းလှည့်ကင်းများ မပြတ် လုပ်နေရပါမည်။ တံတားကို ယာဉ်များမလွဲမသွေ ဖြတ်ရတော့မည်ဖြစ်၍ ရက်အတော်ကြာကပင် ကြိုတင်ပြီး ယာဉ်များ သွားလာနိုင်အောင် ပြင်ဆင်ထားသင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရေးပေါ်လာမှ ထပြီးလုပ်ရာ အချဲ
အချော်ချော် ဖြစ်ကုန်တော့၏။ ကြိုပြီး ယာဉ်
၍ရက ဆုတ်သင့်သော ယာဉ်များ ဆုတ်
အနောက်ဘက်ကမ်း ကူးထား၍ ရနိုင်၏။
တွေ ဝိုင်းလာမှ ကားများ ကူးသောအခါ အ
မကူးနိုင်ဘဲ အရှေ့ဘက်ကမ်းတွင် ကားများ မြော
မြားစွာ ချန်ထားခဲ့ရပြီး ဆုံးရှုံးရတော့၏။ တံ
ကြီးကို ဖောက်ခွဲမည်ဆိုကလည်း ယမ်းများ
ရေးမဆွကပင် ကြိုတင်ကပ်ပြီး ဖြစ်သင့်ပါသည်

(ခ) **ခွာစစ်စီမံချက်။** ။ ခွာစစ်စီမံချက်ကိုလည်း
ခွာစစ်အစီအစဉ်အတိုင်း အဆင့်ဆင့် စနစ်တ
ဆုတ်ခွာနိုင်မှုမရှိထင်ပါ၏။ ထို့ကြောင့်သာ စခွာသ
နေ့ ဖေဖော်ဝါရီ ၂၀ ရက်က ကျိုက်ထိုမြို့တွင်
တပ်မဟာနချုပ်ကို ဂျပန်က ဝင်တိုက်နိုင်ခြင်း ဖြ
ပါ၏။ တပ်မဟာနချုပ် အတိုက်မခံရအောင် မိုင်
အတားအဆီးများ၊ ဟန့်စစ်ဆင်မည့်တပ်ဖွဲ့များ
ချထားရပါမည်။ စပ်ကြားမြေ စိုးမိုးထားရပါမည်
ဒါလည်း ကောင်းစွာလုပ်နိုင်ခဲ့ပုံ မရပါ။ အင်္ဂလိ
ဖျက်ခဲ့သည့်ရထားလမ်းကို ဂျပန်က ချက်ချင်းပြင်
၍ အသုံးပြုကာ နောက်က လိုက်လာသည်ဟု သိရ
အချို့က ပြောကြပါသည်။ အကယ်၍ တံတားကြီး
မသုံးနိုင်က ဘာလုပ်မလဲ။ အခြားနည်းဖြင့် တပ်
များ မြစ်ကူးနိုင်ရန် အစီအမံလည်း လုပ်ထား





မရပါ။ စစ်တပ်ကူးတို့ကြီး နှစ်စီး၊ သမ္ဗန် အစီး ၃၀၀ ခန့် ရှိသည်ကိုပင် စမိုက်က ဖျက်ဆီးပစ်ရန် အမိန့်ပေးခဲ့သေးသည်ဟု ဆိုပါသည်။ အစောပိုင်းကပင် ထိုရေယာဉ်များနှင့် တပ်များကို ဖြတ်ခွင့်ပြုပါက ဒါလောက် အထိနာစရာမရှိပါ။ စီမံမှု ညံ့ဖျင်းလှပါသည်။

(ဂ) **အုပ်ချုပ်မှုနှင့်ဆက်သွယ်ရေးစီမံချက်။** ။ **Logistics** ခေါ် အုပ်ချုပ်ထောက်ပံ့မှုနှင့် ဆက်သွယ်ရေးစနစ် အလွန်ညံ့ဖျင်းလှပါသည်။ ထို့ကြောင့် သတင်းပေါက်ကြားကာ ဂျပန်တို့ တံတားကို ဝိုင်းအုံလာကြသည်ဟု အချို့သမိုင်းဆရာများ၏ စာအုပ်များက ဆိုပါ၏။ စစ်ဆင်ရေးနှင့် ပတ်သက်သည့် ကြေးနန်းများအား ဝှက်စာမသွင်းဘဲ ပို့ကြသည်ဟုလည်း ဆို၏။ ဆက်သွယ်ရေး ညံ့ဖျင်းပြီး အုပ်ချုပ်မှုကပါ ညံ့ဖျင်း၍ ဘယ်သူက ဘယ်ရောက်နေမှန်း မသိ။ လေတပ်က ကြည်းတပ် များပစ်လိုပစ်၊ မိမိအမြောက်များက မိမိတပ်များကို ပြန်ပစ်လိုပစ်ဖြင့် အားလုံး ကသောင်းကနင်းဖြစ်နေသည်ကို တွေ့ရပါ၏။ ဒါသည်လည်း အုပ်ချုပ်မှုစီမံချက်၊ ဆက်သွယ်ရေးစီမံချက်၊ လုံခြုံရေးစီမံချက်၊ အတားအဆီးချထားမှု စီမံချက် စသည့်စနစ်ကောင်းများ စီမံချက်ကောင်းများ မရှိခဲ့ကြောင်း၊ မသုံးနိုင်ခဲ့ကြောင်း ထင်ရှားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နိဂုံးချုပ်တင်ပြချက်

ဤတိုက်ပွဲကြီးကို ကျွန်တော် စစ်ကျောင်းနည်းပြ ဆရာလေးဘဝကပင် လေ့လာခဲ့ဖူးပါသည်။ ဤတိုက်ပွဲကြီး၌ ခွက်ထိုးခွက်လန် ရှုံးသွားသဖြင့် ဗိုလ်ချုပ်ကြီးဝေဗယ်လ်က တပ်မ မှူး စမိုက်အား ရာထူးမှ ချက်ချင်းဖယ်ရှားပစ်ရုံမက စစ်ခုံရုံးဖြင့် အပြီးအပိုင် တပ်မတော်မှ ထုတ်ပယ်ပစ်လိုက်လေတော့သည်။ စမိုက်ခမျာ လုပ်လည်း လုပ်ရသေး တာဝန်မှလည်း အဖယ်ရှားခံရ သေးသည်ဟု စဉ်းစား၍ ကျွန်တော် ကရုဏာသက်မိပါသည်။

ထို့ကြောင့် ထိုကိစ္စအား ကျွန်တော် လေးစားသည့် ကျွန်တော့်အထက်တပ်မှူးကြီးတစ်ဦးနှင့် ဆွေးနွေးတင်ပြကြည့်ရာ ''ဟေ့ကောင်ရေ ... ဘယ်တပ်မတော်မှာဖြစ်ဖြစ် နိုင်ရင်တော့ စစ်သူကြီး၊ ရှုံးရင်တော့ ဖွတ်ကျားလေကွာ။ ဒါကြောင့် ရှုံးသွားတဲ့ စမိုက်ကို ဖယ်လိုက်တာ မဆန်းပါဘူးကွာ'' ဟု ဆိုလေတော့သည်။

ဩော် ... နိုင်ရင်တော့ စစ်သူကြီး၊ ရှုံးရင်တော့ ဖွတ် ကျားပါတကား။

မှီငြမ်းကိုးကားသောစာအုပ်များ

၁။ **The longest War in Burma, Louis Allen**

၂။ **Defeat into victory, William Slim**

၃။ စစ်တောင်းမြစ်ဝှမ်းမှ နောက်ဆုံးတိုက်ပွဲ၊ ဦးတင်မောင် ရင် (မဟာဝိဇ္ဇာ)

၄။ မြန်မာ့နိုင်ငံရေးသမိုင်း၊ ဦးလေးမောင်



## ခြသေ့်များ၏ပထမအကြိမ် ခရီးရှည်ကြီးအကြောင်း

**မအကြိမ်ဝင်းဂိတ်၏ ခရီးရှည်ထိုးဖောက်ချီတက်မှု**

၁၉၄၂ ခုနှစ် မြန်မာပြည်မှ မဟာမိတ်တပ်များ ဆုတ်ခွာ ပြီးနောက်ပိုင်းတွင် ဗြိတိသျှတပ်မတော်မှ ဗိုလ်မှူးကြီးဝင်းဂိတ်သည် န်သူ့စစ်ကြောင်းနောက်ပိုင်းသို့ ခရီးဝေးထိုးဖောက် စစ်ဆင် ရန်အတွက် တပ်မဟာတစ်တပ်ကို လေ့ကျင့်ပေးရန် အထက် နမျ်ားသို့ အကြံပြုတင်ပြခဲ့လေသည်။ ဝင်းဂိတ်၏တင်ပြချက်ကို ဝေဗယ်လ်နှင့် ချာချီတို့က လက်ခံသည်။ ခွင့်ပြုနိုင်သည်များကို ခွင့်ပြုခဲ့သည်။ ထိုတပ်မဟာကို သီးခြားဖွဲ့စည်းပုံ တစ်ခုဖြင့် ဖွဲ့စည်း ပြက် သာမန်ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးမပြုဘဲ လေကြောင်းမှ ရိက္ခာချပေးခြင်းဖြင့် ထောက်ပံ့ရမည်ဖြစ်သည်။

ဤအဆိုပြုချက်ကို အတည်ပြုလိုက်သဖြင့် အမှတ် (၇၇) အိန္ဒိယခြေလျင်တပ်မဟာသည် ဝင်းဂိတ်၏ ကွပ်ကဲမှုအောက်သို့ ရောက်ရှိလာသည်။ ထိုတပ်မဟာတွင် ဒုဗိုလ်မှူးကြီး ကွတ်ကို ကွပ်ကဲသော ဘုရင့်ကြည်းတပ်မှ အမှတ် (၁၃) လီဗာပူတပ်ရင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဒုဗိုလ်မှူးကြီး အလက်ဇန္ဒား ကွပ်ကဲသော အမှတ် (၃/၂) ဂေါ်ရခါးသေနတ်ကိုင် တပ်ရင်း၊ အမှတ် (၁၄၂) ကွန်မန်ဒိုတပ်ခွဲ ဒုဗိုလ်မှူးကြီးဝိုးလား ကွပ်ကဲသော အမှတ် (၂) မြန်မာ့သေနတ် တပ်ရင်း (ဘားမားရိုင်ဖယ်တပ်ရင်း) တို့ ပါဝင်ကြသည်။ မည် ပင်ဆိုစေ ဤတပ်များသည် သင့်လျော်၍ ရွေးချယ်ခြင်းခံရ တပ်များမဟုတ်ဘဲ ထိုစဉ်က အသင့်ရှိနေ၍ လက်လှမ်းမီ စုပေါင်းထည့်လိုက်သော တပ်များ ဖြစ်ကြလေသည်။ ၁၉၄၂ ခု ဇူလိုင်လတွင် အာသံပြည်နယ်၌ တောတွင်းစစ်ဆင်ရေး လေ့ကျင့် များ စတင်ပြုလုပ်ကြလေသည်။

မြန်မာပြည်အား ပြန်လည်သိမ်းပိုက်ရေးစစ်ပွဲတွင် ဦး ခြင်္သေ့ခေါ် ချင်းဒစ် **Chindit** တပ်၏ မူလတာဝန်သည် အထ မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့အား မဟာမိတ်တပ်ကြီးမျ က အကြီးအကျယ် ထိုးစစ်ဆင် တိုက်ခိုက်နေသည့် တစ်ချိန်တည် ၎င်းက မြန်မာပြည်အလယ်ပိုင်းသို့ ထိုးဖောက်တိုက်နေ ဖြစ်လေသည်။ သို့သော် အင်အားစုဆောင်းရာ၌ ကန့်သတ်ချ ရှိခဲ့သောကြောင့် အထက်မြန်မာပြည်သို့ ချီတက်တိုက်ခိုက်ရေး ကန့်သတ်ချီတက်ခဲ့ရလေသည်။ ဝင်းဂိတ်၏ တပ်မဟာသည် မြစ်ကြီးနားသို့ ဖြစ်နိုင်လျှင် ဗန်းမော်နှင့် လားရှိုး မြို့များတို ပေါက်ရောက်သော ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ရမည်ဖြစ်၏။ ၁၉၄၃ ခုနှစ် စောစောပိုင်းတွင် ဤ တပ်မဟာကို အင်ဖာသို့ ရွှေ့ပြောင်းထားခဲ့သည်။ ၁၉၄၃ ခုနှ ဖေဖော်ဝါရီလတွင် ယူနန်ပြည်ရှိ တရုတ်တပ်များက မြန်မာပြည် ဘက်သို့ ချီတက်ရန် လုံးဝမရည်ရွယ်ကြောင်း၊ ဗိုလ်ချုပ်ကြီး စ





က ဝေဗယ်လ်သို့ အကြောင်းကြားခဲ့သည်။ သို့ဖြင့် အမှတ် (၇၇) အိန္ဒိယခြေလျင်တပ်မဟာ၏ စစ်ဆင်ရေးများတွင် အကူအညီ မဲ့လျက် စစ်ပရိယာယ်မြောက် ရည်ရွယ်ချက်လည်း ပျောက် ယ်သွားရတော့သည်။ သို့လင့်ကစား နောက်ဆုံး၌ ဤစစ်ကြောင်း အား အတွေ့အကြုံ လက်တွေ့ရရှိသွားစေရန် ရည်ရွယ်ချက် ဆင်ရေးကို ဆက်လက်ဆောင်ရွက်သွားရန် ချာချီနှင့် ဝေဗယ်လ် ဆုံးဖြတ်ခဲ့လေသည်။

၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ ခြင်္သေ့တပ်မဟာကို ကြောင်း ၇ ကြောင်းဖွဲ့စည်းလျက် နောက်တစ်နေ့မှ စတင် ချီတက်ခဲ့လေသည်။ စစ်ကြောင်းတိုင်းသည် ကိုယ်ပိုင် ဝန်တင် ရှာန်များနှင့် လိုအပ်သည်ကို ပြည့်စုံအောင် တင်ဆောင်ကြပြီး သေနတ်ကြီးများ၊ စိန်ပြောင်းများကို သယ်ဆောင်ခဲ့ကြသည်။ တို့တွင် အကူအမြောက်ဟူ၍ လုံးဝမရှိချေ။ လေကြောင်းမှ ပေးသော ရိက္ခာကိုသာ အားကိုးကြရမည် ဖြစ်သည့်အပြင် ရောက် အရပ်ဒေသတို့၌ ရိက္ခာများ ဝယ်ယူနိုင်ခွင့်ကိုလည်း ခွင့်ပြုထား သည်။

အမှတ် (၇၇) အိန္ဒိယခြေလျင်တပ်မဟာအား ပေးအပ် ကသော ညွှန်ကြားချက်အရဆိုလျှင် ၎င်းသည် အမှတ် (၄) ပ်မကြီး ထိန်းသိမ်းထားသော စစ်မျက်နှာကို ဖြတ်သန်း၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်ပြီးလျှင် မန္တလေးမှ မြစ်ကြီးနားအကြား ဆောင်နှင့်မြောက် သွယ်တန်းထားသော မီးရထားလမ်းကို ဖြတ် တောက်ရန်၊ ရွှေဘိုလွင်ပြင်ဒေသရှိ ရန်သူများကို နှောင့်ယှက် တိုက်ခိုက်ရန်၊ ထို့နောက် အခွင့်သာခဲ့လျှင် ဧရာဝတီမြစ်ကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးကာ ပြင်ဦးလွင်၊ လားရှိုးရထားလမ်းကို ဖြတ်တောက်
တာဝန်ရှိပေသည်။

ပင်မစစ်ကြောင်း၏ ရောင်ပြလုပ်ညှိစားမှုအောင်မြင် တပ်မဟာသည် ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ အခုအခံ မကြုံတွေ့ရဘဲ ချင်းတွင်းမြစ်ကို ဖြတ်ကူးနိုင်ခဲ့သည် သို့ရာတွင် ကံမကောင်း အကြောင်းမလှပုံမှာ ဂျပန်စစ်မြေပြင် စခန်းတစ်ခုပေါ်သို့ လေယာဉ်မှ ချောစာအိတ်တစ်လုံး မှား ချမိသဖြင့် ဤစစ်ကြောင်း၏ လျှို့ဝှက်လုံခြုံမှုသည် ပျက်ပြား သည့်အခြေသို့ ဆိုက်ခဲ့ရလေသည်။ ထိုအချိန်မှစ၍ ဂျပန်တို့သ ၎င်းတို့၏တပ်များကို မဖြန့်တော့ပေ။ သို့မဟုတ် လိုအပ်သည်ထ ပို၍ အပြောင်းအလဲ မလုပ်တော့ချေ။ ဂျပန်တို့သည် ဤ ကြောင်းကို လမ်းလွှဲ စစ်ပွဲဆင်နွှဲသော နိုင်ငံခြားချီ စစ်ကြော ဖြစ်သည်ဟု အမှန်အကန် သိနားလည်ထားသောကြောင့် ဖြစ် သည်။

ပင်မစစ်ကြောင်းသည် အခုအခံမတွေ့ရဘဲ မီးရထားလ သို့ ရောက်ရှိသွားပြီးလျှင် ဖောက်ခွဲဖျက်ဆီးမှုကို တသီတတန်း ပြုလုပ်ခဲ့ကြ၏။ တံတား ၄ ခုကို ဖျက်ဆီးလိုက်ပြီး တောင်ကြ လျှိုမြောင်တစ်ခုကို မိုင်းခွဲကာ တန်ပေါင်း ထောင်ပေါင်းများစွာ ကျောက်တုံးများကို ရထားလမ်းပေါ်သို့ ပြိုချလိုက်သည်။ ထို့ အခြားနေရာပေါင်း ၇၀ တို့၌လည်း သံလမ်းများကို ဖြတ်တော ဖျက်ဆီးခဲ့လေသည်။

ဗိုလ်မှူးကြီးဝင်းဂိတ်အား မီးရထားလမ်းများကို ဖြတ်တော ဖျက်ဆီးပြီးလျှင် အာသံပြည်နယ်သို့ ပြန်လာရန် သို့မဟု





ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး အရှေ့ဘက်သို့ တိုးတက်ချီတက် တိုက်ခိုက်ရန် မိမိဘာသာ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် ပေးထား ခဲ့သည်။ ဤစစ်ကြောင်း၏ အဓိကရည်မှန်းချက်တစ်ခုမှာ လက်တွေ့ အတွေ့အကြုံ ဗဟုသုတရစေရန်ဖြစ်ခြင်းကြောင့် ဝင်းဂိတ်သည် နောက်ဆုံး၌ ဧရာဝတီမြစ်ကို ဖြတ်ကူးရန် ဆုံးဖြတ်ခဲ့လေသည်။ သို့ဖြင့် တပ်များအား လေ့ကျင့်ပေးခဲ့စဉ်က သင်ကြားခဲ့သော မြစ် ဖြတ်ကူးနည်းများနှင့် စစ်လက်နက်ပစ္စည်း သယ်ဆောင်မှုကို အောင် မြင်မှု ရှိ,မရှိ လက်တွေ့စူးစမ်းလိုသော သဘောလည်း များစွာ ပါဝင်ခဲ့လေသည်။ စစ်ကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အမျိုးမျိုးခွဲဖြန့်၍ ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ရာ မတ်လ ၉ ရက်နှင့် ၁၈ ရက်အကြားမှာပင် ချင်းဒစ်စစ်ကြောင်းတစ်ကြောင်းလုံး ဧရာဝတီမြစ်အား အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့လေသည်။

ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီးသည့်နောက်ပိုင်းတွင် ဤတပ်မဟာသည် အခက်အခဲများနှင့် ကြုံတွေ့ရတော့သည်။ ရာသီဥတုမှာ နွေကာလဖြစ်၍ ပူပြင်းခြောက်သွေ့သည့်အပြင် ရေ ကလည်း အလွယ်တကူ ရှာဖွေမရနိုင်။ တပ်သားများနှင့် တိရစ္ဆာန် များ၏ ကျန်းမာရေးလည်း ချို့တဲ့လာကြသည်။ ထိုနယ်မြေအတွင်း၌ ဂျပန်များမှာ မျှော်လင့်ထားသည်ထက် ပိုမိုများပြားနေပြီးလျှင် မော် တော်ယာဉ်သွားနိုင်သော လမ်းအမြောက်အများ ရှိနေသော ကြောင့်လည်း ရန်သူတို့တွင် ရွှေ့ပြောင်းသွားလာနိုင်ရန် လွယ်ကူ နေလေသည်။ သို့ဖြင့် လေယာဉ်မှ ရိက္ခာချပေးရန်ပင် ခက်ခဲ လာပေ၏။ ဤသို့သောအကြောင်းအမျိုးမျိုးကြောင့် နောက်ဆုံး၌ မန္တလေး–လားရှိုး ရထားလမ်းအား တိုက်ခိုက်ဖျက်ဆီးရန် အကြံကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ကာ ရောဝတီမြစ်ကို ပြန်လည်ဖြတ်ကူး၍ အိန္ဒိ... ပြန်ရန် ဆုံးဖြတ်ခဲ့ရလေသည်။

ကသာ၏တောင်ဘက်ရှိ အင်းရွာမှနေ၍ ရောဝတီမြ... ဖြတ်ကူးမည့် ကြိုးပမ်းမှုကို ဂျပန်တို့ သိရှိသွားသဖြင့် ထိုအ... ဖျက်လိုက်ရ၏။ ထို့ကြောင့် တပ်များကို အစိတ်စိတ်အမြွှာမြွှာ... တပ်ဖျောက်ပြီးလျှင် တပ်ဖွဲ့ငယ်လေးများအဖြစ် ကျယ်ပြန့်သော... ကြောင်းတစ်လျှောက် တပ်ဖြန့်ဖြတ်ကူးပြီး အိန္ဒိယသို့ ကိုယ့်... ကိုယ့်ဟန်ဖြင့် ဆုတ်ခွာရန် အမိန့်ပေးလိုက်ရလေသည်။ ဤ... ကစားမှုကို လေ့ကျင့်ရေးပြုလုပ်စဉ်က လက်တွေ့ လုပ်ဆော... ပြီးဖြစ်၏။ ယခုလက်တွေ့ဆောင်ရွက်ရာ၌လည်း ဤနည်းဖြင့်... အောင်မြင်မှုရရှိခဲ့လေသည်။ ၁၉၄၃ ခုနှစ် ဇွန်လ ပထမပတ်... ဂျပန်များ သိမ်းပိုက်ထားသည့် နယ်မြေအတွင်း ၄ လကြာမျှ နေ... ခဲ့သော ဤတပ်မဟာသည် မိမိနေရပ်သို့ ပြန်လည်ဆိုက်ရောက်... ခဲ့လေသည်။

ဤသည်မှာ ဝင်းဂိတ်၏ ပထမအကြိမ် မြန်မာနိုင်ငံအတွင်း... သို့ ခရီးဝေး ထိုးဖောက်ချီတက်ခဲ့ခြင်း ဖြစ်၏။ ဤခရီးစဉ်နှင့် ပတ်... သက်၍ **The longest war in Myanmar** စာအုပ်ကို ရေးခဲ့... **Louis Allen** ကလည်း အောက်ပါအတိုင်း အသေးစိတ်ဖော်ပြ... ပါသည်။

စာရေးသူများလေ့လာနိုင်ရန် အောက်တွင် ဖြည့်စွက်... ဖော်ပြလိုက်ပါသည်။



**...းစိတ်မှတ်တမ်း**

ဝင်းဂိတ်သည် ပထမအကြိမ် ခရီးရှည် ထိုးဖောက်ချီတက် ...တွက် တပ်များ စုဖွဲ့ခဲ့သည်။ သူ၏တပ်များကို **Chindit** ဟု ...ည်ပေးခဲ့သည်။ **Chindit** မှာ မြန်မာအမည် ခြင်္သေ့ကို ခေါ် ...ဖြစ်၏။ မြန်မာတို့က ခြင်္သေ့သည် ရဲစွမ်းသတ္တိကို ကိုယ်စား ...ည်ဟု ယုံကြည်ကြသည်။ ခြင်္သေ့သည် တောဘုရင်ဖြစ်သည်။ ...သုံးထောင်ကို အုပ်ချုပ်သည့်မင်း ဖြစ်သည်။ ထိုခြင်္သေ့ကိုယူ၍ ...ာအသံထွက်က အင်္ဂလိပ်လို ပြန်ဆိုသည့်အခါ **Chindit** ...လာသည်။ ဗိုလ်ချုပ်ကြီးဝေဗယ်လ်က ဝင်းဂိတ်နှင့် သူ၏ **...ndit Expedition** ကို လက်ခံခဲ့လေသည်။ ဝေဗယ်လ်သည် ...ဂိတ်ကို ယုံကြည်မှုရှိသည့်အတွက်သာ ပထမအကြိမ် ထိုး ...က်စစ်ဆင်မှုအတွက် တပ်မဟာတစ်ခု ရရှိခြင်းဖြစ်ပေသည်။ ...င်လျှင် ပြဿနာပေါင်းများစွာဖြင့် ကြုံရသည်။ ဝင်းဂိတ် ရရှိသော ...လျင်တပ်ရင်း တစ်ရင်းမှာ အမှတ် (၁၃) ဘုရင့်လီဗာပူတပ်ရင်း ...သည်။ ယခင်က အင်္ဂလန်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်း ...ောင်နေရာမှ အိန္ဒိယသို့ မြို့စောင့်စခန်းထိုင် တာဝန်အတွက် ...က ရောက်လာသောတပ်ဖြစ်သည်။ လီဗာပူး ဂလာစကိုနှင့် ...ချက်စတာ မြို့ပေါ်များပေါ်မှ ဝင်လာသူများ ဖြစ်ကြသည်။ ...များအားဖြင့် အိမ်ထောင်သည်များဖြစ်ကာ ပျမ်းမျှ အသက် ၃၀ ...ကျော်များဖြစ်သည်။ သင်တန်းကာလတွင်း၌ ယင်းတပ်ရင်းမှ ...တပ်ရင်းမှူးအပါအဝင် အင်အား ၂၀၅ ယောက်မှာ အပယ်ခံ ...စာရင်းတွင် ပါသွားလေသည်။ ဆေးခန်းလိုက်သည့်ဦးရေမှာ ၇၀ ...ဆိုင်နှုန်းအထိ တက်လာသောအခါ ဝင်းဂိတ်က ဆေးမှူးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းထားပြီး အကြောင်းမနိုင်လုံဘဲ ဆေးခန်းလိုက်သူများ၏ အရေးယူအပြစ်ပေးစေသည်။

အမှန်တကယ် စစ်ဆင်ရေးတွင် သာမန်ထိခိုက်ဒဏ်ရာရ မှုကို သက်ဆိုင်ရာ တပ်စုမှူးကပင် ကြည့်ရှု ကုသပေးရမည်ဖြစ် သည့်အတိုင်း သင်တန်းတွင်လည်း ဤအတိုင်း ကျင့်သုံးစေသည်။ ဝမ်းကိုက်ရောဂါအမှန် ဖြစ်မဖြစ်သိနိုင်ရန် အရာရှိများကိုယ်တိုင် မိမိရဲဘော်များ၏ အိမ်သာများကို စစ်ဆေးစေသည်။ ဤသို့ ထွေ ကျင့်ကြပ်မတ်ပေးမှုကြောင့် သင်တန်းဆင်းပြီးနောက်တွင် ဆေးခန်း လိုက်သည့် ရာခိုင်နှုန်းမှာ ၃ ရာခိုင်နှုန်းသို့ ကျသွားသည်။ ကျွန် ခြေလျင်တပ်ရင်းဖြစ်သည့် အမှတ် (၃/၂) ဂေါ်ရခါး သေနတ် ကိုင်တပ်ရင်းမှာ စစ်ကာလတွင်း ဖွဲ့စည်းသောတပ်ဖြစ်၍ ဤတပ်နှင့် ကျွမ်းသည့်အရာရှိအင်အား မပြည့်စုံ။ အရာရှိတစ်ဦးသာလျှင် တန်းပြည့်စစ်မှုထမ်းသက်ရှိပြီး ဂေါ်ရခါးစကားတတ်သူ အရာရှိနှစ်ဦး သာရှိသည်။ ထို့ပြင် ဂေါ်ရခါးတပ်မှ အရာရှိများက ယခု ၎င်းတို့ လေ့ကျင့်နေကြသည့် စစ်ဆင်မှုမျိုးအတွက် အသင့်အတင့် နော ကျေပြီးသားဟု အထင်ရှိသည်။ အထူးသဖြင့် ဂေါ်ရခါးတပ်သမ္မဝင် ဗြိတိသျှအရာရှိကြီးများက ဝင်းဂိတ်ကို မလိုလားကြချေ။ နောင် တစ်ချိန်တွင် ဝင်းဂိတ်၏ အရိုက်အရာကို ဆက်ခံမည့်သူဖြစ်သော လင်တိန်းပင်လျှင် ထိုအုပ်စုတွင် ပါသူတစ်ဦးဖြစ်သည်။ တစ်ဖက် တွင် ဝင်းဂိတ်သည် အိန္ဒိယတပ်များကို ယေဘုယျအားဖြင့် အထင် သေးသော်လည်း ၎င်း၏ ဒုတိယအကြိမ် မြန်မာပြည်အတွင်းသို့ စစ်ဆင်မှုအတွက် ဂေါ်ရခါးတပ်များကို အဓိကအားဖြင့် တောင်း ခဲ့သော ဖြစ်စဉ်ရှိပေသည်။





ဝင်းဂိတ်သည် ခြေလျင်တပ်ခွဲတစ်ခွဲစီ အင်အားဖြင့် စစ်ကြောင်း ၈ ကြောင်းကို ဖွဲ့စည်းရာ၌ ဂေါ်ရခါးတပ်မှ စစ်ကြောင်း ၄ ကြောင်းနှင့် ဗြိတိသျှတပ်မှ စစ်ကြောင်း ၃ ကြောင်းပါဝင်သည်။ ကျန်စစ်ကြောင်းမှ ကဲလဗတ်၏ တောတွင်းစစ်ဆင်ရေးသင်တန်း ကျောင်းမှ မသေကောင်း မပျောက်ကောင်း ကျန်ရှိနေသူများဖြင့် ဖွဲ့စည်းထားသည့် အမှတ် (၁၄၂) ကွန်မန်ဒိုတပ်ခွဲပင်ဖြစ်လေသည်။ ဤစစ်ကြောင်းက ဖောက်ခွဲဖျက်ဆီး ရေးလုပ်ငန်းများကို ဆောင် ရွက်မည်ဖြစ်သည်။ လူကြမ်းလူတေများသာ ဖြစ်၏။ ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်က ဆုတ်လာပြီး စစ်ထောင်ကျနေသော တပ်ပြေးများ ပင် ဤအဖွဲ့တွင် ပါဝင်သည်။ တစ်ခါက ကဲလဗတ်လိုက် စစ်ဆေးစဉ် တပ်ဖွဲ့က ကင်းစောင့်အိပ်ပျော်နေသည်ကို အခွင့်ကောင်းယူ၍ စစ်ကားကြီးတစ်စီးဖြင့် မောင်းပြေးသည်ကို မြင်၍ ကဲလဗတ်က လိုက်ဖမ်းပြီး ၎င်းကိုယ်တိုင် သတ်ပစ်လိုက်သည်ဟူသော ကောလာ ဟလ ဂယက်ရိုက်သွားသည်။ ဤဂယက်၏ အကျိုးဆက်မှာကား ကျန်ရစ်သော သူများအနက်မှ ဖွဲဖောက်လိုသူများ ကိုယ်ရှိန် သတ်သွားကြခြင်းပင် ဖြစ်လေသည်။ ချင်းတွင်းမြစ်ကို ဖြတ်၍ ဆုတ်ခွာသွားကြစဉ် ကဲလဗတ်နှင့် ဂျပန်စစ်ဗိုလ်တစ်ဦး မြစ်ကူးရင်း ထိပ်တိုက်တွေ့ပြီး သတ်ပုတ်ရာ၌ ကဲလဗတ်က ဂျပန်ကို လည်ပင်းညှစ်သတ် ပြီးနောက် စစ်ပြေးဒုက္ခသည် ကုလားမတစ်သိုက်ကြားတွင် ဆာရီဝတ်၍ ဝင်ရောက်ကာ လွတ်မြောက်လာခဲ့သည်ဟူသော စွန့် စားခန်း သတင်းများကလည်း ဤကောလာဟလကို ထောက်ခံ သလို ရှိနေပေသည်။

စစ်ကြောင်းမှူးများမှာ ဗိုလ်မှူးများဖြစ်ကြပြီး စစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းစီတွင် မြင်း ၁၅ ကောင်၊ လား အကောင် ၁၀၀ စီ ပါသည်။ ဗေကာစက်လတ် တစ်လက်စီ၊ ကျန်သမားရိုးကျ ခြေလျင်လက်နက်များနှင့် တော်မီဂန်းစက်သေနတ်ငယ်များ တပ် ဆင်ထားသည်။ အလေးအပင်များကို လားများဖြင့် သယ်ကာ လေကြောင်းထောက်ပံ့မှုအတွက် လေတပ်မှ တွဲဖက်သူများလည် ပါသည်။

သင်တန်း၏တစ်နေ့တာသည် နံနက် ဝ၆:၀၀ နာရီတွင် လုံ့စွပ်ထိုးလေ့ကျင့်မှုဖြင့် စသည်။ နာရီဝက်ကြာ လေ့ကျင့်ပြီးနောက် လက်နက်မဲ့တိုက်ခိုက်နည်းများ ဆက်လေ့ကျင့်ရသည်။ ပြီးလျှင် နံနက်စာစား။ ထို့နောက်တွင် မြေပုံဖတ်၊ သံလိုက်အိမ်မြှောင် သုံးနည်းနှင့် တောတွင်းကျွမ်းကျင်မှု ပို့ချချက်များ ရှိသည်။ နေ့ အပူဆုံးအပိုင်း နေ့ခင်းတွင် ခေတ္တနား၍ ၁၅:၀၀ နာရီမှ ၁၇:၀ နာရီအထိ အိမ်သာကျင်းတူးခြင်း၊ လားထားရန် တောတွင်းရှင် လင်းခြင်း စသောအလုပ်ကြမ်းများ လုပ်ရသည်။ တံတားဖောက် ခွဲခြင်း၊ လေယာဉ်ကွင်း စီးနင်းတိုက်ခိုက်ခြင်း၊ ချုံခိုတိုက်ပွဲ စသော စစ်မြေပြင်ကျွမ်းကျင်မှု လေ့ကျင့်ခန်းများ အထပ်ထပ် အခါခါ လေ့ ကျင့်ခြင်းများဖြင့် အချိန်ကုန်လွန်ကြရသည်။ ရိက္ခာလုံလောက် သည်က ရံဖန်ရံခါမျှသာ။ အမြဲနိစ္စဓူဝကြုံရသည်ကား သာမန်လို အပ်ချက်မျှပင် မရနိုင်ခြင်းနှင့် ပိုးမွှားကိုက်ခြင်း၊ ကျွတ်တွယ်ခြင်း ရေငတ်ခြင်းနှင့် မောပန်းမှုတို့ပင် ဖြစ်၏။ ဝင်းဂိတ်က ပြင်းပြင်း ထန်ထန် မောင်းသည်ကို စစ်သည်များသာမက အရာရှိများကပါ ကျိန်ဆဲကြသော်လည်း တစ်ချိန်တည်းမှာပင် သူ့ကို မလေးစားဘဲ မနေနိုင်။ မြန်မာပြည်၏ တောတောင်ထဲတွင် ဖျားနာလျှင်သော်





ည်းကောင်း၊ ဒဏ်ရာရလျှင်သော်လည်းကောင်း၊ စစ်ကြောင်းက စစ်ထမ်းတစ်ပိုး ခေါ်သွားနိုင်မည် မဟုတ်။ ပေလာယက် ချန်ထား မည်သာ ဖြစ်သည်။ ရန်သူ အဖမ်းခံရသည်လည်း ရှိမည်။ သေသော်လည်း သေမည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာ ည်းကမ်းတင်းကြပ်ရသည့်အကြောင်းအရင်းကို သိလာကြသည်။ လဗတ်၏အဆိုအရမူ "ဥရောပတိုက်သားများသည် မိမိခန္ဓာ ကိုယ် မည်မျှအပင်ပန်းအဆင်းရဲ ခံနိုင်သည်ကို မသိကြ။ စိတ်မာတ် ရင်ဆုံး မခံနိုင်ဖြစ်လာသည်။ စစ်သည်များက မိမိတို့ ဤသို့ မ်းဆောင်နိုင်ကြလိမ့်မည်ဟု မထင်မိကြ။ ယခုပင် မယုံနိုင် ောင်ဖြစ်ကြသည်။ ပြင်းပြင်းထန်ထန် လေ့ကျင့်မှု၏ အကျိုးမှာ ပင်ပန်း အဆင်းရဲခံနိုင်လာပြီး မည်မျှလုပ်နိုင်သည်ကို လက်တွေ့ ာကေပြနိုင်ခြင်းပင်။ တစ်နေ့ မိုင် ၃၀ လျှောက်ဖူးသူများအတွက် ၂၅ မိုင်လျှောက်ဖို့ မဖြုံတော့ပေ" ဟုသတည်း။

ဝင်းဂိတ်နှင့် အနီးကပ်ပေါင်းမိသည့်အခါ သူ၏ အများ ့မတူ ထူးခြားသည့် စရိုက်လက္ခဏာများကပင် ခင်မင်ဖွယ်ရာ ဖြစ်လာသည်။ ကာလဒေသနှင့်လျော်ညီသည့်အပြင် ဂိုက်ပေးဖို့ ောင်းသည့် ဩစတြေးလျမှ တီထွင်လိုက်သည့် တောဆောင်း ဦးထုပ်ကို မဆောင်းဘဲ ခေတ်ကုန်နေပြီဖြစ်သည့် ဖော့ဦးထုပ်ကိုမှ ောင်းသည်။ သူသည် ဝက်မှင်ဘီးကြမ်းကြမ်းဖြင့် အဝတ်ကင်း သာ သူ့ကိုယ်သူ တိုက်နေလျှင်လည်း တိုက်နေမည်။ သို့တည်း ဟုတ် ကျွဲနို့ကိုသောက်လျက် ကြက်သွန်နီဥများကို အစိမ်းလိုက် ားလျက် တွေ့သမျှ ဝေနေယျများကို ဤအဟာရများ မည်မျှ ာနိသင်ရှိပုံ ဟောကြားကာ နေတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဂိတ်သည် သတင်းထုတ်ပြန်မှုအပိုင်း၌ ပရိသတ် အာရုံကို ဆွဲဆောင်နိုင်ရန် အရေးကြီးသည်ကို သဘောပေါက် ဖြစ်သည့်အတိုင်း သူ့တပ်၏ တရားဝင်အမည်အစား မှတ်လွယ် ဆွဲဆောင်မှုရှိသော "**Chindit**" ချင်းဒစ်ဟူသော မြန်မာအ ခြင်္သေ့ကို အခြေခံသောအမည်ကို ကင်ပွန်းတပ်လိုက်သည်။ ဤ အမည်ကို ဝင်းဂိတ်သည် မြန်မာအရာရှိများနှင့် စကားပြောရ အကြံရခဲ့လေသည်။ ဝင်းဂိတ်၏ လက်အောက်တွင် စစ်ကြောင်း များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကဲလဗတ်နှင့် ဖာဂူဆန် က ၎င်းတို့အတွေ့အကြုံများကို ရေးသားခဲ့ကြသဖြင့်လည်း ဤ အမည်သည် စစ်သမိုင်း၌ တွင်ရစ်လေသည်။

ဖာဂူဆန်သည် နာမည်ကြီးအီတန်ကျောင်းတော်ကြီး ပညာသင်ကြားခဲ့ပြီး ဗြိတိသျှသူကောင်း အထက်တန်းလွှာ စရိုက်နှင့်အညီ စကားပြောရာ၌ လေးလေးတွဲတွဲပြောတတ်သည် မျက်လုံးတစ်ဖက်တည်းတပ် ကြိုးသိုင်းမျက်မှန်ကို တပ်သည် "ဘလက်ဝါချ်"ခေါ် နာမည်ကြီး စကော့ခြေလျင်တပ် သနေ့ တစ်ဦးဖြစ်ကာ တပ်ထဲတွင် ဝေဗယ်လ်၏ ကိုယ်ရံတော်အရာ ဆင်းဟတ်စစ်တက္ကသိုလ်တွင် နည်းပြအရာရှိဟူသော နေ ကောင်းများတွင် အမှုထမ်းခဲ့ရသည်။ ဝင်းဂိတ်ကဲ့သို့ပင် ပါလ စတိုင်းဒေသတွင် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ခဲ့သည် ယခုအိန္ဒိယစစ်ဦးစီးဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရသည် ၎င်း၏ဆရာသမား ဝေဗယ်လ်လက်အောက် ယခင်အော်လ်ဒါ ကိုင်ရှိဌာနချုပ်များတွင်ကဲ့သို့ လျှမ်းလျှမ်းတောက် တော်သည် စစ်ဦးစီးအဖွဲ့များကို မမီဟု အထင်ရှိသည်။ ထို့ကြောင့် ဦး





ရာရှိများက တားသည့်ကြားမှပင် ဝင်းဂိတ် လက်အောက်သို့ ပြောင်းခဲ့သည်။ ဤသင်တန်းကိုတက်ရန် သောဂေါ်သို့မရောက်မီ ားပြောင်းစီးရသော လမ်းခွဲ၌ ဝင်းဂိတ် လက်အောက်မှ ထွက်လာသူ ဗိုလ်မှူးတစ်ဦးနှင့် ဆုံမိရာမှ "ခင်ဗျား ဒီကနေ ာက်ပြန်လှည့်ပြီး နယူးဒေလီကိုသာ ပြန်ဖို့ အကြံပေးချင်တယ်။ င်းဂိတ်က ပေါက်တောက်တောက်ပဲ။ ကျုပ် သွားပြီဗျို့" ဟု ပုံးရေ မစမိကပင် သြဘာပေးနေသည်ကို နားသောတ ဆင်ခဲ့ သည်။

ဝင်းဂိတ်၏ မြန်မာပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်သည့် မစစ်ဆင်ရေးကို ရခိုင်ဘက်၌ ပင်လယ်ပိုင်းမှ ကမ်းတက် ဆင်ရေးတစ်ရပ်နှင့် ပေါင်း၍ အကောင်အထည်ဖော်ရန် စဉ်းစား သည်။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ကမ်းတက်စစ်ဆင် မပါဝင်တော့ဘဲ လို့ကျ်၏တပ်မကို ပင်တိုင်ထားပြီး ကုန်းပိုင်းမှ ဆင်ရေးသက်သက်သို့ ပြောင်းလဲသွားရာ၌ ဤရခိုင်ဒေသတွင်း ဝင်းဂိတ်တို့ ဝင်ရောက်ရေးမှာလည်း ပျက်ပြယ်သွားတော့သည်။

ဝင်းဂိတ်၏တပ်ဖြင့် ရန်သူ့အတွင်းပိုင်းသို့ ထိုးဖောက် ဆင်မှုပြုလုပ်ရာ၌ တပ်အင်အားကြီးမားသော ထိုးစစ်တစ်ရပ်နှင့် ၍ လုပ်သင့်သည်။ ဝင်းဂိတ်တစ်တပ်တည်းဖြင့် မဟာဗျူဟာ ည်မှန်းချက်တစ်ရပ်ကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်မည် ာတ်ဘဲ အရင်းအနှီးအဖြစ်ပေးရသော အသက်ပေါင်းများစွာ အရင် ပ်ပေါ်မည်ဟု တွေးကြသည်လည်း ရှိသည်။ အာဝင်က ဝင်း တ်တပ်ဖြင့် ထိုးဖောက်ရေးကို သဘောကျသော်လည်း စစ်ဆင် တစ်ရပ်နှင့် တွဲဖက်နိုင်ခြင်းမရှိက မြန်မာပြည်တွင်းသို့ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြန်ဝင်မည့် မဟာဗျူဟာ အလားအလာကို ဖော်လိုက်သ သဘော သက်ရောက်မည်။ သို့သော် အခြားတစ်ဖက်တွ လေ့ကျင့်ထားမှု အသင့်ဖြစ်နေခြင်းနှင့် ကြည်း၊ လေ ပူးပေ ဆောင်ရွက်မှုကို လက်တွေ့အတွေ့အကြုံများ ရနိုင်မည်ကို ထိုးရမည်ဖြစ်ရာ မိမိအနေဖြင့် ဤကိစ္စကို အဆုံးအဖြတ်ပေးနိုင် အခြေအနေမရှိသည့်အတွက် ဝေဗယ်လ်ကိုယ်တိုင် ဝင်းဂိတ် ဆွေးနွေးသင့်ကြောင်း အကြံပြုလိုက်သည်။

ဝေဗယ်လ်နှင့် ဝင်းဂိတ်တွေ့သောအခါ ဝင်းဂိတ်က ဆင်ရေးဝင်လိုက်မှသာ ခရီးဝေးထိုးဖောက်စစ်ဆင်မှုသည် အ အခေါ်တစ်ရပ်မှ လက်တွေ့စစ်ဆေးနည်းတစ်ရပ်အဖြစ်သို့ တက်လ နိုင်မည်ဖြစ်ကြောင်း၊ တပ်မှာလည်း ဤစစ်ဆင်ရေးအတွက် ကျင့်မှုကို ၁၉၄၂ ခုနှစ်ကုန်နှင့် ၁၉၄၃ ခုနှစ်ဦးပိုင်း ဆောင်းကာ တွင် လေ့ကျင့်ပြီးဖြစ်ရာ ယခုအချိန်တွင် မသုံးပါက ဓားမတုံးအ ပြန်ရောက်မည်။ ထို့ပြင် ပူတာအိုဒ္ဓ မြန်မာ့မြေပေါ်နောက်ပိ ဆုံးရှိသည့် ဗြိတိသျှစခန်းကလေးကို ဂျပန်တို့က မခြိမ်းခြော နိုင်အောင် တားဆီးပေးရာလည်း ကျမည်ဟုပြောရာ ကိုယ်တ ဦးစီးရမည့်တပ်မှူးထံမှ လိုလားသည့်သဘောကို ဝေဗယ်လ်က နှင့် ဆတ်ဆတ်ကြားရပြီဖြစ်၍ ၎င်းနှင့်အတူပါလာသော အမေရိ လေတပ်မှ ဒုဗိုလ်ချုပ်ကြီး ဆောမားဗဲဘက်သို့ လှည့်၍ (ဝင်းဂိ တပ်စစ်ဆင်ရေးကို လေကြောင်းအထောက်အကူ ပေးရမည့် အဖြစ်) သဘောထား အမြင် မေးလေသည်။ ဆောမားဗဲကလ "ဆက်လုပ်ကြဖို့ပဲရှိမယ်ထင်ပါတယ်" ဟု အဖြေ ပေးလိုက် သည်။





သို့နှင့် ဝေဗယ်လ်သည် တောင်ဂမူနှစ်လုံးအကြား တသွင် င်စီးဆင်းနေသော ချောင်းဘေး၌ စစ်ထွက်ရန် တန်းစီထားသော စ်ကြောင်းများကို နှုတ်ဆက်စကား အနည်းငယ် ပြောကြားပြီး နောက် စတင်ထွက်ခွာသော စစ်ကြောင်းများကို အလေးပြုရင်း ကျန်ရစ်ပေသည်။

"ဒီနေ့ တို့စစ်မြေတလင်းဝကို အခြေချခဲ့ကြပြီ။ ဒီအတွက် င်ဆင်ခဲ့တဲ့အချိန်တွေ ကုန်လွန်ပြီးလို့ ရန်သူနှင့် ရင်ဆိုင်တွေ့ရာမှ ့နှင့် တို့ရဲ့စစ်ဗျူဟာတွေကို ပွဲတွေ့မှတ်ကျောက်တင်ကြဖို့ပဲ။ ့ရည်မှန်းထားတာကတော့ တို့ခေတ်၊ တို့မွေးချင်းတွေအတွက် ့လက်လှမ်းမီတဲ့နည်းနှင့် တာဝန်ကျေအောင် အမှုထမ်းကြဖို့ပဲ။ ပြေးပွဲမှာ လျင်မြန်ရုံမျှဖြင့် မပိုင်သလို တိုက်ပွဲမှာလည်း အားသာရုံ ဖြင့် မနိုင်။ စစ်မှာ အောင်ပွဲရဖို့ မြေကြီးလက်ခတ် မပြောနိုင် သော်လည်းဘဲ အသေအချာ ပြောနိုင်တာကတော့ တို့ဟာ တို့ တ်ဆွေတွေ၊ တို့ရဲဘော်တွေအတွက် ဒီစစ်ကြီးကို အဆုံးသတ် င်ဖို့ အစွမ်းကုန်ကြိုးပမ်းကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ခိုင်မာချက်ပဲ။ ီလိုပြောရာမှာ အကြားမဖက် တာဝန်သိမှုသက်သက်နဲ့ တို့ န်တယ်လို့ မြင်တာကို မမိုတ်မသုန် လုပ်ကြဖို့ ယတိပြတ်ဆုံးဖြတ် ချက်ပါပဲ။ လူတွေရဲ့ ကြိုးပမ်းချက်ဟာ အချည်းနှီးဖြစ်တတ်ပြီး ဘာဝရဲ့ ရည်ရွယ်ချက်ဆိုတာကလည်း မရေရာလှတာမို့ တို့ရဲ့ ဆောင်ရွက်ချက်ကို ဘုရားသခင်က ကြည်ဖြူစွာ လက်ခံပြီး လမ်း န်ကို ညွှန်ပြတော်မူခြင်းအားဖြင့် တို့ရဲ့လုပ်ငန်းတွေ ပြီးမြောက်တဲ့ အခါ ရရှိမယ့် အသီးအပွင့်များကို မြင်ရတာ စိတ်နှလုံးချမ်းမြေ့နိုင် စေဖို့ ဘုရားသခင်ထံ ဆက်ကပ်ဆုတောင်းကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်းဂိတ်က ထိုနေ့၏ နေ့စဉ်အမိန့်တွင် သမ္မာကျမ်း စကားရပ်များကို ထင်ဟပ်လျက် ရှေးခေတ် စစ်ထွက်မိန့်ခွန်း ဆန် အာသာဘုရင်လေသံဖြင့် ခံ့ညားထည်ဝါစွာ ပြောကြားခဲ့ အချို့မှာ မျက်ရည်မဆည်နိုင်အောင် ပီတိသောမနဿ ဖြစ်ကြ သည်ဟု ဆို၏။ ဝင်းဂိတ်ကား အလွန်အပြောကောင်းသူတည်း

အသက် ၃၇ နှစ်ရှိပြီး အမြဲတမ်းတပ်မတော်၌ နှစ် လများ အမှုထမ်းကာ စစ်မှုထမ်းသက်တစ်လျှောက်တွင် စစ်တ ရုံး ၅ ကြိမ်တက်ခဲ့ဖူးသူ ကွန်မန်ဒိုတပ်ခွဲမှ ခပ်ကြမ်းကြမ်း အရ ဗိုလ်တစ်ဦးပင်လျှင် ဤအမိန့်ကို ကြားရသောအခါ မျက်ရ ဖြိုင်ဖြိုင်ကျသည်ဟူ၏။

## ဝင်းဂိတ်တို့ချီတက်ကြပြီ

၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဝင်းဂိတ် တပ်များ ချင်းတွင်းမြစ်ကို စတင်ဖြတ်သည်။ မဟာဗျူဟာ ရည်မှန်းချက် မပါတော့သော်လည်း မန္တလေးနှင့် မြစ်ကြီးနားအကြာ နေရာများတွင် မီးရထားလမ်းကို ဖြတ်တောက်ရန် မြန်မာပြည် မြောက်ပိုင်းရှိ ဂျပန်တပ်မ နှစ်ခုကို ထောက်ပံ့မှုများ ဖြတ်တောက်ရန် ရွှေဘိုဒေသရှိ ဂျပန်တပ်များကို နှောင့်ယှက်တိုက်ခိုက်ရန် အခွင့်ရ မန္တလေး–လားရှိုး မီးရထားလမ်းကို ဖြတ်တောက်ရန်ဟူသော အ အကျ သတ်မှတ်ပေးသည့် ရည်မှန်းချက်များ ပါဝင်လေသည်။

ဝင်းဂိတ် တပ်မဟာကို မြောက်ခြမ်းနှင့် တောင်ခြမ်းဟု နှစ်ပိုင်းခွဲသည်။ တောင်ခြမ်းတွင် စစ်ကြောင်း (၁) နှင့် (၂) တို့ပါဝင် ပြီး ရောင်ပြလှုပ်ရှား၍ ရည်ရွယ်ရင်းကို မသိနိုင်အောင် ရန်သူကို





ညှိစားရန်ပင်ဖြစ်သည်။ မြောက်ခြမ်းတွင် ပါဝင်သော တပ်မဟာ နှုချုပ်နှင့် စစ်ကြောင်း (၃)၊ (၄)၊ (၅)၊ (၇) နှင့် (၈) တို့က ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်ပင် ဖြစ်သည်။ မြောက် ခြမ်းအဖွဲ့သည် တုံးဟဲမှ ကူးပြီး တောင်ခြမ်းအဖွဲ့သည် ထိုမှ တောင်ဘက်ကျကျ အောက်ဘက်မှ ကူး၍ အထင်အရှား ဖော်ပြပြီး ဂျပန်လှည့်ကင်းများကို တောင်ဘက်သို့ ခေါ်သွားနိုင်ခဲ့သည်။ ကွန်မန်ဒိုတပ်မှူး ဗိုလ်မှူးဂျက်ဖရီးစ်သည် အောက်တောင်တစ်ဝိုက် ၌ ဗိုလ်မှူးချုပ်ရာထူး တံဆိပ်ဝတ်ကာ လူမြင်ခံ၍ ထိုနေရာမှ ဝင်းဂိတ်ကိုယ်တိုင် ကူးလေဟန် ဖန်တီးလိုက်သည်။

ထိုမှအမိန့်အတိုင်း တကောင်းသို့ချီတက်ကာ ဧရာဝတီမြစ် ကိုကူး၍ မိုးမိတ်တွင် ပင်မတပ်ကို စောင့်နေရန် ဖြစ်သည်။ ရန်သူ စိုးမိုးထားသော နယ်မြေအတွင်း စုစုပေါင်း မိုင် ၂၅၀ ခန့် ချီတက် ကြရသည်။

## ခြင်္သေ့တပ်ဖွဲ့၏ မြန်မာပြည်တွင်း လှုပ်ရှားမှု

ဝင်းဂိတ်စစ်ကြောင်းများသည် ချင်းတွင်းမြစ်ကို ဖြတ်ပြီး သည်တွင် ဆီးဖြူတောင်ကြောကိုတက်ပြီး ကျယ်ပြန့်သောမြစ်ဝှမ်းသို့ ဆင်းသက်၍ တစ်ဖန် ပေ ၄၀၀၀ နီးပါးရှိသော မှန်ကင်းတောင် ကြောပေါ် တက်ကြရပြန်သည်။ မီးရထားလမ်းက မဲဇာမြစ်ကို ဖြတ် ကျော်သည့်နေရာတွင် မဲဇာမြို့တည်ရှိသည်။ မဲဇာမြို့ အထက်နား တွင် အင်းတော်မြို့ရှိသည်။ ထိုမှ မိုင်အနည်းငယ်ဆက်တက်လျှင် ဧရာဝတီမြစ်ပေါ်ရှိ ကသာမြို့သို့ ရောက်လေသည်။ ဤခရီးသည် မြေပုံပေါ်တွင် မျဉ်းဖြောင့်အကွာအဝေး မိုင် ၁၁၀ ခန့်သာရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တောင်တွေ့လျှင် တက်လိုက်၊ ဆင်းလိုက်၊ ချောက် စသည် တွေ့လျှင် ဝေ့လိုက် ကောက်လိုက်နှင့် အကယ် လျှောက်ရသည့် ပမာဏသည် ထိုထက် နှစ်ဆမျှရှိလေသည်။ ထိုခရီးကို ပေါင် ၆၀ ခန့်လေးသော ကျောပိုးအိတ်ထမ်းလျက် ကိုယ်စီလက်နက်များ သယ်ဆောင်လျက် လျှောက်လှမ်းကြရလေသည်။

ပင်မတပ်ဖွဲ့သည် တုံဟဲတွင် ရန်သူနှင့်ထိတွေ့မှုမရှိဘဲ ချင်းတွင်းမြစ်ကို ဖြတ်နိုင်ခဲ့သော်လည်း ထိုမှ ၁၀ မိုင် မရှိတ ပြေနီသို့ရောက်ရန် လေးရက်မျှကြာသည်။ မြေနီတွင် ကြိုရောက်နှင့်သော မြန်မာ့သေနတ်ကိုင်တပ်ရင်း ၂ ဌာနချုပ်က စုစည်းပေးထားသည့် သုံးညဆက်တိုက် လေကြောင်းမှ ချပေးထားသော ရိက္ခာများဖြည့်တင်းသည်။ ပြီးလျှင် အရှေ့ဘက် မိုင် ၃၀ ခန့် အကွာရှိ ထုံးမခန်းသို့ ဆက်လက်ချီတက်ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရောက်လေသည်။ ထုံးခမန်း၏ တောင်ဘက် ၁၅ မိုင်ရှိ ဆင်လမောင်းရွာတွင် ဂျပန်တပ်များရှိကြောင်း ကြားရသဖြင့် ကဲလဗတ်၏ စစ်ကြောင်း (၃)၊ ဝီးလ်ကီး၏ စစ်ကြောင်း (၇)၊ စကော့၏ စစ်ကြောင်း (၈) တို့ကို စေလွှတ်သည်။ စစ်ကြောင်းများ ရည်မှန်းချက်သို့ရောက်သောအခါ ဂျပန်တို့ တိုက်ကင်းထွက်နေကြပြီး ရွာသားများကို ထမင်းချက်ခိုင်းထားသည်ကို တွေ့ရသဖြင့် ကဲလဗတ်တပည့်များက အဆင်သင့်ချူးခပ်စားသောက်လိုက်ကြပြီး မြင်းတစ်ကောင်နှင့် ဦးစီးအပါအဝင် ဆင်တစ်ကောင်ကိုပါ မသွားလေသည်။

မူးမြစ်ကြောင်းအတိုင်း တောင်ယွန်းယွန်း မိုင် ၃၀ ခန့် ဝေးသော ပင်လယ်ဘူးတွင်လည်း ဂျပန်တပ်များရှိကြောင်း သိရသဖြင့် စစ်ကြောင်း (၇) နှင့် (၈) ကို ပင်လယ်ဘူးနှင့် ပျဉ်ပုံတို့ကို





င်တိုက်စေသည်။ အကယ်၍ တပ်တော် (၄) ကသာ မြန်မာပြည် တွင်းသို့ ဝင်ရောက်မည်ဆိုပါက ချင်းတွင်းကို စစ်သောင်မှ ဖြတ်၍ င်လယ်ဘူးသို့ ဦးတည်မည်ဖြစ်သည့်အတိုင်း တပ်မတပ်၏ ရှေ့ပြေး ာပ်ဝင်လာပြီဟု ဂျပန်များကို ဆွဲဆောင်ထားနိုင်ပေမည်။ ထို့ ကြောင့် စစ်ကြောင်း (၄) ကိုပါ အင်းတော်သို့ ဦးတည်လှုပ်ရှားပြရန် စေနိုင်းသည်။ သို့သော် ပင်လယ်ဘူး၏မြောက်ဘက် မူးမြစ်ဝှမ်း အတိုင်း အောက်ကုန်းနှင့် ပေကုန်းရွာများမှတစ်ဆင့် နမ့်ခမ်းဘူတာ အထိ ရန်သူရှင်းသည်ဟူသော သတင်းကိုရသဖြင့် အထက်ပါ အစီအစဉ်ကို ပယ်ဖျက်၍ စစ်ကြောင်း (၄) ကို စစ်ကြောင်း (၇) (၈) တို့နှင့် ပူးပေါင်းရန် ပြင်ဆင်ညွှန်ကြားလေသည်။

စစ်ကြောင်း (၄) မှူး ဗြူးဟတ်သည် ၎င်းညွှန်ကြားချက်ကို ိုက်နာ၍ ချီတက်စဉ်ပင် အင်အားသာသော ဂျပန်တပ်ဖွဲ့က ဆီးကာ ားသည်ကို တွေ့ရသည်။ ထိုရန်သူကို ဝင်တိုက်ရာတွင် ရန်သူက ြန်ဖိလာသည်ကို မခံနိုင်သဖြင့် နောက်ဆုံးတွင် လူစုခွဲ၍ ဖောက် ွက်စေရသည်။ ကြိုတင်သတ်မှတ်ထားသော စုရပ်ရှိသော်လည်း ိုက်ပွဲတွင် စစ်ကြောင်း၏ ဆက်သွယ်ရေးစက်နှင့် ဝက်စာများ ုံးရှုံးသွားသဖြင့် တပ်မနှင့် အဆက်အသွယ် မပြုလုပ်နိုင်တော့ရာ ျင်းတွင်းမြစ်သို့ တပ်ခေါက်ရန်သာရှိတော့သည့်အတိုင်း စစ်ကြောင်း ို ၎င်းအတိုင်း အမိန့်ပေး၍ ဖောက်ထွက်စေရာ အများစုများမှာ နောင်တွင် ချင်းတွင်းသို့ ပြန်ရောက်ကြပေသည်။

တောင်ဘက်အုပ်စုမှ စစ်ကြောင်း (၂) သည်လည်း အလား တူအဖြစ်ဆိုးမျိုးနှင့် ကြုံရလေသည်။ မတ်လ ၃ ရက်နေ့တွင် စစ်ကြောင်း (၁) သည် မြောက်ဘက်အုပ်စုနှင့် မိုင် ၄၀ ခန့်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်ကျသော ချပ်သင်းအနီးသို့ ရောက်နေသည်။
ကြောင်း (၂) သည်လည်း ဤနယ်မြေသို့ မတ်လ ၂ ရက်
ညဦးကပင် ရောက် ခဲ့သည်။ သို့သော် စစ်ကြောင်းမှူး ဘားနက်သ
နေ့ခင်းကြောင်တောင် ချီတက်လာခဲ့သည်ဖြစ်ရာ ဂျပန်တို့က ခြေလျ
တပ်ခွဲတစ်ခွဲကို မြောက်ဘက် ၂၅ မိုင်ခန့်ရှိ ဝန်းသိုမှ အပူတပြ
စေလွှတ်ထားပြီးဖြစ်လေသည်။ ထို့ကြောင့် ရထားလမ်းနှင့် ၃ မိုင်
အကွာ အခြေပြုရာတောင်ခြေမှ ည ၉ နာရီတွင် စထွက်ရာ
ရန်သူ၏စိန်ပြောင်းဒဏ်ကို အလူးအလိမ့်ခံရတော့သည်။ စစ်ကြော
မှူးက အဖွဲ့ခွဲ၍ နောက်ကြောတွင် ပြန်စုရန် အမိန့်ပေးရာ၌ တ
အားလုံးထံ အမိန့်မရောက်သဖြင့် အချို့မှာ ရောဝတီမြစ်၏ ယ
တပ်နှင့် ပြန်ဆုံနိုင်မည်ထင်ပြီး ဆက်တိုးထွက်ခဲ့ကြသည်။ ဗိုလ်
အဲမက်နှင့် အချို့ကမူ နောက်ကြောင်းပြန်ကြ၍ ချင်းတွင်းသို့ ပြ
ခေါက်သည်။ ဤတိုက်ပွဲတွင်လည်း ဆက်သွယ်ရေးစက် ပျောက်
၍ ဝှက်စာလည်း ရန်သူ့လက်ထဲ ပါသွားသည်။ ဝန်တင်တိရစ္ဆာ
များလည်း သေကြေကုန်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းဂိတ်
၏ အစီရင်ခံစာ၌ အကယ်၍သာ စစ်ကြောင်းမှူးက ခရီးဝေး
ဖောက်မှု သဘောတရားများကို နားလည်သဘောပေါက်ခဲ့ပါက ဤ
ဖြစ်စဉ်မျိုးပေါ်ပေါက်ရန် အကြောင်းမရှိဟု မှတ်ချက်ပြုခဲ့ပေသည်။

ဤသို့ဖြင့် စစ်ကြောင်း ၁ ခုကို တိုက်အားလျော့သွား
သော်လည်း ပင်လယ်ဘူးတစ်ဝိုက်တွင် ရန်သူတို့ အာရုံပြောင်းအောင်
ဆွဲဆောင်ထားနိုင်သည့်အတွက် ကဲလဗတ်ဦးစီးသော စစ်ကြောင်း
(၃) နှင့် ဖာဂူဆန် ဦးစီးသော စစ်ကြောင်း (၅) တို့သည် ဖောက်ခွဲရေး
လုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းရသွားသည်။





ကြောင်း (၃) သည် မတ်လ ၅ ရက်တွင် နမ့်ခမ်း၏အနောက်
က်သို့ ရောက်နေသည်။ ထောက်ကင်း လွှတ်လိုက်ရာ နမ့်ခန်း၌
န် မရှိကြောင်း၊ ဝန်းသိုတွင် အင်အား ၆၀ ခန့်ရှိသည်ဟု သိရ
ည်နှင့် ဝန်းသိုကို လေကြောင်းမှ ဗုံးကြဲစေလိုက်သည်။ ဤသို့
သို့နှင့် ကသာကို နောက်တစ်နေ့ ဗုံးကြဲစေလိုက်လျှင် မိမိ
က်ခွဲရေးလုပ်ငန်းများအတွက် ပို၍ အနှောင့်အယှက် ကင်းနိုင်
ည်ဟု အကြံရလိုက်သည်။ ထိုညအတွက် နမ့်ခမ်းဘူတာရုံနှင့် (၂)
အကွာတွင် စခန်းချလိုက်သည်။

စစ်ကြောင်းကြီး၏ မြောက်ဘက် ၁၀ မိုင်အကွာ ဘုံချောင်း
စ်ကြောင်း (၅) သည် ရောက်နေပေပြီ။ ဘုံချောင်းရွာအနီးတွင်
ထားလမ်းသည် ချောက်တစ်ခုကို ဖြတ်သွားသဖြင့် ဖာဂူဆန်၏
ချက်မှာ ထိုချောက်ကမ်းပါးကို ဖြိုခွဲ၍ ရထားလမ်းပေါ်ကျစေကာ
းကို ဖြတ်တောက်ရန်ပင်ဖြစ်သည်။ ဘုံချောင်းရွာ၌မူ ရန်သူမရှိ၊
ဆန်သည် ရွာနှင့် ၃ မိုင်ခန့်အကွာတွင် အခြေပြုရင်း စက်ဖြင့်
မဟာသို့ ဆက်သွယ်ရာ စစ်ကြောင်း (၄) ၏ ဝှက်စာပျောက်
သော သတင်းကို ဝင်းဂိတ်ထံမှ ကြားလိုက်ရသည်။ ၎င်း စစ်
ကြောင်းအခြေအနေ မကောင်းကြောင်းကို ရိပ်စားမိလိုက်သော်
ည်း ချင်းတွင်းကို ကူးပြီးနောက် ၁၈ ရက်တိုင်အောင် ဂျပန်ဆို၍
စ်ကောင်တစ်မြီးမှ မတွေ့ရသေးသဖြင့် ယခုတွေ့ရမည်ဟူသော
သိဖြင့် သွေးကြွလာလေသည်။ မူလဖောက်ခွဲရန် သတ်မှတ်
ားသော ချောက်ကမ်းပါးယံပေါ်မှာ မီးရထားလမ်းအပိုင်းကို ရန်သူ
ာ သိပ်အခက် အခဲမရှိဘဲ ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း၊ သူတာရုံရှိ
ံတားကို ဖောက်ခွဲဖျက်ဆီးမည်ဟု အင်ဂျင်နီယာ အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



အကြံပေးရာ ဖာဂူဆန်က နှစ်နေရာစလုံး ဖောက်ခွဲရန် ဆုံးဖြ လိုက်သည်။ နေ့ခင်းပိုင်းမှာပင် ဖောက်ခွဲရန်စီစဉ်၍ ပြင်ဆင်နေ ရန်သူက ဝင်မနှောင့်ယှက်နိုင်အောင် လမ်းတစ်ဖက်တစ်ချက်ဆီ တိုက်ကင်းများ လွှတ်သည်။ တိုက်ကင်းတစ်ဖွဲ့သည် ကားကြ တစ်စီးဖြင့် လာနေသော ဂျပန်တပ်ဖွဲ့နှင့် တွေ့ဆုံ၍ ပစ်ခတ်တို ခိုက်ရာ ဂျပန်အကျအဆုံးရှိသော်လည်း ကားပေါ် အလောင်း တင်၍ ခံပစ်ရင်း ဆုတ်သွားသည်။ ဆိုးသည်မှာ ဖာဂူဆန်၏တ ၂ ယောက် ကျသည့်အပြင် ဗိုလ်ဂျွန်ကားနှင့် ၅ ယောက် ဒဏ် ရရှိသည်။

စစ်ဆင်ရေး မထွက်မီကပင် ဝင်းဂိတ်ကိုယ်တိုင် အား ကို ရှင်းပြပြီးဖြစ်သည့်အတိုင်း ဒဏ်ရာရသူများကို သယ်ယူရ ဆိုလျှင် စစ်ကြောင်း၏ ချီတက်မှု ဖင့်နှေးမည်ဖြစ်၍ လူနာမျာ ချန်ထားရန်ဖြစ်သည်။ လမ်းလျှောက်နိုင်သော လူနာများပင် အ မလိုက်နိုင်က ချန်ထားရန်ဖြစ်ပေသည်။ ထိုဒဏ်ရာရသော လူ ၆ ယောက်အဖွဲ့မှာ နောင်တွင် တစ်ဦးသာ အသက်မသေဘဲ ကျ သည်။ အချို့မှာ ဂျပန်တို့လက်တွင်သေ၍ အချို့မှာ ရွာသားမျ လက်ထဲ၌ သေကြရသည်။

ပေ ၁၄၀ ရှည်သော တံတားနှင့် သံလမ်းဘေး ကမ်း ယံတစ်လျှောက် ယမ်းအုံများကို ကပ်ပြီးနောက် ည ၉ နာရီတွ တံတားကို ဖောက်ခွဲသည်။ ပေါက်ကွဲသံသည် ပတ်ဝန်းကျင်တော ကုန်းတောင်တန်းများကို အဆင့်ဆင့်ရိုက်ခတ်လျက် ၁၀ မိုင်ခ အကွာတွင်ရှိသော ကဲလဗတ်တို့ စစ်ကြောင်းကပင် ကြားလိုက် သည်။ ဒဏ်ရာဖြင့် ကျန်ရစ်ရှာသော ဗိုလ်ဂျွန်ကားနှင့်အဖွဲ့လည်





ကြား၍ ၎င်းတို့၏ ဆောင်ရွက်မှုရလဒ်အတွက် ပီတိဖြစ်နိုင်ကြပါ ဟု ဆန္ဒပြုကြသည်။ ထို့နောက် ဗိုလ်ဟာမွန်နှင့် ကွန်မန်ဒို ောက်ခွဲရေးတပ်ဖွဲ့သည် ချောက်ကမ်းပါးဘက်ဆီသို့ ဦးတည် ျက်ခွာကြသည်။

ဖာဂူဆန်တို့စစ်ကြောင်း ညအိပ်ရန် စခန်းချရန်ပြင်ဆင် ချိန်မှာပင် ချောက်ကမ်းပါးဘက်မှ ပေါက်ကွဲသံကြားရသည်။ တံတားတွင် ခန်းဖွင့် ၁ ခုရှိသည့် အနက် ပေ ၁၀၀ ခန့် ခန်းဖွင့် တစ်ခုမှာ ကွေးကောက်လိမ်တွန့်လျက် အစွန်းတစ်ဖက်မှာ ချောက် ကျနေသည်။ ခန်းဖွင့်တစ်ခုမှာ အောက်ခံတံတားတိုင် အထိုင် များနှင့် ကျွတ်ထွက်ကုန်သည်။ အောက်ခံတိုင် အချို့မှာလည်း ပျက်သွားသည်။ နောက်တစ်နေ့ နေ့လယ် ခေတ္တရပ်နားစဉ်တွင် ဖာဂူဆန်က မိမိစစ်ကြောင်း ဆောင်ရွက်ချက်ကို တပ်မဟာသို့ အစီရင်ခံလိုက်လေသည်။

ကဲလဗတ် အသက် ၃၀ ပြည့်သော မတ် ၆ ရက်နေ့တွင် ၎င်းသည် စစ်ကြောင်းကို ရထားလမ်းဘက်သို့ ဦးဆောင်ခေါ်သွား၍ အလျား ပေ ၃၀၀ ရှည်သော တံတားတစ်ခုအပါအဝင် မီးရထား တံတားနှစ်စင်းကို ဖောက်ခွဲဖျက်ဆီးလိုက်ပြီး ရထားသံလမ်းကို လည်း နေရာ ၇၀ ထက်မနည်းတွင် ဖျက်ဆီးသည်။ ဝန်းသိုမှလာ သော ကားကြီးနှစ်စီး၌ ဂျပန်များပါလာသော်လည်း နောက်ဆုံး၌ တောထဲသို့ ဆုတ်ခွာသွားကြသည်။ ဤထိတွေ့မှုတွင် ကဲလဗတ် ဘက်မှ ထိခိုက်ဆုံးရှုံးမှု မရှိပေ။ ကဲလဗတ်လည်း ဝမ်းပန်းတသာနှင့် ရောဝတီမြစ်ဆီသို့ ဦးတည်ချီတက်လေသည်။

ထိုအချိန်တွင် ဝင်းဂိတ်က ဖာဂူဆန်ထံသို့ အောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကြေးနန်းပို့လိုက်သည်။

"အဖွဲ့ (၁) မှ သတင်းမရသဖြင့် ရောဝတီမြစ်ကူးရေး အန္တရာယ်ရှိနိုင်သည်။ စစ်ကြောင်း (၄) ထံမှ သတင်းမရ။ ဆက်လက်ချိတ်ဆက်ရေး သို့မဟုတ် ဂန့်ဂေါတောင်တန်း၌ အခြေပြု၍ မီးရထားလမ်း ပြန်လည်ပြင်ဆင်မှုကို နှောင့်ယှက်တိုက်ခိုက်ရေး မိမိသဘောအတိုင်း ဆောင်ရွက်နိုင်သည်"

ရောဝတီကို ထီးချိုင့်တစ်ဝိုက်၌ ကူးရန် အလားအလာ ကောင်းကြောင်း၊ ဖာဂူဆန်က သတင်းရထားသည်။ ထို့ပြင် မီးဖောက်ခွဲရေးလုပ်ငန်း ပြီးပြီဖြစ်၍ ချင်းတွင်းမြစ်ဘက် ပြန်လှည့်မည်ဟု ဂျပန်တို့က သုံးသပ်နိုင်သည်။ ထို့ကြောင့် စဉ်းစားဖို့ အနည်းအနည်းငယ် တောင်းလိုက်သည်။ ထိုအတောအတွင်း ပြန်မလာနိုင်တော့ဟု ယူဆထားရသည့် တိုက်ကင်းတစ်ဖွဲ့ပြန်ဝင်လာရာ ရောဝတီကို ကူး၍ ရွှေလီတံတားကို ဖောက်ခွဲရေး လုံးပန်းမည်ဖြစ်ကြောင်း ပြန်လည်အစီရင်ခံလိုက်သည်။

ထီးချိုင့်သို့ ရောက်သောအခါ လှေအများအပြားကို တွေ့ရသည့်အပြင် ရဲအုပ်လုပ်သူမှာ ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး ဖော်ရွေသည်။ သို့သော် ဂျပန်တို့ ပြန်ရောက်လာသည့်အခါ ရန်သူအားပေးမှုဖြင့် မစွပ်စွဲနိုင်စေရန် ဌာနအတွင်း၌ ၎င်းကို အချုပ်ထဲထည့်ထားရန် တောင်းပန်သည်။ အခြေအနေကောင်းသဖြင့် ဖာဂူဆန်သည် စစ်ကြောင်းကို သုံးယောက်တွဲ သေနတ်ထမ်းအနေအထားဖြင့် စစ်ရေးပြချီတက်သည့်အလား တန်းစီ၍ မြို့ထဲဝင်လာရာ အဘိုးအိုတစ်ဦးက "ဘုရင်ကို ဘုရားသခင်ကယ်မပါစေ" ဟု ဝမ်းသာအားထပ်တလဲလဲ ဟစ်အော်အားပေးနေရာ ဖာဂူဆန်က အပြီးပြန်လာ





ခြင်းမဟုတ်ဘဲ ဝင်ရောက်စီးနင်း တိုက်ခိုက်ပြီး ထွက်သွားမည်ဖြစ်ကြောင်း သတိပေးရသည်။ (သို့သော် နောက်အနှစ် ၂၀ နီးပါးမျှအကြာ ဖာဂူဆန်ပြန်ရောက်လာသောအခါ အဆိုပါ အဘိုးအိုကို မန္တလေး၌ ပြန်ဆုံရသေးသည်။)

ရောဝတီမြစ်ကို လှေများဖြင့် ဖြတ်ကူးရာတွင် လားများဆကပ်မှုကြောင့် အချိန်အတော်ပင် လင့်သွားသည်။ နေဝင်ဖျိုးဖျအချိန်အထိ ကူးရန် နောက်ဆုံးလှေနှစ်စင်းစာ ကျန်သေးသည်။ ထိုအချိန် ရုတ်တရက် လှေသမားများ ကြက်ပျောက်၊ ငှက်ပျောက်ပျောက်ကုန်သဖြင့် ဂျပန်တပ်များ ရောက်လာပြီဟူသောအသိဖြင့် အရေးသောပါးတင်ကြပြီး အမြန်ခွာကြရသည်။ ပိုးခါစ အမှောင်ထုကို ဖြတ်ခွင်းလိုက်သည့် သေနတ်ပြောင်းဝများမှ မီးလျှံများနှင့် သောင ပြင်ပေါ် ထိုးစိုက်ကျလာသော စိန်ပြောင်းဗုံးကျည်များက ဂျပန်တပ်များ ရောက်လာပြီဖြစ်ကြောင်း အတည်ပြုလိုက်သည်။ ဖာဂူဆန်သည် နောက်ဆုံးလှေကို ရေခါးလယ်ရောက်သည်အထိ တွန်းထုတ်ပေးရာ သူ့ကို လှေပေါ်မှ ရဲဘော်များက ကျောပိုးအိတ်နှင့် ဆောင်းဘီခွမှ ဆွဲတင်ရသည်။ သို့သော် လှေပေါ်တွင် လူ ၃၀ ခန့်ရှိသဖြင့် ရေပေါ်ပေါ်ရုံမျှသာရှိသည်။ သူ လှေထဲဝင်ရန် လှုပ်ယှက်သည်နှင့် လှေသည် မှောက်လုမတတ် လူးသွားတတ်သဖြင့် အားလုံးက ငြိမ်ငြိမ်နေရန် လေသံဖြင့် တောင်းဆိုကြသည်။ ထို့ကြောင့် သူသည် တစ်ဖက်ကမ်းရောက်သည်အထိ ရန်သူကို ခင်ပေးလျက် လေးဖက်ထောက်လျက် ပါသွားလေသည်။ ထိုမှစ၍ "ရောဝတီမြစ်ကို လေးဖက်ထောက်၍ ကူးခဲ့သော တစ်ဦးတည်းသော ဗြိတိသျှအရာရှိ" ဟု ကြွဖန်ကြွားစရာ ရသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲလဗတ်သည်လည်း ရောဝတီမြစ်သို့ ဦးတည်လာသော ကိုင်းတောကို ဖြတ်ရရာ အရပ်မျက်နှာ ထိန်းသိမ်းနိုင်ရန် ဆင် ပေါ်တွင် တပ်ကြပ်တစ်ယောက်ကို စီးစေပြီး မိမိရှေ့မှသွားစေသည်။ ကဲလဗတ်ညွှန်ကြားသည့်အတိုင်း ဦးစီး၏ဘယ်ဘက် သို့မဟုတ် ညာဘက်ပခုံးကို ပုတ်ပေးခြင်းအားဖြင့် ခရီးတွင်လာသည်။ စောစော ကတွေးမိရင် အကောင်းသားဟုတွေးရင်း မြေပုံနှင့် အိမ်မြှောင် ဖြင့် အလုပ်ရှုပ်နေစဉ် ဆင် ရုတ်တရက် ရပ်လိုက်သည်ကို သတိ မထားမိ၍ ဆင်နောက်ပိုင်းကို ဝင်တိုးမိလေသည်။ ဆင်ကလည်း အန္တရာယ်မလွှယ်နိုင်တော့သဖြင့် ရပ်လိုက်ဖြင်းဖြစ်ရာ အမြီးမြှောက် ပြီးသည်နှင့် ၎င်းတစ်ကိုယ်လုံး ကျင်ငယ်ရေဖြင့် သွန်းဖြန်းပြီး ဖြစ်သွားလေသည်။ စစ်ကြောင်းတစ်ခုလုံးမှာလည်း ဤကြုံတော ကြုံခဲ့အဖြစ်ကြောင့် ရယ်မောကြရာ သောသောညံသွားလေတော့ သည်။ ကဲလဗတ်မှာ မဲဇာမြစ်ရေဖြင့် အဝတ်များပါ ဆေးလျှော်ပါ သော်လည်း သူနှဲ့အတူ ဆင်သေးနံ့မှာ အတန်ကြာသည်အထိတိ အဖော်ပြုလျက် ရှိနေပေသတည်း။

ကဲလဗတ်သည် အစပထမ၌ ထီးချိုင့်သို့ပင် ဝင်ရန် စိတ်ကူး သေးသော်လည်း ဖောက်ခွဲသံများကြောင့် ထီးချိုင့်၏အနောက်ဘက် ၈ မိုင်ခန့်ရှိ တောမသို့ရောက်နေသည်ဟု သိရသဖြင့် ထီးချိုင့်နှင့် တောမကြားမှ အသာလျှို၍ ကူးရာ မြစ်ကူးနေဆဲတွင် ဂျပန်က လိုက်တိုက်ခြင်းကို ခံရသည်။ သို့သော် နောက်လေကြောင်းမှ ပြန်လည်ဖြည့်တင်းပေးနိုင်မည် ဖြစ်သော အရန်ကျည်နှင့် ဘေး အိတ်ကိုချန်၍ နောက်ချန်အဖွဲ့၏ အကာအကွယ်ပေးမှုဖြင့် ကူးနိုင် လိုက်သည်။ ၇ ယောက် ကျဆုံး၍ ၉ ယောက် ဒဏ်ရာရသည့်





ဆုံးရှုံးမှုနှင့် ကြုံခဲ့ရသော်လည်း ဒဏ်ရာရသူများကို မြန်မာရွာ သားများလက်ဝယ် အပ်၍ ဂျပန်တို့က ဘူရှိဒိုအစဉ်အလာအရ ဒဏ်ရာရသည့် ရန်သူစစ်သည်များကို မိမိတို့ လူနာများကဲ့သို့ စောင့်ရှောက်ရန်ရှိသည်ကို သတိပေးလိုကြောင်း မှာသည့်စာဖြင့် ထားခဲ့ရာ ဂျပန်တပ်ကလည်း ကောင်းမွန်စွာ ကြည့်ရှုထားပေသည်။

ဂျပန်တို့၏တုံ့ပြန်မှုများ

အမှန်မှာ ဝင်းဂိတ်၏စစ်ကြောင်းများ လှုပ်ရှားလျက်ရှိသော နယ်မြေသည် ဂျပန်တပ်မ (၁၀) တာဝန်ယူရသော နယ်မြေဖြစ်သည်။ ဤတပ်မသည် ဒုဗိုလ်ချုပ်ကြီး မူတာဂုချိ၏ ဦးဆောင်မှုဖြင့် စင်္ကာပူကို သိမ်းပိုက်ခဲ့သည့် တပ်မဖြစ်သည်။ ကျူးရှူးကျွန်းမှ စစ်စိတ်ပြင်း ထန်၍ ဒူပေနာပေခံသော စစ်သည်ကောင်းများ ထွက်သည်ဟု နာမည်ရသည့် ဤတပ်မကို ယင်းကျွန်းမှ နာဂါဆာကီနှင့် ဖူကူအိုကာ ဒေသသားတို့နှင့် ဖွဲ့စည်းထားသည်။ ဂျပန်တပ်မတော်တွင် ထိပ်တန်း တပ်မတစ်ခုဖြစ်သည်။ တော်ဝင်ပန်းဖြစ်သော ဂန္ဓမာပန်းသည်ပင် ဤတပ်မ၏ အမှတ်ပညာဖြစ်သည်။

ဆီးဖြူတောင်တန်း၏ အနောက်ခြမ်းသည် ဤတပ်မှ တပ်ရင်းကြီး (၅၅) ကို တာဝန်ပေးထားသော နယ်မြေဖြစ်သည်။ အကြမ်းအားဖြင့် ဟုမ္မလင်းမှ မော်လိုက်အထိ ရှိသည်။ မြောက်ပိုင်း ကို တပ်ရင်း (၁)၊ တောင်ပိုင်းကို တပ်ရင်း (၃) တာဝန်ခွဲပေးထား သည်။ ကသာတွင် တပ်ရင်းကြီးဌာနချုပ်နှင့် ရင်း (၁) အင်အား တစ်ဝက်ခန့်ရှိသည်။ တပ်ရင်း (၂) သည် ဗန်းမော်၌ အခြေပြု လျက်ရှိသည်။ တပ်ရင်းကြီး၏ တပ်ရင်းမှူးမှာ ဗိုလ်မှူးကြီးကိုဘာ



www.burmeseclassic.com

www.burmeseclassic.com




ဖြစ်သည်။

ချင်းဒစ်တပ် ဝင်သည့်သတင်းကို ရင်း (၁) မှူး ဗိုလ်မှူး နာဂါနိရှိုဂဲမိထံမှ စရသည်။ တပ်ရင်းကြီးမှူးထံသို့ ဝင်းဂိတ်တို့ တံ့ဟဲမှကူးပြီး ၃ ရက်အကြာ ဖေဖော်ဝါရီ ၁၇ ရက် မွန်းတည့်ချိန်တွင် ကြေးနန်းဖြင့် အစီရင်ခံခဲ့သည်။ မြေပြင်သတင်းအရ အင်အား ၄၀၀၀ ခန့် ဖောင်းပြင်မှ အရှေ့ဘက်သို့ ချီတက်သွားကြောင်း ဖော်ပြထားသည်။ ကိုဘက ဤသို့ လုံးဝမမျှော်လင့်ထားသည့်အတွက် ပထမ၌ မယုံပဲ၊ နောက်တွင် နာဂါနိုထံမှလည်းကောင်း၊ အရှေ့ သတင်းများကိုလည်းကောင်း ထပ်မံရရှိသဖြင့် ရင်း (၁) တပ်ရင်းမှူးနှင့် ရင်း (၃) တပ်ရင်းမှူး တို့ကို ရှာဖွေဖော်ထုတ် ချေမှုန်းရန် တာဝန်ပေးလိုက်သည်။ ဆောင်ရွက်ချက်ကို တပ်မဌာနချုပ်သို့လည်း အစီရင်ခံလိုက်သည်။

နောက်ထပ်မံ သတင်းရသည်မှာ ထိုတပ်သည် ဆီးဖြူတောင်တန်းသို့ မရောက်မီတွင် ၃ ဖွဲ့ ခွဲသွားကြောင်းဖြစ်ပြီး နောက်တစ်ခါတွင် အဖွဲ့ ၅ ဖွဲ့ ခွဲသွားသည်ဆိုသောသတင်း ဖြစ်သည်။ ထိုသတင်းများကို ပြန်ဆက်စပ်ကြည့်သောအခါ ဂျပန်တပ်များအကြားမှ ညချီတက်မှုဖြင့် ဝင်ရောက်လာသော အင်အားအတန်ကြီးသော တပ်ဖြစ်သည်။ ပင်လယ်ဘူးဘက်သို့ ဦးတည်နေသည်ဟု သုံးသပ်ရသဖြင့် ကိုဘသည် ဖေဖော်ဝါရီ ၂၅ တွင် မိမိတပ်ရင်းကြီး ဌာနချုပ်ကို ကသာသို့ ပြောင်း၍ ရင်း (၃) ကို လာရောက်ပူးပေါင်းစေလိုက်သည်။

ပြင်ဦးလွင်တွင် တပ်မမှူး မူတာဂူချီသည် ဖေဖော်ဝါရီ ၁၇ ရက်၌ပင် ကိုဘထံမှ အစီရင်ခံသည့် ကြေးနန်းကို ရသော်လည်း






ချွဲသော့တပ်ဖွဲ့များ မြန်မာပြည်တွင်းဝင်ရောက်စဉ်က
မြန်မာပြည်ဆိုင်ရာဂျပန်စစ်ဒေသမှူးကြီးဗိုလ်ချုပ်ကြီး ကာဝါဘိ

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တပ်ဖွဲ့များလှုပ်ရှားနေသည့်ကြားမှ အင်ဖာကိုပတီးမားတိုးစစ်ကို မဖြစ်မနေဆင်နွှဲခဲ့သည့် ဂျပန်ဗိုလ်ချုပ်ကြီး မူတာဂုချိ



...တွေးတတ်အောင် အမြီးအမောက်မတည့်ဖြစ်နေသဖြင့် ဖေဖော် ...ရီလကုန်၌ ကသာသို့ လိုက်သွားသည်။ ပင်လယ်ဘူးသို့လည်း ...ပ်မဦးစီးချုပ်အကီရာနှင့်အတူ သွားသည်။ ထိုအတွင်းတွင် ရင်း ... က ပင်လယ်ဘူးအနောက်မြောက်ဘက်တွင် သုံ့ပန်းအချို့ကို ...ရာမှ ရင်း (၁) ဘက်မှ ပျဉ်ပုံသို့ ဦးတည်နေသည်ဟု သိရသည်။ ...အချိန်တွင် ဖြစ်ချင်တော့ ရင်း (၁) နှင့် ရေဒီယိုအဆက်အသွယ် ...တ်သွားရာ ရင်း (၃) ကိုပင် အင်းတော်သို့ လွှတ်သည်။ မော် ...တော်ယာဉ်မရှိသဖြင့် ခြေလျင်ချီတက်ကြရသည်။ ထို့နောက် ...ဘသည်လည်း ရင်း (၁) မှ အင်အားအချို့နှင့် အင်းတော်သို့ ...က်သည်။ မူတာဂုချီကမူ ရေရေရာရာ လုပ်နိုင်မည့် အင်အား ...တ်ဟု ယူဆသဖြင့် ကိုဘအား ဆက်လက်ဆောင်ရွက်ရန် မှာ ... ပြင်ဦးလွင်သို့ ပြန်လေသည်။

ထို့နောက်တွင် တပ်မ (၁၈) တောင်ဘက်၌ရှိသော တပ်မ ...၃) ထံမှ ၎င်းလက်အောက်မှ ရင်း (၂) သည် နယ်မြေစိုးမိုးရေးနှင့် ...အဖြန့်ချိရေးဆောင်ရွက်နေစဉ် အင်အားမခန့်မှန်းနိုင်သော ဂေါ်ရခါး ...ပ်ဖွဲ့တစ်ခုနှင့် ကန့်ဘလူအနောက်ဘက်တွင် တိုးမိပြီး တပ်ရင်းမှူး ...ဓအိချီရိုသည် ထိုတိုက်ပွဲတွင် ကျဆုံးသည်။ ထိုသတင်းကို ရန်ကုန် ...မှတ် (၁၅) တပ်မတော်က ကျန်သတင်းများနှင့် ဆက်စပ်ကြည့်ရာ ...မြောက်ဘက်၌ ပင်မတပ်ဖွဲ့သည် တပ်ရင်းကြီး (၅၅) ၏ ရင်း (၁) ...ယ်မြေထဲမှ ပျဉ်ပုံသို့ ဦးတည်လျက်ရှိပြီ။ ၎င်းအင်အား မများသော ...ပ်ဖွဲ့တစ်ဖွဲ့သည် တပ်မနှစ်ခု၏ နယ်စပ်တစ်လျှောက် အရှေ့ ...က်သို့ ဦးတည်နေကြောင်း ပေါ်လာသည်။ သို့သော် ယင်းတပ်၏ ...င်အားကိုလည်းကောင်း၊ ရည်မှန်းချက်နှင့် လှုပ်ရှားမှုများကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း မဖော်ထုတ်နိုင်သေးဘဲရှိသည်။

မတ်လ ၅ ရက်ညတွင် တပ်ရင်းကြီး (၅၅) မှ ရင်း သည် ပင်လယ်ဘူးမှ အင်းတော်သို့ ချီတက်စဉ် ဗြိတိသျှ တစ်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ရာ၌ သုံ့ပန်း ၁၀၀ ခန့် ရမိသည် ရန်သူသည် စစ်ကြောင်းငယ်များ ထပ်မံခွဲ၍ ရောဝတီမြစ် ဦးတည်သွားသည်။ ကိုဘက ဤသတင်းရသောအခါ ရင်း (၁) တပ်ခွဲ (၂) ခွဲဖြင့် အင်းတော်မှ ရောဝတီမြစ်ကြောင်းအတိုင်းလိုက် ထီးချိုင့်အောက်တွင် နောက်ချန်တပ်ကိုမီပြီး ပင်မတပ် တစ် ကမ်းကူး၍ အစပျောက်သွားသော်လည်း အထိနာအောင် ချေမှု နိုင်လိုက်သည်ဟု ၎င်းက ယူဆလိုက်သည်။

သုံ့ပန်းများထံမှ ရရှိသော သတင်းများအရ ဝင်းဂိတ် အမှတ် (၇၇) တပ်မဟာဝင်လာခြင်း ဖြစ်သည်။ ဝင်းဂိတ်ကိုယ်တိုင် ဦးစီး၍ မြောက်ခြမ်းတွင် လှုပ်ရှားသည်ဟု ကိုဘက ယူဆလိုက် သည်။ ဝင်းဂိတ်သည် အင်းရွာမှ ရောဝတီမြစ်ကို ကူးသည်မှာလည်း သေချာသည်။ သို့သော် မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့် ဒေသသို့ ဦးတည်မည်ဆိုသည်ကိုမူ စဉ်းစားမရဘဲ ရှိလေသည် အမှတ် (၁) တပ်မတော်က ဤတပ်ဖွဲ့ကို မြေပြင်မှ ထောက်ပံ့သည် လက္ခဏာ မတွေ့ရသဖြင့် နေ့ခင်းတွင် လေကြောင်းမှ ရိက္ခာချ မည်ဟု တွက်လိုက်သည်။ ဤသို့ သုံးသပ်မိသဖြင့် ပထမတွေ့ သည့်ထက် ရည်မှန်းချက်ကြီးကြီးမားမားဖြင့် ဝင်လာသည့် သဘော ဖြစ်သည်ဟု တပ်တော်မှူး ဒုဗိုလ်ချုပ်ကြီး အီဒါရှိုဂျီရိုက ယူဆ တပ်မ (၁၀) သည် အနောက်ဘက်မှလည်းကောင်း၊ တပ်မ (၃၃) သည် တောင်ဘက်မှလည်းကောင်း၊ တပ်မ (၅၆) သည် အရှေ့





က်မှလည်းကောင်း ဝင်ရောက်ကြပြီး ဒဏ်ခတ်သည့် စစ်ဆင်မှု င်း မှတ်လောက်သားလောက်အောင် ချေမှုန်းပစ်ရန် စီမံလိုက် သည်။

ဗန်းမော်ရှိ တပ်ရင်းကြီး (၅၅) မှ ရင်း (၃) သည် ဗန်းမော်မှ နောက်တောင်သို့ ဝင်ရှင်းရန် တပ်ရင်းကြီး (၅၆) မှ ကျောက်မဲရှိ င်း (၂) နှင့် ပြင်ဦးလွင်ရှိ ရင်း (၃) တို့က ရွှေလီမြစ်ကမ်း နှစ်ဖက် လုံးကို ရှင်းရန်နှင့် နမ့်ခမ်းရှိ တပ်ရင်းကြီး (၁၄၆) မှ တပ်ရင်း ) သည် ရွှေလီမြစ်အတိုင်း တောင်ဘက်သို့ စုန်ဆင်းလာရန် ဖြစ်သည်။

ဤသို့ ဂျပန်တပ်များက အဘက်ဘက်မှ ပိတ်ဆို့ရှင်းလင်း ဖြင့် ဝင်းဂိတ်၏တပ်များသည် တပ်ဖွဲ့ငယ်များခွဲ၍ ချီတက်ကြ သဖြင့် စနစ်တကျလှုပ်ရှားရန် မဖြစ်နိုင်တော့ဘဲ အနောက်ဘက် သို့ ပြန်ဖောက်ထွက်ရန်သာ ကြိုးပမ်းကြရတော့သည်။ စုစုစည်း စည်းရှိစဉ်က လေကြောင်းမှ ထောက်ပံ့ပေးနိုင်သော်လည်း အဖွဲ့ ငယ်များအဖြစ် လှုပ်ရှားမှုများကို လေကြောင်းမှ မထောက်ပံ့နိုင် တော့၍ တဖြည်းဖြည်း ရိက္ခာလည်း ပြတ်၊ ဒဏ်ရာရသူလည်း များလာ၍ စိတ်ဓာတ်ကျဆင်းကြလိမ့်မည်ဟု ဂျပန်တို့က တွက်ကိန်း ချကြလေသည်။

ဝင်းဂိတ်ကမူ ဤခွင်ထဲတွင် တိုးထွက်နိုင်ရန် ပြောင်းလဲ လာသည့် အခြေအနေနှင့်အညီ လိုအပ်သလို အစီအစဉ်လုပ်၍ပြောင်း ကြိုးပမ်းနေခြင်း ဖြစ်သည်။ ဖာဂူဆန်ကူးပြီး နောက်တစ်ပတ်အကြာ တွင် ဝင်းဂိတ်သည် အင်းရွာမှ စစ်ကြောင်းနှစ်ကြောင်းဖြင့် ကူးခဲ့ရာ ဖာဂူဆန်တို့နှင့် ယခင်လမ်းခွဲခဲ့သည်မှ တစ်လမျှအကြာတွင် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ဆုံမိကြခြင်းဖြစ်သည်။ သို့သော် ၎င်းတို့သည် ရွှေလီမြစ် ရောဝတီမြစ်တို့ သုံးဖက်မှ ပတ်ရံထားပြီး ကျန်တစ်ဖက်ကို လမ်းက ပတ်သွားလျက်ရှိသော ခွင်ထဲသို့ ရောက်နေကြသ အကာယ်၍သာ ဂျပန်က အင်အားအလုံအလောက်ဖြင့် ပိတ်ဆို့ ခိုက်ပါက ဒုက္ခလှလှကြုံကြရမည်။ ဂျပန်တို့ကလည်း တစ် ကမ်းမှ လှေများကို လိုက်သိမ်းနေပြီ ဖြစ်သည်။

ဖာဂူဆန်ပင်လျှင် ဝင်းဂိတ်က တစ်ပတ်လောက်ကြာ မည်သည့်အတွက်ကြောင့် ကူးလာရသည်ကို မေးခွန်းထုတ် မိသည်။ သို့သော် ဝင်းဂိတ်က လိုက်လာရခြင်း အကြောင်း ကြောင်းမှာ စစ်ကြောင်း (၁) သည် ချပ်သင်း၌ ရထားလမ် ဖောက်ခွဲဖျက်ဆီးပြီးနောက် ချောချောမောမောပင် တကောင် ရောဝတီအရှေ့ဘက်သို့ ကူးနိုင်ခဲ့သည်ဟူသော သတင်းအရ မှ စီမံချက်၏ နောက်ဆုံးရည်မှန်းချက်ကို အကောင်အထည်ဖေ နိုင်တော့မည့်သဘော အားတက်မိခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သူသည် ကဲလဗတ်နှင့် ဖာဂူဆန်တို့ ပူးပေါင်း၍ မန္တလေး-လားရှိုးရထားလမ်းရှိ ဂုတ်ထိပ်တံတားကို ဖျက်ဆီးပစ် တာဝန်ပေးလေသည်။ ကဲလဗတ်ကိုယ်တိုင်ကလည်း ၎င်းယခင် တောတွင်းစစ်ဆင်ရေးသင်တန်းကျောင်း၊ သင်တန်းပေးရာမှ ၁၉၄၂ ခုနှစ် ဆုတ်ခွာစဉ်ကပင် ဤတံတားကို ခွဲခဲ့သေးလားဟု အမေး သေးသည်။ ထိုစဉ်က ဖောက်ခွဲဖျက်ဆီးခွင့် မပေးခဲ့ခြင်းမှာ နိုင်ငံ ရေးအရ ငဲ့ကွက်ရသည့်သဘောမျှသာ အကြမ်းဖျင်းသိလိုက်ရသည် အမှန်အားဖြင့် အလက်ဇန္ဒားက ကဲလဗတ်သည် သူ တကယ်လုပ် ချင်ပြီဆိုပါက အထက်အမိန့်ကိုပင် မျက်ကွယ်ပြု၍ ဖွတ်လုပ်တတ်





သူဟု သိထားသဖြင့် ထိုအကြိမ်တွင်မှ ကဲလဗတ် မြေဝယ်မကျ လိုက်နာခဲ့သည်ကို အားမလို အားမရဖြစ်မိခဲ့သည်ဟု သိရပေသည်။ ယခုအခါတွင်မူ ကဲလဗတ်သည် သူ၏ ဆန္ဒပြည့်ဝတော့မည် ဖြစ်သည်။ မြစ်ဆုံမှကူးရန် တောင်ဘက်သို့ ဦးတည်လိုက်သည်။

သူ၏နောက်တွင် ဖာဂူဆန်၏ စစ်ကြောင်း (၅) ပါလာသည်။ မြစ်ဆုံမရောက်မီ မြစ်ဆုံ၌ ရန်သူအင်အား ရာနှင့်ချီရှိကြောင်း မြေပြင်သတင်းရသဖြင့် တပ်မဟာလေကြောင်းစခန်းသို့ တင်ပြ လိုက်ရာ ဗြိတိသျှလေယာဉ်များက ချက်ချင်း ဗုံးကြဲတိုက်ခိုက်လိုက် သည်။ ထိုအချိန်တွင် ဖာဂူဆန်က ကဲလဗတ်နှင့် ဂုတ်ထိပ်တံတား ဖောက်ခွဲရန် အစီအစဉ်ကို ဝင်းဂိတ်က ပယ်ဖျက်လိုက်ပြီး ပင်မတပ် ၏ ရှေ့ပြေးတပ် တာဝန်ယူရန် ပြန်ခေါ်လိုက်သည်။ ဖာဂူဆန်၏ စစ်ကြောင်းသည် မတ်လ ၂၅ နေ့တွင် ပင်မတပ်နှင့် ပြန်လည် ပူးပေါင်းမိသည်။

ထိုအတောအတွင်း၌ ကဲလဗတ်က မြစ်ဆုံမြို့ကို မိမိ စစ်ကြောင်းအင်အားဖြင့် တိုက်နိုင်မည့်အခြေအနေ မရှိကြောင်း ခန့်မှန်းမိသဖြင့် နမ့်မိတ်ချောင်းနှင့် ရွှေလီမြစ်ဆုံရာ၏ အနောက် ဘက်မှ နမ့်မိတ်ချောင်းကို ကူးရန် ဆုံးဖြတ်၍ အနောက်ဘက်နှင့် တောင်ဘက်သို့ပြောင်း၍ ဦးတည်ချီတက်သည်။ ထိုအခိုက်တွင် ဂျပန် တပ်များက မြစ်ဆုံနှင့် နဘူးအကြား နမ့်မိတ်ချောင်းတစ်လျှောက်ကို ဂျပန်တပ်များ ကင်းလှည့်စိုးမိုးလျက်ရှိကြောင်း သတင်းရသဖြင့် ချုံခိုတိုက်ခိုက်ရန် သုံးနေရာ ဖြန့်ခွဲနေရာယူလိုက်သည်။ နာရီ အနည်းငယ်မျှသာ စောင့်ရသည်။ ဂျပန်တပ်ခွဲတစ်ခွဲ ဆိုက်ဆိုက် မြိုက်မြိုက် ဝင်လာရာ ကဲလဗတ်တို့က တစ်ဖက်စောင်းနင်း အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရလိုက်သည့် တိုက်ပွဲတစ်ရပ် ဆင်နွှဲလိုက်ကြသည်။ ထိုတိုက်ပွဲ ကဲလဗတ်တို့ဘက်က ဂေါ်ရခါးအကြပ်တစ်ဦးသာ ကျဆုံး၍ ဂျပန် ၁၀၀ ခန့်ကို သုတ်သင်ချေမှုန်းလိုက်နိုင်သည်။ ထို့နောက် တပ်ကို အနားပေးရန် မလှမ်းမကမ်း တောင်ပေါ်တွင် ခိုနေလိုက်သည်။ ကဲလဗတ်ကို မတ်လ ၁၉ ရက်က လေကြောင်းမှ ရိက္ခာပစ္စည်း ၁၀ တန် ချပေးခဲ့ပြီးဖြစ်သည်။ မန္တလေး–လားရှိုးလမ်းမကြီးနှင့်လည်း မိုင် ၁၀၀ မျှလောက်သာ ဝေးတော့ရာ ဂုတ်ထိပ်သို့ ဆက်တက်ရန် ဟန်ပြင်နေပြီဖြစ်သည်။

သို့သော် ကဲလဗတ်နှင့် ဂုတ်ထိပ်မှာ ရေးရေစက်မပါလေသလားမသိ။ အမှတ် (၄) တပ်တော်က ဤ ဂုတ်ထိပ်အထိကို လည်းကောင်း၊ ဝင်းဂိတ်က အဆိုပြုထားသည့် ပန်းမော်၊ အင်းတော်ကြီးမှတစ်ဆင့် ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်ရေးကိုလည်းကောင်း၊ လေကြောင်းမှ ထိရောက်စွာ အကူအညီပေးနိုင်မည့် အခြေအနေမရှိကြောင်း အကြောင်းကြားလာသည်။ ထို့ကြောင့် ဝင်းဂိတ်က ရှေ့မဆက်တော့ဘဲ အိန္ဒိယသို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ကဲလဗတ်မှာမူ ပင်မတပ်နှင့် အတော်လှမ်းသဖြင့် မိမိဘာသာ မိမိ ဖောက်ထွက်ရန် စီစဉ်လိုက်လေတော့သည်။

**ခရီးစဉ်နိဂုံး**

ဝင်းဂိတ်သည် ထိုအချိန်တွင် ကဲလဗတ်တို့၏မြောက်ဘက် မိုင် ၂၀ ခန့်၌ တကောင်းနှင့် မြစ်တစ်ဖက်ကမ်း ထမ်းပိုးထမ်းနေသော ဘော်ရွာအနီးသို့ ရောက်နေသည်။ ပါလာသော စစ်ကြောင်း ၂





ကြောင်းပါ ရိက္ခာ ပြတ်လပ်နေ၍ လေကြောင်းရိက္ခာချပေးရေး စီစဉ်သည်။ ဘော်ရွာတွင် ဂျပန်များ ရှိနေသော်လည်း ထွက်လာနိုင်သည့်လမ်းများကို ပိတ်ဆို့၍ ရိက္ခာဖြည့်ကြရပေမည်။ ဤတွင် ဆလွှတ်လိုက်သော ပိတ်ဆို့ရေးအဖွဲ့များအနက် အဓိကလမ်းကြောင်းတစ်ကြောင်းကို ပိတ်ဆို့ရမည့်အဖွဲ့သည် တောတွင်းမှပင် ချဉ်းကပ်ရန် အတိအကျ ညွှန်ကြားချက်ရှိသော်လည်း ပင်ပန်းမှုကြောင့် တောစပ်မှ ပန်းမည့်အစား ရွာနီးချုပ်စပ်မှ ဖြတ်ဝင်ရာ ဂျပန်ကင်းနှင့် တိုးမိတော့သည်။ ခေါင်းဆောင်အရာရှိသည် လက်သွက်သွက်နှင့် ထိုကင်းစောင့်ကို ပစ်သတ်နိုင်သော်လည်း ကျန်အဖွဲ့များနေရာယူနိုင်ရန် အခွင့်အလမ်းရသွားသည်။ နောက်တစ်ဖွဲ့မှာလည်း ရွှေလီပေါ်ရှိ မဘိန်းမှ ဘော်သို့ ဝင်သည့်လမ်းကို မပိတ်နိုင်ခဲ့။ ဝင်းဂိတ်က တိုက်ပွဲဖြစ်ရာကို ရောက်လာရာ မူလစီစဉ်ထားသည့်အတိုင်း လယ်ကွင်းပြင်တွင် ချကွင်းလုပ်ရန် မဖြစ်နိုင်တော့သည်ကို တွေ့ရသဖြင့် တောတွင်း၌ မီးဖိုဖြင့် လေယာဉ်ချကွင်း လုပ်ရတော့သည်။ မြောက်ခြမ်းတပ်ဖွဲ့ တပ်မှူးဖြစ်သော ဒုဗိုလ်မှူးကြီး ဆမ်ကုပ်က ရွာကိုရှင်းရန် ကြိုးပမ်းသော်လည်း နာရီအတန်ကြာ တိုက်ပွဲဖြစ်ပြီး နှစ်ဖက်စလုံး၌ ထိခိုက်ရှနာမှုများကုန်သည်။

စကော့၏ စစ်ကြောင်း (၈) သည် ဘော်ရွာတွင်းသို့ ဝင်ရောက်၍ အိမ်များပေါ်တွင် နေရာယူထားသော ဂျပန်တို့အား တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် ဂျပန်တို့က မဘိန်းသို့သွားရာ လမ်းနံဘေးရှိ ပစ်ကျင်းများ၌ နေရာယူထားကြပြန်ရာ ထိုအချိန်တွင် လေကြောင်း ရိက္ခာကိစ္စသာ မပြီးသေးပါက ဆုံးရှုံးမှုများ



www.burmeseclassic.com

www.burmeseclassic.com



ထပ်တိုးလာနိုင်ပေသေးသည်။ သို့သော် ထိုအချိန်တွင် ပြီးဆုံးခဲ့၍ စစ်ကြောင်းကို ပြန်ခွာလိုက်နိုင်သည်။ ထိုအချိန် ရိက္ခာ မည်မျှ ပြတ်လပ်နေသည်မှာမူ အောက်ပါဖြစ်စဉ်အရ သိသာလှ၏။ ရွာထဲသို့ ဝင်ရှင်းသည့်တပ်မှ စစ်သည်တစ်ဦးက တဲအိမ်တစ်ခု၏ တံခါးဘောင်ပေါ်တွင် ချိတ်ထားသော ဝက်ပေါင်ခြောက်ကို မြင်လျှင် ၎င်း၏တပ်စိတ်မှူးက ဂျပန်တို့ ထောင်ထားသည့် ထောင်ချောက်ဟု မသင်္ကာ၍ တားသည့်အကြားပင် အတင်းပြေးဆွဲရာ တပ်ကြပ်က မိမိတပည့်နောက်သို့ ပြေးလိုက်၍ ထိန်းထားရန် ကြိုးပမ်းနေစဉ်မှာပင် ဂျပန်စက်သေနတ်က ဆရာတပည့် နှစ်ယောက်စလုံးကို ဖိဝိနှိပ်ခြွေလိုက်လေသည်။ ရွာသူကြီး၏ အိမ်ပေါ်၌ ဆင်ထားသော ထိုရန်သူ့စက်သေနတ်အဖွဲ့ကို စစ်ကြောင်း (ဂ) က စိန်ပြောင်းစက်သေနတ်တို့ဖြင့် ရှင်းပစ်လိုက်ကြလေသည်။


ဝင်းဂိတ် ညွှန်ကြားချက် လိုက်နာရန် ပျက်ကွက်ခဲ့သော အရာရှိကို နာရီမဆိုင်း တပ်သားအဆင့်သို့ လျှော့ချ၍ ဖာဂူဆန်၏ စစ်ကြောင်းသို့ ပို့လိုက်လေသည်။ ဤစစ်ဆင်ရေးတွင် အလားတူ ပြင်းပြင်းထန်ထန် စစ်မြေပြင် ပြစ်ဒဏ်ပေးသည့် စစ်ကြောင်းမှူးများလည်း ရှိသည်။ တစ်ချိန်တွင် ကင်းတာဝန်ကျနေသည့် တပ်သားအိပ်နေသည်ကို စစ်ကြောင်းမှူးက မိသောအခါ ကျူးလွန်သူကို သေနတ်နှင့်ပစ်၍ ဆုံးမသည်ကို ခံမည်လော၊ သို့မဟုတ် ကြိမ်ဒဏ်ပေးသည်ကို ခံမည်လော သို့မဟုတ် စစ်ကြောင်းမှ နှင်ထုတ်သည်ကိုခံ၍ မိမိဘာသာ ချင်းတွင်းမြစ်ကို သွားမည်လော၊ ဤသုံးခု အနက် ကြိုက်ရာကိုရွေးစေသည်။ ကွန်မန်ဒိုတပ်ဖွဲ့မှူး လောကတ်ကလည်း ၁၉၄၄ ခုနှစ် ချင်းဒစ်စစ်ဆင်မှုအတွင်း သူကိုယ်တိုင်



ခြေသေ့တပ်မှူးကြီး ဗိုလ်ချုပ်ဝင်းဂိတ်



www.burmeseclassic.com



ဗိုလ်ချုပ်ဝင်းဂိတ်အား စစ်ဆင်ရေးကာလတစ်လျှောက်လုံး
ထိမ်းသိမ်းကြပ်မတ်ပေးခဲ့သည့်
အမှတ်(၁၄)တပ်တော်မှူး ဗိုလ်ချုပ်ကြီးဝီလီယံစလင်း



ကြိမ်ဒဏ်ပေးရသည့်အခါများ ရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ဝင်လာသည့်လမ်းမှပင် ပြန်ထွက်မည်မဟုတ်ဟု ဂျပန်တို့က တွက်ဆလိမ့်မည်ဟု ဝင်းဂိတ်က သုံးသပ်မိသည့်အတွက် အင်းရွာမှပင် ဧရာဝတီမြစ်ကို ကူးရန် ဆုံးဖြတ်လိုက်သည်။ ဖာဂူဆန်က ဘန့်ကွက်သည့်ကြားမှပင် ဝန်တင်တိရစ္ဆာန်အများအပြားကို ပစ္စည်းနှင့် တန်ခန့်နှင့်အတူချန်ထားခဲ့ရသည်။ ဖာဂူဆန်သည် ဂျပန်များနောက်က လိုက်လာပါက ဟန့်တားရန်နှင့် ချုံခိုတိုက်ခိုက်ရန် တာဝန်ဖြင့် ဟသ်ာရွာသို့ မတ်လ ၂၅ ရက်နေ့၌ ချီတက်စဉ်က သိတွေ့မှုကို ဤကဲ့သို့ ပြန်ပြောင်းပြောပြသည်။

"ကျွန်တော်တို့ မီးရောင်မြင်ရလို့ အနီးကပ်ကြည့်တဲ့အခါ မီးပုံတစ်ခုကို ညီညီညာညာ လေးထောင့်ပုံ ထောင့်တစ်ထောင့်စီမှာ လူတစ်ဦးစီ စိမ်ပြေနပြေ ထိုင်နေကြတာကို မြင်လိုက်ရတဲ့အခါ မြန်မာရွာသားများလို့ ထင်လိုက်မိပြီး ကျွန်တော် မှတ်သရွေ့ တတ်သရွေ့ မြန်မာစကားဖြင့် ဒါဘာရွာလဲလို့ မေးလိုက်တယ်။ မီးဖိုတစ်ဖက်က လူများ ခေါင်းမော့ကြည့်ကြတယ်။ အနီးဆုံးနေရာမှ ကျောပေးထိုင်နေသူများက သမင်လည်ပြန် နောက်လှည့်ကြည့်တဲ့အခါမှ ဂျပန်တွေဖြစ်နေတာကို သိရတော့တယ်။ သူတို့နဲ့ ၃ ကိုက်လောက်သာ ကွာတော့တယ်။ အနှောင့်အယှက်ပေးရတာ အားနာတယ်လို့ တောင်းပန်လိုပေမယ့် စိတ်ကို မျိုသိပ်လိုက်ရင်း လက်ပစ်ဗုံးကို ပင်ဖြုတ်ပြီး မီးဖိုအလယ်တည့်တည့် ပစ်သွင်းလိုက်တယ်။ နောခနဲလှည့်ပြီး တစ်ချိုးတည်း ပြေးစဉ်မှာပဲ လေးစက္ကန့်အကြာမှာ လက်ပစ်ဗုံး ပေါက်ကွဲသွားတယ်"

ထိုဂျပန်တပ်ဖွဲ့မှာ ဗိုလ်မှူးကြီးကိုဘ၏ စည်းသုံးတန်အဖွဲ့

မြရတနာစာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဝင်းဂိတ်တို့ကို အပြန်လမ်းတွင် ချေမှုန်းရန် စီမံချက်အရ ပိတ်ဆို့ တာဝန်ယူနေသော အဖွဲ့များ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ကိုဘသည် ပိတ်ဆို့ရေးအဖွဲ့များကို ဧရာဝတီမြစ်တစ်လျှောက် ပျဉ်ပုံ၊ မယု၊ တောင်မော်၊ ပင်လယ်ဘူးမျဉ်းနှင့် ချင်းတွင်း တစ်လျှောက်ဟူ၍ တောင်နှင့်မြောက်အတိုင်း စည်းသုံးတန် ချထားသည်။ ဤသို့ ပိတ်ဆို့ထားခြင်းအားဖြင့် ဝင်းဂိတ်ကို တပ်ခွဲ ငယ်များအဖြစ် ဖြန့်ခွဲ၍ ဟာကွက်များမှ တိုးထွက်ရေး ကြိုးပမ်းရန် ဖန်တီးနိုင်ခဲ့သည်ဟု ကိုဘက ယူဆသည်။

ဖာဂူဆန်ကမူ တပ်ကို မဖြန့်ခွဲဘဲ အင်အားစုစည်းထားလျှင် ဂျပန်တပ်များသည်လည်း မိမိတို့ကို ပိတ်ဆို့ရန် ဖြန့်ခွဲရသည်ဖြစ်၍ ထိုးဖောက်ထွက်ရာ၌ တိုးမိလျှင်လည်း ၎င်းတို့ မိမိတို့ထက် အင်အားမသာနိုင် အင်းရွာတွင် ဖြတ်ကူးရာ၌ စစ်ကြောင်း (၅) ကြုံရသည့်အဖြစ်က ဝင်းဂိတ်၏ အင်အားခွဲဖြန့်ရေး ဆုံးဖြတ်ချက်ကို ပိုပြီး ခိုင်မာစေခဲ့သည်။ စစ်ကြောင်း (၇) သည် စုစည်းရရှိသော လှေ ၂၀ ခန့်ဖြင့် ကူးရာတစ်ဖက်ကမ်းသို့ ကပ်မိသည်နှင့် စိန်ပြောင်း ဒဏ်ကို အလူးအလဲခံကြရသည်။ လှေတစ်စင်းထိမှန် နစ်မြုပ် သွားသည်။ ဂျပန် လက်ဖြောင့်စစ်သည်များကလည်း အမှည့်ချွေ ခြွေလေတော့ရာ နာမည်ကြီးရှေ့နေ ဆာဟေစတင်၏ သားဖြစ်သူ စစ်ကြောင်း၏ တပ်ရေးဗိုလ်ကြီး ဒေးဗစ်ဟေစတင်မှာ ကမ်းပေါ် ရောက်မှ တောစပ်သို့အကူး၌ ထိမှန်လဲကျသွားသည်။ တပ်မဟာ အလိုက် တစ်လုံးတစ်စည်းတည်း ကူးရန် မဖြစ်နိုင်တော့၊ ဝင်းဂိတ် မှန်းချက်မှာ ယခုတစ်ကြိမ် နမ်းထွက်မကိုက်တော့ပေ။

စစ်ကြောင်းမှူးများ ခေါင်းချင်းရိုက်ကြပြီးသည့်နောက်တွင်





ကူးပြီးသည့်အဖွဲ့ထဲမှ လွတ်မြောက်သွားသူများ ရှိလျှင်လည်း နှင့်ယသို့ သူနည်းသူ့ဟန်ဖြင့် ပြန်ရန်သာရှိပေမည်ဟု စိတ် မသက်သာနှင့်ပင် ဆုံးဖြတ်ရတော့သည်။ ကျန်စစ်ကြောင်းများကမူ အရှေ့ဘက်သို့ ပြန်လှည့်၍သတ်မှတ်သည့် ဆုံရပ်၌ တွေ့ကြပြီး ထုံခွဲရန် ဖြစ်သည်။ ပင်လယ်ဘူး၏ အနောက်တောင်ယွန်းယွန်း ၁၀ မိုင်ခန့်တွင် လေကြောင်းမှ သံလိုက်အိမ်မြှောင်များ၊ မြေပုံများ၊ ရိက္ခာများနှင့် တောစီးဖိနပ်အများအပြား ချပေးစေ၍ အဖွဲ့ငယ်များ အလိုက်ခွဲဝေပေးသည်။ မတ်လ ၂၉ ရက်နေ့တွင် ဖာဂူဆန်၏ စစ်ကြောင်းမှ ဒုစစ်ကြောင်းမှူးက ဟင်္သာရွာဖြစ်စဉ် အစီရင်ခံရင်း ဝင်းဂိတ်ထံရောက်လာ၍ ၎င်းတို့စစ်ကြောင်းအတွက်ပါ လေကြောင်း မှ ချပေးသည်ကို ယူရန် မှာလိုက်သည်။ သို့သော် ဖာဂူဆန်မှ လမ်းခရီးဖင့်နေ၍ ဝင်းဂိတ်တို့စခန်းမှခွာပြီးသည့်နောက်မှ ရောက် လာသည်။ မြက်ပင်များ ခွက်နေသည့် အနေအထားအရ ၎င်းတို့ ပိုင်စက်သည့်နေရာများဟု ဖော်ထုတ်နိုင်သော်လည်း ထွက်လမ်းကို ပိရိရိဖျောက်ထားသဖြင့် ဘယ်လိုက်ရမည်ကို သဲလွန်စ ဖော် မရပေ။ ဖာဂူဆန်ကလည်း အကြောင်းမထူးတော့သဖြင့် မဆိုင်း တော့ဘဲ ဖောက်ထွက်ရန်ဆုံးဖြတ်လိုက်သည်။ ဟင်္သာရွာတိုက်ပွဲတွင် ဆက်သွယ်ရေးစက် တင်ထားသည့် လားကို ထိမှန်၍ လျှိုထဲကျပြီး ဆုံးရှုံးသွားတော့သည်။ ထို့ကြောင့် လေကြောင်းရိက္ခာထောက်ပံ့မှုကို မမျှော်လင့်နိုင်တော့။ ကချင်ဒေသအတွင်း၌ ခိုလှုံစရာ ပိုမိုရလိမ့် မည်ဟု တွက်၍ ရွှေလီမြစ်ကို ကူးရန်ပြင်သည်။

ရွှေလီတကြော၌ လှေ အလုံအလောက် မရ။ တစ်ဖက် ကမ်းသို့ မှန်ပြောင်းဖြင့် လှမ်းကြည့်ရာ ရွာထဲမှ ၎င်းတို့ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



အလားတူမှန်ပြောင်းဖြင့် ကြည့်နေသော ဂျပန်စစ်သားကို မြော် လိုက်ရသည်။ ဖာဂူဆန်အတွက် ဤမြစ်ကူးရသည့် အတွေ့အကြုံ သည် အိပ်မက်ဆိုးသဖွယ်ပင် ဖြစ်တော့သည်။ "ညဉ့်အမှောင် အတွင်း တဝေါဝေါ စီးဆင်းနေသော ရေအလျဉ်သည် သဲနုန်း အကွက်များ၏ တဖွက်ဖွက်ခုပ်သံထက်ပင် ဆိုးရွားနေသေးသည်။ ကျွန်တော်၏ ၆ ပေ ၁ လက်မ အရပ်ပင် ရင်ခေါင်းကျော်နေသည့် အတွက် ရေအနက် ၄ ပေခွဲခန့်ရှိပြီး ရေစီးနှုန်း ရေမိုင် ၄/၅ မိုင်နှုန်း ဖြင့်စီးနေရာ အောက်ခြေလွတ်သွားပါက ရင်ဘတ်ကို ဖိတွန်းနေ သည့် ရေအလျဉ်တွင် တလိမ့်ခေါက်ကွေး တောက်လျှောက်ပါသွား နိုင်သည်။ မြစ်ပြင်သည် ကိုက် ၇၀ မှ ၈၀ အတွင်းရှိသဖြင့် အရပ်ပု သူများ ဒုက္ခရောက်ကြသည်။ လေး၊ ငါးယောက်ခန့် မဟန်နိုင်ဘဲ ရေထဲပါသွားသည်။ ၎င်းတို့ဘဝကို ပြည်ဖုံးကား ချလိုက်ခြင်း ပေတည်း" ဖာဂူဆန်က သူရေးသော စာအုပ်၌ အထက်ပါအတိုင်း ဖော်ပြခဲ့သည်။

မြင်းတစ်ကောင်မှာ တစ်ဖက်ကမ်းကူးပြီးမှ ကမ်းပေါ် မတက်နိုင်ဘဲ နောက်ဆုံးရေထဲ မျောပါသွား သည်။ အချင်းချင်း လက်တွဲ ကူးသည့်တိုင် ရေစီးတွင် လက်တွဲပြုတ်သွားတတ်သည်။

ပထမအဆင့်ကူးရာတွင် မြစ်လယ်တွင် ထွန်းနေသော သောင်ခုံပေါ်သို့ ရောက်ကြသည်။ နံနက် ၄ နာရီခန့် ဒုတိယအဆင့် ကူးမည်လုပ်စဉ်အတွင်း ပါလာသည့် နှစ်စင်းတည်းသော လှေတို့မှာ မှောက်၍ လှေသမားများလည်း ထွက်ပြေးကြပြီဖြစ်ကြောင်း သတင်း ပို့လာသည်။ ထိုအချိန်တွင် ၎င်းတို့ ကူးဖြတ်ရန် စောင့်ဆိုင်းနေ ကြရသည်မှာ နာရီပေါင်းများစွာ ကြာခဲ့ပေပြီ။ ချမ်းအေးလှသော





အစာရေစာ ငတ်ပြတ်နေသည့်ကြားထဲ ရေသံ တဝေါဝေါအကြား မျောပါ၍ ကယ်ပါယူပါ အော်သံများကြောင့် စိတ်ချောက်ချားနေ ကြသည်။ ဖာဂူဆန်၏ ဒုစစ်ကြောင်းမှူးပင်လျှင် ရေထဲတွင် ခြေ ချော်ပြီး မျောသွားရာ မြုပ်သွားပြီးမှ အစာငတ်သည့်အတွက် အား အင်ဆုတ်ယုတ်၍ စိတ်ဓာတ်ကို အကြီးအကျယ်ကျစေသည့်အချက် ပင် ဖြစ်သည်ဟု ယူဆမိသည်။

ထိုအချိန်မှာ အရုဏ်ကျင်းရန် နာရီပိုင်းမျှသာ လိုတော့ သည့်အပြင် မြစ်အရှေ့ဘက်လမ်းဆီမှ ဂျပန်စစ်ကားကြီးများ မီးထိုး မောင်းလာနေသည်ကိုပင် လှမ်းမြင်နေရပြီဖြစ်၍ မြစ်လယ်သောင် ခုံပေါ်တွင် မကူးနိုင်ဘဲ ကျန်ရစ်နေသူများကို စောင့်ခေါ်သင့်,မသင့်ကို ဖာဂူဆန်က ဆုံးဖြတ်ရတော့သည်။ စောင့်ခေါ်မည်ဆိုက သူတို့၏ လွတ်လမ်းကိုပါ ပိတ်ရာရောက်မည် မဟုတ်ပါလော။ လွတ်လွတ် ကျွတ်ကျွတ် ကူးပြီးသူ အရာရှိ ၉ ဦး၊ စစ်သည် ၆၅ ဦးတို့အနက် ဒဏ်ရာရရှိသူများနှင့် မျောပါသူတို့မှာ ၄၆ ဦး ရှိ၍ အများစုမှာ သောင်ခုံပေါ်တွင် ရှိနေသည်။ နောက်ဆုံးတွင် ကူးပြီးသည့် အင်အားဖြင့်ပင် ဆက်ထွက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ အရာရှိ အချို့က ကျန်ရစ်သူတို့ကို စောင့်ခေါ်မည်ဟု ပြောသော်လည်း ဖာဂူဆန်က ခွင့်မပြုပေ။ ဤသို့ဆုံးဖြတ်ခဲ့သည်မှာ မှန်ကန်သည်ဟု ယုံကြည်လျက်နှင့်ပင် ဤကိစ္စသည် သူ့ဘဝတစ်လျှောက်လုံး စိတ် ဖိစီးမှုတစ်ရပ် ဖြစ်နေတော့ သည်။

"ဒီထက် ရက်ရက်စက်စက် စိတ်ဆင်းရဲစရာကောင်းတဲ့ ဆုံးဖြတ်ချက်မျိုးကို တပ်မှူးငယ်တစ်ဦးအနေဖြင့် ချဖို့ ကျွန်တော့် အပြင် ရှိမယ်မထင်ပါနဲ့" ဟု ဖာဂူဆန်က ညည်းရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထွက်ရာ၌လည်း ဖာဂူဆန်အတွက် စိတ်မကောင်းစရာ
ဖြစ်ရပ်ကို ထပ်မံကြုံရသေးသည်။ နောက် နှစ်ရက်အကြာတွင်
ကချင်ရွာတစ်ရွာ၌ ရိက္ခာဖြည့်တင်းနေစဉ် ဂျပန်တပ် ရောက်လာ
ရာ တာရှည်ခံနိုင်မည့် အခြေအနေ မရှိသဖြင့် ရှောင်ထွက်သွား
ခဲ့သည်။ သို့သော် နောက်တစ်နေ့တွင် ဖာဂူဆန်၏ မိတ်ဆွေရင်း
ဩစတြေးလျနိုင်ငံသား ဒန်ကင်မင်းဖီးက ကင်းလှည့်ရင်း ထိုရွာသို့
ဝင်ရာတွင် အမိခံရပြီး ဂျပန်တို့လက်ထဲတွင် သစ်ပင်၌ချည်၍
လှံစွပ်ထိုးပြီး မသေမရှင် ချန်ထားခဲ့သည်။ ၎င်းတို့နောက်တစ်နေ့
တွင် ဗမာ့သေနတ်ကိုင်တပ်ရင်းမှူး ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး ဝီးလာ
လာတွေ့ရာ ၎င်းအား မိဘများက အမှတ်တရအဖြစ် ပို့ပေးခဲ့
မင်းဖီးက သူ၏ လက်ပတ်နာရီကို ချွတ်ပေးပြီး နောက်ခံစားနေရ
သော ဒုက္ခမှ လွတ်ငြိမ်းမှု မော်ဖင်းထိုးပေးရန် တောင်းပန်လေသည်။
သူ၏ဆန္ဒအတိုင်း ဆောင်ရွက်ပေးပြီးသည့်အချိန်မှာပင် ဝီးလာ
သည်လည်း ဂျပန်လက်ဖြောင့်၏ ကျည်ဖြင့်ဆုံးပါးလေသည်။

ဖာဂူဆန်၏ စစ်ကြောင်း (၅) သည် အငတ်ငတ် အပြတ်
ပြတ်နှင့်ပင် ခရီးဆက်ခဲ့ကြသည်။ ငတ်သည့်အခါမှသာ အစာကိုစား
စိတ်စိုးမိုးလာပြီ။ အထူးသဖြင့် သကြားငတ်နေသော ဖာဂူဆန်၏
အဇ္ဈတ္တသန္တာန်တွင် သူကျောင်းသားဘဝ ပြင်သစ်နိုင်ငံတူးမြို့တွင်
စားခဲ့ဖူးသော ချောကလက်မလိုင်မုန့်ကိုမှ ပြန်ပြောင်းသတိရမိ နေ
လေသည်။ ရွှေဝတီမြစ်ကို ကူးပြီးနောက် ၁၅ ရက်အကြာ ဧပြီ
၂၄ ရက်တွင် ချင်းတွင်းသို့ ရောက်၍ နောက် ၂ ရက်အကြာတွင်
အင်ဖာသို့ရောက်သည်။ အင်ဖာ၌ပင် ဦးနှောက် ငှက်ဖျားပိုးဝင်၍
တစ်ဦး သေဆုံးသွားသေးသည်။ စထွက်စဉ်က စစ်ကြောင်းတွင်





ပါသည့် (၃၁၈) ဦးအနက် (၉၅)ဦးသာ ပြန်ပါလာသည်။ အင်အား
သုံးပုံ နှစ်ပုံ လျော့သွားခြင်းပင်။ ကျန်ရစ်သူများအနက် အချို့မှာ
ဆုတ်ပြည်မှုလည်းကောင်း၊ အချို့ပူတာအိုမှတစ်ဆင့်လည်းကောင်း
ပြန်ရောက်လာသူတို့ရှိသည်။ မြန်မာ့သေနတ်ကိုင်တပ်ရင်းများမှ
ပါလာသူများကိုမူ ၎င်းတို့ သက်ဆိုင်ရာရပ်ရွာတွင် ကိုယ်ဖျောက်
နေထိုင်ကြရန် ပြန်သွားခဲ့ကြပြီး ဖြစ်လေသည်။

အဝင်ကထက် အပြန်လမ်းတွင် ဆုံးရှုံးမှုပိုများသည်။ ထို
အနက်တွင် ကွန်မန်ဒိုတပ်ဖွဲ့၏ တစ်ယောက်တည်းသော ဆုံးရှုံးမှု
ဖြစ်စဉ်က ထူးခြား၍ ကျောချမ်းဖွယ်ပင် ဖြစ်သည်။ "ကျွန်တော်တို့
ထုံးစံအတိုင်း တစ်နာရီအကြာ ခေတ္တနားဖို့ ရပ်ခါစ ဆယ်မိနစ်
လောက်အကြာမှာ တပ်သားဘရောင်းကို ရှေ့ကိုက် ၁၀၀ ခန့် တောင်
ကုန်းကလေးနောက်မှာ ကြည့်ကင်းစောင့်ခိုင်းလိုက်တယ်။ ပြန်ထွက်
ဖို့ ၂ မိနစ်လောက် ရှိဦးမယ်။ သူမပါလာလို့ ပထမအရာခံဗိုလ်
ဆဲယားကို လိုက်ခေါ်ခိုင်းလိုက်တယ်။ နောက်ထပ် ကိုယ်တိုင်
လိုက်သွားတယ် နှစ်ယောက်သား တစ်နာရီလောက် အော်ပြီး
ရှာပေမယ့် မတွေ့ဘူး။ ဒီနေရာက ဂျပန်တပ်မရှိတဲ့နေရာမို့ ဘယ်လို
ပျောက်သွားတယ်ဆိုတာ ဒီနေ့အထိ စဉ်းစားလို့ မရဘူး" ဟု
ကွန်မန်ဒိုအဖွဲ့မှူး လောကတ်က ဤဖြစ်စဉ်ကို ပြန်ပြောခဲ့သည်။

စစ်ကြောင်း (၈)မှ တပ်ကြပ်ကြီး တိုနီအော်ဗရီကလည်း
ထူးဆန်းရာအနာတရဖြစ်၍ လမ်းဆက်မလျှောက်နိုင်တော့သော စစ်သည်
တစ်ဦး၏ ကြေကွဲဖွယ်သနစ်ကို ဤသို့ ပြောပြသည်။

"တစ်ညမှာတော့ ခြေထောက်မှာ ဆိုးဆိုးရွားရွား အနာတရ
ဖြစ်နေတဲ့ တစ်ယောက်က ဆက်မလိုက်ဘူး" လို့ ဆုံးဖြတ်ပြီး လှဲချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ အဖော်တွေက သူတို့ကိုယ်တိုင်လည်း ပင်ပန်းနေ ပေမယ့် တွဲခေါ်ဖို့ ကြိုးပမ်းကြတယ်။ ဒါပေမဲ့ သူက လက်မခံဘူး လက်ပစ်ဗုံးပေးနိုင်သလောက် ပေးထားခဲ့ဖို့သာ ပြောနေတော့ နောက်ဆုံး လက်ပစ်ဗုံးတွေ ပေးပြီး သူ့ကို ထားရစ်ခဲ့ရတယ်။ အဲ ညမှာပဲ နောက်တစ်ယောက် ခြေချော်ပြီး ချောက်ထဲကျသွားတယ်။ ချောက်မနက်လှပေမယ့် အကျမတော်တော့ ခွကြားဆောင့်မိပြီး အူကျနာဖြစ်တယ်။ ဆရာဝန်က ဗိုလ်ကြီးဗိုက်ဟက်နဲ့ ထွက်သွားပြီ ကျွန်တော်တို့ရှိတဲ့ စစ်မြေပြင် ဆေးပတ်တီးနှင့် စည်းပေးကြတယ်။ ကြိုးစားလိုက်ရင်း တဖြည်းဖြည်းနဲ့ စစ်ကြောင်းနောက်မြီး၊ အဲ ကတစ်ဆင့် နောက် ၁၀ ကိုက်၊ နောက် ကိုက် ၁၀၀ ဝေးကျန်ရစ် နောက်တော့ မျက်စိတစ်ဆုံးကြည့်တောင် သူ့ကို မမြင်ရတော့ဘူး ပထမတော့ သူ့အခြေအနေကို အချင်းချင်းမေးကြသေးတယ်။ နောက်တော့ အမှတ်တမဲ့ဖြစ်သွားတယ်။ လူချင်းမစာနာလို့တော့ မဟုတ်ဘူး။ ပင်ပန်းလွန်းတော့ ဂရုမစိုက်နိုင်ကြတော့လို့ပါ”

ကလေဗတ်၏ စစ်ကြောင်းမှ အဖွဲ့ငယ်များအလိုက် ဝင်ကြ သည်။ စစ်ကြောင်းပင်မအဖွဲ့သည် ဝင်လာစဉ်က ကျွမ်းပြီးဖြစ်သည့် တုံဟဲနှင့် အောက်တောင်အကြားမှ ဝင်လာသည်။ အပြန်လမ်းမှာပင် ကလေဗတ်သည် ဆတ်ဆော့၍ ရထားလမ်းကို ထပ်၍ ဖောက်ခဲ့ သေးသည်။ “စစ်ပွဲသည်၊ ဆက်သွယ်ရေးစက်တို့ကို အစားထိုး ရနိုင်ပေမယ့် လူတစ်ယောက်အစားရဖို့ ၂၅ နှစ်စောင့်ရမယ်။ တာဝန် ကျေကုန်ကြပြီမို့ သူတို့အတွေ့အကြုံကို အဓိက လိုအပ်နေတယ်” ဟု ဝင်းဂိတ်က လူရနိုင်သမျှကို ပြန်ပါလာအောင်ခေါ်ခဲ့ရန် မပြော ခဲ့လျှင် သူ ထပ်လုပ်နေဦးမှာ ဖြစ်သည်။ ၎င်း၏အဖွဲ့သည် ချင်းတွင်း





ကို ဧပြီလ ၁၄ ရက်တွင် ပြန်ရောက်သည်။ အစောဆုံး ပြန်ရောက် သည့် အဖွဲ့ဖြစ်သည်။ ဤသို့သော အောင်မြင်မှုသည် ကလေဗတ်၏ ဆင်ထွင်းဉာဏ်နှင့် လေ့ကျင့်မှု အရည်အသွေးတို့ကြောင့် ဖြစ်သည်ဟု နယ်တပ်မ၏ စစ်သမိုင်းသုတေသီများက သုံးသပ်သည်။

ကိုဘက `တစ်ချိန်တွင် ဝင်းဂိတ်ကို အသေအချာ မိပြီဟု ယုံကြည်မိသည်။ ဧပြီလကုန်ခန့် ဖောင်းပြင်မြောက်ဘက် ချင်းတွင်း ကမ်းခြေတွင် သူ လွှတ်ထားသော တိုက်ကင်းတစ်ဖွဲ့သည် လူ ၁၀ ယောက်ခန့် မြစ်ဖြတ်ကူးသည်ကို မြင်၍ ပစ်သည်။ သို့သော် ည၏အမှောင်တွင် ပစ်မှတ်ကို မထိ။ ဂျပန်တပ်များက သူ့ကို စောင့်ကြည့်သော်လည်း ဘုန်းကြီးတစ်ပါးက မူးမြစ်ဝှမ်းကို ဖြတ်၍ တောင်လမ်းများ၊ တောင်ပေါ်စမ်းချောင်းများကို သုံးပြီး လမ်းပြ ခေါ်ဆောင်သွားခဲ့သည်ဟု သတင်းဖြစ်ခဲ့သည်။ ဝင်းဂိတ်သည် ဆက်သုံးတော် ခွဲစိတ်ကုဓားဖြင့် တစ်ချက်တွက်လျှင် ကျွဲကို သေစေ သည်။ သူတို့သည် ထမင်းနှင့်ကျွဲသားကို စားကြသည်ဟုလည်း သတင်းဖြစ်သည်။

ဝင်းဂိတ်၏ ဌာနချုပ်သည် ရွှေလီခွင်တွင် ပိတ်မိနေစဉ်က အောက်ထွက်မိ အားဖြည့်သောအနေဖြင့် မြင်းသား၊ လားသား များကို တနင့်တပိုးစားရင်း အနားယူခဲ့ကြသည်။ သူ၏ ဆက် သွယ်ရေးအရာရှိ ဗိုလ်စပါးလော့စ်မှာမူ ထိုအခါမှစ၍ ဝမ်းလျှော ခြင်းဖြင့် ဝင်းဂိတ်သည် စည်းကမ်းကိုပင် ကျော်လွန်၍ ကောင်းလာ မည်လား ၄၈ နာရီစောင့်သေးသည်။ နောက်ဆုံးတွင် ၎င်းအရာရှိကို ခြင်ထောင်၊ သံလိုက်အိမ်မြှောင်နှင့် စားစရာပေးပြီး ရွာတွင် ထားရစ်ခဲ့ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်နှင့် နီးလာသောအခါ ဘုန်းတော်ကြီး
မိမိရွာတွင် ဂျပန်များ ရောက်နေပြီး ဝင်းဂိတ်ကို လိုက်ရှာနေကြော
သွားရောက်စုံစမ်းခဲ့ပြီး ဝင်းဂိတ်ကို ဖမ်းမိထားသည့် လိ
ဘေးမဲ့ပေးရန် စကားပြန်မှ တစ်ဆင့် ပြောသည်။ စင်းချော
ငယ်ကို ရေထဲလွှတ်လိုက်ပြီးနောက် စောင့်နေသော်လည်း လ
များ မပေါ်လာ၍ နံနက် ၃ နာရီခွဲတွင် ဝင်းဂိတ်တို့ တော
ပြန်ခိုနေကြသည်။ ဝင်းဂိတ်၏ ဌာနချုပ်တွင် စထွက်စဉ် အင်အ
၂၂၀ အနက် ယခု အတူပါလာသူ ၄၃ ယောက်ရှိသည်။ ရေမ
တတ်သူများကို ဗိုလ်မှူးအင်ဒါဆင်နှင့် ထားခဲ့ပြီး ဝင်းဂိတ်နှင့်အ
စကားပြန် အောင်သင်း၊ ကွန်မန်ဒို တပ်ဖွဲ့မှူး ဂျွန်ဂျက်ဖရီးခ်
စစ်သည်သုံးဦးတို့ ထွက်သွားသည်။ မြစ်ဆီသို့ ရောက်ရန် ကို
၃၀၀ ခန့် ကိုင်းတောကိုဖြတ်ရသည်။ မြစ်ကမ်းစပ်သို့ ရောက်
ဝင်းဂိတ် ဝတ်ထားသော ဘောင်းဘီအထူပင်လျှင် စုတ်ဖွာကု
ခြေထောက်မှာလည်း သွေးအလိမ်းလိမ်းနှင့် ဖြစ်တော့သည်
နေကလည်း မွန်းတည့်နေပါပြီ။ သို့သော် အင်ဒါဆင်တို့ကို ညအ
လှေနှင့် ကဲ့နိုင်ရန် ချက်ချင်းကူးဖို့ပြင်သည်။ ဖိနပ်နှင့် ခြောက်
ပြူးကို စစ်ခါးပါတ်တွင်တွဲ၍ ကျောပိုးအိတ်တွင် ဝါးဆစ်များထည်
ဝင်းဂိတ်က ကူးသည်။ ဂျက်ဖရီးခ်သည်လည်း မကြာမီ ယက်
ယက်ကန် ဖြစ်လာသည်။ အကြပ်တစ်ဦးမှာ အမြော်အမြင်ကြီးစွာ
ယူလာမိသော ရာဘာဗောကြောင့်သာ မနစ်ဘဲ ရှိသည်။ ဝင်းဂိတ်
ပက်လက်လှန်၍ ကိုယ်ကို ဖော့ထားစဉ် ဂျက်ဖရီးစ်ထံမှ "ဘ
လောက်လိုသေးလဲ။ ကျွန်တော်တော့ မတတ်နိုင်တော့ဘူး"
အားပေးလိုက်သည်။ ကံအားလျော်စွာ မကြာမီထောက်မိကြ



ာင်ခုံပေါ် လှဲချလိုက်ကြသည်။ ဤနေရာတွင် တစ်ဖက်ကမ်းမှ
ာတံငါသည်တစ်ဦးက မြစ်ညာဘက် လေးမိုင်ခန့်အကွာတွင်
သျှတပ်စခန်းတစ်ခုရှိကြောင်း ပြောပြပြီး ရွာတွင် ကျွေးမွေး
နောက် ဂေါ်ရခါးစစ်သားများရှိသည့် စခန်းသို့ လိုက်ပို့ပေးသည်။
န်းမှူးနှင့် ဝင်းဂိတ်တို့သည် အင်ဒါဆင်နှင့်အဖွဲ့ကို ခေါ်ရန်
ထွက်ကြသည်။

ထိုကြားတွင် အင်ဒါဆင်သည် မြစ်ကမ်းသို့ဆင်း၍ မီးခြစ်
ဖြင့် တစ်ဖက်ကမ်းသို့ အချက်ပြသည်။ မထူး။ နောက်သန်း
ခေါင်ကျော်အထိ ပုံမှန်အချက်ပြသော်လည်း မထူးသောအခါ
ဂိတ်တို့ သေကုန်ကြပြီလားဟု ထင်မိသည်။ ရေကောင်းစွာ
ကူးနိုင်သော လေးယောက်တစ်ဖွဲ့က စမ်းကူးကြည့်ရာတွင်
င်ဦးသာ ပြန်ရောက်လာပြီး ၎င်း၏ဘေးမှ ကူးသူမှာ ရေစီး၌
ပါပြီး ရေနစ်သွားသည်။ ကျန်နှစ်ယောက် ဘယ်ရောက်သည်
မှ မသိကြောင်းဖြင့် ပြန်သတင်းပို့သည်။ ထို့ကြောင့် အင်ဒါဆင်
အဖွဲ့သည် မြစ်ကမ်းမှခွာ၍ ကိုင်းတောကို ဖြတ်ပြန်ကြလေသည်။

ဤအဖွဲ့တွင် အိန္ဒိယအစိုးရ၏ အကဲကြည့်အဖြစ် လိုက်
ာသော ဗိုလ်ကြီးမိုတီလာလ်ဆိုသူ တစ်ဦးပါသည်။ သူသည်
နှင့် တူအရိုး တော်သည်။ ကမ္ဘာအရှေ့အလယ်ပိုင်းဒေသတွင်
ထမ်းဆောင်ရာမှ ပြန်ရောက်မဆိုက် ဝင်းဂိတ်တို့နှင့် ပါလာသူ
သည်။ လှေကျင့်ရေးသင်တန်း မတက်ခဲ့ရသော်လည်း လမ်း
င်လျှောက် ညည်းညူခဲ့သည်မရှိ။ လစ်ဗျားတွင် တာဝန်ထမ်း
ာင်စဉ်က ဓွမ်းရည်ဘွဲ့ရဖူးသူလည်း ဖြစ်သည်။ ယခု သူက
တပ်ကြပ်ကြီးတစ်ဦးနှင့် အနီးအနားရွာသို့ လှေရှာထွက်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလာသည်။ ရထားသည့် သတင်းများအရ ရွာတွင် ဂျပန်
ရှိနေမည်မှာ သေချာသလောက်ပင် ဖြစ်ကြောင်း သတိပေး
သည်။ သို့သော် သူက စိတ်ပိုင်းဖြတ်ထားပြီ ဖြစ်သည်။
သေရတော့မည်ဟုလည်း သူ့အာရုံတွင် နိမိတ်ထင်ပြီး ဖြစ်
သည်။ ရွာထဲမဝင်မီ တပ်ကြပ်ကြီးကို နေရစ်ခဲ့ရန် မှာပြီး
ယောက်တည်း ဝင်သွားသည်။ မိနစ်အနည်းအငယ်အကြာ
သေနတ်သံများ ပေါ်လာသည်။ နောက် ၁၀ မိနစ်စောင့်သည်အ
မပေါ်လာသဖြင့် တပ်ကြပ်ကြီးက ပြန်ပြေးလာပြီး အင်ဒါဆင်
သတင်းပို့သည်။ မှောင်စပျိုးလာသည့်နောက်တွင် အင်ဒါဆင်
စွန့်ပြီး မီးဖြင့် အချက်ပြသည့်အခါတွင်မူ တစ်ဖက်ကမ်းမှ တရိပ်
လှုပ်ရှားမှုတွေ့ရပြီး မကြာမီ လှေများရောက်လာရာ မြန်မြ
ထက်ထက်ပင် တက်၍ ကမ်းမှခွာကြသည်။ ထိုအချိန်တွင် စိန်ပြေ
ဖြင့် ဂျပန်တို့က ပစ်ခတ်ခြင်း ခံရသည်။ မိုင်ဝက်အကွာခန့်မှ ပစ်ခြ
ဖြစ်သော်လည်း တဖြည်းဖြည်း ကပ်လာသဖြင့် တစ်ဖက်ကမ်း
ဂေါ်ရခါးတပ်က ပြန်ပစ်မှ တန့်သွားသည်။ ဤအချိန်တွင် ဝင်းဂိတ်
ဆီးကြိုလျက် မွေးနေ့မင်္ဂလာ ဆုတောင်းပတ္တနာ ပြုသံကို ကြား
လိုက်ရသည်။ ဧပြီ ၂၉ ရက်သည် အင်ဒါဆင်၏ မွေးနေ့ မွေးရက်
ပေတည်း။

**အပေါက်ပေါက်မှတုံ့ပြန်မှုများ**

ဖေဖော်ဝါရီ ၁၄ ရက်တွင် ချင်းတွင်းကို ကျော်ဖြတ်ခဲ့သော
အရာရှိ စစ်သည် ၃၀၀၀ အနက် ဖွန်လ ပထမပတ်အထိ အိန္ဒိယ
သို့ ပြန်ရောက်သည့်ဦးရေမှာ ၂၁၈၂ ယောက် ဖြစ်သည်။ ပါသွား





သည့် ပစ္စည်းအားလုံးလိုလို ဆုံးရှုံးပြီး ကိုယ်စီ လက်နက်များမှအပ
အခြားလက်နက်ပစ္စည်းအများမှာ ဖျက်ဆီး၍သော်လည်းကောင်း
ဆုံးရှုံး၍သော်လည်းကောင်း ပြန်မပါလာတော့ပေ။ ကွာခြားသည့်
အင်အား ၁၀၀၀ နီးပါးအနက် ၄၅၀ ခန့်မှာ တိုက်ပွဲတွင် ကျဆုံး
သူများဖြစ်သည်။ ဗမာသေနတ်ကိုင် တပ်ရင်း (၂) မှ အင်အား
၁၂၀ ကိုကား အရပ်ဝတ်လဲ၍ မိမိတို့ဌာနေတွင် ဖျောက်နေရန်
ထားခဲ့သည်။ ကျန် ၄၃၀ အနက် အများစုမှာ ဂျပန်တို့ လက်ထဲ
ကျရောက်ခဲ့သူများ ဖြစ်သည်။

သူတို့သည် အနည်းဆုံး မိုင်ပေါင်း ၇၅၀ ချီတက်ခဲ့ကြ
ပြီး အများစုမှာ မိုင် ၁၀၀၀ ချီတက်ခဲ့သူများ ဖြစ်ခဲ့သည်။ အများစု
သည် အရိုးပေါ်အရေတင်၊ နံရိုးအပြိုင်းပြိုင်းနှင့် ငှက်ဖျား
ဆုံနစိုနာရောဂါများ ခံစား နေကြရသည်။ အချို့မှာ စစ်မြေပြင်တာဝန်
ပြန်လည်ထမ်းဆောင်နိုင်အောင် ရက်ရှည်လများ အနားယူကြရ
သည့် အခြေအနေ ရှိသည်။ အင်အား ပြန်လည်ပြည့်ဝလာသည့်
အခါတွင် ရရှိခဲ့သော အတွေ့အကြုံများကို တန်ဖိုးရှိရှိပြန်လည်
အသုံးချရလိမ့်မည်ဟု သဘောပေါက်သူများလည်း ရှိပေသည်။

အိန္ဒိယစစ်သမိုင်းပညာရှင် အဆိုအရ ဤစစ်ဆင်ရေးသည်
မဟာဗျူဟာရှုထောင့်မှ အကျိုးအမြတ်အားဖြင့် သုညသာလျှင်
ဖြစ်သည်။ ဝင်းဂိတ်တို့ ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ခြင်းကြောင့်
မန္တလေး၊ မြစ်ကြီးနား ရထားလမ်း လေးပတ်ခန့် ပိတ်သွားသဖြင့်
ထိုထက်ဝေးသော ဗန်းမော်မှတစ်ဆင့် လမ်းကို ဂျပန်တို့ပြောင်းလဲ
သုံးကြရသည်။ သို့သော် ဝင်းဂိတ်တပ်များသည် တန်ဖိုးရှိသော
မြေပြင်အခြေအနေဆိုင်ရာ အချက်အလက်များကို သိရှိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်အများအပြားကို သုတ်သင်နိုင်ခဲ့ပြီး ၎င်းတို့တပ်စုဖွဲ့မှုများကို လေကြောင်းမှ တိုက်ခိုက်နိုင်ရန် ဖော်ထုတ်ညွှန်ကြား ပြသပေး နိုင်ခဲ့သည်။ မြစ်ကြီးနားဒေသရှိ ကချင်စစ်ဝန်ထမ်းတပ်များကို ဂျပန် တို့က ဖိတိုက်နေခြင်းမှ ဖိအားလျော့စေရန် ဖန်တီးနိုင်ခဲ့သည်။ အလားတူတပ်များ ထိုးဖောက်လာလိမ့်နိုး ဂျပန်တို့ ထင်မြင်လာ အောင်လည်း ဖန်တီးနိုင်ခဲ့သည်။

စစ်ပွဲ၏ အရှုံးအမြတ်ကို ဤနည်းဖြင့် တွက်လျှင်ကား များပေလိမ့်မည်။ သတင်းစာလောကတွင်ကား ယခင်က မြန်မာပြည် စစ်ပွဲများတွင် ဗြိတိသျှတပ်များနှင့် ပတ်သက်၍ အထူးစိတ်ပျက်ဖွယ် သတင်းများကိုသာ ကြားနေရရာမှ အလွန်တရာ ခြားနားသော ဖြစ်စဉ်များကို သိလာရသည်။ စိတ်ဓာတ်ရေးရာအရ ရခိုင်တိုက်ပွဲစဉ် များနှင့်ဆိုလျှင် အခြားတစ်ဘာသာသပ်သပ်စီ ဖြစ်နေသည်။ ထို့ ကြောင့် သတင်းစာများကလည်း သာသာထိုးထိုး ရေးလိုက်ကြသည်။

''ကျွန်တော်တို့ ဘာလုပ်နိုင်လိုက်သလဲ ဆိုလျှင်တော့ ရေရေရာရာ ဘာမျှသိပ်မရှိလှပါဘူး။ ရှိတာလည်း ကျွန်တော်တို့ ပြန်ရောက်လာပြီး မကြာမီ သတင်းစာများရဲ့ မီးမောင်းထိုးမှုကြောင့် ဖောင်းပွကုန်တာပါပဲ။ ကျွန်တော်တို့ ဖောက်ခွဲနိုင်ခဲ့တဲ့ ရထားလမ်း အစိတ်အပိုင်းများကို မကြာမီ ပြန်ပြင်နိုင်ကြပါတယ်။ တန်ဖိုးရှိတဲ့ သတင်းတချို့ ထောက်လှမ်းနိုင်ခဲ့ပါတယ်။ ဂျပန်တပ်များကို သူတို့ လုပ်နေတဲ့ စစ်ဆင်ရေးကလေးတွေက အာရုံလွှဲနိုင်ခဲ့ပြီး စစ်ဆင်ရေး ကြီးများမှလည်း အာရုံလျော့သွားအောင် ဖန်တီးကောင်း ဖန်တီး နိုင်ခဲ့ပါတယ်။ ရန်သူကို ရာနှင့်ချီပြီး ကျွန်တော်တို့ သုတ်သင်နိုင် ခဲ့တယ်ဆိုပေမယ့် သန်းပေါင်းရှစ်ဆယ်အနက်က ရာဂဏန်းမျှသာ





ဖြစ်ပါတယ်။ တပ်ဖွဲ့တစ်ခုဟာ လေကြောင်းထောက်ပံ့မှုသက်သက် နှင့် ရပ်တည်နိုင်တယ်ဆိုတာကိုတော့ ဟုတ်မှန်ကြောင်း လက်တွေ့ ပြနိုင်ခဲ့ပါတယ်''

ဟူသော ဖာဂူဆန်၏ မိမိကိုယ်ကိုမိမိ လျှော့လျှော့ပေါ့ပေါ့ သုံးသပ်မှုပင်လျှင် ရိုက်ခတ်ခဲ့သော ဂယက်အဟုန်ကို မလျှော့ပါး စေနိုင်ခဲ့ပေ။ အဓိကအရေးပါသည့် အချက်ဖြစ်သော လေကြောင်း ထောက်ပံ့မှုအပိုင်းတွင် လေတပ်တပ်ရင်းမှူး၊ ရောဘတ်သော်မဆန် (နောင်တွင် ဆာဘွဲ့ရ၍ မလေးရှားကွန်မြူနစ်သောင်းကျန်းမှု နှိမ်နင်း ရေး မဟာဗျူဟာဖော်ထုတ်ခဲ့သူ) သည် စစ်ကြောင်းများနှင့်အတူ စစ်ဆင်ရေးတစ်လျှောက် ပါခဲ့ပြီး ဆက်သွယ်ရေးအဖွဲ့များနှင့် ပေါင်းစပ်၍ ကားလမ်း သံယောဇဉ်ကြီးခဲ့သော ဗြိတိသျှတပ်ကို ဟောင်လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သူဖြစ်သည်။ သူသည် စစ်ဆင်ရေးတစ်လျှောက် ခံစားကြရသော အခက်အခဲဒုက္ခပေါင်း တွင်လည်း ကြုံတွေ့ခံစားခဲ့သူဖြစ်လေသည်။ ''ကျွန်တော်တို့ စစ်ပွဲ စဉ်များတွင် ဤမျှ ဒုက္ခခံစားရသော အလားတူ ဖြစ်ရပ်များ များပါးပါလိမ့်မည်'' ဟူသော ဝင်းဂိတ်၏အဆိုနှင့် မှတ်ဆိတ်မွေး ထူထူ၊ နံရိုးပြိုင်းပြိုင်းနှင့် ၎င်းတို့ ဓာတ်ပုံများသတင်းစာများတွင် ဖော်ပြလိုက်သောအခါ ဝင်းဂိတ်၏စကားသည် ကမ္ဘာ့အပြင်တွင် လေးလေးနက်နက် ထိရောက်သွားပေသည်။ ကျန်သည်ကား အပရိကမျှသာဖြစ်၍ အမှန်မှာ ဝင်းဂိတ်သည် တောတွင်းစစ်ဆင် ရေးကို ပုံစံပြောင်းခဲ့ပေသည်။

ဝင်းဂိတ်၏ အစီရင်ခံစာတွင် သူ့ရဲဘော်များမှာ စကာတင် ရက်ရွေးစင်များ မဟုတ်ကြကြောင်း ရနိုင်သည့်သူကို သုံးရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ ဂေါ်ရခါးတပ်များတွင် ဂေါ်ရခါးစကားတတ်သူ အရာရှိ နည်းခြင်းနှင့် အချိန်ယူလေ့ကျင့်ပေးရသော အခက်အခဲရှိကြောင်း၊ အမှတ် (၂) မြန်မာ့သေနတ်ကိုင် တပ်ရင်းမှာမူ ထိပ်တန်းတပ်ဖြစ် ပြီး ရှရာ ဖား၊ မြွေ စသည်စား၍ အာဟာရဖြည့်တင်းနိုင်သဖြင့် ကျန်းမာရေးလည်းကောင်းကြောင်း၊ ဘုရင် လီဗာပူးတပ်မှ အများ စုမှာ ခံနိုင်ရည်ရှိမှု အသိဉာဏ်၊ ပညာအရည်အချင်းနှင့် အလိုက် သင့် ကျင့်ကြံနေထိုင်တတ်မှုတို့တွင် အားနည်းကြောင်း အထူးသဖြင့် လေ့ကျင့်သည့်ကာလတွင် အရာရှိပိုင်း၌ ဤသဘောကို တွေ့ရ ကြောင်း ဖော်ပြထားသည်။ သာမန်အင်္ဂလိပ်တစ်ယောက်သည် ယေဘုယျအားဖြင့် အပရိက အနာရောဂါလောက်ကိုပင် စိုးရိမ် လွန်ကဲနေတတ်သည်။ ခြုံပြောရလျှင် ခြေလျင်တပ်သည် အရည် အသွေးညံ့သည်။ ထို့ကြောင့် အမြောက်နှင့် သံချပ်ကာ ယန္တရား တပ်ဖွဲ့မှ ဂျပန်နှင့် စစ်ပွဲတွင် ယင်းတပ်ဖွဲ့များအနေဖြင့် ရှေ့တန်း၌ သုံးရန်မလိုသည့် အင်အားထဲမှ ရယူလိုခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ရှင်းလင်းထားသည်။ သို့သော် ဗြိတိသျှ ခြေလျင်စစ်သည်မှာ ချင်းဒစ် စစ်ဆင်မှုမျိုးအတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု နောက်ပိုင်းတွင် ပြောခဲ့သည်။ ဝင်းဂိတ်သည် ဤအောင်မြင်မှုတွင် သာမန်စစ်သည် တို့၏ အခန်းကိုလည်း ဖော်ထုတ်ရန် မမေ့ခဲ့ပေ။ ဤစစ်ဆင်ရေး ဘုရင့်အမှတ် (၁၃) လီဗာပူးတပ်ရင်းသည် အထိအနာဆုံးတပ် ဖြစ် သည်။ စစ်ဆင်ရေးစဝင်စဉ်က ၇၁၂ ဦးအနက်၊ ၃၄၈ ဦးသာ ပြန် ရောက်လာသည်။ အဖမ်းခံရသူများအနက် ဗိုလ်စပါးလေ့အပါအဝင် ၇၁ ဦးမှာ စစ်အပြီးတွင် အသက်ရှင်လျက်ရှိသည်။ ဤတပ်နှင့် ပတ်သက်၍ သာမညတပ်များသာ ဖြစ်သည်ကို ဝင်းဂိတ်က စစ်ဆေး





ထွက်မိကပင် **Daily Express** နေ့စဉ်သတင်းစာမှ သတင်းထောက် အား ဤသို့ပြောခဲ့သည်။

“ဒီစစ်ဆင်ရေးအောင်မြင်ခဲ့ရင် အသက်ထောင်ပေါင်းများစွာ ဆက်သာရာရကြလိမ့်မယ်။ မအောင်မြင်ရင်တော့ ကျွန်တော်တို့ကို ဘယ်သူ့မှ အရေးလုပ်ကြတော့မှာ မဟုတ်ဘူး။ ကျွန်တော်တို့ အောင်မြင်ရင်တော့ စစ်ဆင်ရေးနည်းသစ်တစ်ရပ် ကမ္ဘာကို တင်ပြ နိုင်ရမှာပဲ။ တစ်လက်စတည်းပဲ ဂျပန်ကို သူတို့တိုက်နည်းမျိုးနှင့်ပဲ အနိုင်ယူပြီး သူတို့ကို မြန်မာပြည်က မောင်းထုတ်ပစ်နိုင်မည့် ရက် တာလည်း နီးသွားပြီပေါ့။ ကျွန်တော့်တပ်သားတွေဟာ လူငယ် လူရွယ်တွေ မဟုတ်ကြတော့ဘူး။ ၂၈ နဲ့ ၃၅ အကြား အိမ် ထောင်သည်တွေပါ။ သူတို့ အရင်တာဝန်ကတော့ ကမ်းခြေစောင့်နဲ့ အတွင်းပိုင်း လုံခြုံရေးတာဝန်လောက်ပါပဲ။ ဒီစစ်ကြီးတစ်လျှောက် အကြမ်းဆုံး စစ်မြေပြင်မှာ စစ်ဦးဘီလူးတိုက်ရတဲ့ တပ်မျိုးအဖြစ် အသုံးခံရမယ်လို့ သူတို့တစ်ခါမျှ အိပ်မက်တောင် မက်ဖူးမှာ မဟုတ်ပါဘူး။ မန်ချက်စတာနဲ့ လီဗာပူးလမ်းများပေါ်က အိမ်ထောင် ရှင်များတောင် ရန်သူ့နောက် ပိုင်းကိုထိုးဖောက်ဝင်ရတဲ့ စစ်ဆင် ရေးအတွက် လေ့ကျင့်မှုရသေးတယ်ဆိုကာ သေချာပြီပေါ့။ ကျွန်တော် ယုံကြည်မိတဲ့အတိုင်း ကျွန်တော်တို့ ဗြိတိသျှလူမျိုးတွေဟာ စစ်ရေး စစ်ရာမှာ ဘယ်သူ့နောက်မှာမှ မနေဘူးဆိုတာလည်း တစ်ကမ္ဘာ လုံးကို သက်သေပြနိုင်တော့မှာပါ။”

စိတ်ပျက်ဖွယ်သတင်းများသာ ထွက်ပေါ်ခဲ့သော စစ်မျက် နှာတစ်ရပ်မှ ဤကဲ့သို့ အားရဖွယ်စကားများကို ကြားရသည့် ဗြိတိသျှ လူထုမှာ ဖရဏာပီတိ ဝွမ်းဆီထိသည့်နှယ်ပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတပ်မဟာအင်အား သုံးပုံတစ်ပုံ ပြုန်းတီးခဲ့၍ စစ်ခုံရုံးနှင့် ရင်ဆိုင်ရလိမ့်မည်လားဟုပင် တွေးမိခဲ့သော တပ်မှူးမှာ တစ်မဟုတ်ချင်းပင် နိုင်ငံကျော် သူရဲကောင်းဘဝသို့ ရောက်သွားတော့သည်။ ထိုဖြစ်ရပ်၏ အာနိသင်ကို ကောင်းစွာသိသော ဝန်ကြီးချုပ်ချာချီကလည်း ရခိုင်စစ်ပွဲများ၌ အဖန်တလဲလဲ ကြုံရသော ထိုးစစ်ဆင်မှုများ နှောင့်နှေးမှုများကြောင့် စိတ်ပျက်နေရာမှ ယခုအခါ အကြီးအကျယ် ဝမ်းမြောက်သွားသည်။ ခေါင်းဆောင်ဝင်းဂိတ်အား အကြီးအကျယ် ချီးမြှင့်လိုသည့်ဆန္ဒသည်လည်း လွန်ကျူးစွာ ဖြစ်ပေါ်သွားလေတော့သည်။ အရှေ့ဖျားစစ်မျက်နှာအတွက် ငယ်ငယ်ရွယ်ရွယ်နှင့် တီထွင်နိုင်စွမ်းရှိသည့် တပ်မှူးကို တွေ့ရပေပြီဟု ယူဆသည့်အတိုင်း ၁၉၄၃ ခုနှစ် မေလ ၂၄ ရက်စွဲနှင့် အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်လေသည်။

**"ညံ့ဖျင်းမှုနှင့် လျော့နည်းမှုတို့သာလျှင် ကြီးစိုးခဲ့သော ကျွန်ုပ်၏ အိန္ဒိယစစ်မျက်နှာ စစ်ဆင်ရေးများတွင် ဝင်းဂိတ်နှင့် သူ၏တပ်၊ သူ၏စွမ်းဆောင်မှုများသည် ထူးခြားထင်ပေါ်ခဲ့သည်။ အမှန်တကယ် အရည်အသွေးရှိသူများကို ထိုက်သင့်သည့် စစ်ဖက်ရာထူးဌာနန္တရများ၌ ခန့်အပ်ရေးတွင် စစ်မှုထမ်းသက်နှင့် ပတ်သက်၍ အဟန့်အတားမဖြစ်စေရ"**

ထိုထုတ်ပြန်ချက် ထွက်လာပြီး မကြာမြင့်မီမှာပင် ဝင်းဂိတ်အား ဗိုလ်မှူးချုပ်ရာထူးသို့ ချာချီက တိုးမြှင့်ပေးလိုက်၏။ ဝင်းဂိတ်သည် အချိန်မတိုင်မီမှာပင် စောစီးစွာ ရာထူးတက်သွားခဲ့လေသည်။ ၎င်း၏ စွန့်စားမှုအတွက် ဝန်ကြီးချုပ် ချာချီထံမှပင် အထက်ပါအတိုင်း ကြီးမားသောဆုလာဒ်ကြီးကို ဝင်းဂိတ် ရရှိလိုက်ပေသည်။

မြရတနာစာပေ



ဤကား ဝင်းဂိတ်၏ ပထမအကြိမ် မြန်မာနိုင်ငံတွင်းသို့ ခရီးရှည်ထိုးဖောက်ချီတက်ခြင်းနှင့် ပတ်သက်သည့် တုံ့ပြန်ဖြစ်ပေါ်လာမှုများပင်တည်း။

အထက်ဖော်ပြပါ အကြောင်းအရာများကား ဗိုလ်ချုပ်ဝင်းဂိတ်၏ မြန်မာပြည်တွင်းထိုးဖောက်ဝင်ရောက်ရာ၌ မြစ်များကို အကြိမ်ကြိမ်ကူး၍ စစ်ဆင်ခဲ့ရသည့် နာမည်ကျော် Wingate Expedition ပါ ခင်းများ။

**ကိုးကားသောစာအုပ်များ**

၁ Wingate, Leonand Mosley.

၂။ Prisoners of Hope, Micheal Calvert.

၃ Beyond the Chindwin, Fergusson.

၄ The Longest War in Burma, Louis Allen.

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မိတ္ထီလာတိုက်ပွဲ

ဆက်လက်၍ ရောဝတီမြစ်ကြီးကို ဖြတ်ကူးခဲ့သော ဗြိတိသျှအမှတ် (၁၄) တပ်တော်၏ မိတ္ထီလာ တိုက်ပွဲကြီးကို လေ့လာကြပါစို့ခင်ဗျာ။

**နိဒါန်း**

မိတ္ထီလာတိုက်ပွဲသည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရာတွင် အလွန်အရေးပါသော တိုက်ပွဲဖြစ်၏။ မိတ္ထီလာမြို့သည် မြန်မာပြည်ရှိ ဂျပန်တပ်သားအားလုံးအတွက် ရေ့တန်း ထောက်ပံ့ရေးစခန်းဖြစ်သဖြင့် အလွန်အရေးကြီးပြီး စစ်ရေးအရအချက်အချာကျသော မြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ထို့အပြင် မိတ္ထီလာ၌ ဂျပန်တို့အဖို့ အရေးပါသောလေယာဉ်ကွင်းလည်းရှိလေရာ ထိုလေယာဉ်ကွင်းကို မဟာမိတ်တို့ သိမ်းပိုက်နိုင်ခဲ့လျှင် မခန့်မှန်းနိုင်လောက်အောင် တန်ဖိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့ကို မဟာမိတ်တို့ သိမ်းပိုက်တပ်စွဲထားနိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အလယ်ပိုင်းရှိ ဂျပန်တို့၏ ကာကွယ်ရေးအဆောက်အဦကြီး တစ်ခုလုံး ပြိုကျပျက်စီးသွားမည်ဖြစ်၏။ ထို့အပြင် မိတ္ထီလာသည် အမှတ် ၁၅ ဂျပန်တပ်တော်၏ ဆက်သွယ်ရေးဗဟို အချက်အချာ ဖြစ်လေရာ ထိုမြို့ကို သိမ်းပိုက်နိုင်လျှင် မြောက်ဘက်ရှိ မန္တလေးတွင် ဂျပန်တို့၏ စစ်ဆင်ရေးများမှာ များစွာအဟန့်အတားအနှောင့်အယှက် ဖြစ်သွားကြပေလိမ့်မည်။ သို့အတွက် ဗိုလ်ချုပ်ကြီးစလင်းနှင့် အင်္ဂလိပ်တို့သည် မိတ္ထီလာမြို့ကို သိမ်းပိုက်နိုင်ရန် လပေါင်းများစွာ ကြိုတင်စီမံခဲ့ကြသည်။

**နှစ်ပက်တပ်များ အခြေအနေ**

မိတ္ထီလာတိုက်ပွဲ အကြိုကာလမှာ မဟာမိတ်တို့ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် အင်အားအလုံး အရင်းဖြင့် ထိုးစစ်ဆင်နေသော ကာလဖြစ်သည်။ ထိုစဉ်က မဟာမိတ်တပ်အင်အားမှာ အောက်ပါအတိုင်းဖြစ် သည်။

၁။ အမှတ် (၄) တပ်မကြီး (ဒုဗိုလ်ချုပ်ကြီး မက်ဆာဗီ)

(က) အမှတ် (၇) နှင့် အမှတ် (၁၇) တပ်မဟာ

(ခ) အမှတ် (၂၅၅) တင့် တပ်မဟာ (ရှားမင်းတင့်များ)

(ဂ) လူရှည်တပ်မဟာ

(ဃ) အမှတ် (၂၀) အရှေ့အာဖရိကတပ်မဟာ။

၂။ အမှတ် (၃) တပ်မကြီး (ဒုဗိုလ်ချုပ်ကြီး စတော့ဖို့ဒ်)

(က) အမှတ် (၂)၊ အမှတ် (၁၉) နှင့် အမှတ် (၂၀) တပ်မ

(ခ) အမှတ် (၂၅၄) တင့်တပ်မဟာ (လီးဂရန့်နှင့် စတူးဝပ်တင့်များ)

(ဂ) အမှတ် (၂၆၈) တပ်မဟာ

ယင်းအင်အား၌ ရခိုင်စစ်မျက်နှာရှိ တပ်များမပါဝင်သေးပေ။

ထိုကာလအတွင်း၌ မြန်မာပြည်ရှိ ဂျပန်တပ်အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အမှတ် (၂၈) တပ်တော်

ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင်းဦးစီး၍ ရခိုင်စစ်မျက်နှာနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေနံချောင်းအထိ တာဝန်ယူထားသည်။ အမှတ် (၅၄) နှင့် အမှတ် (၅၅) တပ်မများအပြင် အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၇၂) သီးခြားလှုပ်ရှားတပ်မဟာတို့ ပါဝင်သည်။

၂။ အမှတ် (၁၅) တပ်တော်

ဒုတိယဗိုလ်ချုပ်ကြီး ကာတာမူရာ ကွပ်ကဲ၍ အင်ဖာတိုက်ပွဲပြန် အမှတ် (၁၅) အမှတ် (၃၁) နှင့် အမှတ် (၃၃) တပ်မများ ပါဝင်သည်။

၃။ အမှတ် (၃၃) တပ်တော်

ဒုတိယဗိုလ်ချုပ်ကြီး ဟွန်ဒါကွပ်ကဲ၍ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်း စစ်မျက်နှာတို့ကို တာဝန်ယူထားသည်။ အမှတ် (၁၈) နှင့် အမှတ် (၅၆) တပ်မများအပြင် အမှတ် (၅၃) နှင့် အမှတ် (၂) တပ်မများမှ တပ်များကိုပါ ရံဖန်ရံခါ တွေ့ရတတ်သည်။

၃။ မြန်မာပြည်စစ်မျက်နှာအရန်

ပဲခူးရှိအမှတ် (၄၉) တပ်မ







www.burmeseclassic.com

www.burmeseclassic.com



**မဟာမိတ်တို့၏ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေး စီမံချက်**

မဟာမိတ်တို့၏ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေး စီမံချက်၌ အဓိကအားဖြင့် စစ်ရေးအရ အချက်အချာဖြစ်သော မိတ္ထီလာမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များ ပါဝင်ကြောင်း တွေ့ရပါသည်။

၁။ အမှတ် (၁၇) အိန္ဒိယတပ်မသည် အမှတ် (၇) အိန္ဒိယတပ်မနှင့် ပေါင်းစည်းပြီးနောက် ဧရာဝတီမြစ်ကို ဖြတ်ကူးကာ မိတ္ထီလာကို သိမ်းပိုက်၍ ထိုဒေသတွင် အခိုင်အမာ တပ်စွဲကာ တန်ပြန်တိုက်ခိုက်လာသော ရန်သူကို ချေမှုန်းပစ်ရန်။

၂။ အမှတ် (၅) အိန္ဒိယတပ်မသည် မိတ္ထီလာသို့ ချီတက်၍ အမှတ် (၁၇) တပ်မနှင့် တွေ့ဆုံပြီးနောက် ရန်ကုန်သို့ မိတ္ထီလာ-ရန်ကုန်ကားလမ်းအတိုင်း ဆက်လက်ချီတက်ရန်။

၃။ မတ်လအတွင်း မိတ္ထီလာတိုက်ပွဲ ဆင်နွှဲနေချိန်တွင် မန္တလေးမြို့ကို သိမ်းယူရန်။

၄။ မန္တလေးကို သိမ်းပြီးနောက် အမှတ် (၂) တပ်မသည် အမှတ် (၁၉) တပ်မ၊ အမှတ် (၂၀) တပ်မတို့နှင့် အတူ တောင်ဘက်သို့ ချီတက်ကြရန်၊ အမှတ် (၁၉) တပ်မသည် မိတ္ထီလာ၏အရှေ့ဘက်နှင့် မြောက်ဘက်ဒေသများကို ရှင်းလင်း၍ အရှေ့ဘက်သို့ ဆက်လက်ချဲ့ထွင် တိုက်ခိုက်သွားရန်၊ အမှတ် (၂၀) တပ်မမှာမူ မိတ္ထီလာမြို့ကိုဖြတ်ကာ အမှတ် (၇) အိန္ဒိယတပ်မနှင့်အတူ ရန်ကုန်မြို့ဆီသို့ ဧရာဝတီမြစ်နှင့်






၁၉၅၁ခုနှစ်က ဗြိတိသျှစစ်ဦးစီးချုပ် ဖီးလ်မာရှယ် ချုပ်ကြီး ဆာဝီလီယံစလင်း

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယကမ္ဘာစစ်အတွင်းက ဗိုလ်ချုပ်ဝင်းဂိတ်နှင့် ဗိုလ်ချုပ်ကြီးစလင်းတို့ကိုအာသံပြည်တစ်နေရာတောတွင်း၌တွေ့ရစဉ်

အတိုင်း ချီတက်ရန်။

၅။ အမှတ် (၁၅) တပ်မကြီးမှာ ရခိုင်ကမ်းရိုးတန်း ဒေသတွင် ကြည်းကြောင်း၊ ရေကြောင်းတို့မှ စစ်ဆင်ရန်၊ ရန်ကုန်သို့ အမှတ် (၂၆) တပ်မဟာ ရေလမ်းမှ ဝင်ရောက်သိမ်းပိုက်ခြင်းဖြင့် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန်။

## ဂျပန်တို့၏ စီမံချက်

ဂျပန်တပ်တော် တစ်တပ်တွင် တပ်မ (၂) တပ်သာ ပါဝင်သဖြင့် ဗြိတိသျှနှင့် မဟာမိတ်တို့၏ တပ်မကြီးအဆင့် အင်အားနှင့် ညီမျှသည်။ အင်ဖာတိုက်ပွဲတွင် ရှုံးနိမ့်မှုကြောင့် မြန်မာပြည်ရောက် ဂျပန်စစ်မြေပြင်တပ်မှူးကြီးများအား ရာထူးမှဖယ်ရှား၍ လူသစ်များ အစားထိုးခန့်ထားခဲ့သည်။ မြန်မာပြည် စစ်ဒေသမှူးဗိုလ်ချုပ်ကြီး ကဝါဘီမှ လွဲ၍ ကျန်တပ်မှူးကြီးများ အားလုံးလိုလို ဖယ်ရှားခံခဲ့ရသည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး ကဝါဘီကိုပါ ဖယ်ရှား၍ ဒုတိယဗိုလ်ချုပ်ကြီး ကီမူရာနှင့် အစားထိုးလဲလှယ်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ကီမူရာမှာ အမြောက်တပ်အရာရှိတစ်ဦးဖြစ်ပြီး ဂျပန်တပ်မတော်၏ အထက်မြက်ဆုံး တပ်မှူးကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်းအား တိုကျိုရှိ ဂျပန်စစ်ဌာနချုပ်က မြန်မာပြည်သို့ တိုက်ရိုက်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ကီမူရာက မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် စစ်ဆင်လာသော မဟာမိတ်တပ်များကို ဧရာဝတီမြစ်ရိုးတစ်နေရာတွင် မြစ်ကို အထူးဆီးကြိုချေမှုန်းခြင်းဖြင့် မဟာမိတ်တပ်များ ချင်းတွင်းမြစ်ကြောင်းဆီသို့ ပြန်ဆုတ်စေရန် မျှော်မှန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ဧရာဝတီမြစ်ကမ်းတွင် အဆုံးအဖြတ် တိုက်ပွဲကြီးများဆင်နွှဲရန် ကြံစည်ခဲ့၏။ ယင်းကြံရွယ်ချက်အတိုင်း မြန်မာပြည်တွင်းရှိ ဂျပန်တပ်များကို အောက်ပါအတိုင်း ပြန်လည်စုဖွဲ့ခဲ့၏။

(၁) အမှတ် (၃၃) တပ်တော် လက်အောက်ခံအမှတ် (၂) တပ်မဟာအား မိတ္ထီလာသို့ ရွှေ့ပြောင်းစေပြီး အမှတ် (၅၃) တပ်မအား အမှတ် (၁၅) တပ်တော်လက်အောက်သို့ ရွှေ့ပြောင်းပေးလိုက်သည်။

(၂) အမှတ် (၂၄) တပ်မဟာကို မော်လမြိုင်သို့ စေလွှတ်ခဲ့သည်။

(၃) အမှတ် (၂) တပ်မနှင့် အမှတ် (၂၄) တပ်မအား မြန်မာပြည်စစ်ဒေသ၏ အရန်အဖြစ်ထားလိုက်သည်။ သို့ဖြင့် အရန်အင်အားစုစုပေါင်းမှာ တပ်မ (၂) တပ်နှင့် တပ်မဟာ (၁) တပ်ဖြစ်သွားသည်။ ယင်းအရန်တပ်များအား လိုအပ်လျှင် မြန်မာနိုင်ငံမြောက်ပိုင်းသို့ မီးရထားလမ်းကြောင်းဖြင့် ရွှေ့ပြောင်းပေးနိုင်သကဲ့သို့ မြန်မာနိုင်ငံတောင်ပိုင်းကို မဟာမိတ်တို့ ကမ်းတက်တိုက်ခိုက်လာလျှင်လည်း အသင့်ရှိစေရန် စီမံထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံစစ်မျက်နှာ အသီးသီးတွင် တိုက်ပွဲဝင်နေသော တပ်များအနက်မှ တချို့ကိုပြန်လည်ရုပ်သိမ်းစေပြီး မန္တလေးနယ်မြေတစ်ဝိုက်ရှိ မဟာမိတ်အမှတ် (၃၃) တပ်မကြီးအား အလုံးအရင်းဖြင့်တိုက်ရန် ဗိုလ်ချုပ်ကြီး ကီမူရာက ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်ကြီး ကီမူရာသည် လီဒိုရှိ တရုတ်တပ်သားများအား တိုက်နေသော အမှတ် (၃၃) ဂျပန်တပ်တော်၏ အမှတ် (၁၈) တပ်မစစ်သည်အင်အား အမြောက်အမြားနှင့် ပဲခူးတွင် အရန်အဖြစ်





ထားရှိသော အမှတ် (၄၉) တပ်မမှ တပ်တစ်တပ်တို့ကို မန္တလေးသို့ အင်အားဖြည့်တင်းခဲ့၏။

ရခိုင်စစ်မျက်နှာရှိ အမှတ် (၅၄) ဂျပန်တပ်မသည် ၎င်း၏ နောက်ရန်တပ်နှစ်တပ်ကို အမ်းနှင့် တောင်ကုတ်တောင်ကြားလမ်း တစ်နေရာ၌ချထားခဲ့ပြီး ကျန်တပ်မတစ်ခုလုံးက အရှေ့ဘက်သို့ အလျင်အမြန် ချီတက်စေကာ ရေနံချောင်းမြောက်ဘက်၌ တစ်စည်းတစ်လုံးတည်းစုဝေးကြရန် ညွှန်ကြားလိုက်၏။ မြန်မာပြည်တောင်ပိုင်းရှိ အမှတ် (၄၉) ဂျပန်တပ်မမှ တပ်ကျန်များနှင့် အမှတ် (၅၅) တပ်မမှ တပ်ဖွဲ့တစ်ဖွဲ့တို့ကို မန္တလေးသို့ ချီတက်လာစေရန် လှမ်း၍ အမိန့်ပေးလိုက်သည်။ မကြာမီက မာရှယ်တေရာဉချီ၏ အမိန့်အရ အင်ဒိုချိုင်းနားသို့ စေလွှတ်လိုက်သော အမှတ် (၂) ဂျပန်တပ်မသည် ထိုင်းဒယားပြည်ဘက်သို့ ခရီးထွက်ခွာလျက် ရှိနေစဉ် အတွင်းမှာပင် ၎င်းတပ်အား ပဲခူးမှဆီး၍ တားထားလိုက်ပြီး မြန်မာပြည် အလယ်ပိုင်းသို့ အမြန်ပြန်လှည့်စေ၏။

အမှတ် (၁၄) တပ်တော်အား တိုက်ခိုက်နေသော ဂျပန်တပ်အင်အားမှာ တပ်မလေးတပ်နှင့် သုံးပုံနှစ်ပုံစာမျှ အင်အားရှိခဲ့၏။ နောင်အခါ မြန်မာနိုင်ငံ အရပ်ရပ်စစ်မျက်နှာအသီးသီးမှ ပြန်လည်ရုပ်သိမ်း၍ မန္တလေးသို့ ချီတက်လာစေသော အင်အားနှင့် ပေါင်းလိုက်လျှင် အမှတ် (၁၄) တပ်တော်အား ယှဉ်ပြိုင်တိုက်ခိုက်ချေမှုန်းရန် ဂျပန်စစ်အင်အားစုစုပေါင်းသည် တပ်မရှစ်တပ်အပြင် အိန္ဒိယအမျိုးသား တပ်မတော် **(I.N.A)** (ဂျပန်တပ်မတစ်တပ်နှင့် သုံးပုံတစ်ပုံစာ) ရှိခဲ့ပြီးဖြစ်၏။

ဂျပန်တပ်မ အချို့မှာ တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ရမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်ပန်းလျက်ရှိ၏။ တိုက်ရည်ခိုက်ရည်ဘက်တွင်လည်း လျော့ရ နိမ့်ဆင်းနေ၏။ I.N.A အိန္ဒိယတပ်သားတို့မှာလည်း တိုက်ပွဲဝင် အရည်အသွေးပြည့်စုံ လုံလောက်မှု မရှိလှချေ။ သို့ရာတွင် ရောထ မြစ်၏ တစ်ဖက်တစ်ချက်တွင် ရောက်ရှိနေသော ဗြိတိသျှတပ်များ ၏ အင်အားအစုစုမှာ တပ်မ ငါးတပ်စာမျှသာ ရှိလေရာ ယခု လက်ရှိ မိမိဘက်မှ တပ်မကိုးခုစာနှင့်ဆိုလျှင် တိုက်အား အလွန် ကောင်းနေပြီး နိုင်အောင်တိုက်ခိုက်နိုင်စွမ်းလည်း ရှိနေပြီဟု ဂျပန် ဗိုလ်ချုပ်ကြီး ကီမူရာက မျှော်မှန်းပုံရ၏။ အမှန်မှာ ဂန့်ဂေါတောင် ကြားတစ်လျှောက် ချီတက်လာသော အင်အားကို တပ်မ တစ် တပ်စာမျှသာရှိမည်ဟု ကီမူရာက ခန့်မှန်းမိခြင်းဖြစ်၏။

### မိတ္ထီလာမြို့ခံစစ်အစီအမံ

မိတ္ထီလာမြို့တွင်းရှိ ဂျပန်တပ်ဖွဲ့များအား ဗိုလ်ချုပ် ကာဆူ ယာက ကွပ်ကဲအုပ်ချုပ်၏။ ဗိုလ်ချုပ်ကာဆူယာသည် ပထမဦးဆုံး ရန်သူ့သတင်းရလျှင် ရချင်းပင် တပ်ဖွဲ့အားလုံးကို စနစ်တကျ ထိန်းသိမ်းပြင်ဆင်ခြင်း၊ မြို့ပတ်လည်ရှိ ခံစစ်စခန်းများကို အသင့် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သူ၏လက်အောက်တွင် စစ်သည် အင်အားစုစုပေါင်း တစ်သောင်းနှစ်ထောင်ခန့်ရှိ၏။ သို့ သော် ၎င်းအင်အားမှာ တပေါင်းတည်းတစည်းတည်း မရှိပေ။ လက်နက်၊ ရိက္ခာ၊ ပစ္စည်းစတိုရုံ၊ လေယာဉ်ကွင်းနှင့် ဆက်သွယ် ရေးလမ်းကြောင်းစသော အချက်အချာ နေရာတို့ကို တာဝန်ပေး ထားသော တပ်ဖွဲ့များသာရှိသဖြင့် နေရာအနှံ့ပြန့်ကျဲနေသည်။ မြို့စောင့်တပ်အင်အား သက်သက်မှာ ၁,၅၀၀ မျှသာရှိသည်။





မိတ္ထီလာစစ်ဆေးရုံတွင် တက်ရောက်နေသော လူနာတပ်သားများ သည်း ရှိသေး၏။

ဗိုလ်ချုပ်ကာဆူယာသည် မိတ္ထီလာမြို့ကို ရန်သူ့အန္တရာယ်မှ ခုခံကာကွယ်ရန် အချိန်အနည်းငယ်သာ ရခဲ့သည်။ သို့သော် မိတ္ထီလာမြို့၏ အဓိကကျပုံ၊ အရေးပါပုံကို သူကောင်းစွာ နားလည် ထား၏။ သို့ဖြစ်၍ မိတ္ထီလာမကျဆုံးရအောင် လှေခွက်ချည်းကျန် အလံမလှဲ မီးကုန်ယမ်းကုန် ခုခံဖို့ ဆုံးဖြတ်ထားသည်။ သူသည် ရှိအဖွဲ့ တပ်စုများအားလုံးကို စုစည်းပြီး ခြေလျင်တပ်ခွဲများကို ပေါင်းစပ်ဖွဲ့စည်းလိုက်သည်။ ခံကတုတ်ကျင်းများကိုလည်း နေ့စဉ် ရက်ဆက် အတူးခိုင်းထားခဲ့သည်။ တပ်ဝန်း ကာကွယ်ရေး တာဝန်ချ ပေးခြင်း၊ အရန်တပ်များ အသင့်ရှိစေခြင်း စသည်တို့ကို မလစ် လပ်အောင် စီမံခန့်ခွဲထားခဲ့သည်။

စစ်သည်အင်အားများပြားစေရန် တိုက်ခိုက်နိုင်သူမှန်သမျှ ကို တိုက်ပွဲဝင် ရှေ့တန်းစစ်ကြောင်းများသို့ ပို့လွှတ်သည်။ စစ်ဆေးရုံ များမှ လူနာများပင်လျှင် သေနတ်ကိုင်နိုင်သူမှန်သမျှ ထုတ်ပေးပြီး စုစည်းထားသည်။ လုံခြုံရေးအတွက်ထားသော တပ်ရင်းနှစ်ရင်းနှင့် လေယာဉ်ပစ်အမြောက်တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူပြီး တပ်စခန်း ကာကွယ်ရေးတွင် စုစည်းလိုက်သည်။

ထိုအတောအတွင်း ဗိုလ်ချုပ်ကြီး ကီမူရာ၏ တပ်များ အားလုံး ပြန်လည်စုစည်းရေး အစီအစဉ်အရ မြန်မာပြည်အလယ် ပိုင်းစစ်မျက်နှာရှိ အမှတ် (၁၅) ဂျပန်တပ်တော်သို့ ပူးပေါင်းရန် ပဲခူးမှ ချီတက်လာသော အမှတ် (၄၉) တပ်မ၏ ပင်မတပ်ဖွဲ့သည် မိတ္ထီလာသို့ ဝင်ရောက် ရပ်နားခဲ့သည်။ ဗိုလ်ချုပ်ကာဆူယာသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုတပ်ဖွဲ့ကိုလည်း မိတ္ထီလာတိုက်ပွဲတွင် အသုံးပြုရန် ဆွဲယူထားလိုက်သည်။ သို့ဖြင့် မိတ္ထီလာမြို့တွင်းတွင် ခံစစ်အတွက် စုစည်းထားရှိသော စစ်သည် အင်အား ၃,၂၀၀ ရှိလာခဲ့၏။

မိတ္ထီလာမြို့အနေဖြင့် ခံစစ်အတွက် အလွန်အခွင့်သာသောအချက်မှာ မြို့၏အနောက်ဘက်နှင့် တောင်ဘက်နေရာတို့မှ မြို့ကိုချဉ်းကပ်ခြင်း၊ ထိုးဖောက်ခြင်း မပြုနိုင်အောင် ကျယ်ပြန့်သောမိတ္ထီလာရေကန်ကြီးက နေရာယူထားခြင်းဖြစ်သည်။ မြို့တွင်းသို့ဝင်ရန် လမ်းမှာကန်ပေါင်ရိုးကို မြေဖို့ ဖောက်လုပ်ထားသော လမ်းသာဖြစ်၏။

မိတ္ထီလာကန်ကြီးမှ ပတ်ဝန်းကျင်နယ်မြေရှိ ကန်ရေသောက်လယ်များသို့ လယ်ရေသွင်းတူးမြောင်း သို့မဟုတ် ချောင်းငယ်မြောင်းငယ်များဖြင့် ဆက်သွယ်ဖောက်လုပ်ထားရာ အဆိုပါရေသွင်းချောင်း၊ မြောင်းတို့သည် တစ်ဖက်မှတိုက်ရန် ချီတက်လာသူတို့အား ခရီးနှောင့်နှေးစေမည့် သဘာဝအတားအဆီးကောင်းများ ဖြစ်ကြပေသည်။ အထူးသဖြင့် မော်တော်ကားနှင့် သံချပ်ကာယန္တရားတပ်များအတွက် အဟန့်အတားကောင်းများ ဖြစ်စေလေသည်။

## အုပ်ချုပ်ထောက်ပံ့မှုနှင့် ပစ်ကူစစ်ကူများ

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစလင်း ဦးစီးသော အမှတ် (၁၄) တပ်တော်နှင့် အမှတ် (၂၂) လေတပ် တပ်မဟာတို့၏ ပူးတွဲစစ်ဌာနချုပ်ကို မုံရွာမြို့တွင် ဖွင့်လှစ်ခဲ့သည်။ မဟာမိတ်တို့အနေဖြင့် အနီးကပ် လေကြောင်းအကူရရှိနိုင်သဖြင့် အုပ်ချုပ်ထောက်ပံ့မှုနှင့် စစ်ကူတို့တွင် အားသာမှုရှိသည်။ ဂျပန်တပ်တော်မှ

မြရတနာစာပေ



ဗိုလ်ချုပ်ကြီး ကီမူရာ၏ တပ်များမှာ နေရာဒေသအနှံ့အပြားတွင် တိုက်ပွဲများ ဆင်နွှဲနေရသဖြင့် စစ်ကူပေးနိုင်မှုတွင် ကန့်သတ်ချက်ရှိသည်။ မိတ္ထီလာမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ကာဆူယာ အနေဖြင့်လည်း စစ်ကူရနိုင်ရန် ခက်ခဲသည်။

## အင်္ဂလိပ်တို့၏ မိတ္ထီလာတိုက်ပွဲစီမံချက်

မဟာမိတ်တို့၏ အမှတ် (၁၄) တပ်တော်မှူး ဗိုလ်ချုပ်ကြီးစလင်းချမှတ်ထားသော စစ်ဆင်ရေးအစီအစဉ်အရ အမှတ် (၄) တပ်မကြီးသည် မိတ္ထီလာကို တိုက်ခိုက်ရာ၌ အောက်ပါအတိုင်း အဆင့် ၆ ဆင့်ထားပြီး တိုက်ခိုက်ရမည်ဖြစ်သည်။

၁။ အမှတ် (၇) အိန္ဒိယတပ်မမှ ယန္တရားတပ်မဟာ (၂၃) နှင့် အမှတ် (၂၅၅) အိန္ဒိယ တင့်တပ်မဟာတို့သည် ညောင်ဦးမြစ်ကူး ခြေကုပ်စခန်းမှနေပြီး ဧရာဝတီမြစ်ကိုကျော်ကာ နွားတွင်းကို သိမ်းပိုက်ရမည်။ ထို့နောက် အရှေ့ဘက်သို့ ဆက်လက်ချီတက်ရမည်။

၂။ မလှိုင်ကို သိမ်းပိုက်ရမည်။ ထို့နောက် တောင်သာကို သိမ်းပိုက်ပြီး တပ်ဖွဲ့အားလုံး မလှိုင်တွင် ပြန်လည် စုရုံးရမည်။

၃။ အမှတ် (၁၇) အိန္ဒိယတပ်မက လေကြောင်း သယ်ယူပို့ဆောင်ပေးနိုင်သော တပ်မဟာများကို ပြောင်းရွှေ့ပေးရန်အတွက် မိတ္ထီလာအနီးရှိ လေယာဉ်ကွင်းများကို သိမ်းပိုက်ရမည်။

၄။ မိတ္ထီလာမြို့သို့ အဆက်အသွယ်ဖြတ်တောက်ထားရမည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၅။ မိတ္ထီလာကို သိမ်းပိုက်ရမည်။
၆။ သာစည်ကို သိမ်းပိုက်ရမည်။

**တိုက်ပွဲဝင်မည့် အင်္ဂလိပ်တပ်များ**

မဟာမိတ်တပ်များမှာ ဗိုလ်ချုပ်ကြီး စလင်း ဦးစီးသော အမှတ် (၁၄) တပ်တော်၊ အမှတ် (၄) တပ်မကြီးမှ တပ်ဖွဲ့ဝင်များ ဖြစ်သည်။ မိတ္ထီလာတိုက်ပွဲတွင် အဓိက တိုက်ခိုက်ရေးအင်အားမှာ အမှတ် (၁၇) အိန္ဒိယတပ်မနှင့် အမှတ် (၂၅၅) တင့် တပ်မဟာ တို့ဖြစ်သည်။ တပ်မမှူးမှာ ဗိုလ်ချုပ်ကိုဝင် ဖြစ်သည်။ အမှတ် (၄) တပ်မကြီးမှ အမှတ် (၁၇) အိန္ဒိယတပ်မ၏ ထိုစဉ်က တိုက်ပွဲမဝင်မီ စစ်အင်္ဂါစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကင်းထောက်တပ်ရင်း
အမှတ် (၆) ရပ်ချ်ပွတ်တပ်ရင်း
၂။ တပ်မ ကာကွယ်ရေးတပ်ရင်း
အမှတ် (၆) ဂျက်တပ်ရင်း
၃။ တပ်မစက်သေနတ်တပ်ရင်း
အမှတ် (၉) နယ်ခြားသေနတ်ကိုင်တပ်ရင်း
၄။ အမှတ် (၄၈) တပ်မဟာ
(က) အမှတ် (၁) အနောက်ယောက်တပ်ရင်း
(ခ) အမှတ် (၄) နယ်ခြား သေနတ်ကိုင်တပ်ရင်း
(ဂ) အမှတ် (၁/၇) ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း
၅။ အမှတ် (၆၃) တပ်မဟာ
(က) အမှတ် (၉) နယ်ခြား သေနတ်ကိုင်တပ်ရင်း





(ခ) အမှတ် (၇) ဘလူချီစတာန်တပ်ရင်း
(ဂ) အမှတ် (၁/၁၀) ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း
၆။ အမှတ် (၉၉) တပ်မဟာ
(က) အမှတ် (၆/၁၅) ပန်ဂျပ်တပ်ရင်း
(ခ) အမှတ် (၁) စစ်ခံတပ်ရင်း
(ဂ) (၁/၃) ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း
၇။ အမြောက်တပ်ရင်း
(က) အမှတ် (၁၂၉) မြေပြင်ပစ် အမြောက်တပ်ရင်း
(ခ) အမှတ် (၁) အိန္ဒိယ မြေပြင်အမြောက်တပ်ရင်း
(ဂ) အမှတ် (၂၁) အိန္ဒိယတောင်ပေါ်ပစ် အမြောက်တပ်ရင်း
(ဃ) အမှတ် (၈၂) တင့်ပစ်အမြောက်တပ်ရင်း
၈။ အင်ဂျင်နီယာတပ်ရင်း
(က) အမှတ် (၆၀) အိန္ဒိယစစ်မြေပြင် အင်ဂျင်နီယာ တပ်ခွဲ (မဒရပ်ဆပ္ပာမိုင်းနား)
(ခ) အမှတ် (၇၀) အိန္ဒိယ စစ်မြေပြင် အင်ဂျင်နီယာ တပ်ခွဲ
(ဂ) အမှတ် (၄၁၄) အိန္ဒိယ အင်ဂျင်နီယာ ယန္တရား တပ်ခွဲ (ဘင်လေဆပ္ပားမိုင်နား)
၉။ ဝန်ထမ်းတပ်ဖွဲ့နှင့် သယ်ယူပို့ဆောင်ရေးတပ်များ
(က) အမှတ် (၉၀၂) မော်တော်ယဉ်တပ်ခွဲ
(ခ) အမှတ် (၉၀၆) မော်တော်ယဉ်တပ်ခွဲ
(ဂ) အမှတ် (၅၀) ရှာလီယာမြင်းတပ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဆေးတပ်

(က) အမှတ် (၂၃) အိန္ဒိယစစ်မြေပြင် သူနာတင် ကားတပ်

(ခ) အမှတ် (၃၇) အိန္ဒိယစစ်မြေပြင် သူနာတင် ကားတပ်

(ဂ) အမှတ် (၅၀) အိန္ဒိယစစ်မြေပြင် သူနာတင် ကားတပ်

(ဃ) အမှတ် (၂၂) အိန္ဒိယစစ်မြေပြင် ကျန်းမာရေး တပ်စိတ်

၁၁။ အိန္ဒိယလျှပ်စစ်နှင့် စက်မှုလက်မှုတပ်

(က) အမှတ် (၁) အိန္ဒိယ ခြေလျင်တပ်အလုပ်ရုံတပ်ခွဲ

(ခ) အမှတ် (၅၉) အိန္ဒိယ ခြေလျင်တပ်အလုပ်ရုံတပ်ခွဲ

(ဂ) အမှတ် (၁၂၃) အိန္ဒိယ ခြေလျင်တပ် အလုပ်ရုံ တပ်ခွဲ။

၁၂။ ထောက်လှမ်းရေးတပ်

အမှတ် (၆၀၂) စစ်မြေပြင် လုံခြုံရေးတပ်စိတ်။

၁၃။ စစ်လက်နက်ပစ္စည်းတပ်

အမှတ် (၁၇) တပ်မ စစ်မြေပြင် စစ်လက်နက်ပစ္စည်းတပ်ခွဲ

**တိုက်ပွဲမတိုင်မီအခြေအနေ**

ထိုအချိန်တွင် မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်၌ ဗြိတိသျှအမှတ် (၃၆) တပ်မဟာနှင့် တရုတ်တပ်မများက ဂျပန်တို့အား ဖိတိုက်နေရာ ဂျပန်တပ်များမှာ ဖြည်းဖြည်းချင်း ဆုတ်ခွာ

မြရတနာစာပေ



ခဲ့ရသည်။ ဂျပန်တို့က မဟာမိတ်တို့ကို မြစ်မကူးမီ မတိုက်ခိုက်ပဲ မြစ်ကူးပြီးမှတိုက်ရန် ကြံရွယ်ထားကြောင်း မဟာမိတ်တို့ သေချာစွာ သိရသောအခါ ဧရာဝတီမြစ်ကို ဂျပန်တို့ မရိပ်မိအောင် လျှို့ဝှက် သိပ်သည်းစွာ ချီတက်ဖြတ်ကူးရန် လိုအပ်သည်။ ဧရာဝတီမြစ် ကူး၌ ချေမှုန်းမခံရစေရန် နည်းလမ်းရှာကြံကြရာ နောက်ဆုံးတွင် ဗြိတိသျှတို့၏ စီမံချက်မှာ ဤသို့ ဖြစ်၏။

၁။ အမှတ် (၃၃) တပ်မကြီးသို့ အမှတ် (၁၉) တပ်မကိုပါ အင်အားဖြည့်တင်းပေးပြီး စုစုပေါင်း တပ်မ လေးတပ်ဖြင့် မန္တလေးဧရိယာသို့ ဦးတည်ချီတက်ရန်၊ မန္တလေးအနောက် ဘက်နှင့် မြောက်ဘက်မှ ဧရာဝတီမြစ်ကို ဖြတ်ကူးရန်၊ ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး ကီမူရာ၏ ဂျပန်တပ်အားလုံးနီးနီးကို မျှားခေါ်ရန်၊

၂။ ထိုအချိန်မှာပင် အမှတ် (၄) တပ်မကြီးသည် ဂန့်ဂေါ တောင်ကြားအတိုင်း လျှို့ဝှက်သိပ်သည်းစွာ ချီတက်သွားပြီး ပခုက္ကူကို ရုတ်တရက်သိမ်းပိုက်ရန်၊ ထိုမှတစ်ဆင့် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မိတ္ထီလာကို သံချပ်ကာတပ်များ၊ လေကြောင်းချီတပ်များ အသုံးပြု၍ လျှပ်တစ်ပြက် သိမ်းပိုက်ရန်၊

ထိုစီမံချက်အရ မန္တလေးတစ်ဝိုက်တွင် ဧရာဝတီမြစ်ကို ဖြတ်ကူးရန် ကြိုးစားသော မဟာမိတ်တပ်များအား ဆီးကြိုတိုက် ခိုက်နေရ၍ ဂျပန်တပ်များ အလုပ်ရှုပ်နေချိန်၌ မိတ္ထီလာကို နောက် ပိုင်းမှ ရုတ်တရက် ဝင်ရောက်သိမ်းပိုက်ခြင်းအားဖြင့် မန္တလေး ဝန်းကျင်တွင် ရောက်ရှိနေသော ဂျပန်တပ်အားလုံးကို ပိတ်မိစေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်၏။ သို့ဖြင့် အမှတ် (၃၃) တပ်မကြီးက တူအဖြစ် မြောက်ဘက်မှ ထိုးစစ်ဆင်ကာ အမှတ် (၄) တပ်မကြီးက မိတ္ထီ လာ၌တွင် ပေအဖြစ်ခံထားပြီး ဂျပန်တပ်များကို ညှပ်ပူးညှပ်ပိတ် ချေမှုန်းရန်ဖြစ်၏။ ဤတိုက်ပွဲသည် အောက်မြန်မာနိုင်ငံကို ပြန် လည်သိမ်းပိုက်နိုင်ရေးအတွက် နောက်ဆုံး အဆုံးအဖြတ် တိုက်ပွဲ ကြီးဖြစ်ပေမည်။

## မိတ္ထီလာသို့ချီတက်ခြင်း

မဟာမိတ်တို့သည် အထက်ပါစစ်ဆင်ရေး စီမံချက် အောင်မြင်ရေးတွင် ပခုက္ကူကို လျှို့ဝှက်စွာ ချီတက် သိမ်းပိုက်နိုင် ရေးသည် အလွန်အရေးပါကြောင်း သုံးသပ်မိခဲ့သည့်အလျောက် ဂျပန်တို့အား လှည့်စားရန် စီစဉ်ခဲ့သည်။ မဟာမိတ်တို့၏ အစီအစဉ် မှာ အမှတ် (၄) တပ်မကြီးသည် အမှတ် (၃၃) တပ်မကြီး၏ အရှေ့ဘက် လက်ဝဲဘက်မှ ရွှေဘိုလွင်ပြင်ဆီသို့ ချီတက်နေသည် ဟု ဂျပန်များ ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားခြင်းပင် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဂန့်ဂေါတောင်ကြားတစ်လျှောက် တွင် အမှတ် (၄) တပ်မကြီး၏ ချီတက်မှုကိုလည်း ဂျပန်တို့ သတင်း မရဘဲ နေမည်မဟုတ်။ တစ်နည်းမဟုတ်တစ်နည်း သတင်းရမည် သာဖြစ်ရာ ဂန့်ဂေါတောင်ကြားတစ်လျှောက် ချီတက်မှုကို ယောင်ပြ စစ်ဆင်မှုအဖြစ် ဂျပန်တို့ မှတ်ထင်ယူဆသွားစေရန် စီစဉ်ခဲ့သည်။

ယင်းလှည့်ဖြားမှု အောင်မြင်ရန် တမူးတွင် အမှတ် (၄) တပ်မကြီး၏ ဌာနချုပ်အတုတစ်ခုကို တည်ဆောက်လိုက်သည်။ အမှတ် (၄) တပ်မကြီး တစ်ခုလုံးကိုမူ ရေဒီယိုဆက်သွယ်မှုလုံး





လုပ်ရန် ကျပ်တည်းစွာ တားမြစ်ထားခဲ့သည်။ ဌာနချုပ်အတုသည် အစစ်၏ ရေဒီယိုဆက်ကြောင်းနှင့် အလွန်အရေးကြီး၍ ရေဒီယိုဖြင့် ဆက်သွယ်ရလျှင်ပင် ရှေ့တန်းမှ ဆုတ်ခွာလာသော အမှတ် (၁၁) အရှေ့အာဖရိကတပ်မအဖြစ် ဆက်သွယ်ရန် တင်းကျပ်စွာ ညွှန် ကြားထားခဲ့သည်။

သို့အတွက် အမှတ် (၃၃) တပ်မကြီး ဌာနချုပ်က ၎င်း၏ ကွပ်ကဲမှုအောက် ရောက်လာသော အမှတ် (၁၉) တပ်မသို့ ဆက် သွယ်မှုမှန်သမျှကို ဌာနချုပ်အတုမှ တစ်ဆင့်သာ ဆက်သွယ်သွား စေသည်။ ၎င်းအပြင် အရာရှိအချင်းချင်း၊ စက်ကိုင်စစ်သည် အချင်းချင်း စည်းမဲ့ကမ်းမဲ့ ပြောဆိုမိဟန်မျိုးဖြင့် ဌာနချုပ်အတုကို ဂျပန်တို့ သိရှိသွားစေခဲ့သည်။

ဤဆက်သွယ်ရေးလှည့်စားမှု စီမံချက်ကြောင့် အဆင့် ဆင့်သော ဌာနချုပ်များ၊ တပ်မများမှာများစွာ ဒုက္ခရောက်ခဲ့ကြ သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် တပ်များ၏ စစ်စည်းကမ်းနှင့် စိတ်ရှည် သည်းခံမှုကို စမ်းသပ် ရာလည်းရောက်ခဲ့၏။ မည်သို့ဖြစ်စေ ကာမူ ဗြိတိသျှတို့အနေဖြင့် ဂျပန်တို့ကို အောင်မြင်စွာ လှည့်ဖြား နိုင်ခဲ့သည်။ ဂျပန်တို့မှာ အမှတ် (၄) တပ်မကြီး၏ ချီတက်မှုကို သုံးဝမရိပ်မိဘဲ စစ်ဗျူဟာမြောက် အငိုက်ဖမ်းခြင်းကို ခံခဲ့ရလေ သည်။

မဟာမိတ်တို့သည် အမှတ် (၄) တပ်မကြီးချီတက်ရာ ဂန့်ဂေါတောင်ကြားတစ်လျှောက်တွင် လေကြောင်းစိုးမိုးမှုကို အပြည့် အဝရရှိထားသည်။ သို့အတွက် ဂန့်ဂေါတောင်ကြားတစ်လျှောက်ကို တိုက်လေယာဉ်များဖြင့် မပြတ်ကင်းလှည့်နေပြီး ၎င်းဒေသအနီး



www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်လာသော ဂျပန်လေယာဉ်မှန်သမျှကို တစ်စင်းမကျန် ပစ်ချနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဂန့်ဂေါတောင်ကြောတစ်လျှောက် ချီတက်နေသော မဟာမိတ်တို့သတင်းကို ဂျပန်တို့ လုံးဝမရရှိခဲ့ခြင်းဖြစ်၏။

မန္တလေးဘက်တွင် အမှတ် (၃၃) တပ်မကြီးသည် မြင်းမူနှင့် ဇွန်တစ်ပိုက်မှနေ၍ ဧရာဝတီမြစ်ကိုဖြတ်ကူးရန် ကြောင်ကျကျပြင်ဆင်ခဲ့ရာ ဂျပန်တို့သည် အမှတ် (၃၃) တပ်မကြီး၏ တပ်များအားမြစ်တစ်ဖက်ကမ်းမှ စောင့်ကြိုတိုက်ခိုက်ချေမှုန်းရန်သာ စိုင်းပြင်းနေခဲ့၏။ မြင်းမူနှင့် မန္တလေးအကြား အခြားတစ်နေရာ၌လည်း ဗြိတိသျှတပ်မတစ်တပ်က မြစ်ကိုဖြတ်ကူးရန် ပြင်ဆင်လျက်ရှိရာ ဂျပန်ဗိုလ်ချုပ်ကြီး ကီမူရာက မဟာမိတ်တပ်များမြစ်ကူးပြီးနောက် ရှေ့မတိုးနိုင်အောင် ထိန်းထားရန် ဦးတည်ကြိုးပမ်းလျက်ရှိသည်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗြိတိသျှအမှတ် (၁၄) တပ်တော်နှင့် အမှတ် (၂၂) လေတပ်အုပ်စုကြီး (**22 Air Group**) တို့၏ ပူးတွဲစစ်ဌာနချုပ်ကို မုံရွာတွင် ဖွင့်လှစ်လိုက်၏။ ဤစစ်ဌာနချုပ်၌ အမှတ် (၂၂၁) လေတပ်အုပ်စုကြီး၏ နောက်ပိုင်းဌာနချုပ်လည်း ပါဝင်သည်။ လေတပ်နှင့် အမှတ် (၁၄) တပ်တော်တို့၏ ပူးတွဲစစ်ဌာနချုပ်ကို စစ်ပြီးသည်အထိပင် ပူးတွဲထားခဲ့သည်။ အမှတ် (၂၂၁) လေတပ်အုပ်စု ကြီးကို လေတပ်ဗိုလ်ချုပ်ဗင်းဆင့်က အုပ်ချုပ်သည်။

မဟာမိတ်တို့၏ ရည်ရွယ်ချက်မှာ အမှတ် (၄) တပ်မကြီး ဧရာဝတီမြစ်ဖြတ်ကူးသည်ကို ဂျပန်တို့ လုံးဝ မသိအောင် ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ကြောင့် အမှတ် (၁၉) အိန္ဒိယတပ်မက အမှတ်

မြရတနာစာပေ



(၁၄) တပ်တော်၏ လက်ဝဲဘက် တောင်ပံအစွန်ဆုံးမှနေ၍ ပထမဦးစွာ မြစ်ဖြတ်ကူးခဲ့လေသည်။ ဤနည်းဖြင့် အမှတ် (၄) တပ်မကြီးသည် အမှတ် (၁၉) အိန္ဒိယတပ်မနောက်မှ လိုက်လာပြီး မန္တလေးသို့သာ ရှေးရှုနေသည်ဟု ဂျပန်တို့ကို ထင်ယောင်ထင်မှား ဖြစ်စေခဲ့လေသည်။

ဗြိတိသျှ အမှတ် (၃၃) တပ်မကြီး၏ ရှေ့ဖျားတပ်များ ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ မေးတင်နေချိန်တွင် ဂျပန်တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးကီမူရာသည် ဗြိတိသျှတို့ မြန်မာပြည်အလယ်ပိုင်းသို့ ခြေမချနိုင်စေရန်အတွက် ချင်းတွင်းနှင့် ဧရာဝတီမြစ်အကြားမှ ဟန့်တားရန်ဟူသော ၎င်း၏ရည်ရွယ်ချက် ပျက်ပြားသွားခဲ့ပြီဖြစ်ကြောင်း ရိပ်စားမိလာသည်။

သို့ရာတွင် ဧရာဝတီတစ်ဖက်ကမ်း၌ ဂျပန်တို့၏ မဆုတ်တမ်းခံစစ်အချို့ ရှိနေဆဲဖြစ်၏။ စစ်ကိုင်းတောင်ရိုးမြောက်ဘက်၌ အခိုင်အမာနေရာယူ ခံစစ်ပြင်ထားသော ဂျပန်တပ်များအား မဟာမိတ်တို့က ရှောင်ရှားခဲ့သည်။ စစ်ကိုင်းတောင်ရိုးကိုသာ တိုက်ခိုက်သိမ်းပိုက်နေရပါက ဂျပန်တို့ လွယ်လွယ်ဖြင့် ဆုတ်ပေးမည် မဟုတ်သည့်အပြင် အထိအခိုက်အကျအဆုံးလည်းများပြားပြီး ဧရာဝတီမြစ်ကူးရေးအစီအစဉ်ပါ နှောင့်နှေးသွားမည် ဖြစ်၏။ အလားတူပင်ကဗွက်တွင်လည်း ဂျပန်တို့၏ အခိုင်အမာခံစစ်တစ်ခု တည်ဆောက်ထားရာ ၎င်းကိုမူ မဟာမိတ်တို့က တိုက်ခိုက်ရှင်းလင်းပစ်ခဲ့သည်။

ဂျပန်တို့အနေဖြင့် ဂန့်ဂေါတောင်ကြားတစ်လျှောက် ချီတက်နေသော အမှတ် (၄) တပ်မကြီး၏ စစ်ကြောင်းကို ယောင်ပြတိုက်စစ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ သုံးသပ်ခဲ့ကြ၏။ သို့အတွက် မဟာမိတ်တပ်များ မြစ်ဖြတ်ကူးရာတွင် စစ်ကိုင်းနှင့် ဇွန်တစ်ဖက်ကမ်းမှ ဆီးကြိုချေမှုန်းရန် ကြံရွယ်ထားသည်။ မဟာမိတ်တို့ မိတ္ထီလာကို နောက်ပိုင်းမှ ထိုးတိုက်ရန် ကြံရွယ်နေသည်ကို လုံးဝမရိပ်စားမိရုံမက မိတ္ထီလာရှိ အမှတ် (၂) တပ်မမှ တပ်ရင်းကြီး တစ်ရင်းကိုပင် ထုတ်နုတ်၍ မန္တလေးအနောက်ဘက်သို့ ပို့ပြီး အင်အားဖြည့်တင်းခဲ့သည်။ ထို့အပြင် လားရှိုးရှိ အမှတ် (၁၈) တပ်မကိုလည်း မန္တလေးတွင် အင်အားဖြည့်ရန် စီစဉ်ခဲ့သည်။ ဂျပန်တပ်များကိုလည်း စိတ်ဓာတ်မကျရန်၊ နောက်ဆုတ်မပေးရန် စိတ်ဓာတ်မြှင့်တင်ပေးခဲ့ရုံမက ''ဧရာဝတီမြစ်ကမ်းမှ အဆုံးအဖြတ် တိုက်ပွဲကြီး'' ကို အနိုင်တိုက်ကြရန် ဗိုလ်ချုပ်ကြီးကီမူရာမှ လှုံ့ဆော်ခဲ့သည်။

အမှတ် (၁၄) တပ်တော်မှူး ဗိုလ်ချုပ်ကြီးစလင်းက အမှတ် (၄) တပ်မကြီးအား ပေးထားသည့် ညွှန်ကြားချက်မှာ ဖေဖော်ဝါရီလ ၁၅ ရက်ထက် နောက်မကျစေဘဲ ဧရာဝတီမြစ်ကို ဖြတ်ကူးရန်ဖြစ်ရာ အမှတ် (၄) တပ်မကြီးမှာ လျှို့ဝှက်မှု မပေါက်ကြားစေရေး တစ်ဖက်၊ ရည်မှန်းချက် အချိန်မီပြီးမြောက်အောင် တစ်ဖက်ဖြင့် အပြင်းအထန် ကြိုးပမ်းခဲ့ရသည်။

အမှတ် (၄) တပ်မကြီးအနေဖြင့် စစ်ကြောင်းတစ်ကြောင်းတည်းဖြင့် ဂန့်ဂေါ-ပခုက္ကူကားလမ်းအတိုင်း ချီတက်ပါက ဂျပန်တို့၏ အသေခံ ခံစစ်တစ်ခုတလေဖြင့် ရင်ဆိုင်ရလျှင် ချီစစ်အဟန့်ဟန့်သွားနိုင်သည်။ သို့အတွက် တပ်မကြီး၏ ချီစစ်မျက်နှာစာကို ဖြန့်ခွဲ၍ စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်ရန် စီမံခဲ့သည်။

ပင်မစစ်ကြောင်းကို အမှတ် (၂၈) အရှေ့အာဖရိက တပ်





မဟာက ဦးဆောင်ပြီး ၎င်း၏နောက်မှ အမှတ် (၁၄) တပ်မဟာနှင့် အမှတ် (၇) တပ်မဌာနချုပ်တို့က လိုက်ပါသည်။ အမှတ် (၁၉) တပ်မဟာကမူ ပစ္စည်းအားလုံးကို လားဖြင့်တင်၍ တောလမ်းမှ ပေါက်အထိ ချီတက်သည်။ ပင်မစစ်ကြောင်းနှင့် ချင်းတွင်းမြစ်အကြားတွင် လုရှည်ကင်းထောက်တပ်နှင့် ချင်းတောင်တပ်ရင်းတို့က စစ်နံကို ကာကွယ်ရင်း ချီတက်သည်။ ချင်းတွင်းမြစ် အနောက်ကမ်း၌မူ ပန်ချာပီတပ်ရင်းတစ်ရင်းက ချီတက်သည်။ ၎င်းတပ်ရင်းမှာ အရှေ့ဘက်ကမ်း၌ ချီတက်နေသော အမှတ် (၃၃) တပ်မကြီး စစ်ကြောင်းများနှင့် ဆက်သွယ်ရန်ဖြစ်၏။ အမှတ် (၇) တပ်မ၏ သက်ယာဘက် စစ်နံချင်းတောင်အစပ်တွင်မူ ဖလမ်းကင်းထောက်တပ်က ချင်းတောင်တောင်ကြောများအတိုင်း ချီတက်သည်။ အမှတ် (၄) တပ်မကြီး၏ ချီစစ်ကို ဇန်နဝါရီလ ၁၉ ရက်တွင် စတင်ခဲ့လေသည်။

**ဧရာဝတီမြစ်အားဖြတ်ကူးခြင်း**

အမှတ် (၈၉) တပ်မဟာက ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပေါက်ကို သိမ်းမိသည်။ မူလက ရှေ့ပြေးချီတက်လာသော အမှတ် (၂၈) အရှေ့အာဖရိကတပ်မဟာအား ချောက်မြို့ တစ်ဖက်ကမ်းမှ ယောင်ပြဖြတ်ကူးရန်အတွက် ဆက်လက်ချီတက်စေသည်။ အမှတ် (၄) တပ်မကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကူးရန်နေရာအား တိတိကျကျ မသတ်မှတ်နိုင်သေးဘဲ ရေကြောင်း အကျဉ်းဆုံးဖြစ်သော ညောင်ဦးတစ်ဖက်ကမ်း တစ်ဝိုက်ဟုသာ ယေဘုယျ သတ်မှတ်နိုင်သည်။ အဓိကဖြတ်ကူးမှုကို ညောင်ဦးတစ်ဖက်ကမ်းမှ စတင်



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်ရာ ၎င်းကိုကာကွယ်ရန် ယောင်ပြဖြတ်ကူးမှု နှစ်ခုကို စီစဉ်ထား၏။ တစ်ခုမှာ ပခုက္ကူမှ ဖြတ်ကူးခြင်းဖြစ်ပြီး ပုဂံတစ်ဖက် ကမ်းမှလည်း တစ်နေရာ ဖြတ်ကူးရန်ဖြစ်ရာ စုစုပေါင်းမှာ ပခုက္ကူ ပုဂံ၊ ညောင်ဦးနှင့် ချောင်းတစ်ဖက်ကမ်း စုစုပေါင်း လေးနေရာ ဖြစ်၏။

မဟာမိတ်တပ်များသည် ဧရာဝတီမြစ်ကို အောက်ပါအတိုင်း လေးနေရာမှ ဖြတ်ကူးခဲ့သည်။

၁။ အမှတ် (၁၉) အိန္ဒိယတပ်မက မန္တလေး မြောက်ဘက် သပိတ်ကျင်းတွင် ဇန်နဝါရီလ ၉ ရက်နေ့၌ တစ်ကြိမ် ကျောက်မြောင်းတွင် ဇန်နဝါရီလ ၁၆ ရက်နေ့၌ တစ်ကြိမ် ဖြတ်ကူး၏။ မြစ်တစ်ဖက်ကမ်းရှိ မဟာမိတ်တို့၏စခန်းကို တောင်သာ၊ စဥ့်ကူးအထိ ရွှေ့ပြောင်းပြီးနောက် မန္တလေးသို့ ချီတက်သည်။

၂။ အမှတ် (၂၀) အိန္ဒိယတပ်မက မန္တလေးအနောက်မြင်းမူနယ် အာလကပ္ပတွင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဖြတ်ကူး၏။ ထိုတပ်က မြစ်တောင်ဘက် ကမ်းတစ်လျှောက်အတိုင်း မန္တလေးသို့ အရှေ့ဘက်မှ ချဉ်းကပ်ရန် ရည်ရွယ်သည်။

၃။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အမှတ် (၂) ဗြိတိသျှ တပ်မက ငွှန်ကို ဖြတ်ကူး၏။ ဤနေရာမှာ မန္တလေးမြို့နှင့် အမှတ် (၂၀) အိန္ဒိယတပ်မ ဖြတ်ကူးသည့်နေရာစပ်ကြား တွင် ရှိသည်။

၄။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ အမှတ် (၄) တပ်မကြီး၊ အမှတ် (၇) နှင့် အမှတ် (၁၇) အိန္ဒိယ





တပ်မတို့အပြင် အမှတ် (၂၅၅) အိန္ဒိယတင့်တပ်မဟာတို့က ညောင်ဦးတွင် မြစ်ကို ဖြတ်ကူးသည်။ ထိုတပ်မကြီး၏ ရည်မှန်းချက်မှာ မိတ္ထီလာကို သိမ်းယူရန် ဖြစ်သည်။

အမှတ် (၁၄) တပ်တော်မှူးဆုံးဖြတ်ခဲ့သည့်အတိုင်း အမှတ် (၃၃) နှင့် အမှတ် (၄) တပ်မကြီးနှစ်တပ်က မြစ်ကို တစ်ကြိမ်တည်း ဖြတ်ကူးနိုင်ခဲ့သည်။

ဗြိတိသျှတို့ မြစ်ဖြတ်မကူးမီ လေကြောင်းမှလည်းကောင်း၊ မြေပြင်မှလည်းကောင်း၊ ကင်းထောက်ခဲ့ရာ ဧရာဝတီမြစ်အနောက် ဘက်ကမ်း၌ ဂျပန်အမှတ် (၁၅၃) တပ်ရင်းကြီးတစ်ရင်းရှိပြီး ချောက် နှင့်ညောင်ဦးအကြားတွင် အမှတ် (၇၂) သီးခြားလှုပ်ရှား တပ် မဟာနှင့် အမှတ် (၂) အိန္ဒိယအမျိုးသားတပ်မတော် တပ်မ (၂) တို့ ရှိသည်။

အမှတ် (၄) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး မက်ဆာဗီ၏ ကြံရွယ်ချက်မှာ ရန်သူ့တပ်ဖွဲ့ကြီးနှစ်ခု၏ နယ်နိမိတ်စပ်ကြားမှ ဖြတ်ကူးရန်ဖြစ်၏။ ပခုက္ကူရှိ ဂျပန်အမှတ် (၂၁၄) တပ်ရင်းကြီးမှာ အမှတ် (၁၅) တပ်တော်၏ ဝဲဘက်အစွန်ဖြစ်ပြီး အမှတ် (၇၂) သီးခြားလှုပ်ရှားတပ်မဟာမှာ အမှတ် (၂၈) တပ်တော်၏ ယာဘက် အစွန်ဖြစ်၏။ ညောင်ဦးမှာ တပ်တော်နှစ်တပ်၏ နယ်နိမိတ်စပ် ကြား ဖြစ်၏။

ပခုက္ကူသို့ ချီတက်နေသော တပ်များမှာ ပခုက္ကူ အနောက်ဘက် ရှစ်မိုင်ခန့်အကွာ ကန်လှလမ်းဆုံတွင် ဂျပန်တို့၏ အခိုင်အမာခံစစ်နှင့် ရင်ဆိုင်တွေ့ပြီး ရှေ့မတိုးနိုင်ဖြစ်ခဲ့ရသည်။ တင့်ကားအကူအညီဖြင့် တိုက်ခိုက်တော့မှ ဂျပန်တပ်များအား



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရှင်းလင်းနိုင်ပြီး ဆက်လက်ချီတက်လာရာ အမှတ် (၈၉) တပ်မဟာသည် ပုဂံတစ်ဖက်ကမ်းသို့ ရောက်ရှိသွားသည်။ ဆစ်ခ်လူမျိုးများသာ ပါဝင်သော တိုက်ကင်းတပ်ဖွဲ့ကို မြစ်တစ်ဖက်ကမ်းသို့ ညတွင်းချင်း ဖြတ်ကူးစေသည်။ ၎င်းတိုက်ကင်း၏ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့ချက်အရ ပုဂံမြို့တောင်ဘက်တွင် ရန်သူမရှိကြောင်း သိရသည်။ ၎င်းအပြင် မြန်မာလှေကြီး လေးစင်းကိုလည်း လှေထိုးသားများနှင့်တကွ ဖမ်းဆီးရမိသဖြင့် တပ်မမှူးက ပုဂံသို့ ယောင်ပြဖြတ်ကူးရန် အစီအစဉ်ကို ပယ်ဖျက်ပြီး ပုဂံမှာပင် တပ်ရင်းစစ်ကြောင်းတစ်ကြောင်းလုံး အမှန်တကယ် ဖြတ်ကူးစေခဲ့သည်။

အမှတ် (၂၈) အရှေ့အာဖရိကတပ်မဟာသည် ချောက်တစ်ဖက်ကမ်း ဆိပ်ဖြူသို့ ရောက်ရှိရာ ခုခံအား အနည်းငယ်သာ ကြုံတွေ့ရသဖြင့် မြစ်ဖြတ်ကူးရန် ပြင်ဆင်တော့သည်။ သို့အတွက် အမှတ် (၃၃) တပ်မဟာသည် မြစ်ခြေကို သိမ်းပိုက်ရန်နှင့် ညောင်ဦးတစ်ဖက်ကမ်းမှ အဓိကစစ်ကြောင်းကို ဖြတ်ကူးရန်စီစဉ်ခဲ့သည်။

အချိန်ကာလမှာ ဖေဖော်ဝါရီလထဲ ရောက်နေပြီဖြစ်၍ ဧရာဝတီမြစ်ရေကျကာ သောင်များ ထွန်းစပြုပြီဖြစ်သည်။ သို့အတွက် ဧရာဝတီမြစ်ကို တိုက်ရိုက်ဖြတ်ကူးခြင်းမပြုနိုင်တော့ဘဲ ကွေ့ဝိုက်မြစ်ဖြတ်ကူးရရာ စုစုပေါင်း ကိုက် ၂၀၀၀ မျှ ကူးရသည်။ သို့အတွက် ဒုတိယကမ္ဘာစစ်ကြီးတစ်ခုလုံးအတွင်း အမှတ် (၄) တပ်မကြီး၏ မြစ်ဖြတ်ကူးမှုမှာ အကျယ်ဆုံးမြစ်ကို ဖြတ်ကူးရခြင်း ဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ညတွင် အမှတ် (၄) တပ်မ





ကြီးသည် မြစ်ခြေမှ ညောင်ဦးသို့ စတင်ဖြတ်ကူးခဲ့၏။

သို့ရာတွင် စတင်ဖြတ်ကူးချိန်၌ အစီအစဉ်များ လွဲချော်ကုန်ပြီး ပြန်ဆုတ်ခဲ့ရသည်။ ပုဂံသို့ တပ်ခွဲတစ်ခွဲသာ ကူးနိုင်ခဲ့သည်။ နောက်တစ်ကြိမ်တွင်မူ ပြင်းထန်သော ဂျပန်တို့၏လေကြောင်းနှင့် အမြောက်ပစ်ကူကြားမှ ညောင်ဦးသို့ တပ်ရင်း ၃ ရင်း ဖြတ်ကူးနိုင်ခဲ့သည်။ ထို့နောက် ပုဂံရှိ ဆစ်ခ်တိုက်ကင်းအဖွဲ့နှင့် အဆက်အသွယ် ရခဲ့သည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တစ်နေ့လုံးတွင် မဟာမိတ်တပ်များ ဧရာဝတီမြစ်ကို ဆက်လက်ဖြတ်ကူး ခဲ့ကြသည်။ ဂျပန်တပ်များက အင်အားစုစည်းပြီး တန်ပြန်တိုက်စစ်ဆင်ခဲ့သော်လည်း မဟာမိတ်တို့က တွန်းလှန်နိုင်ခဲ့ကာ ညောင်ဦးအနီးရှိ ဂူများအထိ တိုက်ထုတ်နိုင်ခဲ့သည်။ မဟာမိတ်တို့က ၎င်းဂူဝင်ပေါက်များကို ဖောက်ခွဲကာ အသေပိတ်ဆို့လိုက်သဖြင့် ဂူတွင်းရှိ ဂျပန်များ အလုံးပိတ်မိကာ သေဆုံးကြရသည်။

မဟာမိတ်တို့သည် လေးမိုင်ပတ်လည်ရှိသော မြစ်ကူးခြေကုပ်စခန်းတစ်ခုကို ပုဂံညောင်ဦးတွင် တည်ဆောက်နိုင်ခဲ့၏။

သို့ဖြင့် အမှတ် (၄) တပ်မကြီးသည် ဧရာဝတီမြစ်ကို အငိုက်ဖမ်းဖြတ်ကူးနိုင်ခဲ့သည်။ ဂျပန်တို့သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်မှ တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ မဟာမိတ်တို့၏ မြစ်ကူးခြေကုပ်စခန်းများအား လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ထို့ပြင် ပုဂံရှိမြစ်ဖြတ်ကူးမှုမှာ အဓိကဖြစ်ကြောင်း ရိပ်စားမိပြီး ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ခဲ့၏။

ထိုအချိန်မှာပင် အမှတ် (၃၃) တပ်မကြီးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ ၂၄ ရက်နေ့ညတွင် ဖွန်တစ်ဝိုက် မှနေ၍ ဧရာဝတီမြစ်ကို ဖြတ်ကူးရာ ပြင်းထန်စွာ ခုခံမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

အမှတ် (၄) တပ်မကြီးသည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မိတ္ထီလာသို့ စတင်ချီတက်နိုင်ခဲ့၏။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တောင်သာကို သိမ်းပိုက်ပြီး ၂၅ ရက်နေ့တွင် မလှိုင်ကို သိမ်းနိုင်ခဲ့သည်။ ထိုမှ တစ်ဆင့် မိတ္ထီလာသို့ ဆက်လက်ချီတက်ခဲ့ကြသည်။ ၎င်းနေ့တွင် မိတ္ထီလာမြောက်ဘက် ၁၃ မိုင်အကွာရှိ သပွတ်ကုန်းလေယာဉ်ကွင်းကို သိမ်းပိုက်မိသည်။ မတ်လ ၂၅ ရက်နေ့တွင် အမှတ် (၉၉) ခြေလျင်တပ်မဟာ၏ တပ်ရင်းတစ်ရင်းသည် လေကြောင်းဖြင့် သပွတ်ကုန်းသို့ ဆိုက်ရောက်လာခဲ့လေသည်။ မိတ္ထီလာတစ်ဝိုက်၌ တပ်အတော်များများ စုဖွဲ့မိလေ၏။

**ထောက်လှမ်းရေးနှင့် စစ်ဆင်ရေး**

ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ တပ်မတစ်တပ်လုံး စုရုံးရာတွင် အချိန်မဖြုန်းစေဘဲ ပထမတပ်စုများ ဖြတ်ကူးပြီးသည်နှင့် ကြိုတင်ထောက်လှမ်းရေးအလုပ်ကို စစေခဲ့၍ တပ်ဖွဲ့ငယ်ကလေးများကို ရှေ့သို့တိုးဝင် နေရာယူစေခဲ့သည်။ သို့မှသာ တံတားဦးခြေကုပ်စခန်းတွင် စုပြုံနေခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်ပေသည်။

ထောက်လှမ်းရေးတပ်ဖွဲ့များအား အမှတ် (၁၀) မြင်းစီးတပ်ရင်းမှ ဗိုလ်မှူးချက်ပလင်က အုပ်ချုပ်သည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စတင်တိုက်ကင်းလှည့်၍ သေယောက်ဒေသသို့ ရှေးရှုချီတက်ကြရာ လမ်းမကြီးနှင့် တောင်ဘက်တောင်ပံများမှ ချီတက်သွားကြသည်။ တံတားဦးခြေကုပ်စခန်း၏ အပြင်ဘက်





တစ်ဝိုက် ပထမခြေကုပ်စခန်းမှာ ညောင်ကြီးဒေါင့်ဖြစ်၍ ထိုနေရာတွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့၌ အမှတ် (၄၈) တပ်မဟာ၏ အမှတ် (၄) နယ်ခြားသေနတ်ကိုင်တပ်ရင်း တပ်စွဲနိုင်ခဲ့သည်။

**ဆယ်ရွာ၊ သေယောက်ဒေသစစ်ဆင်ရေး**

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အမှတ် (၄၈) တပ်မဟာ ခေါင်းဆောင်၍ လမ်းမကြီးဝင်ရိုးကြောင်းအတိုင်း စတင်ချီတက်ခဲ့ရာ အနောက်ဘက်မှ အမှတ် (၁၂၉) မြေပြင်ပစ်အမြောက်တပ်ရင်းက ဆက်ကြပ်မကွာ လိုက်ပါခဲ့သည်။ လမ်းတောင်ဘက် ဝင်ရိုးကြောင်း အတိုင်း ဝက်လူးကို ဖြတ်ကျော်ပြီး တင့်တပ်မဟာက လိုက်ပါသည်။ ရန်သူ အခုအခံကို ဆယ်ရွာတွင် ပထမ တွေ့ရသည်။ သို့သော် အနောက်ဘက်မှနေပြီး တင့်တပ်မဟာက တိုက်ခိုက်ရာ ရန်သူ့စခန်းကို သိမ်းပိုက်မိလေသည်။ စစ်ဆင်ရေးတွင် လေကြောင်းမှ ဗုံးကြဲခြင်း၊ စက်သေနတ်ပစ်ခြင်းတို့ဖြင့် လမ်းထွင်ပေးခဲ့သည်။

ဖေဖော်ဝါရီလ ၂၁ နှင့် ၂၂ ရက်နေ့ညတွင် ဂျပန်တိုက်ကင်းများနှင့် တိုက်ပွဲအနည်းငယ်ဖြစ်ပွားရာ လက်ပံချိပေါ် လမ်းပေါ်ရှိ တိုက်ပွဲများတွင် ရန်သူအချို့ ကျဆုံးစေခဲ့သည်။ ရန်သူ့တပ်သားအနည်းငယ်စီ ပါဝင်သော တပ်ဖွဲ့ငယ်ကလေးများက ဗြိတိသျှတို့၏ ကင်းစခန်းများကို ဝင်ရောက်နှောင့်ယှက်ရန် ကြိုးစားခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၁ ရက်နေ့ညတွင် အမှတ် (၁၁) မြင်းတပ်ရင်း၏ ထောက်လှမ်းရေးအဖွဲ့က တံမြဲနှင့် ဆိတ်ထိန်းသွားလမ်းများမှာ မော်တော်ယာဉ်များ သွားလာနိုင်သဖြင့် တံမြဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသင့်လျော်သည်ဟု တင်ပြလာသည်။ ဝဲလောင်လမ်းမှာ အလွန်ကြမ်းပြီး လှည်းလမ်းကြောင်းနက်သဖြင့် မကောင်းချေ။ ထို့ကြောင့် ဗြိတိသျှတပ်မမှူးသည် လမ်းနှစ်လမ်းစလုံးမှ တပ်အားလုံးချီတက်စေရန် ဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ တွင် အမှတ် (၆၃) တပ်မဟာသည် အမှတ် (၅) ဟော့စ်တင့်တပ်ရင်း၊ အမှတ် (၁၂၉) မြေပြင်ပစ် အမြောက်တပ်ရင်း၊ ၎င်းလက်အောက်ရှိ ထောက်လှမ်းရေးကင်းတပ်ဖွဲ့များနှင့်အတူ ဆိတ်ထိန်းလမ်းသို့ ချီတက်သွားကြသည်။ တစ်ချိန်တည်းမှာပင် အမှတ် (၁) အနောက်ယောက်တပ်ရင်း၏ တပ်ခွဲ ၂ ခွဲကို တံမြဲလမ်းရှိ တောင်ကုန်း အမှတ် (၁၁ရ၆) သို့ ချီတက်စေပြီး အခိုင်အမာ အခြေခံစခန်းတစ်ခုကို တိုက်ခိုက်ပြီးလျှင် နေရာယူထားစေခဲ့သည်။

ယခုချီတက်မှုများမှာ ဆယ်ရွာအရှေ့တွင် ချောင်းကူးမြောင်းကူးများသောကြောင့် များစွာနှောင့်နှေးကြရသည်။ သို့သော် တပ်ထိန်းအစီအမံ ကောင်းမွန်မှုနှင့် ဆပ္ပါးတပ်သားများက သစ်ပင်များ ခုတ်လှဲကာ ပြုပြင်ပေးမှုကြောင့် အခက်အခဲများကို ကျော်လွှန်နိုင်ခဲ့သည်။ ဝင်ရိုးလမ်းကြောင်းနှစ်ခုထား၍ သုံးခြင်းကြောင့် တပ်မသည် ရှေ့သို့ ချီတက်ရာတွင် လျင်မြန်စွာ စုရုံးနိုင်ရုံမက အစပိုင်းတွင် လမ်းကြောင်းနှစ်ခုဖြာထွက်သွားမှုကြောင့် မဟာမိတ်တို့ မည်သည့်အရပ်သို့ ဦးတည်ချီတက်သည်ကို ရန်သူ မရိပ်မိနိုင်အောင် ဖုံးကွယ်ထားခဲ့နိုင်သည်။





ဥယျာဉ်ရွာတိုက်ပွဲ

ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် အမှတ် (၆၃) တပ်မဟာသည် အထက်တွင် ဖော်ပြခဲ့သော တပ်ဖွဲ့များ နှင့်အတူ သေလောက်၊ ဆိတ်ထိန်း၊ ဝဲလောင်လမ်းကြောင်းအတိုင်း ချီတက်ရန် အမိန့်ရ၍ ထိုညတွင် ဆိတ်ထိန်းရွာအနီး စခန်းတစ်နေရာသို့ ရောက်ရန် မျှော်လင့်ကြသည်။ သို့ရာတွင် ဥယျာဉ်ရွာ၌ ပထမဦးစွာ တိုက်ပွဲတစ်ပွဲ ခက်ခက်ခဲခဲ တိုက်လိုက်ရသည်။ ၁၃း၀၀ နာရီ အမှတ် (၅) မြင်းတပ်သည် အမှတ် (၆) ရပ်ချ်ပွတ်တပ်ရင်းနှင့် အတူ ဝင်ရောက်တိုက်ခိုက်ကြရာ မမှောင်မီ ရန်သူအား ချေမှုန်းနိုင်ပြီး အမြောက်နှစ်လက် သိမ်းပိုက်ရမိသည်။ ရန်သူအနည်းငယ်သာ ဆုတ်ခွာထွက်ပြေးနိုင်ပြီး လက်နက်ခဲယမ်း မီးကျောက်များနှင့် ခါတ်ဆီများကို ဖောက်ခွဲဖျက်ဆီးသွားကြသည်။

မဟာမိတ်တို့ဘက်မှ ရ၀ ဦး ဒဏ်ရာရရာ အများအားဖြင့် အမှတ် (၆) ရပ်ချ်ပွတ်တပ်ရင်းမှ ဖြစ်ကြသည်။ သို့သော် ရန်သူ့ဘက်မှ အကျအဆုံးချည်းပင် ရ၀ ကျော်ခဲ့သည်။ ဂျပန်တပ်များသည် အတင်းဒလကြမ်း တင့်ကားများကိုပင် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ အမှတ် (၆၃) တပ်မဟာနှင့်တကွ ၎င်းတွင် တွဲဖက်ထားသော တပ်များမှာ ဥယျာဉ်ဒေသတွင် စခန်းချကြ၍ တောင်ဘက် ၆ မိုင်ကွာသို့ ကင်းထောက်စောင့်ဆိုင်းလျက် ရှိသည်။

သောင်သာသို့ချီတက်ခြင်း

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အမှတ် (၆၃) တပ်မဟာနှင့် တွဲဖက်ထားသောတပ်များ တံမြဲသို့ ဆက်လက်ချီတက်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ခံမှုအနည်းငယ်သာ တွေ့ရပြီး သံချပ်ကာတပ်က ချေမှုန်းလိုက်နိုင်သည်။

ဖေဖော်ဝါရီလ ၂၃ ရက်နှင့် ၂၄ ရက်နေ့ညတွင် အမှတ် (၄၈) တပ်မဟာမှ ကွန်မန်ဒိုတပ်စုများသည် တောင်သာအထိ ရှေ့သို့ ချီတက်သွားပြီး ဆပ္ပားတပ်က ထိုညအတွင်း သဲထူထပ်သော ဆင်တဲဝချောင်းကို မော်တော်ကားများ သွားလာနိုင်ရန် ပင်ပန်းကြီးစွာ ပြင်ဆင်ပေးကြရသည်။ ဤသို့ မဆောင်ရွက်မီတွင် ထိုချောင်းကို ဖြတ်ရန်မှာ အခက်အခဲဖြစ်နေမည်ဟု မျှော်မှန်းရသဖြင့် ဤသို့ အခက်အခဲကြုံသော် အရှေ့တောင်ဘက်သို့ရွေ့ကာ အမှတ် (၆၃) တပ်မဟာနှင့် ဝဲလောင်တွင်ဆုံရန် စီစဉ်သည်။

အမှတ် (၆၃) တပ်မဟာနှင့် တွဲဖက်ထားသော တင့်ကားများသည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဥယျာဉ်ရွာကို တိုက်ခိုက်ပြီးနောက် ဝဲလောင်တောင်ဘက် ၂ မိုင်အကွာတွင်ရှိသော အေးရွာသို့ ရောက်လာကြသည်။ ခုခံမှုအနည်းငယ် ကြုံရပြီး ၇၀ မီလီမီတာ အမြောက်နှစ်လက် ဖမ်းဆီးရမိလိုက်သည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တောင်သာသို့ တပ်ဖွဲ့နှစ်ဖွဲ့စလုံး ချီတက်လာခဲ့ကြသည်။

## တောင်သာကို သိမ်းပိုက်ခြင်း

အမှတ် (၄၈) တပ်မဟာသည် အမှတ် (၉) ဘုရင့်ဟောက်စ်တင့်တပ်ရင်း၏ ကူညီမှုဖြင့် အနောက်တောင်ဘက်မှ ပထမဝင်ရောက်တိုက်ခိုက် သိမ်းပိုက်သည်။ ခုခံမှုမှာ မျှော်လင့်သည်ထက်နည်း၍ ရန်သူသည် တောင်သာမြို့ အဖျားရွာတစ်ရွာ၌ လမ်းတွင်





ဆိုက်ရင်း တောင်ဘက်မှ တက်လာခဲ့သည်။ ရွာတိုင်းကို တင့်များ၊ အမြောက်များဖြင့် လျှပ်တစ်ပြက်တိုက်နည်းသုံး၍ တိုက်ခဲ့ရာ တစ်နေရာတွင် ဂျပန် ၆၅ ယောက် ကျဆုံးစေခဲ့သည်။

မင်းဂံဒေသတွင် တပ်စခန်းချရန် သတ်မှတ်ထားသည်။ သို့ဖြစ်၍ မလှိုင်သို့ နောက်တစ်နေ့တွင် အမြန်ချီတက်သော်လည်း အခက်အခဲများ တွေ့ရ၍ အချိန်နှောင့်နှေးခဲ့ရသည်။ မလှိုင်နှင့် ဝဲလောင်အကြား သွားရာလမ်း တြိဂံနယ်မြေဒေသများတွင် ဂျပန်လက်ဖြောင့်တပ်သားများ ရှိနေရကား တပ်များစခန်းချရန် နှောင့်နှေးသွားသည်။ အချို့တပ်ဖွဲ့များမှာ မိမိတို့အတွက် သတ်မှတ်ထားသော နေရာများကို ညမှောင်သည်အထိ မသိမ်းပိုက်ရသေးချေ။ ဂျပန်တို့အထိအခိုက်အကျအဆုံးကား များခဲ့သည်။ လက်ဖြောင့်တပ်သားများ၏ တြိဂံဒေသမှာပင် အမှတ် (၇) ဘလူချီစတန်တပ်ရင်းက ဂျပန် ၁၀၀ ကျော်ကို သုတ်သင်လိုက်နိုင်သဖြင့် ညပိုင်းတွင် အေးဆေးငြိမ်သက်သွားခဲ့လေသည်။

## မိတ္ထီလာသို့ ဆက်လက်ချီတက်ခြင်း

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တပ်ဖွဲ့တစ်ဖွဲ့လုံးသည် အမှတ် (၄၈) တပ်မဟာနှင့်အတူ မလှိုင်သို့ ချီတက်သွားသည်။ ထိုနေ့တွင် လေယာဉ်မှ ချပေးသော ထောက်ပံ့ရေးပစ္စည်းများကို ကောက်ယူစုဆောင်းရန် အမှတ် (၄၈) တပ်မဟာသည် မင်းဂံဒေသတွင် နေရစ်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တင့်တပ်မဟာမှာ မိတ္ထီလာသို့ သွားရာလမ်းတွင်လည်းကောင်း၊ တင့်အချို့နှင့် အပ



www.burmeseclassic.com

www.burmeseclassic.com



ရင်းတစ်ရင်းမှာ သပွတ်ကုန်းလေဆိပ်သို့ သွားရောက်၍လည်းကောင်း၊ တပ်ဖွဲ့တစ်ဖွဲ့လုံးသည် မလှိုင်ဒေသတွင်လည်းကောင်း စုရုံးလျက်ရှိသည်။ ချက်ချင်းပင် စီ ၄၆ နှင့် စီ ၄၇ အမျိုးအစား လေယာဉ်များ တက်ဆင်းနိုင်ရန် ပြင်ဆင်မှုများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တင့်တပ်မဟာသည် ထိန်းသိမ်းရေးတာဝန်နှင့် လေယာဉ်မှ ချပေးသော ခါတ်ဆီပုံးများကို လိုက်လံသိမ်းကောက်ရန် စောင့်နားနေခဲ့သည်။ နေ့လယ်တွင် အမှတ် (၉၉) တပ်မဟာ၏ တပ်များကို လေယာဉ်ဖြင့် တင်ဆောင်လာရာ အဆင်ပြေသဖြင့် ညနေတွင် တပ်ရင်းတစ်ရင်းလုံး ရောက်ရှိလာသည်။

အမှတ် (၆၃) တပ်မဟာသည် ရှေ့သို့ချီတက်ရာ မကြာမီတွင် မိတ္ထီလာမှ ရှစ်မိုင်ကွာနေရာတွင် အင်အားကြီးမားသော ရန်သူခုခံမှုနှင့် ကြုံတွေ့ရသည်။ ဤနေရာရှိ ဂျပန်စခန်းကို သံချပ်ကာကင်းထောက်တပ်ဖွဲ့များက ကြိုတင်တွေ့ရှိထား၏။ တံတားတစ်ခုကို ဖျက်ထားပြီး ချောင်းထဲတွင် မိုင်းပုံးများချထားသည်။ ကတုတ်ကျင်းများတူး၍ ကမ်းနှစ်ဖက်စလုံးတွင်လည်း သံဆူးကြိုးများ ကိုက် ၁၅၀ မျှအထိ ကာထားလေသည်။ စက်သေနတ်ကြီးရော စက်ကလေးများပါ ရှိနေ၏။ အမှတ် (၆၃) တပ်မဟာ လက်အောက်တွင် အမှတ် (၅) မြင်းတပ်နှင့် အမှတ် (၁၂၉) အမြောက်တပ်ရင်းကို ထားခဲ့သည်။

ပထမတွင် တပ်မဟာသည် မြောက်ဘက်မှနေ၍ စတင်ပစ်ခတ်တိုက်ခိုက်သည်။ ဂျပန်များ၏ နောက်ဘက်တွင် လမ်း





ပိတ်တစ်ခု ချထားလိုက်သည်။ တင့်များက မြောက်ဘက်ခပ်ကျကျ ရွှေ့မျက်နှာစာမှ ချီတက်ပြီး တိုက်ခိုက်ရာ ပိုမို၍အောင်မြင်ပြီးနောက် မိတ္ထီလာမှ ၅ မိုင်အကွာတွင် စခန်းချလိုက်သည်။

အင်အားတောင့်တင်းသော ခြေလျင်တိုက်ကင်းများကို မိတ္ထီလာ၏ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်များသို့ ထိုညတွင် လွှတ်လိုက်သည်။ တိုက်ကင်းနှစ်ခုထံမှ ဂျပန်တို့ ပစ္စည်းသိုလှောင်ရေးဌာန များကို စတင်ဖျက်ဆီးနေကြပြီဆိုသည့်သတင်း ရခဲ့သည်။

## မိတ္ထီလာကို သိမ်းပိုက်ခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မိတ္ထီလာသို့ ချီတက်ရန် စုရုံးကြသည်။ အမှတ် (၆၃) တပ်မဟာသည် အရေးအကြီးဆုံး ပစ္စည်းများမှလွဲ၍ သပွတ်ကုန်းတွင် ပို့ဆောင်ရေးယာဉ်အားလုံးကို ထားခဲ့သည်။ ထို့နောက် အန့်တူးသို့ ခြေလျင်ချီတက်သွားကြသည်။ အန့်တူးမှနေ၍ ရန်သူ့သတင်းကို ကင်းထောက်ကာ အနောက်မှ ဝင်ရောက်ရန် လမ်းများကို စုံစမ်းသည်။ ဂျပန်တို့သည် အင်အားအလုံးအရင်းစု၍ မိတ္ထီလာအနောက်ဘက်တွင် ကတုတ်များ အကျအနတူးထားကြောင်း သိရသည်။ အမှတ် (၆၃) တပ်မဟာသည် ကျောက်ဖြူကုန်းဒေသတွင် ညအိပ်စခန်းချနေလေသည်။ တပ်ရင်းတစ်ရင်းကို အန့်တူးတွင်ထားခဲ့ကာ အမြောက်တပ်စခန်းချထားရာကို ကာကွယ်ရလေသည်။ အန့်တူးမှနေ၍ တပ်မအမြောက်တပ်သည် တိုက်ပွဲကို အဘက်ဘက်မှ အကူအညီပေးနိုင်ခဲ့သည်။

အမှတ် (၂၅၅) တင့်တပ်မဟာမှ ခြေလျင်တပ်ရင်း နှစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ တင့်တပ်ခွဲတစ်ခွဲသည် မိတ္ထီလာအနောက်မြောက်ဘက် ပထမစုရုံးရမည့်ဒေသသို့ ချီတက်သွားသည်။ ထို့နောက် ပင်မ တပ်မသည်လည်း မိတ္ထီလာ၏ မြောက်ဘက်နှင့် အရှေ့မြောက် နေရာများသို့ ဆက်လက်ချီတက်ကြသည်။ ကင်းထောက်တပ်ဖွဲ့ များက နောက်ဆုံးနယ်နိမိတ် သတ်မှတ်နေရာကို ယူပြီးသောအခါ တင့်တပ်မဟာအား စုရပ်သို့ အလျင်အမြန် ချီတက်ရန် အမိန့်ပေး ခဲ့သည်။

မိတ္ထီလာသို့ အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် အစီ အစဉ်မှာ တပ်မမှူး၏အမိန့်ပေါ်တွင် အခြေခံသည်။ တင့်တပ်မဟာ သည် မိတ္ထီလာ၏ အနောက်မြောက်၊ မြောက်နှင့်အရှေ့မြောက် တစ်ဝိုက်ကို လှည့်လည် ရှင်းလင်းပြီးလျှင် အရှေ့ဘက်မှ ဝင်ရောက် တိုက်ခိုက်ရန် ဖြစ်လေသည်။ သာစည်–ပျော်ဘွယ်သွားလမ်းများကို ဖြတ်တောက်၍ တောင်ကုန်းအမှတ် (၈၆၀) ကို သိမ်းပိုက်ကာ တစ်ချိန်တည်းမှာပင် သံချပ်ကာ အလုံးအရင်းဖြင့် အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်းသည် ရန်သူ၏ နောက်ကျောမှ ဝင်ရောက် ခြင်းဖြစ်ရာ ရန်သူချထားသော မိုင်းဗုံးများနှင့် ထောင်ချောက်အကာ အကွယ်များကို ကွင်းရှောင်နိုင်ရန် မျှော်လင့်သည်။

လျင်မြန်သောအရှိန်ဖြင့် ချီတက်ပြီးနောက် အမှတ် (၂၅၅) တင့်တပ်မဟာသည် ပြန်လည်စုရုံး၍ တပ်မ၏အမြောက်တပ်က လည်း မိတ္ထီလာမြို့ပေါ်သို့ စုပြုံပစ်ခတ်ပေးသည်။ ထိုသို့စုပြုံ ပစ်ခတ်ခြင်း မပြုမီ စုရပ်သို့ ချီတက်နေစဉ် လေကြောင်းမှ ဗုံးကြဲ ပေးခဲ့သည်။

အမှတ် (၂၅၅) တင့်တပ်မဟာသည် မိတ္ထီလာကို အရှေ့





ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် တစ်ချိန်တည်းမှာပင် တောင်ကုန်း အမှတ် (၈၆၀) ကို သိမ်းပိုက်လိုက်ရာ ပျော်ဘွယ်ရှိ ရန်သူ့ဆက် သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်နိုင်သည်။ အရှေ့ ဘက်မှ သံချပ်ကာများဖြင့် ဝင်ရောက်တိုက်ခိုက်မှုကို အင်အားကြီး များလှသော ဂျပန်လက်ဖြောင့်တပ်သားများက ဘန်ကာများထဲမှ ပြင်းထန်စွာ ခုခံလေသည်။ ရန်သူ၏ ပစ်ခတ်မှုတွင် ရိုင်ဖယ်များ၊ စက်ကလေးများ၊ စက်လတ်များနှင့် အမြောက်များ ပါဝင်သည်။

သံချပ်ကာတပ်နှင့် ခြေလျင်တပ်သည် ဘူတာရုံတစ်ဝိုက် ဆီသို့ အတင်းထိုးဖောက်ဝင်ရောက်ရာ ရန်သူတော်တော်များများ ကျဆုံး၍ အမြောက်များစွာကိုလည်း ဖျက်ဆီးပစ်လိုက်နိုင်သည်။ သို့ရာတွင် ထိုနေရာကို ပိုက်စိပ်တိုက်ရှင်းလင်းသုတ်သင်၍ သိမ်း ပိုက်နေရာယူရန်မှာ နေစောင်းသော်လည်း မပြီးနိုင်ချေ။ ထို့ကြောင့် သံချပ်ကာတပ်နှင့် ခြေလျင်တပ်သားများ၏ ဆက်လက်တိုက်ခိုက် လိုသော ဆန္ဒကို ပယ်ဖျက်၍ ထိုညအဖို့ မိတ္ထီလာအရှေ့ဘက် ၂ မိုင်အကွာတွင် တပ်စွဲစေခဲ့သည်။

အမှတ် (၄၈) တပ်မဟာသည် ထိုအချိန်တွင် မြောက်ဘက် မှနေ၍ မြို့သို့ ချဉ်းကပ်ကာ ဖိ၍ တိုက်လေသည်။ ဂျပန်တို့၏ အင်အားအကြီးမားဆုံး စခန်းတစ်ခုမှာ မြို့မြောက်အစွန် ဘုန်းကြီး ကျောင်းတစ်ကျောင်း၌ ဖြစ်လေသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ညတွင် မိတ္ထီလာမြို့တွင်းသို့ ထောက်ကင်းများ လွှတ်ကြည့်ရာ ဂျပန်တို့က အလွန်အင်အား တောင့်တင်းသော စခန်းများမှ ခံတိုက်သည်။ မိတ္ထီလာတိုက်ပွဲ တစ်လျှောက်လုံးတွင် ဂျပန်တို့သည် ခံကတုတ်ကျင်းများ အခိုင်



www.burmeseclassic.com

www.burmeseclassic.com



အမာတုံး၍ မောင်းပြန်သေနတ် ပစ်အားကောင်းစွာဖြင့် ခုခံတိုက်ခိုက်ခဲ့သည်။ ဖြစ်သလိုလုပ်ထားသော တင့်ဖျက်ဗုံးများနှင့် မိုင်းများကိုလည်း သုံးခဲ့ကြလေသည်။ ထို့ကြောင့် ဂျပန်ကတုတ်ကျင်း တစ်ကျင်းကို သိမ်းပိုက်နိုင်ရန်မှာ မလွယ်ကူချေ။

အချို့ဂျပန်များဆိုလျှင် သူတို့၏ ဒူးကြား၌ ဗုံးများထား၍ လက်တွင် အုတ်ခဲကိုင်ကာ ကျင်းထဲတွင် ထိုင်စောင့်နေတတ်ကြသည်။ ကျင်းပေါ်သို့ တင့်ဖြတ်မောင်းသွားသောအခါတွင် ဗုံးစနက်တံကို အုတ်ခဲဖြင့်ထုပြီး ခွဲဖို့ရန် အသင့်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ညပိုင်းရောက်၍ မဟာမိတ်တပ်များ မိမိစခန်းချရာသို့ ပြန်လည်တိုင်း သို့မဟုတ် ကင်းအခြေခံစခန်းများကို သွားရောက်သိမ်းပိုက်တိုင်း ဂျပန်များ အလစ်ဝင်ရောက် တိုက်ခိုက်တတ်ကြသည်။ သို့ဖြစ်၍ ရက်ပေါင်းများစွာ ဂျပန်တို့ကို လိုက်လံဖော်ထုတ် ရှင်းလင်းကြရ သည်။

မတ်လ ၁ ရက်သည် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်သည့်နေ့ဖြစ်သည်။ အမှတ် (၄၈) တပ်မဟာသည် တင့်အကူအညီဖြင့် မိတ္ထီလာအရှေ့ပိုင်းကို အရှေ့မြောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်၍ အမှတ် (၆၃) တပ်မဟာသည် မိတ္ထီလာအနောက်ပိုင်းကို အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်သည်။ တိုးတက်မှု အလွန်နှေးကွေးလှ၏။ သို့သော် ဘန်ကာများနှင့် အိမ်များထဲတွင် နေရာယူထားသော ဂျပန်စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်နိုင်၍ ဂျပန်အားလုံးကိုလည်း သုတ်သင်နိုင်ခဲ့လေသည်။ ဂျပန်တို့ဘက်တွင် အကျအဆုံးများပြားလှသည်။ လေယာဉ်များ၊ အမြောက်များနှင့် တင့်များ၏ တိုက်ခိုက်မှုကြောင့် အများအပြားမှာ ဘန်ကာများထဲ





တွင် မြေမြှုပ်ပြီးဖြစ်သွားကြသည်။ မြို့စောင့်တပ်မှာ လူနှစ်ထောင်ကျော်သည်ဟု ခန့်မှန်းရ၍ ယင်းတို့ထဲမှ လက်တစ်ဆုပ်စာခန့်သာ လွတ်မြောက်သွားနိုင်ခဲ့ပေသည်။

မတ်လ ၁ ရက်နေ့တွင် တင့်တပ်မဟာသည် တောင်ကုန်း အမှတ် (၈၆၀) တစ်ဝိုက် ကုန်းမြင့်ပေါ်တွင် အခိုင်အမာ တပ်စွဲနိုင်ခဲ့သည်။ ယင်းမှာ တောင်ဘက်ကန်ကြီး၏ အရှေ့ဘက်တွင် ရှိသည်။ သို့သော် ဤဒေသတစ်ဝိုက်နှင့် အရှေ့ဘက်နေရာများတွင် သုတ်သင်ရှင်းလင်းရသည်နှင့်ပင် မအားနိုင်ကြပေ။

မတ်လ ၁ ရက်နှင့် ၂ ရက်နေ့ညများတွင် အမှတ် (၄၈) တပ်မဟာသည် ကျိုးကုန်းဒေသတွင် စခန်းချ၍ အမှတ် (၆၃) တပ်မဟာက မိတ္ထီလာအနောက်ပိုင်း အစွန်အဖျားတစ်ဝိုက်တွင် နေရာယူကာ အမှတ် (၂၅၅) တင့်တပ်မဟာမှာ ကမ်းနားတွင် တပ်စွဲထားကြသည်။ တပ်မဌာနချုပ်မှ အမှတ် (၉) တပ်မဟာမှာ အမှတ် (၁) ဆစ်ခ်တပ်ရင်းနှင့်အတူ မိတ္ထီလာမြောက်ဘက်တစ်မိုင်ခွဲအကွာ သပွတ်ကုန်းဒေသသို့ ဆိုက်ရောက်လာကြလေသည်။

တပ်မအမြောက်ကြီးတပ်မှာ အန်တူးဒေသမှာပင် ရှိလေသည်။ ညပိုင်းက မိတ္ထီလာ အရှေ့ပိုင်းတွင် အားကောင်းသော တိုက်ကင်းများ ထားရစ်ခဲ့သော်လည်း မတ်လ ၂ ရက်နေ့ နံနက်တွင် ဂျပန်များ ပြန်လည် ဝင်ရောက်လာခဲ့သည်။ တပ်စွဲထားသော စခန်းနယ်နိမိတ်အတွင်း ဝင်ရောက်ဒုက္ခပေးကြလေသည်။ ထိုသို့ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် နောက်ထပ် ဂျပန်အချို့ကို သုတ်သင်ပစ်နိုင်ခဲ့လေသည်။

မတ်လ ၂ ရက်နေ့တွင် အမှတ် (၄၈) တပ်မဟာသည်



www.burmeseclassic.com

www.burmeseclassic.com



တင့်များ၊ အမြောက်ကြီးများနှင့် လေယာဉ်များ၏ အကူအညီဖြင့် ရှေ့တိုးတိုက်ခိုက်ပြန်ရာ ဂျပန်များကို မြို့၏တောင်ဘက်အစွန်သို့ မောင်းထုတ်လိုက်နိုင်သည်။ ဂျပန်တို့သည် တောင်ဘက်ကန်ကြီးကို ကျောပေးကာ အမြောက်များ၊ မိုင်းဗုံးများဖြင့် ပြန်လှန်ပစ်ခတ် ခုခံသောကြောင့် မဟာမိတ်တို့အဖို့ အတော်အတန် နှောင့်နှေး ရသည်။ ညမှောင်သည့်တိုင်အောင် တစ်မြို့လုံးကို မရှင်းလင်း သေးချေ။ အမှတ် (၆၃) တပ်မဟာသည် လေကြောင်းပစ်ကူယူကာ တင့်ကားများ အကူအညီဖြင့် နှစ်ကြိမ်တိုင် ပြင်းထန်စွာ ဝင်ရောက် စီးနင်းရာ မိတ္ထီလာအနောက်ပိုင်းကို ရှင်းလင်းနိုင်လေသည်။

ဖေဖော်ဝါရီလ ၂၀ ရက်မှ မတ်လ ၂ ရက်အတွင်း ကျောက် ပန်းတောင်းလမ်းရှိ မိုင်တိုင် အမှတ် (၃) အနီးတွင် လမ်းပိတ် ချထားသော အမှတ် (၇) ဘလူချီစတန်တပ်ရင်း၏ တပ်ခွဲတစ်ခု သည် အမြောက်တစ်လက် အဖိုးတန်ပစ္စည်းများ ကားကြီး ၄ စီး အပြည့်နှင့်အတူ ဂျပန်သုံ့ပန်း ၅ ယောက်ကို ဖမ်းဆီးရမိပြီး ဂျပန် များစွာကို သုတ်သင်နိုင်ခဲ့သည်။

မိတ္ထီလာအရှေ့ပိုင်းမှာ မတ်လ ၃ ရက်တွင် ရှင်းလင်းသွား လေသည်။ ထိုနေ့တိုက်ပွဲမှာ သည်းသည်းမဲမဲ ပြင်းထန်လှသည်။ ပထမအဆင့်အနေဖြင့် ရထားလမ်းရှိရာသို့ အမှတ် (၁) အနောက် ယောက်တပ်ရင်းနှင့် အမှတ် (၉) ရွိုင်ရယ်ဟော့ခ်တင့်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက တောင်ဘက်ကြောင်းအတိုင်း ချီတက်တိုက်ခိုက်ကြရာ မနက် ၁၀း၁၅ နာရီတွင် ပြီးဆုံးသည်။ ထို့နောက် လေကြောင်းမှ ပြင်းထန်စွာဗုံးကြဲ၍ အမြောက်ကြီးတပ်က တစ်နေရာတည်းစု၍ ပစ်သွင်းသည်။ ဒုတိယအဆင့်မှာ အမှတ် (၁) အနောက်ယောက်





တပ်ရင်းမှ တပ်ခွဲတစ်ခွဲက ခြေလျင်တပ်များ၊ တင့်များဖြင့် ဝင်ရောက် တိုက်ခိုက်သည်။

အမှတ် (၉) ရွိုင်ရယ်ဟော့ခ်တင့်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက အရှေ့မြောက်ဘက်ခြမ်းမှ ချက်ချင်း ဝင်ရောက်လာသည်။ ဂျပန်တို့၏ ခုခံမှုအင်အားများစွာနှင့် ရင်ဆိုင်ကြရသည်။ အမြောက်များ၊ မိုင်းဗုံးများ ဒဏ်ကြောင့် ထိုးဖောက်မှုအရှိန် နှေးသွားသည်။ သို့သော်လည်း မဟာမိတ်တပ်များက မှန်မှန်ထိုးဝင်နိုင်ခဲ့သည်။ ထို့နောက် နေ့လယ် ၁၃း၀၀ နာရီတွင် အနောက်ပိုင်းမှ တိုက်စစ်နှင့် အရှေ့မြောက်ဘက်မှ တိုက်စစ် ပူးပေါင်း တွဲဖက်ကာ တိုက်ပွဲ စလေသည်။ ဂျပန် ၇၅ မီလီမီတာ အမြောက်များက မဟာမိတ် တင့်ကားများကို အနီးကပ် ပစ်ခတ်ကြသည်။ သို့သော် တစ်ခုပြီးတစ်ခု ဖျက်ဆီးလိုက်နိုင်၍ ညနေ ၁၇း၅၀ နာရီ၌ တစ်မြို့လုံးကို သိမ်းပိုက် ရရှိလေသည်။ နောက်ဆုံးတွင် ဂျပန် ၅၀ ခန့်မှာ ရေကန်တွင်း ခုန်ချကြရာ ရေနစ်၍လည်းကောင်း၊ အပစ်ခတ်ခံရ၍လည်းကောင်း သေဆုံးကုန်ကြသည်။ ရန်သူ့အမြောက် ၁၂ လက်ကို ဖျက်ဆီးနိုင်ခဲ့ပြီး အချို့ကို သိမ်းပိုက် ရရှိခဲ့သည်။

တိုက်ပွဲဖြစ်ပွားနေစဉ် ကျီးကန်း၊ ကမ်းနားနှင့် တောင်ကုန်း အမှတ် (၀၆၀) အကြား ဒေသတွင်းရှိ မညီညာသောမြေနိမ့်ပိုင်း များတွင် ဂျပန်တပ်ဖွဲ့ငယ်ကလေးများ လှည့်လည်ပြောင်းရွှေ့ခိုနေ ကြသည်။ ယင်းတို့အား တင့်များက ခြေလျင်တပ်များ အကူအညီ ဖြင့် လိုက်လံနှိမ်နင်းရာ ၆၅ ယောက်ခန့် သုတ်သင်ခဲ့သည်။ ည မမှောင်မီ အမှတ် (၄၈) တပ်မဟာ၏ အမှတ် (၄) နယ်ခြား သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် မန္တလေး ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



မိုင်တိုင်အမှတ် (၃၄၄) တွင် လမ်းပိတ်တပ်ချထားရာ နောက်နေ့တွင် ဂျပန် ၂၀ ခန့်ကို တွေ့ရှိသုတ်သင်နိုင်ခဲ့သည်။

မတ်လ ၄ ရက်နှင့် ၅ ရက်နေ့များမှာ လက်ဖြောင့် တပ်သားများကို သုတ်သင်ရှင်းလင်းရသည်နှင့် အချိန်ကုန်ခဲ့သည်။ တပ်မဌာနချုပ်၊ တပ်မအမြောက်ကြီးတပ်များနှင့် အမှတ် (၄၈) တပ်မဟာတို့သည် တပ်မြေဒေသသို့ ပြောင်းရွှေ့သွားကြသည်။ အမှတ် (၆၃) တပ်မဟာသည် မိတ္ထီလာအနောက်ပိုင်းတွင် ကျန်ရစ်ခဲ့သည်။ အမှတ် (၉၉) တပ်မဟာက ကျီးကုန်းဒေသကို သိမ်းပိုက်၍ ခြေလျင်တပ်ဖွဲ့ကလေးများက သပွတ်ကုန်းတွင် နေရစ်ခဲ့သည်။

မိတ္ထီလာပင်မလေယာဉ်ကွင်းကြီးကို အမြန်ပြင်ဆင်လိုက်၍ မတ်လ ၅ ရက်တွင် ပြန်ဖွင့်နိုင်ခဲ့သည်။ အမှတ် (၂၁) တောင်ပေါ်ပစ် အမြောက်တပ်ရင်းနှင့် အမှတ် (၈၇) တင့်ပစ်အမြောက်တပ်ခွဲတို့သည် မတ်လ ၂ ရက်တွင် လေယာဉ်ဖြင့် မိတ္ထီလာသို့ ဆိုက်ရောက်လာကြသည်။

**စစ်ဆင်ရေးနှင့်တိုက်ပွဲအဆုံးသတ်ခြင်း**

မဟာမိတ်တို့၏ အမှတ် (၁၄) တပ်တော်မှ ဗိုလ်ချုပ်ကိုဝင် ဦးစီးသော အမှတ် (၁၇) အိန္ဒိယတပ်မနှင့် အမှတ် (၂၅၅) တင့်တပ်မဟာတို့ ပူးပေါင်း၍ မိတ္ထီလာမြို့အား ဝန်းရံတိုက်ခိုက်ခဲ့ရာ ၁၉၄၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့ပြီး ဂျပန်တပ်မတော်မှ မိတ္ထီလာမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ကာဆူယာ၏ တပ်ဖွဲ့များ ဆုတ်ခွာထွက်ပြေးသွားကြခြင်းကြောင့် တိုက်ပွဲပြီးဆုံးသွားသည်။ မိတ္ထီလာသည် ဂျပန် အမှတ် (၁၅) တပ်တော် တစ်တပ်





လုံး၏ ဆက်သွယ်ရေးလမ်းကြောင်း အချက်အချာဖြစ်လေရာ ထိုမြို့ကို သိမ်းပိုက်လိုက်ခြင်းကြောင့် မြောက်ပိုင်းကျသော မန္တလေးဘက်တွင် ဂျပန်တို့၏ စစ်ဆင်ရေးကို များစွာထိခိုက်စေခဲ့သည်။

**ဂျပန်တို့၏ တန်ပြန်တိုက်စစ်**

ဗြိတိသျှနှင့် မဟာမိတ်တို့က မိတ္ထီလာမြို့သို့ လေးရက်အတွင်း သိမ်းပိုက်နိုင်ပြီး ခံစစ်ဆင်သည့် ဂျပန်တပ်အားလုံးနီးပါးကို ချေမှုန်းလိုက်ခြင်းသည် မြန်မာပြည်စစ်မြေပြင်၏ နောက်ဆုံးအဆုံးဖြတ်ပင်ဖြစ်ပါသည်။

ဂျပန်တပ်မှူးကြီး ဗိုလ်ချုပ်ကြီးကီမူရာအနေဖြင့် မိတ္ထီလာမြို့သို့ အငိုက်မိပြီး ဆုံးရှုံးရခြင်း၏ ဆိုးကျိုးများကို ချက်ချင်းသိမြင်ခဲ့ခြင်းမရှိဘဲ နေ့နှင့်ညခြားမိသည်။ သူ၏အင်အားအများစုကို မန္တလေးအနီးတစ်ဝိုက်မှ ဖြတ်ကူးလာမည့် မဟာမိတ်တပ်များအား စောင့်ကြိုချေမှုန်းရန် ပြင်ဆင်နေချိန်တွင် နောက်ပိုင်းမှ မိတ္ထီလာကို ဝင်သိမ်းသွားခြင်းဖြစ်ရာ မြန်မာပြည်ရှိ ဂျပန်တပ်များ၏ အခြေအနေယိမ်းယိုင်သွားမှုကို ချက်ချင်းပြန်လည်ထိန်းသိမ်းနိုင်ရန် ပြင်ဆင်ရတော့သည်။

ဗိုလ်ချုပ်ကြီး ကီမူရာမှာ အခြားဂျပန်တပ်မှူးကြီးများနှင့် မတူဘဲ အခြေအနေဆိုးများကို ရဲရဲဝံ့ဝံ့ လျင်လျင်မြန်မြန် ရင်ဆိုင်ဖြေရှင်းခဲ့သူဖြစ်၏။ ၎င်းက မိတ္ထီလာကို ပြန်လည်သိမ်းပိုက်နိုင်ရန် စီမံခဲ့သည်။

မန္တလေးသို့ မြန်မာပြည်အရပ်ရပ်မှ အင်အားဖြည့်ချီတက်လာသော ဂျပန်တပ်အကူအားလုံး မိတ္ထီလာစစ်မျက်နှာသို့ ဦးတည်ချီတက်စေခဲ့သည်။ မန္တလေးတစ်ဝိုက် မြစ်ကူးခြေကုပ်စခန်းများ၌



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့အား တိုက်ခိုက်နေသည့်တပ်အချို့ကိုပင် မိတ္ထီလာသို့ ဆွဲထုတ်ခဲ့သည်။ ဂျပန်တပ်အားလုံးကို ရရာပို့ဆောင်ရေးယာဉ်များနှင့် မိတ္ထီလာသို့ အမြန်ဆုံးချီတက်စေခဲ့၏။

ဗိုလ်ချုပ်ကြီးကိမူရာက မိတ္ထီလာအား အမြန်ဆုံးပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အမှတ် (၃၃) ဂျပန် တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီးဟွန်ဒအား တာဝန်ပေးခဲ့သည်။ ၎င်း၏ကွပ်ကဲမှုအောက်တွင် အမှတ် (၁၈) တပ်မ (တပ်ရင်းကြီးတစ်ရင်းလျော့ အင်အား) မန္တလေးရှိ အမှတ် (၅၃) တပ်မမှ တပ်ရင်းကြီးတစ်ရင်း၊ ပခုက္ကူမှ ဆွဲထုတ်လာသော အမှတ် (၃၃) တပ်မမှ တပ်ရင်းကြီးတစ်ရင်း၊ ပဲခူးမှ ချီတက်လာသော အမှတ် (၄၉) တပ်မ (တပ်ရင်းကြီးတစ်ရင်းလျော့ အင်အား) ထို့အပြင် အမြောက်နှင့် တင့်တပ်ရင်းကြီးများကို လွှဲပြောင်းပေးခဲ့သည်။ တိုက်ပွဲနောက်ပိုင်းတွင် အမှတ် (၂) တပ်မမှာ တပ်ရင်းကြီးတစ်ရင်း ပါဝင်လာသည်။ ထို့အပြင် ပုပ္ပားတောင်ခြေရှိ အိန္ဒိယတပ်များကို အင်အားဖြည့်ရန် အမှတ် (၅၅) တပ်မမှ တပ်ရင်း ၂ ရင်း၊ ရခိုင်စစ်မျက်နှာ ရှိ အမှတ် (၅၄) တပ်မမှ ခြေလျင်တပ်ရင်း ၂ ရင်းနှင့် အမြောက်တပ်ရင်း ၁ ရင်းတို့ပါ ရောက်ရှိလာသည်။ သို့အတွက် ဒုတိယဗိုလ်ချုပ်ကြီးဟွန်ဒါ၏ ကွပ်ကဲမှုအောက်တွင် တပ်မ ၂ တပ်ပါ တပ်မကြီးတစ်တပ် အင်အားနှင့် ညီမျှသော တပ်အင်အားရှိနေပြီဖြစ်၏။ ယင်းအင်အားဖြင့် မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ရန် စီမံခဲ့သည်။ ၎င်း၏စီမံချက်မှာ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်း ပါဝင်သည်။

၁။ မိတ္ထီလာသို့သွားရာ ဗြိတိသျှတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ရန် (ညောင်ဦးရှိ မြစ်ကူးခြေကုပ်စခန်းနှင့် မိတ္ထီလာအကြား အဆက်အသွယ်ဖြတ်ရန်)။

၂။ မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ရန်။

မြရတနာစာပေ



ယင်းစီမံချက်အတိုင်းပင် မြန်မာပြည် အရပ်ရပ်မှ ရောက်ရှိလာသော ဂျပန်တပ်များအား စုရပ်များတွင် စတင်နေရာယူစေခဲ့သည်။ ဗြိတိသျှတို့ကလည်း ယင်းစစ်ကူတပ်များ စုရပ်၌ မစုစည်းမီ ဦးစွာချေမှုန်းရန်လိုကြောင်းကို သိရှိထားသဖြင့် အခွင့်သာတိုင်း ခိုရဲဝံ့ဝံ့ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ဗြိတိသျှ၏အမှတ် (၁၄) တပ်တော်က လက်အောက်ခံ တပ်မကြီးနှင့် တပ်မအားလုံးကို မိမိတက်လှမ်းမှီသမျှ ဂျပန်တပ်များကို အမြန်ဆုံး တိုက်ခိုက်ချေမှုန်းရန် ညွှန်ကြားခဲ့သည်။

ဂျပန်တပ်များမှာ မဟာမိတ်တို့၏ လေကြောင်းစိုးမိုးမှုကို ရှောင်လွှဲနိုင်ရန် စစ်ကြောင်းငယ်များ ခွဲ၍ ချီတက်နေရသဖြင့် ၎င်းတပ်များ စုရပ်မရောက်မီ ဗြိတိသျှတို့က ကြားဖြတ်တိုက်ခိုက်ကြသည်။ မဟာမိတ်တို့က လေကြောင်းနှင့် ကြည်းကြောင်းမှ ပြင်းပြင်းထန်ထန် ကြားဖြတ်တိုက်ခိုက်မှုကြောင့် ဂျပန်တပ်များမှာ စုရပ်သို့ အချိန်မီ မရောက်နိုင်ဘဲ နှောင့်နှေးရုံမက ပို့ဆောင်ရေးယာဉ်များလည်း တစ်နေ့ထက်တစ်နေ့ ပို၍ ဆုံးရှုံးခဲ့ရသည်။

ဂျပန်တို့၏ တန်ပြန်တိုက်စစ်ကို ကာကွယ်ရန် ဗြိတိသျှတို့၏ စစ်ရေးစီမံချက်တွင် ရန်သူ့ကွပ်ကဲမှုစနစ်ကို ဖျက်ဆီးရန် ဟူသော ရည်ရွယ်ချက်တစ်ရပ်လည်း ပါဝင်သည်။ အမှတ် (၁၄) တပ်တော်ဌာနချုပ်တည်ရှိရာ မုံရွာတွင် ဗြိတိသျှတို့၏ ရေဒီယိုဆက်သွယ်မှု ကြားဖြတ်ဖမ်းယူရေးနှင့် ရပ်ညွှန်းရှာတပ် တည်ရှိသည်။ ၎င်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com




တပ်က ဂျပန်ဌာနချုပ်များ၏ ဆက်သွယ်မှုများကို အမိအရ ကြား ဖြတ်နားထောင်ကာ ဌာနချုပ်များ၏ တည်နေရာကို နီးနီးစပ်စပ် တွက်ချက်ခန့်မှန်းပေးနိုင်ခဲ့သည်။ လေကြောင်းကင်းထောက်မှုနှင့် ဒေသခံ သတင်းပေးများထံမှ ရရှိသော သတင်းများ စုပေါင်း လိုက်သောအခါ ဗြိတိသျှတို့သည် အရေးပါသော ဂျပန်စစ်ဌာနချုပ် များ တည်နေရာကို တိတိကျကျ ခန့်မှန်းလာနိုင်တော့သည်။

ငင်းဌာနချုပ်များအား လေကြောင်းမှ ပြင်းပြင်းထန်ထန် အဆက်မပြတ် တိုက်ခိုက်ရုံမက အခြေအနေပေးလျှင် မြေပြင် တပ်များဖြင့်လည်း စီနင်းတိုက်ခိုက်စေခဲ့သည်။ ဂျပန်ဌာနချုပ် ရွှေ့ ပြောင်းရာတိုင်းသို့ လိုက်လံ တိုက်ခိုက်နိုင်ခဲ့သည်။ သို့ဖြင့် ဂျပန် ဌာနချုပ်များမှာ ရေဒီယိုဆက်သွယ်မှု မပြုကြတော့ဘဲ ရေဒီယိုကို မဖွင့်ရသည့်အချိန် များသည်ထက် များလာရာ ဆက်သွယ်မှု ပြတ် တောက်လာတော့သည်။ သို့ဖြင့် တပ်မှူးများမှာလည်း စစ်မြေပြင် အခြေအနေကို အချိန်မီ မသိနိုင်တော့ဘဲ သတင်းရရှိမှု နှောင့် နှေးစေတော့သည်။

မိတ္ထီလာရှိ အမှတ် (၁၇) အိန္ဒိယတပ်မသည် မိတ္ထီလာ ပတ်ဝန်းကျင်သို့ထွက်၍ လှုပ်ရှားတိုက်ခိုက်တော့သည်။ မိတ္ထီလာမြို့ ပတ်ဝန်းကျင် မိုင် ၂၀ အတွင်း တွေ့သမျှ ဂျပန်စစ်ကြောင်းများအား ရှာဖွေခြင်း၊ ချုံခိုတိုက်ခိုက်ခြင်း၊ ရင်ဆိုင်တိုက်ခိုက်ခြင်းတို့ဖြင့် ဂျပန်တပ်များ မစုစည်းနိုင်အောင် ဆောင်ရွက်ခဲ့သည်။ ယင်းတိုက် ခိုက်မှုကြောင့် ဂျပန်တို့၏ တပ်စုစည်းမှုအစီအစဉ်များ နှောင့်နှေးကာ စစ်ဆင်မည့် စီမံချက်များလည်း ပျက်သည်က ပျက်၊ နှောင့်နှေး သည်က နှောင့်နှေးဖြစ်ကုန်ကြတော့သည်။

**မြရတနာစာပေ**




မြန်မာပြည်သိမ်းပိုက်စစ်ဆင်ရေးတွင် ပုံပါအတိုင်း မိတ္ထီလာလွှင်မြို့သို့
ဗြိတိသျှတို့က သံချပ်ကာစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com





မိတ္ထီလာတိုက်ပွဲတွင် ပါဝင်ခဲ့သည့် ဗြိတိသျှအမှတ်(၂၅၅) သံချပ်ကာတပ်မဟာမှ တင့်ကားများ



သို့ရာတွင် ဗြိတိသျှတို့သည် ဂျပန်တပ်များ လုံးဝမစုစည်းနိုင်စေရန်ကိုမူ မတားဆီးနိုင်ခဲ့ကြချေ။ ဂျပန်တို့၏ အဓိက ရည်မှန်းချက်မှာ မိတ္ထီလာမြို့မြောက်ဘက် ၂ မိုင်အကွာရှိ ပင်မလေယာဉ်ကွင်းကို သိမ်းပိုက်ရန်ဖြစ်၏။ ယင်းလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ပါက ဗြိတိသျှနှင့် အမေရိကန်လေယာဉ်များ မဆင်းနိုင်တော့ဘဲ ထောက်ပံ့ရေးလမ်းကြောင်း ပြတ်တောက်သွားမည် ဖြစ်၏။ ထိုအချိန်တွင် ညောင်ဦးနှင့် မိတ္ထီလာ ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ဖြတ်တောက်ထားပြီးဖြစ်ရာ မိတ္ထီလာရှိ ဗြိတိသျှနှင့် အိန္ဒိယတပ်များမှာ လေကြောင်းမှ ချပေးသော ရိက္ခာနှင့် ပစ္စည်းများကိုသာ အားထားကြရတော့မည်ဖြစ်ပြီး ကြာလျှင် ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်မည်ဖြစ်၏။ ထိုအချိန်တွင်မှ မိတ္ထီလာမြို့ကို ဂျပန်တို့က ဝင်သိမ်းရန် ရည်မှန်းထားသည်။

မတ်လလယ်ရောက်သည်တွင် ဂျပန်တို့သည် လေယာဉ်ကွင်းအစပ်၌ပင် ကျင်းတူးနေရာ ယူထားကြပြီး ဖြစ်သည်။ မိတ္ထီလာရှိ အမှတ် (၁၇) အိန္ဒိယတပ်မမှာ မြို့ပတ်ဝန်းကျင်ကို ထွက်၍ ရှင်းလင်းတိုက်ခိုက်သည် ဆိုသော်လည်း တပ်အင်အားအလုံအလောက် မသုံးနိုင်တော့ချေ။ ဂျပန်များ နေ့စဉ် ရာနှင့်ချီ ကျဆုံးပြီး အမြောက်များကိုပင် သိမ်းဆည်းမိသော်လည်း လေယာဉ်ကွင်းတိုက်ပွဲမှာ ပြင်းထန်သည်ထက် ပိုမိုပြင်းထန်လာသည်။ ညမှောင်သည်နှင့် လေယာဉ်ပြေးလမ်းပေါ်တွင် အနီးကပ်တိုက်ပွဲများ ဖြစ်ပွားတော့သည်။

နေ့စဉ်ပင် နံနက်မိုးလင်း၍ လေယာဉ်များ မဆင်းလာမီ လေယာဉ်ပြေးလမ်းကို မိုင်းရှင်းလင်းခြင်း၊ ညပိုင်းက စိမ့်ဝင်သော



www.burmeseclassic.com

www.burmeseclassic.com



သော ဂျပန်အဖွဲ့ငယ်များအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရ၏။ ပြီးမှသာ လေယာဉ်များ တက်ဆင်းနိုင်သည်။ အမှတ် (၅) တပ်မမှ တပ်မဟာတစ်တပ်ကို အရေးပေါ် ခေါ်ယူခဲ့ရာ မတ်လ ၁၇ ရက်နေ့တွင် တပ်မဟာ တစ်တပ်လုံး ရောက်လာခဲ့သည်။ ၎င်းတပ်မဟာ နောက်ဆုံးအသုတ်ရောက်ချိန်တွင် လေယာဉ်ပြေးလမ်းပေါ်သို့ ဂျပန်အမြောက်ဆန်များ ကျရောက်ပေါက်ကွဲနေပြီ ဖြစ်၏။ လေယာဉ်အချို့ ပျက်စီးသွားပြီး ဗြိတိသျှနှင့် အမေရိကန် လေယာဉ်မှူးအချို့ လေယာဉ်အဖွဲ့သားအချို့ ထိခိုက်ဒဏ်ရာရသွားခဲ့သည်။

၎င်းနေ့မှပင် ဂျပန်တို့က လေယာဉ်ကွင်းကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လာရာ လေယာဉ်ဆင်းတက်မှု လုံးဝရပ်ဆိုင်းလိုက်ရသည်။ သို့အတွက် မဟာမိတ်တို့တွင် ထောက်ပံ့ရေးပစ္စည်းများ လျော့နည်းလာကာ စာတ်ဆီပြတ်လပ်လာသည်။ လူနာများအားလည်း လေကြောင်းမှ ရွှေ့မထုတ်နိုင်တော့ချေ။ မြန်မာပြည်တိုက်ပွဲများ စတင်ကတည်းက အကြိမ်ကြိမ် အဝိုင်းခံခဲ့ရသော အမှတ် (၁၇) အိန္ဒိယတပ်မမှာ ဤတစ်ကြိမ်လည်း အဝိုင်းခံရပြန်ပြီ ဖြစ်၏။ အမှတ် (၁၇) အိန္ဒိယတပ်မ၏ အစဉ်အလာအတိုင်း လုံးဝအဝိုင်းခံရရုံမျှမက အဆက်အသွယ်ပါ ပြတ်တောက်သွားပြီဖြစ်၏။ ထိုအချိန်မှာပင် တပ်မမှူး ဗိုလ်မှူးချုပ်ကိုဝင်၏ သားဖြစ်သူ အမှတ် (၁၉) တပ်မမှ အရာရှိတစ်ဦးမှာ မန္တလေးတိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။

အမှတ် (၁၇) အိန္ဒိယတပ်မ၏ တပ်မမှူးဗိုလ်မှူးချုပ်ကိုဝင် **Cowon** မှာ စိတ်ဓာတ်မကျဘဲ ဂျပန်တို့၏ တိုက်စစ်များကို တွန်းလှန်နိုင်ရန် ဖွဲ့ဖြင့်ကြိုးပမ်းခဲ့သည်။





ဂျပန်တို့က လေယာဉ်ပြေးလမ်းမြောက်ဘက်ကို သိမ်းပိုက်ထားသည်။ ၎င်းဘက်အခြမ်းတွင် မြေအနေအထား မကောင်းဘဲ လျှိုများ၊ ချောင်းများ၊ ချောက်များရှိသဖြင့် မဟာမိတ်တို့ဘက်က တင့်သုံးရန် အခက်အခဲရှိသည်။ ဂျပန်တို့တွင် တင့်ဖျက်အမြောက်များ၊ တင့်ဖျက်မိုင်းများ အလုံအလောက်ပါလာသဖြင့် ၎င်းလက်နက်များဒဏ်ကို တင့်များ ကောင်းကောင်းခံကြရသည်။ ၎င်းအမြောက်များ၊ မိုင်းများ ကုန်သွားသောအခါ ဂျပန်တို့က မနုဿမိုင်းများ အသုံးပြုကြပြန်သည်။

မနုဿမိုင်းမှာ ၁၀ ကီလိုဂရမ် လေယာဉ်ချဗုံးကို ဂျပန်စစ်သည်တစ်ယောက်က ပိုက်ကာ ပစ်ကျင်းထဲတွင် အသင့်စောင့်ဆိုင်းနေခြင်း ဖြစ်၏။ ဗုံးစနက်အုံကို ထုရန် ကျောက်ခဲကို အဆင်သင့်ကိုင်ထားသည်။ ၎င်း၏ပစ်ကျင်းပေါ်မှ ဗြိတိသျှတင့်ဖြတ်သည်နှင့် စနက်ကို ကျောက်ခဲဖြင့်ထုချလိုက်ရာ ဗုံးပေါက်ကွဲပြီး လူအသေခံကာ တင့်ဖျက်ဆီးသည့်နည်းဖြစ်၏။

ဗြိတိသျှတို့သည် အမြောက်ပစ်ခတ်မှု၊ တင့်ကို အခြေအနေပေးလျှင် ပေးသလို အသုံးပြုမှုနှင့် ဗုံးကြဲတိုက်လေယာဉ်များ၏ အနီးကပ် လေကြောင်းပစ်ကူတို့ဖြင့် လေယာဉ်ကွင်းမြောက်ဘက်မှ ဂျပန်တပ်များကို တဖြည်းဖြည်းရှင်းလင်းနိုင်လာခဲ့သည်။ လေယာဉ်ကွင်းစပ်မှ ဂျပန်တပ်များကို ရှင်းလင်းပြီးနောက်တွင်ပင် မိတ္ထီလာလေယာဉ်ကွင်းပေါ်သို့ ဂျပန်အမြောက်ကျည်များ ကျရောက်ပေါက်ကွဲဆဲ ဖြစ်၏။ မတ်လ ၂၉ ရက်နေ့ရောက်မှသာ ဂျပန်တို့၏ တင့်ဖျက်အမြောက်များကို ရှင်းလင်းနိုင်ခဲ့သည်။ ဂျပန်တပ်များမှာ အကျအဆုံးများနေပြီဖြစ်၍ ဆုတ်ခွာသွားခဲ့ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**မြင်းခြံ၊ တောင်သာ၊ ချောက်နှင့် လက်ဆယ်တိုက်ပွဲများ**

ထိုအချိန်မှာပင် ဂျပန်တို့၏မြောက်ဘက်မှ ဝင်တိုက်သော စစ်ကြောင်းက တောင်သာကို သိမ်းမိသွားသည်။ လက်ဆယ် ပုဂံ၊ ညောင်ဦးတစ်ဝိုက်တွင် တပ်ဖြန့်ထားသော ဗြိတိသျှ အမှတ် (၇) တပ်မက တန်ပြန်တိုက်စစ်ဆင်ခဲ့သည်။ စစ်ကြောင်းများအား လေကြောင်းထောက်ပံ့ကာ မြင်းခြံသို့ အမြန်ဆုံးချီတက်ခဲ့၏။ မြင်းခြံမှ လေးမိုင်အကွာတွင် ဂျပန်တို့က အခိုင်အမာ ခံစစ်ယူထားရာ ဗြိတိသျှတို့၏ ချီစစ်အဟုန် တန့်သွားတော့၏။

ဗြိတိသျှတို့အနေဖြင့် မိတ္ထီလာလမ်း ပြန်ဖွင့်နိုင်ရေးမှာ အရေးကြီးနေသဖြင့် မြင်းခြံရှိ ဂျပန်တပ်များကို မတိုက်တော့ဘဲ တောင်သာကို ဦးတည်ချက်ပြောင်းကာ တိုက်ခိုက်တော့သည်။ တောင်သာကို အခက်အခဲမရှိ သိမ်းပိုက်မိသော်လည်း မြို့ပြင်မှ တောင်ကုန်းများကိုမူ မတ်လ ၇ ရက်နေ့မှစ၍ ခဲခဲယဉ်းယဉ်းတိုက်ခိုက်ခဲ့ရသည်။ တောင်သာမိတ္ထီလာလမ်းကို စိုးမိုးထားသော တောင်ကုန်းများပေါ်ရှိ ဂျပန်တပ်များကို ၇ ရက်ခန့် ခက်ခက်ခဲခဲ ရှင်းလင်းခဲ့ရသည်။ ၎င်းနောက်တွင် အမှတ် (၇) တပ်မမှ တပ်များအား ကုန်းကြောင်းမှ ရောက်ရှိလာသည့် အမှတ် (၅) တပ်မ၏ တပ်မဟာတစ်တပ်ဖြင့် တပ်ချင်း လဲလှယ်ပေးခဲ့သည်။ ထို့နောက် အမှတ် (၇) တပ်မသည် မြင်းခြံကို ပြန်လည်သိမ်းပိုက်ရန် ဆက်လက်ဆောင်ရွက်ခဲ့သည်။

မြင်းခြံမှာ ချင်းတွင်းမြစ်ကြောင်းအတိုင်း သယ်လာသော စစ်လက်နက်ပစ္စည်းများ တင်ချနိုင်ရန်အတွက် အရေးကြီးသော ဆိပ်ကမ်းမြို့ဖြစ်သဖြင့် မြင်းခြံကို မဖြစ်မနေသိမ်းပိုက်ရန် လိုအပ်သည်။ သို့အတွက် မြင်းခြံကို စတင်တိုက်ခိုက်ရန် ပထမအကြိမ် ကြိုးပမ်း





မှုမှာ မအောင်မြင်ဘဲ ပြန်ဆုတ်ခဲ့ရသည်။ နောက်တစ်ကြိမ် ပြင်းထန်စွာ တိုက်ခိုက်ပြီးနောက် မတ်လ ၁၈ ရက်နေ့ညတွင် မြို့ဆင်ခြေဖုံးရပ်ကွက်များကို ထိုးဖောက်နိုင်ခဲ့သည်။ ဂျပန်တို့ အသေခံ၍ တန်ပြန်တိုက်စစ်များကို အကြိမ်ကြိမ်ဆင်နွှဲခဲ့သည်။ နောက်ထပ် လေးရက်မျှ တိုက်ခိုက်ပြီးမှသာ မြင်းခြံမြို့ကို သိမ်းပိုက်မိသည်။ အမှတ် (၁၅) ဂျပန်တပ်မမှာ မြင်းခြံတွင် အကျအဆုံးများပြားခဲ့သည်။ မြင်းခြံကို သိမ်းပိုက်လိုက်နိုင်သဖြင့် မဟာမိတ်တို့အတွက် ထောက်ပံ့ပို့ဆောင်ရေးပြဿနာတစ်ရပ် ရှင်းသွားခဲ့သည်။ မြန်မာပြည်အလယ်ပိုင်းရှိ တပ်များအား မြစ်ကြောင်းမှ ထောက်ပံ့သွားနိုင်ပြီဖြစ်၏။ ဆက်လက် ၍ မြင်းခြံ–မိတ္ထီလာ မီးရထားလမ်းကိုလည်း ပြန်ဖွင့်နိုင်ရန် ကြိုးပမ်းခဲ့၏။

မဟာမိတ်တပ်များ မိတ္ထီလာနှင့် မြင်းခြံတစ်ဝိုက်တွင် အကြိတ်အနယ် တိုက်ခိုက်နေကြစဉ်မှာပင် ဂျပန် တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဟွန်ဒက တောင်ဘက်တိုက်စစ်ကို စတင်ဆင်နွှဲတော့သည်။ ကျောက်ပန်းတောင်းတစ်ဝိုက်ရှိ အိန္ဒိယအမျိုးသား တပ်မတော်မှ တပ်ဖွဲ့များသည် ဂျပန်တပ်များနှင့် ပူးပေါင်းလျက် ညောင်ဦးသို့ ချီတက်တိုက်ခိုက်သည်။ ၎င်းတပ်များသည် ညောင်ဦးမှ တောင်ဘက်သို့ ချီတက်လာသော အမှတ် (၇) တပ်မမှ တပ်များနှင့် တည့်တည့်တိုးကာ ရင်ဆိုင်တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားသည်။ အိန္ဒိယအမျိုးသား တပ်မတော်တပ်ဖွဲ့များမှာ အနည်းငယ်သာ တိုက်ခိုက်ပြီး လက်နက်ချသူချ၊ ထွက်ပြေးသူထွက်ပြေးဖြင့် တပ်ပျက်သွားသည်။ ဂျပန်တပ်များကမူ အစဉ်အလာအတိုင်း ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အမှတ် (၇) တပ်မမှ စစ်ကြောင်းတစ်ကြောင်းသည် ချောက်သို့ ဦးတည်ချီတက်သွားရာ ရင်ဆိုင်ချီတက်လာသော ဂျပန်တပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြန်သည်။ ချောက်မြို့ မြောက်ဘက် ၆ မိုင်အကွာတွင် ဖြစ်သည်။ အမှတ် (၇) တပ်မမှ တပ်များသည် ဂျပန်တပ်များအား ချေမှုန်းပြီးနောက် ဆက်လက်ချီတက်ကာ ကျင်းတူးနေရာယူထားလိုက်ကြသည်။ ပုပ္ပားတောင်တစ်ဝိုက်၌ ဂျပန်တပ်များ အင်အားစုစည်းနေကြောင်း သတင်းရရှိသဖြင့် အမှတ် (၇) တပ်မသည် ရှေ့ဆက်မတိုးဘဲ ခံစစ်ဆင်ရန် ပြင်ဆင်ရခြင်းဖြစ်သည်။

ထိုစဉ်မှာပင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း လက်ဆယ်ရှိ အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာအား ဂျပန်တပ်များက နှောင့်ယှက်တိုက်ခိုက်လျက် ရှိ၏။ ဗြိတိသျှတို့က ပန်ချာဘီ တပ်ရင်းတစ်ရင်းကို အင်အားဖြည့် စေလွှတ်ခဲ့၏။ မကြာမီပင် ဂျပန်တပ်ကူများ ရောက်ရှိလာပြီး မတ်လ ၂၀ ရက်နေ့တွင် ဂျပန်တို့က ပြင်းပြင်းထန်ထန် တိုက်စစ်ဆင်တော့သည်။ အမှတ် (၂၈) အရှေ့အာဖရိကတပ်မဟာမှာ အပိုင်းခံရပြီး နောက်သို့ ဆုတ်ခွာရတော့သည်။ ထို့ကြောင့် မြစ်အရှေ့ဘက်ကမ်းရှိ ဗြိတိသျှတပ်ရင်း တစ်ရင်းကို စစ်ကူလွှတ်ခဲ့ရသည်။ ထိုအခါတွင်မှ ဂျပန်တို့၏ တိုက်စစ်ကို ဟန့်တားနိုင်ကာ ဖြည်းဖြည်းချင်း တွန်းလှန်နိုင်ခဲ့သည်။ သို့ဖြင့် ညောင်ဦး–မိတ္ထီလာ ဆက်သွယ်ရေးလမ်းကြောင်းမှာ ဂျပန်တို့၏ ခြိမ်းခြောက်မှုကို ကျော်လွှားနိုင်ခဲ့သည်။

မတ်လ နောက်ဆုံးအပတ် ရောက်သောအခါတွင်မူ မိတ္ထီလာတိုက်ပွဲ၌ မဟာမိတ်တို့ အနိုင်ရလိုက်ပြီဖြစ်ကြောင်း ထင်





ရှားသွားတော့သည်။ သို့ဖြင့် မြန်မာပြည်အလယ်ပိုင်းနှင့် အောက်မြန်မာပြည်ကို ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်ရန် လမ်းစပွင့်သွားပြီဖြစ်၏။

ဗြိတိသျှတပ်မှူးကြီး ဗိုလ်ချုပ်ကြီးစလင်းကမူ "မြန်မာပြည်အလယ်အပိုင်းကို သိမ်းပိုက်ရာ မိတ္ထီလာတိုက်ပွဲသည် တိုက်ပွဲအားလုံး၏ တစ်ဝက်ဖြစ်၏။ ကျန်တစ်ဝက်ကို မန္တလေးမြို့တစ်ဝိုက်တွင် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရသည်" ဟု

သူ၏ **Defeat into Victory** စာအုပ်ကြီး၌ ရေးသားခဲ့သည်။

**စစ်ဆင်ရေးနှင့်တိုက်ပွဲအရှုံးအမြတ်**

မဟာမိတ်တပ်များအနေဖြင့် မိတ္ထီလာမြို့ကို တိုက်ခိုက်ရရှိလိုက်ခြင်းအားဖြင့် –

၁။ စစ်ရေးအရ အချက်အချာကျသော မိတ္ထီလာမြို့အား မဟာမိတ်တပ်များက လုံးဝထိန်းချုပ်ထားနိုင်ခဲ့သည်။

၂။ တိုက်ပွဲအပြီး မိတ္ထီလာမြို့တစ်မြို့တည်းအတွင်း၌ ဂျပန်အလောင်း ၂၀၀၀ ခန့်တွေ့ရှိရသည်။ စစ်သုံ့ပန်း ၄၇ ယောက်နှင့် အမြောက် ၄၈ လက်ကိုလည်း ဖမ်းဆီးရမိသည်။

၃။ အရေးကြီးသည့် မိတ္ထီလာလေယာဉ်ကွင်းအား မဟာမိတ်တို့ ရရှိလိုက်ခြင်းဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် စစ်ဆင်ရေးများအတွက် များစွာအကျိုးရှိစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**စစ်ဆင်ရေးနှင့် တိုက်ပွဲအတွင်း ကျင့်သုံးခဲ့သောနည်းဗျူဟာများ**

**ဂျပန်တပ်မတော်**

ဂျပန်တပ်မတော် ကျင့်သုံးခဲ့သည့် စစ်နည်းဗျူဟာများမှာ ရောဝတီမြစ်ကမ်း၌ လှုပ်ရှားခံစစ်၊ မိတ္ထီလာမြို့အတွင်း၌ အခိုင်အမာခံစစ်နှင့် တန်ပြန်တိုက်စစ်နည်းဗျူဟာများအပြင် ညတိုက်ပွဲများ အသေခံစစ်နည်းဗျူဟာများကို ကျင့်သုံးခဲ့သည်။

**မဟာမိတ်တပ်များ**

မဟာမိတ်တပ်များ ကျင့်သုံးခဲ့သည့် စစ်နည်းဗျူဟာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စစ်မဟာဗျူဟာမြောက်လှည့်ဖြားခြင်း။

၂။ ခရီးရှည်ထိုးဖောက်ချီတက်တိုက်ခိုက်ခြင်း။

၃။ လေကြောင်းအကူဖြင့် ရန်သူအား ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခြင်း။

၄။ ခြေလျင်၊ တင့်ပူးပေါင်းစစ်ဆင်ခြင်း။

၅။ အခိုင်အမာခံစစ်အားတိုက်ခိုက်ခြင်း။

**သုံးသပ်ချက်**


မိတ္ထီလာတိုက်ပွဲသည် မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေးအတွက် အဆုံးအဖြတ်ပေးသော တိုက်ပွဲဖြစ်သည်။ မိတ္ထီလာတိုက်ပွဲပြီးဆုံးပြီး နောက်ပိုင်းတွင် မြန်မာပြည်စစ်မြေပြင်၌ တိုက်ပွဲကြီးကြီးမားမား မဖြစ်ပွားတော့ပေ။ ယင်းတိုက်ပွဲနောက်ပိုင်းတွင် ဂျပန်တို့မှာ တောက်လျှောက်ဆုတ်ခွာကြရတော့၏။ ထို့ကြောင့်

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com





မြန်မာပြည် စစ်မြေပြင်တွင် မိတ္ထီလာတိုက်ပွဲသည် သမိုင်းဝင်တိုက်ပွဲအဖြစ် မော်ကွန်းတင်ခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာတိုက်ပွဲဖြစ်ပွားရခြင်း၏ အကြောင်းအရင်းကို ကြည့်လျှင် မိတ္ထီလာမြို့သည် မြန်မာပြည် အလယ်ပိုင်း၌ အချက်အချာ လမ်းဆုံမြို့ဖြစ်နေခြင်းနှင့် မီးရထားလမ်းဆုံဖြစ်သော သာစည်မြို့နှင့် နီးကပ်နေခြင်းတို့သည် အဓိကအကြောင်းအရင်းများဖြစ်သည်။ ယင်းအချက်သည် ယနေ့တိုင် မှန်ကန်လျက်ရှိနေသေး၏။ မိတ္ထီလာမြို့၏ အချက်အချာကျမှုကြောင့် မိတ္ထီလာကို သိမ်းပိုက်မိလျှင် မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းကို တစ်ပြိုင်တည်းထိန်းချုပ်ထားနိုင်မည်ဖြစ်၏။ အလားတူပင် ကချင်ပြည်နယ်တွင် တရုတ်နှင့် ဗြိတိသျှတပ်များကို တိုက်ခိုက်နေရသော ဂျပန်တပ်များကိုလည်းကောင်း၊ လားရှိုးဘက်တွင် တရုတ်တပ်များကို တိုက်ခိုက်နေရသော ဂျပန်တပ်များကိုလည်းကောင်း နောက်ပိုင်းမှ အဆက်အသွယ်ဖြတ်တောက်ကာ တဖြည်းဖြည်း အမှည့်ခြွေတိုက်ခိုက်နိုင်မည် ဖြစ်၏။ ထို့အတူပင် မိတ္ထီလာကို လက်ဝယ်ရရှိထားခြင်းအားဖြင့် ရန်ကုန်မြို့တော်ကို ဆက်လက် သိမ်းပိုက်ရေးအစီအစဉ်မှာ မဟာမိတ်တို့အတွက် ပိုမိုလွယ်ကူသွားမည် ဖြစ်ပေသည်။

**ဗြိတိသျှတို့၏ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာ**

အထက်ဖော်ပြပါ အကျိုးကျေးဇူးများကို မျှော်ကိုးလျက် မဟာမိတ်တို့သည် မိတ္ထီလာကို တိုက်ခိုက်ရန် စီမံ၏။ သင်ခန်းစာယူဖွယ်ရာအချက်မှာ ဗြိတိသျှအမှတ် (၄) တပ်မကြီးသည် ဂန့်ဂေါတောင်ကြားတစ်လျှောက် လျို့ဝှက်စွာ ချီလာပြီးနောက် ရေနံ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကို ညောင်ဦးမှ ဖြတ်ကျော်ကာ မိတ္ထီလာကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခြင်းကို ဂျပန်တို့ လုံးဝမမျှော်လင့်ထားခြင်းဖြစ်၏။ ဗြိတိသျှနှင့် အိန္ဒိယတပ်များသည် သမားရိုးကျတပ်များသာဖြစ်၏။ တင့်များ၊ အမြောက်များ စသည်ဖြင့် လေးလံသော စစ်ပစ္စည်းများကြောင့် တောလမ်းကို မသုံးနိုင်ဘဲ ကားလမ်းမှသာ လှုပ်ရှားနိုင်မည်ဖြစ်၏။ ထို့ကြောင့် ရွှေဘိုလွင်ပြင်မှတစ်ဆင့်သာ မြန်မာပြည်အလယ်ပိုင်းကို ဝင်ရောက်နိုင်မည်ဟူ၍ ဂျပန်တို့ ယူဆခဲ့၏။ ထို့ကြောင့်လည်း မန္တလေးမြို့ အနောက်ဘက်တွင် ဧရာဝတီမြစ်ကို ကူးလာမည့် ဗြိတိသျှတပ်များကို ဆီးကြိုတိုက်ခိုက်ရန် တပ်များစုရုံးပြင်ဆင်ထားခဲ့၏။

ဗြိတိသျှတို့က မိမိတို့အနေဖြင့် တောလမ်းကို မသုံးနိုင်။ မိမိတို့တပ်များက လေးသည့်ဟူသော အချက်ကိုပင် ကောင်းစွာအသုံးချပြီး ဂန့်ဂေါ်တောင်ကြားအတိုင်း မဖြစ်ဖြစ်အောင် စစ်အင်ဂျင်နီယာတပ်များ အကူအညီဖြင့် ချီတက်ခဲ့သည်။ ချီတက်ရာတွင်လည်း စစ်ကြောင်းတစ်ကြောင်းတည်းမဟုတ်ဘဲ စစ်ကြောင်းလေးကြောင်းဖြင့် ကျယ်ပြန့်သော စစ်မျက်နှာဖြန့်ကာ ချီတက်ခဲ့၏။ သို့မှသာ သတ်မှတ်ထားသော ဖေဖော်ဝါရီလ ၁၅ ရက်မတိုင်မီ ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်မည်ဖြစ်၏။

ထူးခြားသည်မှာ ယင်းသို့ ချီတက်ရာတွင် ချင်းတောင်အစပ်ရှိ တောင်ကြောများကို ရှင်းလင်းရန် ဒေသခံ ကင်းထောက်တပ်ကို အသုံးပြုသွားခြင်းဖြင့် ဒေသခံတပ်များ၏ နယ်မြေကျွမ်းကျင်မှုကို ထိရောက်စွာ ရရှိအသုံးချသွားနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

စစ်သတင်းလုံခြုံမှုကိုလည်း အထူးဂရုပြုခဲ့သည်။ ဒေသခံ





တပ်များကို အသုံးပြုခြင်းကြောင့် မဟာမိတ်တို့၏ ကြံရွယ်ချက်ကို ရန်သူတို့ သတင်း မရရှိနိုင်တော့ချေ။ ထို့အပြင် အမှတ် (၄) တပ်မကြီးတစ်ခုလုံး ချီတက်မှုကို ရန်သူ့လေကြောင်းမှ မထောက်လှမ်းနိုင်အောင် အပြည့်အဝ စောင့်ကြပ်ကာကွယ်ခဲ့သည်။ ထို့ကြောင့်လည်း အမှတ် (၄) တပ်မကြီးတစ်တပ်လုံး၏ ချီတက်မှုကို ဂျပန်တို့က အမှတ် (၂၈) အရှေ့အာဖရိကတပ်မဟာ၏ ချီတက်မှု၊ ယောင်ပြချီတက်မှုဟု လွဲမှားစွာ သုံးသပ်ခဲ့သည်။ မိတ္ထီလာကို မဟာမိတ်တို့ လေးရက်နှင့် သိမ်းနိုင်ခြင်းသည် ဤအချက်က အဓိကဖြစ်ပေသည်။

တစ်ဖက်ရန်သူကို အမျိုးမျိုးသောနည်းလမ်းများဖြင့် လှည့်စားခဲ့သည်။ ရေဒီယိုဆိတ်ငြိမ်မှု အပါအဝင် တပ်မဌာနချုပ်အတု တည်ဆောက်ခြင်း၊ ကြေးနန်းအတုများကို ထုတ်လွှင့်ခြင်းသည်လည်း ဂျပန်တို့ကို လုံးဝ အငိုက်မိစေခဲ့သည်။

ဧရာဝတီမြစ်ကို ဖြတ်ကူးရာတွင်လည်း အချိန်မဆိုင်းဘဲ ရသည့်အခွင့်အရေးကို လက်မလွှတ်စတမ်း အမြတ်ထုတ်အသုံးချကာ သျှင်မြန်စွာ ဖြတ်ကူးခဲ့သည်။ မြစ်ဖြတ်ကူးမှုကိုလည်း ယောင်ပြဖြတ်ကူးမှုများဖြင့် လှည့်စားထားခဲ့ရာ မဟာမိတ်တို့၏ ကြံရွယ်ချက်ကို ဂျပန်တပ်မှူးကြီး ကိမူရာသည် အချိန်လွန်မှ သိရှိခဲ့ရသည်။ ဤသည်မှာ စစ်မဟာဗျူဟာမြောက် အငိုက်ရရှိခြင်း ဖြစ်သည်။ တောကျွမ်းလှပါသည်ဆိုသော ဂျပန်တပ်များသည် တောလမ်းမှာပင် အငိုက်မိခဲ့ကြရသည်။

ဗြိတိသျှတပ်မှူးကြီး အဆင့်ဆင့်တို့သည် ညွှန်ကြားချက်ကို ဘုရားသေစွဲကိုင်မထားဘဲ အခွင့်အလမ်းကောင်းကို အသုံးချသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြသဖြင့် ၎င်းတို့၏ မူလစီမံချက်များမှာ ပြောင်းလွယ်ပြင်လွယ်ရှိသည်ဟု ဆိုနိုင်သည်။ ထို့အပြင် မိတ္ထီလာကို တိုက်ခိုက်ရာတွင် အမှတ် (၁၇) အိန္ဒိယတပ်မကို တစုတစည်း အသုံးချပြီး ၎င်း၏ စစ်နံများအား လုံခြုံအကာအကွယ်ပေးနိုင်ခဲ့သဖြင့် စစ်အောင်ရာသော အကြောင်းကြီးများဖြင့် ကိုက်ညီဟု ဆိုနိုင်သည်။

ဗြိတိသျှရေ့တန်းတပ်များ၏ အုပ်ချုပ်ထောက်ပံ့မှုကို နောက်ပိုင်းမှ နည်းမျိုးစုံဖြင့် အလျင်မီအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း ထိရောက်တွင်ကျယ်စွာ အသုံးပြုခဲ့သည်။ အင်ဖာကိုဟီးမားမှ မိတ္ထီလာအရောက် မိုင် ၃၀၀ မျှသော ခရီးကို ကျော်ဖြတ်၍ ထောက်ပံ့ရေးပစ္စည်းများကို ထိရောက်စွာ ပေးပို့နိုင်ခဲ့သည်။ ဗြိတိသျှတပ်မတော်၏ အစဉ်အလာအတိုင်း အုပ်ချုပ်ထောက်ပံ့မှုကို အလေးပေးခဲ့ခြင်းသည် မိတ္ထီလာတိုက်ပွဲကို ကောင်းစွာအကျိုးပြုစေခဲ့၏။

မိတ္ထီလာမြို့တွင်းကို တိုက်ခိုက်သိမ်းပိုက်ချိန်တွင် ခြေလျင်တပ်နှင့် အမြောက်တပ်ဖွဲ့များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အပြန်အလှန် အထောက်အကူပြုနိုင်သလို အပြန်အလှန် နားလည်မှုရှိခြင်းကြောင့် ဂျပန် အခိုင်အမာစခန်းများမှာ တစ်ခုပြီးတစ်ခု ဗြိတိသျှများ၏ ချေမှုန်းခြင်းကို ခံခဲ့ရသည်။

မိတ္ထီလာမြို့ကို သိမ်းပိုက်နိုင်ခြင်းသည် မိတ္ထီလာတိုက်ပွဲပြီးဆုံးခြင်း မဟုတ်ပေ။ မိတ္ထီလာတိုက်ပွဲကြီးကို အထောက်အကူပြုစစ်ကစားမှုများ၊ တိုက်ပွဲငယ်များ ဧရာဝတီအနောက်ဘက်ကမ်းရှိ လက်ဆယ်မှ အကူပြု စစ်ကစားမှုများ၊ တိုက်ပွဲငယ်များ ဧရာဝတီအနောက်ဘက်ကမ်းရှိ လက်ဆယ်မှ ညောင်ဦး၊ မြင်းခြံ၊ တောင်သာ၊





ချောက်မြို့များအထိ ကျယ်ပြန့်သည့်တိုက်ပွဲဖြစ်စဉ်များသည် မိတ္ထီလာတိုက်ပွဲ၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးသော တိုက်ပွဲဖြစ်စဉ်များဖြစ်ကြ၏။

အလားတူပင် မိတ္ထီလာမြို့အား ဂျပန်တို့က တန်ပြန်တိုက်စစ်ဆင်ရန် ပြင်ဆင်ချိန်တွင် အမှတ် (၁၇) အိန္ဒိယတပ်မ၏ လှုပ်ရှားခံစစ်သည် အထူးထိရောက်ခဲ့သည်။ မြို့ပတ်ဝန်းကျင် မိုင် ၂၀ အတွင်း ထွက်၍ လှုပ်ရှားတိုက်ခိုက်ခြင်းဖြင့် ဂျပန်တပ်များ စုစည်းမှုကို များစွာအနှောင့်အယှက်ပေးနိုင်ခဲ့သည်။ မုံရွာရှိ အမှတ် (၁၄) တပ်တော်ဌာနချုပ်မှ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များသည် ရန်သူ့ရေဒီယို ဆက်သွယ်မှုများကို ကြားဖြတ် နားထောင်ကာ ခုပ်ညွှန်းရှာ တည်နေရာဖော်ထုတ်ပေးနိုင်ခဲ့သဖြင့် ဘုရင့်လေတပ်မတော်နှင့် ကြည်းတပ်တပ်ဖွဲ့များက လိုက်လံတိုက်ခိုက်နိုင်ခဲ့သည်။ ထို့အတွက် ဂျပန်တို့သည် မိတ္ထီလာကို တန်ပြန်တိုက်ခိုက်ရန် စုဖွဲ့ထားသော တပ်မနှစ်တပ်ကို အပြည့်အဝ စုစည်းအသုံးပြုနိုင်ခြင်း မရှိတော့ချေ။ ထို့ကြောင့်လည်း ဂျပန်တို့သည် တန်ပြန်တိုက်စစ်ကို အောင်မြင်စွာ မဆင်နွှဲနိုင်တော့ခြင်း ဖြစ်၏။

### ဂျပန်တို့၏ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာ

ဂျပန်တို့သည် မြန်မာပြည်အလယ်ပိုင်း ကာကွယ်ရေးတွင် မန္တလေးမြို့ကို အချက်အချာဟု ယူဆပြီး မန္တလေးတစ်ဝိုက်တွင် တပ်များစုရုံးခဲ့သည်။ ထို့အပြင် မဟာမိတ်တပ်များအား မြစ်ကူးပြီးမှ စောင့်ကြိုတိုက်ခိုက်ရန် စီမံထားခြင်းဖြင့် ရန်သူ့ခြေအကြွကို စောင့်မျှော်ခဲ့သည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်း ကာကွယ်ရေးတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံစစ်အသေမထားဘဲ လှုပ်ရှားခံစစ်ဆင်ခြင်းဖြင့် ရန်သူ မြစ်ကူးမည့် နေရာကို ပိတ်ဆို့ရန် ရည်မှန်းခဲ့သည်။ ယင်းရည်မှန်း ချက်သည်လည်း မိတ္ထီလာတိုက်ပွဲသာ မဖြစ်ပွားခဲ့ပါက ဂျပန်တို့ မျှော်မှန်းထားသည့်အတိုင်း ဖြစ်လာနိုင်သည်။ မဟာမိတ်တို့မှာ မြစ်ကူးခြေကုပ်စခန်းများအတွင်းမှ ဖောက်ထွက်နိုင်ရန် အတော်ပင် ကြိုးပမ်းခဲ့ရသည်။ မိတ္ထီလာတိုက်ပွဲသာမဖြစ်ပွားခဲ့ပါက ဖောက်ထွင်း နိုင်မည် မဟုတ်ချေ။ ဤသည်မှာ ဂျပန်တို့၏ စစ်မဟာဗျူဟာအရ လှုပ်ရှားခံစစ်ကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းဖြစ်၏။

ဂျပန်တို့က မန္တလေးတစ်ဝိုက်တွင် အဆုံးအဖြတ် တိုက် ပွဲဆင်နွှဲရန် ရည်မှန်းခဲ့သော်လည်း မိတ္ထီလာတိုက်ပွဲကြောင့် ထို ရည်မှန်းချက် ပျက်ပြားခဲ့ရသည်။ ထို့ကြောင့် မိတ္ထီလာတိုက်ပွဲသည် ဂျပန်တို့၏ မြန်မာပြည်ကာကွယ်ရေး စစ်မဟာဗျူဟာကို ပျက် ယွင်းသွားစေသော တိုက်ပွဲဖြစ်ပေသည်။

ဂျပန်တပ်များသည် တန်ပြန်တိုက်စစ်၊ ခံစစ်များတွင် အစဉ် အလာကို ထိန်းသိမ်းပြီး ကြောက်ခမန်းလိလိ ရဲရဲဝံ့ဝံ့ အသေခံ တိုက်ခိုက်ခဲ့ကြသည်။ မိတ္ထီလာမြို့တွင် ခံစစ်ပြင်ရန် ရက်အနည်း ငယ်သာ အချိန်ရသော်လည်း ရသမျှ အချိန်တိုတောင်းစွာ အသုံးချကာ အချိန်တိုအတွင်း ထိရောက်စွာ ခံစစ်ပြင်နိုင်ခဲ့သည်။ ရသမျှအင်အားကို စုစည်းခဲ့ကြသည်။ ရသမျှ လေယာဉ်ပစ်အမြောက် များကိုထုတ်၍ တင့်ဖျက်ရန် စီစဉ်နိုင်ခဲ့သည်။ မိတ္ထီလာတိုက်ပွဲတွင် ဂျပန်တပ်သားအများစုမှာ အုပ်ချုပ်ရေး ထောက်ပံ့ရေးတပ်သား များနှင့် လေတပ်သားများ ဖြစ်ကြသဖြင့် ခြေလျင်တပ်များလောက် တိုက်ရည်ခိုက်ရည် မရှိဟု ထင်မြင်ဖွယ်ရာ ရှိပေသည်။ သို့ရာတွင်





တကယ်တမ်း တိုက်ခိုက်ရသောအခါ ဤအုပ်ချုပ်ထောက်ပံ့ရေးတပ် များနှင့် လေတပ်သားများသည် ဂျပန်ခြေလျင်တပ်သားများနည်းတူ မတွန့်မဆုတ် ရဲရဲဝံ့ဝံ့ အသက်စွန့် တိုက်ခိုက်နိုင်ခဲ့ကြသည်ကို ချီးကျူးဖွယ်ရာ တွေ့မြင်ခဲ့ရပေသည်။

မိတ္ထီလာကျဆုံးပြီးသည်တွင် ဂျပန်ဗိုလ်ချုပ်ကြီး ကိမူရာ သည် တွေဝေခြင်း၊ စိတ်ပျက်ခြင်းမရှိဘဲ မိတ္ထီလာ ကို ချက်ချင်း တန်ပြန်တိုက်စစ်ဆင်ရန် စီမံခဲ့၏။ မဟာမိတ်တို့က ဤအချက်ကို ကြိုတင်မျှော်တွေးကာ ဌာနချုပ်များကို တိုက်ခိုက်ခြင်း၊ မိတ္ထီလာ ပတ်ဝန်းကျင်တွင် လှုပ်ရှားစိုးမိုးထားခြင်းတို့ကြောင့်သာ ၎င်း၏ တန်ပြန်တိုက်စစ်စီမံချက်များ ပျက်ပြားခဲ့ရသည်။ ဂျပန်ဗိုလ်ချုပ်ကြီး ကိမူရာအား ဗြိတိသျှဗိုလ်ချုပ်ကြီးများက အထူးပင် လေးစားချီးကျူး ခဲ့ကြသည်။ ဗြိတိသျှတပ်မှူးကြီးများက မိတ္ထီလာတပ်မှူး ဗိုလ်ချုပ် ကာဆူယာကိုလည်း အထူးချီးကျူးကြသည်။ ရသမျှအချိန်တိုအတွင်း မိတ္ထီလာမြို့ကို အခိုင်အမာခံစစ်အဖြစ် အုပ်ချုပ်ထောက်ပံ့ရေး တပ်သားများ၊ လေတပ်သားများဖြင့် တည်ဆောက်နိုင်သည့် စွမ်း ရည်ကို မှတ်တမ်းတင်ကြသည်။

မည်သို့ပင်ဆိုစေကာမူ မိတ္ထီလာမြို့ ကျဆုံးပြီးနောက် ဂျပန်တို့၏ တန်ပြန်တိုက်စစ်သည် မဟာမိတ်တပ်များ စိုးရိမ်ရသည့် အခြေအနေအထိမူ ဆိုက်ရောက်စေခဲ့သည်။

မိတ္ထီလာတိုက်ပွဲသည် မိတ္ထီလာမြို့နေရာ ကွက်ကွက် ကလေးတွင် ဖြစ်ပွားသောတိုက်ပွဲကို လေ့လာရုံဖြင့် မလုံလောက်ပါ။ မိတ္ထီလာကိုသိမ်းရန် စလင်း၏ တပ်တော် (၁၄) မှ အမှတ် (၄) တပ်မကြီး၏ လျှို့ဝှက်ပိရိစွာ ချီတက်မှု၊ ရောဝတီမြစ်ဖြတ်ကူးမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြို့ကို တိုက်ခိုက်မှုတို့အပြင် လက်ဆယ်၊ တောင်သာ၊ မြင်းခြံ ချောက်နှင့် ပုဂံညောင်ဦးတိုက်ပွဲများကိုပါ ထည့်သွင်းဆင်ခြင်မှသာ စစ်ရေးသင်ခန်းစာများ ရယူနိုင်မည်ဖြစ်ပါသတည်း။


မှီငြမ်းကိုးကားသောစာအုပ်များ

၁။ **Defeat into Victory, William Slim.**

၂။ **Beyond the Chindwin, Fergusson.**

၃။ **The Road past Mandalay, John Masters.**

၄။ **The Longest War in Burma, Louis Allen.**




## နောက်ဆက်တွဲဖော်ပြချက်

မြစ်ကူးစစ်ဆင်ရေး စစ်မှတ်တမ်းများကို ဖော်ပြပြီးပါပြီ။ နောက်ဆက်တွဲအဖြစ် ကျွန်တော့်ဆောင်ရွက်ချက်ကလေးကို ဖော်ပြလိုပါသည်။

**River Crossing Operation** မြစ်ကူးစစ်ဆင်ရေးကား သာမန်စစ်နည်းဗျူဟာမဟုတ်။ အထူးစစ်နည်းဗျူဟာ ဘာသာရပ်ဖြစ်၏။ သူ့တွင် သီးခြား **Procedure** ရှိသည်။ သီးခြားအဆင့်တွေရှိသည်။ ဆောင်ရွက်စရာ ရှိသည်။

မြန်မာနိုင်ငံလို မြစ်ချောင်းပေါများသော နိုင်ငံ၌ မြစ်ကူးစစ်ဆင်ရေးကို ဘယ်လိုမှ ရှောင်လွှဲမရနိုင်။ မြစ်တွေ၊ ချောင်းတွေအား မကြာခဏ ဖြတ်ကူးရသည်။ ထို့ကြောင့် တပ်မတော်သားတွေနှင့် စစ်စာဖတ်ပရိသတ်အတွက် ကျွန်တော်ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးတိုက်ပွဲတချို့ကို ရွေးထုတ်ပြီး **"ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ"** အမည်ဖြင့် ရေးသားတင်ဆက်လိုက်၏။

အားလုံးပြည်တွင်းတိုက်ပွဲများသာ

သို့ရာတွင် ရှေးပဝေသဏီက တိုက်ပွဲကြီး ၂ ခုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲက ဘုရင့်နောင်၏ နာမည်ကျော် နောင်ရိုးတိုက်ပွဲ

နောက်တစ်ပွဲက အလောင်းမင်းတရားကြီး၏ ပြည်မြို့သိမ်း တိုက်ပွဲ

ဤတွင် ပြဿနာက ရှိလာ၏။

ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲအကြောင်းကို လူတွေက ခဏခဏ တဖွဖွ ပြောနေကြသည်။ ဘုရင့်နောင် ဖောင်ဖျက်တဲ့ကိန်း။ ဘုရင့်နောင်ဖောင်ဖျက်သလိုပဲ။ သေမြေကြီး ရှင်ရွှေထီးပေါ် စသည် စသည်ဖြင့် နောင်ရိုးအကြောင်းသာ ပြောနေတာ နောင်ရိုး ဆိုတာ ဘယ်မှာမှန်း ရေရေရာရာ မသိကြပါ။ ကျွန်တော်လည်း မသိပါ။ တောင်ငူနားမှာ လိုလို၊ ပြည်နားမှာ လိုလို။ လူတွေက ကြားဖူးနားဝ ပြောနေကြ၏။

သမိုင်းကို ဒီလိုမရေမရာ မသေမချာ လုပ်လို့မရ။ လိမ်လို့ မရ။

သည်သို့ဖြင့် နောင်ရိုး ဘယ်နားမှာလဲဆိုတာကို စာအုပ် အသီးသီး လှန်ရှာရတော့၏။

ဟော - တွေ့ပါပြီခင်ဗျာ။

ဒေါက်တာ မတင်ဝင်းက သူမ၏ မင်းဆယ်ပါး ရာဇဝင် စာအုပ်မှာ နောင်ရိုးချောင်းက အိမ်မဲနားက မင်းမနိုင်ချောင်းနဲ့ ပန်းမဝတီမြစ်ကြားမှာတဲ့။ ဆရာမကြီး သွားကြည့်ပြီးပြီလားတော့ မသိ။ အောင်ခင်စိုးကလည်း သူ၏ ဘုရင့်နောင်စာအုပ်တွင် ဒီအတိုင်းပဲ ရေးပါသည်။ ဒေါက်တာသန်းထွန်းတို့ မှန်းဆထား သည်မှာလည်း ဒီအတိုင်းပါပဲတဲ့ဗျာ။

ကဲ - ဒါဆိုရင် နောင်ရိုးကို ရှာမည်။ ပြီးတော့ အလောင်း





မင်းတရားကြီး တိုက်သိမ်းခဲ့တဲ့ ပြည်ကို သွားမည်။ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်မည်။ ကဲ - ဒါဆို လုပ်ဟ။ ခရီးသွားဖို့ ကိုယ့်ဟာကိုယ် အားပေးရသည်။

## နောင်ရိုးကို ရှာဖွေခဲ့ရာဝယ်

April ၂၉/၃၀ တွင် ခရီးထွက်ဖို့ အားလုံးပြင်ဆင်လိုက်သည်။

မေလ ၁ ရက် မေဒေးနေ့တွင် အိမ်ကကားဖြင့် အိမ်မဲကို ထွက်ခဲ့သည်။ ထွက်ချိန် ၀၇း၀၀ နာရီ။ အိမ်ရောက်နေသည့် သားကြီး ကိုကျော်သောင်းဝေကို လိုရမယ်ရ ခေါ်ခဲ့သည်။ သူက ကားမောင်းရုံသာမဟုတ်။ ကားပါပြင်တတ်သည်။ ယာဉ်မောင်း ဦးအောင်စည်ပါ ပေါင်းသော် သုံးယောက်ဖြစ်၏။ မနက် ၀၉း၀၀ နာရီတွင် ညောင်တုံးရောက်ပြီး မြစ်ကူးတံတားဟောင်းကြီးကို ဖြတ်ကြရ၏။ မြောက်ဘက် ခပ်လှမ်းလှမ်းတွင် မြစ်ကူးတံတားသစ်ကြီးကို လှမ်းမြင်ရသည်။ ကားရထား ၂ ခုလုံး ဖြတ်လို့ရသည်တဲ့။ ကောင်းပါ၏။ မြစ်ကူးစစ်ဆင်ရေးတွေ သိပ်လုပ်ဖို့ မလိုတော့ဘူး။ တပ်တွေ တံတားပေါ်က ဖြတ်ရုံပဲ။ ထိုသို့ တွေးလိုက်သည်။

ပန်းတနော်ရောက်တော့ လမ်းမေးရသည်။ နေ့ ၁၀း၀၀ နာရီကျော်ပြီ။ နေက အတော်ပူ၏။ အရင် အိမ်မဲ တစ်ခေါက်ရောက်ခဲ့ပြီးပြီ။ ပန်းတနော်လမ်းခွဲက ဝင်ခဲ့သည်။ လမ်း မကောင်းသေး ကျောက်ခင်းလမ်းကြမ်းမို့ ဂလုံးဂလွမ်းတွေများသည်။ ကားက တစ်လမ်းလုံး ခုန်နေ၏။ ကားစီးရသည်နှင့် မတူ။ မြင်းများစီးနေရသလား အောက်မေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ခေါက် လမ်းကောင်းတာ ရွေးကြမည်။

''အိမ်မဲသွားမလို့ဗျာ။ ဘယ်လမ်းကောင်းလဲခင်ဗျ''

''ကျောင်းကုန်းထိ သွားလိုက်ပါ။ ပန်းတနော်လမ်းခွဲက သွားတာထက်စာရင် ကျောင်းကုန်းလမ်းက လမ်းပိုကောင်းတယ်။ ဘတ်စ်ကားတွေ အဲဒီက သွားနေကြတာ''

ထော်လာဂျီဆရာတွေက ဝိုင်းပြောကြ၏။

ကျောင်းကုန်းကို ဆက်မောင်းခဲ့ကြသည်။ ကျောင်းကုန်းက ပန်းတနော်နှင့် မိုင် ၂၀ ကျော်ဝေး၏။ ကျောင်းကုန်းရောက်သော် အိမ်မဲသို့ လမ်းခွဲတွေ့ရသည်။ ၁၅ မိုင်တဲ့။ လမ်း မကောင်းပါခင်ဗျ။ ဂလုံးဂလွမ်း ကျောက်ခင်းလမ်းပါပဲ။ တစ်ရံရောအခါက ကတ္တရာ ရှိခဲ့ဖူးသည်။ ယခုတော့ ကတ္တရာတွေ အရည်ပျော်သွားခဲ့ပါပြီ။ ကားကို ဖြည်းဖြည်းမောင်းရသည်။ ဒေါက်တာမတင်ဝင်း စာအုပ်ထဲက မင်းမနိုင်ချောင်းကို ကားရပ်ပြီး မေးရသည်။ ကံအားလျော်စွာ လမ်းဘေးမှာပင် မင်းမနိုင်ရွာကြီးကို တွေ့ရ၏။ ကျောင်းကုန်းနှင့် လေးငါးမိုင်အကွာတွင် ဖြစ်၏။

''မင်းမနိုင်က ဒီချောင်းပဲလေ'' အနီးရှိအိမ်ရှင်မတစ်ဦးက ပြော၏။

လမ်းမကြီး၏ အနောက်အိမ်တန်းများနောက်က ကွမ်းသီးပင် အုန်းပင်တွေကြားထဲ၌ မင်းမနိုင်ချောင်းကို တွေ့ရသည်။ ခပ်သေးသေးပါပဲ။ သေးသေးဆိုသော်လည်း အကျယ်က ပေ ၂၀၀/၃၀၀ သို့မဟုတ် ကိုက် ၁၀၀ ကျော်တော့ ရှိမည်ထင်ရ၏။

မင်းမနိုင်ချောင်းက ကျောင်းကုန်းနှင့် အိမ်မဲကြားမှာရှိသည်။ ဒါးကမြစ်နှင့် အိမ်မဲချောင်းကို ဆက်ပေးထားသည်။ မြစ်ဝကျွန်း





ပေါ်ဆိုသည်က ရေတက်ရေကျ အမြဲရှိ၍ ချောင်းတွေ၊ မြောင်းတွေ ပေါလှ၏။ တစ်ခုနှင့် တစ်ခုကလည်း ဆက်နေကြသည်။ ဒီရေရောက် ချောင်းတွေဖြစ်၍ နက်လည်းနက်ကြသည်။ ကျောင်းကုန်းမှ တစ်နာရီခန့် ကားမောင်းသော် အိမ်မဲရောက်၏။ မြို့ကို မြောက်ဘက်ကဝင်သည်။ အိမ်မဲချောင်းဘေး မြစ်ဆိပ်ကို သွားလေ့လာသည်။ အချိန်က နေ့လယ် ၁၂ နာရီထိုးပြီ။ ထို့ကြောင့် မြစ်ဆိပ်က အပြောချိုသည့် အပျိုချောမလေး ၂ ဦးရောင်းသည့် ထမင်းဆိုင်မှာ ထမင်းဝင်စားရင်း လက်ထဲက မြေပုံတကိုင်ကိုင်ဖြင့် နောင်ရိုးချောင်း ဘယ်မှာရှိသလဲဟု တွင်တွင်မေးကာ စုံစမ်းရသည်။ လူငယ်တွေက မသိကြပါ။ စိတ်လည်း မဝင်စားပါ။ သူတို့အတွက် နောင်ရိုးထက် ညမနက် ထမင်းစားဖို့က အရေးကြီးနေသည်လေ။

ထမင်းစားနေသည့် အသက် ၆၀ ခန့် အိမ်မဲသားကြီးတစ်ဦးက မြေပုံတကိုင်ကိုင်နှင့် ကျွန်တော့်ကို စိတ်ဝင်စားသွားသည်။

''နောင်ရိုးက ချောင်းကောသွားပြီလေ။ ဒါပေမဲ့ လွန်ခဲ့တဲ့ လေးငါးနှစ်က သရက်ကုန်းနားမှာ ပြန်တူးပြီး ဖော်ထားတာရှိတယ်။ သွားကြည့်ပါလား''

''ဟာ ... ဟုတ်လား။ အဲဒါဆို သွားမယ်ဗျာ။ သရက်ကုန်းက ဘယ်နားမှာလဲ''

''ဒီနဲ့ ၂ မိုင်လောက်ပဲ ဝေးပါတယ်။ အိမ်မဲအနောက်ဘက် အထွက်မှာ''

''ကဲ ... သမီးတို့ အဘကို သရက်ကုန်းသိတဲ့လူ ရှာပေးပါဦး''

ကျွန်တော်က ထိုသို့ပြောလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်ပိုင်ရှင် အပျိုချောလေး ၂ ဦးက လိုလိုလား လားပင်

''ရတယ် အဘ။ ရတယ် ... ရတယ်''

''ကိုလူမော် ... ကိုလူမော်''

ဟု လှမ်းအော်ခေါ်လိုက်ရာ ...

ဆိုင်ကယ်သမားလူငယ်တစ်ဦး ရောက်လာသည်။

''အဘတို့ကို သရက်ကုန်းလိုက်ပို့ပေးပါဦး''

''ရတယ်''

''ကဲ ... ကိုလူမော်ရေ ခင်ဗျားရှေ့က လမ်းပြဗျာ။ ရွာ ရောက်ရင် နောင်ရိုးချောင်းဆိုတာ ပြဗျာ။ ကောနေလို့ ပြန်တူး ထားသတဲ့''

ကျွန်တော်က သိတာလေးပြောလိုက်၏။

မြို့အနောက်ဘက် ပုသိမ်သွားလမ်းကို ထွက်ခဲ့၏။ ဆိုင်ကယ်သမားလေးက ရှေ့က။ ကျွန်တော်တို့ ကားက နောက်က ခဏသာ သွားရသည်။ သရက်ကုန်းရွာထိပ် ရောက်သွား၏။ ရွာအထွက်၌ စက်ဘီးစီးလာသည့် ရွာကျောင်းဆရာကြီးနှင့် တွေ့ သည်။ ကိုလူမော်က နောင်ရိုးချောင်း ဘယ်နားမှာရှိသလဲ ဆရာကြီးဟု မေးပြီး ကျွန်တော်တို့လာရင်းအကြောင်းကို ပြောပြ လိုက်သည်။ ဆရာကြီးက စိတ်ဝင်စားသွား၏။

''ဒါဆိုရင် ချောင်းကို မရှာနဲ့တော့။ တူးထားတာလည်း မရှိတော့ဘူး။ ပြန်ကောသွားပြီ။ အိမ်မဲကို ပြန်။ ဆရာကြီးဦးစိုးတင့် နဲ့ သွားတွေ့။ သူက အိမ်မဲသမိုင်းပြုစုရေးကော်မတီ ဥက္ကဋ္ဌ နောင်ရိုးကိစ္စ သူ အများကြီး သိတယ်။ နေရာအတိအကျ သူ





ပြောနိုင်မှာပါ''

ဟု ပြောတော့၏။ ဟုတ်ပြီ။ အချိုရှာ သကာတွေ့ပြီ။ မြို့နယ်သမိုင်းပြုစုရေး ကော်မတီဥက္ကဋ္ဌဆိုတော့ နောင်ရိုးသမိုင်း လည်း သူ သိပါလိမ့်မည်။

အိမ်မဲမြို့အဝင် တံတားထိပ်တွင် ဆရာကြီးဦးစိုးတင့်၏ အိမ်ကို အလွယ်တကူ တွေ့ရပါသည်။ အသက် ၇၀ ကျော်၊ အသားညိုညို၊ ဝဝဖိုင့်ဖိုင့် ခန့်ခန့်ညားညားပုဂ္ဂိုလ်ကြီး။

''ထိုင်ကြပါဗျာ။ ဘယ်သူတွေပါလဲ။ ဘာအကူအညီ ပေး ရမလဲ''

''ကျွန်တော် ဗိုလ်မှူးကြီးသောင်းဝေပါ။ အငြိမ်းစားပါ။ စာတွေ ရေးပါတယ်။ ကလောင်အမည် **သောင်းဝေဦးပါ**''

''ဟာ ... ဒါဆိုရင် သိတယ်။ စစ်စာပေတွေ ရေးနေတဲ့ ရေဦးသား မဟုတ်လား''

''ဟုတ်ပါတယ်''

''သားသမီးတွေက တပ်ထဲကမို့ ဗိုလ်မှူးကြီးစာအုပ်တွေ ဖတ်ဖြစ်တယ်ဗျာ။ အဲဒါကြောင့် ရေဦးသားမှန်း သိနေတာ။ လူချင်း တွေ့ရတာ ဝမ်းသာပါတယ်။ ကဲ ... ကျွန်တော် ဘာကူညီရမှာလဲ ပြောပါ''

''ဒီလိုပါဆရာကြီး ... ကျွန်တော်က ဘုရင့်နောင်ရဲ့ နောင်ရိုးတိုက်ပွဲအကြောင်း ရေးနေတာ ပြီးပါပြီ။ နောင်ရိုး ဘယ်မှာ မှန်း အတိအကျမသိပါဘူး။ အိမ်မဲနားမှာဆိုတာပဲ သိပါတယ်။ အဲဒါ နေရာအတိအကျ သိချင်လို့။ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်လို့ရရင် တင်ချင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com


''နောင်ရိုးက အိမ်မဲနားမှာဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ နှစ် ရာနဲ့ချီသွားပြီဆိုတော့ ချောင်းက ကောသွားပြီ''

''သားငယ်ရေ မြေပုံယူခဲ့စမ်းဟေ့''

လူငယ်လေးတစ်ဦးက မြေပုံယူလာသည်။

''ဒါ လွန်ခဲ့တဲ့ သုံးလေးနှစ်က မြန်မာ့သမိုင်းကော်မရှင်က ဒေါက်တာတိုးလှတို့လာပြီး အတည်ပြုထားတဲ့ နောင်ရိုးနေရာပဲ ဗိုလ်မှူးကြီး။ ဟောဒီ ချောင်းရိုးတွေနဲ့ ကွင်းတွေက ဟိုးအရင်က နောင်ရိုးဒေသပေါ့''

''မြောက်ဘက်က စာဖြူဆိပ်၊ အနောက်ဘက်က ကျုံလှ ဟာ၊ တောင်ဘက်က ကွန်စခန်း၊ အရှေ့ဘက်က ရာဇုရိုးနဲ့ ကျုံခရီ ဒီကြားထဲကဟာက နောင်ရိုးပါပဲ။ အိမ်မဲရဲ့ အနောက်တောင် ကျတာပေါ့။ ဒေါက်တာတိုးလှတို့ ဆင်းကြည့်သွားပြီး၊ အဲဒီနေရာကို အတည်ပြုသွားကြပါတယ်''

''ဒီကချောင်းတွေက နှစ်တွေကြာတော့ ကောတာတွေ ရှိပါတယ်။ နောင်ရိုးလည်း ကောတဲ့ထဲ ပါသွားပြီ။ နောင်ရိုးက အိမ်မဲချောင်းနဲ့ ပမ္မဝတီမြစ်ကို ဆက်ထားတာ။ အိမ်မဲချောင်းမှာ ရှေးမြန်မာ စစ်သုံးလှေကြီးတစ်စီးတောင် ရှာတွေ့ထားတယ်။ အတောင် ၁၀၀ ကျော် ၂၀၀ ရှိမယ်။ ရှေးတုန်းက ဒီချောင်းတွေထဲ မှာ ရေတပ်တိုက်ပွဲတွေ တိုက်ကြတာ သေချာပါတယ်''


''လှေကြီးရှိသေးလားခင်ဗျ''

''သက်ဆိုင်ရာက ထိန်းသိမ်းထားပါတယ်''

''ဩော်''

''ဟုတ်ကဲ့ . . . ဒါလောက်သိရရင် ကျေးဇူးပါပဲ ဆရာကြီး။





ယခုအချိန်တွင်တွေ့ရသည့် ပြည်မြို့ဆံတော်ရှင်တောင်ထိပ်




ပြည်မြို့မဟာသီရိဘုရားကြီးအနီးရောက်စာရေးသူ (၄-၅-၂၀၀၁)

www.burmeseclassic.com


www.burmeseclassic.com



းမြောင်းမြမြစ်ကူး တံတားကြီးပေါ်တွင်တွေ့ရသည့် ကိုအောင်မင်း၊ စာရေးသူနှင့် ဦးအေ
(၂.၅.၂၀၁၂)



စာရေးသူ ပြည်သို့ ရောက်ရှိစဉ်က ဧရာဝတီမြစ်ဆိပ် တစ်နေရာတွင် တွေ့ရစဉ်
(၃.၅.၂၀၁၂)




ပမ္မဝတီမြစ်ကူးတံတားနှင့် စာရေးသူ (၂.၅.၂၀၁၂)



ယခုအချိန်ထိ ရှိနေသေးသော သရေခေတ္တရာ ခေတ်မှ ပြည် အရှေ့ဘက်မြို့ရိုး

www.burmeseclassic.com

www.burmeseclassic.com




ပြည်မှ တောင်ငူသို့အသွား ရိုးမဖြတ်လမ်းတွင်တွေ့ရသည့် စာရေးသူ
(၄.၅.၂၀၁၂)




မှော်ဇာ ရှေးဟောင်းသုတေသနပြတိုက် အနီးရောက်စာရေးသူ
(၄.၅.၂၀၁၂)



ကျွန်တော်တို့ မြောင်းမြဆက်သွားပါမယ်။ ဟိုရောက်ရင်လည်း ထပ်ပြီး စုံစမ်းပါဦးမယ်။ နောင်ရိုး ဒီမှာရှိတာ သေချာဖို့ပဲ အရေးကြီးပါတယ်''

''သေချာပါတယ်။ ကျွန်တော် ဒီဒေသသားပါ။ အသက် ၇၄ နှစ်ရှိပါပြီ။ ၁၉၇၄ ခုနှစ်ကနေ ၁၉၈၈ ထိ အိမ်မဲကောင်စီ အတွင်းရေးမှူးပါ။ အလုပ်က နားပြီးတဲ့နောက် ဝါသနာအရ စာရေးရင်း သမိုင်းသုတေသီအလုပ် ကလေးတွေလည်း လုပ်ပါတယ်။ အခုလည်း မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးလို့ အိမ်မဲမြို့နယ် သမိုင်းကို ပြုစုနေပါတယ်။ ပြီးခါနီးပါပြီ။ ဒီအထဲမှာလည်း နောင်ရိုး သမိုင်းကို ထည့်ထားပါတယ်''

''ဟုတ်ကဲ့ပါ ဆရာကြီး''

အိမ်မဲမှ ထွက်တော့ နေ့လယ် ၂ နာရီကျော်ပြီ။ အိမ်မဲ မြောင်းမြက မိုင် ၃၀ ခန့် ကျောက်ခင်းလမ်းပါပဲ။ လမ်းတွင် ရုတ်တရက် လေပြင်းကျပြီး မိုးအနည်းငယ်ရွာသည်။ အပူ အတော် သက်သာသွား၏။ မြောင်းမြရောက်တော့ ညနေ သုံးနာရီခွဲပြီ။ ယခင်မိတ်ဆွေဟောင်း ပြန်ဆက်မှ ကိုအောင်မင်းက စံပြတည်းခို ရိပ်သာမှ စောင့်နေသည်။ သူ့အစီအမံဖြင့် စံပြမှာ တည်းကြသည်။ နောင်ရိုးအကြောင်း စကားစပ်သည်။

''နောင်ရိုးက ဒီမှာရှိတာ သေချာပါတယ်။ မြို့နယ် အားကစားခန်းမကြီးတောင် နောင်ရိုးလို့ နာမည် ပေးထားတာ အဘရဲ့''

''ဩော် ... ဒါဆို မနက်လိုက်ပို့ဗျာ''

''ရပါတယ်ခင်ဗျ''

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မင်း အကူအညီဖြင့် မြောင်းမြတွင် ဓာတ်ပုံမှတ်တမ်းများ တင်သည်။ ရွှေလမင်းသက်နိုးတိုက်မှ ဦးသန်းနိုင်တို့အိမ်ကို နောက်နေ့မနက် သွားသည်။ ဦးသန်းနိုင်သမီးနှင့် ခင်ပွန်း ဗိုလ်မှူးကျော်နိုင်ဦးတို့ပါ ရှိနေရာ ထိုနေ့မနက် **Breakfast** ကို အတူတကွ သွားစားဖြစ်ကြသည်။

မနက်စာစားရင်း စားသောက်ဆိုင် နာမည်ကို ကြည့်လိုက်တော့ အား ... လား ... လား ... ဆိုင်နာမည်က နောင်ရိုး ဆိုပါလား။ လာပြန်ပါပြီ။ နောက်ထပ် နောင်ရိုးတစ်ရိုး။

ကဲ ... ဒါဆိုရင် ရပါပြီ။ နောင်ရိုးဆိုတာ ဧရာဝတီတိုင်း မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ထဲမှာပေါ့။ ဒီနေရာမှာ နောင်ရိုးရှိတာ သေချာပြီဟု ဆိုလိုက်ပါမည်ခင်ဗျား။

**ဧရာဝတီတိုင်းဒေသကြီးမှသည် ပြည်မြို့ဆီသို့**

မေ ၁ ရက်နေ့ မြောင်းမြမှာ ညအိပ်သည်။

မေ ၂ ရက်နေ့တွင် ဦးသန်းနိုင်နဲ့ ဗိုလ်မှူးကျော်နိုင်ဦး ဇနီးမောင်နှံကို နှုတ်ဆက်ကာ မြောင်းမြက ထွက်ခဲ့၏။ ကိုအောင်မင်းက မြို့အထွက် မြောင်းမြမြစ်ကူးတံတားကြီးထိ လိုက်ပို့သည်။

ကတ္တရာလမ်းက လေးငါးမိုင် ပုသိမ်လမ်းခွဲအထိသာ ရှိသည်။ လမ်းခွဲရောက်တော့ ကတ္တရာလမ်း မဟုတ်တော့ ကျောက်ခင်းလမ်း။ လေးငါးမိုင် မောင်းပြီးတော့ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) ကို ရောက်သည်။ ဟိုတုန်းက ဒီနေရာမှာ မြင်းတွေ ကကြိုးဆင်တဲ့ နေရာထင်ပါရဲ့။ မြင်းကဆိပ်တဲ့ နောင်ရိုးတွင် စစ်ရှုံး





ခဲ့သော သုရှင်တကာရွတ်ပိက ပမ္မဝတီမြစ်မှ ခံစစ်ဆင်ပြီး မြောက်ဘက် အင်ပူတက်သည်။ ထိုမှ ပြည်ကို ခရီးဆက်သည်။ ပြည်တွင် ယောက်ဖတော် ပြည်စား နရပတိ ရှိသည်။ ယောက်ဖတော်က သုရှင်တကာရွတ်ပိကို လိုက်လံခွဲစွာကြိုသည်။ ယောက်ဖကြီးဆိုတော့ ဒါလောက်တော့ ရှိပေပပေါ့။ ပြည်တွင် သုရှင်တကာရွတ်ပိ ကြာကြာမခံပါ။ အနောက်ရိုးမသို့ ဆင်ဖမ်းထွက်ရင်း ကွယ်လွန်ရရှာသည်။

ကျွန်တော်တို့လည်း ပမ္မဝတီမြစ်ကူးပြီး မကြာမီ ပုသိမ်ရောက်သည်။ ပုသိမ်မှာ တစ်ညအိပ်ပြီး ပြည်ကို ခရီးဆက်ပါမည်။ ပြည်မှာက အလောင်းမင်းတရားကြီးရဲ့ ပြည်တိုက်ပွဲမှတ်တမ်းများ ဓာတ်ပုံရိုက်ရပါဦးမည်။

ပုသိမ်ကို မနက် ၁၀း၀၀ နာရီရောက်သည်။ စာပေမိတ်ဆွေ ကိုစိုးအောင်နှင့် သွားတွေ့သည်။ သူက လိုတာ အကုန်စီစဉ်ပေးသည်။ သူ့ဆိုင်အနီးက **Hotel** မှာ နေရာချပေးသည်။ နေ့လယ်စာ ညစာလိုက်ကျွေးသည်။ ညစာစားပြီး ပုသိမ်ကို ပတ်ကြည့်သည်။ ပုသိမ်ရဲ့ **Night life** နဲ့ **Night Scene** ကို မြင်ရသည်။ ပုသိမ်ညကလည်း စည်တာပါပဲခင်ဗျာ။ လမ်းထောင့်ကြီးများတွင် "ဧရာဝတီတိုင်းသား နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်အား ပုသိမ်မြို့သူမြို့သားများမှ လိုက်လံခွဲစွာ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကြီးများကို သမ္မတကြီး ပုံများနှင့်အတူ စိုက်ထူထားသည်ကို တွေ့ရ၍ ပြုံးရပါသေးသည်။

သမ္မတကြီး ဦးသိန်းစိန်ကား လူချစ်လူခင်များသူ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်တွင် ညအိပ်သည့်နေ့က တည်းခိုဖို့ **Hotel** တွေ လိုက်မေးသည်။ မီး ကောင်းမကောင်း မသေချာတာကလွဲပြီး ကျန်တာသိပ်မဆိုးပါ။ ရာသီဥတု အတော်ပူသည်။ မီးမရ၍ မဖြစ်။ **Air Con** သာ မရရင် မလွယ်ပါ။ သို့ရာတွင် မီးအကြောင်းမထူး၍ ကိုစိုးအောင် ဆန်ဆိုင်နှင့် နီးသော **Delta Hotel** မှာပဲ တည်းခဲ့ပါသည်။ မီးက ည ခုနစ်ရီကျော်ပြီးမှ လာသည်။ နေ့လယ် အနား ယူရန် မီးမလာ၍ အခန်းတံခါးတွေ ဖွင့်ပြီး ဝေန်မြစ်က တိုက်လာသည့် အနောက်တောင်လေကို မျှော်ရသည်။ လျှပ်စစ်မီးကတော့ ရန်ကုန်မှာသာ မဟုတ်ပါ။ တစ်နိုင်ငံလုံး မလုံမလောက်နှင့် ပြတ်တောက်လျက်ရှိပါ၏။ တစ်နိုင်ငံလုံး လျှပ်စစ်အလုံအလောက် ရရှိရေးကိုကား အမျိုးသားရေးအဖြစ် တစ်မျိုးသားလုံး လုံးပန်း ရဦးမည် ထင်ပါ၏။ တစ်နိုင်ငံလုံး လျှပ်စစ်မီး လင်းလက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဖြစ်ပါစေဟု **Hotel** အခန်းနေရာ ချရင်း ဆုတောင်းလိုက်မိပါ၏။

နေ့လယ်ပိုင်းတွင် ပုသိမ်ပြုံးချိုစာပေ သွားခဲ့သည်။ ဒေါ်မာမာရွှေနှင့် တွေ့ပြီး စကားလက်ဆုံပြောမကုန် ဖြစ်ခဲ့၏။ ဒေါ်မာမာရွှေ အားပေး၍ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးအကြောင်း ရေးဖြစ်ခဲ့သည်ကို ပြောဖြစ်ကြ၏။ ထိုအခါ ...

"ဗိုလ်မှူးကြီးက ကျွန်မ ညွှန်ကြားလို့ ဒီစာအုပ်ရေးတာပေါ့ လေ"

ဟု ဒေါ်မာမာရွှေက ဆိုလေရာ ကျွန်တော်လည်း မဆိုင်း မတွပင်။

"သိပ်ဟုတ်တာပေါ့ဗျာ" ဟု ပြန်ဖြေလိုက်၏။ ထို့နောက်





တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နှစ်ခြိုက်စွာ ရယ်မော လိုက်ကြပါ၏။ မြစ်ဝကျွန်းပေါ်နှင့် ကျွန်တော် ရင်းနှီးနေပါပြီ။ ဒါပါနဲ့ ဒီဒေသလှည့်ပတ်သွားတာ သုံးခါရှိပြီ။ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဟင်္သာတ၊ ကုန်ပြီ။

မေ ၃ ရက် နောက်တစ်နေ့တွင် ပုသိမ်မှ စောစောထွက်ခဲ့၏။ မနက် ဝ၇း၀၀ နာရီ။ ပုသိမ်-မုံရွာလမ်းအတိုင်း ပြည်ကို တက် မည်လေ။

ကားကို မြို့အထွက်တွင် ဆီဖြည့်ခဲ့၏။ **Breakfast** လည်း ပုသိမ်မှာ စားဖြစ်သေးသည်။ ဆိုင်နာမည် ကြည့်လိုက်တော့ အား လားလား နောင်ရိုး (၂) တဲ့။ လာပြန်ပြီလား နောင်ရိုး။

အတူပါလာသူ သားက ...

"အဖေ ဒါ **Y.C.D.C** က ဗိုလ်ကြီးစောလင်းတို့ ပိုင်တဲ့ဆိုင်"

ဟု ဆိုလေသည်။

တစ်ရံခါက ဗိုလ်ကြီးစောလင်းသည် **Y.C.D.C** မှာ ကျွန်တော် တာဝန်ယူခဲ့သည့် အခွန်ဌာနမှ ဌာနခွဲမှူးဖြစ်၏။ ယခု ၁၀ နှစ်ခန့်အကြာတွင်တော့ ရာထူးနှစ်ဆင့်ခန့်တက်ပြီး ဒုဌာနမှူး ဖြစ်နေပြီ။ မြို့တော် ဂေါက်ကွင်းကို တာဝန်ယူနေရသည်။ ဘောလုံး အလွန်ကောင်းပြီး ပုသိမ်ကောလိပ် လက်ရွေးစင် ဖြစ်သည်ဟု သူ့သူငယ်ချင်း ကျွန်တော့်စာပေမိတ်ဆွေ ပုသိမ်သားကိုစိုးအောင်က ဆို၏။ ဗိုလ်ကြီးစောလင်းမှာ **Mine Injury** ဖြင့် ခြေတစ်ဖက် စွန့်လွှတ်လိုက်ရပြီး ဘောလုံးမကန်နိုင်တော့ပါ။ သို့ရာတွင် ဂေါက် သီးကား ကောင်းကောင်းကစားနိုင်ပါသည်။ ဂေါက်သီးကောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း အတူကစားသူတွေက ပြောကြသည်။ ဘောလုံး ဘော်လီဘော၊ တင်းနစ် စသော အလုံးကလေးတွေ ကျွမ်းကျင်သူများသည် ပိုရှဲသေးသွားသည့် ဂေါက်သီးလုံးကလေးတွေလည်း ကျွမ်းကျင်လွယ်သည်ဟု ကြားဖူးပါသည်။, ဟုတ်မဟုတ်တော့ ကျွန်တော် အသေအချာ မသိပါ။

ပုသိမ်မှ ရန်ကုန်ဘက် ပြန်ထွက်ခဲ့ရာ မနက် ၀၉း၀၀ နာရီတွင် ကန်ကလေးကုန်းလမ်းဆုံ ရောက်၏။ ညာက ရန်ကုန် အပြန်လမ်း၊ ဘယ်က ပုသိမ်–မုံရွာလမ်း၊ ဘယ်ကို ဆက်လိုက်သည်။ ခဏအကြာ အသုတ် ရောက်သည်။ အသုတ်ပြီးတော့ ရေကြည်၊ ရေကြည်တွင် လမ်းခွဲရှိပြန်သည်။ ညာက ကျုံပျော် ဘယ်က ငသိုင်းချောင်း၊ ကျုံပျော်လမ်းက ဟသ်ာတ သွားလမ်း ငသိုင်းချောင်းသွားလမ်းက ပုသိမ်–မုံရွာလမ်းမကြီး လမ်း ကောင်း ပါသည်။ ဆလကမှ လမ်းပြင်နေကြသည်။ တံတားသစ်ကြီးများ ဆောက်နေကြသည်။ သစ်သားတံတားတွေအစား **Box Calvert** ပါသည့် **Concrete** တံတားကြီးတွေ အစားထိုးနေသည်။ ငသိုင်းချောင်းတွင် ဝေန်မြစ်ကူးတံတားကြီး ဖြတ်ရသည်။ တံတားကြီး ကျော်ပြီးနောက် လမ်းက အလွန်ဖြောင့်ဖြူးသွား၏။ ထို့ကြောင့် တစ်နာရီ မိုင် ၄၀/၅၀ နှုန်း မောင်းလာရာ လမ်းတွင် ကွင်းကောက် ထုံးဘိုလမ်းခွဲများကို နာရီပိုင်းအတွင်း ဖြတ်ကျော်လာ၏။ ပြည် တစ်ဖက်ကမ်း ဥသျှစ်ပင်လမ်းခွဲရောက်တော့ နေ့လယ် ၁၂ နာရီသာ ရှိသေး၏။ ရာသီဥတုကတော့ ပူပြင်းနေဆဲ။ ကားကို ရပ်နားပြီး **Lunch** နေ့လယ်စာ စားဖြစ်ကြသည်။ နေ့လယ်စာစားပြီး ပြည်မြို့ထဲ ဆက်ထွက်ပြီး အောင်နိုင်စာပေရောက်တော့ နေ့လယ် ၁ နာရီခွဲ





အောင်နိုင်စာပေမှ ဒေါ်ဝေဝေနိုင်ကို နှုတ်ဆက်ပြီး သူတို့ခေါ်ပြည် **Strand Hotel** မှာ သွားတည်းသည်။ ရေမိုးချိုးပြီး ပြည် ရွှေဆံတော်ဘုရားကြီးသွားပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်သည်။ အလောင်းမင်းတရားကြီး ပြည်တိုက်တုန်းက မွန်တွေက ဆံတော် ရှင်ကုန်းက အသေအကျေ ခုခံခဲ့ကြသည်ဆိုပဲ။ ခုခံမှာပေါ့ခင်ဗျာ။ ပြည်မှာ အဲဒီကုန်းက အမြင့်ဆုံးပဲလေ။ သစ်ပင်တွေကလည်း ကြပ်ညပ်လို့ပါပဲ။

ဘုရားဖူးပြီး မှတ်တမ်းတင် ဓာတ်ပုံတွေ ရိုက်သည်။ နေဝင်သွား၍ သိပ်တော့အားမရ။ နောက်တစ်နေ့ မေ ၄ တွင် အိပ်ရာမှ စောစောထပြီး ပြည်မြို့ ရှုခင်းကို ထပ်ရိုက်သည်။ ညက ဘုရားသမိုင်းမှာပါသော အရေးကြီးသည်များကို မှတ်သားသည်။ ရွှေဆံတော်ခေါ် ဆံတော်ရှင်ဘုရားကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် အဇ္ဇိက ဘလ္လိက ကုန်သည်ညီနောင်တို့က နတ်သိကြားများနှင့် တိုင်ပင်ကာ တည်ခဲ့သည့် မြတ်စွာဘုရား၏ ဆံတော်လေးဆူနှင့် မွေရှင်တော် ရှစ်ဆူကို ဌာပနာခဲ့သည်ဆို၏။ မင်းအဆက်ဆက် ပြုပြင်ခဲ့ကြသည်။ ထီးတင်ခဲ့ကြသည်။ အလောင်းမင်းတရားကြီးသည် ခရစ်နှစ် ၁၇၅၅ နှစ်ဆန်းတွင် ပြည်ကို အောင်နိုင်ပြီး ဖေဖော်ဝါရီတွင် ရွှေဆံတော်ဘုရား၌ အောင်လှူအောင်ဒါန်း ရှင်လန်းစွာပြု၏။ ထို့နောက် ခရီးဆက်လေသည်။ နှစ်လကျော်ကြာသောအခါ ဒဂုံကို သိမ်းနိုင်သည်။ ဒဂုံမှ ရွှေဘိုပြန်ပြီး အားစုရာမှ ၁၇၅၆ နှစ်ဆန်းတွင် ပြည်သို့စုန်ဆင်းလာခဲ့၏။ ၁၇၅၆ ဖေဖော်ဝါရီ မတ် ၂ လ ပြည်တွင် နားနေ၏။ ရွှေဆံတော်ဘုရားကို လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူ၏။ ထို့နောက် ဟံသာဝတီကို သိမ်းရန် ခရီးဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၇၅၇ ခုနှစ် မေ ၁၂ တွင် ဟံသာဝတီကို သိမ်းနိုင်ခဲ့လေသည်။ အလောင်းမင်းတရားသည် ဟံသာဝတီဆင်ဖြူရှင်ကဲ့သို့ပင် စစ်ခရီးနှင်စဉ် ပြည်ရွှေဆံတော်ကို နှစ်ကြိမ် လှူဒါန်းဦးတင်သူဖြစ်၏။ ပြည်ရွှေဆံတော်ဘုရားကား အောင်သရဖူဆောင်းလိုသူ၏ အားကိုးရာဖြစ်သည်ဟု သမိုင်းဆရာတို့က ဆိုကြပါသည်။

ကျွန်တော်သည် စစ်သားဘဝနှင့် ပြည်ကို အကြိမ်ကြိမ်ရောက်သော်လည်း ရွှေဆံတော်ဘုရားသို့ သိပ်ရောက်လေ့ရောက်ထမရှိပါ။ ယခု စာတွေရေးမှ ရောက်ဖြစ်တော့သည်။ ထိုအခါကျမှ စာတွေဖတ်ဖြစ်ရာ ပြည်ရွှေဆံတော် (ယခုခေတ်အခေါ်) နှင့် ဆံတော်ရှင် (ရှေးခေတ်အခေါ်) ဘုရားမှ တစ်ဆူတည်းဖြစ်မှန်းသိရပါတော့သည်။ တက္ကသိုလ်တွင် စိတ်ကြိုက် မြန်မာစာယူခဲ့သော်လည်း ပြည်နဝဒေးကြီး၏ ဆံတော်ရှင် ဘုရားတိုင် ရတုကိုတစ်ခါမှ မဖတ်ဘူးခဲ့ပါ။ ယခု ဖတ်ကြည့်မိရာ များစွာကောင်းမွန်လှသဖြင့် စာရှုသူများပါ ခံစားနိုင်ရန် နောက်ဆက်တွဲအဖြစ်ဖော်ပြပေးလိုက်ပါသည်။

## ပြည်မှသည် ကေတုမတီသို့

မေလ ၄ ရက်နေ့ ပြည်မှ ထွက်သည်။ လမ်းတွင် မဟာသိရိဘုရားကြီးကို မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။ ပြည်အရှေ့ဘက် ပေါက်ခေါင်းလမ်းသို့ ထွက်သည်။ ပြည်အရှေ့ဘက် မော်ဇာတွင် ပြည်မြို့ရိုးကို ရိုက်သည်။ ပြတိုက်ကိုတော့ အချိန်လင့်မှာစိုး၍ မဝင်ဖြစ်တော့ပါ။ တောင်ငူသွားသည့် ရိုးမတောင်ကျော်လမ်းက အကွေ့အကောက် အတက်အဆင်းများလှပါသည်။ ပေါက်ခေါင်း





ကျော်ကတည်းက တောင်တွေ တက်ရသည်။ ပေ ၂၀၀၀ ကျော်သာမြင့်သော်လည်း ရိုးမတောင်ကျော်လမ်းက အကွေ့အကောက်များလှသည်။ ခေါင်းတွေ မူးနောက်နေ၏။ အကွေ့ပေါင်း တစ်ထောင်။

လမ်းတွင် ပေါ်လံကြီး၊ နယ်ခြားဘော်ဒါ၊ ရွှေတောင်ငွေတောင်၊ မိုင် ၂၀ စခန်းများကို ကျော်ပြီး ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကိုဖြတ်ကာ အုတ်တွင်း ဝင်သည်။ ညနေ သုံးနာရီခွဲမှ အုတ်တွင်းရောက်သည်။ ပုသိမ်–ပြည် မိုင် ၁၆၀ ခရီးကို ၆ နာရီနှင့် ရောက်သော်လည်း ပြည်–ပေါက်ခေါင်း–အုတ်တွင်း–တောင်ငူ မိုင် ၁၅၀ ကို ရှစ်နာရီမောင်းခဲ့ရ၏။ တောင်ငူကေတုမတီရောက်တော့ ညနေလေးနာရီထိုးပြီ။ မိန်းမအမျိုးတွေနှင့် နီးသောမြန်မာသီရိမှာ တည်းသည်။ အမျိုးတွေကို လိုက်နှုတ်ဆက်သည်။ ထိုညက အမျိုးတွေကျွေးသော ညစာကို စားဖြစ်သည်။ ညစာမစားမီမြို့သစ်က သူငယ်ချင်း ဗိုလ်မှူးကြီးလှမြင့် (အငြိမ်းစား) ဆီ အပြေးအလွှား သွားနှုတ်ဆက်ရသေးသည်။ သူက ကျွန်တော့် စာဖတ်ပရိသတ်။ တစ်တပ်တည်းလည်း အတူနေခဲ့ဖူးသည်။ သူ့တွင်လည်း ပြောစရာများ အများကြီးရှိသည်။ သူ့သားတွေလည်း တပ်မတော်အရာရှိများ။ သူသည် တပ်ထဲတွင် စွန့်စားခန်း အမျိုးမျိုးလုပ်ခဲ့၏။ သေကံမရောက် သက်မရောက်ဖြစ်စဉ်များ ကျွန်တော့်ထက်ပင်များသေးလားမသိ။ သူ့ရဲကောင်းမှတ်တမ်းဝင်ရထားသူလည်း ဖြစ်၏။ သူနှင့် စကားပြောဖြစ်တော့ . . .

"အဖေ့အကြောင်းတွေ ဦးသောင်းဝေဦး ရေးပေးပြီး ဝတ္ထုတွေ ထုတ်စမ်းပါ အဖေရာ" ဟု သူ့သားတွေက ပြောသည်ဆို၏။ သူ့စကားကြောင့် ပြုံးရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက -

ရာသီဥတုက ပူသဖြင့် စောစောအိပ်ရာဝင်ခဲ့သည်။ အမျိုးတွေ တိုက်လိုက်သော ဝီစကီနှင့် သူငယ်ချင်း တိုက်သော ဝီစကီဆက်သွားရာ နည်းနည်းမူးသွားတာလည်း ပါမည်ထင်၏။ ယမကာနားထားတာ ကြာပြီ။ သကြန်မကျမီက ချင်းတောင်ခရီးထွက်ခဲ့သည်။ ရာသီဥတု အလွန်အေး၏။ ဝီစကီနည်းနည်း ပြန်သောက်ဖြစ်သည်။ ရန်ကုန်ပြန်ရောက်တော့ သကြန်နားနီးသဖြင့် ပြန်ရပ်လိုက်သည်။ ဟော အခု ခရီးထွက်တော့ နည်းနည်းသောက်ဖြစ်ပြန်၏။ များများတော့ မသောက်နိုင်တော့။ အသက်ကလည်း ခုနစ်ဆယ်နားကပ်နေပြီ။ အစစအရာရာ သတိထား ဆင်ခြင်နေရ၏။ ဘာမှစိတ်လိုက်မာန်ပါ လုပ်မရတော့။ နည်းနည်းမူးတာနဲ့ ခန္ဓာကိုယ်ကအစိတ်အပိုင်းများက ဆန္ဒပြလာကြတော့သည်။ ဗိုက်နာသည်။ ခေါင်းကိုက်သည်။ ကိုယ်တွေ လက်တွေနာသည်။ အစာမကျေရင်ပြည့်ရင်ကယ် အော့အန် ဝမ်းသွားစုံလုပါ၏။ သွေးတိုးသွေးချိုဆီးအကျိတ်ရောဂါ နှလုံးသွေး ကြောကျဉ်း၊ သွေးလေကောင်းစွာမလျှောက်။ စုံနေပါသည်။ သို့ရာတွင် ကိုယ်သွားချင်ရာသွားရနေ၍တော်ပါသေး၏။

အထက်ပါအကြောင်းအရာများကို စဉ်းစားရင်း အိပ်ပျော်သွား၏။ မနက် ရန်ကုန်ပြန်သည်။ မပြန်ခင် ဖနီးသည်ဘက်ကမြေးမကလေး မင်္ဂလာဆောင်အားပေးချီးမြှင့်ခဲ့ရဦးမည်။ သူတို့က **Baptist** ခရစ်ယာန်တွေ၊ **Church** ကျောင်းမှာ မင်္ဂလာဆောင်ကြမှာ။





ကောတုမတီမှ ရန်ကုန်သို့အပြန်

မေလ ၅ ရက် စောစောနိုးလာသည်။

အိပ်ရာထ လမ်းလျှောက်လိုက်၏။ **Fresh** ဖြစ်သွားသည်။ ဆေးပါသောက်လိုက်ရာ ညက ခေါင်းမရှင်းတာ ပျောက်သွားသည်။ ရေချိုးပြီး အနောက်တိုင်းဝတ်စုံဝတ်၍ သားနှင့်အတူ **Church** ကျောင်းသို့ ဝ၇း၃၀ တွင် သွားခဲ့သည်။ သူတို့ မင်္ဂလာဆောင်က စနေပြီး မိန်းမအမျိုး တောင်ပေါ်သူတောင်ပေါ်သားများက ကျွန်တော့်ကို နွေးထွေးစွာ ဆီးကြိုနေရာချပေးကြသည်။ သူတို့ထုံးစံအတိုင်း မင်္ဂလာဆောင်က မနက် ကိုးနာရီမှာ ပြီးသည်။ သတို့သား၊ သတို့သမီး **Stage** စင်ပေါ်မှာ ကိတ်မုန့်လှီး၊ တစ်ယောက်ကိုတစ်ယောက် ခွံ့ကျွေးအပြီးတွင် နှုတ်ဆက်ကာ ကျွန်တော် ထပြန်ခဲ့၏။ ပြန်အထွက်တွင် . . .

"ကိုယ့်မြေးဦးလေး မင်္ဂလာဆောင်မှာ ဓာတ်ပုံတွဲရိုက်ပေးသွားပါဦး"

ဟု သတို့သမီး အဖေနဲ့အမေက အနူးအညွတ်လိုက်တောင်းဆို၍ **Stage** ပေါ် ဓာတ်ပုံ တက်ရိုက်ခဲ့ရသေးသည်။ ခဏပါပဲ။

ဝ၉း၃၀ တွင် တောင်ငူ ကေတုမတီက ထွက်ခဲ့သည်။ လမ်းတွင် ၁၁၅ မိုင် **Rest Camp** ဝင်ပြီး **Lunch** စားသည်။ ဆယ့်တစ်နာရီခွဲတွင် ၁၁၅ မိုင်က ပြန်ထွက်သည်။ ရာသီဥတုက နေလုံးဝမပူ။ ကောင်းကင်တွင် တိမ်တက်၍ အေးနေ၏။ လမ်းကလည်း အပြန်လမ်းမို့ ကားမောင်းသူ သားတော်မောင်က တစ်နာရီကီလို ၁၀၀ နှုန်း တင်လာရာ နေ့လယ် နှစ်ချက်တီးတွင် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ဒုတ်ဒုတ်ထိ ပြန်ရောက်ပါသည်ခင်ဗျား။

ဘုရင့်နောင်ရဲ့ နောင်ရိုးတိုက်ပွဲ

အလောင်းမင်းတရားကြီးရဲ့ ပြည်မြို့သိမ်းတိုက်ပွဲ

ဒီတိုက်ပွဲကြီး နှစ်ပွဲလုံးက **River Crossing Operation** မြစ်ကူးစစ်ဆင်ရေးကြီးတွေ။

ဒီတိုက်ပွဲကြီး နှစ်ပွဲလုံးကို ပုံဖော်နိုင်ရန်နှင့် စာဖတ်ပရိသတ်ကို ခိုင်မာသော အထောက်အထားများ ပြနိုင်ရန် ၄ ည အိပ် ၅ ရက်ခရီး မိုင်ပေါင်း တစ်ထောင်နီးပါးသွားလိုက်ရကြောင်း တင်ပြ အစီရင်ခံပါသည် ခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၆/၅/၂၀၁၂



BURMESE CLASSIC .com

## ပြည်ဆံတော်ရှင် ဘုရားတိုင်ရေတု

၁။ တက်ထွန်းလျှံပြောင်၊ ယုဂန်တောင်နှင့်၊ ထိအောင်ဆိုက်မျှ
လျှမ်းလျှမ်းပလျက်၊ မြမြညိုလွှန်း၊ ရှိမ်းရှိမ်းရွှန်းသား၊
သွန်းသွန်းမြင့်ခေါင်၊ ပန်းမျိုးတောင်ထက်၊ သောင်းထောင်
သိန်းသန်း၊ နေလဝန်း၍၊ တည့်မွန်းနှင်နှင်၊ ပြိုင်လှာ
ကျင်လည်း၊ တူပင်မဆွယ်၊ ပြယ်ကြီးပြယ်လိမ့်၊ လိုဘွယ်
ဆုယူ၊ ခပ်သိမ်းသူကို၊ မပူစေရ၊ ချမ်းသာမလျက်၊ ဆွဆွ
ကြည်သံ၊ ဘဝဂ်လျှံမျှ၊ တက်ပျံ့ဝှမ်းစီး၊ ထွန်းလျှံညီး
သည်။ ။ ရွှေထီးရှစ်ဆူမကာသောဝ်။

၂။ ဘက်ကျွန်းစံရှောင်၊ လူကုန်အောင်ဝယ်၊ တန်ဆောင်
ထွတ်ထား၊ သူနှင့်ခြား၍၊ ထွားထွားသွယ်ညွတ်၊ ရှိမ်း
ရှိမ်းမွတ်သား၊ ညက်ထွက်ဝင်းပြောင်၊ ခန်းသာချောင်ဝယ်၊
ကိုယ်ရောင်နီးဝေး၊ ပြင်သို့ပြေးမျှ၊ ရေးရေးရုပ်သွင်၊
တိုင်ပင်တင့်မော၊ သဘောသိပ်သည်း၊ စောင့်စည်းမြဲဘိ၊
မြတ်ခေါင်ထိသား၊ နှောင်းပြီးသည်ရှေး၊ ဆင်းငြိမ့်လေးကို
တရေးတည်းပင်၊ ထင်ပချေစွာ၊ မြခွေမဋ္ဌ၊ ပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



မူလော့၊ ပြိုင်သူမဲ့ဘူး၊ ကြားတိုင်းနူးမျှ၊ လော့်ဦးရှင်ရှင်၊ ရွှေနှယ်စင်သည်။ ။ မထင်ပြစ်ဟူသမျှသောဝ်။

၃။ စက်ရွှန်းရံမြှောင်၊ ရွှက်မြရောင်ဝယ်၊ ငြိအောင်ညှာရှည့်၊ ထပ်လျှင်ဇါ်သို့၊ ရွှေမှည့်ငုံဖူး၊ စကားဦးနှင့်၊ မထူးကြချင်၊ ရည်မှတ်ထင်၍၊ ဆံရှင်မြနှစ်၊ မွှေတော်စစ်ဝယ်၊ လွှမ်းသစ်စုံမက်၊ လျှောက်ကြားမြွက်ရှင့်၊ တလျက်ဘော်ကွာ၊ စိမ်းဝါနီမောင်း၊ သတောင်းရွှေခြည်၊ ကိုယ်ထည်တင့်ဆုံး၊ လက်ရုံးထွေးမြောက်၊ မှိအုံးထောက်ထက်၊ ညှိုးခြောက်လည်းလျှောင်း၊ မယ်ချည်းပျောင်း၍၊ နွဲ့နှောင်းမရွှင်၊ ရှိလိမ့်ထင်ခဲ့၊ ဝန်းကျင်ရွှက်ဟောင်း၊ သာမျိုးပေါင်းတည်း။ ။ နွှေပြောင်းနှစ်မူအစသောဝ်။

ပြည်နဝဒေးကြီး

မြရတနာစာပေ

# သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ကုတ္တိယခေါ် မိန်းမတို့သည်
၉။ ယောကျ်ားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မှုးမြစ်မှသည် ဧရာဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ကုတ္တိယခေါ် မိန်းမတို့သည်နှင့် ယောကျ်ားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဖေါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ

မြရတနာစာပေ

www.burmeseclassic.com